# ဓာတုကထာ ပုဂ္ဂလပညတ် [illegible]
# [illegible]ကျမ်း

မန္တလေးမြို့
မဟာစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်

စာကြည့်တိုက်

# ဝိသာခါပဋိပတ်အနုလောမ

## အသေးစိတ်ပဟောစဥ်ကျမ်း

မဟာစကြာပဋိပတ်သာသနာပြုရိပ်သာ
အရှေ့ပြင် မင်္ဂလာဥယျာဥ်ရပ် မန္တလေးမြို့

ပထမ-အကြိမ်
၂၀၀၀-အုပ်
၁၉၇၃-ခု၊အောက်တိုဘာလ

**ထုတ်ဝေသူ**

အရှင်ကုမာရ
(သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ)
ဓမ္မစကြာပဋ္ဌာန်းပတ် သာသနာ့ပြုရိပ်သာ
အရှေ့ပြင် မင်္ဂလာဥယျာဉ်ရပ်
မန္တလေး။

**မျက်နှာဖုံးပန်းချီ**

ဦးခင်မောင်သန်း
မန္တလေး။

ကင်းလွတ်ခွင့်အမှတ်( ၀၂၀၈၂ )

ထုတ်ဝေခွင့်အမှတ် ( ၆၃၇၅ )

**ပုံနှိပ်သူ**

ဦးဒွေး
တက်နေလင်း ပုံနှိပ်တိုက်
၂၆-အာဇာနည်လမ်း
ပွဲကုန်း - မန္တလေး။
(ပ-မြဲ/၀၁၂၂၀)
ဖုံး-၇၁၇။

**ဘလောက်**

သီတာ
ဆိုင်းတန်း - မန္တလေး။




ကျေးဇူးရှင် ဓမ္မစကြာ မူလ မဟာနာယက ဆရာတော်ဘုရား

# နိဒါန်း

## နမော ရတနတ္တယဿ

ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿာတိ။

( မဟာပရိနိဗ္ဗာနသုတ်၊ ပါဠိတော် )

သုဘဒ္ဒ၊ ချစ်သား-သုဘဒ္ဒ။ ဣမေစ ဘိက္ခူ၊ သံသရာဘေးကို၊ "လေးသောဝန်"ဟု၊ မျှော်တွေးရှုတတ်၊ ဤသူတော်မြတ်တို့သည်။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ ဝိဟရေယျုံ၊ အားထုတ်၍ နေကုန်ငြားအံ့။ လောကော၊ လောကကြီးသည်။ အရဟန္တေဟိ၊ **ရဟန္တာပုဂ္ဂိုလ်တို့မှ**။ အသုညော၊ **မကင်းဆိတ်သည်**။ အဿ၊ **ဖြစ်ရာ၏**။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရှင်တော်မြတ်ဘုရားသည်၊ ပရိနိဗ္ဗာန် စံတော်မူအံ့ ဆဲဆဲတွင်၊ သုဘဒ္ဒရဟန်းအား၊ မိန့်ကြားဆုံးမတော်မူသော၊ မိန့်ခွန်းတော်ကြီးဖြစ်သည်။

စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီကတာ၊

သောတာပတ္တိ ဖလ သစ္ဆိကရိယာယ..........................သံဝတ္တန္တိ။
သကဒါဂါမိ ဖလ သစ္ဆိကရိယာယ..............................သံဝတ္တန္တိ။
အနာဂါမိ ဖလ သစ္ဆိကရိယာယ.................................သံဝတ္တန္တိ။
အရဟတ္တ ဖလ သစ္ဆိကရိယာယ..................................သံဝတ္တန္တိ။

ကတမေ စတ္တာရော

(၁) သပ္ပုရိသ သံသေဝေါ၊
(၂) သဒ္ဓမ္မသဝနံ၊
(၃) ယောနိသော မနသိကာရော၊
(၄) ဓမ္မာနု ဓမ္မ ပဋိပတ္တိ၊

( မဟာဝဂ္ဂသံယုတ် ပါဠိတော် )

**အစိပ္ပါယ်** =(၁) သူတော်ကောင်းကို မှီဝဲ ဆည်းကပ်လျှင်...........
(၂) တရားတော်ကို ကြားနာ, မှတ်သားရလျှင်........
(၃) အသင့်အားဖြင့် နှလုံးသွင်းတတ်လျှင်...............
(၄) တရား တော်နှင့် လျော်သော အကျင့် ပဋိပတ်ကို အားထုတ် နိုင်လျှင်.........................................

သောတာပန် အရိယာ၊ သကဒါဂါမ် အရိယာ၊ အနာဂါမ် အရိယာ ဖြစ်နိုင်သည်။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သည်။ ဟူ၍ (မဟာဝဂ္ဂသံယုတ် ပါဠိတော်)တွင် မြတ်စွာဘုရားဟောကြား တော် မူပါသည်။

ရှင်တော်မြတ်ဘုရား၏ သာသနာတော် ခေတ်ကို ဝေဘန် ဆင်ခြင်သော် (**မဂ် သာသနာ, ဖိုလ် သာသနာတော်** ကြီးသည်၊ **'ပရိယတ်' 'ပဋိပတ်'** နှစ်ပါး တည်ရှိနေသမျှကာလပတ်လုံး)အရိယာ ခေတ်ကြီးသည်၊ "မီးရှူး တန်ဆောင် " ပမာ၊ တပြောင်ပြောင် ထွန်းလင်းပြီး....

ကမ္ဘာသူ, ကမ္ဘာသား ပါရမီရှင် တို့အား တရားတော်၏ အဆီ အနှစ်ဖြစ်သော (ဝိမုတ္တိရသ) (သန္တိသုခ) ငြိမ်းအေးသည့် ဓါတ်ကြီး သည်၊ မချွတ်ကေန်ရနိုင်, ရောက်နိုင်, မျက်မှောက်ပြုနိုင်သည်, အမှန် ပင်တည်း ဟူ၍ ယုံကြည်မှု (သဒ္ဓါ) ရှိတော်မူကြပါစေ သတည်း။

သာသနာတော် သက္ကရာဇ်ကို ပြန်လည်တွက်စစ် ဆင်ခြင်သော် နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပေပြီ။ ခေတ်ငါးမျိုးဖြင့် ဝေဘန် သုံးသပ်သော်၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို ပေးစွမ်းနိုင်သော 'ဝိမုတ္တိယုဂခေတ်'သို့ ရောက်ရှိပြန်ပေပြီ။

ဝိမုတ္တိယုဂခေတ်ကြီးတွင် အမျိုးကောင်းသား, အမျိုးကောင်း သမီး, ပါရမီရှင်တို့သည်၊ ဒါန၊ သီလ၊ သမထ စသော ကမ္ဘာစောင့် တရား ဖြစ်သော, ၂၈-ပါးသော ကံတရားတို့ နှင့်သာ, မွေ့လျော် ကြေနပ်, ရောင့်ရဲခြင်း မရှိကြတော့ဘဲ....

ယခု ဘဝနှင့်ပင် မဂ်သိ၊ ဖိုလ်သိ၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်များကို အပိုင်ရရှိကြရန် (သာသနာတော်နှင့် ကြုံကြိုက် သဖြင့် ကြားရ၊ နာရ၊ အားထုတ်ကြရသော ဝိပဿနာပညာ လုပ်ငန်းစဉ် များကို) ကြိုးစား အားထုတ်သင့်ကြပေသည်။

ဝိပဿနာ လုပ်ငန်းစဉ် တရားတော်ကို ကြိုးစား အားထုတ်လို ကြသော ပါရမီရှင်များ အတွက်၊ မန္တလေးမြို့ အိမ်တော်ရာ ဆင်တဲတားရပ် 'အောင်မြင်မာညွန့်' ဆိုင်ပိုင်ရှင် ဦးကိုကြီး-ဒေါ်ကြည်ကြည်၊ သမီး-တင်တင်ဦးတို့၏ ပါရမီအရိပ်မှ ပေါ်ထွက် လာသော....

နန်းတော်ရှေ့ မင်္ဂလာဥယျာဉ်ရပ်ရှိ၊ ဓမ္မစကြာ ပင့်ပတ် သာသနာပြု ရိပ်သာ၌၊ ၁၃၂၇-ခုနှစ်တွင် ဝါတွင်းသုံးလပတ်လုံး ကျေးဇူးတော်ရှင် ဓမ္မစကြာ မူလ မဟာနာယက ဆရာတော် ဘုရားသည်၊ သံသရာမှ ထွက်ရာလမ်းကို လိုလားတော် မူကြသော တပည့်သာဝက အသီးသီးတို့အား နေ့စဉ် နေ့တိုင်း တရားတော်ကို ဟောကြား ဆုံးမတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားသည် တရားတော်ကို ဟောကြားချီးမြှင့်တော်မူသော အခါတွင်၊ တရားတော်ကို နာယူတော်မူကြသော (ဓမ္မာစရိယ) ဘွဲ့ရ သံဃာတော် အရှင်မြတ်များသည်၎င်း၊ သီလရှင်များ ယောဂီများ၊ လူပုဂ္ဂိုလ်များ သည်၎င်း၊ မှတ်စု စာအုပ် များဖြင့် အသီးသီး မှတ်တမ်းတင်တော် မူကြပါသည်။

ထိုမှတ်တမ်း များကို အခြေပြုလျက် ကျမ်းတစောင် အဖြစ် ပေါ်ထွက်လာနိုင်ရန် **အရှင်ကုမာရ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)** ကြီးမှူးလျက်....

(၁) **ပေါ်ထုတ်ရေး**
(၂) **ပေါ်ထွက်ရေး**
(၃) **ကိန်းဝပ်တည်နေရေး**

အဖွဲ့ဝင် ပုဂ္ဂိုလ် အသီးသီး တို့သည် အကြိမ်ကြိမ် စုဝေးပြီး၊ အထပ်ထပ်ညှိနှိုင်းကာ ဤတရားတော် ဟောစဉ်ကို **ကျမ်းစာအုပ်** အဖြစ်သို့ ရောက်အောင် ကြိုးပမ်း အားတုတ်တော်မူကြပါသည်။

ဤတရားတော် ဟောစဉ်ကျမ်းသည် "အမိုက်မှောင်" အတွင်း ဝယ်၊ မျက်စေ့ လည်၍၊ လမ်းမှန်ပေါ် တည့်တည့်၊ မရောက်ကြသေးသော၊ ပုဂ္ဂိုလ်များအတွက်.... "နေမင်းတဆူ၊ ထွက်တော်မူလာပြီ...."ဟူ၍၊ အားရဝမ်းမြောက်၊ လက်ပန်းပေါက်"ခတ်" လောက်အောင်၊ ထူးမြတ်သော ကျမ်းတဆူ ဖြစ်ပါသည်။

* အကြောင်မသိခြင်းသဘော '**အညာဏ**'သည် ရှိ၏။ ထိုမသိခြင်းသဘော '**အညာဏ**'သည် ပင်လျှင်၊ (အမှန်တရား)ကို မမြင်ခြင်းသဘော '**အဒဿန**'သည် ဖြစ်၏။
* (ရှေးရှုရောက်နေသောသဘာဝကိုပင်)ထိုးထွင်း၍ မသိခြင်းသဘော '**အနဘိသမယ**' သည် ဖြစ်၏။
* (အမှန်တရားအား) လျော်စွာမသိတတ်သော '**အနနုဗောဓ**' သည်၊ ဖြစ်၏။

* တရားအား, လျော်စွာ မယူတတ်သော 'အသံဂါဟန'သည် ဖြစ်၏။
* တရားအား, လျော်စွာ သက်ဝင်၍ မယူတတ်သော '**အပရိယောဂါဟန**'သည် ဖြစ်၏။
* တရားအား, လျော်စွာ မျက်မှောက် မပြုတတ်သော၊ မဝေခွဲနိုင်သော '**အပစ္စက္ခကမ္မ**'သည် ဖြစ်၏။
* ကောင်းစွာ အပြားအားဖြင့်၊ ခွဲခွဲခြားခြား၊ မသိတတ်သော သဘော '**အသမ္ပဇည**'သည် ဖြစ်၏။

ထိုထို သို့သော သဘော အသီးသီး တို့သည် အမှန်တရား၌ တွေ့ဝေခြင်းဟု ဆိုအပ်သော 'အမိုက်မှောင်' နှင့် တူသော၊ (**မောဟ**)သည်၊ ဖုံးလွှမ်းအပ်သောကြောင့် ပုထုဇဉ်တို့၏သန္တာန်တွင် ကိန်းအောင်း တည်ရှိ နေရလေသည်။

ကျေးဇူးရှင် မူလ နာယက ဆရာတော် ဘုရား ဟောကြား မြွက်ဖေါ်၊ ဆို့ဆုမ္မတော် မူသော ဤဒေသနာတော် ဟောစဉ် ကျမ်းသည် 'မီးရှူးတန်ဆောင်' သဖွယ်၊ အလင်းရောင် ပေးနေပြီ ဖြစ်သောကြောင့်....

**"အမိုက်မှောင်" နှင့် တူသော "အမှန်တရား၌ တွေ့ဝေခြင်း" ဟု ဆိုအပ်သော အကြင် အကြင် သို့သော၊ မသိခြင်း သဘော "အညာဏ" ဟူသမျှ တို့ကို** ဖျက်ဆီး၊ သုတ်သင်၊ ရှင်းလင်းပေး ပေလတ္တံ့ မခွဲတတည်း... ....ဟု ယုံကြည်မှု 'သဒ္ဓါ' ရှေ့ဦးစွာ ထားတော်မူပြီး၍....

အလွန်တရာမှပင် ကြားရခဲ, နာရခဲသော၊ ကြားရ, နာရပြန် သော်လည်း သဘော ပေါက်ရန်၊ ညာဏ် ရောက်ရန် ခက်ခဲသော (ဝိပဿနာပညာ)၏ အဆီအနှစ်တို့ကိုရှင်းရှင်းလင်းလင်းကြီးဖွင့်လှစ် ဖေါ်ထုတ်သော ဤ (**ဝိသာခါ ပဋိပတ် အနုလောမ အသေးစိတ် ဟောစဉ်ကျမ်း**) ကို လေ့လာပွားများ အားထုတ်တော် မူနိုင်ကြ ပါစေသတည်း။

ဤကမ္ဘာ လောကဓာတ်၊ စကြာဝဠာတခွင်တွင်၊ ဝိဇ္ဇာညာဏ် အလင်းဓာတ်ကြီးသည် ထာဝစဉ် ထွန်းလင်း တောက်ပ တော်မူပါ စေသတည်း။

**တုမှေဟိ ကိစ္စံ မာတပ္ပံ၊**
**အက္ခာတာရော တထာဂတာ။**
**ပဋိပန္နာ ပမောက္ခန္တိ၊**
**ဈာယိနော မာရဗန္ဓနာ။**

**(ခုဒ္ဒကနိကာယ၊ မဂ္ဂဝဂ္ဂ)**

* သင်တို့သည်၊ ကိုယ်တိုင် အားထုတ်ကြကုန်လော့....

* ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားရုံမျှ ဖြစ်ကုန်၏....

* မိမိ ကိုယ်တိုင် ကြိုးစား အားထုတ်၍ ကျင့်ကြကုန်သော ပွားများ ကြကုန်သော သူတို့ သည် သာ၊ မာရ်မင်း အနှောင်အဖွဲ့မှလွတ်မြောက်ကြကုန်၏။

**ပေါ်ထုတ်ရေး၊ ပေါ်ထွက်ရေး၊ ကိန်းဝပ်တည်နေရေး**

'သုံးဖွဲ့အစု၊ အပေါင်းပြု၍၊ စည်းလုံးညီညာ၊ သဒ္ဒါပန်း ဖြာလျက်"

**ဓမ္မစကြာ**
**ပဋိပတ် သာသနာပြု ရိပ်သာ**
မင်္ဂလာဥယျာဉ်ရပ်၊ နန်းရှေ့၊ မန္တလေး။

# ကန်တော့လွှာ

**ခန္ဓာဝန် ဇာတ်သိမ်း၍၊**
**ငြိမ်းချမ်းသော နိဗ္ဗာန် ရွှေပြည်မြတ်တွင်၊**
**စံဝင်တော်မူသော ဆရာတော်ဘုရားအား....**

တပည့်အပေါင်းတို့က၊ သဒ္ဓါညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ပန်းဆင်လျက်၊ လျှောက်ထားပန်ကြားပါသည်၊ ဆရာတော် သခင်၊ ကျေးဇူးတော်ရှင်....အရှင်သူမြတ်ဘုရား....။

**"သူရိယ"သည်၊ ထွက်စရဲရဲ၊**
**မဆုတ်ဘဲလျက်၊ ထွက်မြဲထွက်မြဲ၊**
**ကမ္ဘာလဲအောင်၊ ဆောင်သည်ကျေးဇူး၊**
**ဂုဏ်ရောင်မြူးသို့၊**
**မထူးနှလုံး၊ "နေမင်း" ထုံးသို့၊**
**စောင့်သုံးအနိစ္စ၊ "နေ" ထွက်ကလျင်၊**
**ငါ့အဆွေ"နေ"၊ တက်၍လာပေပြီ....**

ဆရာတော်ဘုရား၊နိဗ္ဗာန်နန်းတွင်၊စံမြန်းနေတော်မူသော်လဲ တပည့်အပေါင်းတို့က ဆရာတော်ဘုရားသက်တော်ထင်ရှားရှိသေးသည့်နှယ်....

ဆရာတော်ဘုရား ဟောကြားတော်မူသော၊ တရားတော်၏ဂုဏ်တော် ကျေးဇူးတော်တို့သည်၊ ထွန်းလင်းတောက်ပစွာ ကွန့်မြူးလျက်....

* (အကြင်မျှလောက်သော ကာလပတ်လုံး၊ ဤကမ္ဘာသည်၊ တည်နေ၏။ ထိုမျှလောက်သော ကာလပတ်လုံး) ကမ္ဘာ တည်သရွေ့၊ အလင်းရောင် ပေးမည့် နေမင်း ကြီးပမာ သတ္တဝါဝေနေယျတို့အတွက် ကမ္ဘာတည်အောင်၊ ကျေးဇူး ဂုဏ်ဆောင်မည့်၊ ခိုင်မြဲသော ကျမ်းတစောင် အဖြစ်သို့.... အစဉ်အမြဲ အလင်းရောင်ပေးနိုင်ရန်, ပေါ်ထွက်ရှိလာပါပြီ ဘုရား....။

ဤ''နေ''နှင့်သာ၊ နေ့မကွာလျှင်၊
မဟာမိတ်စစ်၊ ဖြစ်ကြီးဖြစ်အောင်၊
ပူ၊ ချစ်၊ ချမ်း၊ အေး၊ မနှောင့်နှေးဘဲ၊
အကျိုးပြီးကြောင်း၊ ''နေ'' နှင့် ပေါင်း၍....

* နေမင်းတဆူနှင့် တူတော်မူသော၊ ဤတရားတော် ဟောစဉ် ကျမ်းကို၊ ဦးထိပ်ရွက် ပန်ဆင်လျက်....

* တရားတော်၏ အဓိပ္ပါယ်အနှစ်တို့ကို သဘောပေါက် အောင်၊ ညာဏ်ရောက်အောင်၊ နေ့, ည, မဟူ၊ ပူသည်၊ ချမ်းသည်၊ အေးသေးသည်ဟု၊ ဆင်ခြင် မပေးဘဲ၊ မဂ်,ဖိုလ်အကျိုးအတွက်....

''(ဝမ္မတ္တ၊ ဖာတိဝမ္မတ္တ၊ ဖာပဝမ္မန္တ ၊
သဒ္ဓါ၊ ပညာ၊ အပြာပြာဖြင့်၊
ပွား:စ၊ ပွား:လယ်၊ ပွား:ဆုံးတွေကြွယ်အောင်၊
ပင်လယ်ရေစု၊ မြေထုအလာ:၊
တကယ်တန်း၊ ကြိုး:စား:နိုင်ကြ...........
အား:ဆုတ်နိုင်ကြ...........
ပွား:များ:နိုင်ကြပါစေသတည်း........''။

ကျေးဇူးရှင် ဆရာတော် ဘုရားသည်၊ တပည့် အပေါင်းတို့အား၊ အမြဲ သဖြင့်၊ ဆို့ ဆုမ္မလေ့ ရှိသော၊ တရားတော် ဆောင်ပုဒ်နှင့်၊ လျော်ညီစွာ၊ တပည့် အပေါင်း တို့သည်၊ ညီညီ ညွတ် ညွတ်၊ စည်းစည်းရုံးရုံးနှင့်၊ သာသနာ့ခေတ်၊ တရားမြွတ်ကို မိမိတို့နှလုံးသည်းပွတ်တွင်၊ အမြဲသဖြင့်၊ ကိန်းဝပ် တည်နေ အောင်....

ရရှိပြီးသော၊ တရားခေတ်တို့ကိုလည်း၊ တဆင့် ထပ်မံ၍ ဖေါ်ထုတ် နိုင်အောင်...........ပေါ်ထွက် လာအောင်........

ကြိုးစားကြပါမည် ဘုရား ။ ။

အားထုတ်ကြပါမည်ဘုရား ။ ။

ပွားများ ကြပါမည် ဘုရား ။ ။



# [ မာတိကာ ]


| ပုံစံနံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သညာသိ ပရမတ်.... .... .... | ၃ |
| ၂။ | အတ္တဒိဋ္ဌိ အစွဲလေးချက် .... .... | ၄၉ |
| ၃။ | ကိစ္စဃဋန ခွဲစိတ်ပုံ .... .... | ၅၇ |
| ၄။ | ဘုံလေးပါးနှင့် အစွဲ လေးချက် .... | ၆၃ |
| ၅။ | အတ္တဒိဋ္ဌိ အစွဲလေးချက် .... .... | ၇၃ |
| ၆။ | အတ္တဒိဋ္ဌိ အစွဲလေးချက် ပယ်ပုံ .... | ၈၇ |
| ၇။ | ပစ္စယပရိဂ္ဂဟဉာဏ် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) | ၁၁၇ |
| ၈။ | ပစ္စယပရိဂ္ဂဟဉာဏ် (ဒိဋ္ဌိဝိသုဒ္ဓိ) .... | ၁၃၃ |
| ၉။ | ယုံမှားခြင်းရှစ်ပါး ဇာတ်သိမ်းပုံ .... | ၁၅၇ |
| ၁၀။ | သန္တတိ ရုပ်-နာမ် နေပုံ .... .... | ၁၇၅ |
| ၁၁။ | မနောဝိညာဏ်၊ ပညတ်ရိပ်လေးပါး ပေါ်ပုံ | ၂၀၉ |
| ၁၂။ | သန္တတိ ပစ္စုပ္ပန်, ဝိညာဉ်ရိပ် အကြောင်း၄-ချက် | ၂၅၃ |
| ၁၃။ | ပညာမြင် — အပျက်သဘော .... .... | ၂၉၇ |
| ၁၄။ | ပညာမြင် — အနိစ္စဉာဏ် .... .... | ၃၀၇ |
| ၁၅။ | ဘင်ဉာဏ်သို့ တရားဦးခေါင်း ကျပုံ .... | ၃၂၃ |
| ၁၆။ | ပညာမြင် ဒုက္ခဉာဏ် .... .... | ၃၃၅ |
| ၁၇။ | ပညာမြင် အနတ္တဉာဏ် (အကျိုး သုညတ ဇာတ်သိမ်းပုံ) .... .... .... | ၃၇၁ |
| ၁၈။ | မဂ်ဝင် တရားခံ .... .... .... | ၃၉၉ |
| ၁၉။ | သမုဒယသစ္စာ, အစီးအပွား .... .... | ၄၀၅ |
| ၂၀။ | ဥပါဒါနက္ခန္ဓာချုပ်၊ ပဉ္စက္ခန္ဓာငြိမ်း .... | ၄၁၇ |

# (မာတိကာ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘာကြောင့်ဝိသာခါပဋိပတ်အနုံ့လောမဟောစဉ်လို့ ခေါ်သလဲ .... .... .... .... | ၅ |
| ပဓါနိယင်္ဂတရား ငါးပါး .... .... .... | ၇ |
| အပိုင်းကြီးသုံးပိုင်း .... .... .... | ၉ |
| ပညတ်လေးပါး ပေါ်ထွက်လာပုံ .... .... | ၁၂ |
| ဓါတ်လေးပါး သဘာဝနှင့် တေဇောဓါတ် .... | ၁၇ |
| ပညတ်နှင့် ပရမတ် .... .... .... | ၂၀ |
| အကြောင်းတရားလေးပါး .... — .... | ၂၃ |
| သမ္မုဟာဃန 'အပေါင်းအစု'ဟု ခေါ်သောအပိုင်း.... | ၂၉ |
| အကြောင်းတရားလေးပါး ပြဋ္ဌာန်းပုံ သဘာဝ .... | ၃၅ |
| ရုပ်တို့ ပွားစီးပုံ .... .... .... .... | ၃၉ |
| ရုပ်ကလာပ ချေဖျက်ပုံ .... .... .... | ၄၃ |
| မှုလေးပါး ခွဲစိပ်ပုံ .... .... .... | ၄၅ |
| ပရမတ် သုံးမျိုး .... .... .... .... | ၄၈ |
| အစွဲလေးချက် .... .... .... .... | ၅၃ |
| ဓါတ်ကြီးလေးပါး, ဘယ်အနေနဲ့ ရှိသလဲ .... | ၅၈ |
| အစွဲလေးချက်နှင့် အသွားအပြန် တုတ်နှောင်ပုံ .... | ၆၅ |
| အစွဲလေးချက် သဘော .... .... .... | ၇၂ |
| စဉ်းစားရန်အချက် .... .... .... | ၇၇ |
| အဝိဇ္ဇာ၊ တဏှာ၊ ကံ,နှင့် အစွဲလေးချက်သဘော .... | ၈၀ |
| ပထဝီဓါတ်ကို ဌာန်လေးချက်နှင့် ဝေဖန်ပုံ .... | ၈၈ |
| တိမ္ဗရုပရိဗိုဇ်နှင့် ဘုရားရှင် .... .... .... | ၉၄ |
| သညာနှစ်မျိုး .... .... .... .... | ၉၈ |
| ဌာန်လေးချက်နှင့် ပညတ်လေးပါး သိမ်းဆည်းပုံ .... | ၁၀၀ |
| ဒေသနာနည်း၊ သဘာဝနည်း၊ လက်တွေ့နည်း သုံးသပ်ပုံ | ၁၀၃ |
| ပညတ်နှင့် ပရမတ် .... .... .... | ၁၀၇ |
| သမုတိသစ္စာနယ် ဇာတ်သိမ်းသွားပုံ .... .... | ၁၁၁ |
| တရားခံကို မျက်ချေ မပြုဟ်စေနဲ့ .... .... | ၁၁၃ |
| ပစ္စယပရိဂ္ဂဟာညာဏ် .... .... | ၁၁၈ |

## (မာတိကာ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပါယာသိရာဇည သုတ္တန် .... .... .... | ၁၁၉ |
| အတ္တဒိဋ္ဌိမှ ပေါက်ဖွားပုံ .... .... .... | ၁၂၁ |
| ဒိဋ္ဌိသုံးမျိုး .... .... .... .... | ၁၂၂ |
| အရှင်ကောဏ္ဍည ယုံမှားခြင်း ကင်းပုံ .... .... | ၁၂၆ |
| ရသေ့ကြီးနှစ်ပါး ဒိဋ္ဌိစွဲ မလွတ်ပုံ .... .... | ၁၂၈ |
| လောကီ အာနာပါန .... .... .... | ၁၃၀ |
| ဘုရား အမျိုးမျိုး .... .... .... .... | ၁၃၂ |
| အကြောင်းပြတ်, အကျိုးငြိမ်း .... .... | ၁၃၂ |
| အကြောင်း, အကျိုး ဘယ်လိုဖြတ်မလဲ .... .... | ၁၃၇ |
| ဝိဇ္ဇာနှင့် စရဏ .... .... .... .... | ၁၄၀ |
| နည်းလေးပါးနဲ့ ရှင်းရမယ် .... .... .... | ၁၄၃ |
| စစ်တမ်း ထုတ်ကြည့်ပါ .... .... .... | ၁၄၈ |
| အဗျာပါရနည်း ဆိုတာ .... .... .... | ၁၅၆ |
| ကာလသုံးပါး .... .... .... .... | ၁၆၅ |
| ၃၁-ဘုံ၏ တရားခံ .... .... .... | ၁၆၇ |
| ဝိပဿနာစခန်း .... .... .... .... | ၁၇၆ |
| သန္တတိ ရုပ်နာမ်နှင့် နိမိတ် ၁၁-ချက် .... .... | ၁၇၇ |
| တရားတက်စဉ် အမည်ပြောင်းပုံ .... .... | ၁၈၁ |
| မျက်ခြေ မပြတ်စေနဲ့ .... .... .... | ၁၈၂ |
| အတွင်းအပြင် ဆက်ပုံ .... .... .... | ၁၈၆ |
| ဝိပဿနာပညာဆိုတာ .... .... .... | ၁၈၈ |
| အကျိုးပစ္စုပ္ပန် .... .... .... .... | ၁၉၃ |
| အကြောင်း ပစ္စုပ္ပန် .... .... .... | ၁၉၃ |
| အကျိုးပစ္စုပ္ပန်မှ အကြောင်း ပစ္စုပ္ပန်သို့ .... | ၁၉၄ |
| ကာလဆိုတာ .... .... .... .... | ၁၉၉ |
| သညာကိုစစ်ပါ .... .... .... .... | ၂၀၁ |
| ပညတ်,ပရမတ် ဒီလိုခွဲပါ .... .... .... | ၂၀၂ |
| ကာလသုံးပါး ရုပ်နာမ် ဆိုတာ .... .... | ၂၀၇ |
| ပညတ်,ပရမတ်ကို ဒီလိုထပ်ခွဲပါ .... .... | ၂၀၈ |

(မာတိကာ)

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |


| | |
| --- | --- |
| သန္တတိ ဖြတ်ပုံ .... .... .... .... | ၂၁၁ |
| သမ္မသနညာဏ် လုပ်ငန်းစဉ် .... .... .... | ၂၁၂ |
| ကာလသုံးပါးနှင့် သန္တတိ သဘော .... .... | ၂၁၄ |
| ဖြစ်ပျက် သဘာဝ .... .... .... | ၂၁၇ |
| သညာကပြောသော ဖြစ်ပျက် .... .... | ၂၂၁ |
| ဝိညာဉ်ကို မိအောင်ဖမ်းပါ .... .... .... | ၂၂၃ |
| ဥဒယဗ္ဗယညာဏ် နှစ်မျိုး .... .... .... | ၂၂၄ |
| ဖြစ်ပျက် သဘာဝကို လိုက်ရှာပါ .... .... | ၂၂၅ |
| မနောဝိညာဉ်၏ သဘာဝ .... .... .... | ၂၃၁ |
| သန္တတိပညတ်ရိပ် ဖြစ်လာပုံ .... .... .... | ၂၃၄ |
| လက်တွေ့လုပ်ငန်းစဉ် .... .... .... | ၂၃၇ |
| ဖြစ်ပျက်ကို ဘယ်လိုသိမ်းမလဲ .... .... | ၂၃၉ |
| ပေါဋ္ဌိလရဟန်းကြီးနှင့် ရှင်သာမဏေ .... .... | ၂၄၀ |
| ဘုရားရှင်နှင့် တွေ့သော်လဲ တရားမရ .... .... | ၂၄၃ |
| သုတ္တန်နည်းကို လိုက်ပါ .... .... .... | ၂၄၅ |
| အနတ္တလေးမျိုး .... .... .... .... | ၂၄၇ |
| ဝိညာဉ်မြင် ဖြစ်ပျက် .... .... .... | ၂၅၁ |
| ရေသောက်မြစ် လေးချက် .... .... .... | ၂၅၅ |
| ရေသောက်မြစ်လေးချက်နှင့် စက်ရဟတ်လေးပါး .... | ၂၅၉ |
| ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဖြတ်တော့မယ် .... | ၂၆၁ |
| အတ္တဝါဒ ဖြစ်နေတယ် .... .... .... | ၂၆၅ |
| အကျိုးတရား အစစ် မဟုတ် .... .... .... | ၂၆၇ |
| သုညတ နှစ်မျိုး .... .... .... .... | ၂၆၈ |
| ကြပ်ကြပ် သတိထားပါ .... .... .... | ၂၆၉ |
| ကံမျိုးစေ့ .... .... .... .... | ၂၇၃ |
| အဝိဇ္ဇာ၏ သဘာဝ .... .... .... | ၂၇၄ |
| နာမပညတ် နှစ်မျိုး .... .... .... | ၂၇၅ |
| ပညတ်တွေကို သိမ်းဆည်းပုံ .... .... .... | ၂၀၀ |
| ပညတ်သဘော .... .... .... .... | ၂၀၄ |

(မာတိကာ)


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဝိညာဉ်ရိပ် လေးပါးတို့ကို ပယ်သတ်ပါ .... | ၂၈၉ |
| ခန္ဓာဆိုတာ ဘာကို ခေါ်သလဲ .... .... | ၂၉၆ |
| စက်ရဟတ် လေးချက် ထွက်လာပြီ .... .... | ၃၀၀ |
| ပညာမြင် အပျက်သဘော .... .... .... | ၃၀၂ |
| သစ္စာလေးပါး ပေါ်ထွက်ပုံ .... .... .... | ၃၀၂ |
| တဏှာသဘာဝ လေးချက် .... .... .... | ၃၀၄ |
| စက်ရဟတ် လှည့်နေပုံ .... .... .... | ၃၀၈ |
| သညက္ခန္ဓာကို မြင်အောင်ရှုပါ .... .... | ၃၁၅ |
| ပဋိစ္စသမုပ္ပါဒ် ခန္ဓာ ပေါ်ထွက်ပုံ .... .... | ၃၁၇ |
| ကုန်၊ ပျက်၊ ကင်း၊ ချုပ် .... .... .... | ၃၂၇ |
| ပစ္စုပ္ပန်သက်သက်လေးကိုးရှာပါ .... .... | ၃၂၉ |
| အကျိုး သုညတ ဖြစ်အောင် သိမ်းရမယ် .... | ၃၃၃ |
| ပဋိစ္စသမုပ္ပါဒ်နှင့် ဒုက္ခလေးချက် .... .... | ၃၃၇ |
| အဆင်း၊ အကြည်၊ အမြင်၊ အသိနှင့် စက်ရဟတ် လေးပါး .... .... .... .... | ၃၄၀ |
| ကံသဘာဝ လေးချက် .... .... .... | ၃၄၃ |
| ဉာဏ်ကိုးဉာဏ် ဓါကြီး .... .... .... | ၃၄၇ |
| ပညတ်ရိပ် လေးပါးနှင့် စက်ရဟတ် လေးပါး .... | ၃၄၈ |
| သာရလေးခု .... .... .... .... | ၃၅၁ |
| ရုပ်ဇာတိ၊ နာမ်ဇာတိ .... .... .... | ၃၅၃ |
| ကံရိပ်ကို မြင်အောင် ရှုပါ .... .... .... | ၃၅၆ |
| ပရမတ်ဆိုတာ ဘယ်သဘောလဲ .... .... | ၃၆၁ |
| သန္တိပဒ ငါးချက် .... .... .... | ၃၆၁ |
| တရားခံလေးကောင်နှင့် မဂ်သဘာဝ လေးချက် .... | ၃၆၄ |
| မဂ်သဘာဝလေးချက်နှင့် ခန္ဓာလေးကောင် .... | ၃၆၈ |
| ကံကို လေးလွှာခွဲပါ .... .... .... | ၃၇၂ |
| သုဉ်းဆိတ်တဲ့သဘောဆိုတာ .... .... .... | ၃၇၅ |
| အကျိုးသုံးမျိုး .... .... .... .... | ၃၈၃ |
| ပညာမြင် အနတ္တဉာဏ် .... .... .... | ၃၈၅ |

## (မာတိကာ)

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကျိုးကို မြင်အောင် ရှုပါ .... .... .... | ၃၉၂ |
| ဝေဒနာကို ရှု၍ အရဟတ္တဖိုလ်ရောက်ပုံ .... .... | ၃၉၇ |
| အကြောင်း သုညတ .... .... .... | ၄၀၀ |
| အကျိုး သုညတ .... .... .... .... | ၄၀၀ |
| သစ္စာနုလောမိကညာဏ် .... .... .... | ၄၀၃ |
| ဓမ္မစကြာ အနုသာသနီနည်း.... .... .... | ၄၀၆ |
| နိဂုံး .... .... .... .... .... | ၄၂၅ |



ဓမ္မစကြာ ပဋိပတ် သာသနာပြုရိပ်သာ
နာယကဆရာတော်-အရှင်ကုမာရ (သာသနဓဇ သိရိပဝရဓမ္မာစရိယ)



(နမော ဗုဒ္ဓါယ သိဒ္ဓမ်)

# ဝိသာခါ ပဋိပတ် အနုလောမ

## အသေးစိတ် ဟောစဉ်ကျမ်း

### ဝါဆို လဆန်း (၁၅)ရက်နေ့ ဟောစဉ် ပုံစံနံပါတ်(၁)

**ဆရာတော်ဘုရားအား ကန်တော့ခန်း**

ဩကာသ...၊ ဩကာသ....၊ ဩကာသ...၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါး တို့ဖြင့် ပြစ်မှားခဲ့သည် ရှိသော်၊ ပြစ်မှားမိသော အပြစ်အပေါင်းတို့မှ ပျောက်ပါစေခြင်းအကျိုးငှါ ပဌမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာသုံးပါး၊ မိဘ ဆရာသမား တို့အား အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာ တို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသန တရား ငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော် မြတ်ကို ရပါလို၏ အရှင်ဘုရား။

**ဆရာတော်ဘုရား မေတ္တာ ပို့ခြင်း။**

"ပုညေနေတေန သေဋ္ဌသု ဓမ္မေသုလောလုပ္ပန သိနော္စ ဒေါသုပ္ပန သိနော္စ မောဟုပ္ပန သိနော္စ မောဒန္တုတယော ကော ဘာ ဝန္တုတေ"

**ဧတေန ပုညေန၊** ဤသို့ လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ကြရသော ကုသိုလ်ကံ စေတနာတို့ကြောင့်။ **လောလုပ္ပန သိနော္စ၊** ဘောဂ အလိုက် လောဘ ကြိုက်၍ စရိုက် မဖြူစင်ကြကုန်သောကမ္ဘာအောင်းသူတပည့်အပေါင်းတို့အားရင်း။

**ဒေါသုပ္ပန သိနော္စ၊** ကောဓအလိုက် ဒေါသ ကြိုက်၍ စရိုက် မဖြူစင်ကြကုန်သောကမ္ဘာအောင်းသူ တပည့်အပေါင်းတို့အားရင်း။

**မောဟုပ္ပန သိနော္စ၊** ယောဂ အလိုက် မောဟကြိုက်၍ စရိုက် မဖြူ စင်ကြကုန်သောကမ္ဘာအောင်းသူတပည့်အပေါင်းတို့အားရင်း။

**တယော၊** သုံးဦးသုံးဌာန ကွဲပြား၍နေကြကုန်သော စရိုက်မဖြူ ကမ္ဘာအောင်းသူ တပည့်အပေါင်း တို့သည်။ **သေဋ္ဌသု၊** အဆင့် အဆင့် သိဒ္ဓိပွင့်၍ မြင့်မြတ်ကြကုန်သော။

**ဓမ္မေသု၊** ကုသိုလ်ကောင်းမှု တရားစုတို့၌။ **ဓမ္မေသု၊** အလောဘ၊ အဒေါသ၊ အမောဟ စသော ကုသိုလ်ကောင်းမှု တရားစုတို့၌။ **ဓမ္မေသု၊** တိဟိတ်ပေါက်ကြောင်း အရိယာဝိဇ္ဇာလမ်းသို့ ရောက်ရာ ရောက်ကြောင်း ဖြစ်သော ကောင်းမြတ်သော ဝိပဿနာဉာဏ် ဆယ်ပါး ဓမ္မ စကြာ အ နတ္တလက္ခဏသုတ် မဟာ သတိပဋ္ဌာန် တရားတော်မြတ်တို့၌။

**မောဒန္တု၊** ရွှင်မြူးဝမ်းမြောက် စိပ်သဒ္ဓါ ပေါက်ကြကုန်လျက် ညီညွတ်စည်းလုံး အရိယာ တရား ထုံး၌ သိမ်းကြုံး ရေတွက် မေတ္တာ ဘက်၍ ရေစက်ဆုံစီး တလုံးတစီးတည်းသာလျှင် အတ္တမဂ္ဂ သိဒ္ဓိ လမ်းသို့ အောင်ပန်းတွေ ဖြာနိုင်ကြပါစေကုန်သတည်း။

**မောဒန္တု၊** ရွှင်မြူးဝမ်းမြောက် စိတ်သဒ္ဓါပေါက်ကြကုန်လျက် ညီညွတ်စည်းလုံး အရိယာ တရားထုံး၌ သိမ်းကြုံးရေတွက် မေတ္တာ ဘက်၍ ရေစက် ဆုံစီး တလုံး တစည်းတည်း သာလျှင်

# ပုံစံ နံပါတ် (၁)



ကျောက်စောင်းက ထက် လဲ မွေ့ ညက် ကို တ ချက် တည်း ဟတ် စုံငြိလတ်သို့ ရည်မှတ် မျှော်မှန်း သိဒ္ဓိ လမ်းသို့ အောင်ပန်းတွေ ဖြာနိုင်ကြပါစေကုန်သတည်း။

**မောဒန္တု၊** ကိုယ်စိတ် မနွမ်း ခိုစိတ် တမ်း၍ ချမ်းချမ်း မြေ့မြေ့ ဒီကနေ့၌၊ ယခု ဖွင့်ပြမည့် ဝိသာခါတရားဓါတ်တို့နှင့်သာ မွေ့လျော် ပျော်မွေ့နိုင်ကြပါစေကုန်သတည်း။

**မောဒန္တု၊** ကိုယ်စိတ် မနွမ်း ဘေးဘယာ မရှိ ပကတိ ကျန်းမာ ချမ်းသာစွာသာလျှင် မကွာနေ့ည အရိယာ ဓမ္မ၌ ကြိုးစားနိုင်ကြ ကုန်သည် ဖြစ်၍ မသိလျှင်လွဲ သိလျှင် စွဲသည့် မွေ့စကြာ ဝိသာခါ တရားဓါတ် ပွဲတော် ကြီးနှင့် မလွဲနိုင်ဘဲ ရှိကြ ပါစေ၊ မလွဲနိုင်ဘဲ ရှိကြပါစေဟုမေတ္တာပြုသည် သာဓု-သာဓု-သာဓု ခေါ်စေသောဝ်။

## " သာဓု—သာဓု—သာဓု "

**အရဟာတော၊** ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်ကို ပယ်ဖြတ် သုတ်သင် ခုတ်ထွင် ရှင်းလင်းတော် မူပြီး ထသော။ ဝါ၊ လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်း တို့၏ ဝပ်စင်း ကော်ရော် မြတ်ပူဇော်ကို ခံယူတော် မူထိုက်ထသော။

**သမ္မာသမ္ဗုဒ္ဓဿ၊** မဘောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ဉေယျဓမ်တရားငါးပါး အပေါင်းကို အကုန်အစင် ထိုးထွင်း၍ သိမြင်တော်မူပြီးထသော။

**တဿ ဘဂဝတော၊** ထို ဝိပဿီ အစ ရှိသော ခုနှစ်ဆူသော ရှင်တော်မြတ်ဘုရားအား။

**မေမမ၊** ပါရမီဂိုဏ်းဝင် သူတော်စဉ် အပေါင်း၏။ **နမောနမ ကာရော၊** စေတနာ ဇောကြူး မနော မြူးလျက် ကြည်နူး ဝန္ဒနာ ဖန်ခါခါဖြင့် ရှိခိုးကန်တော့ရခြင်းသည်။ **အတ္ထု ဘဝတု၊** ဖြစ်တော် မူပါစေသတည်း။

"ဝိသာခါဟု ကျော်ကြားလူ့တွင် ထိုဓါတ်ရှင်ကို လိုခြင်ကြ၍ နေ့ညကြိုးစား ရှာကြငြားလည်း တရားဓါတ်ထူး မရဘူး၍ အရှူး ပမာ အရွာရွာတွင် ပညာရှင်များ ဓါတ်တရားကို စားရနိုးနိုး အားထုတ်ကြိုးလည်း အတိုးကြီးဘာ အိုကုန်းကွနှင့် သေရသည်သာ ဆက်ခါသွားမြေး၊ မျော်ဆ တွေးလည်း၊ အရေးမလှ၊ ရက်လ နှစ်ကုန်၊ စားရိတ် ကုန်နှင့်၊ ဆန်စုံ အောက်ထက်၊ တောင်ထက် တောင်အောက်၊ တူးဖေါက် ဖွေရှာ၊ သပြာ ငွေသား၊ ဝတ်စား ရွှေငွေ၊ ကျေးကျွန်တွေကို၊ မထေလေးစား၊ စွန့်ပစ်ထား၍၊ ရုပ်နာမ် သေက၊ နိဗ္ဗာနဟု၊ အားကြမာန်ပါ၊ ပြုလုပ်ခါဖြင့်၊ မဟာဥဿဟ၊ အားထုတ်ကြလည်း၊ မျှားလှရှင်လူ၊ စိတ်စက်ပူ၍၊ ဟိုက်ရှူ ပင်ပန်း၊ အမှန်းမသိ၊ပြုမိပြုရာ၊ ဝါသနာကြောင့်၊ ဖြဟ္မာမင်းစစ်၊ ဝက်ကြီး ဖြစ်၍၊ ညစ်ညစ်မွဲတေ၊ သေရလေသည်"....လို့ ရှေးက တရားပိုင် ဓါတ်ပိုင်တော်မူကြတဲ့ ဆရာတော်ကြီးများ အမိန့်ရှိခဲ့သည့်အတိုင်း—

၁၃၂၇-ခုနှစ် ဝါဆိုလပြည့်နေ့ကစပြီး မန္တလေးမြို့ အရှေ့ပြင် ဓမ္မစကြာ ပဋ္ဌိပတ်သာသနာပြု ရိပ်သာကြီးမှာ **ဝိသာခါ ပဋ္ဌိပတ် အနုလောမဟောစဉ်**ကို ဝါတွင်း ၃-လ ပတ်လုံး နေ့စဉ်ဟောကြား သွားပါမယ်။

အခု ဒီတရားတော်ကြီးကို လာရောက် နာယူကြတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ဟာ ပထမဦးစွာ သိရှိ နားလည် ထားရမှာက ဒီသာသနာတော် တွင်းမှာ "**ဝိသာခါ ပဋ္ဌိပတ် အနုလောမဟောစဉ်ကြီး**"ဟာ ဘာကြောင့် ပေါ်ထွက် လာရပါသလဲ။ ?

**ဘာ့ကြောင့် ဝိသာခါ ပဋ္ဌိပတ် အနုလောမ ဟောစဉ်လို့ ခေါ်သလဲ။ ?**

ဒီတရားဓါတ်ကြီးကို ဘယ်လိုပုဂ္ဂိုလ်များ အရင် ပေါက်ရောက် ကြမလဲ။ ?— ဒါကို ဦးစွာပထမ နားလည်ထားရမယ်။

ရှေးက ပွင့်တော်မူပြီး ကြတဲ့ ဘုရားရှင် တွေရဲ့ နိယာမ အစဉ်အလာ အတိုင်း ရှင်တော် ဂေါတမမြတ်စွာဘုရားဟာ အနာဂါတ်သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်နေပါစေခြင်း အကျိုးငှါ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ကို ဟောကြား ဆုမွတော်မူခဲ့ပါတယ်။

**ဝိမုတ္တိယုဂ ခေတ်** ရှင်တော် ဘုရား ထားတော်မူ ခဲ့တဲ့ သာသနာတော် နှစ်-၅၀၀၀ ကို အကျဉ်းနည်းနဲ့ ဝေဖန်ရင် သာသနာတော်နှစ် ၂၅၀၀ ကျော်တဲ့ခုခေတ်ခုအချိန်ဟာ ဝိမုတ္တိယုဂခေတ် ဖြစ်ပါတယ်။ ဒါကို အဋ္ဌကထာဆရာကြီးတွေကလဲ ခေတ်၅-ခေတ်နဲ့ ဝေဘန်ပြီး ပြကြပါတယ်။

ဝိမုတ္တိယုဂခေတ်ဆိုတာ အရိယာခေတ်ကြီးပါ။ အရိယာတရားဓါတ်ကြီး ပြန်လည် ပေါ်ထွန်း နေတဲ့ ခေတ်ကြီးပါ။ ငါတော့ဆရာကောင်းနဲ့ တွေ့တဲ့ အခါမှာ တကယ့်ကို အားလုံးလွှတွေမွေးပြီး တကယ်ဘဲ ကြိုးစား ကြမယ် ဆိုရင် အနိမ့်ဆုံး အားဖြင့်သောတာပန်လောက်ထိ ဖြစ်နိုင်ပါတယ်။

အမြင့်ဆုံးအားဖြင့် ဝေဘန် ရရင် သုက္ခ ဝိပဿက ရဟန္တာထိဖြစ်နိုင်တဲ့ခေတ်ကြီးပါ။

ဒီခေတ်အခါမှာ စျာန်တရားကိုတော့ ရအောင်အားမထုတ်နိုင်ကြတော့ပါ။ ဘာကြောင့်လဲဆိုရင် ခုခေတ်မှာအာယုကပ်အားဖြင့်အသက်တန်းကလဲဆုတ်ယုတ်နေပါတယ်သမထကိုအားထုတ်ပေမဲ့လဲ စျာန်တရားကို မရနိုင်တော့ပါ။ "ချို့တဲ့"တဲ့ အကြောင်းတွေကတနှစ်ထက် တနှစ်၊ တလထက် တလ၊ တရက်ထက် တရက်များလာလို့မို့ "စျာန်မရတဲ့ ရဟန္တာ" အထိသာ၊ ခုခေတ်မှာဖြစ်နိုင်ကြတော့တယ်။

ဒီတော့ ဝိမုတ္တိယုဂခေတ်ကြီး ပေါ်ထွန်း လာပါပြီ။

အရိယာ တရား ဓါတ်နေဝန်းကြီးဟာ မြန်မာနိုင်ငံတော်မှာ ပေါ်ထွက်လာပါပြီ ဆိုတဲ့ ယုံကြည်မှု သဒ္ဓါ တရားတွေ မွေးမြူပြီး ခု– ဆရာတော် ဟောပြောမဲ့ တရား သဘာဝ တွေကို သဘော ပေါက်အောင် ကြိုးစား နာယူကြပါ။ ဝါတွင်း သုံးလ ပတ်လုံး နေ့မပျက် ရက်မပျက် အားထုတ်ကြပါလို့ ဆရာတော် တိုက်တွန်း လိုပါတယ်။

**စဉ်းစားရန်အချက် ...**

– ဒီတော့ အရိယာဖြစ်အောင် ဘာတရားကို အားထုတ်ရမလဲ။ ?
– သောတာပန်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ။ ?
– သစ်တပင်ရင်း၊ ဝါးတပင် အောက်မှာ ကျင့်ကြံနေကြတဲ့ ပုဂ္ဂိုလ်တွေကို သောတာပန်လို့ ခေါ်မလား။ ?
– အကျင့်တရား ပေါ်မှာ ဦးစိုက်ပြီး ကျင့်နေမှ တရား ရမှာလား။ ?
– အသိတရားဘက်ကို ဦးစိုက်ပြီး (သိရင်ပြီးတာဘဲ)ဆိုတဲ့ ပုဂ္ဂိုလ် တွေကော သောတာပန် ဖြစ်သွားရောလား။ ?
“ဒီသဘာဝတွေကို စဉ်းစားပါ”

**ပဓာနိယင်္ဂတရား ငါးပါး** ဒီတော့ တရား သဘာဝကို သိအောင် တရားဓါတ်ကြီး ပေါက်ရောက်အောင် ပဓာနိယင်္ဂ တရား ငါးပါးကို ဘုရားရှင်က ဟောကြား ထားခဲ့ပါတယ်။

သဒ္ဓေါ = ယုံကြည်မှု ရှိရမယ်။
အပ္ပဗါဓေါ = ကျန်းမာရေးနဲ့ ပြည့်စုံရမယ်။
အမာယာဝီ = ကောက်ကျစ်လှည့်ပတ်ခြင်း မရှိရဘူး။
ဝီရိယော = အာတာပီ စိတ်ဓါတ်နဲ့ ကြိုးပမ်း အားထုတ်တဲ့ လုံ့လဝီရိယရှိရမယ်။
ပညဝါ = သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ ဉာဏ်ပညာနဲ့ ပြည့်စုံရမယ်။

ဒီတော့ကာ ဆရာတော် ပြောပြမယ်။ ဝိမုတ္တိယုဂခေတ်ကြီးမှာ အရိယာတရားဓါတ်ကြီး ထွက်ပေါ်နေတယ်။ တကယ်ဘဲတရားကို လိုချင်လို့၊ တကယ်ဘဲ အားထုတ်ပွားများ ကြိုးစားကြမယ် ဆိုရင် သောတာပန် လောက်တော့ ဖြစ်နိုင် ပါတယ် ဆိုတာ တထစ်ချ ဝေဘန် သိမ်းဆည်းနိုင်ပါတယ်။

သောတာပန် ဆိုတာ အိမ်ယာထောင်တဲ့ ပုဂ္ဂိုလ်တွေ ရတဲ့ တရားပါ။ ဘုရားရှင် လက်ထက်က သာဝတ္ထိ ပြည်မှာ လူဦးရေ ၇-ကုဋေရှိတယ်။ ဒီထဲက ၅-ကုဋေသော ပုဂ္ဂိုလ်တွေဟာ အရိယာ ပုဂ္ဂိုလ်တွေ ဖြစ်တယ်လို့ ကျမ်းဂန်မှာ တွေ့ရတယ်။

ဘုရားရှင် လက်ထက်က ဝိသာခါ ကျောင်းအမကြီး ဆိုရင် အိမ်ယာထောင် သောတာပန် ဓါတ်ကြီး ပေါက်သွားတယ်။

သာသနာတော်ကြီး အကျိုး အတွက် "ဆုရှစ်ပါး" ကို ဘုရားရှင် ထံမှာ အရ တောင်းယူပြီး သာသနာတော်ကြီးကို ပြုစု စောင့်ရှောက်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါ။ သာသနာတော်ကြီး အဓွန့် ရှည်စွာ တည်တော် မူပါစေ ဆိုတဲ့ စေတနာ သဒ္ဓါ တရားနဲ့ သာသနာတော်ကြီးကို ပြုစုပုံ၊ စောင့်ရှောက်ပုံ၊ ဆောင်ရွက်ပုံတို့ဟာ စာပေကျမ်းဂန်မှာ အလွန်ထင်ရှား ကျော်ကြားပါတယ်။

ဒီတော့ကာ ဝိသာခါ ကျောင်းအမကြီးထုံးနှလုံးမူပြီး "အိမ်ယာ ထောင်ရင်းနဲ့လဲ သောတာပန် ဖြစ်နိုင်တယ်။ သာသနာ့ဝန်ကိုလဲ ကြိုးကြိုးပမ်းပမ်း စွမ်းစွမ်းတမာန် မိမိတို့ရဲ့ ကံအား၊ ဉာဏ်အား၊ ပါရမီအားလျော်စွာ ဆောင်ရွက်နိုင်တယ်။

သာသနာ ၂၅၀၀-ကျော်မှာ အရိယာ ဓါတ်ကြီး ပြန်လည် ပေါ်ထွန်းလာပြီမို့ ကြိုးစားမယ် အားထုတ်မယ် ဆိုရင် ဝိသာခါ ကျောင်းအမကြီး တရားဓါတ် ပေါက်သလို ငါတို့လဲဘဲ ဝိသာခါ တရားဓါတ် ပေါက်နိုင်တယ်။ သောတာပန် ဖြစ်နိုင်တယ် ဆိုတာ ယုံကြည်ကြပါ။

ဒီလို ယုံကြည်တဲ့ သဒ္ဓါ တရားကို ဦးစွာ မွေးမြူရပါတယ်။ ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့ အခါမှာ ယုံကြည်မှု သဒ္ဓါတရားကို မွေးမြူပြီး တကယ်ဘဲ ကြိုးစားမယ်ဆိုရင် တကယ်ဘဲ အရိယာတရားဓါတ်ကြီး ပေါက်ရောက်အောင်မြင်နိုင်ပါတယ်။

ဒါကြောင့်မို့ ဆရာတော် ဟောပြောမဲ့ တရား ဟောစဉ်ကိုလဲ "ဝိသာခါ အနုလောမ တရားဟောစဉ်"လို့ အမည် ပေးရတာပါ။

## အပိုင်းကြီး (၃)ပိုင်း

အခု ဆရာတော်ဟောမဲ့ ဝိသာခါ တရားဓါတ်ကြီးကို အပိုင်း အားဖြင့် ၃-ပိုင်း ခွဲပြီးတော့ ဟောသွားပါမယ်။

(၁) ရုပ် နာမ်ပိုင်း
(၂) ခန္ဓာပိုင်း
(၃) ပဋိစ္စသမုပ္ပါဒ်ကနေပြီး မဂ်ဝင်သည်အထိ တပိုင်း၊

ဒီလို အပိုင်းအားဖြင့် ၃-ပိုင်း ပိုင်းပြီး ဟောကြားသွားပါမယ်။ ဒီတော့ ရုပ်-နာမ်ပိုင်းဆိုတာ ပရမတ်ရုပ်-နာမ်ရဲ့ သဘာဝလေးကို တွေ့အောင်ရှာတာကို တကဏ္ဍအနေနဲ့ ဟောမယ်။

ခန္ဓာပိုင်းဆိုတာ ပရမတ် ရုပ်-နာမ် "သဘာဝ"လေးကို တွေ့လို့ ဝိပဿနာနည်းနဲ့ ဆင်ခြင်တဲ့ အခါမှာ ခန္ဓာလေးတွေ ထွက်ပေါ် လာတယ်။ အဲဒီ ခန္ဓာလေး တွေကို တပါးစီ တပါးစီ ဆင်ခြင် ရှုမှတ်ဘို့က တကဏ္ဍအနေနဲ့ ဟောမယ်။

နောက် ခန္ဓာငါးပါး တခုလုံး သုံးသပ်ပြီး ဝိပဿနာနည်းနဲ့ ဆင်ခြင်ပွားများတဲ့အခါ ပဋိစ္စသမုပ္ပါဒ်ကြီး ပေါ်ထွက် လာမယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်ပြီး လွတ်မြောက်တာကို မဂ်ဝင်တယ်လို့ ခေါ်တယ်။ အဲဒါက တကဏ္ဍအနေနဲ့ ဟောမယ်။

ဒီလိုအပိုင်း၃-ပိုင်း ကဏ္ဍ အနေနဲ့ ၃-ကဏ္ဍခွဲခြားပြီး ဆရာတော် ဟောမယ်။

ဒီတော့ "မဂ်တရားဖိုလ်တရားကို ရခြင်ရောက်ခြင်တယ်ဝိသာခါ တရားဓါတ်ကြီးပေါက်ခြင်တယ်ဆိုတဲ့" ပုဂ္ဂိုလ်တွေဟာ ပထမဦးစွာ ပရမတ် ရုပ်-နာမ်ကို တွေ့အောင် ရှာရမယ်။

ဒီပရမတ် ရုပ်-နာမ်ကို တွေ့တော့မှ ဒီပရမတ် ရုပ်-နာမ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့နဲ့ သိမ်းလိုက်တော့ ခန္ဓာလေးတွေထွက်လာမယ်။ ဒါကို ခန္ဓာပိုင်းအနေနဲ့ ပိုင်းခြား ပြသွားပါမယ်။

ဒီလိုခန္ဓာလေးတွေ ထွက်လာမှ ခန္ဓာလေးတွေကိုလဲ သိမ်းဆည်းလိုက်ရော အဲဒါ ပဋိစ္စသမုပ္ပါဒ် အပိုင်း ဆိုပြီး ထွက်လာမယ်။ နောက် ဒီပဋိစ္စသမုပ္ပါဒ် ကြီးကို ရှုပွားပါများတော့မှ ဝိပဿနာ ဉာဏ်တွေရင့်ပြီး ဒီပဋိစ္စသမုပ္ပါဒ်ကြီးက ထွက်မြောက်သွားတာကို မဂ်ရပြီလို့ ပြောတာပါ။

ဒါကြောင့် ဆရာတော် တို့က သင်နည်း မှတ်ချက်တွေ ပေးပြီးတော့ ပရမတ် ရုပ်-နာမ်က နေပြီး မဂ်ဝင်သည် အထိ ပြသွားပါမယ်။ ဒါကြောင့် ဒီတရား သင်တန်းကို နေ့မပျက် ရက်မပျက် လာရောက် သင်တန်း ယူကြပါလို့ သတိ ပေးလိုက်ပါတယ်။ ကိုင်း—ပရမတ် ရုပ် နာမ်ကို တွေ့အောင် ဘယ်လိုရှာမလဲ သေသေချာချာ စေ့စေ့ငုငု ပိုင်းပိုင်း ခြားခြား သိသွားအောင် သင်နည်းမှတ်ချက် ပေးပါမယ်။

## ( သင်နည်း မှတ်ချက် )

၁။ ရုပ်လောက နာမ်လောက နှစ်ပါး တို့၏ သဘောတ လောကကြီး၌ ပေါင်းစည်းဖြစ်ပေါ်ပုံ၊ ပြုပြင်တည်ထောင်ပုံ တို့ကို ဒေသနာ နည်းဖြင့် ရှင်းလင်း ဟောပြောနိုင် ရမည်။ သို့ဖြစ်၍ အကြောင်းတရားလေးပါး ပဉ္စတ် သဘောတရား လေးပါးတို့၏ တည်နေပုံကို ဖွင့်ပြရမည်။

၂။ တခုသောရုပ်လောက၌ရုပ်(၈)ပါးတို့ ပေါင်းစည်းပုံ အကြောင်းတရားလေးပါးတို့တည်နေပုံ၊ ပဉ္စတ်တရား၄-ပါး တို့၏ ထွက်ပေါ်နေပုံတို့ကို လက်တွေ့ နည်းဖြင့် ဖွင့်ပြရမည်။

၃။ ရုပ်လောကကိုမြူ၄ ပါးဖြင့်သိမ်းဆည်းဝေဘန်သော် သညာဝိညာဏ်သဘောခေါ် သဘာဝရုပ် ပေါ်ထွက်အောင် သဘာဝနည်းဖြင့် ဝေဘန်ထုတ်ဖော်ရမည်။

ကိုင်းဒီတော့ ပထမ ရုပ်လောကကြီး တည်ထောင်ပုံကို အရင် နားလည်ရမယ်။ နောက်ဒီရုပ်ကြီးကို ဖျက်နိုင်ရမယ်။ ဒါမှသာလျှင် သုညတ သဘာဝအနတ္တခေတ်ကို တွေ့မယ်။ ရုပ်ကိုဖျက်တဲ့အခါမှာ ဘုရားရှင်က မှုလေးပါးနဲ့ ခွဲရမယ်လို့ ဟောကြားခဲ့ပါတယ်။

**မှုလေးပါးကတော့—**

၁။ ရထရေမှု

၂။ တစ္ဆာရေမှု

၃။ အဏုမှု

၄။ ပရမာ အဏုမှု ဆိုပြီး မှု ၄-ပါး ရှိပါတယ်။ ရုပ်တို့ ဖြစ်ပေါ်လာပုံ၊ ပွားစီးလာပုံ၊ သန်တ လောကကြီး ပေါက်ပွား လာပုံတို့ကို နားလည်အောင် ပြောပြမယ်။ ရုပ်ဟာ ဘာကြောင့် ဖြစ်သလဲ။ ရုပ်ဖြစ်တယ် ဆိုတာ ကံ၊ စိတ်၊ ဥတု၊ အဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် ဖြစ်တာပါ။

အဲဒီ သဘောတွေဟာ အချင်းချင်း ထောက်ပန့် ညီညွတ်မှ သာလျှင် ရုပ်တွေဟာ ပွားစီး ဖြစ်ပေါ် လာရတယ်။ ဝိရောဓိ ဖြစ်လျှင် ရုပ်တို့ဟာ ပျက်ကြ တာဘဲ။ အဘိဓမ္မာ နည်းကြတော့ (ဥပါဒ်-ဋ္ဌီ-ဘင်)မှာရုပ်တွေဟာ 'ဋ္ဌီ'ခဏမှသာလျှင် ဖြစ်ကြရတယ်။ 'ဘင်'ရောက်လာတာနဲ့ အဲဒါ ချုပ်ကြရ တာဘဲ။ ရုပ်တို့ရဲ့ ဖြစ်တဲ့အထဲမှာ အကြောင်းတရား လေးပါး၊ ဓာတ်ကြီး လေးပါး၊ ဓာတ်ငယ် လေးပါး၊ ပညတ်လေးပါးတို့ ပါဝင် လာပုံကို မြင်လာ ရမယ်။ ဒါမှ မိမိလိုခြင်တဲ့ ပရမတ် ရုပ်နာမ် အနတ္တဓာတ်လေးကို တွေ့မယ်။ ပါပုံကိုတော့ မနက်ဖြန်မှ ဆက်ဟောပါမယ်။

ကိုင်း သာဓု ခေါ်ကြ။

" သာဓု—သာဓု—သာဓု "

## ဝါဆိုလပြည့်ကျော် (၁)ရက်နေ့ ဟောစဉ် ပုံစံနံပါတ် (၁)

ကိုင်း ... ဒီတော့ ဓါတ်ကြီး လေးပါး၊ ဓါတ်ငယ် လေးပါး၊ ပညတ် လေးပါး၊ အကြောင်းတရား လေးပါးကို ရှင်းပြမယ်။

ရုပ်ဖြစ်တယ် ဆိုတာ အကြောင်းတရား လေးပါးကြောင့် ဖြစ်တယ်။ (ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ၊ စတ္တာရိ ရူပ သမုဋ္ဌာနာနိနာမ)လို့ သင်္ဂြိုဟ်ကျမ်းကလဲပြထားတယ်မဟုတ်လား?။ ဒီတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် ရုပ်ဖြစ်တယ် ဒီလိုဘဲ မှတ်ထားပါအုန်း။

နောက် တခုက ရုပ်ဆိုတာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ မဟာဘုတ် ၄-ပါး (တနည်း တည်ရာ ရုပ်၄-ပါးကို ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဆိုတဲ့ ဥပါဒါရုပ် (တနည်း) မှီရာ ရုပ်လေးပါးနဲ့ ပေါင်းမိတာကို ရုပ်လို့ ခေါ်တယ်။ အဋ္ဌကလာပ် အနေနဲ့ ဓါတ် ၈-ပါး စုပေါင်းပြီး အညီညွတ် ဖြစ်တာကို (အဝိနိဗ္ဘောဂရုပ်)လို့ ခေါ်တယ်။

**ပညတ်လေးပါး ပေါ်ထွက်လာပုံ**

ဒီလို ကလာပ်တွေလဲ စုစည်းမိရော **ပညတ်၄-ပါး** ထွက်လာတော့ တာဘဲ။ ဒီသဘာဝလေးတွေ တခုနဲ့တခု အစဉ်ကလေးဖြစ်ပြီး ဆက်စပ်နေတာကို **သန္တတိပညတ်** ခေါ်တယ်။ သူတို့ချင်း ပေါင်းစုမိပြီး ဃန အနေနဲ့ ဖြစ်လာတာကို "**သမူဟ-ပညတ်**" ခေါ်တယ်။ ဃန အနေနဲ့ ဖြစ်လာပြီး ပုံဟန် သဏ္ဌာန် ပေါ်လာတာကို **သဏ္ဌာန ပညတ်** ခေါ်တယ်။

အဲဒါ သဏ္ဌာန်လဲပေါ်ရော သခ်တလောကကြီးမှာ "ဘာဘဲ-ညာဘဲ"လို့ အမည်မှည့်စရာ **နာမပညတ်** ပေါ်လာ တော့တယ်။

ဒီတော့ ရုပ်ဖြစ်ပေါ်လာပုံမှာ ဓါတ်ကြီးလေးပါး၊ ဓါတ်ငယ် လေးပါး၊ ပညတ် လေးပါး၊ အကြောင်းတရား လေးပါး ပါဝင် လာပုံကို အကြမ်းအားဖြင့် ဒီလောက်ဘဲ မှတ်ထားပါအုန်း။

နောက်တခု ဓမ္မာစရိယ ကိုယ်တော်လေးတွေ စဉ်းစားဘို့ ဆရာတော် ပြောပြမယ်။

* **အဆင်း** — ဝဏ္ဏဓါတ်၊ နာမပညတ်၊ ပထဝီဓါတ်။
* **အရသာ** — ရသာဓါတ်၊သဏ္ဍာနပညတ်၊ အာပေါဓါတ်
* **အနံ့** — ဂန္ဓဓါတ်၊ သမူဟပညတ်၊ ဝါယောဓါတ်။
* **အဆီအနှစ်** — ဩဇာဓါတ်၊ သန္တတိပညတ်၊ တေဇောဓါတ်။

ဒါကို သဘောပေါက်အောင် စဉ်းစား ထားပါ။ ဓမ္မာ စရိယ ကိုယ်တော်လေးတွေ သာသနာပြုမဲ့ ပုဂ္ဂိုလ်တွေ မှတ်ဘို့က "တရားဆိုတာ" အာဒိကလျာဏ၊ အစ၌ကောင်းခြင်း။ မဇ္ဈေကလျာဏ၊ အလယ်၌ ကောင်းခြင်း။ ပရိယောသာန ကလျာဏ၊ အဆုံး၌ ကောင်းခြင်း။ ဒီလို ၃-ချက် ညီအောင် ဟောကြားနိုင်ရမယ်။

ဒီလိုမှ မဟောနိုင်ရင် ဝါစာ ဝိက္ခေပ ဒိဋ္ဌိ ဖြစ်သွားမယ်။ ပထဝီဓါတ်၊ မာတယ်ပြောတယ်။ အာပေါဓါတ်၊ ယိုစီးဖွဲ့စီးတယ်။ ဝါယောဓါတ်၊ တွန်းကန်တယ်၊ လှုပ်ရှားတယ်လို့ ပရိယတ်က ပြလာတယ်။

ဖြစ်ကိန်းမှာလဲ တေဇောဓါတ်က စလာပါတယ်။ ပျက်ကိန်းမှာလဲ ဒီတေဇောဓါတ်ကဘဲလို့ပြလာပါတယ်။ တေဇောဓါတ်ဟာ **ထိက္ခ** သဒ္ဒါက လာတာပါ။ **တိက္ခဟာ ထက်တဲ့** သဘောပါ။ အဲဒါကြောင့် **ထက်တေဇော၊ နုန့်တေဇောလို့** ပြလာ တာပါ။ ရုပ်လောကကြီး တည်ထောင်ပုံကို အဲဒီလို နားလည်ရမယ်။

**ပဋ္ဌိသန္ဓေလေးမျိုး။** ဒီတော့ ပဋိသန္ဓေ လေးမျိုးကို သင်နည်း မှတ်ချက်ပေးမယ်။ သဝိညာဏက လောက ဖြစ်စေ။ အဝိညာဏက လောကမှာ ဖြစ်စေ၊ ဒီပဋိသန္ဓေ လေးမျိုး ထဲက တမျိုးမျိုးနဲ့ ဖြစ်ကြရပါတယ်။ **'ထက်'** သဘော ရှိလာရင် နုန့်သဘော ရှိလာရတယ်။ ဒီပဋိသန္ဓေ လေးမျိုးကို နားလည် လာမှ ရုပ်လောက ဖြစ်ပေါ် ပွားစီး လာပုံကို သိလာမယ်။ ဒီတော့ သင်နည်းမှတ်ချက်ပေးမယ် မှတ်သားထားကြပါ။

**(သင်နည်းမှတ်ချက်)**

(၁) **ဂဗ္ဘသေယျက ပဋိသန္ဓေ၊** အမိ ဝမ်းတွင်း၌ ကိန်း၍ ဖြစ်ပေါ်လာသော ရုပ်လောက, နာမ်လောက။

(၂) **သံသေဒဇပဋိသန္ဓေ၊** အညစ်အကြေးကိုမှီ၍ ဖြစ်ပေါ်လာသော ရုပ်,နာမ် လောက။

(၃) **ဇလာဗုဇ ပဋိသန္ဓေ၊** ဥခွံအတွင်း၌ ကိန်းအောင်း၍ ဖြစ်ပေါ်လာသော ရုပ်,နာမ် လောက။

(၄) **ဥပပါတ် ပဋိသန္ဓေ၊** တခုခုသော နေရာဌာနကိုစွဲမှီ၍ ဖြစ်ပေါ်လာသော ရုပ်,နာမ် လောက။

ကိုင်း....ဒီတော့ ပထမသတိချပ်ဘို့က "ရုပ်တရားကို မိအောင်" နာမ်တရားနဲ့ ထောင်ပြီး ဖမ်းရမယ်။ "နာမ်တရားကို မိအောင်" ရုပ်တရားနဲ့ ထောင်ပြီး ဖမ်းရမယ်။ ဓါတ်ကြီးလေးပါး မိအောင် အကြောင်းတရား လေးပါးနဲ့ ထောင်ပြီး ဖမ်းရမယ်။

ဓါတ်ကြီးလေးပါးက ရုပ်ဘဲ မဟုတ်လား၊ နာမ်တရားကြတော့ ပညတ် လေးပါး (ဝါ) ဓါတ်ငယ်လေးပါးလို့ယူပါ၊ အကြောင်း တရားလေးပါးကြတော့ ရုပ်ကော နာမ်ကော ဖြစ်ပေါ်နေတယ်။ ဒီတော့ ရုပ်ရဲ့ဖြစ်စဉ်အကြောင်းကို နားလည်ရမယ်။

ကိုင်း.... ရုပ်လောကကြီး ဖြစ်ပေါ် လာပုံကို ပြောပြမယ်။ သခ်တလောကကြီးမှာပေါ်နေတဲ့ ရုပ်တွေဟာ(ဝါ)ပေါ်လာမယ့် ရုပ်တွေဟာ ပဋိသန္ဓေ လေးပါးထဲက တပါးပါးနဲ့ ပေါ်လာကြရတယ်။ ဖြစ်လာကြရတယ်။

ကမ္ဘာကြီး ပျက်တာလဲ ဒီဓါတ်ကြီး လေးပါးဘဲ၊ ကမ္ဘာကြီး ပြန်တည်လာလဲ ဒီဓါတ်ကြီးလေးပါးဘဲ။ ကမ္ဘာကြီးပျက်တော့မယ် ကြံရင် အနှစ်တသိန်းလောက်ထဲက လောကဗျူဟာဆိုတဲ့ ကာမာဝစရ နတ်တွေက ကြွေးကြော်လာကြတယ်။

**လောကဗျူဟာနတ်များ ကြွေးကြော်လာကြပုံ**

ဘယ်လိုများ ကြွေးကြော်လာကြသလဲ ဆိုရင် အဝတ်နီကြီးတွေဝတ်၊ ဆံပင်ကို ဖါးလျား ချပြီးတော့ မျက်နှာ မသာ မယာနဲ့ လူ့ပြည် ဆင်းပြီး … "အို– လူအပေါင်းတို့ ယခု တည်နေသော ကမ္ဘာကြီးဟာ အနှစ် တသိန်း ကြာရင် ပျက်စီး တော့မယ်။ ကုသိုလ်ကောင်းမှုကို အားထုတ်ကြပါ၊ ဗြဟ္မဝိဟာရ တရားကို ပွားများ ကြပါ၊ ကမ္ဘာ ပျက်ရင် လွတ်တဲ့ နေရာကို ရောက်အောင် ကြိုးစားကြပါ။ ကမ္ဘာပျက်တဲ့အခါမှာ လူ့ပြည်မှ နတ်ပြည် ၆-ထပ်၊ ဗြဟ္မာဘုံမှာ ပထမစျာန် ၃-ဘုံ ထိအောင် မီးဖျက်ပြီး၊ ဒုတိယစျာန် ၃-ဘုံမှာ ရေဖျက်ပြီး၊ တတိယစျာန် ၃-ဘုံမှာ လေဖျက်ပါ လိမ့်မယ်။ အဲဒါကြောင့် ဒီပျက်တဲ့ အထဲ၊ လွတ်အောင် ကုသိုလ် ကောင်းမှုများ ပွားများ ကြပါလို့ …" ကြွေးကြော်လာတယ်။

**ကမ္ဘာပျက်ပုံ**

ဒီတော့ ကမ္ဘာကြီး ပျက်မယ် ဆိုတာနဲ့ ပထမနေ့ နေတစင်း၊ နောက်တနေ့ နေ ၂-စင်း၊ နောက်နေ့ နေ ၃-စင်းနှင့် ၇-ရက်ထိ ၇-စင်း ထွက်လာပြီး ကမ္ဘာကြီးဟာ မီးလောင်တော့တာဘဲ။ ဒါကြောင့် …

— နေတစင်းထွက် စိုက်ပျိုးပျက်၏၊ နှစ်ထွက်မြစ်ငယ်၊ သုံးဝယ် မြစ်ကြီး၊ အိုင်ကြီး ၄-စင်း၊ ၅-စင်းသမုဒ္ဒ ခိုးထုတ်ခြောက်ဖြစ်၊ (၇)ခုနှစ် မီးလောင်၊ ကမ္ဘာ ပြောင်သည် ရိပ်ရောင်သူငါ မကြွင်းတည်း …တဲ့။

အဲဒီလိုမီးလောင်နေတာဟာ အသင်္ချေယျတကပ် ကြာပါတယ်။ နောက် မိုးကြီးရွာလာတဲ့ အခါမှာလဲ အသင်္ချေယျ တကပ် ကြာပါ တယ်။ အဲဒီ အခါကြတော့ ဒုတိယစျာန်၃-ဘုံတို့ဟာ ရေကြောင့် ပျက်စီးကုန်ကြရတယ်။

နောက်တခါ လေတွေ တိုက်လာလိုက်တာ ဟာလဲ အသင်္ချေယျ တကပ် ကြာပါတယ်။ အဲဒီအခါကြတော့ တတိယစျာန် ၃-ဘုံဟာ လေကြောင့် ပျက်စီးတော့တယ်။ အဲဒီလေဟာ အသင်္ချေယျတကပ် ကြာအောင် ဖျက်ဆီးတယ်။ အဲဒီလို မီး-ရေ-လေ တို့ဟာ ၆၄-ကြိမ် ထိအောင် ဖျက်ဆီးကြတယ်။ ဒါကို ပိဋကတ်တော်က—

— သတ္တ သတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ၊
စတုသဋ္ဌိယဒါပုဏ္ဏာ၊ ဧကောဝါယုဝါရောသိယာ။

သတ္တ သတ္တဝါရာ၊ ၇-ကြိမ် ၇-ကြိမ်တို့ တိုင်တိုင်။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနာသတိ ပျက်၏။ အဋ္ဌမေ အဋ္ဌမေ၊ ၈-ကြိမ်မြောက် ၈-ကြိမ်မြောက်၌။ ဒကာ၊ ရေကြောင့်။ ဝိနာသတိ၊ ပျက်၏။ ယဒါ၊ အကြင် အခါ၌။ စတုသဋ္ဌိ၊ ၆၄-ကြိမ်သည်။ ပုဏ္ဏာ၊ ပြည့်၏။ တဒါ၊ ထိုအခါ၌။ ဧကော၊ တကြိမ်သော။ ဝါယုဝါရော၊ လေဖျက်သော အကြိမ်သည်။ သိယာ၊ ဖြစ်၏-လို့ ပိဋကတ်တော်က ပြလာပါတယ်။

ကိုင်း.... ဒီတော့ ကမ္ဘာကြီး ပျက်ပုံကို ထပ်၍ ပြပါ အုန်းမယ်။

— အဂ္ဂိနာဘဿရာဟေဋ္ဌာ၊ အာပေနသုဘကိဏှတော။
ဝေဟပ္ဖလတောဝါတေန၊ဧဝံလောကောဝိနဿတိ။

အာဘဿရာ၊ အာဘဿရာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနဿတိ၊ ပျက်၏။ သုဘကိဏှတော၊ သုဘကိဏှာဘုံမှ၊ ဟေဋ္ဌာ၊ အောက်၌။ အာပေန၊ ရေကြောင့်။ ဝိနဿတိ၊ ပျက်၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ဝါတေန၊ လေကြောင့်။ ဝိနဿတိ၊ ပျက်၏။ ဧဝံ၊ ဤသို့။ လောကော၊ ကမ္ဘာလောကကြီးသည်။ ဝိနဿတိ၊ ပျက်၏။

**ဓါတ်လေးပါးသဘာဝနှင့် တေဇောဓါတ်**

အဲဒီလိုမီးဓါတ် လေးပါးတို့က ဖျက်ဆီးကြပြီးတော့မှ ဓါတ်ကြီးလေးပါးဟာ ပြန် ပေါ် လာ ကြ တယ်။ ဒီတော့ တေဇောဟာ **ထက်**တဲ့ သဘော ရှိသလောက် နုန့်တဲ့ သဘောလဲ ရှိပါတယ်။ အဲဒါကို သီတတေဇော၊ **ဥဏှ**တေဇောလို့ ခေါ်တယ်။

ဒီတော့ ရုပ်လောကကြီးကို ထူထောင်ရင် ပထမ ဓာတ်ကြီး လေးပါးရဲ့ သဘောကို နားလည်ရမယ်။ တေဇော လွန်လျှင် ပူတယ်၊ တေဇော နုန့်လျှင် အေးတယ်။ ထို့အတူဘဲ ကျန်တဲ့ ဓါတ်တွေကလဲ "ယိုစီး၊ ဖွဲ့စီး၊ တွန်းကန်၊ လှုပ်ရှား၊ ပြော့၊ မာ" ဆိုပြီးတော့ အတိုးအဆုတ် ဖြစ်လာကြတယ်။

တေဇောဓါတ်ဟာ **ထက်**လာခဲ့သော် ဖိုဓာတ်။ တေဇောဓါတ် နုန့်လာတဲ့အခါမှာ မ,ဓါတ်။ (တနည်း) တေဇောထက်လာသော် **နာမ်ဓါတ်**။ တေဇော နုန့်လာသော် **ရုပ်ဓါတ်**။ ဒီသဘာဝလေးကို မှတ်ထားပါ။

ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် ဖြစ်ကိန်းရှိရင် ပျက်ကိန်း ရှိလာတာဘဲ။ အဲဒါတွေဟာ နောက်ဆုံး တေဇောဘဲ မဟုတ်လား။ ဒီတော့ ရုပ်နာမ်ဆိုတာလဲ တေဇောဘဲ။ ဓါတ်ဖိုဓါတ်မဆိုလဲ တေဇောဘဲ။ ဖြစ်ပျက်ဆိုလဲ တေဇောဘဲ မဟုတ်လား။ ဒါတွေကို မြင်အောင် သိအောင် ကြိုးစား ကြရမယ်။ တေဇောဓာတ်ရဲ့ ကျေးဇူးပြုပုံကို ပြောပြအုန်းမယ်။

**ကလလ ရေကြည်**

ဒီတော့ တေဇောဓါတ်တည်းဟူသော **ထက်**တဲ့ အားနဲ့ ဓါတ်လေးပါးကိုဖမ်းလိုက်တဲ့အခါမှာ ကျန်တဲ့ဓါတ် ၃-ပါးကလဲ အဖြစ်ခြင်း တူလာ ကြတယ်။ (ဝါ) **ထက်**လာ ကြတယ်။ နုန့်တဲ့ တေဇောနဲ့ ဖမ်းလိုက်တဲ့ အခါမှာလဲ ကျန်တဲ့ ဓါတ်သုံးပါးဟာ နုန့်လာကြတယ်။ အဲဒီလို ဓါတ်၄-ပါး ပေါင်းလိုက်တာကို ကလလ ရေကြည်လို့ ခေါ်တယ်။ ဒီတော့ ၎င်း ကလလ ရေကြည်လေးဟာ ဘယ်မှာရှိသလဲဆိုရင်—

(ဆောင်)— ကလလမည်၊ ထိုရေကြည်ကား၊ တည်သောအခါ၊
မကွဲကာလျှင်၊ ပါယာမေက၊ သောက်လေစွဟု၊
ပမာဏကို၊ နှိုင်းဆဆို၏၊ ထိုကို တဖန်၊ မျှားသေး
ဟန်ဖြင့်၊ ပယ်လှန်ပြီးမှ၊ သိမ်မွေ့ လှသား၊ သဏ္ဍာ
သူစိ၊ ဖျားတွင် ထိလျက်၊ ငြိရှိပါလာ၊ ဆီပမာဟု၊
တူစွာပုံခင်း၊ ဆိုတုံလျှင်း၏။

ယင်းကို တခါ၊ ပယ်ပစ် ခွါ၍၊ ဒီပါ ဇမ္ဗူ၊
တသောင်းသူ၏၊ တဆူ ဆံပင်၊ အဖျား တွင်၌၊
တင်သည့်ဆီပေါက်၊ ပမာလျောက်၏၊ ထိုနောက်
တခါ၊ ယင်းကေသာကို၊ ၈-ဖြာစိတ်ထား၊ တစိတ်
အားမူ၊ မြောက်ကျွန်းသူ၏၊ တဆူဆံမျှ၊ ပမာဏဟု၊
နှိုင်းဆပြီးကာ၊ ယင်းကေသာကို၊ ကြည်စွာဆီတွင်၊
နှစ်၍တင်သော်၊ ဆံပင်ဖျားမှာ၊ ကပ်၍ ပါသည်၊
ကေသာဆီပေါက်၊ ပမာ လျောက်၏။

ထိုနောက်တသွယ်၊ ယင်းကိုပယ်ဘိ၊ တောဝယ်
ရှိသည့်၊ ဇာတိ ဥဏ္ဏာ၊ သားမြတ်စွာ၏၊ နူစွာ
ဖြူဖွေး၊ သေးသေးမျှင်မျှင်၊ မွေးတပင်ကို၊ ကြည်လင်
လျှောက်ပတ်၊ ဆီထောပတ်ဝယ်၊ နှစ်၍ဆယ်သော်၊
ကပ်တွယ်ပါလာ၊ ဆီပမာဟု၊ အဋ္ဌကထာ ဝိဘင်း၊
မိန့်တုံလျှင်းသည်၊ ရုပ်ရင်း သုံးဆယ်မျှ သာတည်း။

(အကျယ် သိလိုသော် **ခန္ဓာဝိဘင်း အဋ္ဌကထာမှာ**
ရှုပါ)

ဒီလို ရေးလာတဲ့အတိုင်း ကလလ ရေကြည်မှာ တေဇောဓါတ်
လွန်ကဲတယ်၊ ဝါယောဓါတ် ကြတော့ အမြှုတ်၊ အာပေါဓါတ်
ကြတော့ သွေးရည် ဖြစ်လာတယ်။ ပထဝီလွန်ကဲလာမှ "**သားတစ်
လေး**" ဖြစ်လာတယ်။

ဒီတော့ တောင်ကျွန်းသူ တို့ရဲ့ ဆံပင် တပင်ကို (၈)စိတ်စိတ် တစိတ်စာသည် မြောက်ကျွန်းသူ တို့ရဲ့ ဆံပင် တပင် (တနည်း) ဟိမဝန္တာမှာ ရှိတဲ့ (ဇော) မည်သော သားကောင်၏ အမွေး တပင်နှင့် မြောက်ကျွန်း သူ တို့၏ ဆံပင်သည် ညီမျှတယ်။ ထိုမြောက်ကျွန်းသူတို့၏ ဆံပင်ကိုယူ၊ အကြိမ် တရာ စစ်ထားသော ဆီထဲ၌ နှစ်ပြီး အကြိမ်တရာခါ။

အဲဒီလို အကြိမ်တရာခါပြီးမှ ဆံဖျားမှာ ပါလာသောဆီလောက် ဒီကလလ ရေကြည်ဟာ ပမာဏ အားဖြင့် ရှိပါတယ်။ ဒီကနေ ပြီးတော့မှ ရုပ်လောကကြီး ဖြစ်လာတယ်။ ဒါဟာ **ဂဗ္ဘသေယျက ပဋိသန္ဓေ** ယူနည်းပါ။ အဲဒီ ပမာဏကို ပြောရလျှင် အဲဒါ သဘာဝလေးမျှသာ ရှိပါတယ်။

ဒါကြောင့်တေဇောဓါတ်လေးဟာအင်မတန်မှ **ကလာပ် ၃-စည်း**။ သေးငယ်လှ ပါတယ်။ ဒီကနေ စပြီးတော့မှ ရုပ်လောကကြီး တည်ထောင်လာတာ ပါဘဲ။ အခုဒီနေရာမှာရုပ်ရယ်လို့ 'ပြ'မရသေးပါ။ ဒါပေမဲ့သညာဝိညာဏ် မှာတော့ အဘိဓမ္မာနည်းနဲ့ ရုပ်ကိုရေတွက်ရင်....

၁။ ကာယဒသကရုပ် — ၁၀-ပါး
၂။ ဝတ္ထုဒသကရုပ် — ၁၀-ပါး
၃။ ဘာဝဒသကရုပ် — ၁၀-ပါး

ပေါင်း၃၀ရှိတယ်။ နာမ်တရားကြတော့ **နာမက္ခန္ဓာ** ၄-ပါးသာ ရှိတယ်။ သုတ္တန်နည်းနဲ့ ရုပ်ကို ရေတွက်ရင် **ပထဝီ၊ ဝါယော၊ အာပေါ၊ တေဇော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ** အားဖြင့် ၈-ပါး ရှိတယ်။ ဓါတ်ကြီးလေးပါး၊ ဓါတ်ငယ် ၄-ပါးကို ကလာပ်တခုဟု ခေါ်တယ်။

အဲဒီ ကလာပ်ကို ဘယ်သူတွေက ပွားစီးအောင် လုပ်မလဲ ဆိုရင် အကြောင်း တရား လေးပါးက ဝင်ပြီး လုပ်ကြ လိမ့်မယ်။ နောက်ပညတ်တွေ ဝင်လာ လိမ့်မယ်။ ဓါတ်ကြီး လေးပါးကို

အမှိုပြုပြီး ပေါ်လာတဲ့ ဓါတ်ငယ်လေးပါးဟာ **ဓါတ်ကြီး၄-ပါးကို စွဲပြီးတော့မှ ပေါ်လာရတာ** ဖြစ်ခြင်းကြောင့် သူတို့ကို ပညတ်ထဲ ထည့်ရမယ်။

ဒီတော့ ပညတ်နဲ့ ပရမတ်လေးတွေဟာ တွဲပြီး **ပညတ်နှင့် ပရမတ်။** နေကြတာဘဲ မဟုတ်လား။ ဒါကြောင့် **ပ ရ မ တ် က ဓါတ်ကြီး လေးပါး။** ဒီဟာကို အစွဲပြုပြီးမှ ဓါတ်ငယ်လေးပါးက ပေါ်လာရတာဖြစ်ခြင်းကြောင့် **ဓါတ်ငယ်လေးပါးက ပညတ်။** ဒါကြောင့် **ပထဝီက နာမ ပညတ်၊ အာပေါက သဏ္ဌာန ပညတ်၊ ဝါယောက သမူဟ ပညတ်၊ တေဇောက သန္တတိပညတ်** ဆိုပြီး ပေါ်နေကြတာ။

အဲဒါ ဘာ့ကြောင့် ပေါ်နေကြ သလဲ။ ပညတ် ဆိုတာ ပေါ်ခြင်တိုင်း ပေါ်လို့ မရပါ။

အဲဒါ ဓါတ်ကြီးလေးပါးရဲ့ **ဗျာပါရ** ကိစ္စလေးတွေအပေါ်မှာ ကြည့်ပြီးတော့မှ ပေါ်ရတာပါ။ ပထဝီရဲ့ ဗျာပါရကိုကြည့်ပါ၊ အာပေါ်ရဲ့ ဗျာပါရ၊ ဝါယောရဲ့ ဗျာပါရ၊ တေဇောရဲ့ဗျာပါရ တွေကို ကြည့်ပါ။ ကိုင်း— ဒီတော့ ဓါတ်ကြီးလေးပါးရဲ့ ဗျာပါရ လေးတွေကို သိပြီ။

ဓါတ်ကြီးလေးပါးကို(ဝါ)ရုပ်တုံးရုပ်ခဲကြီးကိုဆိတ်သုဉ်းအောင် ဘယ်လို လုပ်မလဲ။ ဒီဟာကို ဆိတ်သုဉ်းအောင် လုပ်နိုင်ရမယ်။ **သုညတ အနတ္တဓါတ်** ဆိုက်သွားအောင် ဒါကို ချေရတော့မယ်။ မချေနိုင်ရင် ပညတ်တွေ ထွက်လာမယ်။ အနတ္တဓါတ် ဆိုတာ သုဉ်းဆိတ် နေတာကို ခေါ်တယ်။ ဒီတော့ သုဉ်းဆိတ်အောင် ချေနိုင်ရမယ်။ ကိုင်း— နက်ဖြန်ကျမှ ဆက်ကြပါစို့—။

သာဓု ခေါ်ကြပါ။

"သာဓု—သာဓု—သာဓု"

—— ○ ——

## ဝါဆိုလပြည့်ကျော် (၂)ရက်နေ့ ဟောစဉ်

မနေ့က ဓါတ်ကြီးလေးပါးက ပရမတ်အနေနဲ့ယှဉ်ပြီး ဓါတ်ငယ်လေးပါးက ပညတ်အနေနဲ့ ကောက်ယူပုံကို ဆရာတော် အကျဉ်းနည်းနဲ့ ဟောပြီးခဲ့ပြီ။ ဒီကနေ့ အကြောင်းတရား လေးပါးနဲ့ ပတ်သက်ပြီး သင်နည်းမှတ်ချက် ပေးမယ်။

### အကြောင်းတရား လေးပါး

## သင်နည်း မှတ်ချက်

၁။ **ဥတုသဘော၊** သင်္ခတလောက၌ ထင်ရှားစွာ ထွက်ပေါ်လာခြင်း။

၂။ **အာဟာရ သဘော၊** သင်္ခတ လောကသို့ ပို့ဆောင်ထောက်ပန့်ခြင်း။

၃။ **စိတ္တသဘော၊** ဆက်စပ်ပေးခြင်း သဘောတရား။

၄။ **ကမ္မသဘော၊** ပြုပြင်ပေးခြင်းသဘောတရားကိုခေါ်သည်။

### အကြောင်းတရားသဘော ခွဲပြချက်

၁။ **ဟေတု အကြောင်း၊** တခုတည်းဖြင့် ဖြစ်စေ နိုင်သော အကြောင်းတရားမျိုးကို ခေါ်သည်။

၂။ **ပစ္စယအကြောင်း၊** ပေါင်းစုညီညွတ်၍ ဖြစ်ပေါ်လာသော အကြောင်းတရားမျိုးကို ခေါ်သည်။

**တရားရတယ်ဆိုတာ။** ဒီတော့ တရားရတယ် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကို တွေ့မှ သာလျှင်၊ ဒုက္ခကို မြင်မှ သာလျှင် တရားစစ် တရားမှန်ကို တွေ့ပြီလို့ မှတ်ပါ။ တရားကို မြင်ပြီ သိပြီလို့ မှတ်ပါ။ ဒုက္ခ နုပဿနာကို ပွားတယ် ဆိုတာ "ဒုက္ခ—ဒုက္ခ"လို့ ပွားရမလား။ **"အနိစ္စ၊ ဒုက္ခ၊ အနတ္တ"** ဆိုတဲ့ လက္ခဏာယဉ် သုံးပါးနဲ့ ပတ်သက်ပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက....

၁၉၉၉၇

အတီတာ၊ နာဂတ ပစ္စုပ္ပန်၊ ရူပ၊ အနိစ္စ၊ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တံ အသာရက ဋ္ဌေန...လို့ ဟောကြားတော် မူခဲ့တယ်။

ဒီတော့ ဘယ်ဟာကိုဘဲ လုပ်လုပ် သဘာဝလေးကို အရင် နားလည်ရမယ်။ အခုပုံစံမှာ ဦးစီးပြီးနေတာက အနတ္တခါတ်လေး ဦးစီးပြီးနေတယ်။ အနတ္တဆိုတာ ယောကျ်ား မဟုတ်, မိန်းမမဟုတ်, ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး မရှိ၊ အနတ္တသာရှိ၏လို့ ပြောနေကြတာတွေဟာ တကယ်အနတ္တ စစ်ရဲ့လား။ အနတ္တအစစ် မဟုတ်ပါ။

ဒီတော့ အနတ္တ အစစ်ကို လိုခြင်ရင် (ဥပမာ) ဒီလဘက်ရေ ပုဂံမှာရှိတဲ့ပြည်တ်ကို ဖြုတ်မှ ဓါတ်ကြီးလေးပါး သုဉ်းဆိတ်သွားမှ သာလျှင် အနတ္တ အစစ်ကို တွေ့မယ် မဟုတ်လား။ ဒါကြောင့် တော, တောင်, ရေ, မြေ အစရှိတဲ့ အသက် မရှိတဲ့ အဝိညာဏက၊ အသက်ရှိတဲ့ သဝိညာဏကကြီး အားလုံးကို သုဉ်းဆိတ်အောင် လုပ်နိုင်မှသာလျှင် ကလျှာဏ မျက်စိပေါက်မယ် မဟုတ်လား။

**လဘက်ရေ ပုဂံနှင့် ဓါတ်ကြီးလေးပါး**

အခု လဘက်ရေ ပုဂံလေးမှာ ဓါတ်ကြီး၄-ပါး ရှိတယ်ဆိုပြီး (ဓါတ်ကြီး လေးပါးသည် ပုဂံ၊ ပုဂံသည် ဓါတ်ကြီးလေးပါး၊ ဓါတ်ကြီး၄ပါး၌ ပုဂံရှိ၏၊ ပုဂံ၌ ဓါတ်ကြီး လေးပါး ရှိ၏) ဆိုတဲ့ အစွဲ တွေဟာ စွဲနေကြတယ် မဟုတ်လား။ ဒါကို "ဒိဋ္ဌိစွဲ" လို့ ခေါ်တယ်။

ဒီလို စွဲနေကြတဲ့အတွက် နောက်ဆုံး သေတဲ့အခါမှာ အပါယ် လေးပါးထဲကို ကျဉ်းမှာဘဲ မဟုတ်လား။ ဒီအစွဲကို ဘယ်သူက ဆွဲထားသလဲဆိုတော့ သဿတဒိဋ္ဌိကြီးက ဆွဲထားတယ်။

အဲ့ဒါကြောင့် ဒီလဘက်ရေ ပုဂံလေးကို ညဏ်အမြင်မှာ သုဉ်းဆိတ်သွားအောင် လုပ်ရမယ်။ ဒါမှသာလျှင် အနတ္တခါတ်ကို လာတွေ့မယ် မဟုတ်လား။

ဒီလဘက်ရေပုဂံမသုဥ်းဆိတ်ရင် ပညတ်ပေါ်လာမှာဘဲ။ ပညတ်ပေါ်လာတာနဲ့တပြိုင်နက် အစွဲ၄-ချက်ဟာ လာပြီးဆွဲတော့မယ်။ ဒီအစွဲ ထွက်လာတာနဲ့ နောက်ဆုံး သဿတဒိဋ္ဌိကြီးဟာ ပေါ်လာတော့မယ်။

## အကြောင်းတရား လေးပါး

၁။ **ဥတုပစ္စယအကြောင်း**၊ ဥတုသဘော သန္တတိလောကကြီး၌ ထင်ရှား ပေါ်ထွက် လာတဲ့ သဘောကို ခေါ်သည်။

၂။ **အာဟာရ ပစ္စယ အကြောင်း**၊ အာဟာရ အကြောင်း သန္တတိလောကကြီးသို့ ပို့ဆောင် ထောက်ပန့် ပေးခြင်း သဘောကို ခေါ်သည်။

၃။ **စိတ္တပစ္စယအကြောင်း**၊ စိတ္တသဘော၊ ဆက်စပ် ပေးခြင်း သဘောကို ခေါ်သည်။

၄။ **ကမ္မပစ္စယအကြောင်း**၊ ကမ္မသဘော ပြုပြင်ခြင်း သဘောတရားကို ခေါ်သည်။

ဒီ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးတို့ဟာ **ခြေထောက်** အနေနဲ့ သန္တတိ လောကကြီးမှာ ထောက်နေတယ်။

ဓါတ်ကြီး လေးပါးတို့ဟာ အကြောင်းတရား လေးပါးတို့နဲ့ ကင်းပြီး မထွက်ပေါ်နိုင်ပါ။ ရုပ်လောကကြီးကို ကျမ်းကျေလာမှ အနတ္တတရားကို တွေ့မယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလို့ ခေါ်တဲ့ အကြောင်းတရား လေးပါးတို့ရဲ့ ထောက်ပန့် ကျေးဇူးပြုပုံတွေကို နားလည်ရမယ်။

**ဟေတုအကြောင်း ပစ္စယ အကြောင်း** ဘယ်အရာဝတ္ထု မဆို ဒီအကြောင်းတရားနဲ့ ကင်းပြီး သန္တတိလောကကြီးမှာ ပေါ်ထွက်လာခြင်း မရှိပါ။ ဒီအကြောင်းတရား ၄-ပါး ပြုပြင်မှ သာလျှင် သန္တတိ လောကကြီးမှာ ပေါ်လို့ ရပါတယ်။ (ဥပမာ) သစ်ပင် တပင်မှာကို ဒီအကြောင်း တရား ၄-ပါးဟာ ဘယ်အနေနဲ့ ပါလာသလဲ ဆိုတာကို အရင်ရှာကြည့်ပါ။

ဒီတော့ ဥပမာ ငှက်ပြောပင် တပင်မှာဘဲရှာကြည့်ရင် **ဥတုက ဟောတု** အကြောင်း အနေနဲ့ သခ်ိတ လောကကြီးမှာ ပေါ်ထွက်နေကြတယ်။ ကျန်တဲ့ **ကံ၊ စိတ်၊ အာဟာရ**တို့က ပစ္စယအကြောင်း အနေနဲ့ ပါနေကြတယ်။ ဥတုက ဟေတုအကြောင်းဆိုတာ သခ်ိတ လောကကြီးမှာ ထင်ထင်ရှားရှား ပေါ်ထွက်နေတာကိုခေါ်တယ်။ ဒါက ဟေတုအကြောင်းပါ။

အာဟာရ ပစ္စယ အကြောင်း ကြတော့ နေ့စဉ်နှင့် အမျှ ရေလောင်းပေး၊ မြေဩဇာချနဲ့ လုပ်နေတာကိုယူ။ ဒါက ပစ္စယ အကြောင်း။ နောက် စိတ္တပစ္စယ အကြောင်းကြတော့ စိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဝိညာဏ်ကို ယူရပါတယ်။ သူ့မှာ စိုက်ကထဲကိုက ဒီသစ်ပင်လေးဟာ ရှင်သန်ပါစေ ဆိုတဲ့ စိတ်ဆန္ဒနဲ့ စိုက်ပျိုးတာ ဖြစ်ခြင်းကြောင့် သူ့ရဲ့စိတ်ဝိညာဏ်ကို ယူပါ။ ဒါက စိတ္တ ပစ္စယ အကြောင်း။

နောက် ကမ္မပစ္စယကြတော့ ဒီငှက်ပြောပင်ကသီးလာတဲ့ အသီးတွေကို ကံရှိတဲ့ ပုဂ္ဂိုလ် တွေဟာ အဆင်သင့် သုံးဆောင် နေကြတာဘဲ မဟုတ်လား။ အဲဒါ သုံးဆောင်တဲ့ ပုဂ္ဂိုလ်ရဲ့ကံကို ယူပါ။ ဒါက ကမ္မပစ္စယအကြောင်း။ ဥတုက ဟေတုအကြောင်း ဖြစ်လာတာနဲ့ ကျန်တဲ့ ၃-ပါးကပစ္စယ အကြောင်း အနေနဲ့ နောက်က လိုက်စမြဲပါ။

**ကမ္ဘာဦးအခါက** ဒီ ကံ၊ စိတ်၊ အာဟာရ တို့ကလဲ သူတို့မှာ လိုက်ပြီး ထောက်ပေးနေရတာဟာ ထင်ရှားပါတယ်။ ကမ္ဘာဦး အခါက ဗြဟ္မာကြီး တွေဟာ လူ့ပြည် ဆင်းလာကြပြီး အဲဒါမြေဆီတွေကို စားနေ ကြတယ်။ နောက် မြေဆီတွေ ကုန်သွားတဲ့အခါကြတော့ ပဒါလတာ ဆိုတဲ့ နွယ်ကို စားကြရတယ်။ သူတို့မှာ မီးတွေ ဘာတွေ မထွန်းရပါ။ အဲဒါ ကိုယ်ရဲ့အရောင်အဝါတွေကြောင့် မီးမထွန်းရဘူး။ အဲဒီ အချိန်က ဆိုရင် နေတို့ လတို့ မရှိကြသေးပါ။

ဒါနဲ့ တဖြေးဖြေး **ပတာလတာ** ဆိုတဲ့ နွယ်လဲ့ကုန်ရော၊ သလေး စပါးများကို ယူပြီးတော့ **သလေးဆံကို** စားကြရတယ်။ အဲဒီအခါ ကြတော့ ကာမရာဂ စိတ်တွေဟာ တဖြေးဖြေး ထကြွ လာကြပြီး မှိုဝဲလာကြတယ်။ အဲဒီ အခါ သူတို့ရဲ့ ကိုယ်ရောင် ကိုယ်ဝါတွေ ပျောက်ကုန်ကြ တော့တယ်။ ဒီအခါကြတော့ လောကကြီးဟာ မှောင်လာတော့တယ်။

အဲဒီလို မှောင်လာတော့မှ သူတို့ဟာ နေ့လတို့ကို တောင့်တ ကြတယ်။ အဲဒီလို ကမ္ဘာဦးသူတို့ရဲ့ တောင့်တချက်ဟာ ပြင်းပြင်း ထန်ထန်နဲ့ တောင့်တတဲ့အတွက် တပေါင်းလပြည့်နေ့မှာ နေမင်း လမင်း တို့ဟာ ပေါ်လာကြတယ်။ အဲဒီ နေမင်းကြီးဟာလဲ ဥတု သဘော ရုပ်တုံးကြီးဘဲ မဟုတ်လား။ အဲဒါသိတ ဥတု၊ ဥဏှဥတုမှာ ဥဏှဥတုအနေနဲ့ ဖြစ်လာတယ်။ လမင်းကြီး ကြတော့ သီတဥတု အနေနဲ့ ဖြစ်ပေါ်လာတယ်။ ဒါက ဟေတုအကြောင်း။ (ပစ္စယ အကြောင်းကြတော့ ကံ၊စိတ်၊ အာဟာရတို့က ပစ္စယ အကြောင်း အနေနဲ့ ပါလာကြတယ်)။

ဒီတော့ သင်္ခတလောကကြီးမှာ တခုခု ပေါ်တော့မယ် ဆိုရင် **ဓါတ်တပါးက၊ ဟေတု အကြောင်း အနေနဲ့** ပေါ်ပေး ရတယ်။ **ကျန်တဲ့ဓါတ်သုံးပါးက၊ ပစ္စယအကြောင်းအနေနဲ့** နောက်က အမြဲ ပါလာကြတယ်။ ဥပမာ လဘက်ရေ ပုဂံလေးမှာဘဲ ကံ-စိတ်-ဥတု အာဟာရတို့ဟာ ဘယ်အနေနဲ့ ပါလာကြသလဲဆိုရင်....

အခု ပေါ်နေတဲ့ လဘက်ရေပုဂံလေးဟာ ဥတု အကြောင်းဘဲ မဟုတ်လား။ ဒါက ဟေတု အနေနဲ့ ပေါ်နေတယ်။ ကျန်တဲ့ သုံးပါးက ပစ္စယအနေနဲ့ ပေါင်းပေးရတယ်။ ဒီတော့ လဘက်ရေ ပုဂံထဲမှာ စိတ်နဲ့ကံဟာ ဘယ်အနေနဲ့ ပါသလဲဆိုရင် ဒီလဘက်ရေ ပုဂံကို လုပ်တဲ့ပုဂ္ဂိုလ်ဟာ စိတ်ဝိညာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်က ပြုလုပ် လိုက်တာ ဖြစ်ခြင်းကြောင့် သူ့ရဲ့ စိတ်ဝိညာဏ်ကို ယူရပါတယ်။

နောက် ကံကြတော့ အခု သုံးဆောင်နေတဲ့ ပုဂ္ဂိုလ် တွေရဲ့ ကံကို ယူရပါတယ်။ အဲဒီလို တခုက ပေါ်မယ် ဆိုတာနဲ့ ကျန်တဲ့ သုံးပါးကလဲ ပေါင်းဆုံ ညီညွတ် ကြရတယ်။ ဒါမှ သာလျှင် သစ်တလောကကြီးမှာ "လဘက်ရေပုံဂံဘဲ၊ ထွေးခံဘဲ၊ ကျောင်းဘဲ၊ အိမ်ဘဲ" စသည်ဖြင့် ပေါ်လို့ရတာပါ။

အဲဒီလို ပေါ်နေ တာက **ဟေတု** အကြောင်း။ ပေါင်းဆုံ ညီညွတ်ပြီး၊ နောက်က လိုက်ထောက်ခံနေ တာက **ပစ္စယ** အကြောင်းလို့ ခေါ်တယ်။ ဓါတ်ကြီး လေးပါး ရှိနေတာနဲ့ အကြောင်းတရား လေးပါးဟာလဲ ရှိစမြဲဘဲ။ ဒီအကြောင်း တရား လေးပါး ရှိမှသာလျှင် သစ်တလောကကြီးမှာ ပေါ်လို့ ရတာ။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ် ကြီးက "သင်္ခါရ"လို့ ဟောတော်မူတာ မဟုတ်လား။ နောက်ဆုံး ပြုပြင်တဲ့သဘောမှန်ရင် သင်္ခါရချည်းဘဲ၊ အကြောင်းတရား လေးပါးက ရုပ်ကို ဖြစ်စေနိုင် တယ်လို့ သင်္ဂြိုဟ်ကျမ်းလေးမှာ ပြထားတယ်။

— ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ၊
စတ္တာရိ ရူပသမုဋ္ဌာနာနိနာမ။

ကမ္မံ၊ ကံသည်၎င်း။ စိတ္တံ၊ စိတ်သည်၎င်း။ ဥတု၊ ဥတုသည်၎င်း အာဟာရောစ၊ အာဟာရသည်၎င်း၊ ဣတိ၊ ဤသို့။ စတ္တာရိ၊ ၄-ပါး ကုန်သော အကြောင်းတရားတို့သည်။ ရူပသမုဋ္ဌာနာနိနာမ၊ ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားတို့ မည်ကုန်၏....လို့ ပြထား တော်မူတယ်။

ဒီတော့ ရုပ်ကိုဖွဲ့တဲ့အခါမှာ **ဥတုက ဟေတုအကြောင်းထားပြီး** ကျန်တဲ့ **ကံ စိတ် အာဟာရ** တို့က **ပစ္စယ အကြောင်း** အနေနဲ့ ဖွဲ့ရမယ်လို့ ပြောခဲ့ပြီ။ နောက် **ကံကို ဟေတု** အကြောင်းထားပြီး ကျန်တဲ့ **စိတ်-ဥတု အာဟာရ** တို့က **ပစ္စယ** အကြောင်း ထားပြီး ရှင်းပြဦးမယ်။

ဒီတော့ တေမိ မင်းရဲ့ ဇာတ်တော်ကြီးကိုပြန်ကြည့်ပါ။ တိုတို ပြောရရင် နောက်ဆုံး တေမိမင်းကို သတ်မလို့ သုဿာန် ထုတ်လာ ခဲ့တဲ့အခါမှာ၊ တေမိမင်းဟာ စကားပြောလာတဲ့အတွက် မသတ် သေးဘဲ၊ သူ့ရဲ့ မယ်တော် ခမည်းတော်တွေကို ပြန်ပြီး အခေါ် လွှတ်တယ် မဟုတ်လား။

ဒီတော့ တေမိ မင်းဟာ သူ့ရဲ့မယ်တော် ခမည်းတော်တွေကို တရားဟောမလို့ ကြံလိုက်တာနဲ့ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတင်းလာတယ်။"လူ့ပြည်မှုခင်းဘယ်အချင်းကြောင့် မြကျောက်ဖျာတင်းသလဲ?လို့"လူ့ပြည်ကိုကြည့်လိုက်တဲ့အခါမှာ-

တေမိ မင်းရဲ့ စိတ်အကြံတွေကို သွားပြီးတွေ့တယ်၊ ဒီအခါကြ တော့မှ ဝိသကြုံနတ်သားကိုခေါ်ပြီးတရားဟောဘို့ကျောင်းသင်္ခမ်း အဖန်ဆင်းခိုက်လိုက်တယ် မဟုတ်လား၊ အဲဒါ တေမိ မင်းရဲ့ ဘုန်းကံကြောင့် ဖြစ်လာတာဘဲ မဟုတ်လား၊ အဲဒါက ဟေတု အကြောင်းပါ။

ဒီတော့ ကမ္မပစ္စယ အကြောင်းတခုထဲနဲ့ ကိုင်တွယ်လို့မရ သေးဘူး၊ နောက် ဝိသကြုံနတ်သားရဲ့စိတ်ကြောင့် ပေါ်လာတယ်၊ ဝါ၊ ဖန်ဆင်း လိုက်တယ်။ အဲဒါ မျက်စိနဲ့ မြင်ရပြီ။ သို့သော် ကိုင်တွယ်လို့ မရသေးဘဲ၊(နောက် အာဟာရတို့ ဥတုတို့ကလဲ ပစ္စယ အကြောင်းအနေနဲ့ ဝင်လိုက်ရော၊ အဲဒါ အလိုရှိသလို နေလို့ ရလာပြီ မဟုတ်လား။

အဲဒီလို "**ကံကို**" ဟေတု အကြောင်းထားပြီးကျန်တဲ့"**စိတ်၊ ဥတု အာဟာရ**" တို့က **ပစ္စယ အကြောင်း** အနေနဲ့ ဝင်လာ ကြတယ်၊ **ဓါတ်ကြီး ( ၄ )** ပါးကို ရုပ်ဖွဲ့ရင် အကြောင်းတရား ( ၄ ) ပါးက ခြေထောက်အနေနဲ့ပါလာရတယ်၊ ပညတ် ၄-ပါး(ဝါ)ဓါတ်ငယ် ၄-ပါးက ဦးခေါင်း အနေနဲ့ သွင်းရပါတယ်။ အဲဒီက နေပြီးမှ **သင်္ခတ လောကကြီး** ထူထောင်လာကြတယ်။

ဓါတ်ကြီး ၄-ပါးကို သုဉ်းဆိတ် သွားအောင် (ဝါ) အနတ္တ သဘာဝရောက်အောင်ချေရမယ်။ ချေမယ်ဆိုရင်....

ဓါတ်ကြီး ၄-ပါးရဲ့ သဘာဝ အနတ္တကို မသိရင် (ဝါ) ဒီဓါတ်ကြီး ၄-ပါး ရှိနေ သေးရင် အကြောင်း တရား ၄-ပါးတို့၊ ဓါတ်ငယ် ၄-ပါး၊ ပညတ်၄-ပါးတို့ဟာ ရှိနေကြဦးမှာဘဲ မဟုတ်လား။ ဓါတ်ကြီးလေးပါးကိုချေရမယ်။ ဒီဓါတ်ကြီး၄-ပါး ပေါင်းနေ တာကို မပေါင်းအောင် (ဝါ) တပါးစီ တပါးစီ ဖြစ်အောင် လုပ်တာကို နာမရူပ ပရိစ္ဆေဒညာဏ်လို့ ခေါ်တယ်။

နောက်....တပါးစီဖြစ်နေတဲ့ ဓါတ်တွေကို ချေနိုင်တာက ပစ္စယ ပရိဂ္ဂဟညာဏ်လို့ ခေါ်တယ်။

ဒီ ဉာဏ်တွေကို အပိုင်သိမ်းနိုင်ရင် ကာလ (၃) ပါး ရုပ်နာမ်၊ သမ္မသနညာဏ်စဉ်ကနေပြီး ဉဒယဗ္ဗယညာဏ်ကြီးကို ရောက်သွားရင် စူဠသောတာပန် ဖြစ်သွားပြီ။

ဒီတော့(နိယတဂတိကော၊စူဠသောတပန္နောနာမဟောတိ)လို့ ဆိုတဲ့အတိုင်း၊ဘုရားမြဲဘီ၊တရားမြဲဘီ၊သံဃာမြဲဘီ၊ လားရာဂတိမြဲဘီ အပါယ် ၄-ဘုံကို မကျရောက်တော့ပါ။

အဲဒါနိဗ္ဗာနဓါတ်ကို၊ တနေ့မှာ သေသေချာချာ ရတော့မှာ ဘဲလို့ စိတ်ချရဘီ၊ မဟုတ်လား။

ကဲ....ကနေ့အဘို့ တော်လောက်ပါဘီ၊ သာဓုခေါ်ကြတော့....

" သာဓု—သာဓု—သာဓု "

## ဝါဆိုလဆုပ် (၃) ရက်နေ့ ဟောစဉ်

### သမူဟာဃန "အပေါင်းအစု"ဟု ခေါ်သောအပိုင်း

**ဝဏ္ဏဓါတ်—** အကြည်ဓါတ်ကို ထင်စေတတ်သော သဘော။

**ရသဓါတ်—** ပွားစီးစေတတ်သော သဘော။

**ဂန္ဓဓါတ် —** ပို့ဆောင်စေတတ်သော သဘော။

**ဩဇာဓါတ်-** ပြန့်နှံ့တည်စေတတ်သော သဘော။

(၁) ပထဝီဓါတ်မှ ဝဏ္ဏ သဘော ပေါ်ထွက်လာသည်။

(၂) အာပေါဓါတ်မှ ရသ သဘော ပေါ်ထွက်လာသည်။

(၃) ဝါယောဓါတ်မှ ဂန္ဓ သဘော ပေါ်ထွက်လာသည်။

(၄) တေဇောဓါတ်မှဩဇာသဘောပေါ်ထွက်လာသည်။

### မှူလေးပါး

(၁) ရုထရေမှူ၊ရထားလှည်းဘီးတို့၌ ကပ်သောမှူ၊ပထဝီဓါတ် ပြဋ္ဌာန်းသည်။

(၂) တစ္ဆာရေမှူ၊ရထားရေမှူ့အောက်ငယ်သောမှူ၊အာပေါ ဓါတ် ပြဋ္ဌာန်းသည်။

(၃) အဏုမှူ၊ နေရောင်ခြည်တွင် မြင်တွေ့ရသောမှူ၊ ဝါယော ဓါတ် ပြဋ္ဌာန်းသည်။

(၄) ပရမာအဏုမှူ၊ မမြင်နိုင်လောက်အောင် သေးငယ်သော မှူမှုံကိုခေါ်သည်။ဒိဗ္ဗစက္ခုအရာဖြစ်သည်၊ တေဇောဓါတ် ပြဋ္ဌာန်းသည်။

## အာကာသ ( ၃ ) မျိုး

(၁) ပဋိစ္ဆိန္နာကာသ၊ ရုပ်ကလာပ်တို့၏ မရောယှက်အောင် ပိုင်းခြားခြင်း။
(၂) အဇဋာကာသ၊ မိုးကောင်းကင်ကို ခေါ်သည်။
(၃) ကသိဏုဂ္ဃါဋိမကာသ၊ ကသိုဏ်း ပညတ် တို့၏ မရော မယှက် ပိုင်းခြားခြင်းကို ခေါ်သည်။

ဒီတော့ ဓါတ်ကြီးလေးပါး ရှိတယ်ဆိုရင်ဘဲ အကြောင်းတရား လေးပါး ထွက်ရတော့မယ်။ အကြောင်းတရားလေးပါး ထွက်လာ တာနဲ့ ပညတ်လေးပါးဟာ ထွက်လာပြီး ဓါတ်ကြီး လေးပါးဟာ ရောတည်တဲ့ရုပ်ပါ။ ဓါတ်ငယ် လေးပါးဟာ အရောင်ဓါတ်လို့ ခေါ်တယ်။

ဒီဓါတ်ကြီး လေးပါးနဲ့ ပေါင်းတဲ့ ဟာကို ကလာပ်စည်းလို့ ခေါ်ပါတယ်။ အဲဒါကို အဓိပ္ပါယ် ပေါက်အောင် ပြောရရင် အပေါင်းအစုလို့ ခေါ်သော အစိုင်အခဲ သမူဟ ဃန ဖြစ်တယ်။ အဲဒါဟာ **သင်္ခတလောကလေး** တခုပါဘဲ။

ဒီဓါတ်ကြီးလေးပါး ဓါတ်ငယ် လေးပါးကို အဝိနိဗ္ဘောဂရုပ် (ဝါ) ခွဲခြားလို့ မရသော ရုပ်လို့လဲ ခေါ်တယ်။ (တနည်း) အဋ္ဌကလပ် ရုပ်လို့လဲ ခေါ်တယ်။ အဲဒီဟာကို နဲနဲလေး ပြောပြအုန်းမယ်။ **ခွဲခြားလို့ ရတယ်၊ ခွဲခြားလို့ မရဘူး** ၂-မျိုး ထွက်လာတယ်။

**ခွဲခြားလို့ မရဘူး** ဆိုတာ အဲဒါ သင်္ခတ လောက ကြီးဟာ ဒီဓါတ်ကြီး ၈-ပါး ပေါင်းမှ ပေါ်ရတာ ဖြစ်ခြင်းကြောင့် ခွဲလို့ မရဘူးလို့ ဆိုတယ်။ **ခွဲခြားလို့ ရတယ်** ဆိုတာက ဝိပဿနာ ပညာနဲ့ ဓါတ် ၈-ပါးကို တပါးစီတပါးစီ ခွဲပြီးမှ အနတ္တ ဓါတ်ကို ရတာဖြစ်ခြင်းကြောင့် **ပညာနှင့် ခွဲရတယ်လို့** ဆိုတာပါ။

ဒီတော့ ဒီ ဂ-ပါးရဲ့ သဘာဝ လေးတွေကို အသီး အသီး ခွဲခြားပြီး မြင်လာရင် **ပရမတ်** ရုပ်ကို မြင်တာပါဘဲ။ စာတတ်တဲ့ ပုဂ္ဂိုလ်တွေက **'ခွဲမရဘူး၊ အဝိနိဗ္ဘောဂရုပ်'** ဆိုပြီးမှတ်ထားကြတယ်။ အဲဒါ သခ်တ လောကကြီးမှာ မပေါင်းရင် မပေါ်ထွက် နိုင်တဲ့ အတွက် ခွဲလို့ မရတာပါ။

(တနည်း) တခုကိုတခု အကြောင်းပြုပြီး ပေါ်ရတာ ဖြစ်ခြင်း ကြောင့် ခွဲလို့မရတာပါ။ ခွဲရတယ်ဆိုတာက ပညာနဲ့ ဆင်ခြင်ပြီး တခုသော ပထဝီဓါတ်တလုံးလေးကို တွေ့အောင် ဆင်ခြင်ရမယ်။ အာပေါ၊ ဝါယော၊ တေဇော ဓါတ်တို့ကိုလည်း တခုစီ ခွဲခြားပြီး ဆင်ခြင်ရမယ်။

အဲဒီလို ခွဲခြားနိုင်တာကို "**ပညာ**"လို့ ပြောတာ။ နောက်ဆုံး ဘာကို လိုချင်လို့လဲ ဆိုရင် **အနတ္တဓါတ်ကို** လိုချင်လို့ ခွဲတာဘဲ မဟုတ်လား။' ဒီလိုသာ ပေါင်းနေရင် ဘယ်မှာ အနတ္တ ဓါတ်ကို တွေ့မလဲ။ အခု ခွဲရမယ် ဆိုတာ အနတ္တ ဓါတ်ကို မြင်အောင်လို့ ခွဲရမယ်လို့ ပြောတာပါ။ **ခွဲခြားလို့ ရတယ် ဆိုတာက ပညာရဲ့ သဘော၊ ခွဲခြားလို့ မရဘူးထိုတာက သညာ, ဝိညာဏ် သဘော။** သဘာဝလေးတွေ ကွာခြားလာပြီ မဟုတ်လား။

**(သခ်တ လောကကြီးမှာက သညာ ဝိညာဏ် ပြဌာန်းတယ်။ အသခ်တ နယ်မှာက ပညာ ပြဌာန်းတယ်)။**

ဓါတ်လေးပါး (ဝါ) ကလပ်လေး တစည်း။ (ဝါ) ကလလ ရေကြည်လေး ဖြစ်လာ တာနဲ့ အကြောင်း တရား လေးပါးက ခြေထောက်လေး အနေနဲ့ ပါလာတော့တယ်။ ပညတ်လေးပါးက ဦးခေါင်း အနေနဲ့ ပေါ်လာတော့တယ်။

အဲဒီကနေပြီး သခ်တ လောကကြီးကို ထူထောင် လာကြတော့ တယ်။ အဲဒါ သခ်တလောကကြီးမှာ အကောင်ကြီး ဖြစ်လာအောင် လုပ်ကြ တော့တယ်။ ရုပ်စပြီး တည်တာဟာ ဓါတ်ရှစ်ပါးကို

မူထားပြီးတော့ တည်လာကြတယ်။ အသက် မရှိတဲ့ အဝိညာဏက၊ အသက်ရှိတဲ့ သဝိညာဏကတို့ မှာလဲ့ အားလုံး ဒီအတိုင်းပါဘဲ။ ပြင့်ဘန်းတဲ့ဟာသာလျှင် ကွာခြားကြပါတယ်။

အဲဒါ မြူမှုန်လေးက နေပြီးတော့မှ အစိုင်အခဲကြီးတွေ ဖြစ်လာကြတယ် မဟုတ်လား။ သခ်ဲတလောကကြီးမှာ ပဌမစပြီး တည်တဲ့ ရုပ်ကို ပြောပါ ဆိုရင် အဲ့ဒါ ဓါတ်ရှစ်ပါးက စပြီး တည်တာဘဲ မဟုတ်လား။

အဲဒီ ဓါတ်ရှစ်ပါး တည်လာတာနဲ့ ခြေထောက် အနေနဲ့ အကြောင်းတရားလေးပါးက လိုက်လာကြတယ်။ နောက် ပညတ် တရားတွေဟာ ဘယ်လို ဖြစ်လာသလဲဆိုရင် ဒီဟာတွေကို ဆက်စပ် ပေးတာက သန္တတိ ပညတ်လို့ ခေါ်တယ်။ ဒီဓါတ်ရှစ်ပါးတို့ ပေါင်းစု နေကြတာ ကြတော့ သမူဟ ပညတ်လို့ ခေါ်တယ်။ နောက်သဏ္ဍာနပညတ်ကြတော့ ဓါတ်(၈)ပါးတို့ရဲ့တည်နိုင်အောင် ပြုလုပ်ပေးနေတဲ့ သဘောပါ။ နာမပညတ်ကြတော့ အဲ့ဒါ အမည် အမျိုးမျိုး ဖြစ်လာကြပြီ။

အဲဒီ ပညတ် လေးပါးကို ဦးခေါင်းလို့ ခေါ်တယ်။ (၁၀) ယူရပါတယ်။ ဓါတ်ရှစ်ပါးရဲ့ အရွယ်အစား ပမာဏကို ပြောပါလို့ ဆိုရင် အဲ့ဒါ သူ့မှာ သဘာဝလေး မျှသာ ရှိနေ သေးတယ်။ မျက်စိနဲ့ တွေ့ကောင်းတဲ့ အရာ မဟုတ်ပါဘူး။ အဲဒီကနေ စပြီး ရုပ်လောကကြီးဟာ တည်ထောင်လာတာပါ။ အဲဒါ အကြောင်း တရားတို့ ပညတ်တရား တို့ဟာ တပါတည်း ပါလာကြ ပါတယ်။

အဲ့ဒီက နေပြီးတော့မှ သခ်ဲတ လောကကြီးမှာ ပေါ်လာကြ ပါတယ်။ အဘိဓမ္မာနည်း ဆိုတာဟာ ဒီရုပ်ရှစ်ပါးကို မူတည်ပြီး အကြောင်း တရားတို့ ပညတ် တရားတို့နဲ့ ပေါင်းစပ် ပြီးတော့ အကျယ် ချဲ့ပြီး ပြတာကို အဘိဓမ္မာ နည်းလို့ ခေါ်တာပါ။ ဝိပဿနာနည်း ကြတော့ ဒီရုပ် ၈-ပါးလေး ကိုဘဲ မူထားပြီး

တဖြည်းဖြည်းနဲ့ ဒီ ရုပ်ရှစ်ပါးကို ချေသွားပြီး ကျဉ်းလာအောင် လုပ်တာပါ။ နောက်ဆုံးတော့ သုညဆိတ်တဲ့ ဓါတ်၊ သဘာဝ အနတ္တ ဆိုက်သွားအောင် လုပ်တာ ကို "ဝိပဿနာနည်း" လို့ ခေါ်တယ်။

ရုပ်လောကကြီး တည်ထောင် ရမယ် ဆိုရင် ဒီကလပ်လေး တစည်းကို ပွားစီး လာအောင် လုပ်ရ တော့မယ် မဟုတ်လား။ ဒီကလပ် တစည်းက နေပြီး တော့မှ လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်၊ ခွေးကောင်၊ ဝက်ကောင်ကြီးတွေ ဖြစ်လာအောင် လုပ်ရ တော့မယ်။ ကိုင်း.... ဒီတော့ သင်္ခတ လောကကြီးမှာ သဘာဝတခု ပေါ်လာတာ ဘယ်လို — ဘယ်လို ဖြစ်ပြီး ပေါ်လာ တာလဲ။ ဒီကလပ်တစည်းကဘဲ တခြား ကလပ်တစည်းနဲ့ သွားပြီး ပေါင်းရမှာလား။ ဒါမှမဟုတ် တခြား ကလပ် တစီးက လာပြီး ပေါင်းရ မှာလား။ ဒါကို စဉ်းစား ခဲ့ပါ။ နက်ဖြန် ကြမှ ဆက်ဟောမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု—သာဓု—သာဓု "**

→ ၀ ←

## ဝါဆိုလပြည့်ကျော် (၄)ရက်နေ့ ဟောစဉ်

**ရုပ်ကလာပ ပွားစီးပုံ။** ကိုင်း-ရုပ်တွေဟာ ဘယ်လိုပွားစီးသလဲ?။ ဒီတော့ (သင်္ခါရာ) ကံ၊ စိတ်၊ ဥ၊ ဟာ၊ ကြောင်းလေးဖြာတို့ ပေါင်း၍ ပွဲငြား၊ သင်္ခါရ တရားတို့သည်လို့ ပြထားတဲ့အတိုင်း၊ ဥဘုသင်္ခါရအရ ရုပ်ကို ဖြစ်စေ နိုင်တယ် လို့ ဘုရား ရှင် ကိုယ်တော်မြတ် ကြီး ဟောကြား တော် မူခဲ့တယ်။ (ဥပမာ) နေမင်းကြီး ထွက်လာတယ် ဆိုရင်ဘဲ အပူနဲ့ ယှဉ်တဲ့ ရုပ်လေးတွေဟာ ပွားစီးလာပါတယ်။

ဒီတော့ သတ္တဝါတို့ရဲ့ ကံကောင်းတယ်၊ မကောင်းဘူးဆိုတာ ပကတိ စိတ်ဓါတ်ပေါ် မူတည်ပါတယ်။ လောဘ၊ ဒေါသ၊မောဟ၊ မာနတို့ လွှမ်းမိုးတဲ့ အချိန်မှာ ကံများဟာ မကောင်းပါ။ ကုသိုလ်တရား တိုးပွားသော ကာလမှာ ကံကောင်းကြ ပေတယ်။

**လူ့သက်တန်း။** ဒီတော့ မျက်မြင် အားဖြင့် သတ္တဝါ တို့မှာ ဒုစရိုက် အားကောင်းနေလို့မို့ အသက်တန်း ဆုတ်ယုတ်ပါတယ်။ အဲဒါကြောင့် လူတို့ရဲ့သက်တန်းဟာတခါတရံ အတော် အသင့် ဆုတ်ပြီး၊ တခါတရံ မှာလဲ အတော် များများ ဆုတ်ပါတယ်။ အဲဒါကြောင့် ယခု လူတို့၏ အသက်တန်းသည် အနှစ် (၁၀၀) တန်းဟု ဆိုသော်လဲ (၇၅)နှစ် သာလျှင် ရှိပါတော့တယ်။

**နတ် သက်တန်း။** စတုမဟာရာဇ် ကာန် အရ အထက် ဘုံ၌ တည်သော စတုမဟာရာဇ် နတ်များ၏ အသက်တန်းမှာ လူတို့၏ တွက်ကိန်းဖြင့် နှစ်ပေါင်း (၅၀၀) တည်း။ လူ့ပြည်မှာ အနှစ် (၅၀) သည် ထိုစတုမဟာရာဇ် နတ်ပြည်၌ တနေ့ တညဥ့်နှင့် ညီမျှပါတယ်။ ထိုကဲ့သို့ နေ့ညဥ့်ပေါင်း ၃၀-လျှင် တလ။ လပေါင်း (၁၂)လသည် တနှစ်။ ထိုကဲ့သို့ နှစ်မျိုး (၅၀၀)သည် စတုမဟာရာဇ်နတ်ဘုံ၏ သက်တန်းနှင့် ညီမျှတယ်။

ဤတွက်ကိန်းကို ၄-ဆ တက်လျှင် အနှစ် ၂-ထောင် ဖြစ်၏။ တာဝတိံသာ၌ နေ့တာ ညတာသည် စတုမဟာရာဇ်ထက် ၂-ဆ ရှည်သောကြောင့် တာဝတိံသာ တွက်ကိန်းဖြင့် တွက်ရလျှင် အနှစ် တထောင်သာ ရှည်သည်။ လူ့ပြည်၌ အနှစ် (၁၀၀) သည် တာဝတိံသာ၌ တနေ့ တညဥ့် ဟူ၍မှတ်။ ဒါကြောင့် အထက် နတ်ပြည်များလဲ ဤနည်းအတိုင်းယူပါ။

ဒီတော့ လူ့ပြည်၌ အနှစ်(၂၀၀)သည် ယာမာ၌ တနေ့တညဥ့် တည်း။ လူ့ပြည်၌ အနှစ် (၄၀၀)သည် တုသိတာ၌ တနေ့တညဥ့် တည်း။ လူ့ပြည်၌ အနှစ်(၈၀၀)သည် နိမ္မာနရတိ၌ တနေ့တညဥ့် တည်း။ လူ့ပြည်၌ အနှစ်(၁၆၀၀) သည် ပရိနိမ္မိတဝသဝတ္တီ၌ တနေ့ တညဥ့်တည်း။

**မှတ်ချက်။** ။ ဤသို့နေ့တာ ညတာသည် ၂-ဆစီ ကွာနေပုံကိုလဲ သတိပြုပါ။

ဗြဟ္မာတို့ သက်တန်းမှာ ပဉ္စမစျာန် ၃-ဘုံသည် ကမ္ဘာပျက်သည့် အခါတိုင်း မလွတ်သောကြောင့် မဟာကပ် တခုလုံး ပြည့်အောင် မတည်နိုင်ပါ။ အဲဒါကြောင့် ပဉ္စမစျာန် ဗြဟ္မာ တို့၏ အသက်ကို မဟာကပ်ဖြင့် မရေတွက်ဘဲ မဟာကပ်၏ ၄-ပုံတပုံ ဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက် ရပါတယ်။

အဲဒါကြောင့် ဗြဟ္မာတို့၏ အလွန်ဆုံး နေနိုင်သော အသက်တန်းသည် ကမ္ဘာတဝက် (သို့မဟုတ်) ပျက်ခါနီးမှရောက်သွားလျှင် ၎င်းဘုံ၌ သတ်မှတ် ထားသော သက်တန်း မစေ့ခင် စုတေကြရသည်။

ကိုင်း.... ဒီတော့ ရုပ်တွေဟာ ဘယ်လို ပွားစီးကြမလဲ။ ကံ၊ စိတ် ဥတု၊ အာဟာရက ဘယ်လို ပြုပြင်သလဲ ဆိုရင် ဥတုက ဟေတု အကြောင်းအနေနဲ့ ပေါ်မယ်ဆိုတာနဲ့ ကံ၊ စိတ်၊ အာဟာရတို့က ပစ္စယ အကြောင်းအနေနဲ့ လိုက်ကြရတယ်။

(ဥပမာ) သစ်ပင်မှာဆိုရင် ဥတုက ဟေတုအကြောင်းဖြစ်တယ်။ ကျန်တဲ့ ကံ၊ စိတ်၊ အာဟာရ တို့က ပစ္စယ အကြောင်း အနေနဲ့လဲ ဝင်လိုက်ရော၊ အဲဒါ အသီးတွေ အပွင့်တွေ ဖြစ်လာ ကြတယ်။ ဒါကြောင့် သင်္ဂြိုဟ်ကျမ်းက ပြထားတယ်။

ဣစ္စေဝံ၊ ဤသို့လျှင်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို။ ဥပါဒါယ၊ အစပြု၍။ ကမ္မ သမုဋ္ဌာနာ၊ ကံကြောင့် ဖြစ်သော ရုပ်တို့ရင်း။ ဒုတိယ စိတ္တံ၊ ဒုတိယ စိတ်၏ ဥပါဒ်ခဏကို။ ဥပါဒါယ၊ အစပြု၍။ စိတ္တဇ သမုဋ္ဌာနာ၊ စိတ်ကြောင့် ဖြစ်သော ရုပ်တို့ရင်း။ ဋ္ဌိတိကာလံ၊ ဋ္ဌီကာလကို။ ဥပါဒါယ၊ အစပြု၍။ ဥတု သမုဋ္ဌာနာ၊ ဥတုကြောင့် ဖြစ်သော ရုပ်တို့ရင်း။ ဩဇာဖရဏံ၊ ဩဇာ၏ ပျံ့နှံ့ရာ အခါကို။ ဥပါဒါယ၊ အစပြု၍။ အာဟာရ သမုဋ္ဌာနာ၊ အာဟာရ ကြောင့် ဖြစ်သော ရုပ်တို့ရင်း။

ဣတိ၊ ဤသို့။ စတု သမုဋ္ဌာန၊ လေးပါးသော အကြောင်း တို့ကြောင့် ဖြစ်သော။ ရူပကလာပသန္တတိ၊ ရုပ်ကလာပ် တို့၏ ဖြစ်စဉ်သည်။ ကာမလောကေ၊ ကာမလောက၌။ ဒီပဇာလာဝိယ၊ ဆီမီးလျှံတို့ ကဲ့သို့။ နဒီသောတောဝိယ၊ မြစ်ရေအယဉ် ကဲ့သို့။ ယာဝတာယုကံ၊ အကြွင်မျှလောက် အသက်ရှည် သမျှ ကာလ ပတ်လုံး။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မစဲ တဖွဲဖွဲ။ ပဝတ္တတိ၊ ဖြစ်၏....လို့ ပြထားတော် မူတယ်။

ဒီတော့ သင်္ဂြိုဟ်ကျမ်းကပြထားတာက(ဥပမာ) ဆီမီးလျှံတို့လိုဘဲ မြစ်ရေယဉ်ကြီးများလိုဘဲတဲ့။ မီးရောင်များဟာ ရှေ့မီးနဲ့ နောက်မီး မတူသော်လဲ သူတို့မှာ လျှင်မြန်တဲ့ သန္တတိလေး တွေကြောင့် မီးလျှံဟာအဆက်မပြတ်ဖြစ်နေတယ်လို့ထင်နေရတယ်မဟုတ်လား။

အဲဒီလို ကလပ်လေး တွေဟာ ပွားစီးလာ ကြတယ်။ ဒီတော့ ကလပ်လေးတွေ ပွားစီး လာကြတာဟာ (၃၆)စိတ် အထိ။ အဲဒါ ငရမာ အဏုမြူလို့ ခေါ်တယ်။ နောက်တခါ (၁၄၄)စီး အထိ ကိုတော့ ရထရေဏုမြူလို့ ခေါ်တယ်။

ထို့ထက် များလာတဲ့ ကလပ်စည်းလေးတွေ ကြတော့ အဲဒါ “ဃန” လို့ ခေါ်တယ်။ ထိုကလပ်လေး တခုခုရဲ့ အကြားမှာ အာကာသဟာ အမြဲတန်း ခြားစီး ထားတယ်။ အဲဒီလို ရုပ်လေး တွေဟာ (ဝါ) ကလာပ်စီးလေးတွေဟာ ပွားစီးပြီး ဖြစ်ပေါ်လာ ကြတော့တယ်။

အခု ဆရာတော် ဟောသွားတာက ရုပ်လောကရဲ့ ပွားစီးပုံပါ၊ ဒီအကြောင်းကို နောက်ရက်မှာဘဲ ဆက်ဟောမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့....။

**“ သာဓု....သာဓု....သာဓု.... ”**

ဝါဆိုလပြည့်ကျော် (၅) ရက်နေ့ ဟောစဉ်

## (သင်နည်း၊ မှတ်ချက်)

(၁) ခဏယ် (၃) ချက်သည်၊ စိတ္တက္ခဏ တချက်မည်၏။

(၂) စိတ္တက္ခဏ တချက်ကို၊ နာမ်တရား တို့၏ အသက်ဟု ခေါ်သည်။

(၃) နာမ်တရားတို့၏အသက်ပေါင်း(၁၇)ချက်ကို ရုပ်တရားတို့၏ အသက်ဟု ခေါ်သည်။ ရုပ်တရားတို့၏အသက်ကို ခဏယ်ဖြင့် တွက်သော် ခဏယ်ပေါင်း (၅၁) ချက် ဖြစ်၏။

(၄) ထိုခဏယ် (၅၁) ချက်ကို၊ ဥပါဒ်, ဋ္ဌီ, ဘင်, ခွဲသော် ဥပါဒ်သည် အစ တချက် ဖြစ်၏။ ဘင်သည် အဆုံး တချက်သာ ဖြစ်၍၊ ဋ္ဌီသည်ကား (၄၉) ချက် ဖြစ်၏။

ဤကဲ့သို့လျှင် ဋ္ဌီသည်၊ ခဏဋ္ဌီ၊ သန္တတိဋ္ဌီ၊ ပဗန္ဓဋ္ဌီ ဟူ၍ သုံးမျိုး ရှိရာ၊ ၎င်းတို့ ထောက်ပံ့မှုကြောင့် (၄၉) ချက်သော ဋ္ဌီအားဖြင့် ရုပ်ဓါတ်ကြီးတို့ ပွားစီး ရလေသည်။

**ရုပ်တို့ ပွားစီးပုံ။** ကိုင်း.... မနေ့က ဟောပြောခဲ့တာက ရုပ်တို့ရဲ့ ဖြစ်ကိန်း (ဝါ) ရုပ်တို့ရဲ့ ပွားစီး ကိန်းလို့ ခေါ်တယ်။ ရုပ်တို့ရဲ့ ပျက်ကိန်းကြတော့။ (ဥပမာ) ဒီလဘက်ရေ ပုဂံလေးဟာ ဖြစ်ကိန်းလား၊ ပျက်ကိန်းလားလို့ မေးရင်၊ ဘယ်လို ပြောမလဲ။ အဲဒါ ပျက်ကိန်းထဲ ရောက်နေပြီလို့ ပြောရမယ်။ ဒီပျက်ကိန်းဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတို့မထောက်ပံ့ တော့တဲ့ အတွက် ပျက်ကိန်း ဖြစ်လာရတယ်။ ဒီတော့ ဘာကြောင့် ဖြစ်သလဲ၊ ဘာကြောင့် ပျက်သလဲ။ ဒါတွေကို ဖေါ်ပြမှ လူတို့ရဲ့ ဖြစ်ကိန်း ပျက်ကိန်းကို လာတွေ့မယ် မဟုတ်လား။

ဒီတော့ အရင်က ပြောခဲ့တဲ့ **တေဇော** ခါတ်ဟာ **ထက်** တယ်၊ နုန့်တယ် ဆိုပြီး ပြလာတယ် မဟုတ်လား။ အဲဒါဟာ အကြောင်းတရား လေးပါးက အစဉ် ထောက်ပံ့ နေရင်၊ ထက်တယ် (ဝါ) ဖြစ်ကိန်း ဖြစ်လာတယ်။ အကြောင်း တရား လေးပါးက မထောက်ပံ့ရင် နုန့်တယ်၊ (ဝါ) ပျက်ကိန်း ဖြစ်လာတယ်။ ဒါဟာ **အကြမ်းသိ**ဘဲ ရှိသေးတယ်။ ရုပ်တို့ တိုးပွားအောင်သာ အကြောင်းတရား လေးပါးတို့က ထောက်ပံ့ပေးရတယ်။ ရုပ်တို့ မတိုးပွားဘူးဆိုတာဟာ ဒီအကြောင်း တရား လေးပါးတို့ မထောက်ပံ့တဲ့အတွက်ကြောင့်ပါ။ ဒီလိုမှတ်ထားပါ။

ကိုင်း.... ဒီတော့ဥတုအကြောင်းတခုကိုဘဲ ထုတ်ပြပါအုန်းမယ်။ ဒီတော့ အဘိဓမ္မာက ပရမတ် အနေနဲ့ ပြတဲ့ အခါမှာ စိတ္တက္ခဏ တချက်ဟာ သုညလေး "သုံးလုံး" ဖြစ်တယ်။ သုညလေး သုံးလုံးပေါင်းလိုက်မှ စိတ္တက္ခဏ လို့ပြတယ်၊ **စိတ္တက္ခဏ**တချက်ဟာ, နာမ်တရားတို့ရဲ့ အသက်လို့ ခေါ်တယ်။ ခဏငယ်လေး ၃ ချက်ကို အမည်ပေးတဲ့အခါမှာ ဥပါဒ်,ဌီဘင်,လို့ အမည်ပေးတယ်။

ခဏငယ်လေး ၃-ချက်ဟာ နာမ်တရားတို့ရဲ့ အသက် "ဥပါဒ်" ဖြစ်တယ်၊ဌီဟာ ပျက်မည့်သဘောသို့ ရှေ့ရှုထင်နေတဲ့သဘောလို့ ခေါ်တယ်၊ ဘင်,ကြတော့ ပျက်သွားတဲ့သဘောလို့ ခေါ်တယ်။ ဒီတော့ ရုပါရုံတခုကိုမြင်လိုက်တဲ့အခါမှာ ဒီ"မြင်"ဆိုတဲ့သဘာဝကို ဝိထိချပုံ ပြန်ကြည့်လိုက်ပါ။

အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ, ဝုဋ္ဌော,ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်,ဆိုပြီး,ဝိထိ စိတ်ချရပါတယ်၊ စိတ္တခဏ ( ၁၇-ချက် ) လဲ့စေ့ရော၊ ခဏငယ်လေး(၅၁-ချက်)ရလာပါတယ်။

ဒီတော့ နာမ်တရားတို့ရဲ့ အသက်ဟာ ပဌမ အစ တချက်နဲ့ အဆုံးတချက်သည် နာမ်တရားတို့ရဲ့ အသက်ပါ၊ ကျန်တဲ့အလယ်က ခဏငယ် ၄၉ ချက်သည် ရုပ်တို့ရဲ့အသက်ဘဲ၊ (ဝါ) ရုပ်တို့ရဲ့ (ဌီ) လို့ခေါ်တယ်၊ အဲဒါကြောင့် အရင်က ပြောခဲ့တဲ့ တေဇောဟာ သီတတေဇော ဥဏှတေဇောဆိုပြီး ပြောခဲ့တယ် မဟုတ်လား။

ဒီတော့ ဒီတေဇောဆိုတဲ့ ဥတုဇရုပ်လေးဟာ ဌီကာလမှာဖြစ်နိုင်ပါတယ်။ ကံ-စိတ်-ဥတု-အာဟာရ တို့ဟာလဲ ဌီကာလမှသာ ရုပ်ကို ဖြစ်နိုင်ပါတယ်၊ အဲ့ဒီ ဌီကို ခဏဌီလို့ ခေါ်ပါတယ်၊ **ဥတု** က **ဟေတု** အကြောင်းဖြစ်လာရင်ဘဲ **ကံ စိတ် အဟာရ**တို့က **ပစ္စယ**အကြောင်း အနေနဲ့ ၃-ပါးရဲ့ ဗျာပါရလေးကြောင့် ဌီကာလမှာ ရုပ်တို့ကို ပွားစီးလာနိုင်ကြတယ်။

ဥပမာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တိတ္ထိတို့ကို နှိမ်နင်းရင်း တံခိုးပြာဋိဟာတို့ကိုပြခါနီးမှာ သရက်သီးကို ဘုဉ်းပေးပြီး သရက်စေ့ကို စိုက်လိုက်တဲ့ အခါမှာ တခါထဲနဲ့ ၄-၅ တောင်လောက် ထွန်တုံးပမာဏ မြင့်လာတယ် မဟုတ်လား။

အဲဒါ ကမ္မပစ္စယ အကြောင်း၊ စိတ္တပစ္စယ အကြောင်း၊ အာဟာရပစ္စယ အ ကြောင်း တို့ကြောင့်၊ ဟေတု အကြောင်းကြီး ဆိုတဲ့ (သရက်ပင်)ဖြစ်လာတာဘဲ မဟုတ်လား၊ အဲဒီဟာကို **ခဏဌီ** လို့ ခေါ်တယ်၊ အဲဒီကနေမှ ရုပ်တွေဟာ ပွားစီးလာကြတယ်။

နောက်တခါ ဒီဘက်က သန္တတိဌီ တို့၊ ပဗန္ဓဌီ တို့ကလဲ ဝင်ရ အုန်းမယ်၊ **သန္တတိဌီ** ဆိုတာ ရုပ်တွေကိုအဆက်မပြတ်အောင် လုပ်ပေးနေတာ၊ အဲဒါ စက်ယန္တယားကြီးလိုဖြစ်နေတယ်။

ပဗန္ဓဌီကြတော့ ရုပ်တွေဟာ မြစ်ရေအယဉ်ကြီးမျှားစီးနေသလို ဖြစ်လာပါတယ်၊ အဲဒီလိုဝင်လိုက်တော့မှ ရုပ်တွေဟာ ပွားစီးလာကြတယ်၊ ကိုင်း....ရုပ်တို့ရဲ့ ပွားစီးပုံကိုတော့ ပြလိုက်ပြီ။

နောက် ရုပ်တို့ရဲ့ ပျက်ပုံကြတော့ (ဌီသဘော) မရှိတော့ပါ။ အဲဒါ ဌီမရှိတဲ့ အတွက်ကြောင့် ဥပါဒ် နှင့် ဘင်ကိုသာ သုံးသွားတော့မယ်။ ရုပ်တွေဟာ ပျက်ကိန်းထဲကိုတခါထဲကျသွားပြီ၊ သူ့မှာ အကြောင်းတရား ၄ ပါး ပြုပြင်တာ မရှိတော့ပါ၊ အဲဒါပျက်ကိန်းထဲ ကျသွားပြီ။

ဒီတော့ ဘယ်လို ပျက်သလဲ။ ဖရိုဖရဲနဲ့ ပျက်သလား ဆိုတာကို နက်ဖြန်ကျမှ ရှင်းပြတော့မှယ်။ ဒီတော့ ဒီနေရာမှာ ဉတုရဲ့ဖြစ်ကိန်း ပျက်ကိန်းကို နားလည်ရမယ်။ရှေ့ကျရင် စိတ်ရဲ့ဖြစ်ကိန်း ပျက်ကိန်း လာအုန်းမယ်။ ကံရဲ့ ဖြစ်ကိန်း ပျက်ကိန်း ကြတော့ ဥဒယဗ္ဗယ ဉာဏ်ကြီးရောက်လာတဲ့အခါမှာ ထင်ရှားလာပါလိမ့်မယ်။

ဒီတော့ တကယ့်ကို ကံ-ကံ၏ အကျိုးတရား တွေကို ယုံကြည် လာရင်၊ သဘော ပေါက်လာရင် သောတာပန် ဖြစ်တာပါဘဲ။ **ကံရဲ့ရေသောက်မြစ်ဟာ** ဒိဋ္ဌိပါ။ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိ မပြုတ်သေးသမျှ ကာလပါတ်လုံး လူနတ် ဗြဟ္မာတွေ ဖြစ်နေ ကြတာဘဲ မဟုတ်လား။ (၃၁)ဘုံဆိုတာ ဒီဒိဋ္ဌိကြောင့် ဖြစ်လာ ကြတာပါ။

ဒီတော့ ကံဟာ ဘယ်ကဖြစ်လာသလဲ၊ ဒိဋ္ဌိက ဖြစ်လာတယ်။ ဒီဒိဋ္ဌိဟာ ဘယ်ကဖြစ်လာသလဲ့၊ ပညတ်က ဖြစ်လာတယ်။ ပညတ် ဘယ်က ဖြစ်သလဲ၊ သညာ-ဝိညာဏ်က ဖြစ်လာကြတယ်။ ဒိဋ္ဌိဆိုတာ "အစွဲအယူ"လို့ ခေါ်တယ်။ "အစွဲ" ဆိုရင် သူ့မှာ ကောင်းတဲ့ ကုသိုလ်ကံကိုလဲ့ (စွဲ)မှာဘဲ။ မကောင်းတဲ့ အကုသိုလ်ကံကိုလဲ (စွဲ)မှာဘဲ။

ဒီတော့ ပရမတ် သဘာဝ အနတ္တဓါတ်ကိုမတွေ့သမျှ ဒိဋ္ဌိစွဲကြီး တွေဟာ ကြီးပွားနေကြတာဘဲ။ ဒီတော့ **ပရမတ်သဘာဝ အနတ္တ သညလေးကို** မြင်သွားရင် အဲဒါ တန်ဘိုးရှိလာပြီ။

ဒီတော့ အခု (၃၁)ဘုံကြီးထဲမှာ လည်နေကြ တာဟာ ဒိဋ္ဌိ တွေကြောင့် လည်နေတာဘဲ မဟုတ်လား။ ဒီဒိဋ္ဌိ ပြုတ်မှ သာလျှင် (၃၁)ဘုံကြီးက ထွက်နိုင်တော့မယ်။

ကိုင်း.... သာဓု ခေါ်ကြပါ။

**'သာဓု — သာဓု — သာဓု"**

## ဝါဆိုလပြည့်ကျော် (၆)ရက်နေ့ ဟောစဉ်

**ရုပ်ကလာပ ချေဖျက်ပုံ။** ကိုင်း.... ရုပ်လောကကြီး ထူထောင်လာတာကို နားလည်ရင်၊ ဒီရုပ်ကြီးကို ဖျက်ချရတော့မယ်။ (ဥပမာ) ဒီရုပ်ကို (ဝါ) ဒီလဘက်ရေပုဂံကို ဖျက်လိုက်တဲ့ အတွက် ဘယ်အကျိုးတရားတွေ ပေါ်လာ သလဲ**?**။ ဒီအကျိုးတရားတွေ ပေါ်လာ တာကို နားလည် ရမယ်။ ဒီလို အကျိုးတရားတွေ ပေါ်လာတာကိုမှ မတွေ့ရင် အဲဒါ ဖျက်တယ် ဆိုတာ **လူမိုက်**ဖျက်**ကြီး** ဖြစ်နေမှာပေါ့။

ကိုင်း.... ဒီတော့ **ပရမတ် ဆိုတဲ့ စကားနဲ့ ရုပ်နာမ် ဆိုတဲ့ စကားဟာ ဘယ်လို ကွာခြား သလဲ?**။ ဒီတော့ ရုပ်-နာမ်ဟာ ဘယ်က ဖြစ်လာသလဲ**?**။ နောက် ပရမတ်ဟာလဲ ဘယ်ကဖြစ်လာ သလဲ**?**။ အဲဒီလို လိုက်စစ်ရမယ်။ ဒီတော့ နောက်ဆုံးမှာ ဒိဋ္ဌိကြီးကို လာတွေ့မယ် မဟုတ်လား။ ဒီဟာကို တွေ့အောင်လို့ မြူတွေနဲ့ အခွဲခိုင်း၊ အချေခိုင်းတာပါ။

**ဒိဋ္ဌိစွဲဆိုတာ။** ဒီတော့ ဒိဋ္ဌိဆိုတာ **ဘယ်ဟာကို ခေါ်သလဲ?**။ အစွဲကို ခေါ်တယ်။ အစွဲ ဆိုတာ ဒါန၊ သီလ တွေကို လုပ်နေ ကြတာသည် ပင်လျင် ၂၉-ပါးသော ကံထဲကိုချ၊ နောက်ဆုံး ဘယ်သူက ခိုင်းတာလဲ ဆိုရင် ဒိဋ္ဌိက ခိုင်းတာဘဲ မဟုတ်လား။ အဲဒီ ဒိဋ္ဌိဆိုတာကတော့ သူ့မှာ ကုသိုလ်လဲ စွဲမှာဘဲ၊ အကုသိုလ်လဲ စွဲမှာဘဲ။ ဒါကြောင့် သညာဝိညာဏ်နယ်ထဲမှာ ရှိတဲ့ ပုဂ္ဂိုလ်တွေမှန်ရင် ကုသိုလ်လဲ လုပ်မှာဘဲ၊ အကုသိုလ်လဲ လုပ်မှာဘဲ။

အဲဒါ ဘယ်သူက ခိုင်းတာလဲ၊ ဒိဋ္ဌိက ခိုင်းတာဘဲ မဟုတ်လား။ ကိုင်း.... ဒီတော့ သင်တန်းနည်း ပေးလိုတာက ဒီလဘက်ရေ ပုဂံကို ခွဲရင် မြူ လေးပါးနှင့် ခွဲရတော့မယ်။ ဒီတော့ ဒီဟာကိုခွဲခိုင်းတာက ဘာကို တွေ့အောင်လို့လဲဆိုရင် နာမသဏ္ဌာန်ပျောက်ပြီး “စွဲနေတဲ့ အစွဲ” ကျွတ်အောင်လို့ အခွဲခိုင်းတာပါ။

နောက်ဆုံး ပြောရရင် ဒိဋ္ဌိစွဲ ပြုတ်အောင်လို့ ခွဲခိုင်းတာပါ။ အခု အန္တပုထုဇဉ်တွေမှာ ဒီနာမနဲ့ သဏ္ဌာနဟာ အမြဲရှိနေကြတယ် မဟုတ်လား။ ဒီနာမနဲ့ သဏ္ဌာနထဲ မှာဘဲ ပရိယတ် သမားတွေ ဟာလဲ ခုခံနေကြတယ်။ ဒီနာမနဲ့ သဏ္ဌာနပျောက်သွားအောင်လို့ မြူလေးပါးနဲ့ ခွဲပါလို့ ဟောကြားတော်မူခဲ့တာပါ။

အဲဒီလို မြူလေးပါးနဲ့ ခွဲလိုက်ရော နောက်ဆုံး ပရမာအဏုမြူကို ရောက်မယ်။ အဲဒီကြတော့ မျက်စိနဲ့ ကြည့်လို့ မမြင်တော့ပါ။ အဲဒီလို မမြင်ရတော့ အရင် မြူလေးပါးနဲ့ မခွဲခင်က ရှိနေတဲ့ နာမနဲ့ သဏ္ဌာနဟာ ဘယ်ရောက်သွားသလဲ။ အဲဒါကို ရှာရမယ်။ ဒီနာမနဲ့ သဏ္ဌာနဟာ မြူလေးပါးနဲ့လဲ ခွဲလိုက်ရော၊ အဲဒါမပေါ် နိုင်တော့ပါ။

**နာမနှင့် သဏ္ဌာန်။**
**သညာနှင့်ဝိညာဉ်။**

ဒီနာမနဲ့ သဏ္ဌာန်ဟာ သညာ ဝိညာဉ်ရဲ့ အမှတ်လေးဘဲမဟုတ်လား။ နာမကသညာ အမှတ်။ သဏ္ဌာနက ဝိညာဉ်ရဲ့ အမှတ်ပါ (သဏ္ဌာန်ဆိုတာ ဝိညာဉ်က လုပ်ကြံတဲ့ သဘောလေးဘဲ) ဆိုတာကို တွေ့လာတော့မယ်။ ဒါကို **ဓါတ်ကြီးလေးပါးကသဏ္ဌာန်** ပေါ်ထွက်လာတယ်။ **ဓါတ်ငယ် လေးပါးက** နာမ ပေါ်ထွက် လာတယ်။ ဒီနေရာမှာ ကျမ်းကြေအောင်ပြောရမယ်။ ကျမ်းမကြေရင် ရှေ့ကို တက်လို့မရပါ။ ဒီနေရာမှာအကျိုးတရားလေးတွေကိုပြောပြမယ်။

ရုပ်ကိုခွဲရင် နာမ်တရားလေးဟာ ထွက်လာတယ်။ အဲဒါ သညာနာမ်၊ ဝိညာဉ်နာမ် ဆိုပြီး (၂)မျိုး ထွက်လာတယ်။ အရင်က ပြောခဲ့တဲ့ ဟေတု အကြောင်းက ရုပ်သဘော၊ သုံးပါး ပေါင်းတဲ့ ပစ္စယအကြောင်းဟာ နာမ်သဘောပါ။ သမ္မုဟာဃနကြီးဟာ အစက ဘယ်လောက် သေးငယ်သလဲ ဆိုရင် ပဋိသန္ဓေခမ်းကို ထုတ်ပြခဲ့ပြီ မဟုတ်လား။

အဲဒါ သဘာဝလေးမျှလောက်က နေပြီး ဒီဃနကြီး ဖြစ်လာတာပါ။ အဲဒါ ဓါတ် (၈)ပါး သာလျှင် ရှိပါတယ်။ (ဥပမာ) မြင့်မိုရ်တောင်ကြီးကိုဘဲ ကြည့်လိုက်ရင် ကလာပ်လေး တစီးက (ဝါ) ဓါတ်(၈)ပါးလေးက စပြီး တည်လာတာဘဲ မဟုတ်လား။

အဲဒါ ကလာပ်တွေ ပေါင်းပါများလာလို့ (ရှစ်သောင်းလေးထောင်) အမြင့်ဆောင်နေတာဘဲ မဟုတ်လား။ ပထမဦးဆုံး ကလာပ်လေးတစီး ( ဝါ ) ဓါတ် ၈-ပါးလေးက စပြီး ဖြစ်ပေါ်လာတာဘဲ မဟုတ်လား။ အဲဒီလို ကလာပ် တခုနဲ့တခု ပေါင်းတဲ့ အခါမှာ ကလာပ် တစီးစီးရဲ့ ခြားထဲမှာ ပရိစ္ဆေဒ္ဒာကာသ ဆိုတဲ့ အာကာသ ခြားဆီးနေကြတယ်။

ကလာပ် တခုမှာ အာကာသ တခု ရှိတယ်။ ဒါမှ သာလျှင် ဒီကလာပ်တွေ များလာမှ **ဃန** ဆိုတဲ့ **ပုဂံ** လေးဟာ ပေါ်လာလို့ ရတယ် မဟုတ်လား။ ဒီဃနကြီး ထင်ရှား ရှိနေတဲ့အတွက် နာမနဲ့ သဏ္ဍာနဟာ ထွက်လာ တာဘဲ မဟုတ်လား။ အဲဒီလို ထွက်လာတာနဲ့ သညာဝိညာဉ်ကြီးက ဒီနာမနဲ့ သဏ္ဍာနကို အနှစ်အသား အနေနဲ့ ဆွဲကိုင်ထားလိုက်ပြီ။

(ဥပမာ) လဘက်ရေပုဂံ ၂-လုံးကို အတူ ယှဉ်ပြီး ချထားရင် "ဟိုပုဂံက" ကောင်းတယ်၊ "ဒီပုဂံက" မကောင်းဘူးနဲ့ လုပ်နေအုံးမှာဘဲ မဟုတ်လား။ အဲဒါကို မြူနဲ့ကြည့်လိုက်ရင် ဟိုဘက်ပုဂံကလဲ ရုပ် ၈ - ပါး၊ ဒီဘက် ပုဂံကလဲ ရုပ် ၈ - ပါး ကလာပ် တစီးဘဲ မဟုတ်လား။

**မြူ ၄-ပါး ခွဲစိတ်ပုံ**

ဒီတော့ နာမနဲ့ သဏ္ဍာနဟာ ဘယ်မှာ ရှိသလဲဆိုရင် ဒီ**ဃန**ကြီး မှာ ရှိတယ်ဆိုတာ အန္ဓတွေက တထစ်ကြ မှတ်ထားပြီ မဟုတ်လား၊ အဲဒါဟာ သညာဝိဉာဏ်နယ်ကြီးကဖြစ်ပေါ်လာတာပါ၊ ဒီနာမနဲ့သဏ္ဍာနပညတ်တို့ သဉ်းဆိတ်သွားအောင်လို့ ဘယ်လိုလုပ်မလဲဆိုတော့ အဲဒါဒီဃန ကြီးကို မြူ ၄-ပါးနဲ့ချေရမယ်။

အဲဒါ ဒီဃနကြီးကို ချေလိုက်တဲ့အခါမှာ အာကာသတွေရှိနေတဲ့ နေရာမှန်ရင် အားလုံးကွဲမှာဘဲ၊ ကိုင်း....ဒီဃနကြီးကို ခွဲပြီး တစိတ်, ကိုယူ အဲဒီဟာလေးကို **ရထရေမှု** လို့ ခေါ်တယ်။

ဒီ မှုလေးရှိနေသေးရင် မျက်စိနဲ့လဲ မြင်နိုင်သေးတယ်၊ လက်နဲ့ စမ်းသပ်လို့လဲ ရသေးတယ်၊ ဒီလို စမ်းသတ်လို့ ရနေသေးရင် နာမနဲ့ သဏ္ဍာနဟာ ပေါ်အုန်းမှာဘဲ မဟုတ်လား၊ အဲဒီ ရထရေမှုကို ၃၆-စိတ် ထပ်ပြီးစိတ်ပါအုန်း၊ ၃၅-စိတ်ကိုပယ် တစိတ်ကိုယူ အဲဒီကျန်တဲ့ တစိတ်သည် **တဇ္ဇာရေမှု** လို့ ခေါ်တယ်။

**တဇ္ဇာရေမှု**

ဒီမှုကလဲ မျက်စိနဲ့ ကြည့်လို့ မြင်နေသေးတဲ့အတွက် နာမနဲ့ သဏ္ဍာနဟာ ပေါ်အုန်းမှာဘဲ မဟုတ်လား၊ နောက်တခါ တဇ္ဇာရေမှုကိုဘဲ ၃၆-စိတ် ထပ်ပြီး စိတ်လိုက်ပါဦး၊ စိတ်ပြီးတော့ ရှေ့နည်းအတိုင်း ၃၅-စိတ်ကို ပယ်လိုက်၊ တစိတ်ကို ယူထား၊ အဲ့ဒီ တစိတ်ကို **အဏုမှု** လို့ ခေါ်တယ်။

ဒီ မှုကြတော့ အလွန် သေးငယ် သွားပြီ၊ သူ့ကို မီးရောင် နေရောင်နဲ့ ကြည့်မှသာလျှင် မြင်နိုင်တော့တယ်၊ (တနည်း) ဒီဂရီ ၅၀၀-အားရှိတဲ့ မှန်ဘီလူးနဲ့ ကြည့်မှသာလျှင် မြင်နိုင်တော့တယ်။ ဒီလို ကြည့်လို့မြင်နေသေးရင် နာမနဲ့ သဏ္ဍာန ပေါ်အုန်းမှာဘဲ မဟုတ်လား၊ ဒီတော့တခါ အဏုမှုကိုဘဲ ၃၆-စိတ် ထပ်ပြီးတော့ စိတ်ပါအုန်း၊ ၃၅-စိတ်ကို ပယ်၊ တစိတ်ကိုယူ အဲဒီ တစိတ်သည် **ပရမာဏုမှု** လို့ ခေါ်တယ်၊ သူ့ကြတော့ ဘယ်လို ကြည့်လို့မှ မမြင်နိုင်တော့ပါ၊ အသေးငယ်ဆုံးဖြစ်သွားပြီ၊ ဒါကိုပရမာဏုမှုလို့ ခေါ်တယ်။

ဒီတော့ သူ့ရဲ့ အရွယ်အစားဟာ ဘယ်လောက်ရှိသလဲဆိုရင် အဲဒါ သဘာဝလေးမျှသာရှိတော့တယ်၊ ဒီ ပရမာ အဏုမှုကြတော့ ပဌမ ဒီဃနကြီးကို စပြီးတည်တဲ့ ဓါတ်(၈)ပါး၊(ဝါ)အဋ္ဌကလာပ် ရုပ်(၈)ပါး, ကလာပ်တစီး, အကြောင်းတရား ၄-ပါး, ပညတ် ၄ ပါးသာ သွားတွေ့တော့တယ်၊ ဒီနေရာကြတော့ အဲဒါ မှုခွဲခမ်း ကုန်သွားပြီ။

ဒီ ရုပ်(၇)ပါး ဖြစ်တဲ့ ကလာပ်လေးတစီးကို ဖျက်မှသာလျှင် နောင်တဖန် ထပ်ပြီးတော့ ဿနဆိုတဲ့ အစိုင်အခဲကြီးဟာ မပေါ်တော့မှာ မဟုတ်လား၊ ဒီရုပ်(၇)ပါးဖြစ်တဲ့ ကလာပ်လေးတစီးကိုမှ မဖျက်နိုင်ရင် ဿနဆိုတဲ့ အစိုင်အခဲကြီး ပေါ်ဦးမှာဘဲ မဟုတ်လား။

ဒီ ဿနကြီးပေါ်လာရင် အဲဒါ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်၊ ဒါတွေပေါ်လာတော့မယ် မဟုတ်လား· ဒီရုပ်(၇)ပါးကို ဖျက်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ ဝိပဿနာကို လုပ်တော့မယ်၊ ဒီကလာပ်တစီး ဖြစ်တဲ့ ရုပ်(၇)ပါးကိုမှ ဘယ်လိုဖျက်မလဲ၊ဒီဓါတ်(၇)ပါး သုဉ်းဆိတ်သွားမှ အနတ္တကို လာတွေ့မယ်၊ ဒီ ရုပ်(၇)ပါးကိုမှ မဖျက်နိုင်ရင် အဲဒါ ဿနကြီးပေါ်ပြီး နာမနှင့် သဏ္ဍာန ထွက်ပေါ်ဦးမှာဘဲ။

ဒီတော့ အဲဒီလို နာမနဲ့ သဏ္ဍာနလဲ ပေါ်လိုက်ရော၊ အဲဒါ ဒိဋ္ဌိတွေပေါ်လာတော့မယ်မဟုတ်လား၊ ဒီ ဓါတ်(၇)ပါး ကလာပ်လေးကို ဘယ်လို ဖျက်မလဲ၊ ဒါဟာ **ပညာစခမ်းကို** ရောက်လာပြီ၊ **ဒီ**တော့ ဒီရုပ်(၇)ပါး ကလာပ်လေးတစီးကို ဖျက်လိုက်တဲ့အခါမှာ အဲဒါ ပရမတ်ရုပ် နာမ်ကိုလာတွေ့မယ်၊ ပြီးတော့ အကြောင်းတရားတွေကို လာတွေ့မယ်၊ အဲဒီလို ရုပ်(၇)ပါးဖြစ်တဲ့ ကလာပ်လေးတစီးကို ချေနိုင်သွားရင် ကလျာဏမျက်စေ့ပေါက်လာပြီ၊ ရှေ့ကြတော့၊ ဝိပဿနာရဲ့ဉာဏ်တွေနဲ့ ယထာဘူတ အသိဟာ ဉဒယဗ္ဗယကြီးထိအောင် ပါလာတယ်။

ကိုင်း အာရုံပြုကြတော့....။

ဤသို့ စသည်ဖြင့်ထူးဆန်းနက်နဲ၊ ခက်ခဲလှစွာ၊ ဝိပဿနာခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ် အခန်းခန်းကို၊ ဆန့်တန်းလက်ရုံး၊ သံပတ်ကြိုးလျှက်၊ နှလုံးမတွန့်၊ စိတ်ကြည်ကွန့်လျှက်၊ မဖြစ် မနေ၊ ပင်လယ်ရေတွင်၊ မြောလေသည်သား၊ ရှင့်ငယ်အားကို၊ ကြိုးဝါးရအောင်၊ကြံဆောင် ရှင့်မြတ်၊နတ်**မေခလာ** ၊**ကူ**ပါမတ၊**ငနက္က**သို့၊လုလ္လကြိုးပန်း၊ ပင်လယ်ကမ်းသို့....(လ) ဤဝိသာခါတရားဓါတ်ကြီးကို ယခုဘဝနှင့်ပင်လျှင် ဝဋ္ဋဒုက္ခ၊အဘိဝဋ္ဋဒုက္ခ၊အပဝဋ္ဋဒုက္ခ၊ သဒ္ဓါပညာ အဖြာဖြာဖြင့် ပွားစ, ပွားလည်, ပွားဆုံးတွေကြွယ်အောင် ပင်လယ်ရေစု မြေထုအလားတကယ်တန်း ပွားများနိုင်ကြ အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု....သာဓု... သာဓု....။**

# ပုံစံ နံပါတ်( ၂ )

## ဝါဆိုလပြည့်ကျော်(၇)ရက်နေ့ ဟောစဉ်

**ပရမတ် ၃-မျိုး** ကိုင်း—ဒီတော့ ရုပ် နာမ်ကို ဘယ်လိုရှာမလဲ၊ ယခု တွေ့နေတဲ့ ပရမတ်က၊ သညာသိ သညာမြင် ပရမတ်သာရှိသေးတယ်၊ ယခု ဒီပုံစံက **သညာသိပရမတ်** ဘဲ ရှိသေးတယ်၊ ဒီတော့ "သညာသိမှန်ရင်၊ ပညတ်မှာရှိနေတယ်"လို့ ပြောလာခဲ့တယ် မဟုတ်လား၊ဒီတော့ အန္ဓပုထုဇဉ်တွေက,သာ၊ပညတ်ကို ဆွဲပါတယ်၊ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တွေကြတော့ ဒီ ပညတ်ကို မဆွဲတော့ပါ၊ အဲဒါကြောင့် "သညာသိ ပရမတ်"၊ "ဝိညာဏ်သိ ပရမတ်"၊ " ပညာသိပရမတ် " ဆိုပြီး သုံးမျိုးထွက်လာပါတယ်၊ ကိုင်း ဒီတော့ ပညာသိပရမတ်ကိုဘယ်လိုရှာမလဲ၊ သညာဝိညာဏ်ရဲ့ အလုပ်ကတော့ မြူတွေနဲ့ခွဲစိတ်ပြီး အဲဒါ ပရမာ အဏုမြူအထိသာ လုပ်လို့ ရပါတယ်။

ဒီတော့ ဒီ ပရမာ အဏုမြူကို ပညာနဲ့ ရှုမှသာလျှင်၊ ဒီ ပရမာ အဏုမြူဖြစ်တဲ့ ရုပ်(၈)ပါး ကလာပ်လေးဟာ သဉ်းဆိတ်သွားမယ်၊ ဒါကြောင့် ပညာနဲ့ခွဲစိတ်ရတော့မယ်၊ အဲဒါ ဝိပဿနာရဲ့ အခြေခံ အစ ဖြစ်ပါတယ်၊ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ တရားဟောတော့မယ်ကြံရင် သတ္တဝါတွေရဲ့ စရိုက်ကို အာသယာ နုသယဉာဏ်နဲ့ ကြည့်ပြီးမှ ဟောကြားတော်မူပါတယ်။ ဒီတော့အန္ဓ ပုထုဇဉ်တွေဟာ ဘယ်လောက်တောင် ကြောက်စရာ ကောင်းသလဲ၊ အင်မတန်မှ ကြောက်စရာကောင်းပါတယ်။

ဥပမာ၊ ဘုရားရှင်ဟာ ဘုရားမဖြစ်မီ၊ ပါရမီတော်ကို ဖြည့်ကျင့် နေတဲ့အချိန်အခါမှာ ပဉ္စဝဂ္ဂီ ၅-ဦးတို့နဲ့အတူ ဥရုဝေလတောမှာ အတူတူ ကျင့်နေတဲ့ အချိန်တုန်းကတော့ ရှင်တော် ဂေါတမကို ဝတ်ကြီးဝတ်ငယ်ပြုပြီးနေကြတယ်၊ ဒါဟာ သူတို့အလိုကျနေတော့ ကောင်းနေကြတယ်၊ သူတို့လဲအလိုမကျရော၊ ဘုရားရှင် မသိခင်မှာ ဒီပဉ္စဝဂ္ဂီ ၅-ဦးတို့ဟာ တိတ်တဆိတ် စွန့်ခွာ ထွက်ပြေးကြတယ်

# ပုံစံ နံပါတ် (၂)



မဟုတ်လား၊ ဒါဟာ အန္တတွေဖြစ်နေတဲ့အတွက်ကြောင့်၊မလိုတမျိုး လိုတမျိုးနဲ့ ဖြစ်နေတာဟာ ဘယ်လောက် ကြောက်စရာကောင်း သလဲ၊ဒါကြောင့် ဒီအန္တဘဝကကျွတ်ပြီး ကလျာဏ ဘဝရောက် အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**ပညာသိပရမတ်** ကိုင်း **ပညာသိပရမတ်ကို ဘယ်လိုရှာမလဲ**၊ "တိက္ခ ဟာသ-ဇဝန-ဂမ္ဘီ၊ဉာဏ်လေးလီဖြင့်၊အခွန်ကိုခွါ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတွေ့နိုင်မှ၊ သဘာဝ အနတ္တ ဉာဏ်၊ ထင်မြင်နိုင်သည်၏ အဖြစ်ကိုရင်း " လို့ ဆိုတဲ့အတိုင်း၊ ယခု ဒီနေရာမှာ ၎င်းဉာဏ်တွေနဲ့ ညှစ်ထုတ်ရတော့မယ်၊ ပညာရဲ့ သဘာဝတွေကို ထုတ်ရတော့မယ်၊ဒီနေရာမှာ သညာဝိဉာဏ်ကပ်လို့ မရတော့ပါ။ ပညာအနေနဲ့သာ ဝင်လို့ရပါတော့တယ်။ ကိုင်း.... ဒီတော့ မှူလေးပါးနဲ့ ခွဲထားတဲ့ သညာသိ ပရမတ်လေးကို မြင်အောင် ကြည့်ပါအုန်း။ ဒါကိုမြင်မှ အလွယ်တကူနဲ့ ဝင်လို့ ရမယ်။

ဒီတော့ ပထဝီ ဓါတ်ဟာ (ပထဝီ ဓါတု၊ ကက္ခဠတ္တလက္ခဏာ) ပထဝီဓါတု၊ ပထဝီဓါတ်သည်။ ကက္ခဠတ္တလက္ခဏာ၊ ကြမ်းတမ်း ခက်ထရော်ခြင်း လက္ခဏာရှိ၏။ ဒီတော့ ကြမ်းတမ်းခက်ထရော်တယ် ဆိုတာဟာ ဘယ်သူက ပြောတာလဲ။ (ဥပမာ) လဘက်ရေပုဂံ လေးကို လက်နဲ့ စမ်းသပ်လိုက်တဲ့အခါမှာ မာတယ်လို့ပြောတယ်။ ဒါဟာ သညာရဲ့ အမှတ်လေးက မာတယ်လို့ ပြောလာတာ မဟုတ်လား။

ဒီတော့.... (ပထဝီဓါတုံ၊ ကာယဝိညာဏေန ဂယှတေ)၊ ပထဝီ ဓါတ်ကို ကာယဝိညာဏ်နဲ့ သိရမယ်။ (အာပေါဓါတုံ၊ မနော ဝိညာဏေန ဂယှတေ)၊ အာပေါ ဓါတ်ကို မနော ဝိညာဏ်နဲ့ သိရမယ်။ (ဝါယောဓါတုံ၊ ကာယဝိညာဏေနစ၊ မနောဝိညာဏေ နစ ဂယှတေ)၊ ဝါယောဓါတ်ကို ကာယဝိညာဏ်နဲ့ရော၊ မနော ညာဏ်နဲ့ပါ သိရမယ်တဲ့။

နောက် တေဇောဓါတ် ကြတော့ (တေဇောဓါတုံ၊ ကာယ ဝိညာဏေန ဂယှတေ)၊ တေဇော ဓါတ်ကို ကာယ ဝိညာဏ်နဲ့ သိရမယ်တဲ့။ ကိုင်း.... ဒီတော့ အခု လဘက်ရေပုဂံဆိုတဲ့ **ဃန** အစိုင်အခဲကိုမူလေးပါးနဲ့ ခွဲလိုက်တော့ပရမာအဏုမြူကိုလဲရောက်လာရော မျက်စေ့နဲ့ကြည့်လို့ မမြင်ရတော့ပါ။ ဒီတော့ ဃနကြီး ရှိစဉ်တုံးကတော့ မာတယ်၊ ပူတယ် ဆိုတာကို စမ်းသပ်လို့ ရတယ်။ အခု ပရမာ အဏုမြူကိုလဲ ရောက်လာရော စမ်းသပ်လို့ မရတော့ပါ။ ဒါဖြင့် မာတယ်၊ ပူတယ်ဆိုတာကို ဘာနဲ့ သိရတော့မလဲ ဆိုတော့ အဲဒါ **သညာဝိညာဏ်** ဖြင့်သာ သိရတော့မယ်။

ဒီတော့ ပရမာ အဏုမြူမှာရှိနေတဲ့ ပထဝီဓါတ်လေးဟာ မာတယ် ပြောတယ် ဆိုတာ ပြောလို့ ရသေးသလား။ မရတော့ပါ။ အရင် ဃန ရှိတုန်းကတော့ မာတယ်လို့ ပြောလို့ရတယ်။ အခု ပရမာ အဏုမြူကြတော့ မာတယ်လို့ ပြောလို့ မရတော့ပါ။ ဒီတော့ နာမနဲ့ သဏ္ဍာနပညတ်ကြမ်းကြီးဟာ အကြမ်းနည်းဖြင့် ဇာတ်သိမ်း မသွားဘူးလား။ ဇာတ်သိမ်း သွားပြီ။ ဒီတော့ နာမနဲ့ သဏ္ဍာန ပညတ် ရှိစဉ်တုန်းက ပညတ်အနေနဲ့ ပြောလို့ရပေမဲ့ အခု နာမနဲ့ သဏ္ဍာန ပညတ် တို့လဲ ဇာတ်သိမ်း သွားရော၊ အဲဒါ သစ္စာ ပရမတ်ဟာ ပေါ်လာပြီ။

အချုပ်စကား ပြောရရင်၊ ပညတ် သုဉ်းဆိတ် နေတာသည်ပင် ပရမတ်လို့ ခေါ်တယ်။ ဒါက သညာသိ ပရမတ်ပါ။ ဒီကနေ **ပညာသိ ပရမတ်ကို** တက်ရအုန်းမယ်။ ကိုင်း.... **ဘယ်လိုတက်မလဲ**။ အဲဒါ ရုပ်-နာမ်ကို ရှာရတော့မယ်။ အခု သညာဝိညာဏ် ပရမတ်ကို တွေ့လာရင် (ဝါ) ကလျာဏ မျက်စေ့ ပေါက်လာရင်၊ ဒီပညတ် တရားတွေကို မောင်းထုတ်လာနိုင်ပြီ။

ဒီတော့ အရင်က ဃနကြီး ရှိတုန်းက မှတ်လာခဲ့တဲ့ သညာလေးတွေဟာ အခု ဃနကြီး မရှိသော်လဲ ပရမာ အဏုမြူလေးရောက်လာတော့ ဒီသညာ အမှတ်လေးဟာ ရှိနေ သေးတယ်။ ဒီသညာ အမှတ်လေး ပျောက်သွားမှ ကလျာဏ မျက်စေ့ ပေါက်ပယ်။ ဒီတော့ သညာရဲ့ အမှတ်လေးဟာ ပရမာအဏုမြူထဲမှာ ရှိနေတယ်

**ပရမာဏုမြူဆိုတာ။** ဒီတော့ ဝိပဿနာ တရားကို အားထုတ်မဲ့ ပုဂ္ဂိုလ်ဟာ "ပရမာ အဏုမြူဟာ ဘယ်မှာ ရှိသလဲ ဆိုရင်၊ အဲဒါ သညာထဲမှာဘဲ ရှိနေတာဘဲ မဟုတ်လား"။ ဒါကို သိထားရမယ်။ ဒီသညာရဲ့ ပရမတ်ကို တွေ့မှ သင်္ခတ လောကကြီးကို သိမ်းလို့ရမယ်။

ဒီတော့ သညာကို ထပ်စစ်ရင် အဲဒါ အတိတ်သညာဘဲ မဟုတ်လား။ အဲဒါ ဟိုတုန်းက မှတ်လာခဲ့တဲ့ဟာတွေကို ပြောနေတာဘဲ မဟုတ်လား။ ဒီနေရာမှာ ပရမတ်ကို မြင်လာမှ ရှေ့ကို တက်လို့ ရမယ်။ ဒီနေရာကနေ သင်္ခတ လောကကြီး ထူထောင်မယ် ဆိုရင် "ရုပ်နဲ့ နာမ်"၊ "အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ"တို့ ပေါင်းပြီး ထူထောင်လာတာဘဲ မဟုတ်လား။

ကိုင်း.... ဒီတော့ ဝိပဿနာဘက်က ကြည့်ရင် အဲဒါ သညာ အမှတ်လေးသာလျှင် ရှိတော့တယ်။ ဒီတော့ မာတယ် ပူတယ်လို့ ပြောတာဟာ အဇ္ဈတ္တ အနေနဲ့သာ ရှိတော့တယ်။ အဲဒါ ပရမတ် သညာလေးသာ ရှိတော့တယ်။ ဗဟိဒ္ဓ အနေနဲ့ ကြတော့ အဲဒါ အာရုံသဘော အနေနဲ့သာ ရှိတော့တယ်။ (အဇ္ဈတ္တက သညာ သဘော၊ ဗဟိဒ္ဓဟာ အာရုံသဘော) ဒီသဘာဝတွေကို ဉာဏ်ပညာ ရှိသလောက် ကြံစည် အားထုတ်လာရင် သဘာဝ ဉာဏ်ကြီးဟာ ကျက်စားလာနိုင်ပြီ။ အဲဒီလို သဘာဝဉာဏ်ကြီး ပေါ်လာမှ ရှေ့ကို တက်လို့ ရမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

" သာဓု—သာဓု—သာဓု "



## ဝါဆိုလပြည့်ကျော် (၈)ရက်နေ့ ဟောစဉ်

**အစွဲလေးချက်** ဒီတော့ ဝိပဿနာ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ ခန္ဓာကိုယ်ကြီးမှာ စွဲနေတဲ့ အစွဲကြမ်းကြီးတွေကို အရင်ဖြုတ်ရမယ်။ ဒီအစွဲကြမ်းကြီး တွေဟာ မိမိမှာ ၄-ချက် ရှိနေတယ်။ အစွဲကြမ်းကြီး ၄-ချက် ဆိုတာ ရုပ်သည်-ငါ။ ငါသည်-ရုပ်။ ရုပ်၌-ငါရှိ၏။ ငါ၌-ရုပ်ရှိ၏ ဆိုပြီး (လေးချက်သေ) တုတ်ပြီး စွဲနေကြတယ်။

ရုပ်-နာမ် ရှိတယ်၊ ဆိုတာနဲ့ ဒီအစွဲကြီး ၄-ပါးဟာ ပါလာပြီ ဒီအစွဲကြမ်းကြီး တွေဟာ အပါယ် လေးဘုံရဲ့ ရေသောက်မြစ် တွေပါ။ အတ္တဒိဋ္ဌိကြီးဟာ အင်မတန် ကြမ်းတမ်းတဲ့ အတွက် အတိသြဠာရိကဒိဋ္ဌိလို့ ခေါ်တယ်။ အခု စွဲနေတဲ့ ဒိဋ္ဌိကြီးတွေဟာ ကိုယ့်မှာ မရှိဘူးလို့ ပြောလို့ရမလား။ ဒီအစွဲကြီးတွေဟာ ရှိနေ ကြတယ်။ ဒီအစွဲကြီးတွေ ရှိနေသမျှ ကာလပတ်လုံး တနေ့ အပါယ် လေးပါးကို ကျအုန်းမှာဘဲ ဆိုတာ သေသေချာချာ မှတ်ထားပါ။

အဲဒါကြောင့် ယခု သာသနာနဲ့ လာပြီး တွေ့ကြုံတဲ့ အခါမှာ အစွဲကြမ်းကြီးတွေကို ပြုတ်အောင် ဖြုတ်ကြပါ။ ဒီအစွဲကြမ်းကြီး တွေမှ မဖြုတ်ရင် အဲဒါ သံသရာဝဋ်မြစ်ငုတ်ကြီးဟာ ဘယ်မှာ ကျွတ်တော့ မှာလဲ။ ကိုင်း.... ကိုယ့်ဟာကို ပြန်ပြီး စစ်တမ်း ထုတ်ကြည့်ပါ။ အပါယ်လေးပါးက လွတ်ပြီလားလို့ မေးရင် ဘယ်မှာ လွတ်အုန်းမှာလဲ။ ဘယ်မှာ စိတ်ချရသေးသလဲ။

အပါယ်က မလွတ်သေးဘူးလို့ ပြောရမှာဘဲ မဟုတ်လား။ လူရယ်လို့ ဖြစ်လာကြရင် ပထမဆုံး အပါယ်မှ လွတ်တဲ့ လမ်းကို ရှာရမယ်။ ကိုယ့်ကိုယ်ကို စွဲနေတာသည်ပင် သပိတ်သွတ် မလွတ် သေးဘူးလို့ ပြောတာပါ။ ဒီအစွဲကြမ်းကြီးဟာ ဘယ်လောက်များ စွဲထားသလဲ ဆိုရင် ခန္ဓာကိုယ် ကြီးကို ငါဘဲလို့ စွဲထားတယ် မဟုတ်လား။

ဒီအစွဲကြီး တွေကို ပုံစံမှာ တင်လိုက်တော့ "ရုပ်သည်–ငါ" "ငါသည်–ရုပ်" ဆိုပြီး စွဲနေပြီ မဟုတ်လား။ အဲဒါ အတ္တဒိဋ္ဌိပါ။ "ရုပ်သည်·ငါ" ဆိုရင်၊ တခါ "ငါသည်-ရုပ်" ဆိုပြီး စွဲမှာဘဲ မဟုတ်လား။ ဒီအစွဲကြီး တွေဟာ ယခု သိပ်မထင်ရှားလှ သေးဘူး။ တဦးတဦး ခိုက်ရန်ဒေါသဖြစ်လာရင်ဘဲ ကိုယ့်ရဲ့အစွဲကြမ်းကြီးတွေ ပေါ်လာပြီဘဲ မဟုတ်လား။

ဒီတော့ အန္ဓ ပုထုဇဉ်တို့ရဲ့ စိတ်ထဲမှာလဲ ဒီအစွဲ ကြီးတွေ အမြဲ ရှိနေကြတာဘဲ။ ဒါကြောင့် ရှင်တော်မြတ်က ဒီ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို ဥပမာပြတဲ့ အခါမှာ....

— သတ္တိယာဝိယ၊ ဩမဋ္ဌော၊ ဒယှမာနေ၀, မတ္ထကေ။
သက္ကာယဒိဋ္ဌိ, ပဟာနာယ၊ သတော, ဘိက္ခု,ပရိဗ္ဗဇေ။

(သံယုတ်ပါဠိတော်)

သတ္တိယာ၊ အသွား နှစ်ဘက်၊ မြမြထက်သော၊ ကြီးစွာသော လှံမကြီးဖြင့်။ ဩမဋ္ဌော၊ ရင်ဝ၌စူးဝင်၍ နေသော။ ပုရိသော၊ ယောကျာ်းသည်။ တံ၊ထိုစူးဝင်၍နေသော လှံမကြီးကို။ မုဋ္ဌိတုံ၊ အမြန် ပါယ်နှုပ်ခြင်းငှာ။ အာရဗ္ဘတိဝိယ၊ လွန်စွာ ကြိုးကုတ်၊အားထုတ် အပ်ဘိသကဲ့သို့ရှင်း။

မတ္ထကေ၊ ဦးကျော်ခေါင်းထက်၌။ ဒယှမာနေ၊ အလျှံပြောင်ပြောင်၊ မီးလောင်၍နေသော။ ပုရိသော၊ ယောကျာ်း သည်လည်း။ တံ၊ ထိုလောင်သော မီးကို။ ပဗ္ဗာပေတုံ၊ အမြန် ငြိမ်းစေခြင်းငှာ။ အာရဗ္ဘတိဝိယ၊ လွန်စွာကြိုးကုတ် အားထုတ်အပ်ဘိ သကဲ့သို့ရှင်း။

ဝေမေဝ၊ ဤရင်ဝလှံစူး၊ ဦးကျော်ခေါင်း မီးလောင်၊ ပုဂ္ဂိုလ်အတိုင်း သာလျှင်။ သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ ဖေါက်ပြန် ယူမှား၊ သက္ကာယဒိဋ္ဌိ အစွဲတရားကြီးကို။ ပယာနယ၊ အရိယာ မဂ်ဒါး ဉာဏ်စိန်သွားဖြင့်၊ အမြန် ပါယ်သတ်နိုင်ခြင်းငှာ။ ဘိက္ခု၊ အပါယ်ဝဋ်ဘေး လွတ်မြောက်ရေးကို ကြံတွေးဆင်ခြင်၊ ရဟန်း, ရှင်လူ အပေါင်းသည်။

သတော၊ ဓမ္မစကြာ၊ သစ္စာ လေးချက်၊ ဉာဏ် ဝရဇိန် လက်နက်နှင့် ပြည့်စုံသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ အဖြေ ထွက်နိုင်အောင် ကျင့်ဆောင်ရာ၏။

ဒီလို ရှင်တော်မြတ် ဟောတော်မူခဲ့သည့် အတိုင်း ဥက္ခောင်း မီးလောင်, ရင်ဝ လှံစူးနေတဲ့ ယောကျ်ား တယောက်ဟာ မိမိ ရင်ဝမှာ စူးဝင်နေတဲ့ လှံမကြီး၊ ဥက္ခောင်းမှာ လောင်နေတဲ့မီးကို အမြန်ဆုံး ပယ်နှုတ် ငြိမ်းသပ်ရန် ကြိုးစားသကဲ့သို့ ပုထုဇဉ်တွေမှာ 'စွဲ'နေကြတဲ့ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာဒိဋ္ဌိ တို့ကိုလဲ အမြန် နှုတ်ရန် ကြိုးစားကြလို့ ဟောကြားခဲ့ပါတယ်။

ဒီအစွဲကြီး တွေကို နှုတ်ရမှန်း မသိတဲ့ ပုဂ္ဂိုလ်ကို 'အန္ဓ'လို့ ခေါ်တယ်။ ဒီအစွဲကြီးတွေမှ မနှုတ်ရင် တနေ့ အပါယ်လေးပါးသို့ ကျဦးမှာဘဲ။ "ရုပ်သည်-ငါ"ဆိုတဲ့ အစွဲမှ မမြင်ရင်၊ တခါ ပြန်ပြီး တော့ "ငါသည်-ရုပ်" ဆိုပြီး ထပ်စွဲလာပြန်ပြီ။ ဒါဟာ "အပြင် တုပ်" ခေါ်တယ်။ ဒီလိုလဲ စွဲလာရော "ရုပ်၌-ငါရှိ၏"၊ "ငါ၌-ရုပ်ရှိ၏"လို့ အတွင်းတုပ်ကြီး ထပ်ပြီး တုပ်လာပြန်ပြီ။

ဒီတော့ ခန္ဓာကိုယ်ကြီးမှာ အစွဲ ၄-ချက်ဟာ "အသွား အပြန်" "အတွင်း,အပြင်" အနေနဲ့ တုတ်ထားပြီ၊ ဘယ်လိုလုပ်ပြီး လွတ်နိုင် တော့မှာလဲ၊ ဥပမာ၊ ဝက်ကိုဖမ်းပြီး ခြေတွေ လက်တွေကို ကြိုးနဲ့ တုတ်ပြီးတော့ သားသတ်ရုံ ပို့သလိုပါဘဲ။

အခုလဲ ကိုယ်ရဲ့ခန္ဓာကိုယ်ကြီးကို **အဝိဇ္ဇာ၊တဏှာ၊ကံ၊ဥပါဒါန်** ဆိုတဲ့ ရေသောက်မြစ် ၄ ချက်နဲ့ တုတ်ထားပြီ၊ "အတွင်းတုတ်" "အပြင်တုတ်", "အသွားတုတ်", "အပြန်တုတ်" အစွဲ ၄-ချက်နဲ့လဲ တုတ်ထားပြီ၊ အဲဒါ အပါယ်လေးပါးကို ပို့တော့မယ်၊ ဒီအစွဲ ၄-ချက်ကို ပြုတ်အောင် ဖြုတ်ရမယ်။

ဒီတော့ ငါဟာ ယခု ဝိပဿနာတရားတွေလိုက်၊ ဒါနပြု၊သီလ ဆောက်တည်၊ တရားအားထုတ်နေတာဘဲ၊ အပါယ် ၄-ပါးကို မကျ တော့ဘူးလို့၊ မိမိကို စိတ်ချရပြီလား၊ ဘယ်မှာ စိတ်ချရဦးမှာလဲ ဒီအစွဲကြီးတွေ မပြုတ်သမျှ ကာလပတ်လုံး အလွှ အတန်း တွေကို စကြာဝဠာကြီးနဲ့ အပြည့် လှူသော်လဲ စိတ်မချရသေးပါ၊ တနေ့ အပါယ် ၄-ပါးသို့ ကျဦးမှာဘဲဆိုတာ မှတ်ထားပါ။

ဒီတော့ ရုပ်တရား, နာမ်တရား, ခန္ဓာတရား, ပဋိစ္စ သမုပ္ပါဒ်တရား တွေကို မြင်လာမှ အပါယ်မချတော့ဘူးဆိုတာ စိတ်ချရမယ်၊ ယခု မိမိမှာ ဒီအစွဲကြီးတွေ မရှိဘူးလား၊ ဝိပဿနာညာဏ်နဲ့ ဆင်ခြင် စဉ်းစားပြီးတွေးပါ။

အနမတဂ္ဂ သံသရာကပါလာတဲ့ အတ္တဒိဋ္ဌိ-အတ္တာနုဒိဋ္ဌိ-သက္ကာယ ဒိဋ္ဌိ ညှောင့်တသင်းကြီးတွေကို ဖြုတ်နိုင်ရမယ်။ ဒီ အစွဲကြီးတွေ ဖြုတ်နိုင်လို့ အစွဲကြီးတွေ ကျွတ်သွားမှ သာသနာနဲ့ တွေ့ကြုံရကျိုး နပ်ပြီး၊ လူဖြစ်ရကျိုးနပ်မယ်၊ ဒါကို အပြန်ပြန် အလှန်လှန် စဉ်းစားပါ။

ကဲ....သာဓုခေါ်

" သာဓု....သာဓု....သာဓု.... "

# ပုံစံ နံပါတ်(၃)



# ပုံစံနံပါတ်(၃)

## ဝေါဒိုလပြည့်ကျော်(၉)ရက်နေ့ ဟောစဉ်

**ဓါတ်ကြီး ၄-ပါး ဘယ်အနေနဲ့ရှိသလဲ**

အခု ဒီနေရာမှာ အင်မတန်မှ ခက်ပါတယ်၊ နားမလည်ရင် ရှေ့ဉာဏ်တွေကို တက်လို့ မရတော့ပါ၊ ယုံမှားခြင်းတွေ ကင်းသွားရမယ်၊သဘာဝအတိုင်း ပြောချလိုက်ရင် အင်မတန် ခက်ပါတယ်။ ဘုရား ရှိသလား? (မရှိဘူးဆိုရင် ဥစ္ဆေဒဒိဋ္ဌိ) (ရှိတယ်လို့ ဆိုရင် သဿတဒိဋ္ဌိ)ဖြစ်မယ်၊ ကိုင်း....ဒီတော့ အရင်က လဘာက်ရေပုံကို မြူ ၄-ပါးနဲ့ ခွဲလိုက်တဲ့အခါမှာ ပရမာ အဏုမြူလဲကြရော၊ ပဋ္ဌမ၊ ရောတည့်လိုက်တဲ့"ဓါတ် ၈ ပါး ကလာပ်တစီး"ကို လာတွေ့တယ်၊ အာကာသပါထည့်ရင် "ဓါတ် ၉-ပါး"ကို လာတွေ့တယ်၊ ဒါကို ဖျက်ရဦးမယ်၊ ဒါမှ ဝိပဿနာရဲ့ အလုပ်ပါ။

ဒီတော့ ဒီ (၄)ပါးဟာ ဘယ်အနေနဲ့ ရှိနေသလဲဆိုရင် အဲဒါ သဘာဝလေး အနေလောက်သာ ရှိတော့တယ်။ အဲဒါ စိတ်ဝိညာဉ်နဲ့သာ သိနိုင်တော့တယ်။ ပြော့တယ်၊ မာတယ်ဆိုတဲ့ ပထဝီဓါတ်။ ပူတယ်၊ အေးတယ် ဆိုတဲ့ တေဇောဓါတ်။ ယိုစီးတယ်၊ ဖွဲ့စီးတယ် ဆိုတဲ့ အာပေါဓါတ်။ တွန်းကန်တယ်၊ လှုပ်ရှားတယ် ဆိုတဲ့ ဝါယောဓါတ် တို့ဟာ ဘယ်အနေနဲ့ ရှိနေ ကြသလဲ ဆိုတာကို စစ်ဆေးရတော့မယ်။

အဲဒီမှာရှိနေတဲ့သညာလေးကိုဆွဲချွတ်ရတော့မယ်။ဒီသညာလေး ကိုမှ မချွတ် နိုင်ရင် အန္တ ဘဝ ကြီးက ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူး။

ဒီတော့ လောကကြီးမှာ ဆိုကြီးပန်၊ ပုဂ္ဂိုလ်တွေသာလျှင် ဝေနေယျ,စုတဲ့အနေနဲ့၊ ဝါဒပွဲတွေဆင်နေကြတယ်၊ ဘုရားတဆူ၊ တဆူပွင့်တယ်ဆိုရင် ၂၄-သင်္ချေ၊ ကုဋေ-၆၀၊ ဗိုလ်ခြေတသိန်း၊ ကျွတ်တမ်းဝင်ဘို့သာလျှင် ဘုရားပွင့်တော်မူတာ။

ဒီတော့ သူ့မှာလဲ ဝေနေယျတွေ ဆွဲနေတာဘဲ မဟုတ်လား၊ ဒီအထဲကို ဦးပဥ္စင်းကြီးတို့က လိုက်ခြင်ကြသေးသလား၊ ကိုင်း.... ခုနကပြောခဲ့တဲ့ ခေါင်းကြီး ၄-ပါးဟာ ဘယ်အနေနဲ့ ရှိသလဲ၊ အဲဒါ သဘောလေးမျှသာရှိတော့တယ်။

ဥပမာ၊ ဒီကျောက်သင်ပုန်းကြီးမှာ စာရေးတာက ဆရာတော် ရေးထားတာ ဖြစ်ခြင်းကြောင့် ဦးပဥ္စင်းကြီးက မမြင်တဲ့ အတွက်၊ အဲဒါ မျက်ကွယ် အနေလောက်သာ ရှိတော့တယ်၊ နာမ်လောက ဘက်ကနေ ရှာရင် သညာဝိဉာဏ်သာလျှင် ရှိတော့တယ်။

ခေါင် ၄-ပါးက ဘယ်အနေနဲ့ ရှိသလဲဆိုရင် သူ့မှာ "ရုပ်ရဲ့ အရိပ်လေးလောက်သာ"ရှိနေခြင်းကြောင့် **မာတယ်**, ဆိုတဲ့ သဘော လေးဟာ တံဆိပ်တုန်းရိုက်ထားတဲ့ တံဆိပ်စာလေးမျှသာ ရှိတော့ တယ်၊ ဒီဟာလေး သုဉ်းဆိတ်သွားအောင် လုပ်ရမယ်။

ဒီတော့ သညာဝိညာဉ်ဖြစ်တဲ့ တံဆိပ်တုန်းကလေးက ရိုက်လိုက် တော့၊ ခေါင်၄-ပါးမှာ တံဆိပ်စာလေးမျှသာရှိတော့တယ်၊ သဏ္ဌာန ပညတ်ကြီးကလဲ လိုက်မဆွဲတော့ပါ၊ ဒါပေမဲ့ အသိအနေလောက် ကတော့ ရှိနေသေးတယ်၊ နာမနဲ့ သဏ္ဌာန်လိုတော့ မဆွဲနိုင်ကြ တော့ပါ။

ဥပမာ၊ လဘက်ရေပုဂံ ၂-လုံးကို ရှေ့မှာယှဉ်ချပြီး၊ ဘယ် လဘက်ရေ ပုဂံက ကောင်းသလဲလို့မေးရင် ခေါင် ၄-ပါးအနေနဲ့ ယူနိုင်တဲ့ ပုဂ္ဂိုလ်ကြတော့ အတူတူဘဲလို့ ပြောမှာဘဲ မဟုတ်လား၊ ခေါင် ၄-ပါးအနေနဲ့ မယူနိုင်ရင်တော့ အဲဒါ ဟိုဟာကကောင်းတယ် ဒီဟာကကောင်းတယ်ဆိုပြီး ပြောနေအုန်းမှာဘဲ မဟုတ်လား။

အဲဒီဟာတွေကို အနှ ပုထုဇဉ်တွေက အနှစ်အသားအနေနဲ့ ဆွဲထားကြတယ်၊ ခေါင်၄-ပါး အနေနဲ့ ရှုနိုင် လာရင် နာမနဲ့ သဏ္ဌာန်ဟာ ပျောက်ပြီ၊ နာမ-သဏ္ဌာန် ဆိုတဲ့ ပညတ်, ပျောက်ရင် ပရမတ်ကို ရောက်တာဘဲ မဟုတ်လား။

ဒီ-နာမနဲ့ သင်္ခါရ ပညတ် ပျောက်သော်လဲ ကလျာဏ မဖြစ်သေးပါ၊ ဒီကနေပြီးမှ တက်ရမယ်၊ **နာမနဲ့ သင်္ခါရ ပညတ်ဟာ ဘယ်မှာရှိသလဲ?** ဆိုရင် "**စိတ် - ဝိညာဉ်**" မှာဘဲ ရှိတော့တာ မဟုတ်လား၊ ပုဂံ့မှာက ဓါတ် ၄-ပါးသာလျှင် ရှိပါတယ်။

အဲဒီလို စိတ်ကို ထိမ်းနိုင်လာရင်ဘဲ အမျှားကြီး သက်သာရာ ရလာပြီ၊ ဥပမာ၊ ရှုပါရုံလေးနဲ့ စက္ခုပသာဒ ဆုံလိုက်တဲ့အခါမှာ နာမနဲ့ သင်္ခါရ ပညတ်ဟာ ကိုယ့်ရဲ့ စိတ်ဝိညာဉ်မှာသာရှိတာ ပါကလား၊ ရှုပါရုံမှာက ဓါတ် ၄-ပါးသာ ရှိပါလားလို့ ယူနိုင်လာရင် အဲဒါ အမျှားကြီး သက်သာရာရလာပါပြီ။

အဲဒါ"**ပရမတ်**"ကို"**အကြမ်းသိ**"လေး သိထားတာနဲ့ ကိုယ့်ကို သညာ-ဝိညာဏ်ကြီးက မလှည့်ပတ်နိုင်တော့ပါ၊ ဒီလိုသာ သိလာရင် ဘယ်မှာလျှင် ဘုရားကြီး-ဘုရားငယ်တွေ ရွေးနေတော့မလဲ၊ ကိုင်း.... ဒီတော့ မြူ ၄-ပါးနဲ့ ခွဲလိုက်ရင် ဓါတ် ၄-ပါးဟာ သဘာဝလေး မျှသာရှိတော့တယ်၊ ဒီဟာကို ခွဲပြီးမှ ရုပ်-နာမ်ကို ရှာရမယ်။

ဒီတော့ ဒီနေ့ သင်နည်း မှတ်ချက်ပေးလိုက်တဲ့ (၁) နံပါတ်ကို စဉ်းစားပါ၊ ဒီတော့ .... အခု နံပါတ်(၃) ပုံစံကြီးက ဘယ်ဟာကို ချေသလဲဆိုရင် "ကိစ္စဃန" ကို ချေတယ်၊ "ကိစ္စဃန" ဆိုတာ လက္ခဏာလေးတွေပေါ်ထွက်နေတာကိုခေါ်တယ်။

ပထဝီဓါတ်၊ ကက္ခဠတ္တ လက္ခဏာ၊ ပထဝီဓါတ်သည်ကြမ်းတမ်း ခက်တရော်ခြင်း လက္ခဏာရှိ၏။ အာပေါဓါတ်၊ အာဗန္ဓန လက္ခဏာ၊ အာပေါဓါတ်သည် ဖွဲ့စီးခြင်း လက္ခဏာရှိ၏လို့ ပြထားတဲ့ အတိုင်း မာတယ်၊ ပူတယ်၊ ယိုစီးတယ်၊ ဖွဲ့စီးတယ်၊ တွန်းကန်တယ်၊ လှုပ်ရှားတယ်၊ ပူတယ်၊ အေးတယ် ဆိုတဲ့ လက္ခဏာတွေကို ချေတယ်။

ဒီတော့ ဒါကို နားလည်ရင် ပရမာ အဏုမြူထဲမှာရှိတဲ့ ဓါတ်ကြီးလေးပါးဟာ မာသလား ပူသလားလို့ မေးရင် အဲဒါ'မာသေးတယ်' 'မာတယ်ဆိုတဲ့ သဘောလေး' ပေါ်နေသေးတယ် မဟုတ်လား။ ဒီကိစ္စလေးတွေ ရှိနေသေးရင် ဓါတ်ငယ်လေးပါးဟာလဲ ပေါ်နေအုန်းမှာဘဲ။

အဲဒါကြောင့် ကိစ္စ လက္ခဏာလေးတွေ မရှိအောင် သုဉ်းဆိတ်သွားအောင် ဘယ်လိုလုပ်မလဲ။ အရင် မြူလေးပါးနဲ့ ချေတုန်းက အဲဒါ **အကြမ်းနည်းနဲ့** ဖြုတ်ခဲ့တာ။ အခု ဒီလက္ခဏာ လေးတွေ သုဉ်းဆိတ် သွားအောင် ဘယ်လို လုပ်မလဲ။ အစွဲ လေးချက်ကို မြင်အောင် ရှုရဦးမယ်။

ဒီအစွဲ လေးချက်ကို ဝေဘန်ပြီးမှ ဓါတ်ကြီးလေးပါးကို ဝေဘန်ရမယ်။ ဒီတော့ အစွဲလေးပါးကို ချေနိုင်မှ ဓါတ်ကြီး လေးပါးကို ချေလို့ ရမယ် မဟုတ်လား။ အသွား အပြန် စွဲနေ တာဟာ ဘယ်လောက်များ ခိုင်မြဲသလဲ။ အဲဒါ အတ္တစွဲကြီး လေးချက်က တုပ်ထားပြီ။ ဒါကို ဖြေရတော့မယ်။

အဲဒီ အစွဲကြီး လေးချက် ကိုမှ မဖြေရင် သက္ကာယ ဒိဋ္ဌိကြီးက ဆွဲတော့တာဘဲ။ အဲဒါကြောင့် အစွဲကြီး လေးချက်ကို ဖြေရတော့မယ်။ ဘယ်ဟာကို ဖြေရမလဲ။ အဲဒါ ပြင်းပြင်းထန်ထန်စွဲနေတဲ့ဟာကိုသာ ကြည့်ပါ။

ဒီတော့ သတ္တဝါတွေဟာ ဒီအစွဲ ကြီးတွေကြောင့် သံသရာမှာ လည်နေကြတယ်ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ''ဘိက္ခဝေ ချစ်သားတို့၊ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်သဘောအတိုင်း။ အဒဿနတော၊ မသိမမြင်ခြင်းကြောင့်။ အနနုဗောဓါ၊ မဂ်ဖိုလ်နဲ့ လျော်စွာ မသိခြင်းကြောင့်။ အပ္ပဋိဝေဓါ၊ မဂ်ဖိုလ်တို့ကို ထိုးထွင်း၍ မသိခြင်းကြောင့်။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်၎င်း။ ဣဒံဒီဃမဒ္ဓါ၊ ဤရှည်လျားစွာသော။ သံသာရေ၊ သံသရာကြီးထဲ၌။ သံသရိတံ၊ ကြဉ်လည်ရလေပြီ။ သန္ဓာဝိတံ၊ မရပ်မနား ရဟတ်ခြား ပမာ ဆိုဆို လည့်တဲ့နွားကြီးကဲ့သို့ ပြေးသွားရ လေပြီ....'' လို့ ဟောကြားတော် မူခဲ့ပါတယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

"**သာဓု—သာဓု—သာဓု**"

## မှတ်ရ

(၁) **သညာသိ ဓါတ်လေးပါး၊** မာမှု၊ ပြေ့မှု၊ ပူမှု၊ ဧမှု စသည်ဖြင့် လက္ခဏာ ကိစ္စ တို့ကို စွဲယူ၍ သိခြင်းကို ခေါ်သည်။

(၂) **ဝိညာဏ်သိ ဓါတ်လေးပါး၊** ဓါတ်တပါး ပေါ်ထွက်မှုသည် ကျန် ဓါတ်သုံးပါး တို့၏ ပယောဂ, ဗျာပါရ မကင်းခြင်းကို ဝိညာဏ်သိ ဓါတ် လေးပါးခေါ်သည်။

(၃) **ပညာသိဓါတ်လေးပါး၊** ပယောဂ, ဗျာပါရ, ကင်းဆိတ်သဖြင့် သဘာဝလောက တို့၏ ဖြစ်ပေါ် ခြင်းကို မြင်ခြင်းသည် ပညာသိ ဓါတ်လေးပါးခေါ်သည်။

**ကိစ္စ ဃန သဘော**

ဤသို့အားဖြင့် နာမနှင့် သဏ္ဌာန် တို့သည်။ တခုသော ဃနဋ္ဌသာ ရှိသည်ဟု စွဲယူသော သဘောကို ပယ်သတ်ရန်အတွက် ထိုယောဂီသည် မြူလေးပါးနှင့် ကြိတ်ချေ၏။

ဘယ်လို ဘယ်ကဲ့သို့ပင် ကြိတ်ချေသော်လည်း **ပရမာဏုမြူ**ထက် ကျော်လွန်၍ မကြိတ်ချေနိုင်ပေ။ သို့သော် ထိုမူလရုပ်လေးပါးသည် ပရမာဏုမြူ စခမ်း တိုင်အောင် မာ နိုင် သည်၊ ပူနိုင် သည် ဟု ကြွေးကြော် လျက်ပင် ရှိရကား ထိုယောဂီသည် ရုပ်လေးပါးကို မစုစည်းမိစေဘဲ တပါးစီ ဖြစ်အောင် ခွဲစိတ်နိုင်ရာ၏။

# ပုံစံနံပါတ် (၄)



# ပုံစံ နံပါတ်(၄)

## ဝါဆိုလပြည့်ကျော် (၁၁) ရက်နေ့ ဟောစဉ်

ကိုင်း....ဒီတော့ ဝိပဿနာရဲ့ အခြေခံဟာ ဒီ-နာမရူပ ပရိစ္ဆေဒ ဉာဏ်ကနေစပြီး တက်ရပါတယ်၊ ယခု ဒီကဏ္ဍဟာ အင်မတန်မှ ခက်ပါတယ်၊ ဒီနေရာမှာ ပညာရဲ့ သဘာဝလေးတွေကို တွေ့အောင် ရှာရတော့မယ်။

**ကျားနဲ့ ရင်ဆိုင်တွေ့နေပြီ** ဒီနေရာဟာ ကျားနှင့် ရင်ဆိုင်တိုးနေတဲ့ ယောကျ်ားလိုပါဘဲ၊ ဒီယောကျ်ားဟာ ကျားကို နှဘမ်းချရတော့မယ်၊ အဲဒါ ကြောက်လို့ ထွက်ပြေးရင်လဲ ကျားကိုက်တော့မှာဘဲ၊ ကိုယ့်မှာရှိတဲ့အားနဲ့ ဒီကျားကိုနိုင်အောင် ချရတော့မယ် မဟုတ်လား၊ ဒါကြောင့် ဒီနေရာမှာ အင်မတန်မှ အရေးကြီးပါတယ်။

ဒီတော့ ဝိပဿနာကို အားထုတ်ကြတဲ့ တချို့ ပုဂ္ဂိုလ်တွေ ကျတော့ ဒီနေရာမှာ ရုပ်နာမ်ရဲ့ ပရမတ်လေးတွေကို မတွေ့ကြ တော့ဘဲနဲ့ တခါထဲ ဉဒယဗ္ဗယကြီးကို ကျော်တက်ကြတာတွေ ဟာလဲ အများကြီး တွေ့ခဲ့ရပါတယ်။ အခု ရှင်တော်မြတ်ဘုရား **အနာဂတ် သာသနာတော်ကြီး**မှာကို ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ အများအပြားရှိပါသေးတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီး သည့်နောက် ပရိနိဗ္ဗာန် ပြုသည် အထိ ကျွတ်တန်းဝင်သည့် ပုဂ္ဂိုလ်တွေဟာ ၁၂-သင်္ချေ, ကုဋေ-၆၀, ဗိုလ်ချေတသိန်း ကျွတ်သွားကြပါတယ်။ ဒီတော့ သာသနာတော် နောက်ပိုင်းမှာ ကျွတ်မဲ့ ပုဂ္ဂိုလ်တွေဟာ ၁၂-သင်္ချေ ကျန်နေပါသေးတယ်၊ ဒီတော့.... ထို ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့မှာ ဆရာကောင်းနဲ့ မတွေ့ကြသေးလို့ ကျန်နေကြရတယ်။

ဒီတော့၊ တရားပေးတဲ့ ပုဂ္ဂိုလ်တွေကလဲ အဲဒါ အပေါ်ရုံ လောက်သာ ပေးနေကြတဲ့အတွက် မကျွတ်ဘဲ ကျန်နေကြရတယ်။ "မသိတာက ရုပ်" "သိတာက နာမ်"လို့ ပြောနေကြတာဟာ သင်္ဂြိုဟ်ကိုသင်တဲ့ ပုဂ္ဂိုလ်တိုင်း သိတဲ့ ရုပ်-နာမ် မျိုးပါ၊ ဒါတွင်မက သေးဘဲ "သွားတယ် - သွားတယ်" ဆိုပြီး ရှုကြတယ်၊ အဲဒါ ဘယ်အပေါ်မှာ ရှုသလဲဆိုတော့ ချေဖဝါးကြီးကို ရှုနေကြတာ ဘယ်မှာ ဟုတ်မလဲ။

ဒါကြောင့် ဒီနေရာမှာ အင်မတန်အရေးကြီးပါတယ်၊ အခုပုံစံမှာ ပြထားတဲ့ "ရုပ်"သည် ဆိုတာက ပရမတ်၊ အဲဒါ အဝိဇ္ဇာ လေးပါ၊ "ငါ"ဆိုတာသည်ပင်လျှင် ပညတ်၊ သူက တဏှာ ပါ။

**အစွဲ ၄-ချက်နှင့် အသွား၊ အပြန့်တုပ်နှောင်ပုံ**

ဒီတော့ အစွဲ ၄-ချက်ဟာ ကိုယ့်ခန္ဓာကြီးကို သေသေချာချာ တုတ်ထားပြီ မဟုတ်လား၊ အစွဲရှိမှသာလျှင် ကံက ပို့လို့ရတယ်၊ ဒီအစွဲ ၄-ချက်ကို နိုင်နိုင်နင်းနင်းနဲ့ သတ်နိုင်မှ သာလျှင် သဘာဝလေးတွေကို သွားတွေ့လိမ့်မယ်။

ဘာကိုဘဲဖြစ်ဖြစ် အနွအနေနဲ့ ပြောချင်တာပြော၊ ပြောလိုက်တာသည်ပင်လျှင် ငါကြီးက တုတ်မှာဘဲ မဟုတ်လား၊ ဒီအစွဲကြီး မပြုတ်သမျှကာလပတ်လုံး ကံရဲ့ ဆွဲဆောင်မှုက ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူး၊ နွားမှာ နဖါးကြိုးထိုးပြီး ရှေ့ကကြိုးနှင့်ဆွဲသလို ကံကလဲ အမြဲတန်း ဆွဲနေမှာဘဲ၊ ဒါကြောင့် ကံတည်းဟူသော "အာဏာသားကြီး"က ကိုယ့်ကို မဖမ်းနိုင်အောင် ကြိုးစားရမယ်။

အဲဒီလိုမှ မကြိုးစားရင် ကံတည်းဟူသော "အာဏာသား" ကြီးက ဖမ်းပြီး၊ "ထောင်ကြီး" တည်းဟူသော "ဘုံ ၄-ဘုံ" ကို ပို့တော့မယ် မဟုတ်လား၊ ဒီတော့ (ရုပ်သည် ငါ)လို့ တချက်တုပ် လိုက်သည်ပင်လျှင် အဲဒါ အဝိဇ္ဇာက တုပ်ထားတာ အဝိဇ္ဇာတုပ် ဆိုတာ မသိလို့ တုပ်ထာ၊ ရုပ်ဆိုတာ မသိတာ ရုပ်၊ သိတာ နာမ်၊

ဒီအနေလောက်သာသိလို့မို့၊ အဲဒါအတုပ်ခံရတာ။ အန္တတွေမှန်ရင် ဘယ်လိုဘဲပြောပြော အဝိဇ္ဇာကြီးက တုပ်တော့မယ်၊ အဝိဇ္ဇာကြီးက တချက်တုပ်ရုံနဲ့ အတ္တဒိဋ္ဌိကြီးက နောက်တခါ (ငါသည်ရုပ်)ဆိုပြီး တုပ်လိုက်ပြန်ပြီ၊ အဲဒါက ဒုက္ခကိုစွဲပြီး သမုဒယပေါ်လာပုံ၊ ဒီတော့ အန္တတွေဟာ ဒုက္ခအနေနဲ့လာတာကို သုခအနေနဲ့ထင်နေကြတယ်။

အဲဒါ တဏှာတုပ်လို့ ခေါ်တယ်။ ခန္ဓာကိုယ်ကြီးကို "ငါ" ရှိတယ်လို့ မှတ်ထင်နေကြပြီ မဟုတ်လား။ ဒီအသွားတုပ်, အပြန်တုပ်လေးကို သေသေချာချာ စဉ်းစားပါ။ ဒါဟာ **အပြန်တုပ်လို့** ခေါ်တယ်။ အဲဒါ ပရမတ်ကိုစွဲ၍ ပညတ်တွေ ထွက်လာတယ်။ (ဝါ) **ဒုက္ခကို** စွဲ၍ **သမုဒယ** ဖြစ်လာတယ်။

နောက် " ပညတ် " ကိုစွဲ၍ " ပရမတ် " ထွက်လာတယ်။ "သမုဒယ" ကိုစွဲ၍ "ဒုက္ခ" တွေ ဖြစ်လာကြတယ်။ အဲဒါ အဝိဇ္ဇာကြောင့် တဏှာဖြစ်တယ်။ တဏှာကြောင့်အဝိဇ္ဇာဖြစ်တယ်။ အဲဒါ အသွားအပြန် ဆက်ဆံနိုင်လာရော "က်" ဆိုတာလေးဟာ ပေါ်လာပြီ။

အဲဒါ ဘယ်မှာ ပေါ်သလဲ ဆိုရင် "ရုပ်" မှာ သွားပြီးတော့ ပေါ်လာတယ်။ ဒီ'က်'ကတခါအတွင်းတုပ်အနေနဲ့တုပ်လိုက်တဲ့ဟာ ကြတော့(ရုပ်၌ငါရှိ၏)လို့ ဖြစ်လာပြီ။ ဒီတော့ သစ္စာလေးပါးကို အကျဉ်းနည်းဖြင့် ပြောရရင် ဒုက္ခရှိလို့ သမုဒယဖြစ်လာတယ်။

(ဥပမာ) အိမ်ရှင်မတွေ ငါးကြော်ကြော်တဲ့အခါမှာ ညှော်နံ့ ထွက်သလိုဘဲ။ ငါးဘဲရှိပြီး ဒယ်တို့ ဆီတို့ မရှိပြန်ရင်လဲ ညှော်နံ့ဟာ ထွက်မလား?။ မထွက်ဘူး။ ဒယ်အိုးတို့ ဆီတို့ ရှိပြန် တော့လဲ ငါးမရှိရင် ညှော်နံ့ မထွက်တော့ဘူး မဟုတ်လား။

ဒီတော့ ငါးတည်းဟူသော ဒုက္ခသစ္စာရှိပြီး ဒယ်အိုးဆီစသည်ဖြင့် ထည့်လိုက်တဲ့ အခါမှာ ညှော်နံ့တည်း ဟူသော သမုဒယ သစ္စာ ထွက်လာတယ် မဟုတ်လား။

အဲဒါ ဒုက္ခကြောင့် သမုဒယ ဖြစ်လာ ရတယ် မဟုတ်လား။ ဒါကြောင့် သမုဒယတည်းဟူသော ညှော်နံ့ဟာ ဘယ်က ဖြစ်လာသလဲ။ ဒီငါးကောင်တည်း ဟူသော ဒုက္ခကြီးက ဖြစ်လာတယ် မဟုတ်လား။ ဒီတော့ ဒုက္ခမရှိရင် သမုဒယ ဘယ်မှာ ထွက်တော့မလဲ။

**သံသရာ ထွက်လမ်း။** သံသရာကထွက်ခြင်ရင်ဒုက္ခသစ္စာမှသမုဒယသစ္စာ မထွက်အောင် လုပ်နိုင်ရမယ်။ အဲဒါ သံသရာက ထွက်တာဘဲ။ ကိုင်း.... အဝိဇ္ဇာနဲ့ တဏှာလဲ ငါးကြင်းမီးခတ်သလို အသွားအပြန်လဲ ခတ်လိုက်ရော (ကံ) ဆိုပြီး တုပ်လာပြန်ပြီ။

အဲဒီလို (ကံ) ကလဲ (ရုပ်၌ - ငါရှိ၏)လို့ တုပ်လိုက်ရော၊ တခါပြန်ပြီး ( ငါ၌ - ရုပ်ရှိ၏ ) ဆိုပြီး ပြန်တုပ်လိုက် ပြန်ပြီ။ အဲဒါ **ဥပါဒါန်တုပ်လို့**ခေါ်တယ်။ ဒုက္ခမှာသမုဒယလာပြီးဆွဲတော့မယ်။ အဲဒီအခါမှာ (၃၁)ဘုံ ဖြစ်တဲ့။

၁။ အပါယ် ၄-ဘုံ။
၂။ ကာမသုဂတိ ၇-ဘုံ။
၃။ ရူပ ၁၆-ဘုံ။
၄။ အရူပ ၄-ဘုံ တို့ အနက်မှာ တဘုံဘုံကို ပို့တော့မယ်။

ကဲ-ဒီအစွဲကြီးတွေမရှိအောင် ချွတ်ရတော့မယ်၊ ဘယ်သူ့ကိုစပြီး ချွတ်မလဲဆိုရင် **ဥပါဒါန်**ကြီးကိုစပြီး ချွတ်ရတော့မယ်၊ ဒီအစွဲကြီး ၄-ချက်ဟာ ကိုယ့်မှာမရှိဘူးလား၊ ဒါကို လိုက်စစ်ပါ၊ ဒီအစွဲကြီး စွဲနေရင် မခက်ဘူးလား။

အဲဒါ ကိုယ့်ကိုယ်ကိုရှာမှ တွေ့မယ်၊ ဒီအစွဲကြီးမှ မကျွတ်ရင် ဘယ်မှာဟုတ်မလဲ၊ ဒီအစွဲ ၄-ချက်ဟာ အတိသြဋ္ဌာရိက အတ္တဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒါ အန္ဓပုထုဇဉ်တွေစွဲတဲ့ အစွဲပါ။

အတ္တဒိဋ္ဌိ-၂၀ ဒီတော့ အတ္တဒိဋ္ဌိကို အကျယ်ပွားလိုက်ရင် (၂၀) ဖြစ်လာတယ်။

၁။ ရူပက္ခန္ဓာ၌ အတ္တဒိဋ္ဌိ အစွဲ ၄-ချက်။
၂။ ဝေဒနာက္ခန္ဓာ၌ အတ္တဒိဋ္ဌိ အစွဲ ၄-ချက်။
၃။ သညာက္ခန္ဓာ၌ အတ္တဒိဋ္ဌိ အစွဲ ၄-ချက်။
၄။ သင်္ခါရက္ခန္ဓာ၌ အတ္တဒိဋ္ဌိ အစွဲ ၄-ချက်။
၅။ ဝိညာဏက္ခန္ဓာ၌ အတ္တဒိဋ္ဌိ အစွဲ ၄-ချက်။

ပေါင်းလိုက်တော့ အတ္တဒိဋ္ဌိ အစွဲ(၂၀)ဖြစ်လာတယ်။

အဲဒါကို အလွန်ရှိ့ရင်း ကြမ်းတမ်းတဲ့ အတ္တဒိဋ္ဌိလို့ ခေါ်တယ်၊ ဒီအစွဲကြီးတွေဟာ အန္ဓပုထုဇဉ်တွေစွဲတဲ့ အစွဲကြီး ဖြစ်ခြင်းကြောင့် ဒီ ဒိဋ္ဌိကြီးတွေကို အရင်ပယ်သတ်ရမယ်၊ နောက် အတ္တာနု ဒိဋ္ဌိကြီး လာလိမ့်ဦးမယ်၊ အဲဒါ ရှေ့မှာ ဒိဋ္ဌိတွေ အများကြီးရှိသေးတယ်။

နောက်ဆုံး သက္ကာယဒိဋ္ဌိသဘောကို "တွေ့" လိုက်ရော၊ မဂ်ဝင် တရားခံကြီးကို တွေ့လာပြီလို့ယူပါ။

(မှတ်ချက်) ပရမတ်ရုပ်သဘောကို အမှန်မြင်သော ပုဂ္ဂိုလ်မှသာလျှင် အတ္တဒိဋ္ဌိ ၂၀-ကိုပယ်သတ်နိုင်မည်၊ ဤဒိဋ္ဌိကြီးကို ပယ်သတ်နိုင်ပါက ကလျာဏ မျက်စိတလုံး အလင်းရလာပြီဟု ဆုံးဖြတ်နိုင်သည်။

ဒါ့ကြောင့် ဒီနေရာမှာ ဒီအတ္တဒိဋ္ဌိ ၂၀-ကို အန္ဓတွေဟာ အရင်ပယ်ရပါတယ်၊ ဒီတော့ သံသရာဟာ ၂-လမ်း ရှိပါတယ်၊ (သံသရာ အဝင်လမ်းသည် သံသရာလည်သော လမ်း)၊ (သံသရာ အထွက်လမ်းသည် သံသရာဖြတ်သောလမ်း)ဖြစ်တယ်။

ဒါကို ပဌမ နားလည်ရမယ်၊ သံသရာလည်တယ်ဆိုတာဟာ လူ့ဘဝ,နတ်ဘဝ, ဗြဟ္မာဘဝ, စသည်ဖြင့် ဘဝတွေကို လည်နေတာကိုခေါ်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်ကြီးကို လှည့်တဲ့အခါမှာ သမုဒယ,ကို စပြီး ပြတယ် မဟုတ်လား။

အဲဒီ ဆန္ဒရာဂကို စစ်လိုက်ပြန်ရင်လဲ တဏှာသဘောကို လာတွေ့နေပြီ။ ဒါကို စစ်လိုက်ရင် သဿတ ဥစ္ဆေဒတို့ကို သွားတွေ့မယ် မဟုတ်လား။ သံသရာလှည့်တဲ့ ဟာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက....

— "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏံ (ပ)၊ ဒုက္ခက္ခန္ဓဿ၊ သမုဒယော ဟောတိ" စသည်ဖြင့် လှည့်ပြထားတယ် မဟုတ်လား။

အဲဒါ သံသရာလည်တာပါ ဒီတော့ ဦးပဉ္စင်းကြီးတို့က သံသရာ လည်ခြင်ကြသလား။ မလည်ခြင်ရင် ဒီသံသရာကို ဖြတ်ရမယ်။

ဒုက္ခဆိုတာ။ ဒီတော့ ဒုက္ခဟာ အကျိုးလား အကြောင်းလားလို့ မေးရင် ဘယ်လိုဖြေမလဲ။ "ဒုက္ခဟာ အကျိုးပါ" "သမုဒယဟာ အကြောင်းပါ" သံသရာက ထွက်ခြင်ရင် ဒုက္ခကို အကြောင်းဖြစ်အောင် လုပ်ရမယ်။ ဒုက္ခကို မမြင်လို့ ဆန္ဒရာဂတွေ ထွက်လာတယ်။

ဒုက္ခကို မြင်လာရင် ဆန္ဒရာဂကို သူသိမ်းတော့မယ်။ အခု ဒုက္ခကို မမြင်လို့ ဒုက္ခကြီးကို အားထုပ်နေကြတာဘဲ မဟုတ်လား။ ဒုက္ခကို ဒုက္ခပါလို့ မြင်လာရင် အဲဒါ သံသရာကြီးက ထွက်တော့မယ်။ ဒုက္ခကို ဒုက္ခလို့ မထင်ဘဲ သုခလို့ ထင်နေရင် သံသရာက ဘယ်မှာ လွတ်ဦးမှာလဲ။ အဲဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက....

(၁) အနေကဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရ ဂဝေသန္တော၊
ဒုက္ခ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ နကာဟသိ၊
သဗ္ဗာတေ ဖါသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရ ဂတံ စိတ္တံ၊
တဏှာနံ ခယ မဇ္ဈဂါ။ ။ လို့ ကြိမ်းဝါးတော်မူတယ်။

(အနက်) ဂဟကာရက၊ ခန္ဓာအိမ်ကို ကြိမ်ဖန် များစွာ ခါခါ ထပ်ထပ် ပြုလုပ်တတ်သော၊ တဏှာယောကျ်ား၊ ဟယ်လက်သမား။ ဂဝေသန္တော၊ ဉာဏ်ဖြင့်မမှုရှာ၊ ရှာဖွေသော ငါသည်။ အနိဗ္ဗိသံ၊ သင့်ကိုမြင်နိုင်၊ ညာဏ်မဏ္ဍိုင်ကို အပိုင်မရသေးသည် ဖြစ်၍။

အနေက ဇာတိသံသာရံ၊ ဖြစ်တုံ ပျက်ပြန် ကြိမ်ဖန် များစွာ သံသရာသို့။ သန္ဓာဝိဿံ၊ တပြောင်းပြန်ပြန် ကျင်လည် ပြေးသွားရ လှလေပြီ။ ပုနပ္ပုနံ၊ အဘန်ဘန်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊အလွန်တရာဆင်းရဲလှစွာ၏။

ဂဟကာရက၊ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ခါခါ ထပ်ထပ် ပြုလုပ်တတ်သော တဏှာယောကျ်ား ဟယ်-လက်သမား။တံ၊သင့်ကို။ ဒိဋ္ဌော၊ ပညာစက္ခု သဗ္ဗညုဖြင့် ယခုထင်ထင် ငါမြင်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဘန်။ ဂေဟံ၊ အတ္တဘော တည်းဟူသော ခန္ဓာ အိမ်ကို။ နကာဟသိ၊ သင်မပြုတော့ပြီ။ တေ၊ သင်၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ဖါသုကာ၊ခန္ဓာအိမ်၏ ကိလေသာတည်းဟူသော ထုတ်,လျှောက်,အချင်,တို့ကို။ ဘဂ္ဂါ၊ရစရာမရှိစိစိကြေညက်၊ငါချိုး ဖျက်အပ်ပြီ။

ဂဟကူဋံ၊ ခန္ဓာအိမ်၏ အဝိဇ္ဇာ တည်းဟူသော စုလစ်မွန်းချွန် အထွဋ်မှန်ကင်းကို။ဝိသင်္ခတံ၊ ငါဖျက်ချအပ်ပြီ။စိတ္တံ၊ငါ၏စိတ်သည်။ ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်ကို မြင်သန်တွေးရှု အာရုံပြုသောအားဖြင့်ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တာဖိုလ်ကို။ အဇ္ဈဂါ၊ ထင်ထင် မျက်မှောက် ငါရောက်ရပြီ။

အဲဒီလို တဏှာကြီးကို ကြိမ်းဝါးတော်မူတယ် မဟုတ်လား။ တဏှာယောကျ်ား ဗဲခွပ်လက်သမား၊ မင်း-ငါ့ကို ခန္ဓာ ၅-ပါးအိမ် ဆောက်ပေးတဲ့အတွက်၊ ငါ့မှာ ဒုက္ခရောက်ခဲ့ရတယ်။ မင်း-ငါ့ကို နောက်တခါ ခန္ဓာ ၅-ပါးအိမ် မဆောက်နဲ့တော့။ ငါသိပြီ၊ ငါမြင်ပြီလို့ အခုလို ကြိမ်းဝါးလာပါတယ်။

အဲဒါ နောက်ဆုံး ကိလေသာကို ပယ်သတ်တဲ့ "မဂ်ဉာဏ်ကြီး" ဘဲ မဟုတ်လား၊ ဒီတော့ ဒုက္ခကို 'အကြောင်း' ဖြစ်အောင်လုပ်မှသာလျှင် ဒီသံသရာက ထွက်လို့ရမယ်၊ ရုပ် ဆိုတာက ဒီခန္ဓာ ၅-ပါးကြီးကို ရုပ်ဘဲလို့ ပြောနေကြတာဘဲ မဟုတ်လား။

ရုပ် ဆိုတာက ဘယ်ဟာလေးလဲ၊ ရုပ်ကို အနတ္တအနေနဲ့ သဘောပေါက်မှသာလျှင် "ငါ" ဆိုတဲ့ဟာလေးဟာ စွဲလို့မရတာပါ၊ သံသရာက ထွက်ခြင်လာရင် ဒုက္ခကို မြင်အောင် ရှုရမယ်၊ ဒုက္ခကိုအကြောင်းခံမှ သမုဒယဟာ အကျိုးအနေနဲ့ဖြစ်တော့မယ်။

ဒုက္ခကို အကြောင်းရင်းခံပြီးတော့ ပြရမယ်။ ဒီတော့ သမုဒယကို အသာ ထားလိုက်ပါ။ ဒုက္ခကိုဒုက္ခလို့မြင်အောင်ရှုဘို့ရာအင်မတန်မှ အရေးကြီးပါတယ်။ ဒါကို မသိမ်း နိုင်ရင် ရှေ့မှာ အခက်အခဲ တွေ့တော့မယ်။ ကိုင်း.... နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပါတော့။

**သာဓု....သာဓု....သာဓု....။**



# ပုံစံနံပါတ် (၅)

## ဝါဆိုလပြည့်ကျော် (၁၁) ရက်နေ့ ဟောစဉ်

**အစွဲလေးချက် သဘော။** ကိုင်း.... ဒီတော့ဒီ နေရာမှာ ကျမ်းမကြေရင် ရှေ့ကို တက်လို့ မရဘူး။ အစွဲလေးချက်ရဲ့ သဘောဟာ ဘယ်လောက်အထိ စွဲစွဲမြဲမြဲ သိမ်းပိုက် ထားတယ် ဆိုတာ ထင်ရှားအောင် ဦးပဉ္စင်းကြီးကို မေးရအုန်းမယ်။

ဒီအစွဲ လေးချက်ဟာ ဦးပဉ္စင်းကြီးမှာ ရှိသေးသလား?။ ဒီလို မေးရင်၊ အဲဒါ ဘယ်လို ဖြေမလဲ။ ရှိပါ သေးတယ် ဘုရား.... လို့ ပြောရမှာဘဲ မဟုတ်လား။ အဲဒါ ဘယ်ဟာက ပြဋ္ဌာန်းပီးရှိနေသလဲ ဆိုရင် (ရုပ်သည်-ငါ) ဆိုတာက ပြဋ္ဌာန်းပြီး ရှိနေတာဘဲမဟုတ်လား။

ဒီနေရာမှာ ဘုရားရှင်က "ဣဓ အသုတဝါရူပံ အတ္တတော သမနုပဿတိ" ဣဓလောကေ၊ ဤလောက၌၊ အသုတဝါ၊ အကြား အမြင် မရှိသော သူတို့သည်။ (ဝါ) ရုပ်သဘာဝ၊ နာမ်သဘာဝကို မသိသော သူတို့သည်။ (ဝါ) အန္ဓပုဂ္ဂိုလ်တို့သည်။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ ငါ့ဟူ၍။ သမနုပဿတိ၊ စွဲမှတ်ကြ လေကုန်၏....လို့ ဟောကြားတော် မူပါတယ်။

'ရူပဝန္တံဝါ၊ အတ္တာနံ သမနုပဿတိ' အဲဒါက 'ငါသည်-ရုပ်'လို့ စွဲယူတဲ့ အစွဲပါ။

တခါ"အတ္တနိဝါရူပံ၊ သမနုပဿတိ" "ရုပ်၌-ငါရှိ၏" လို့စွဲယူ ပြန်တယ်။

နောက်ပြီးတော့ 'ရူပသ္မိံဝါ အတ္တာနံ သမနုပဿတိ' ဆိုတာက 'ငါ၌-ရုပ်ရှိ၏'လို့ စွဲယူတဲ့ အစွဲအယူပါ။

# ပုံစံ နံပါတ်(၅)



ဒီအစွဲ လေးချက် ရှိနေကြတဲ့ အန္ဓ ပုထုဇဉ် တွေဟာ ဒီအစွဲကို မဖြုတ်နိုင်ကြရင် တနေ့မှာ အပါယ်လေးပါးကို ရောက်ကြရဦးမယ် မဟုတ်လား။

ဒီနေရာမှာ (ငါ့ဒွ-ရုပ်ရှိ၏) ဆိုတဲ့ သဘောလေးကို ရှင်းပြဦးမယ်။ အဲဒီ သဘာဝဟာ ပညတ်မှာ ပရမတ် ရှိတယ်လို့ ယူထားတဲ့ အစွဲဘဲ။ "ငါ"ဆိုတဲ့ သဘောမှာ တဏှာ ငါ၊ မာန ငါ၊ ဒိဋ္ဌိ ငါ သုံးမျိုးရှိတယ်။ အဲဒါ "ငါ"ဆိုတဲ့ အစွဲဟာဘယ်လောက်ထိ ကြောက်စရာကောင်းသလဲ ဆိုရင်....

ရှေးအခါက ကိုရင်လေးတပါးဟာ သမာပတ် ၈-ပါးရနေတော့ "ငါ စျာန်ရတယ်"လို့ အယူအစွဲရှိပြီး၊ အမြဲလိုလို စျာန်ကစားလေ့ ရှိတယ်။ သူ့ရဲ့ ဆရာတော်ကြီးက "ကိုရင်လေး.... စျာန်သိပ် မကစားနဲ့ (ဂါဟ) ကိုက်လိမ့်မယ်...." လို့ ဆိုဆုံးမတော်မူတယ်။

တနေ့တော့ ကိုရင်လေးဟာ စျာန်ကစားရင်းနဲ့ တောအုပ်ကြီး တခုပေါ် အရောက်မှာ ထင်းခွေနေတဲ့ အမျိုးသမီး တယောက်ရဲ့ သာယာတဲ့ သီချင်းသံကို ကြားရတယ်။

သီချင်းသံကို ကြားရတယ် ဆိုရင်ဘဲ နာမပညတ် သဏ္ဌာနပညတ် ပေါ်လာတယ်။ ဒီလို ပေါ်လာ, ထင်လာပြီ ဆိုတာနဲ့ တပြိုင်နက် အဲဒါ ငှက်များအတောင်ကျိုးသလို တခါထဲ စျာန်လျှောကြတော့ တာပါဘဲ။

အဲဒါ "ဂါဟ" ကိုက်တယ်လို့ ခေါ်တယ်။ "ဂါဟ" ဆိုတာ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒီသုံးပါးကို ခေါ်တယ်။

(ငါ့ဒွ-ရုပ်ရှိ၏) ဆိုတာ ပညတ်မှာကို ပရမတ် ရှိတယ် ဆိုပြီး ယူထားတာမို့ အင်မတန်မှ ကြမ်းတမ်း လှပါတယ်။ ကမ္မဋ္ဌာန်းကတ သမ္မာဒိဋ္ဌိ အယူရှိတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ (ငါ့ဒွ-ရုပ်ရှိ၏) ဆိုတဲ့ အစွဲမရှိပါ။

သရဏဂုံမရှိတဲ့ ပုဂ္ဂိုလ်တွေ စွဲယူတဲ့ အယူစွဲကြီးမို့ အင်မတန်မှဘဲ ကြောက်စရာ ကောင်းလှပါတယ်။ အဲဒီလို စွဲယူမိရင် အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ဆိုတာတွေ ဘာတခုမှ မရှိတော့ဘူး။ အဲဒါ အပါယ်လေးပါးကို ရောက်ဘို့ သေချာတော့ တာဘဲ။ ဒီနေရာမှာ မှတ်ထားဘို့က အယူမှား, အစွဲမှား ဖြစ်တဲ့ ငါစွဲကို ဖြုတ်နိုင်ဘို့ အရေးကြီးတယ်။

ဒီတော့ (**သင်နည်းမှတ်ချက်**) အနေနဲ့ မှတ်ထားဘို့က။

၁။ အမိကို သတ်သောကံ။
၂။ အဘကို သတ်သောကံ။
၃။ ရဟန္တာကို သတ်သောကံ။
၄။ ဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်သောကံ။
၅။ သံဃာကို သင်းကွဲအောင် ပြုလုပ်သောကံ။
၆။ အရိယူပဝါဒန္တရာယ်၊ အရိယာပုဂ္ဂိုလ်သူတော်စဉ်များ အရှက်ကွဲ, အကျိုးနည်းအောင် ပြုလုပ်သောကံ။

ဒီ ကံ ၆-ပါးက လွတ်ရင်၊ ဒိဋ္ဌိစွဲလဲ မရှိရင်၊ ဦးပဥ္စင်းကြီးတို့ အပါယ် မကျနိုင်တော့ပါ။ ဒီတော့ မဂ်တရား ဖိုလ်တရားကိုရတာ မရတာ၊ အသာ, ထားပါအုန်း။ ဒီ အစွဲ ကြီးတွေ ကျွတ်အောင် မကြိုးစားထိုက်ဘူးလား။

ဒါကြောင့်မို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက (ဣဓ၊အသုတဝါ ရှုပံ၊ အတ္တတော၊ သမနုပဿတိ) ဆုမ္မတော် မူခဲ့တာပါ။

**သံသရာ လည်ပုံ။** ဒီတော့ သံသရာလည်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကြီး လှဲတယ်ဆိုတဲ့ သဘာဝကို စဉ်းစားကြည့်ပါဦး။

သံသရာဆိုတာဟာ....

(၁) အတိတ်အကြောင်းစက် ဖြစ်တဲ့ အကြောင်း ဇနကကံ။
(၂) ပစ္စုပ္ပါန် အကျိုးစက်ဖြစ်တဲ့ အကျိုး ဇနက ကံ။
(၃) ပစ္စုပ္ပါန် အကြောင်းစက် ဖြစ်တဲ့ အကြောင်း ဥပထမ္ဘက ကံ။

ဒီလို ဇနက ကံနဲ့ ဥပထမ္ဘက ကံ ဆက်နေတာကို သံသရာလို့ ခေါ်တယ်။

အတိတ် အကြောင်းစက်ဖြစ်တဲ့ ဇနက ကံကြောင့် ပစ္စုပ္ပန်မှာ ခန္ဓာငါးပါး ရုပ်ကောင်ကြီး ဖြစ်လာတာပါ။ ဒီတော့ ပစ္စုပ္ပန်မှာ ခန္ဓာငါးပါး အကျိုးကောင်ကြီးလဲ ရလာရော။ အဲဒါ ဒါန၊ သီလ စတဲ့ ကုသိုလ်ကောင်းမှုတွေ ပြုလာရတော့တယ်။ အဲဒါ ပစ္စုပ္ပန် အကြောင်းစက်ဆိုတဲ့ အကြောင်း ဥပထမ္ဘကကံ ဖြစ်လာတယ်။

ဒီတော့ ဇနက ကံကို ဥပထမ္ဘက ကံက ကျွေးကန်ပေးတဲ့သဘော အထောက်အပံ့ပေးတဲ့ သဘော ရှိတယ်။

ကံ ဆိုတဲ့ သဘာဝဟာ အင်မတန်မှ ကျယ်ဝန်း ပါတယ်။ ကြီးကျယ်ပါတယ်။ သူ့အနေနဲ့က စိတ္တဇ, ဥတုဇ, အာဟာရဇ, ဆိုတဲ့ ရုပ်ကြီးတွေကို ကြိုးကိုင်နိုင်တဲ့ သတ္တိ ရှိတယ်။

အတိတ် အကြောင်းစက် ဖြစ်တဲ့ ဇနကကံ ဆိုတာ အတိတ် ဘဝက ဒါန၊ သီလ၊ အစရှိ သဖြင့် ပြုလုပ်ခဲ့တဲ့ (အတိတ်ကံ)ကို ယူပါ။

(စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ)လို့ ဘုရားဟော ရှိတယ်။ စေတနာ ၃-တန် ပြဋ္ဌာန်းပြီး ပြုလုပ်တဲ့ အဲဒီ စေတနာလေး ကိုဘဲ ကံလို့ ခေါ်တယ်။

ဒီတော့ ဟို အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ အလှူဒါန တခုဟာ စေတနာ ၃-တန် ပြဋ္ဌာန်းပြီး အစ, အလယ်, အဆုံး ညီညီညွတ်ညွတ် ထက်ထက်သန်သန်နဲ့ ပြုလုပ် ခဲ့တယ် ဆိုရင် အခု ပစ္စုပ္ပန်မှာ အကျိုးဇနက ကံ အနေနဲ့ ပြည့်ပြည့်ဝဝကြီး အစွမ်းကုန် အကျိုး ပေးတော့တာပါဘဲ။

ဒီနေရာမှာ အကျိုး ဇနက ကံ ဖြစ်တဲ့ ဒီ ခန္ဓာ ငါးပါးကောင် ကြီးဟာ သူ့အနေနဲ့ ဟို အတိတ် ဘဝက သူလှူခဲ့တဲ့ အလှူ ဒါန ကြီးရဲ့ အပေါ်မှာ ရပ်တည်နေတယ်။ (ဝါ) အမှီပြု နေတယ်။

ဒီတော့ ခုခေတ် လူ့ သက်တန်းကို (၇၅) နှစ် သက်တန်း အနေနဲ့ ထားပြီး တွက်ကြည့်ရင် အတိတ်ဘဝတုန်းက အလှူအတန်း ပြုလုပ်ခဲ့တဲ့ အခါမှာ စေတနာ သုံးတန် မညီညွတ်ဘဲ၊ ချို့တဲ့မှု အကြောင်းတွေနဲ့ ပြုလုပ်ခဲ့တဲ့အတွက် သူ့မှာဇနက ကံရိပ်အနေနဲ့ (၇၅)နှစ် သက်တန်း စေ့အောင် မနေရတော့ပါ။ အဲဒါ အနှစ် (၃၀, ၄၀) စသည်ဖြင့် နေရတော့တယ်။

အကြောင်း ဇနက ကံက ပြစ်ချလိုက်လို့၊ ယခုပစ္စုပ္ပါန်မှာ ရရှိနေတဲ့ ဒီခန္ဓာငါးပါး အကျိုးကောင်ကြီးကို ဥပထမ္ဘကကံအနေနဲ့ အထောက်အပံ့ ပေးနိုင်ရင် (ဝါ) ဆရာကောင်းနဲ့ တွေ့လို့ ဆရာသမားရဲ့ အဆုံးအမ အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်မယ် ဆိုရင် အဲဒါ သက်တန်းစေ့အောင် နေရပါတယ်။

ဥပထမ္ဘက ကံအနေနဲ့ မထောက်ပံ့နိုင်ရင် အဲဒါ "ဆီးမီးခွက်ထဲမှာ ဆီကုန်သွားတော့ မီးငြိမ်းသွားသလို"ပါဘဲ။

ဒီတော့ ဥပထမ္ဘက ဆိုတဲ့ ထောက်ပံ့မှု ကံကလေး တွေကို လုပ်ပေးတတ်ရတယ်။ ဒီလို လုပ်တတ်အောင်လဲ ဆရာကောင်းကို မှီဝဲဆည်းကပ် ကိုးကွယ်ရတယ်။

ဒီတော့ ကံချုပ်တော့မယ် ဆိုရင် (ဝါ) မရဏာသန္နဇော စောပြီဆိုရင် ဥပါဒါန် အစွဲ တခုခုနဲ့ ကံ, ကမ္မနိမိတ်၊ ဂတိနိမိတ် အနေနဲ့ ယူပြီး ဘဝသစ်ကို တခါထဲ ရောက်သွားတော့တယ်။

**စဉ်းစားရန် အချက်။** ဒီနေရာမှာ ဥပါဒါန် အစွဲ ဆိုတာကို စဉ်းစားပါ။ ရုပ်သည်-ငါ၊ ငါသည်-ရုပ်၊ ရုပ်၌-ငါရှိ၏၊ ငါ၌-ရုပ်ရှိ၏ ဒီအစွဲလေးချက်ထဲက တခုခု မကပ်နိုင်ဘူးလား။ ဒီတော့ ဥပါဒါန်ရဲ့ အရိပ်မှာ ကိုဘဲ ဒီအစွဲ ဒိဋ္ဌိကြီးတွေဟာ ကပ်နေပါတယ်။

ဒီတော့ ဘာဘဲလုပ်လုပ် ဘာတရားကိုဘဲ အားထုပ်ထုပ် တဏှာ ငါ၊ မာန-ငါ၊ ဒိဋ္ဌိ-ငါ ဆိုတာ တွေနဲ့ လက်မောင်း တန်းပြီး နေကြရင် (ဝ၁) အစွဲမပြုတ်ကြသေးရင် ဘယ်မှာ အပါယ် ၄ ပါးက လွတ်နိုင်မလဲ။ အပါယ်လေးပါးကို ကျကြရဦးမှာဘဲ မဟုတ်လား။ အစွဲလေးချက်ကို ပြုတ်တော့မယ် ဆိုရင် ပထမဦးဆုံး ရဟန်းတော် များမှာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသောပစ္စည်းတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး သုံးဆောင် ကြရမယ်။ လူပုဂ္ဂိုလ်များ အနေကတော့ နေရေး, ထိုင်ရေး, ဝတ်ရေး, စားရေး တို့ကို ဆင်ခြင်ရမယ်။ အဲဒါ ဘယ်လို ဆင်ခြင်မလဲ ဆိုရင် တချို့ကတော့ အာဟာရကလဲ ဓါတ်လေးပါး၊ သုံးဆောင်တဲ့ ခန္ဓာကိုယ်ကြီးကလဲ ဓါတ်လေးပါး၊ ဒါလောက်သာ ဆင်ခြင်နိုင်တယ်။

ဒီတော့ ဒီလောက်ကလေး ဆင်ခြင်ရုံမျှ၊ ထင်မြင်ရုံမျှနဲ့ အနတ္တ သဘာဝ မရောက်သေးဘူး။ ဒီတော့ ကြိုးစားကြပါ။ ဆရာတော် အနေနဲ့ ပညာသဘော ညွှန်ကြား,ပြသ,ဆုမ္မတို့ဘဲ တတ်နိုင်တယ်။ အဲဒါ ကိုယ်ကိုယ်တိုင် အားထုတ် ကြိုးစား ကြရမှာ မဟုတ်လား။ ဆရာတော် အနေနဲ့က ၄-ပုံ တပုံသာ ဟောကြားလို့ ရမယ်။ ဦးပဥ္စင်းကြီးတို့က ကျန်တဲ့ သုံးပုံကို ကြိုးစားယူကြပါ။

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စတဲ့ ရဟန်းရဲ့ အသုံး အဆောင်ကို ဆင်ခြင်မှု မရှိတဲ့ အတွက် ဘုရားရှင် လက်ထက်က တိဿ'ဆိုတဲ့ ရဟန်းကြီးဟာ သူ့နှမကလှူတဲ့သင်္ကန်းကို ငါ့သင်္ကန်း ဆိုတဲ့ အစွဲအလမ်းကြောင့် သေတဲ့အခါမှာ အဲဒီသင်္ကန်းမှာ 'သန်း' လာဖြစ်ရတယ်။

**သတ်ဆေး။** ဒီတော့ ဥပါဒါန် အစွဲတရားကြီး မကပ်နိုင်အောင် သတ်ဆေးကတော့—

— သုညတော ပရတောစေဝ၊ ပဿေ အဝသဝတ္တနတော၊
အသာရတော ဝိဓါခန္ဓေ၊ သက္ကာယဒိဋ္ဌိံ ပဟာတဝေ။

သက္ကာယဒိဋ္ဌိ ၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ ဖေါက်ပြန်စွဲမှား သက္ကာယဒိဋ္ဌိ တရားကြီးကို၊ ပဟာတဝေ၊ ပါယ်နှုတ် ခြင်းငှါ သုညတော၊ သုဉ်းဆိတ်တဲ့ အနေအားဖြင့်ရင်း။

ပရတော၊ ကိုယ်နှင့်မဆိုင်၊ ကိုယ်ပိုင်မဟုတ်။ တစိမ်းသွင်သွင် ရှေပြင်ပြင်အားဖြင့်ရင်း။

အဝသဝတ္တနတော၊ အစိုးမရ၊ အလိုသို့ မလိုက်သော အားဖြင့်ရင်း။

အသာရတော၊ အနှစ်အသား မရှိတဲ့ အနေအားဖြင့်ရင်း။

ဝေ၊ ဤသို့။ ဝိဓါ၊ ပညာရှိ တို့သည်။ ခန္ဓေ၊ ပဉ္စသမုပ္ပါဒ် မန္တာတို့ကို။ ပဿေ၊ မြင်အောင် ရှုရာ၏ လို့ ဟောကြားတော် မူပါတယ်။

ဒီတော့ ဓါတ်လေးပါး၊ ဓါတ်ဂပါး ဆိုတဲ့ သဘာဝ တွေကို သုညတ အနတ္တ၊ ပရတ အနတ္တ၊ အဝသဝတ္တန အနတ္တ၊ အသာရက အနတ္တ အနေနဲ့ ညာဏ်ရောက်လာအောင် နာကြားကြတဲ့ ပုဂ္ဂိုလ် များက နား ကြီးကြီးနဲ့ အရှိအသေ အလေးအမြတ်ပြုပြီး နေ့မပျက် ရက်မပျက် ကြိုးစား နာယူ နိုင်ကြ ပါစေ....လို့ ဆရာတော် မေတ္တာ ပြုပါတယ်။ ကဲ.... သာဓု ခေါ်ကြပါ။

" သာဓု–သာဓု–သာဓု "

## ဝါဆိုလပြည့်ကျော် (၁၂) ရက်နေ့ ဟောစဉ်

**အဝိဇ္ဇာ,တဏှာ,ကံ နှင့် အစွဲ ၄-ချက် သဘော**

ကိုင်း.... မနေ့က ဟောလိုက်တဲ့ ( ရုပ်၌ ငါရှိ၏)၊ (ငါ၌ ရုပ်ရှိ၏) ဆိုတဲ့ အစွဲမှာ "ငါ၌ ရုပ်ရှိ၏" ဆိုတဲ့ အစွဲဟာ အပါယ် ၄-ပါးကို ကျမဲ့ အစွဲပါ၊ သူ့မှာ အဝိဇ္ဇာ - တဏှာ - ကံ - တို့ဟာ ကျပ်ပြည့် တင်းပြည့် အနေနဲ့ ပါနေတဲ့ ဥပါဒါန် ရေသောက်မြစ် ရှိတယ်။

**ရုပ်သည် ငါ** ဆိုတာက **သညာရဲ့ အမှတ်လေးနဲ့** မှတ်လာတာ ဖြစ်ခြင်းကြောင့် သူ့မှာ **အဝိဇ္ဇာရေသောက်**မြစ်ရှိနေတယ်၊အဝိဇ္ဇာ ကလဲ'**ငါ**'ဆိုတဲ့"တဏှာလေး"ကို သွားဆွဲလိုက်ရော "တဏှာ" က တခါပြန်ပြီးတော့ **ငါသည် ရုပ်** ဆိုပြီး ပြန်ဆွဲလာတော့တယ်။

အဲဒါ ပဋိစ္စ သမုပ္ပါဒ်ကြီးကို ကြည့်တဲ့ အခါမှာ ရှေ့ ၆-ခုမှာ **အဝိဇ္ဇာ** ဖြစ်ပြီး၊ နောက် ၆-ခုမှာ **တဏှာ**ဖြစ်လာတယ်။ရှေ့ ၆-လုံး ဆိုသည်မှာ"အဝိဇ္ဇာပစ္စယာ"ကနေစပြီး ဝေဒနာအထိ ရှေ့၆လုံးဟု ယူ၊ နောက် ၆-လုံးကတော့ ကျန်တာကိုယူပါ၊ ဒါကြောင့် ရှေ့ ၆-လုံးဟာ စက်ရဟတ်ဘီးကြီးဖြစ်ပြီး အစပြု လယ်လာတယ်။နောက် ၆-ခုဟာလဲ စက်ရဟတ်ဘီးကြီးကို အရှိန်ဖြစ်၍ သံသရာကြီးဟာ အစဉ်မပြတ် လည်နေတော့တာဘဲ။

ဒီတော့ (အဝိဇ္ဇာက အတိတ်သဘော) (တဏှာက အနာဂါတ် **သဘော**) ( ပစ္စုပ္ပန်ကြတော့ **ကံ**သဘော) ဖြစ်လာပြီ၊ ဒီကနေပြီး **ကမ္မဘဝ** မျိုးစေ့ချတာပါဘဲ၊ အဲခါကို ပစ္စုပ္ပန်လို့ ခေါ်တယ်၊ "အသွား အပြန်"လဲဖြစ်ရော "ရုပ်၌ ငါရှိ၏"ဆိုပြီး ကံမျိုးစေ့လေး ချလာတယ်။

အဝိဇ္ဇာ,တဏှာ,ကံ,တို့လဲ တပြိုင်တည်းဖြစ်လာရော၊ ဥပါဒါန် ကြီးဟာ ဘွားဘွားကြီးပေါ်လာတော့တယ်။ အဲဒါ"ငါ၌ရုပ်ရှိ၏" ဆိုပြီး ပြင်းပြင်းထန်ထန်ဖြစ်လာတော့တယ်၊ ဥပါဒါန်,က၊ ဘဝ,ကို ကြည့်နေပြီး ( ဥပါဒါန ပစ္စယာ ဘဝေါ ) ဆိုပြီး ပဋိစ္စသမုပ္ပါဒ် လည်တော့မယ် မဟုတ်လား။

"ရုပ်သည် ငါ" ဆိုတာ သူ့ရဲ့ ရေသောက်မြစ်ဟာ **အဝိဇ္ဇာပါ ဘုံ**အားဖြင့် ယူရင် **အရူပဘုံ**ကိုယူပါတယ်၊ ဒီအရူပဘုံကို ပိဋကတ်တော်များက ဖွင့်လာတဲ့အခါမှာ သဿတဒိဋ္ဌိနှင့် ယှဉ်တဲ့ တဏှာ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တဲ့ တဏှာဆိုပြီး ဖွင့်လာကြတယ်။

ဒီတော့ အရူပဘုံဟာ **နာမ်ပေါ်မှာ အနှစ်အသား** အနေနဲ့ ဆွဲယူထားတာဖြစ်ခြင်းကြောင့် သူတို့ရဲ့ဘုံမှာ ရူပက္ခန္ဓာကို မရကြပါ၊ နာမက္ခန္ဓာ ၄-ပါးသာလျှင် ရကြတယ်၊ အာဠာရ နှင့် ဥဒက ရသေ့တို့ဟာ ဒီအစွဲ ၄-ချက်မှာ ဘယ်အစွဲရှိနေသလဲဆိုရင် ရုပ်ပေါ်မှာ ငါရှိ၏ ဆိုပြီး စွဲယူနေကြတယ်။

နေဝသညာ နာသညာ ယတနာဘုံ ဆိုတာ သညာဆိုတဲ့ အမှတ်လေးဟာ ဘယ်လောက် အားသေးသွားသလဲ၊ သူ့မှာ တချက်သာလျှင် ရှိတော့တယ်၊ သူတို့မှာ ဝိစိကိစ္ဆာလေး တလုံးသာ ခံနေကြတယ်။

အဲဒါ သူတို့ ရတဲ့ စျာန်သမာပတ်နဲ့ ပရမတ် သဘာဝကို မမြင်နိုင်ပါ။ ဒီ အာဠာရ, ဥဒက ရသေ့ကြီးတို့ဟာ ပဋ္ဋိစ္စသမုပ္ပါဒ်ရဲ့ သဘာဝ အနတ္တကို မတွေ့ခြင်းကြောင့် **သညာ**ကို မချ နိုင်ပါ။ ရထားတဲ့ အဘိညာဉ် တွေကို အနှစ်အသား အနေနဲ့ ဆုတ်ကိုင်ထားတယ်။ သူတို့မှာ "ရုပ်" တရားမရှိသည့် အတွက် **သညာ**ကို ကျပ်ပြည့် တင်းပြည့် အနေနဲ့ အစွဲကြီး စွဲနေကြတယ်။

လူ့ဘုံမှာကြတော့ ရုပ်ကြမ်းကြီးလဲ ရှိတယ်။ ရုပ်နုလဲ ရှိတယ်။ အရူပဘုံကြတော့ ရုပ်မရှိခြင်းကြောင့် သညာလေးဟာ မထင်ရှားနိုင်တော့ဘူး။ **သညာ**ဟာ **ရုပ်**ရဲ့ အပေါ်မှာသာလျှင် အားရှိတယ်။ သညာရဲ့ အမှတ်ဟာ ရုပ်တရားပေါ်မှာ ရှိတယ်။

အရူပဘုံကြတော့ နာမ်တရားသာရှိပြီး ရုပ်တရားမရှိခြင်းကြောင့် **သညာ**လေးဟာ **အာရုံ** အနေမျှသာ ရှိတော့တယ်။ ဒီတော့ သမာပတ်ကြီး ကြလာတော့ရင် သညာဟာ ရှိတယ်လို့လဲ မဆိုနိုင်၊ မရှိဘူးလို့လဲ ဝန်မခံ နိုင်ပါ။ အဲဒီတော့ သူ့မှာ အဝိဇ္ဇာရုပ် ခံနေခြင်းကြောင့် သညာကထွက်မဲ့ ပရမတ်ကို သူ့မှာ မမြင်နိုင်ဘူး။

ဒီတော့ **သညာ**ဟာ ဘယ်အနေနဲ့ ရှိသလဲဆိုရင် "သိမ်မွေ့သော **သညာ**သာ ရှိတော့တယ်။ အဲဒီ သဘာဝလေးကို မြင်လိုက်ရင် ဥပမာ မီးကို တခါမှုတ်ဘဲ ရှိတော့တယ်။

တချက် မှုတ်လိုက် တာနဲ့ မီးဟာ ဟုန်းကနဲ ထ,တောက် တော့မယ်။ ဒါပေမဲ့ ဒီအရူပ ဘုံကို ဘယ်ပုဂ္ဂိုလ်မှ "တရားသံ" ကြေးကြော်မဲ့ ပုဂ္ဂိုလ် မရှိခြင်းကြောင့် ဝိပဿနာကို 'ဆင်း'ခြင်လျှင် (ဝါ) ဝိပဿနာကို အားထုပ်လိုလျှင် အဲဒါ 'သင်ပုန်းကြီး'ကို ပြန်ဆင်းရမှာဘဲ။ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကနေပြီး 'စ'ရမှာဘဲ။

အဲဒါကြောင့် သူတို့မှာ အဝိဇ္ဇာရိပ်လေး ရှိနေတယ်။ အဲဒါ ဘယ်အနေနဲ့ ရှိသလဲ ဆိုရင် ဦးပဥ္စင်းကြီး တို့က ရုပ်ပေါ်မှာ ထောက်ပြီး ရှိနေကြတယ်။ သူတို့ကြတော့ နူးညံ့တဲ့ **သညာ**လေး အနေနဲ့သာ ရှိတော့တယ်။ အဲဒါကို 'ရှိတယ်လို့'လဲ မဆိုဘူး။ 'မရှိဘူး'လို့လဲ မဆိုဘူး။ အဲ့ဒါ **အဝိဇ္ဇာရိပ်**လေးဘဲ မဟုတ်လား။

အဲဒါ အနုသယလေးကို မပယ်နိုင်ခြင်းကြောင့် ဝိပဿနာကို လိုခြင်ရင် (ဝါ) အားထုတ်ခြင်ရင် ဒီနာမရူပ ပရိစ္ဆေဒ ဉာဏ်ကိုဘဲ ပြန်ဆင်းရမှာဘဲ။ သူတို့မှာ 'ရုပ်သည်-ငါ'ဆိုတဲ့ 'အစွဲ'က တုပ်ထား တယ်။ အဝိဇ္ဇာလေးကို မပယ်နိုင်သည့် အတွက် ဒီအာဠာရ, ဥဒက ရသေ့ကြီးတို့ဟာ ဘဝဆုံး ရှုံးရတော့တာဘဲ မဟုတ်လား။

ဒါကြောင့် ပရိယတ်တတ်တဲ့ သူကိုလဲ အထင်မကြီးနဲ့။ သမာပတ် (၈)ပါးရတဲ့ ပုဂ္ဂိုလ်ကိုလဲ အထင်မကြီးပါနဲ့။ တနေ့ ဒီ**သင်ပုန်းကြီး** ကိုဘဲ ပြန်ဆင်းရမှာဘဲ။ ဒီတော့ "ဗြဟ္မာဖြစ်သော်လဲ တဝင်းဝင်း ဝက်စားကျင်းမှာလဲ တရှုတ်ရှုတ်"ဆိုပြီး ရှင်အာနန္ဒာကို ဆုံးမတော် မူခဲ့ပါတယ်။

ဒီတော့ ဗြဟ္မာကြီးတွေဟာ နိဝရဏတရားတွေကို**ဝိက္ခမ္ဘနပဟာန်** နဲ့ခွါထားတဲ့အတွက် အပါယ် ၄-ဘုံကို တခါထဲ မရောက်နိုင်ပါ၊ အပါယ်ကို ကျမယ်ဆိုရင် အဲဒါ ကာမသုဂတိ (၇) ဘုံမှာ, "တထောက်နား,"ရသေးတယ်၊ ဒီကနေပြီးတော့မှ အပါယ် ၄-ဘုံသို့ ကျရတယ်။

"ဒီ ကာမသုဂတိ(၇)ဘုံကတော့ နိဝရဏတရားတွေကို ဝိက္ခမ္ဘန အနေနဲ့ မပယ်နိုင်ခြင်းကြောင့် တခါထဲ အပါယ် ၄-ဘုံကိုကျရ တယ်၊ ဒီတော့ ဖြဟ္မာကြီးတွေမှာပါဝါကတော့ရှိပါတယ်၊ ကိုင်း.... အခု ရှင်းပြလိုက်တာက 'ရုပ်သည်-ငါ' ဆိုတဲ့ အစွဲပါ။ ဒါကို တခါ ပြန်ပြီး 'ဆွဲ'လိုက်တော့ 'ငါသည်-ရုပ်ရှိ၏'လို့ ပြန့်လာပြန်ပြီ။

ဒီတော့ အရူပ ဖြဟ္မာကြီး တွေဟာ သူတို့မှာ သညာ လေးသာ ရှိခြင်းကြောင့် 'ရုပ်သည်-ငါ'လို့သာ သူတို့ ယူနိုင် ကြတယ်။ ရေသောက်မြစ် အနေနဲ့တော့ အဝိဇ္ဇာကြီး ဖြစ်နေတယ်။ ကိုင်း.... ဒါကို နားလည်ရင် ရှေ့ကို တခါ ဆက်ကြဦးစို့။

'ငါသည်-ရုပ်' ဆိုတာ **ငါသည်**'လို့ ဆိုလိုက်တာသည်ပင်လျှင် **ပညတ်**ဘဲ မဟုတ်လား။ အဲဒါ **သမုဒယသစ္စာ** သဘောပါ။ ဒီတဏှာ သဘောလေးက 'ငါသည်-ရုပ်' ဆိုတာက ပြန်ပြီး အဝိဇ္ဇာက ဆွဲနေကြတယ်။

"**ငါသည်**" ဆိုတာက **သမုဒယ သစ္စာ** "**တဏှာ သဘော**" **ရုပ်**ဆိုတာက **ဒုက္ခသစ္စာ** "**အဝိဇ္ဇာသဘော**"၊ အဲဒါ (ငါသည်ရုပ်) ဆိုတာ တဏှာရေသောက်မြစ်။ ဘုံ့အားဖြင့် ယူလျှင် ရူပဘုံကိုယူ၊ ဘာကြောင့် ယူရသလဲ ဆိုရင် ရုပ်ပေါ်မှာ စွဲတာ ဖြစ်ခြင်းကြောင့် အဲဒါ ရုပ်ပေါ်မှာ ပြဌာန်းပြီး စွဲတာ။ အဲဒါကြောင့် သူ့မှာ ရူပဘုံမှာ ရေသောက်မြစ် ရှိတယ်။ အဲဒါ တဏှာ သဘောပါ။

**ငါသည်** ဆိုတဲ့ ရေသောက်မြစ် ရှိတဲ့ အတွက် တဏှာ ရေသောက်မြစ်ကို လာပြီး ဆွဲပြန်တယ်။ ရူပါဝစရ စိတ်ကို တွက်လိုက်ရင် ပထမစျာန်စိတ်, ဒုတိယစျာန်စိတ်, တတိယစျာန်စိတ်, စတုတ္ထစျာန်စိတ်, ပဥ္စမစျာန် စိတ်ဘဲ ရှိတယ်။ ဒီတော့ ပဥ္စမစျာန် စိတ်ကို စတုတ္ထစျာန်စိတ်ထဲ ထည့်လိုက်ရင် အဲဒါ ရူပါဝစရစတုက္က နည်းလို့ ခေါ်တယ်။

အဘိဓမ္မာနည်းကြတော့ စျာန်ငါးပါးလုံးကိုယူရတယ်။ သုတ္တာန် နည်းကြတော့ ရူပါဝစရစတုက္က နည်းလို့ ယူရပါတယ်။ ဒီတော့ သမာပတ် (၈)ပါး ဆိုတာ ရူပါဝစရ စတုက္ကနည်း ထဲမှာ အရူပ စျာန် (၄)ခု ထည့်လိုက်တော့ စျာန် (၈)ခု ဖြစ်လာတယ်။ အဲဒါကို သမာပတ် (၈)ပါးလို့ ခေါ်တယ်။

သမာပတ် (၉)ပါးကြတော့ ရူပါဝစရစျာန်က (၅)ပါးလုံးကို ယူရပါတယ်။ အရူပစျာန်က လေးပါး ပေါင်းတော့ (၉)ပါး။ အဲဒါ သမာပတ် (၉)ပါးလို့ခေါ်တယ်။ ဒီတော့ စျာန်ဝင်စားတယ် ဆိုတာ ရှေးဦးစွာ ပထမစျာန်ကို အရင် ဝင်စားရတယ်။ ဒီစျာန် ရပြီဆိုတာနဲ့ အဲဒါ စိတ်ဝိညာဏ်ကြီးဟာ ကြည်လင် လာပါတယ်။

သည့်ပြင် စိတ်တွေ ဝင်မလာ နိုင်အောင် အဲဒီလို စျာန်တွေ ဝင်စား လာရတယ်။ ဒီကနေ ဝိပဿနာကို ကူးပြီး ဆင်ခြင်လာ ရတယ်။ အဲဒါ ညာဏ်စဉ် အတိုင်း ဆင်ခြင်လာရင် သောတာပတ္တိ မဂ်ကို ရနိုင်ပါတယ်။

အချုပ်ကို ပြောရမယ်ဆိုရင် ဒီအစွဲကြီး လေးချက်ဟာ လိုက်နေ တာဘဲ။ သို့သော် ဘုံအားဖြင့် ဝေဘန်ပြီး ပြတဲ့အခါမှာ ရူပါဝ စရဘုံမှာက "ငါသည်-ရုပ်"ဆိုတဲ့ အစွဲကြီးရှိတယ်။ ဒါကို ပြန်လှန် လိုက်ရင် "ရုပ်သည်-ငါ" ဆိုပြီး ဖြစ်လာ တာဘဲ မဟုတ်လား။ ဒီတော့ ဗြဟ္မာကြီးတွေမှာလဲ ဒီအစွဲလေးချက်ဟာ လိုက်ပြီး တုပ်နေ တာဘဲ။ တချက်တုပ်လိုက်တာနဲ့ လေးချက်လုံး ဖြစ်လာတာဘဲ။

ဒါကြောင့် (၃၁)ဘုံကြီးမှာ (ဝါ) သံသရာကြီးထဲမှာ အန္ဓ ပုထုဇဉ်အဖြစ်နဲ့ ပြေးသွား နေတာ မှန်ရင် ဒီအစွဲ လေးချက်ဟာ လိုက်တုပ် နေတာဘဲ။ အခု ဦးပဉ္စင်းကြီး ဘာပြုလို့ သင်္ကန်း ဝတ်တာလဲလို့ မေးရင်၊ အဲဒါ အပါယ် ကျမှာ ကြောက်လို့ မဟုတ်လား။ ဒီဘာ့ကြောင့်၊ ညာ့ကြောင့် ဆိုတဲ့ 'ကြောင့်' ဆိုတဲ့ အစွဲလေး ပြုတ်အောင် ဘယ်လို လုပ်မလဲ။

ဒီ'ကြောင့်' ကိုမှ မဖြုတ်နိုင် သေးရင် ဘယ်မှာ ဒီတရားကို 'တက်'လို့ ရမှာလဲ။ အဲ့ဒါ "နာကောင်းရုံဘဲ" ရှိတယ်မဟုတ်လား ပညာဆိုတာ ဒီလိုလုပ်ရုံနဲ့ မရဘူး။

ပညာရဲ့သဘော ဆိုတာဟာ 'ကြွေတလက် ကြက်တခုံ' လိုဘဲ အလွန်လျှင်မြန်တဲ့ သဘောလေးပါ။ ဘုရားရှင် ကိုယ်တော်မြတ် ကြီးက ပညာရဲ့သဘောဟာ အလုပ်စခမ်းအနေနဲ့ပေးလို့မရဘူး၊ သညာဝိညာဏ်ကိုသာ အလုပ်စခမ်း ပေးလို့ရတယ်။

စားရင်း, နေရင်း, သွားရင်း, လာရင်းနဲ့ဘဲ ဒီပညာလေးကို ရနိုင်တယ်လို့ ဟောကြားတော် မူခဲ့တယ်။ ဒီတော့ ‘ကြောင့်’ဆိုတာ လွတ်အောင် ဦးပဥ္စင်းကြီး ဖြေစမ်းပါ။ ဒါကို ဖြေနိုင်ရင် ဒီပုံစံမှာ တရားခံကို ထုတ်ပြပေးမယ်။

ဒီတော့ ပုံစံမှာရှိတဲ့ အစွဲလေးချက်ကို ဘာနဲ့ဖြုတ်မလဲ။ သညာ ဝိညာဏ်နဲ့ ကြည့်လိုက်ရင် (ရုပ်သည်)ဆိုတဲ့ သဘောလေး ရှိနေလို့ အစွဲကြီးတွေဟာ လာပြီး ‘စွဲ’ နေတာ မဟုတ်လား။ ရုပ်မရှိရင် ဒီအစွဲလေးချက်ဟာ တခါထဲ ကျွတ်သွားလိမ့်မယ်။

(ရုပ်သည်) ဆိုတဲ့ သဘာဝကို ကြည့်လိုက်ရင် **အပါယ်ကျမှာ ကြောင့်** လို့ ဆိုတဲ့ (ကြောင့်) ရှိနေလို့ စွဲနေတာ။ ဒါကြောင့် ဒီ‘**ကြောင့်**’ကို လွတ်အောင် ရှာရမယ်။ ကိုင်း ဖြုတ်လို့ရတဲ့ဟာကို လက္ခဏာရေး ပစ္စုပ္ပန် ပဒဋ္ဌာန်ကိုကြည့်ပြီး။ အဲဒီအချက်၄-ချက်ကို ပြန်ကိုင်ရမယ်။

အဲဒီ လေးချက်နဲ့ (ရုပ်သည်)ဆိုတဲ့ဟာကို မောင်းထုတ်ရမယ်၊ အဲဒါကို ဘာနဲ့ချေရမလဲဆိုရင် ၅ာန်လေးချက်နဲ့ ချေရတော့မယ်။ ဒီတော့ ဝိသုဒ္ဓိ ၇-ပါး တက်စဉ်ကိုလဲ နားလည်ထားရမယ်။

**သင်နည်း မှတ်ချက်။**

၁။ သီလ ဝိသုဒ္ဓိ။
၂။ စိတ္တ ဝိသုဒ္ဓိ။
၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ။
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။
၅။ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ။
၆။ ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ။

၇။ ဉာဏ ဒဿန ဝိသုဒ္ဓိ။ ဒီ (၇)ပါး တက်စဉ် အတိုင်း တက်လာရမယ်။ အဲဒါ ဉာဏ ဒဿန ဝိသုဒ္ဓိကြမှ မဂ်ကို ရမယ်။ ဒီတော့ အခု **သုဒ္ဓဝိပဿနာ ယာနိက လမ်း**ကို တက်မဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ နံပါတ်(၃) ဖြစ်တဲ့ ဒိဋ္ဌိ ဝိသုဒ္ဓိ တက်စဉ်က နေပြီးတော့ သုတမယ ပွားစီးပြီး စ,တက်ရမယ်။ သီလဝိသုဒ္ဓိ ဆိုတာလဲ အဲဒီ သီလကို ဆောက်တည်တာ ခေါ်တယ်။

စိတ္တ ဝိသုဒ္ဓိ ကြတော့လဲ အဲဒါ ၄၀ - သော သမထ တွေကို 'မှုတည်' ထားပြီး တက်တာ ဖြစ်ခြင်းကြောင့် သူ့ကိုလဲလုပ်ဘို့ မလိုတော့ဘူး။ ဒိဋ္ဌိ ဝိသုဒ္ဓိက စ ပြီး တက်ရမယ်။ ဒီထဲမှာ **သီလနဲ့ စိတ္တဟာ** ပါပြီးသား ဖြစ်နေပြီ။ ဒါကြောင့် ဒိဋ္ဌိဝိသုဒ္ဓိက စပြီး လုပ်ရမယ်။ အစွဲလေးချက်ကို အရင်ဖြုတ်ရတော့မယ်။

(လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန၊ ပဒဋ္ဌာန ဝသေန၊ နာမရူပ ပရိဂ္ဂဟော၊ ဒိဋ္ဌိဝိသုဒ္ဓိနာမ) ဆိုတဲ့ အတိုင်း လက္ခဏသဘော၊ ရသ သဘော၊ ပစ္စုပဋ္ဌာန် သဘော ဒီသဘာဝ လေးချက်နဲ့ ဉာဏ် ရောက်ရမယ်။ အဲဒါ နက်ဖြန်မှ ပုံစံနဲ့တကွ ဆရာတော်ရှင်းပြမယ်။

ကိုင်း.... သာဓု ခေါ်ကြပါ။

" **သာဓု — သာဓု — သာဓု** "

# ပုံစံ နံပါတ်(၆)



# ပုံစံ နံပါတ် ( ၆ )

## ဝါဆိုလပြည့်ကျော် ( ၁၃ ) ရက်နေ့ ဟောစဉ်

**ပထမစိတ်ကို ဌာန်လေးချက်နှင့် ဝေဘန်ပုံ**

ဒီတော့ သဘာဝကို သိမ်းဆည်းတဲ့ အခါမှာ ဒီ "ဌာန် လေးချက်" နဲ့ သိမ်း ဆည်း ရမယ်။ **လက္ခဏ သဘော** ဆိုတာ "သာမညံဝါ သဘာဝေါဝါ လက္ခဏံ နာမ"၊ သာမညံဝါ၊ အများနှင့် ဆက်ဆံခြင်းသည်ဎင်း။ သဘာဝေါဝါ၊ သဘောတရားသည်ဎင်း။ လက္ခဏံနာမ၊ လက္ခဏာမည်၏။ နောက် **ရသ** ကြတော့ "ကိစ္စသမ္ပတ္တိ ဝါရသောနာမ" ကိစ္စသမ္ပတ္တိ၊ ကိစ္စ၏ ပြည့်စုံခြင်းသည်။ ရသောနာမ၊ ရသ မည်၏။

နောက် **ပစ္စုပဋ္ဌာန်**ကြတော့ "ဥပဋ္ဌာနာ ကာရောဝါ ဖလံဝါ ပစ္စုပဋ္ဌာနံနာမ" ဥပဋ္ဌာနာကာရောဝါ၊ ဉာဏ်အားရှေ့ရှုထင်သော အခြင်းအရာသည်ဎင်း။ ဖလံဝါ၊အကျိုးတရားသည်ဎင်း။ပစ္စုပဋ္ဌာနံ နာမ၊ ပစ္စုပဋ္ဌာန် မည်၏။ **ပဒဋ္ဌာန်** ကြတော့ "သေသဓါတု၊ အာသန္နကာရဏံ၊ ပဒဋ္ဌာနံနာမ။ သေသဓါတု၊ ကြွင်းသောဓါတ် ၃-ပါးသာလျှင်။ အာသန္နကာရဏံ၊ နီးစွာသော အကြောင်းသည်၊ ပဒဋ္ဌာနံနနာမ၊ ပဒဋ္ဌာန် မည်၏။

ဒီဟာကို လက္ခဏ သဘာဝနဲ့ ဝေဘန်မှ သာလျှင် ရပါတယ်။ တချို့ စာသင်သားတွေကြတော့ လက္ခဏကို မဝေဘန် နိုင်ကြတဲ့ အတွက် သူတို့မှာ အနတ္တကို တွေ့မသွားကြဘူး။ ကိုင်း.... ဒီတော့ လက္ခဏဆိုတာ အများနှင့် ဆက်ဆံခြင်းဆိုတာဟာ ဘယ်လိုဆက်ဆံ တာလဲ။ ဒီတော့ ပထဝီဓါတ်ဟာ ပေါ်တော့မယ်ဆိုရင် ကျန်တဲ့ ဓါတ် ၃-ပါးက ပေါင်းဆုံရမယ်။ "**အများနဲ့မကင်းတာ**" ကို "**ပေါင်းပြီးဘဲ့သဘော**"ကို **လက္ခဏာ** လို့ ခေါ်တယ်။

နောက်တခါ ကိစ္စရဲ့ပြည့်စုံခြင်းဟာ ရသလို့ခေါ်တယ်ဆိုတာ မာတဲ့ကိစ္စ,ပူတဲ့ကိစ္စ,တွေဘဲမဟုတ်လား၊ မျက်စိ, နား, လောကမှာ ပထဝီဓါတ်ရဲ့ ကိစ္စ, အာပေါဓါတ်ရဲ့ကိစ္စ, ဝါယောဓါတ်ရဲ့ကိစ္စ, တေဇောဓါတ်ရဲ့ ကိစ္စ,တွေ **ပြည့် စုံအောင်** **ပေါင်းပေးတာကို** **(ရသ)**လို့ခေါ်တယ်။

နောက် **ပစ္စုပဋ္ဌာန်ကြတော့** ဒီ"ကိစ္စ"ဖြစ်တဲ့အာရုံလေးကို သညာဝိညာဉ် သဘောဖြင့်ရင်း၊ ပညာ သဘောဖြင့်ရင်း၊ "**ခံလင့် သကဲ့သို့သော မိမိရဲ့ ဉာဏ်အားဖြင့် ရှေ့ရှုထင်နေတာ**,"ကို ခေါ် တယ်။ **ပဒဋ္ဌာန်**ကြတော့ အဲဒီ ပထဝီဓါတ်ပေါ်တော့မယ်ဆိုတာနဲ့ ကျန်တဲ့ ဓါတ် ၃-ပါးလေးက ပေါင်းပေးရတယ်။ ဓါတ် ၃-ပါး တို့ဟာ " ပစ္စယသာမဂ္ဂီ " အကြောင်းညီညွတ်မှုရမှ အဲဒီ "**ဓါတ် ၃-ပါးနဲ့နီးစွာဖြစ်နေတဲ့ သဘော**"ကို ခေါ်တယ်။

ဒီသဘာဝတွေကို သိလာမှသာလျှင် အနတ္တကို လာတွေ့မယ်။ ဒီတော့ ပထဝီဓါတ်ရဲ့ အနတ္တကို တွေ့ခြင်ရင် ဒီဋ္ဌာန်၄-ချက်ဖြစ်တဲ့ **သဘာဝလေးကို**ကြည့်ပါ၊ ဒီ ပထဝီဓါတ်ဟာ ကြမ်းထမ်းခက်တရော် ခြင်းရှိ၏လို့ ဆိုတာက ကာယဝိညာဏ်နဲ့ ထိတွေ့လိုက်တဲ့ အခါမှာ အမူအရာအားဖြင့်, အခြင်းအရာအားဖြင့်, ကြမ်းထမ်းခြင်းသဘော ဖြစ်လာတယ်။

ဒီတော့ ပထဝီဓါတ်ကို သိလိုလျှင် ကာယပသာဒနဲ့ စမ်းသတ် ရမယ်၊ ကာယပသာဒရုပ်ဟာ တကိုယ်လုံးမှာ ပျံ့နှံ့ပြီးတည်တယ်၊ ကာယပသာဒ မတည်တဲ့နေရာဟာ ၆-ဌာနရှိတယ်။

၁။ **ဆံပင်**။ ၂။ **မွေးညှင်း**။ ၃။ **ခြေသည်း**။ ၄။ **လက်သည်း**။ ၅။ **အရေထူ**။ ၆။ **အရေပါး** တို့မှာ ကာယပသာဒမရှိပါ။

အဲဒီလို ကာယပသာဒနဲ့ စမ်းသတ်လိုက်ရင် ကြမ်းထမ်းတာဟာ ပထဝီဓါတ်၊နောက်"ခက်တရော်တယ်"ဆိုတာ ဘယ်က ပေါ်လာ သလဲဆိုရင် ခန္ဓာကိုယ်ကြီးက ပေါ်လာတာပါ၊ နူးညံ့တဲ့အနေလေး ကစပြီး၊ကြက်သီး မွေးညှင်း,တွေ ထလာတာကို"ခက်တရော်တယ်" လို့ခေါ်တယ်။ ကိုင်း....တခါ ရှေ့ကို သွားလိုက်ပါအုန်း။

ရသ တည်ခြင်းကိစ္စရှိ၏ ဆိုတာ ပထဝီဓါတ်ရဲ့ ကိစ္စပါ။ သူ့ကို လုပ်ပေးတဲ့သူကိုလဲ စဉ်းစားမယ် ဆိုရင် ကျန်တဲ့ ဓါတ်သုံးပါးကို အမှီပြုမှသာလျှင် ပထဝီက "တည်" လို့ရတယ်၊ "ပေါင်း" လို့ရတယ်၊ အဲဒါကို "ပတိဋ္ဌတရသ" တည်ခြင်းကိစ္စ ရှိတယ်လို့ ပြောတာ။

သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန-ခံလင့်သကဲ့သို့သော အခြင်းအရာအားဖြင့် ရှေ့ရှုထင်ခြင်းကိစ္စရှိ၏။ ပရမတ္ထသဘာဝတို့ မည်သည်မှာအဗျာပါရ အနတ္တဓါတ်ကြီး ဖြစ်ခြင်းကြောင့် ခံလင့်ခြင်းဆိုရင် ဗျာပါရလေး ပါနေမယ်။

အဲဒါကြောင့် အနက်ပေးတဲ့ ပုဂ္ဂိုလ်တွေက "ခံလင့်သကဲ့သို့သော" 'ရှေ့ရှုထင်ခြင်းသဘော' လို့၊ အနက်ပေးတာခံလင့်ခြင်းဆိုရင်သညာ ဝိညာဉ်သဘောလေးဟာ "အတ္တ" မပါသော်လဲ ပါသယောင်ယောင် ဖြစ်နေတယ်၊ ဒါ့ကြောင့် "ခံလင့်သကဲ့သို့သော" ဆိုပြီးတော့ အနက်ပေးတာပါ။ ဒီသဘာဝလေးကို သညာဝိညာဉ် သဘောက ရှေ့ရှုထင်နေတဲ့ အနေလေးသာရှိတော့တယ်၊ ဒါတွေကိုလဲနားလည် ရမယ်။

ကိုင်း....တခါရှေ့ကို သွားလိုက်ရင် (သေသဘူတ ပဒဋ္ဌာန) "ဓါတ်သုံးပါးလျှင် နီးစွာသော အကြောင်းရှိ၏" ဒီလိုသုံးတာ ဘာ့ကြောင့်လဲ။ "ဓါတ်သုံးပါးကြောင့်ဖြစ်၏" လို့ သုံးလို့မရဘူး လား၊ ဒီတော့ "ဓါတ် ၃-ပါးကြောင့်ဖြစ်၏" လို့ သုံးရင်၊ ဓါတ် ၃-ပါးက ဖြစ်တယ် ဆိုတာ ဖြစ်နေခြင်းကြောင့် ပရမတ္ထသဘာဝ မှန်လျှင်၊ တခုသော သဘာဝက တခုသော သဘာဝကို မဖြစ်စေ နိုင်ပါ။

ဒါ့ကြောင့်မို့ ဓါတ်၃-ပါးလျှင် နီးစွာသောအကြောင်းရှိ၏လို့ သုံးတာပါ။ အဗျာပါရ အနတ္တက၊ ဗျာပါရ အတ္တ မဖြစ်နိုင်ပါ။ ဒီသဘာဝလေးတွေကိုလဲ ထိုယောဂီဟာ နားလည်ထားရမယ်။ ဒီဓါတ် ၃-ပါးက "ပစ္စယသာမဂ္ဂီ အကြောင်းညီညွတ်မှု" သာလျှင် ဖြစ်နိုင်ပါတယ်။

ဒါ့ကြောင့် ဓါတ် ၃-ပါးကြောင့်ဖြစ်တယ်ဆိုရင် ဗျာပါရ အတွက် ဖြစ်မနေဘူးလား၊ သူ့သဘာဝက၊ အဗျာပါရအနေတွေပါ။ သို့သော် တဦးနဲ့ တဦးဟာ ကျေးဇူးပြုကြရတယ်၊ အဗျာပါရ အနေနဲ့ ကျေးဇူးပြုကြရတယ်၊ အကြောင်းတရား ၄-ပါး ညီညွတ်ပေါင်းဆုံခြင်းဖြင့်သာလျှင် ကျေးဇူးပြုလို့ရတယ်။ ငါက ပြုနိုင်တယ်ဆိုပြီး တခုထဲ "စွမ်းအား" မရှိဘူးလို့ သူ့သဘောလက္ခဏာကိုနားလည်ရင် လုပ်ငန်းစဉ် အနေနဲ့ ဖွင့်ရတော့မယ်။

**ဌာန်လေးချက်နဲ့ဖြုတ်မှု** ကိုင်း-"မာ" တဲ့သဘောလေးကို ခုနက ဌာန်၄-ချက်နဲ့ ဖြုတ်နိုင်မှသာ မနေ့က ဟောကြားခဲ့တဲ့ "ရုပ်သည် ငါ"၊ "ငါသည် ရုပ်"၊ "ရုပ်၌ ငါရှိ၏" "ငါ၌ ရုပ်ရှိ၏" ဆိုတဲ့ အစွဲကြီးကို ဖြုတ်နိုင်မယ်။

"**ရုပ်သည် ငါ**" ဆိုတာကို ဘယ်လိုပယ်မလဲ "ရုပ်" ကို ပယ်ရမယ်၊ " ရုပ် " မရှိရင် " ငါ " ဆိုတာက စွဲလို့မရတော့ဘူး၊ အဲဒီတော့.... ပထဝီဓါတ်ဆိုတဲ့ ရုပ်ကို အခြေခံပြီးတော့ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နဲ့ ဝေဘန်ရမယ်၊ "မာတယ်" ဆိုတဲ့ "သဘာဝ" ကို ဖြုတ်ရတော့မယ်၊ ဘယ်လိုဖြုတ်မလဲ။

## ( သင်္ခနည်း မှတ်ချက် )

"**သညာ နှင့် ဝိညာဏ်နယ်**"။ လက္ခဏာသဘောတရားနှင့် ရသ သဘောတရား ၂-ပါးတို့သည် သညာဝိညာဉ်နယ်သမားဖြစ်ကုန်၏၊ (ဝါ) သမ္မုတိသစ္စာနယ်ဘက်သားဖြစ်ကုန်၏ "**အပ္ပားလောက**" ကို တည်ထောင်ကြကုန်၏။

"**ပညာနယ်လောက**"။ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန် ၂-ပါးတို့သည် ပညာနယ်လောက (ဝါ) ပရမတ္ထသစ္စာနယ်တွင် တည်ရှိသော သဘောတရားများဖြစ်ကြ၏၊ **အမှန်လောက**ကြီးကို တည်ထောင်ကြကုန်၏။

မှတ်ချက်။ ဋ္ဌာန် ၄-ချက်နဲ့ ဝေဘန်သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်သည် အမှားနှင့်အမှန်ကို ဝေဘန်နိုင်ရာ၏၊ သမုတိသစ္စာနယ် ရုပ်သိမ်း၍ ပရမတ္ထသစ္စာနယ်သို့ ဥက္ကဲ့ဘင်းချနိုင်ရာ၏။

**သမုတိ သစ္စာနယ်**သို့ အဝင်တံခါးကား ရသ သဘောပင်တည်း၊ ပရမတ္ထသစ္စာ နယ်သို့ အဝင်သဘောကား၊ ပစ္စုပဋ္ဌာန် သဘောပင်တည်း။

အဲဒီ သဘာဝလေးတွေကိုယူပြီး ဝေဘန်နိုင်ရမယ်၊ ဒါကိုမှ မဝေဘန်နိုင်ရင် ရှေ့တက်လို့ မရပါ၊ ဝေဘန်နိုင်မှ ရှေ့သို့တက်လို့ရမယ်၊ " ရုပ်သည် ငါ့ " ဆိုတာ ရုပ်ဟာ ဘယ်အနေနဲ့ရှိသလဲ **သဘာဝ**အနေနဲ့ရှိတာဘဲ မဟုတ်လား။

နာမရူပ ပရိစ္ဆေဒဉာဏ်ဟာ ပရမတ် ရုပ်-နာမ်ကို ပိုင်းခြားပြီး သိတဲ့ဉာဏ်ပါ၊ဒါကြောင့်'ယာထာဝသရသက္ခဏာ ပဋိဝေဓဝသေန' ဟုတ်မှန်သည်ကို ဟုတ် မှန် သည့် အတိုင်း ထိုး ထွင်း၍ သိသည်၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ နာမရူပ ပရိစ္ဆေဒေ နာမ-နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏လို့ ဝိသုဒ္ဓိမဂ်ကြီးက ပြထားတယ်။

ဒီတော့ သညာဝိညာဉ်သိ ပရမတ်ကိုဝေဘန်လို့မရပါ၊ဒီ သညာဝိညာဉ်သိ ပရမတ်ကို ဋ္ဌာန် ၄-ချက်နဲ့ ဝေဘန်လိုက်ရင် "ရုပ်" ကို အထူးဝေဘန်စရာမလိုတော့ပါ၊ သူ့မှာ အစဲ့တရားပြုတ်သွားတော့မယ်၊ ဟိုနေ့က ပြောလိုက်တဲ့ ဝိသုဒ္ဓိ(၇)ပါးမှာ၊ အကျဉ်းအားဖြင့် သီလ,သမာဓိ,ပညာ,ပေါ်ရမယ်၊ သီလဝိသုဒ္ဓိ, သမာဓိဝိသုဒ္ဓိ,ဉာဏ ဒဿနဝိသုဒ္ဓိ,ဆိုပြီး၊ သုဒ္ဓဝိပဿနာယာနိကလမ်း ဖြစ်လာတာပါ။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ(၈)ပါးသီလဆိုရင်ဘယ်လောက် တာဝန်ကြီးသလဲ၊ ရှစ်ပါး သီလဟာ အရိယာတွေ စောင့်သုံးတဲ့ သီလကြီးပါ၊ အဲဒါဘာကိုသတ်တာလဲဆိုရင် တဏှာကိုသတ်တာဘဲ မဟုတ်လား၊ ဒီတဏှာကို သတ်တဲ့ သီလကြီးဟာ ဝိသာခါ ကျောင်းအမကြီးနှင့် အပေါင်းအဖော် (၅၀၀) တို့ကို အကြောင်းပြုပြီး၊ ဘုရားရှင်က ဟောကြားတော်မူတာပါ။

ဒီ ရှစ်ပါးသီလဟာ သောတာပန် ပုဂ္ဂိုလ်တွေ ဆောက်တည်တဲ့ သီလကြီးပါ၊အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဒီ(၈)ပါးသီလကို ထိမ်းနိုင်ရဲ့လား၊ ဘယ်မှာ ထိမ်းနိုင်မှာလဲ၊ ဒီလို မထိမ်းနိုင်ရင် အန္တရာယ်ကြီးဖြစ်လာတော့မယ်။ စတုပါရိသုဒ္ဓိ သီလဆိုတာ ဣန္ဒြိယ သံဝရသီလကြီးက ပြဌာန်းပါတယ်။

ဒီတော့ သဒ္ဓါ - သတိ - ဝီရိယ - ပညာ ဆိုပြီး ထုတ်လိုက်တော့ သဒ္ဓါဟာ ဘယ်ကထွက်လာသလဲဆိုရင် စတုပါရိသုဒ္ဓိ သီလကြီးက ထွက်လာတာ၊ ဒီတော့ သတိကို အစဉ်ထိမ်းသိမ်းနိုင်ရမယ်၊လျှပ်ပေါ် လော်လီတယ်ဆိုတာဟာ သတိမရှိရင်၊ ကိုယ်ချင်းစာတရားမရှိရင်၊ လျှပ်ပေါ်လော်လီမှုဖြစ်တတ်တယ်။

တချို့အိမ်ယာ တည်ထောင်နေတဲ့သူများဟာ သူ့မှာသားရေး သမီးရေးတွေက အစဉ်ရှိနေခြင်းကြောင့် ကိုယ်ချင်းစာတရားထားလာ ကြတယ်၊ လောလုပ္ပတဏှာကြီးဟာ တဖြေးဖြေး ထိန်းသိမ်းနိုင်လာ တယ်။

သူ့မှာ ကိုယ်ချင်းစာတရားကြီးဟာ အစဉ်ရှိလာတယ်၊အိမ်ယာ မထောင်တဲ့ ပုဂ္ဂိုလ်တွေကြတော့ သူ့မှာသားရေး, သမီးရေးတွေ မရှိသည့်အတွက် ကိုယ်ချင်းစာတရားဟာ မရှိတော့ပါ၊ ဘယ်ဟာ ကိုဘဲမြင်မြင်၊အဲဒါလျှပ်ပေါ်လော်လီတဲ့စိတ်၊လောလုပ္ပတဏှာဟာ အစဉ်ပြေးနေတဲ့အတွက် သူ့မှာ တဏှာကြီးဟာ အစဉ်ရှိနေတယ်။

ဒီတော့ ဦးပဥ္စင်းကြီးတို့ဟာ ဘယ်မှာ တရားကိုမြင်မှာလဲ၊ အဲဒါ လောလုပ္ပတဏှာဟာ အဆိုးဆုံးပါဘဲ၊ ဒါ့ကြောင့်ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီ လောလုပ္ပတဏှာနဲ့ ပတ်သက်ပြီး အများကြီး ဆုံးမထားတာ တွေ့ရပါတယ်။ ကဲ .... နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပါတော့....

**" သာဓု—သာဓု—သာဓု "**

—— ၀ ——

## ဝါဆိုလပြည့်ကျော် (၁၄) ရက်နေ့ ဟောစဉ်

ကိုင်း.... ဒီတော့ "ရုပ်သည် ငါ" ဆိုတာ ရုပ်ကို ပယ်မှုရမယ်၊ ဒီရုပ်ကို ပယ်မှသာလျှင် ငါဆိုတဲ့ဟာလေးက မဆွဲနိုင်တော့ဘူး၊ အစွဲ ၄-ချက်ဟာ ဘယ်ကထွက်လာတာလဲဆိုရင် သညာဝိညာဉ်က ထွက်လာတာ။ ရုပ်ကိုမရှိဘူးလို့လဲ မပြောနိုင်ဘူး။ ရုပ်ရှိပြန်တယ် ဆိုရင်လဲ အဲဒါ သဿတဒိဋ္ဌိထဲကျပြီး ငါဆိုတဲ့အစွဲကြီးတွေက စွဲလာ တော့မယ် မဟုတ်လား။

ဒီတော့ ရုပ်ဟာ ဘယ်အနေနဲ့ ရှိသလဲ၊ အဲဒါ အနတ္တအနေနဲ့ ရှိတယ်၊ ဒီရုပ်သဘာဝ အနတ္တလေးကို မြင်အောင်လို့ အဲဒါ ဋ္ဌာန် ၄-ချက်နဲ့ ဝေဘန်ရမယ်လို့ ပြောတာ။

ဒီတော့ ဒီဋ္ဌာန် ၄-ချက်ကို သမထအနေနဲ့ ဝေဘန်လိုက်ရင် အဲဒါ စတုဓါတုဝ ဝတ္ထာန်ဆိုပြီးပိုင်းခြားလာတယ်။ သမထကြတော့ အဲဒါ လက္ခဏာသဘောလောက်သာလျှင် ဝေဘန်လို့ရတယ်၊ အခု နာမရူပပရိစ္ဆေဒဉာဏ်ကြတော့ ဋ္ဌာန် ၄-ချက်လုံးကို ဝေဘန်လို့ ရတယ်။

လက္ခဏာ၊ ရသ၊ လောက်သာဝေဘန်ရင် အဲဒါဓါတ် ၄-ပါးတို့ရဲ့ မှတ်ကြောင်း လက္ခဏာလောက်သာ ရှိသေးတယ်။ ဒီနေရာမှာ 'သ၊ ရသလက္ခဏာ'လေးတွေကိုယူနိုင်လာမှရမယ်။ "သရသလက္ခဏာ ဆိုတာ" တစုံတယောက်သောသူက ပြုလုပ်ထားတာလဲ မဟုတ်ပါ၊ ဘယ်သူမှ မပြုလုပ်ဘဲနဲ့ သဘာဝကိုက အနတ္တလေး ဖြစ်နေတာကို ခေါ်တယ်။

**တိမ္ဗရုပရိဗိုဇ်နှင့် ဘုရားရှင်**

ဒီတော့ သုတ္တန်ကြောင်း တင်ပြ အုန်းမယ်၊ တိမ္ဗရုသုတ္တန်မှာတိမ္ဗရုပရိဗိုဇ်ကြီးဟာ သူ့မှာတပည့် ၅၀၀-နဲ့နေတယ်၊ တနေ့မှာ ဘုရားရှင်ကိုယ်တော် မြတ်ကြီးနဲ့ လာပြီး တွေ့တယ်။

အဲဒီ အခါကြတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို သူက လျှောက်တယ်၊ " အရှင်ဘုရား .... အရှင်ဘုရားနဲ့ တွေ့ခြင်တာ ကြာပါပြီ၊ အခုအရှင်ဘုရားနဲ့တွေ့တဲ့အခါမှာ မေးခွင့်ပြုပါဘုရား" လို့ လျှောက်တဲ့ အခါကြတော့၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မေးခွင့်ပြုလိုက်တယ်။

**ဆင်းရဲခြင်း-ချမ်းသာခြင်းဆိုတာဟာ?** ဒီတော့- တိမ္ဗရုပရိဗိုဇ်ကြီးက အရှင်ဘုရား၊လောကကြီးမှာ သုခ,ဒုက္ခ ဆိုတဲ့ သဘော၊ ဆင်းရဲချမ်းသာ ဆိုတဲ့ သဘောဟာ (သယံကတ)သူ့ဟာသူ ပေါ်ထွက်နေတာလား၊ကိုယ်တိုင်ပြုလုပ်ပြီး ဖြစ်နေတဲ့တရားလားလို့ မေးတဲ့အခါကြတော့၊ဘုရားရှင်ကိုယ်တော် မြတ်ကြီးက, ဒီ သုခ,ဒုက္ခ ဆိုတာဟာ, "သယံကတ" တရားမဟုတ် ဘူးလို့ ဖြေကြားတော်မူတယ်။

ဒီတော့.... တိမ္ဗရုပရိဗိုဇ်ကြီးက တခါထပ်ပြီးမေးပြန်တယ်၊ မိမိ ကိုယ်တိုင်ပြုလုပ်ပြီးတော့ ရှိတဲ့တရားမဟုတ်ရင် သူတပါးကပြုလုပ်ပြီး ပေးတဲ့ (ပရံကတ) တရားလားလို့ တခါထပ်ပြီး မေးလျှောက်ပြန် တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီလို(ပရံကတ)သူတပါး က,ပြုလုပ်ပြီးပေးတဲ့ ဆင်းရဲ, ချမ်းသာလဲ မဟုတ်ဘူးလို့ ပြန်ဖြေ ကြားတော်မူတယ်။

နောက်တခါ ထပ်ပြီး မေးပြန်တယ်၊ ဒါဖြင့်ရင် အရှင်ဂေါတမ "သယံကတ နှင့် ပရံကတ" ၂-ခုစပ်ပြီး ဖြစ်နေတဲ့ ဆင်းရဲ,ချမ်းသာ လားလို့ မေးပြန်တယ်၊ ဒီတော့ ဘုရားရှင်က"သယံကတ-ပရံကတ" ၂-ခုစပ်ပြီး ဖြစ်နေတဲ့ တရားလဲ မဟုတ်ဘူးလို့ ပြန်ဖြေတယ်။

ဒီတော့ နောက်တခါ ထပ်ပြီး မေးပြန်တယ်၊ ဒီလို မိမိကိုယ်တိုင် ပြုလုပ်တဲ့တရားလဲမဟုတ်၊ သူတပါးကပြုလုပ်တဲ့တရားလဲ မဟုတ်ရင် ဒီ ချမ်းသာတယ်, ဆင်းရဲတယ်, ဆိုတဲ့ တရားဟာ "အဓိစ္စ သမုပ္ပန္န" မိုးပေါ်ကကျလာတဲ့မိုးကျရွှေကိုယ်လား၊ကောင်းကင်ကသူ့အလိုလို ကျလာတဲ့ တရားလား လို့ မေးပြန်တယ်။

ဒီတော့ ဘုရားရှင်က အဲဒီလို သူ့အလိုလို ကောင်းကင်က ကျလာတဲ့ တရားလဲ မဟုတ်ဘူးလို့ ပြန်ဖြေတယ်၊ ဒါဖြင့်ရင် ဒီ ဆင်းရဲတယ်,ချမ်းသာတယ်ဆိုတဲ့ တရားဟာ ဒီ ၄-ချက်ကလွတ်ရင် အဲဒါ ရှိတဲ့ တရားလား၊ မရှိတဲ့ တရားလားလို့ မေးတဲ့အခါမှာ ဘုရားရှင်က အဲဒါ ရှိတဲ့တရားလို့ ဖြေကြားတော်မူတယ်။

ဒီတော့ တခါထပ်ပြီးတော့ မေးပြန်တယ်၊ ဒီ တရားဟာ "သိကောင်းတဲ့ တရားလား၊မြင်ကောင်းတဲ့တရားလား" လို့ ထပ်ပြီး မေးတယ်၊ " သိကောင်း,မြင်ကောင်းတဲ့ တရား " လို့ ပြန်ဖြေတယ်။ တိမ္ဗရုပရိဗိုဇ်ကြီးက ဒီလို သိကောင်း-မြင်ကောင်းတဲ့ တရားဆိုရင် တပည့်တော် မေးခဲ့တဲ့ ၄-ချက်နဲ့ လွတ်အောင် ဖြေပါဘုရားလို့ ပြောတော့မှ ဘုရားရှင်က တရားတော်ကို ဟောပြတော်မူတယ်။

သညာဝိညာဉ်နယ်ကြီးမှာအစွဲကြီး ၄-ချက်ကို ဘယ်လိုဖြုတ်မလဲ အဲဒါ အရေးကြီး ပါတယ်၊ သညာဝိညာဉ်နယ်ကြီးမှာ ချမ်းသာတယ်,ဆင်းရဲတယ်ဆိုတာ ထင်ရှားပြီးနေတယ်၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကလဲ"ဒွေမေဘိက္ခဝေအန္တာပဗ္ဗဇိတေနနသေဝိတဗ္ဗာ" လို့ မဇ္ဈိမစကြာတရားဖြင့် ဖြေကြားတော်မူတယ်။

ဒီတော့ ကာမသုခလ္လိကာ နုယောဂ **သဿတဒိဋ္ဌိ**, အတ္တကိလ မထာနုယောဂ **ဥစ္ဆေဒဒိဋ္ဌိ**, ဒီ ( ၂ ) ပါးက လွတ်အောင် ယူပုံကို ဖြေကြားတော်မူလိုက်တယ်၊ အရင်ကဆိုရင် တိတ္ထိတွေဟာ သူတို့ကို ကြည်**ညို**အောင် ကျင့်နေကြတယ်၊ သူတော်ကောင်းတွေ ကျင့်တယ် ဆိုတာက သန္တုဋ္ဌိနဲ့ သလ္လေခ(၂)မျိုးကိုကျင့်ကြတယ်၊**သံ**ဆိုတာက သူတော်ကောင်းများ အလိုလို ပြည့်စုံတဲ့ တရားလို့ အနက်ရတယ်။ **တုဋ္ဌိ**ဆိုတာက ရသမျှနဲ့ မျှတရောင့်ရဲလွယ်ဘာပါ၊**သလ္လေခ**ဆိုတာက ခေါင်းပါးသောအကျင့်၊တနည်း၊စရိုက်အားလျော်စွာခေါင်းပါးတဲ့ အကျင့်ကိုခေါ်တယ်။ အဲဒါ တိတ္ထိတွေလို သူတပါးကြည်ညိုအောင် ကျင့်ခြင်း မဟုတ်ပါ၊ မိမိရဲ့ စရိုက်ဆိုးကို နှိမ်နင်းတဲ့ အနေနဲ့ ကျင့်ကြတာပါ။

**ရှိ၊မရှိ၊ အသိခက်ပုံ**

ဒီသဘာဝလေးတွေကို စစ်လိုက်ရင်၊ ရုပ်တရားဟာ ရှိတယ်ဆိုရင် သဿတဒိဋ္ဌိ ဖြစ်နေပြီ။ မရှိဘူးလို့ ပြောပြန်ရင်လဲ ဥစ္ဆေဒဒိဋ္ဌိထဲကျသွားပြီ၊ ရုပ်တရား မရှိရင်၊ "ငါ"ဆိုတဲ့အစွဲက စွဲလို့မရတော့ပါ၊ ရုပ်တရားမရှိဘူးဆိုတာ မှာ၊သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ (၂) ပါးက လွတ်အောင် ဘယ်လိုလုပ် မလဲ၊ ဒီ(၂)ပါးကလွတ်ပြီး ရုပ်တရားရဲ့ အနတ္တကိုတွေ့မှ ဒီအစွဲဟာ ကျွတ်မယ် မဟုတ်လား။

ကိုင်း....ဒီတော့ ရုပ်ကို ဘယ်လိုသိမ်းမလဲ၊ အဲဒါ ရုပ် ၈-ပါးကို ပြန်ဆင်းရအုန်းမယ်၊ ရုပ် ၈-ပါးဟာ ဘယ်အနေနဲ့ရှိတော့သလဲ အဲဒါ ပရမာအဏုမြူ အနေနဲ့သာ ရှိတော့တယ်၊ အဲဒါ ရုပ်၈-ပါး ဖြစ်တဲ့ ပရမာအဏုမြူလေးဟာ ဘယ်အနေနဲ့ရှိသလဲ၊ ဃန အစိုင် အခဲကြီးရှိတုံးက မှတ်လာခဲ့တဲ့ "မာတယ် - ပူတယ်" ဆိုတဲ့ သညာ အမှတ်လေးဟာ ရှိနေသေးတယ်၊ ဒါကို ပစ္စုပ္ပန်လို့ ခေါ်တယ်၊ မြူတွေနဲ့ခွဲလို့ အဲဒါ ပရမာအဏုမြူကိုရောက်လာရင် စမ်းသတ်လို့ မရတော့ပါ၊ ပရမာ အဏုမြူဆိုတာ စမ်းသတ်လို့မရပါ။

ပရမာအဏုမြူကို စမ်းသတ်လို့မရတော့၊ပစ္စုပ္ပန်သညာလေးဟာ ပေါ်နိုင်သေးရဲ့လား "မာတယ်"လို့ ပြောနိုင်သေးရဲ့လား၊ အဲဒါ မပြောနိုင်တော့ဘူး၊ပစ္စုပ္ပန်အနေနဲ့ထောက်ခံမည့် ပရမတ်မရှိသည့် အတွက် 'မာတယ်'လို့ မပြောနိုင်ပါ၊ အခု မာတယ်လို့ ပြောနေ တာက ဘာပြုလို့ပြောနေတာလဲ၊ အဲဒါ ဘယ်သူက ထောက်ခံ သလဲဆိုတော့ (အတိတ်က မှတ်လာခဲ့တဲ့ သညာ အမှတ်ကလေးကို တွေ့နေပြီ)မဟုတ်လား။

အဲဒါ "မာတယ်"ဆိုတာဟာ ဟိုတုံးက ဃနကြီး ရှိစဉ်တုံးက မှတ်လာတဲ့"မာတယ်" ဆိုတဲ့ သညာလေးဟာ မနောဝိညာဉ်ကြီး ထဲမှာ လာပြီးတော့စွဲနေပြီ၊အဲဒါဟာ အတိတ်, အနာဂတ်, သညာ လေးတွေဘဲ မဟုတ်လား၊ ဒါ့ကြောင့်မျက်စိနဲ့မမြင်ကောင်းဘူးလို့ ဆိုတာ "အတိတ်သညာလေး" အနေနဲ့သာ ရှိတော့တယ်၊ပစ္စုပ္ပါန် အနေနဲ့ မရှိတော့ဘူး။

ကိုင်း.... ဒီတော့ ပစ္စုပ္ပန် အနေနဲ့ မရှိတော့ရင် အတိတ် အနာဂါတ် သညာအမှတ်အနေနဲ့ ဘယ်လိုရှိသလဲ၊ အဲဒါ သညာက မှတ်တဲ့အမှတ်လေးသာရှိတော့တယ်၊ (အန္ဓပုထုဇဉ်တို့က အတုံးအခဲ ကြီးတွေကိုမှ ရုပ်လို့ထင်နေကြတယ်၊ အခု ဒီသညာရဲ့ အမှတ်လေး ဟာလဲ ရုပ်သဘောဘဲ မဟုတ်လား)။

**သညာ ၂-မျိုး** ဒီရုပ်ဟာ မြင်နိုင်သေးရဲ့လား၊ အဲဒါ မမြင်နိုင် တော့ဘူး၊ ဒီတော့ သညာကို ၂ - မျိုး ခွဲထုတ်လိုက်ပါ။

၁။ ပရမတ်သညာ။

၂။ ပညတ်သညာ ဆိုပြီး နှစ်ပါး ခွဲထုတ်လိုက်ပါ။

ပစ္စုပ္ပန်မှာ မှတ်တာက ပရမတ်သညာ၊ အတိတ် အနာဂါတ်မှာ မှတ်တာက ပညတ်သဘော"သညာ"ပါ။

ဒီတော့ ဝိညာဉ် ဆိုတာဟာလဲ ကိုယ်ရဲ့ ဝမ်းခေါင်း ဝမ်းဗိုက် ထဲမှာ ရှိနေတယ်လို့ထင်နေကြတယ် မဟုတ်လား၊ ဒီဟာကို စဉ်းစား ကြည့်ပါ၊အဲဒါ အတိတ်အနာဂါတ်ဟာ အဆက်မပြတ်ဖြစ်နေတာကို ဝိညာဉ်လို့ခေါ်တာဘဲ မဟုတ်လား၊ ဒီအတိတ်နဲ့ အနာဂါတ်တို့က အစဉ်မပြတ် ဆက်စပ်နေကြတယ်၊ အဲ့ဒါဟာ ပညတ်တွေပါ၊ ပရမတ် မဟုတ်ပါဘူး။

ဒီတော့ ရုပ်တို့ နာမ်တို့ဆိုတာဟာလဲ ဒီ အတိတ်နဲ့ အနာဂါတ် တွေနဲ့ဆက်ပြီး ပညတ်တွေ အဆက်မပြတ် ဖြစ်နေကြတာဘဲ မဟုတ် လား၊ ရှေ့ကြရင် ပရမတ်ကို ဘွားဘွားကြီး လာတွေ့တော့မယ်၊ အခု ပညတ်တွေ ပေါ်နေတယ်ဆိုတာက ပရမတ်တွေက ကြိုးကိုင် ထားတာပါ၊ ဒါ့ကြောင့် ပေါ်နေတာပါ။

အခု ဒီမှာ ရုပ်ဟာ ဘယ်လိုအနေနဲ့ ရှိသလဲဆိုရင်၊ အဲ့ဒါ အတိတ်သညာလေးအနေနဲ့ရှိနေတယ်၊ ဒီ အတိတ် သညာလေးဟာ ဘယ်အပေါ်မှာ အခြေရှိသလဲဆိုရင် ပညတ်ရဲ့ အပေါ်မှာ အခြေလေးရှိနေတယ်၊ ဒီဟာတွေကို ချေလိုက်ရင် အဲ့ဒါ ပရမတ်ကို လာတွေ့တော့မယ်။

ဒါကို ရုပ်ရှိတယ်လို့ ယူလိုက်တာသည်ပင်လျှင် အဲဒါ အနန္တရဲ့ အစွဲအယူကြီးဘဲ မဟုတ်လား၊ အဲဒါ"ပညတ်ရုပ်ကြီး"ပါ၊ ဒီ ပညတ်ရုပ်ကြီးမှာ ပရမတ် မရှိဘူးလားဆိုရင် ရှိတော့ရှိတယ်၊ ရှေ့ကြမှ ဒီသဘာဝလေးတွေဟာ ပေါ်လာတော့မယ်၊ ဒီနေရာမှာ ပရမတ်သဘောလေးဟာ သိမ်မွေ့နေတယ်၊ "သိမ်မွေ့နေတယ်" ဆိုတာ ဟေတု အနေနဲ့ "ပညတ်လေး"တွေကို သိမ်းလိုက်မှ၊ အဲဒါ ပစ္စယ အကြောင်းအနေနဲ့ ပရမတ်လေးတွေကို လာတွေ့တော့မယ်။

ပဋ္ဌမ သညာရဲ့သဘောကို အရင်စစ်ရမယ်၊ ဒါ့ကြောင့် အခု ဒီကဏ္ဍက သညာဝိညာဉ်သဘောကိုစစ်ရမယ်၊ ဒါမှ ဒီသညာဝိညာဉ် သဘောကနေပြီး ပညာရဲ့ သဘာဝလေးဟာ ပေါ်လာမှာ၊ ဒီပညာရဲ့သဘာဝလေးတွေကို ထပ်ထပ်ပြီးစစ်မှသာလျှင် ထိုယောဂီဟာ အကြင်အခါမှာ ဒီပညာရဲ့ သဘာဝကို အစစ်ခံနိုင်ရင် "ဝိမုတ္တိဓမ္မ"ထဲဝင်သွားပြီ။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-တို့ဟာ ဝိမုတ္တိရသအားဖြင့် တပါးသာ ရှိတယ်၊ဓမ္မဝိနယအားဖြင့် ၂-ပါး၊ပိဋကတ်အားဖြင့် ၃-ပုံ၊ နိကာယ်အားဖြင့် ၅-ပါး၊ အင်္ဂါအားဖြင့် ၉-တန်၊ ဓမ္မက္ခန္ဓာ အားဖြင့် ၈၄၀၀၀ တို့ ဖြစ်ကြပါတယ်။

အခုရုပ်ကိုစွဲချက်တင်ထားတယ်။ဒီတော့ရုပ်လေးဟာ "ဟေတု" အကြောင်းလေးပါ၊ ဒီရုပ်ကသညာရဲ့အမှတ်လေးဘဲ မဟုတ်လား၊ ဒီရုပ်ဟာ ပညတ်ရုပ်ပါ။ ဒီပညတ် ရုပ်ထဲမှာ ပရမတ်လေး မပါဘူးလားဆိုရင် ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဒီပရမတ်ကို မတွေ့သေးဘူး။ ရှေ့ကြမှ တွေ့မယ်။

ကိုင်း.... ဌာန်လေးချက်ရဲ့ သဘာဝကိုတော့ နားလည် လာပြီ၊ အကြမ်းနည်းအားဖြင့် သညာဝိဉာဉ်သတ်နည်းနဲ့သတ်ပြအုန်းမယ်။

ရုပ်သည်ဆိုတာ ဘယ်အနေနဲ့ ပေါ်နေသလဲ။ အဲဒါ သညာ အနေနဲ့ ပေါ်နေတာဘဲ မဟုတ်လား။ အဲဒါ ပညတ်ဘဲဆိုတာကို မြဲမြဲကြီး မှတ်ထားပါ။ ကိုင်း သမ္မုတိ သစ္စာနယ် ဆိုတာ ပညတ်တရားတွေ ပေါ်နေတာကို ပြောတာ။ ပရမတ္ထ သစ္စာနယ် ဆိုတာ ပညတ်တရားတွေ မပေါ်ပါ။ ရှေ့ကိုတခါ တက်လိုက်ရင် ရုပ်ရှိတယ်

ဆိုတာ ပညတ်ကို စွဲပြီး ရှိနေတဲ့ အရှိဘဲ မဟုတ်လား။ အဲဒါ သဿတဒိဋ္ဌိထဲ ကျနေပြီ။ နောက်ရုပ်မရှိဘူး ဆိုရင် ဥစ္ဆေဒဒိဋ္ဌိထဲ ကျသွားမယ်။

ဒီတော့ ရုပ်မရှိဘူးဆိုတာ ဘာကိုပြောတာလဲ။ အဲဒါပညတ်ရုပ် မရှိဘူးလို့ပြောတာ။ ပရမတ် အနေနဲ့ကတော့ ရှိတယ်။ ပရမတ် အနေနဲ့ ဖြစ်တဲ့ရုပ်ဟာ ဆံချည် တလှော ခန့်မျှ ပြောင်းလို့ မရပါ။ ဒီရုပ်ကြီးကို ပယ်လိုက်ရင် မရှိဘူးဆိုတာ ပညတ်ရုပ်ကို မရှိဘူးလို့ ပြောတာ။ ရှိနေတယ် ဆိုတာက ပရမတ်သဘောလေး ရှိတာပါ။

ဒီတော့ မာတယ်ဆိုတာဟာ သညာရဲ့ အမှတ် ပညတ်လေးကို ပြောနေတာ။ အဲဒီကနေပြီးမှ "ရုပ်သည်-ငါ"၊ "ငါသည်-ရုပ်"ဆိုပြီး ဆွဲလာကြတာဘဲ။ အဲဒီဟာတွေဟာ သညာရဲ့သဘော "ပညတ် ရုပ်တွေကို" ရှိတယ်လို့ စွဲနေကြတာတွေပါ။ ဒီတော့ ဒီအစွဲကြီး လေးချက်ဟာ ဘာကြောင့် ထွက်လာသလဲ ဆိုရင် အဲဒါ ပညတ် ရုပ်ကို ရှိတယ်လို့ ဆွဲနေကြတဲ့အတွက် ထွက်လာတာပါ။

ဒီတော့ ရုပ်ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန, ယဋ္ဌာန်နဲ့ သိမ်းဆည်း လိုက်ရင် ပရမတ်ရုပ်ကို လာတွေ့မယ်။ ဋ္ဌာနလေးချက်နဲ့ ဝေဖန် လိုက်ရင် အဲဒါ ပရမတ် ဖြစ်တဲ့ ရုပ်ကလေးကို တွေ့ပြီး ပညတ် ဖြစ်နေတဲ့ ရုပ်ကြီးဟာ ပျောက်သွား တော့မယ် မဟုတ်လား။

**ဋ္ဌာန်လေးချက်နှင့် ပညတ်လေးပါး သိမ်းဆည်းပုံ**

သခ်တ လောက ကြီးမှာ "မာတယ် ပူတယ်" ဆိုတာ နာမပညတ်ဘဲ မဟုတ်လား၊ အဲဒါ ပညတ်ရုပ်ကြီးပါ။ ဒီလေးပါးနဲ့ ဝေဘန်လိုက်ရင် အဲ့ဒါ လက္ခဏာဘဲ မဟုတ်လား။ သူ့မှာ အတိတ်, အနာဂတ်၊ သညာ လေးကြောင့် မာတယ်လို့ ပြောနေတာဘဲ မဟုတ်လား။ အဲဒါဟာ လက္ခဏာက ပြောနေတာပါ။

ဒီလက္ခဏာက ပြောနေတဲ့ ဟာကို အနှစ် အသား အနေနဲ့ ဟုတ်လား၊ မဟုတ်ဘူးလား ဆိုတာကို ကျန်တဲ့ ၃-ချက်နဲ့ ဝေဘန်ကြည့်ပါအုန်း။ ဒီတော့ ကျန်တဲ့ ၃-ချက်က ထောက်ခံရင်မာတယ်လို့ ပြောပါ။ အဲဒီ ၃-ချက်ကမှ မထောက်ခံရင် ဘယ်မှာ မာတယ်လို့ ပြောလို့ရမလဲ။

ဒီတော့ လက္ခဏာက ပြောတဲ့ အတိုင်း လိုက်ထောက် ကြည့်ပါ။ ကိုင်း ထောက်ပြမယ်။ "ကိစ္စသမ္ပတ္တိ ဝါ၊ ကိစ္စ၏ ပြည့်စုံခြင်းသည်၊ ရသောနာမ၊ ရသမည်၏"လို့ ပြထားတယ်။

ဒီတော့ လက္ခဏာကို မေးပါ။ မာတယ်လို့ ပြောတာဟာ ရှိသလားလို့။ (ရသနှင့် ထောက်လိုက်တဲ့အခါမှာ ကိစ္စ၏ ပြည့်စုံခြင်းသည် ရသမည်၏။) နာမပညတ် ပေါ်အောင်လို့ သဏ္ဍာန ပညတ်လေးက တည်ပေးတဲ့ အတွက် သူ့မှာ မာတယ် ဆိုပြီး ပြောနေတာ မဟုတ်လား။

အဲဒါ ဓါတ် ၄-ပါးရဲ့ ဗျာပါရလေးကိုကြည့်လိုက်ရင် အာပေါဓါတ်လေးဘဲ မဟုတ်လား၊ သူတို့မှာ ဗျာပါရလေးသာရှိတယ်၊ အဲဒါကို စိတ်ဝိညာဉ်အနေနဲ့ "မာတယ်" ဆိုပြီး ပေါ်နေတာဘဲ မဟုတ်လား၊ အာပေါဓါတ်က မင်း - မာတယ်လို့ ပြောပါဆိုပြီး၊ ပြုလုပ်တဲ့ ဗျာပါရ မရှိပါဘူး။

အဲဒါ သဏ္ဍာန ပညတ်က ဗျာပါရ မရှိဘူး၊ လက္ခဏာဟာ သူ့ဟာသူလုပ်ကြပြီး ပြောနေတာဘဲ မဟုတ်လား၊ သူ့မှာ ပညတ်အနေနဲ့မပါဘူး၊ဒီတော့ ပစ္စုပဋ္ဌာန်ဆိုတာ ရှေ့ရှုထင်တဲ့သဘောပါ အဲဒါဟာ ဝါယောဓါတ်ကို ပြောတာ၊ သညာဝိညာဉ်နယ်ကြီးက "မာတယ်"ဆိုတဲ့ဟာကို တေဇောဓါတ်က ထက်ပေးရတယ်၊ ဒါမှ သာလျှင် "မာတယ်"လို့ ဖြစ်လာမှာ။

ဒီတော့ ဓါတ် ၄-ပါးတို့ရဲ့ အတိုးအဆုပ်လေး ဖြစ်လာပြီ မဟုတ်လား၊ ပညာနယ်ကြတော့ ဝါယောဓါတ်ရဲ့ ဗျာပါရလေး သည်ပင်လျှင် အခု ပထဝီ - အာပေါ - တေဇောဓါတ်တို့ကို ငါ့ကို တွန်းပေးကြပါ၊ လုပ်ပေးကြပါဆိုပြီး၊ မပြောသော်လည်း ပြောပေးသလို အဲဒါ "**ခံလင့်တယ်**"လို့ ခေါ်တယ်။

အဲဒါ သညာဝိညာဉ်လေး ပေါ်ထွက်လာအောင် စောင့်ရှောက်ပေးတာဘဲ မဟုတ်လား၊ အဲဒါကို ပညတ်တင်လိုက်ရင် သမ္မုဟပညတ်ပါ၊အဲဒါ တေဇောနဲ့ ဝါယော လှုပ်ရှားမှုလေးပါ၊ ခံလင့်တဲ့သဘောလေးဘဲရှိတော့တယ်၊ ဝါယောဓါတ်ရဲ့ ဗျာပါရပေါ်ဘို့ဆိုတာဟာ အမြဲတောင့်တတဲ့ သဘောလေးဘဲ ရှိတော့တယ်။

နောက် ပဒဋ္ဌာန်ဆိုတာ နီးစွာသော အကြောင်းရှိ၏။ ဒီတော့ဓါတ် ၃-ပါးတို့၏အကြောင်းဆိုတာ တေဇောဓါတ်ဘဲမဟုတ်လား၊ အကြောင်းသဘောလေးဘဲလို့ ပြောလိုက်ရင် အတ္တာ ဖြစ်သွားမှာဖြစ်ခြင်းကြောင့် နီးစွာသော အကြောင်းရှိ၏လို့ ပြောတာ၊ အဲဒါ ပစ္စယသဘော ပေါင်းစုတဲ့အနေနဲ့ သာရှိတယ်။

သခ်ၤတလောကကြီးမှာ နာမပညတ် ပေါ်လာတာဟာ သူနဲ့ နီးစွာသောအကြောင်းလေးရှိတယ်၊ ဒီလိုဌာန်၄-ချက်နဲ့လဲ ဝေဘန်လိုက်ရော၊ အဲဒါ ပရမတ်နဲ့ သဘောလေးတွေကို လာတွေ့တယ်၊ ဒီတော့ လက္ခဏာကလဲ လှည့်ပတ်တဲ့သဘောဘဲ မဟုတ်လား၊သူ့မှာ အတိတ် အနာဂါတ်တို့ရဲ့ သညာရှိတယ်၊ အဲဒါဟာ ပညတ်ဘဲ မဟုတ်လား၊ ဒီ ပညတ်သဘောကို မောင်းထုတ်လိုက်ပေါ့။

ဒီတော့ ပညတ်သဘောကို ဒီလိုဝေဘန်ပိုင်းခြားပြီး မောင်းထုတ်လိုက်တော့ ဘယ်ဒိဋ္ဌိကလာဆွဲဦးမှာလဲ၊သူ့မှာ မာတယ်ဆိုတာဟာ ပညတ်အနေနဲ့ လှည့်ပတ်နေတဲ့အတွက် ဌာန် ၄-ချက်နဲ့ ဝေဘန်လိုက်တဲ့အခါ "မာတယ်" ဆိုတာ မရှိတော့ပါ၊ ဒါဟာ အကြမ်းနည်းဖြင့် သတ်တဲ့နည်းပါ။

ကိုင်း....သာဓုခေါ်ကြပါတော့....

**သာဓု....သာဓု....သာဓု....။**



## ဝါခေါင် လဆန်း ( ၁ ) ရက်နေ့ ဟောစဉ်

**ဒေသနာနည်း**
**သဘာဝနည်း**
**လက်တွေ့နည်း**
**သုံးသပ်ပုံ**

မနေ့က ဒေသနာနည်းတင်လိုက်တာကို၊ ဒီကနေ့ သဘာဝနည်းဖြင့် တင်ပြအုံးမယ်၊ လက်တွေ့နည်း ဆိုတာကပထဝီဓါတ်ထဲမှာကိုတေဇော,ဝါယော အာပေါ တို့ဟာ လက္ခဏာလေးတွေကို ရှိတာကို တင်ပြအုံးမယ်၊ အဲဒါ ပထဝီဓါတ်ထဲမှာကို ဓါတ် ၃ - ပါးဟာ ဘယ်အနေနဲ့ ပါလာသလဲဆိုတာကို ဝေဘန်ပြပါ အုံးမယ်။ ဒီတော့ ဟေတု အကြောင်းကို ပစ္စယ အကြောင်းက ထောက်ပန့်သလို ပစ္စယ အကြောင်းကို ဟေ တု အ ကြောင်း က ထောက်ပန့်ပေးပုံကိုလဲ ပြအုံးမယ်၊ မနေ့က ခွဲပြလိုက်တာက ပထဝီ ဓါတ်သည် ကြမ်းတမ်းခက်တရော်ခြင်း လက္ခဏာရှိ၏ဟု ပြခဲ့တယ်။

ဒီတော့ ဥတုပြဋ္ဌာန်းတဲ့ရုပ်မှန်ရင် အမြဲတမ်း ကြမ်းတမ်းပါတယ်၊ ကျန်တဲ့ စိတ်တို့ အာဟာရတို့ ကံတို့ကြတော့ ကြမ်းတမ်းခြင်းမရှိဘူး၊ နူးညံ့မှုရှိတယ်။

(တနည်း) ဥပါဒိဋ္ဌိဘင်နဲ့ ကြည့်ပြန်တော့လဲ၊ ဥပါဒိဋ္ဌိဘင်မရှိတဲ့ ရုပ်ဟာ အမြဲတန်း ကြမ်းတမ်းနေတယ်၊ ဥပါဒိ-ဋ္ဌိ-ဘင်ရှိတဲ့ ရုပ်ကြ တော့ ကြမ်းတမ်းခြင်း မရှိပါ၊ နူးညံ့သိမ်မွေ့ပါတယ်၊ (တနည်း) ပျက်ကိန်းရှိတဲ့ရုပ်ကြတော့ ကြမ်းတမ်းတယ်၊ ဖြစ်ကိန်း ပျက်ကိန်း ၂-ပါးစုံရှိတာကြတော့ နူးညံ့သိမ်မွေ့တယ်။

ဒီတော့ ထို ပထဝီဓါတ်လေးမှာကိုပင် တည်တဲ့သဘောလေး, ခံလင့်တဲ့သဘောလေး, နီးစွာသော အကြောင်းသဘောလေး, စတဲ့ သဘောလေးတွေကို အစုံသဘော,အဆန့်သဘော,အနေနဲ့ သိလာမှ သာလျှင် အဆီညှစ်လိုက်တဲ့အခါမှာ အနတ္တဓါတ်လေးကို လာတွေ့ တော့မယ်။

ဒီတော့ ( ပထဝီဓာတု ကက္ခဠတ္တလက္ခဏာ ) ပထဝီဓါတ်သည် ကြမ်းတမ်း ခက်တရော်ခြင်း လက္ခဏာ ရှိ၏။ ( ပတိဋ္ဌတရသာ ) တည်ခြင်းသဘောတရားရှိ၏။ သခ်တ လောကကြီးမှာ ပေါ်တော့ မယ်ဆိုရင် အာပေါ,ဝါယော,တေဇော, ဓါတ် ၃-ပါးကို အမှီပြုမှ သာလျှင် ပထဝီဓါတ်ဟာ ပေါ်ထွက်လို့ရတယ်။

**ပညတ်ရုပ်**
**ပရမတ်ရုပ်**

ဒီတော့ - သညာဝိညာဉ်နယ်မှာ မထင်ရှားသေးရင် မပေါ်ထွက်သေးရင် ပညတ်မဟုတ်သေးပါ၊ သခ်တလောကကြီးမှာ ပေါ်ထွက်လာမှ ပညတ်လို့ယူပါ၊ အဲဒီ ပညတ်နယ်ထဲမှာ ပေါ်ထွက်နေတဲ့ရုပ်ကို ပညတ်ပြဋ္ဌာန်းသောရုပ်လို့ခေါ်တယ်၊ ဝိညာဏ်နယ်မှာရှိ၍ သညာနယ်မရောက်သေးရင် ပရမတ် ပြဋ္ဌာန်းသော ရုပ်ပါ။

ဒီတော့ ပထဝီဓါတ်ရဲ့ "ပတိဋ္ဌိတ" မှ မရှိရင် ဓါတ်သုံးပါးလေးဟာ ပေါင်းလို့မရပါ၊ ဓါတ်တပါးမှာကို ကိစ္စလက္ခဏာလေးတွေဟာရှိနေကြတယ်၊ ပထဝီဓါတ်ဟာ(ကက္ခဠတ္တ) ကြမ်းတမ်းခြင်း (ပတိဋ္ဌိတ)တည်ပေးခြင်း လက္ခဏာလေးတွေ ရှိနေကြတယ်။

နောက်တခါ ရှေ့ကိုတက်ရင် (သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန) ခံလင့်သော သဘောအားဖြင့် ဉာဏ်မှာ ရှေ့ရှု ထင်ခြင်းရှိ၏။ ဒီတော့ "ခံလင့်တယ်ဆိုတာ ဘာလဲ" အဓိပ္ပါယ်ကိုတွေးပါအုံး။

ဒီသဘာဝလေးဟာ ပရမတ္ထသဘာဝလေးပါ။ ဒီတော့ ဓါတ်လေးတွေကို ဝေဘန်လိုက်တဲ့အခါ၊ သမုတိ သစ္စာနယ်နဲ့ ပရမတ္ထသစ္စာနယ်ကို နားလည်ရမယ်၊အဲဒါပရမတ္ထသစ္စာနယ်ဘက်ကဟာကို တွေးယူရမယ်,ဆင်ခြင်ယူရမယ်။

ဒီတော့ပညတ်နဲ့ပရမတ်လဲ ထွက်လာရော၊ ရှေ့ကြတော့ အဲဒါ ရုပ် နာမ်ဆိုပြီး ရှာသွားရတော့မယ်၊ဒီနေရာမှာ ပညတ်နဲ့ပရမတ်ကို နားလည်အောင် ခွဲပေးနေရတယ်၊ ဒီပညတ်နဲ့ ပရမတ်ကို နားလည်လာရင် အဲဒါက အနတ္တဓါတ်ကြီး ထွက်လာမယ်။

ဒီတော့ ရုပ်ကြီးကို 'ချေ' လိုက်တဲ့အခါ၊ အဲဒါ နာမ်တရားလေးဘဲ ရှိတော့တယ်။ ဒါကို တဖြေးဖြေးနဲ့ ပညတ်, ပရမတ် ခွဲလာတယ်။ ဒီလို တဖြေးဖြေး ခွဲလာတာဟာ နောက်ဆုံး နိဗ္ဗာန ဓါတ်အထိ ရောက်လာ တော့မှ ဂေါတြဘူ ဉာဏ်ကြီးက အဲဒါ ဒီဘက်က ပုထုဇဉ်ရဲ့ ဇာတ်ကြီးကို ဖြတ်ပြီးတော့မှ အရိယာ ဇာတ်ကို ဖွင့်ပေးတယ်။

အနုမတဂ္ဂ သံသရာ အစမထင်တဲ့ ဘဝအစဉ်ကစပြီး ပါလာတဲ့ ပုထုဇဉ်ရဲ့ အနွယ်ကို ဖြတ်လိုက်တယ်။ ဒီတော့မှ အရိယာရဲ့ အနွယ်ထဲ ဝင်သွားပြီး အဲဒါ သစ္စာလေးပါးနဲ့ နိဗ္ဗာန ဓါတ်ကို ဝင်တော့တယ်။

ဒါကြောင့် ဒီနေရာမှာ နားလယ်အောင် ခွဲရမယ်။ (ကက္ခ ဋ္ဌတ္တ လက္ခဏာ)ဟာ ပညတ်နယ် ဘဲလို့ သိလာရင် ဟိုဘက်က သဘာဝလေး တွေဟာ ပရမတ်နယ် ဆိုပြီး ကွဲလာမယ်။ ဒါမှ အနတ္တဓါတ်ကို လာတွေ့မယ်။ အနတ္တဓါတ်ဟာ ပရမတ္ထ သစ္စာ နယ်ဘဲ ဆိုတာကို မြင်လိုက်တာနဲ့ ပညတ် နယ်ကြီးဟာ တခါထဲ သုဉ်းဆိတ် သွားရမှာဘဲ။

ဒီတော့ အဲ့ဒါကို ပရမတ္ထသဘာဝ အနတ္တနယ်လို့ ယူပါ။ အကျိုးတရားအနေနဲ့ ဖေါ်တဲ့အခါမှာ ပညတ်နယ်ကြီး သုဉ်းဆိတ် တာကို အကျိုးတရားအနေနဲ့ ယူရပါတယ်။

**နိဗ္ဗာနဓါတ်။** နိဗ္ဗာနဓါတ်ကို ဘမ်းတော့မယ် ဆိုရင် တကယ့် ပရမတ္ထသဘာဝ အနတ္တဓါတ်ကြီး ကိုလဲ အာရုံ ပြုလိုက်ရော၊ သမုတိ သစ္စာနယ် (ဝါ) သညာ ဝိညာဏ်နယ်ကြီး သုဉ်းဆိတ် သွားတာကို အဲဒါ သန္တိသုခ အစဉ်ငြိမ်းအေးတဲ့ဓါတ်ဘဲ မဟုတ်လား။ ဒီထိအောင် သဘာဝနယ်က မောင်းထုတ်မယ် ဆိုတာကို သင်နည်းမှတ်ချက် ယူထားပါ။

ဒီတော့ နိဗ္ဗာန်ရှိတယ် ဆိုတာဟာ ဘယ်သူကပြောတာလဲဆိုရင် နာမရူပ ပရိစ္ဆေဒ ညာဏ်က ပြောတာ။ သမုတိ သစ္စာ နယ်မှာ လက္ခဏာနဲ့ ရသရှိတယ်။ ပရမတ္ထသစ္စာနယ်ကြတော့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန် ရှိတယ်။

သမုတိ သစ္စာနယ်ဘက်ကြတော့ ဘယ်လိုဘဲပြောပြော ပြောလို့ ရတယ်။ ပရမတ္ထသစ္စာနယ်ဘက်ကြတော့ ပြောခြင်သလို ပြောလို့ မရပါ။ သူ့ရဲ့သဘာဝလေးကို ရှာရတော့မယ်။ ဒီဟာကို ဘယ်လို ရှာမလဲ။

ဒီတော့ ရုပ်သဘောကို ဝေဘန်လိုက်ရင် နာမ်သဘောလေးဟာ ပေါ်လာရမယ်။ ပညတ်ကို ဝေဘန်လိုက်တဲ့ အခါမှာလဲ ပရမတ်ရဲ့ သဘာဝလေးဟာ ထွက်လာရမယ်။ သူတို့ဟာ တဦးနဲ့ တဦး ကျေးဇူးပြုပြီး နေကြတယ်။ အဲဒီသဘာဝတွေကို နားလည်ရမယ်။

ဒီတော့ ပစ္စုပ္ပန် ဆိုတာ ဘာလဲလို့ ဆိုရင် ခံလင့် နေတဲ့ သဘောဘဲ မဟုတ်လား။ တေဇောဓါတ်နဲ့ ဝါယော ဓါတ်ဟာ အကြောင်း မညီညွတ်ရင် ဘယ်မှာပေါ်လို့ ရမလဲ။ ဒီတေဇောနဲ့ ဝါယော မညီညွတ်ရင် (ပတိဋ္ဌိတ)တည်တဲ့သဘော ဆိုတာ မဖြစ်တော့ပါ။

သမုတိ သစ္စာနယ် မှာက ဘာအကြောင်းမှ မရှိတော့ဘူး။ ပရမတ္ထ သဘာဝဖြစ်တဲ့ တေဇောနဲ့ ဝါယောတို့ ညီညွတ် မှသာ (ပတိဋ္ဌိတ) ဖြစ်နိုင်မယ် မဟုတ်လား။ သူဟာ (သူ့ သဘာဝ ဒီးဒီး အနေနဲ့ သူမဖြစ်နိုင်ရင်) အဲဒါ အနတ္တဆိုတာ ထင်ရှား နေပြီဘဲ မဟုတ်လား။

ဒီတော့ ပစ္စုပ္ပန် လေးကို မျက်ခြေ မပြတ်စေနဲ့၊ ကာလ သုံးပါး အနေနဲ့ ဖွဲ့တဲ့အခါမှာ အဲဒါ ပစ္စုပ္ပန် အနေနဲ့ ပေါ်ထွက် လာအုန်းမယ်။ ဒါကြောင့် ပရမတ္ထ သဘာဝကိုပြောပါလို့ ဆိုရင် တေဇောနဲ့ ဝါယောမှာ ကျနေပြီ။ ဒီ ၂-ခု ညီညွတ်မှ သာလျှင် မာတယ်၊ ပူတယ်လို့ ဆိုပြီး ပထဝီ ဓါတ်က ပြောနိုင် မှာဘဲ မဟုတ်လား။

ဒီတေဇောနဲ့ ဝါယော နှစ်ပါးမှ မညီညွတ်ရင် ဘယ်မှာ မာတယ်၊ ပူတယ်လို့ ပြောလို့ ရမှာလဲ။ မာတယ်၊ ပူတယ်လို့ မပြောနိုင်ရင် အဲဒါ အနတ္တဓါတ် သဘာဝဘဲမဟုတ်လား။ အဲဒီလို ဌာန်လေးချက်နဲ့ ဝေဘန်လိုက်ရင် ဘယ်သဘာဝကို မြင်ရမလဲ ဆိုတော့ သမုတိသစ္စာနယ်နဲ့ ပရမတ္ထ သစ္စာနယ်ကို မြင်ရမယ်။

**ပညတ်နှင့် ပရမတ်။** ဒီသဘာဝကို တကယ် မြင်ရင် သခ်တလောကကြီးမှာ ထင်ရှား ပေါ်သမျှ အားလုံးဟာ ပညတ် တွေဘဲ မဟုတ်လား။ ဒီတော့ သခ်တလောကကြီးမှာ ထင်ရှား နေတယ်၊ ပေါ်နေတယ် ဆိုရင် အဲဒါ ပညတ်တွေဘဲ။ ဒီသခ်တလောကကြီးမှာ မပေါ်ထွက်နိုင်မှ ပရမတ်အစစ်ပါ။ အဲဒါ"မဂ်"လဲကြရောသန္တိသုခဓါတ်လေးဟာ ထွက်လာတော့မယ်။ အဲဒါ ပရမတ်အစစ်ဘဲ။

ယခု ဒီနေရာမှာ ခံလင့်တဲ့ သဘောလေးကို ပရမတ်ထဲ ထည့်ထား သော်လဲ၊ နောက်ကို ထပ်ပြီး ဖြုတ်အုန်းမယ်။ ယခု ဒီနေရာမှာ ပစ္စုပ္ပန်လေးကို ပရမတ် အနေနဲ့ ယူထားပါအုန်း။

(အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု) "မိမိ၏ သဘောကို ဆောင်ခြင်းကြောင့် ဓါတ်မည်တယ်" ဒါဖြင့် ပထဝီ ဓါတ်ရဲ့ သဘာဝကိုရှာပါ။ ဒီပထဝီဓါတ်ရဲ့ သဘာဝအနတ္တဓါတ်လေးဟာ ဒီသခ်တ လောကကြီးမှာ "သူ့သဘာဝနဲ့သူ" ဆောင်နေတာကို ဓါတ်လို့ ခေါ်တယ်။ အနတ္တဓါတ်လေး အနေနဲ့ ဖြစ်တဲ့ ပရမတ်ရဲ့ သဘာဝ ပစ္စုပ္ပန်ကြမှ မိမိ ဆိုပြီး ယူရပါတယ်။

ဒီလို လက်တွေ့နည်းနဲ့ နားလည်ရင် "ရုပ်သည် ငါ" ဆိုတာ ရှိသေးသလား၊ အဲဒါ ပစ္စုပ္ပန် အနေနဲ့သာလျှင် ရှိတော့တယ် မဟုတ်လား၊အဲဒီ သဘာဝကိုမမြင်လို့ "ရုပ်သည်ငါ""ငါသည်ရုပ်" ဆိုပြီး စွဲနေတာဘဲ မဟုတ်လား။

ပရမတ္ထသစ္စာနယ်က ကြည့်လိုက်တဲ့အခါမှာ ဘယ်မှာ ရုပ်ရှိတော့မလဲ၊ရုပ်မရှိတော့ရင်(ရုပ်သည်)လို့ဆိုတာသာလျှင်ကျွတ်အုံးမယ်၊ ငါဆိုတဲ့ အစွဲက ကျန် သေးတယ်၊ ကျန်တဲ့ အစွဲ တွေကလဲ လိုက်အုံးမယ်။

"ဒီတော့ ဘာမှ မရှိတော့ဘူး" ဆိုပြီး လုပ်ခြင်ရာလုပ်နေရင် ဥစ္ဆေဒဒိဋ္ဌိထဲ ကျသွားလိမ့်မယ်၊ ယခု ရုပ်လေးကို (၀၁) သမုတိသစ္စာနယ်ကြီးကို ပယ်လိုက်တာဟာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိကြီးတွေ မလိုက်နိုင်အောင် တိက္ခ၊ ဟုသ၊ ဇဝန၊ ဂမ္ဘီရ ဆိုတဲ့ ညာဏ်ကြီးတွေနဲ့ အစွမ်းကုန် မွေနှောက် သုမ်သင်ပစ်ရဦးမယ်။

သညာတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အစွဲကြမ်းကြီး ၂ ခုက လွတ်အောင် ဘယ်လိုလုပ်မလဲ .... ရှိသလား၊ မရှိဘူးလား၊ ဘယ်လို ဖြေမလဲ၊ စဉ်းစားပါ၊ နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပါတော့။

" သာဓု—သာဓု—သာဓု "

## ဝါခေါင် လဆန်း (၂) ရက်နေ့ ဟောစဉ်

**သညာဝိညာဉ်=သမုတိသစ္စာနယ်**
**ပညာ=ပရမတ္ထသစ္စာနယ်**

ကိုင်း.... ဒီတော့ အတ္တဒိဋ္ဌိကြီးကို ဖြုတ်လိုက်တဲ့ အခါမှာ သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ဟာ အစဉ် လိုက်ပါလာကြပြီ၊ အခု ဟောခဲ့တာဟာ ဒေသနာနည်း နှင့် သဘာဝနည်း ပြီးသွားပြီ၊ ဒီနေ့ လက်တွေ့နည်းကို တင်ပြအန်းမယ်၊ ( သမုတိသစ္စာနယ်ဟာ သညာ,ဝိညာဉ်နယ် ) ဖြစ်တယ်၊ (ပရမတ္ထ သစ္စာနယ်ဟာ ပညာနယ်)ဖြစ်တယ်၊ နယ် ၂-နယ်လာပြီး ဖြစ်နေပြီ။

အခု နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပထဝီဓါတ်လေးကို ခွဲလိုက်တဲ့ အခါမှာ၊ သမုတိသစ္စာနယ်မှာ လက္ခဏာ နှင့် ရသ လာပေါ်တယ်။ (လက္ခဏာဆိုတာ သညာရဲ့အမှတ်သဘော) (ရသ,ဆိုတာဝိညာဉ်ရဲ့ ပြုပြင်တဲ့သဘော)၊ မာတယ်ဆိုတာဟာ သညာဝိညာဉ်က ပြောနေ တာ,မဟုတ်လား၊ ဒါကိုမြင်မှ အနတ္တဓါတ်လေးက ထွက်လာမှာ။

မာတယ်လို့ပြောတာ တကယ့် ပရမတ် မဟုတ်ပါဘူး၊ သညာ ဝိညာဉ်ကသာ မာတယ်လို့ ပြောနေတာပါ၊ သညာ နှင့် ဝိညာဉ် (တနည်း) အဝိဇ္ဇာ နှင့် တဏှာ လာပေါ်တယ်၊ နောက် ပညာနယ် ဖြစ်တဲ့ ပရမတ္ထ သစ္စာနယ်ကို ဝေဘန်လိုက်တဲ့ အခါမှာ ဒုက္ခနှင့် သမုဒယကို လာတွေ့တယ်၊ နာမ်တရားဟာ အဝိဇ္ဇာရေသောက်မြစ် ရှိတယ်၊ ရုပ်တရားကြတော့ တဏှာရေသောက်မြစ်ရှိတယ်။

ဒီတော့ အဝိဇ္ဇာက "ရှေ့" ဖြစ်ပြီး တဏှာက "နောက်" ဖြစ်နေတယ်၊ တခါ အဝိဇ္ဇာက နောက်ဖြစ်ပြီး၊ တဏှာက ရှေ့ဖြစ်တာလဲ ရှိတယ်။ အဲဒါက ဒုက္ခနှင့် သမုဒယကို မြင်စေလိုတဲ့အတွက် ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖွင့်ခြင်းဖြစ်ပါတယ်။

ဒီတော့ အဝိဇ္ဇာဟာ ဘယ်ကဖြစ်လာသလဲ ဆိုရင် "အာသဝ ါနံ သမုပ္ပါဒါ - အဝိဇ္ဇာစ ပဝတ္တတိ" လို့ သင်္ဂြိုဟ်ကျမ်းက ပြလာတဲ့ အတိုင်း အာသဝေါတရားဖြစ်ပေါ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်တယ်၊ နောက် အာသဝဟာ ဘယ်က ဖြစ်လာသလဲဆိုရင်၊ အဲဒါ သေသေချာချာ မတွေးတော့ပါ၊ အဖြေမပေးတတ်ကြတော့ပါ။

ဒီတော့ ပညာသဘောနဲ့ တွေးကြံ ကြည့်တဲ့ အခါမှာ အာရုံ အာရမ္မဏိကတို့ပေါင်းပြီးတော့ ဖြစ်လာကြတာ မဟုတ်လား၊ အာရုံ အာရမ္မဏိကတို့ရဲ့ ပေါင်းဆုံမှုကြောင့် အာသဝဟာ ဖြစ်ပေါ်လာတယ်၊ ဒီတော့ ရုပ်ရဲ့အရိပ်လေးမှာ အဝိဇ္ဇာကြီးကိုထည့်ပြောလာရင် ဝိပဿနာ ပညာနဲ့ ဆင်ခြင်နိုင်လာပြီ၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်ကြီးကိုမူတည်ပြီး ပြောတာပါ။

ကိုယ်က သေသေချာချာ တွေးမှသာလျှင် စိန္တာမယဉာဏ်ဖြင့် ကျက်စားနိုင်မှသာလျှင် အသိဉာဏ်ကြီးတွေဟာ ပေါ်လာပါလိမ့်မယ်၊ ဒီလိုဌာန် ၄—ချက်နဲ့ ခွဲလိုက်တဲ့အခါမှာ သမုတိသစ္စာနယ်နဲ့ ပရမတ္ထသစ္စာနယ်ဟာကွဲလာပြီ၊ သမုတိ သစ္စာနယ်ကို "မရှိဘူး" လို့ ဆိုရင်အဲဒါဥစ္ဆေဒဒိဋ္ဌိဖြစ်မယ်၊ နောက်ပရမတ္ထသစ္စာနယ်ကို 'ရှိတယ်' ဆိုပြီး အနှစ်အသား အနေနဲ့ ဆွဲထားပြန်ရင်လဲ အဲဒါ သဿတဒိဋ္ဌိ ဖြစ်တော့မယ်။ ကိုင်း.... ဘယ်လို လုပ်ကြမလဲ၊ ဒီသဿတနဲ့ ဥစ္ဆေဒ ၂-ပါးကလွတ်အောင် ဘယ်လိုပြောမလဲ၊ သဿတနဲ့ဥစ္ဆေဒဒိဋ္ဌိဟာ ဘယ်အပေါ်မှာရှိနေသလဲဆိုရင် အစွဲ, အယူ, အသိ, အပေါ်မှာ ရှိနေတယ်။

အဲဒီ အစွဲအယူ အသိမှ မဖြုတ်ရင် သဿတနဲ့ ဥစ္ဆေဒ ဒိဋ္ဌိဟာ ဘယ်မှာပြုတ်မလဲ။ အဲဒါ ဘယ်လိုယူယူ မလွတ်နိုင်ဘူး။ မနေ့က ပြလိုက်တဲ့ ပထဝီဓါတ်လေးဟာ သဘာဝ လေးချက် ထွက်လာပြီး ပယ်တဲ့အခါမှာ ပညာသဘောနဲ့ ပယ်ရမယ်။

**သမုတိနယ်နှင့် သညာဝိညာဉ် သဘော**

ဒီတော့ သမုတိ နယ်ကြီးဟာ သညာ ဝိညာဉ်က ဖြစ်နေခြင်းကြောင့် အဲဒါ ပညတ်ပါ။ ဒီပညတ်ကို ပရမတ်လို့ အထင်မှားပြီး ယူနေတာကို သိတော့မှ (ရုပ်သည်-ငါ) ဆိုတာဟာ (သညာ ဝိညာဉ်ကြောင့်) ဖြစ်နေတာဘဲ ဆိုတာကို ထိုယောဂီ သိလာရင် ရုပ်ဆိုတာ ဘယ်ရှိတော့မလဲ။ မရှိတော့ဘူး။ ဒီရုပ် မရှိတော့ရင် 'ငါ' လေးက ဆွဲနိုင်ဦး မလား၊ မဆွဲနိုင် တော့ဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သခ်ိတ လောကကြီး တခုလုံးမှာ ပေါ်နေတဲ့ သဘာဝတရားတွေမှန်ရင် အဗျာပါရ အနတ္တကြီးဘဲလို့ ဟောကြားတော်မူခဲ့တာပါ။

"သာမညံဝါ၊ အများနှင့် ဆက်ဆံခြင်းသည်ရင်း။ သဘာဝေါဝါ၊ သဘော တ ရား သည် ရင်း။ လက္ခဏံ နာမ၊ လက္ခဏာ မည်၏"တဲ့။ အများနှင့် ဆက်ဆံခြင်း ဆိုတာ သညာရဲ့ အမှတ် သဘော **လက္ခဏာ**ပါ။ **ရသ** ဆိုတာကတော့ ဝိညာဉ်ရဲ့ ပြုပြင်တဲ့ သဘောပါ။ သူတို့ နှစ်ခု ပေါင်းပြီးတော့မှ "မာတယ်၊ ပူတယ်"လို့ ပြောနေတာဘဲ မဟုတ်လား။ သညာဝိညာဉ်မှ မရှိရင် မာတယ်၊ ပူတယ်လို့ ပြောမလား၊ မပြောနိုင်ဘူး။ ဒါဟာ သညာ ဝိညာဉ် လုပ်ကြံနေတာပါ။ သညာ ဝိညာဉ် လုပ်ကြံတဲ့ သဘောကို မမြင် ကြလို့ မာတယ်၊ ပူတယ်လို့ ပြောနေကြတာပါ။

ပညတ် မပေါ် နိုင်တဲ့ သဘာဝ တွေကို သညာ ဝိညာဉ်က ဆွဲဆောင် ပြီးတော့ မာတယ်၊ ပူတယ် ဆိုပြီး ပြောနေ တာဘဲ မဟုတ်လား။ အဲဒါကို နာမရူပ ပရိစ္ဆေဒ ဉာဏ်ဖြင့် ရှာလိုက်တဲ့ အခါမှာ လက္ခဏာနဲ့ ရသကို လာတွေ့နေပြီ။

ဌာန်လေးချက်နဲ့ ဝေဘန်လိုက်တဲ့အခါမှာ သမုတိသစ္စာနယ်နှင့် ပရမတ္ထ သစ္စာနယ် ဆိုပြီး ထွက်လာတယ်။ သညာ ဝိဉာဉ်ဟာ ဘယ်လောက်လိုက်လာသလဲ ဆိုရင် အဲဒါ သခ်ိတ လောကကြီးမှာ မြင်ကောင်းတဲ့အရာ မှန်ရင် သူတို့တွေဟာ အမြဲ ပါနေကြတယ်။

ဒီတော့ မာတယ်ဆိုတာဟာ ဘယ်မှာရှိသလဲ၊ သညာ ဝိညာဉ်ကြီးမှာ ရှိနေတယ်။ ဒီဟာကို အဝိဇ္ဇာကြီးက ခိုင်းထားတဲ့ အကောင်ပါလား ဆိုပြီး၊ သိလာရင် ဒီသဿတနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ဟာ လိုက်နိုင်ဦး မှာလား။ အဲဒါ ဗျာပါရ သဘော ဖြစ်တဲ့ သညာ ဝိညာဉ်ကြီးဘဲ မဟုတ်လား။ အပြင် လောကကြီးကို အဗျာပါရ အနတ္တနဲ့လဲ သိမ်းလိုက်ရော အဲဒါ (ရုပ်သည်) ဆိုတာ ရှိတော့ မလား၊ မရှိတော့ပါ။ မရှိတော့ရင် "ငါ" က ဆွဲနိုင်ဦး မလား၊ မဆွဲနိုင်တော့ပါ။

**သမုတိသစ္စာနယ် ဇာတ်သိမ်းသွားပုံ။**

အဲဒီလို သညာ ဝိညာဉ်ကို မြင်အောင် ရှာနိုင်လာရင် သခ်ိတ လောက ကြီးမှာ ဖြစ်နေတဲ့ ရုပ်သဘာဝတွေ မှန်ရင် အဗျာပါရ အနတ္တနဲ့ သိမ်းနိုင်လာရင် ထိုယောဂီဟာ သညာ ဝိညာဏ်ကို လာတွေ့တော့တယ်။ သမုတိ သစ္စာနယ်ကြီးကို အဗျာပါရ အနတ္တ အနေနဲ့ သိမ်းထားတဲ့အတွက် ဥစ္ဆေဒ ဒိဋ္ဌိကြီးဟာ လွတ်သွားပြီ။ ဒါက သမုတိ သစ္စာနယ်ကြီး သိမ်းသွားပုံပါ။

ဒီတော့ ပရမတ္ထ သစ္စာနယ် မှာက နာမ်တရားကို အဗျာပါရ အနတ္တနဲ့ သိမ်းပုံကို ပြဦးမယ်။

**(လင်္ကာ)**— နာမ်ရုပ်ကို ရှာကြသည့်၊ ဒီတခါမှ စိတ်စွက်မိ၊
ရွှေမဏိတော် ရတနာ၊ ရွှေဒေါက်ချာ ဖြိုးလူလူနှင့်၊
နေပူလို့ မိုးရွာ၊ လူမျိုးက လာကြရော့၊ စာထိုထို၊
လူထိုထို၊ တပေါင်သံ ဆိုလိုက်မည်၊ ဆေးတန့်တို
ခြောက်ဆဲ့ကိုး၊ လူခြောက်ဆဲ့ကိုး၊အလိုညီညီညက်ကဲ့၊
သည်ခေတ်တွင် သည်ကံ၊ ကူးခြင်သူ ကြုံကြရော့၊
ကူးတန်မှ ကူးစေ၊ မကူးတကူး ကူးတကူးနှင့်၊ တမူရာ
ဟန်နဲ့လို့၊ တကယ့်ဉာဏ်တွေ.... လို့

ရှေးက ပညာရှိများ မိန့်ဆိုခဲ့သည့်အတိုင်းပစ္စုပ္ပန္နာန်နဲ့ ပဒဋ္ဌာန် ဆိုတာ ပရမတ္ထ သစ္စာ နယ်ဘက်က ဖြစ်ပုံကို ဝေဘန် ကြည့်ပါ။

ဒီတော့ ပထဝီရဲ့ သဘာဝ လေးကို ထုတ်လိုက်ရင် အဲဒါ "ခံလင့်နေရတာ" ဆိုတာသည်ပင်လျှင် အနတ္တဘဲ မဟုတ်လား။ သညာ ဝိညာဉ်ကြီးကလဲ ဘယ်မှာ နေသလဲ ဆိုရင် ပစ္စုပ္ပန်နဲ့ ပဒဋ္ဌာန်ကို ကြည့်ပါ။ ဒီပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို မြင်လိုက်တာနဲ့ တခါထဲ ပျက်ကြသွားမှာဘဲ မဟုတ်လား။

ဒီသညာ ဝိညာဉ်ဟာ ဒီပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို အားကိုးနေရတယ်။ ဒါကို သညာဝိညာဉ်က ပညတ်နယ်ကြီး ဖွင့်တဲ့အခါမှာ အထောက်အခံ မရှိဘဲ ဖွင့်လို့ မရပါ။ ပညာနယ်ရဲ့ ဒီပရမတ် သဘာဝလေးကို မူတည်ပြီးမှ ဖွင့်လို့ရတယ်။ ပဒဋ္ဌာန် ကြတော့ နီးစွာသောအကြောင်းဆိုတာ တေဇောဓါတ်လေးဘဲ မဟုတ်လား။

အဲဒီဟာကလဲ အဗျာပါရ အနတ္တပါ။ ပညာသဘာဝက မမြင်တဲ့ အတွက် သညာ ဝိညာဉ်က လက်မောင်းတန်းနေ တာပါ။ အဲဒါ ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို မြင်လာရင်....

"ယထာဝ သရသ လက္ခဏ ပဋိဝေဓ ဝသေန နာမရူပ ပရိစ္ဆေဒ ညာဏံ နာမ" ဆိုတဲ့ အတိုင်း၊ သညာ ဝိညာဉ်ကို သတ်ဘဲ့ အခါမှာ ဒီ ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ရဲ့ သဘာဝလေးတွေကို ကြည့်ပြီးတော့ သတ်ရမယ်။

အဲဒါကြောင့် ဘာကိုဘဲလုပ်လုပ် သညာ ဝိညာဉ်က လုပ်ကြံတာဘဲ၊ အဲဒါ ဘယ်သူက ထောက်ခံပေးသလဲဆိုရင် ပညာနယ်က ထောက်ခံထားတယ်၊ ဒီဟာကို မြင်အောင်ရှုနိုင်လာရင် အလုပ်လုပ်တဲ့ အခါမှာ ဆင်ခြင်နိုင်လာတော့မယ်၊ အဲဒီလိုမှမဆင်ခြင်နိုင်ရင် အဲဒါ သံသရာရဲ့ ဝဋ်မြစ်ငုတ်ကြီး ကျွတ်လွတ်ဘို့ ခဲယဉ်းပါတယ်။

သညာဝိညာဉ် လက်မောင်းတန်းတာဟာ တေဇောနဲ့ ဝါယော တနည်း ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကိုကြည့်လိုက်ပါ။ ဒီတော့ ဆရာတော် ပြောလိုတာက ပရမတ္ထ သဘောလေးကို တွေ့ပြီဆိုမှ ရုပ်-နာမ်ကို ရှာပါ၊ အဲဒါမှ ပရမတ် ရုပ်-နာမ်ကိုတွေ့မယ်၊ အဲဒီ ရုပ်-နာမ်လေးကို ရှာတွေ့ပြီး၊ ဒီ ရုပ် နာမ် ကို သတ် နိုင် မှ နိဗ္ဗာန ဓါတ်ကို တွေ့ မယ် မဟုတ်လား။

ဒီတော့ အခု ပစ္စုပ္ပန်ခန္ဓာနဲ့ ပဒဋ္ဌာန်ကို မျိုးနိုင်လာရင် (ဝါ) သဘော ပေါက်လာရင် ရှေ့ကို ပစ္စယပရိဂ္ဂဟ ဉာဏ်ကြီးကို တက်တော့မယ်၊ ဒါ့ကြောင့်ပစ္စုပ္ပန်ခန္ဓာနဲ့ ပဒဋ္ဌာန်မှာ ဘယ်ဟာက ရုပ်သဘော၊ ဘယ်ဟာက နာမ်သဘောလဲ ဆိုတာကို ရှာရတော့မယ်၊ အဲဒါ ရှာပါ။ စဉ်းစားပါ။ ဒီရုပ်နာမ်ကိုရှာနိုင်မှပစ္စယပရိဂ္ဂဟ ဉာဏ်ကြတော့ နားလည်လာပါမယ်။

ကိုင်း!...သာဓု ခေါ်ကြပါတော့....။

**" သာဓု....သာဓု....သာဓု.... "**

ဝါခေါင်လဆန်း (၃)ရက်နေ့ ဟောစဉ်

**တရားခံကို မျက်ချေမပြတ်စေနဲ့။**

ကိုင်း.... ဒီတော့ မနေ့က နာမရူပ ပရိစ္ဆေဒ ဉာဏ် တက်လာပုံ၊ ဉာဏ်တက်စဉ် ပြောခဲ့ပြီ မဟုတ်လား။ တရားဆိုတာဟာ တဉာဏ်တဉာဏ်ရဲ့ ဥက္ကောင်းချုပ်၊ တရားတက်ပုံတွေကို နားလည်ရမယ်။ ဒါမှ တရားခံကို တွေ့မယ်။ တရားတက်ပုံ ဥက္ကောင်းချုပ်တွေကိုမှ မသိရင် တရားခံ ပျောက်သွားမယ်။ ဒါကြောင့် ဝိပဿနာ တရားကို အားထုတ်တဲ့ ပုဂ္ဂိုလ် မှန်ရင် တရားခံကို တွေ့အောင်ရှာရမယ်။ တရားခံကို မျက်ချေမပြတ်ရဘူး။

ဒီတော့ မနေ့က ဌာန်လေးချက်နဲ့ သိမ်းလိုက်တဲ့ အခါမှာ ဘယ်သဘာဝတွေ ထွက်လာသလဲ။ ပရမတ် ရုပ်-နာမ်ဟာ ဘယ်ဟာလဲ?။ ရုပ်နာမ်ကို ရှာရတော့မယ်။ ဌာန်လေးချက်နဲ့ သိမ်းလိုက်တဲ့အခါ၊ သမုတိသစ္စာနယ်မှာ လက္ခဏာနဲ့ ရသ တို့သာ ရှိနေတော့တယ်။ ဒီနှစ်ကောင်ဟာ သညာ ဝိညာဏ်နဲ့ ဆဲ့ကိုင်တဲ့ ပုဂ္ဂိုလ်တွေ အတွက် သင်္ခတ လောကကြီးမှာ ပေါ်နေကြတယ်။ **ဌာန်လေးချက်နဲ့ သိမ်းလိုက် တာနဲ့ တပေါင်းတည်း အနေနဲ့ ထင်လာခဲ့တဲ့ ပညတ်နဲ့ ပရမတ် (ဝါ) သမုတိသစ္စာနယ်နဲ့ ပရမတ္ထ သစ္စာနယ် တို့ဟာ ကွဲလာပြီ။**

**သမုတိသစ္စာနယ် ရုပ်နာမ်သဘာဝ။** ယခု ဌာန် လေး ချက်နဲ့ သိမ်းလိုက်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ မာတယ်, ပူတယ်လို့ ပြောလို့ မရတော့ပါ။ အရင်ဘုံးကိုသာ ပထဝီဓါတ်ဟာ မာတယ်, ပြောတယ်လို့ ပြောနေသော်လဲ ယခု နာမရူပပရိစ္ဆေဒညာဏ်က ဌာန်လေးချက်နဲ့လဲ သိမ်းလိုက်ရော၊ အဲဒါ မာနိုင်သေးသလား၊ မမာနိုင်တော့ပါ။ ဘာကြောင့် မမာနိုင်သလဲ။ မာတယ်လို့ ပြောတာဟာ ဒီပထဝီလေး တလုံးထဲ အနေနဲ့ မာတယ်လို့ ပြောနိုင်တာလား။ ဒီလိုကိုစစ်လာ ရမယ်။

ဘယ်မှာ သူတခုထဲနဲ့ မာတယ်လို့ ပြောနိုင်မှာလဲ၊ ပထဝီဓာတ်ကလေးက မာတယ်လို့ဆိုရင် ကျန်ဓာတ်သုံးပါးတို့က ပေါင်းစီးညီညွတ် ပေးရတယ်။ အဲဒါ "ပစ္စယသာမဂ္ဂီ" အကြောင်း ညီညွတ်မှု ဖြစ်အောင် လုပ်ပေးရတယ်။ ဒါမှ ပထဝီဓာတ်က 'ငါ' မာတယ် ဆိုပြီး ပြောလာ တာဘဲ မဟုတ်လား။ သူတကောင်ထဲမှ "မမာနိုင်တာ" အများနဲ့ပေါင်းမှ မာနိုင်တာ ဖြစ်ခြင်းကြောင့် **သူ့ရဲ့ သဘာဝကိုက အဗျာပါရအနတ္တ** ဓာတ်ဘဲ မဟုတ်လား။

ဒီသဘာဝကို မြင်လာတဲ့ ပုဂ္ဂိုလ်ဟာ ဌာန် လေး ချက်နဲ့လဲ သိမ်းလိုက်ရော အဲဒါ နယ်ခွဲလာပြီ (လက္ခဏနှင့် ရသ တို့က သမုတိသစ္စာနယ်)။ ဒီနေရာမှာရုပ်နာမ်ခွဲရင်လဲ "လက္ခဏ"က 'ရုပ်သဘော' 'ရသ'က "နာမ် သဘော"။ ဒီလို ခွဲရင်လဲ ရပါတယ်။ နောက် (ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်တို့က ပရမတ္ထ သစ္စာနယ်) ဒီလိုကို နယ်ခွဲလာပြီ။ ဒီနေရာမှာ "ပရမတ် ရုပ်နာမ်" ကိုရှာဆိုတော့ပရမတ္ထနယ်မှာ ရှိတဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို ရုပ်နာမ်ခွဲကြတော့မယ်။

**ပရမတ္ထ သစ္စာနယ် ရုပ်နာမ်သဘာဝ။** ကိုင်း.... ရုပ်နာမ် ခွဲစမ်း၊ ဘယ်ဟာကရုပ်သဘော ဘယ်ဟာက နာမ်သဘောလဲ။ ဒါကိုဘဲ ရှာရတော့မယ်။ နာမရူပပရိစ္ဆေဒညာဏ် ဆိုတာဟာ နာမ်နဲ့ရုပ်ကိုပိုင်းခြားပြီး သိရမယ်လို့ ပြလာတယ်။

ကိုင်း.... ဘယ်လို သိရမလဲ ဒီရုပ်နာမ်ကိုတွေ့ရင် ဘယ်လို အကျိုးတရားတွေ ထွက်လာ မလဲ။ အလုပ် ဆိုတာ ဘယ်အလုပ် မဆို လုပ်လိုက်တာနဲ့ အကျိုးတရား အနေနဲ့တော့ ထွက်ရမယ်။ ဒီလို အကျိုးတရားထွက်လာမှအလုပ်ဟာမှန်မယ်၊အကျိုးတရားအနေနဲ့မှ ထွက်မလာရင် မိမိလုပ်တဲ့ အလုပ် တွေဟာ မဟုတ်သေးဘူး။ ဒါကြောင့် အလုပ်မှန်ရင် အကျိုးတရား ထွက်ရမယ်။

ဒီတော့ ဌာန်လေးချက်မှာ ပစ္စုပ္ပန္နဌာန်နဲ့ ပဒဋ္ဌာန် ကိုသာ ရုပ်နာမ် ခွဲပြီး ရှာရမယ်။ (ပစ္စုပ္ပန္နဌာန် ဆိုတာက ရှေ့ရှုထင်တဲ့ သဘော၊ ဒါက ရုပ်သဘောပါ)။ သင်္ခတလောကကြီးတခုလုံးကို အဗျာပါရ အနတ္တအနေနဲ့ မြင်လာတဲ့ ထိုယောဂီရဲ့ စိတ်ထဲမှာ ဘယ်အနေနဲ့ ရှိတော့သလဲ ဆိုတော့ ထိုယောဂီရဲ့ စိတ်ဝိညာဉ်မှာ "ရှေ့ရှုထင်လာတဲ့သဘောလေးသည်" 'ရုပ်သဘော' အနေနဲ့သာ ရှိတော့တယ်။ (ထိုရှေ့ရှုထင်တဲ့ သဘောကို သွားဆွဲတဲ့ သဘော သည် **နာမ်သဘော**) ဒါက ပဒဋ္ဌာန်ပါ။

အဲဒီလို **ပစ္စုပ္ပန္နဌာန် ရုပ် သဘော၊ ပဒဋ္ဌာန် နာမ် သဘော** လို့ မြင်လာတဲ့ ထိုယောဂီ ပုဂ္ဂိုလ်ဟာ သူ့မှာ ဘယ်လို အကျိုးတရားတွေ ထွက်လာမလဲ ဆိုတော့။ အဲဒါ 'င' ဖြစ်နိုင်တယ်၊ "မာတယ်၊ ပူတယ်"ဆိုတဲ့ အတ္တဒိဋ္ဌိအစွဲတွေ ကျွတ်ပြီး သင်္ခတ လောကကြီးမှာ ဖြစ်ပေါ်နေသမျှတွေကို (ဝါ) သမုတိသစ္စာ နယ်ကြီးမှာ ဖြစ်ပေါ်နေတဲ့သဘာဝတွေကို ဝစီသစ္စာ ဝိရတီသစ္စာ တွေအနေနဲ့ ကျင့်သုံးလာနိုင်တော့မယ်။

"ဝစီသစ္စာ" ဆိုတာဟာ၊ သင်္ခတလောကကြီးမှာ ခေါ်ဝေါ် လွယ်စေခြင်းအကျိုးငှာသာ သူသုံးတော့မယ်၊အဲဒါ "အသုံးသစ္စာ" အနေနဲ့သာသူသုံးတော့မယ်၊ "အယူသစ္စာ"အနေနဲ့မသုံးတော့ပါ။

"ဝိရတီသစ္စာ" ကြတော့၊ ရှောင်ကြဉ်သင့်သော အရာများကို ရှောင်ကြဉ်လာတော့တယ်။

အဲဒီလို ပစ္စုပ္ပန္နဘာန်နဲ့ ပဒဋ္ဌာန် ရုပ်သဘော နာမ်သဘောကို မြင်သွားတဲ့ ထိုယောဂီ ပုဂ္ဂိုလ်မှာ ဤကဲ့သို့ အကျိုးတရားတွေ ထွက်လာတော့တယ်၊ ကိုင်း နာမရူပ ပရိစ္ဆေဒဉာဏ်က ရုပ်နဲ့ နာမ်ကို ဖေါ်ပြီး "တရားဥက္ကောင်း" ချလိုက်ရော၊ အကျိုးတရားတွေဟာ ထွက်လာပြီ မဟုတ်လား၊ ယခု ပစ္စယပရိဂ္ဂဟ ဉာဏ်ကို တက်မယ် ဆိုတော့ တရားခံရှာပါဦး။ တရားခံကိုတွေ့မှ ပစ္စယပရိဂ္ဂဟ ဉာဏ်က လုပ်ငန်းစဉ် ဖွင့်လို့ရမယ်။

"တရားခံရှာ"လို့ ဆိုတော့၊ ပစ္စုပ္ပန္နဘာန် ရုပ်ဘသော၊ ပဒဋ္ဌာန် နာမ် သဘောတို့ဟာ ယခု ဒီဉာဏ်မှာ ဘယ်အနေနဲ့ ပေါ်လာကြ သလဲ၊ ဒါကို နက်ဖြန်ကြမှ ရှင်းပြမယ်။

ယခု ပြလိုက်တဲ့ ပရမတ် ရုပ်နာမ်ဟာ တကဲ့ပရမတ် ရုပ်နာမ် အစစ် မဟုတ်သေးပါ၊ "သညာဝိညာဏ် မကင်းသေးတဲ့ ပရမတ် ရုပ်နာမ်"သာရှိသေးတယ်၊ရှေ့ကြရင် ဒီထက်သိမ်မွေ့တဲ့ရုပ်,နာမ်ကို ရှာရအုံးမယ်၊ ဒါမှ တန်ဘိုးရှိမယ်။

ယခုဒီနေရာမှာကတော့၊ ခတ် ၁-ပါးက ရုပ်၊ ခတ် ၃-ပါးက နာမ် ဒီလိုလဲယူလို့ရပါတယ်၊ ပစ္စုပ္ပန္နဘာန်က ရုပ်သဘော၊ ပဒဋ္ဌာန်က နာမ်သဘော ဒီအနေနဲ့လဲ ယူလို့ရပါတယ်၊ ကိုင်း နက်ဖြန်ကြမှ အကြောင်းနဲ့အကျိုးကိုရှာပြီး ပစ္စယပရိဂ္ဂဟဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို တက်ရတော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

**သာဓု....သာဓု....သာဓု....။**

**ဤတွင် " နာမရူပ ပရိစ္ဆေဒဉာဏ် " အပြီးတည်း။**



# ပုံစံ နံပါတ်(၇)



# ပုံစံနံပါတ် (၇)

## ဝါခေါင် လဆန်း ( ၄ ) ရက်နေ့ ဟောစဉ်

**ပစ္စယ ပရိဂ္ဂဟဉာဏ်။** ကိုင်း ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်က ရုပ်နာမ်လို့ ဝန်ခံလိုက်ရော ပစ္စယပရိဂ္ဂဟဉာဏ်က အကြောင်းနဲ့ အကျိုးဟာ ပေါ်လာပြီ။ ပစ္စုပဋ္ဌာန် သဘောသည် ရုပ်သဘော၊ ရုပ်သဘော ဆိုတာဟာ အားထုတ်တဲ့ ပုဂ္ဂိုလ်အလိုက် ပစ္စုပ္ပန် သညာအရိပ်ကို ရှေ့ရှုထင်ခြင်း သဘောမျှ ဖြစ်တဲ့ အဗျာပါရ အနတ္တသဘောမျှကို ခေါ်တယ်။

ပဒဋ္ဌာန် သဘောသည် နာမ်သဘော၊ နာမ်သဘော တရား ဆိုတာဟာ အဗျာပါရ အနတ္တ သဘောလေးကို ဆွဲယူထားတဲ့ ပစ္စုပ္ပန်ဝိညာဉ်ရဲ့ အရိပ်ကို ခေါ်တယ်။ ဒီရုပ်နာမ်ဟာ ကလျာဏ ပုထုဇဉ်တွေ မြင်တွေ့ရတဲ့ ရုပ်နာမ်မျိုး ဖြစ်တယ်။ ဒါကို နာမရူပ ပရိစ္ဆေဒဉာဏ်က ဖော်ပြခဲ့ပြီ။

ဒီတော့ ရုပ်တရားနာမ်တရား ပေါ်လာတာနဲ့ အကြောင်းနဲ့ အကျိုးဟာ ထွက်လာပြီ။ အကျိုးက ပစ္စုပဋ္ဌာန်၊ အကြောင်းက ပဒဋ္ဌာန် ဖြစ်လာတယ်။ ဒီနေရာမှာ ဒိဋ္ဌိကြီး တွေကို လာတွေ့ တော့မယ်။ ဒီဒိဋ္ဌိကြီးတွေကိုထုတ်ပြီး သတ်ရတော့မယ်။

ဗုဒ္ဓဘာသာ တရားဟာ "အကြောင်းနဲ့ အကျိုး ဆက်စပ်တဲ့ တရားပါကလား" ဆိုတာ ယခု ပေါ်လာပြီ။ ယခု တရားနာနေ ကြတဲ့ ပုဂ္ဂိုလ် တွေကို ဒိဋ္ဌိကြီး တွေထဲ သွင်းလိုက်ရင် ဝင်မှာဘဲ မဟုတ်လား။ ရှင်တော်မြတ်က ဒီဒိဋ္ဌိ တရားတွေကို ဖြုတ်ဘို့အဓိက ထားပြီး ဟောခဲ့ ပါတယ်။ ဒါနက စပြီး ဟောတာလဲ ရှိတယ်။ သီလက စပြီး ဟောတာလဲ ရှိတယ်။ အရေးကြီးတာက ဒိဋ္ဌိ ပြုတ်ဘို့သာ အရေးကြီးပါတယ်။

အယူဝါဒတွေဟာ အမျိုးမျိုး ရှိကြတယ်။ သူ့တို့ရဲ့ အယူက မျက်မှောက် လောကသာ ရှိတယ်။ မျက်ကွယ် လောက (ဝါ) အနာဂါတ်လောကကို မရှိဘူးလို့ ယူလာ ကြတယ်။ ဒီလို ယူတဲ့ ပုဂ္ဂိုလ်ဟာ ဒီခန္ဓာကိုယ်ကြီးကောင်းစားရေးကိုသာ ရှေ့ရှုပြီးတော့ လုပ်လာ တော့တယ်။ အကြောင်းနဲ့ အကျိုး ဆက်သွယ်ပုံ သဘာဝကို နားမလည်ဘူး။ ကုသိုလ် တရားကို ပယ်လာတယ်။ အကုသိုလ် တရားကို လုပ် လာ တယ်။ အဲဒါ ဒီခန္ဓာ ကိုယ် ကြီး ကောင်းစားရေး အတွက်သာ ကြည့်ပြီး သူလုပ်ချင်ရင် ဘာမဆို လုပ်လာတော့တယ်။

**ပါယာသိရာဇညသုတ္တန်။** ပါယာသိ ရာဇည သုတ္တန်ကို ကြည့်ပါ။ ပါယာသိ ရာဇည မင်းကြီးဟာ ကောသလမင်းကြီးရဲ့ တိုင်းနိုင်ငံထဲမှာပါတဲ့မင်းတပါး ဖြစ်တယ်။ ဒီမင်းဟာ (မျက်မှောက်လောကသာရှိတယ်၊ မျက်ကွယ် လောက မရှိ)လို့ ယူထားတယ်။

တနေ့သော အခါ အရှင် ကုမာရ ကဿပ ရဟန္တာမြတ်ဟာ ပါယာသိရာဇည မင်းကြီးရဲ့ တိုင်းပြည်မှာ တရား ဟောရန် ကြွသွားတယ်။ ဒီအခါမှာ ပါယာသိ မင်းကြီးက ရှင်ကုမာရ ကဿပကို လျှောက်တယ်။

"မျက်ကွယ်လောကဟာ ရှိပါသလားဘုရား....၊ ရှိတယ်ဆိုရင် သေသွားတဲ့ သူတွေဟာ ဘယ်ရောက်နေသလဲ ဆိုတာကို ပြနိုင်ပါ သလားဘုရား။ ပြနိုင်ရင် တပည့်တော်ယုံမယ်၊ မပြနိုင်ရင်တပည့်တော် မယုံနိုင်ဘူး ဘုရား"လို့ လျှောက်တယ်။

ရှင်ကုမာရကဿပ က မျက်ကွယ်လောကရှိကြောင်းပြောတော့ မင်းကြီးက လျှောက်ထားပြန်တယ်၊ တပည့်တော်ဟာ တမလွန် လောကကိုလိုက်ရှာတယ်၊ သေခါနီးတဲ့ ပုဂ္ဂိုလ်တွေကို ငွေအသပြာ ပေးပြီး "မင်း သေသွားတဲ့အခါမှာ မင်းရောက်နေတဲ့နေရာကို ငါ့ကို လာပြောပါ"လို့ မှာထားတယ်၊ သူကလဲ 'ကောင်းပါပြီ'လို့ ပြောပြီး သေသွားတဲ့အခါမှာ ဘယ်ကိုရောက်နေတယ်လို့ လာမပြောဘူး၊ ဒါကြောင့် တမလွန်လောကမရှိဘူးလို့ ယူပါတယ်။

နောက် ရာဇဝတ်မှုသင့်ပြီး အသတ်ခံရမဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော် တောင်းယူပြီး၊ အဲဒီ ပုဂ္ဂိုလ်တွေကို အစားအစာ ဝအောင်ကျွေးပြီးတော့၊ တပည့်တော်ကိုယ်တိုင် သတ်ပါတယ်၊ ရှေးဦးစွာ ရင်ကိုခွဲပြီးတော့ဒီ'အသက်လေးကို'လိုက်ရှာတယ်၊ အဲဒါတဖြေးဖြေးနဲ့သာ ထိုပုဂ္ဂိုလ်ဟာ သေသွားတယ်၊ သူ့အသက်ကို ရှာမတွေ့ဘူးလို့ပြောတယ်။

တခါ ဒါနဲ့ မကျေနပ်သေးလို့ အရှင်လတ်လတ် မြေမြှုတ်ပြီးတော့ သတ်တယ်၊ ၂-ရက် ၃-ရက်လောက်ကြာတော့ ပြန်ပြီးဖေါ်ကြည့်တယ်၊ ဒီအခါမှာလဲ'လူသေနေတာ'ကိုသာ တွေ့ရတယ်၊ ဒီအသက်လေးဟာ ဘယ်ကို ရောက်သွားတယ်ဆိုတာ မတွေ့ဘူး။ ဒီတော့ တမလွန်လောကဟာ မရှိဘူးလို့ယူဆပါတယ်။

ဒီအခါကြတော့မှ အရှင်ကုမာရကဿပ ရဟန္တာမထေရ်မြတ်က (နေ)ဥပမာနဲ့တမျိုး၊တခြားဥပမာတွေနဲ့တမျိုး၊ ဥပမာအမျိုးမျိုးပေးပြီး ဖြေကြားတော်မူတယ်။

(**မှတ်ချက်**) ပါယာသိရာဇညသုတ္တန်ကို အကျယ်သိလိုမူ မန္တလေး အရှေ့ပြင်၊ မမွစကြာပဋ္ဌိပတ်ရိပ်သာမှ ထုတ်ဝေသော ပါယာသိရာဇညသုတ္တန် ဘာသာပြန် ကျမ်းစာအုပ်၌ ဖတ်ရှုလေ့လာပါကုန်။

ဒီတော့ ဒိဋ္ဌိကြီးဟာ အလွန်ဆိုးဝါးလှပါတယ်၊ ကိုင်း....မနေ့က ပြလိုက်တဲ့ ပရမတ္ထ သဘာဝလေးတွေကို တကယ်မြင်လာကြပြီလား၊ တကယ်မြင်လာရင် အဲဒီသဘာဝလေးတွေက အခု " အကြောင်းအကျိုး"ဆိုပြီး ဖြစ်နေပြီ၊ ဒါကိုတွေ့ရင် ဒိဋ္ဌိကြီး သုံးပါးဟာ (ဝါ) နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးဟာ ကင်းသွားတာဘဲ၊ ဒါကိုမှ မတွေ့ရင် မကင်းသေးဘူး။

ပုဂ္ဂိုလ်သတ္တဝါမရှိ၊ အကြောင်းအကျိုးသာရှိတယ်၊ ဆိုတာကို သိလာရင်၊ အနွဘာဝက တဆင့်တက်လာပြီ၊ နိယတ မိစ္ဆာဒိဋ္ဌိကြီး ၃-ပါးရဲ့ ရေသောက်မြစ်ဟာ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိတို့ဖြစ်တယ်၊ အားလုံးသော ဒိဋ္ဌိ တို့ရဲ့ ရေသောက်မြစ်ကြီးဟာ အတ္တဒိဋ္ဌိကြီးဖြစ်တယ်။

**အတ္တဒိဋ္ဌိမှ ပေါက်ဖွားပုံ** အကျယ်ဝေဘန်တဲ့အခါမှာ သဿတဒိဋ္ဌိ ၄၄-ပါး၊ ဥစ္ဆေဒဒိဋ္ဌိ ၁၈-ပါး ပေါင်း ၆၂-ပါးတို့ဟာ ဒီအတ္တဒိဋ္ဌိကြီးမှ ပေါက်ဖွားလာတာပါ၊ ဒီ ဒိဋ္ဌိကြီးကိုချုတ်လိုက်ရင် အားလုံးသော ဒိဋ္ဌိကြီးတွေဟာကျွတ်သွားပါမယ်၊ ဒီ အတ္တဒိဋ္ဌိကြီးကို ပေါ့ပေါ့ အနေနဲ့ မကြည့်ပါနဲ့၊ အပါယ်ကို သွားတာလဲ သူဘဲ၊ ၃၁-ဘုံကြီးမှာ လုပ်နေတာဟာ ဒီ အတ္တဒိဋ္ဌိကြီးကြောင့်ပါ။

အတ္တဒိဋ္ဌိကြီးရှိနေသမျှကာလပတ်လုံး ၃၁-ဘုံကြီးထဲမှာလည်နေမှာဘဲ၊ အခု ရှင်တော်ဂေါတမရဲ့ သာသနာနဲ့လာတွေ့တဲ့အခါမှာ ဒီ ဒိဋ္ဌိကြီးတွေရဲ့အဖြစ်ကို မြင်လာပြီ မဟုတ်လား၊ အဲဒါကြောင့် ရှင်တော် ဂေါတမ ပွင့်လာတဲ့ ဗုဒ္ဓုပ္ပါဒနဝမ ခေတ်နဲ့ ကြုံကြိုက်တဲ့ အခါမှာ ဒီ ဒိဋ္ဌိကြီးတွေကို ဖြုတ်ရတော့မယ်။

ရှင်တော် ဂေါတမ မပွင့်မှီကဆိုရင် ဒီ ဒိဋ္ဌိကြီးတွေက လူကြီး, လုပ်ပြီးတော့ ၃၁-ဘုံကြီးကို ပို့နေ ကြတယ်၊ အဋ္ဌက္ခဏ ခေတ်၈-ပါးမှာ ဒီ ဒိဋ္ဌိကြီးတွေက လူကြီးလုပ်နေကြတယ်၊ ကိုင်း.... ပစ္စုပ္ပဋ္ဌာန်-ပဒပဋ္ဌာန်တို့ကို အကြောင်း အကျိုးလို့ ဝေဘန်လိုက်တဲ့ အတွက် အကြောင်းအကျိုးကို လာတွေ့နေပြီ။ ပစ္စုပ္ပဋ္ဌာန်က၊အကျိုးသဘောပါ။ ပဒဋ္ဌာန်က၊အကြောင်းသဘောပါ။

ဒီ အကြောင်းအကျိုးကိုလဲ တွေ့လိုက်ရော၊ နိယတ မိစ္ဆာဒိဋ္ဌိ သုံးပါးဟာ မရှိတော့ပါ၊ ဒါပေမဲ့ ဝိသမဟေတုက ဒိဋ္ဌိကြီးကတော့ ရှိနေသေးတယ်၊ ဒီ ဒိဋ္ဌိကြီးက မပြုတ်သေးဘူး၊ ဒီဒိဋ္ဌိမပြုတ်သေးရင် အခုပေါ်လာတဲ့ အကြောင်း အကျိုး ပဋိစ္စဆိုတာဟာပြန်ပေါ်လာအုံးမှာဘဲ မဟုတ်လား။

သူက သညာဝိညာဉ်ရိပ် မကင်းသေးဘူး၊အဲဒါ "ဝိညာဉ်ရဲ့အရိပ်" ပြဋ္ဌာန်းနေတယ်၊ ဒီ အကြောင်းအကျိုးဟာ အစစ်အမှန် အကြောင်း အကျိုးလားလို့ မေးရင် အစစ်အမှန် အကြောင်းအကျိုးလို့ မပြောနိုင်သေးပါ၊ အဲဒီလို မပြောနိုင်ရင် အဲဒါ ဝိသမဟေတုက ဒိဋ္ဌိထဲ လာဝင်နေပြီ မဟုတ်လား။

L-16

အဲဒါ မလုံလောက်တဲ့ အကြောင်းအကျိုးကို သညာဝိညာဉ်က ဆွဲနေတာ။ မလုံလောက်တဲ့ အကြောင်း (ဝါ) ချို့တဲ့သော အကြောင်းကို မှန်တယ်လို့ မပြောနိုင်သေးပါ၊ ဒီတော့ သဘာဝကို အမှန်မတွေ့ဘဲနဲ့ တရားဟော ဆရာကြီး လုပ်နေတာသည်ပင်လျှင် ဝိသမဟေတုက ဒိဋ္ဌိဘဲ မဟုတ်လား။

ဒီ ဝိသမဟေတုက ဒိဋ္ဌိကို ပြန်ကြည့်လိုက်ရင် သညာဝိညာဉ်က လုပ်ကြံပြောတာမှန်သမျှ အားလုံး ဝိသမဟေတုက ဒိဋ္ဌိထဲ ချရပါတယ်၊သမ္မာဒိဋ္ဌိဖြင့် မှန်သောအမြင်ကို စင်စင်ကြယ်ကြယ် မယူနိုင်သရွေ့ကာလပတ်လုံး ပြည့်စုံတဲ့ အသိမဟုတ်ပါ။ ချို့တဲ့သော အသိဖြင့်သာ ယူနေခြင်းကြောင့် ဝိသမဟေတုက ဒိဋ္ဌိက မလွတ်နိုင်ပါ၊ ကိုင်း....ဒီတော့ ဝိသမဟေတုက ဒိဋ္ဌိကလွတ်အောင် ဘယ်လိုလုပ်မလဲ။ အဲဒါကို စဉ်းစားပါ၊ ဒါကို နက်ဖြန်ကြမှဆက်ဟောမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

**“ သာဓု—သာဓု—သာဓု ”**



## ဝါခေါင်လဆန်း (၅)ရက်နေ့ ဟောစဉ်

**ဒိဋ္ဌိသုံးမျိုး။** ကိုင်း.... ပါယာသိရာဇည မင်းကြီး အယူ ပြင်းနေတာဟာ ဘယ်ဒိဋ္ဌိလဲ ဆိုတော့ အဲဒါ အဟေတုက ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကရိယဒိဋ္ဌိတွေ ဖြစ်တယ်။ဒီဒိဋ္ဌိတွေရှိနေတဲ့သူဟာ ယခုရနေတဲ့ အတ္တဘောကြီးကို ချမ်းသာအောင် ရှေ့ရှုပြီး သူ့မှာ လုပ်နေ တော့တယ်။ ဒါကို သခ်ိတ လောကကြီးမှာ ပြန်ပြီး ကြည့်လိုက်တဲ့အခါမှာ အတွေးအခေါ် မှားပြီး လက်ဝဲလမ်းဘက်ကို ပါနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဒိဋ္ဌိတွေ ရှိနေကြတော့တယ်။

ဒီတော့ ဗုဒ္ဓဘာသာ လူမျိုးကတောင်မှ ဒီအယူတွေ ရှိနေရင် တခြား ဘာသာကွဲတွေကြတော့ ဘယ်လို ဖြစ်ကုန်မလဲ။ ဒါဆိုရင် နားလည်လောက်ပါပြီ။ ဒီပစ္စုပ္ပန်နဲ့ ပဒဋ္ဌာန်ကို မြင်လိုက်တာနဲ့ "ကမ္မသကတ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ" ဖြစ်လာပါပြီ။

ဒီ "ကမ္မသကတာ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ" ဖြစ်ရုံနဲ့ ၃၁-ဘုံက (၀၁) သံသရာကြီးထဲက လွတ်မလား၊ ထွက်နိုင်ပြီလား။ မထွက်နိုင်သေးပါ။ ထွက်နိုင်အောင် "ဝိပဿနာ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ" ဖြစ်အောင် တက်ရဦးမယ်။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာဖြစ်ရင် မိမိမှာ ရှိနေတဲ့ ဝိသမဟေတုက ဒိဋ္ဌိကို သတ်ပစ်နိုင်ရမယ်။

ဒီဒိဋ္ဌိကြီး ရှိနေရင် ဝိပဿနာ သမ္မာဒိဋ္ဌိထဲ မရောက် နိုင်ပါ။ အကြောင်းနဲ့အကျိုး ရှိတယ်လို့ ဝန်ခံလိုက်တာနဲ့ ကမ္မသကတာ သမ္မာဒိဋ္ဌိထဲ ရောက်လာပြီ။ ဒီထဲရောက်တာနဲ့ အဟေတုက ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဖြစ်တဲ့ နိယတ မိစ္ဆာဒိဋ္ဌိ ၃-ပါးက လွတ်သွားပြီ။

**ဝိသမဟေတုက ဒိဋ္ဌိ။**

အဲဒါ ဘယ်ဒိဋ္ဌိ ကျန်နေသလဲဆိုရင် ဝိသမဟေတုကဒိဋ္ဌိဟာကျန်နေသေးတယ်။ဝိသမဆိုတာ ချို့တဲ့သော သဘော။ ဟေတုက အကြောင်း။ ဒိဋ္ဌိက အယူ။ အဓိပ္ပါယ်က ချို့တဲ့သော အကြောင်းကို စွဲယူတာ။ ဒါကို ဝေဘန်လိုက်ရင် သညာ ဝိညာဉ်က ဆွဲထားတဲ့ အကြောင်းမျိုးတွေပါ။ သညာသိ၊ ဝိညာဉ်သိ အနေနဲ့ ပြောကြတဲ့ အကြောင်း အကျိုးပါ။

ဒီတော့ ဗုဒ္ဓဘာသာ တမျိုးသားလုံး ပြောနေကြတဲ့ အပြောတွေဟာ သညာဝိညာဉ်ဖြင့်သာ ထောက်ပြီး ပြောနေတာ မှန်ရင် ဝိသမဟေတုက ဒိဋ္ဌိ ထဲသာ ချရမယ်။ အဲဒါ လုံလောက်တဲ့ အကြောင်းကို မတွေ့ဘဲ။ သူများ ပြောတဲ့ အပြောတွေကို သညာ ဝိညာဉ်ဖြင့် ဆွဲပြီး ပြောနေတဲ့ အပြောတွေ ဖြစ်ခြင်းကြောင့် ဝိသမဟေတုကဒိဋ္ဌိ ဆိုတဲ့ ဒိဋ္ဌိကြီးဘဲ မဟုတ်လား။ ဝိပဿနာ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာကို တက်နိုင်အောင် ဝိသမဟေတုက ဒိဋ္ဌိကို ဖြုတ်ပစ်ရမယ်။

ဝိသမဟေတုက ဒိဋ္ဌိကို ထုတ်လိုက်ရင် ပရမတ် ယုံမှားခြင်း ရှစ်ပါးဟာ ထွက်လာမယ်။ ပရမတ်ယုံမှားခြင်း ရှစ်ပါးဆိုတာဟာ။

၁။ ဘုရား၌ ယုံမှားခြင်း။
၂။ တရား၌ ယုံမှားခြင်း။
၃။ သံဃာ၌ ယုံမှားခြင်း။
၄။ အကျင့်သီလ၌ ယုံမှားခြင်း။
၅။ သံသရာရှေ့အစွန်း၌ ယုံမှားခြင်း။
၆။ သံသရာနောက်အစွန်း၌ ယုံမှားခြင်း။
၇။ သံသရာ ရှေ့နောက် နှစ်ပါး အစွန်း၌ ယုံမှားခြင်း။
၈။ သစ္စာလေးပါး၌ ယုံမှားခြင်းဆိုပြီး ရှစ်ချက်ဖြစ်တယ်။

**ယုံမှားခြင်း ဆိုတာ** ဒါဖြင့် ဘုရား၌ယုံမှားခြင်းဆိုတာကို ပြောပြမယ်။ ဘုရားဆိုတာ ဘယ်ဟာဘုရားစစ်လဲ ? ဥဒ္ဒေ ယျမ် တရား၅-ပါးအပေါင်းကို အကုန်အစင် သိမြင်တဲ့ မြတ်စွာဘုရားဟာ ဘုရားလား?၊ သစ္စာ ၄-ပါးတရားကို ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် မိမိ အလိုလို ကိုယ်တော်တိုင် ထိုးထွင်းပြီးတော့ သိတဲ့ မြတ်စွာဘုရားဟာ ဘုရားစစ်လား ?၊ ရောင်ခြည်တော် ၆-ပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရား ဆိုတာ ဘုရားလား ?၊ ၃၁-ဘုံသံသရာကြီးမှ ဖြတ်ထွက်သွားတဲ့ မြတ်စွာဘုရားလား?၊ ဂုဏ်တော်၉-ပါးနဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားလား?၊ အဲဒီ သညာဝိညာဉ်နဲ့ ပြောနေတဲ့ ဘုရားတွေမှန်ရင် ဝိသမ ဟေတုက ဒိဋ္ဌိကြီးထဲ ကျတာဘဲ၊ သညာဝိညာဉ်ကလွတ်မှသာလျှင် ဘုရားစစ်ကို တွေ့ပါလိမ့်မယ်။

ဒီတော့ ဝိသမဟေတုက ဒိဋ္ဌိပြုတ်အောင် ဘယ်လို ဖြုတ်မလဲ၊ ဝိသမဟေတုက ဒိဋ္ဌိဟာ လုံလောက်တဲ့ အကြောင်းကို မတွေ့ဘဲ၊ သညာဝိညာဉ်နဲ့ဆွဲနေတဲ့အတွက် ဝိသမဟေတုက ဒိဋ္ဌိကြီးဖြစ်နေတာပါ၊ ဒီ ဒိဋ္ဌိပြုတ်အောင် လုံလောက်တဲ့ အကြောင်း, "ပညာရဲ့ သဘော"ကိုရှာရမယ်။ ဒီတော့ အခုရောက်နေတဲ့ဉာဏ်လေးနဲ့ ဘုရားစစ်ကိုရှာပြစမ်းပါ။ဝိသမဟေတုကဒိဋ္ဌိကယုံမှားခြင်း၈ ပါးထွက်လာတာဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မဖြစ်ပါ၊ အဲဒါ သညာဝိညာဉ်ဖြင့် ဆွဲပြီး ပြောနေလို့ပါ၊ ဒီ ဒိဋ္ဌိကို သမ္မာဒိဋ္ဌိပညာဖြင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုဆင်ခြင်နိုင်လာမှ ဒီ ယုံမှားခြင်း (၈)ပါးမှ လွတ်နိုင်မယ်။

ဒီ ယုံမှားခြင်း(၈)ပါး လွတ်မြောက်သွားရင် "ဒိဋ္ဌဓမ္မ, ပတ္တဓမ္မ, ဝိဒိတဓမ္မ, ပရိယောဂါဠ္ဟဓမ္မ, တိဏ္ဏဝိစိကိစ္ဆာ, ဝိဂတကထံကထော ဝေသာရဇ္ဇပတ္တော, အပရ - ပစ္စယော, ဆိုပြီး အ ကျိုး တ ရား တွေ ထွက်လာပုံကို ဓမ္မစကြာ တရားတော်ကြီးမှာ ပြတော်မူပါတယ်၊ ဒီ သညာဝိညာဉ်အ သိ မ ကင်း သေး သ မျှ ကာ လ ပတ် လုံး အဲဒါ ဘုရားစစ်ကို မတွေ့ကြသေးပါ။

(**မှတ်ချက်**) အကျယ်ကို သိလိုလျှင် " ဓမ္မစကြာ အဖွင့်ကျမ်း " တွင် ကြည့်ရှုတော်မူကြပါ။

ဒီတော့ ဘုရားစစ်ကိုတွေ့တာနဲ့ အဲဒါ အပါယ်၄-ပါး တံခါးပိတ်သွားပြီ။ အခု ဘုရားရှိခိုးနေကြတယ်ဆိုတာ ဘယ်ဘုရားကို ရှိခိုးနေကြတာလဲ၊ အန္ဓပုထုဇဉ်တွေဟာ ဘုရားအမျိုးမျိုးရဲ့ မျက်နှာတော်တွေကို ဖူးမျှော်နေကြတဲ့အတွက်ကြောင့် အန္ဓလို့ ခေါ်တယ်။

"နာနာသတ္ထာရာနံ၊ အမျိုးမျိုးသော ဘုရားရှင် တို့၏။ မုခံ၊ မျက်နှာတော်ကို။ ဥလ္လောကေန္တိ၊ မော်၍ ဖူးမျှော် ကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ မည်၏...."လို့ ဟောကြားတော် မူခဲ့တယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဝက္ကလိကို ဆုံးမတော်မူတဲ့ အခါမှာ "ငါ့ကို ကြည်ညိုတယ်" ဆိုတာဟာ ငါဘုရား ဆုံးမတဲ့ တရားတော်တွေကို သိမြင်တဲ့ ပုဂ္ဂိုလ်မှ "ကြည်ညိုသည်" မည်တယ်လို့ ဆုံးမတော် မူသွားတယ်။

ဒီဝိသမလောဘကဒိဋ္ဌိပြုတ်အောင်ဘယ်လိုဖြုတ်မလဲ၊ ဖြုတ်နိုင်ရင် ဘုရားစစ်ကို တွေ့ပြီ၊ ဘုရား စစ်ကို တွေ့မှ အပါယ် လေးပါးက လွတ်မယ်။ ကိုင်း.... နက်ဖြန်ကျမှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပေတော့။

**" သာဓု....သာဓု....သာဓု "**

## ဝါခေါင်လဆန်း (၆) ရက်နေ့ ဟောစဉ်

**အရှင်ကောဏ္ဍည ယုံမှားခြင်းကင်းပုံ**

ဘုရားရှင် ကိုယ်တော်မြတ်ကြီး မိဂဒါဝုန်တောမှာပဉ္စဝဂ္ဂီ၅-ဦးကိုအမှူးပြု၍ ဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူတဲ့အခါမှာ အရှင်ကောဏ္ဍည‌ကြီးဟာ "ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော သစ္စာ(၄)ပါးတရားရှိသည်ဖြစ်၍။ ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာ(၄)ပါး တရားရှိသည်ဖြစ်၍။

ဝိဒိတဓမ္မော၊သိအပ်ပြီးသော သစ္စာ(၄)ပါး တရားရှိသည်ဖြစ်၍ ပရိယောဂါဠ္ဗဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာ(၄)ပါးတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာ ရှိသည်ဖြစ်၍။ ဝိဂတကထံကထော၊ သို့လော သို့လော တွေးတောယုံမှားခြင်းမှ ကင်းသည်ဖြစ်၍။

ဝေသာရဇ္ဇပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည် ဖြစ်၍။ အပရပစ္စယော၊ သူတပါးတို့ ပြောသောစကားကို မယုံကြည်တော့မူ၍ "ဘုရားမြဲသွားပြီ" "တရားမြဲသွားပြီ" "သံဃာမြဲသွားပြီ" လို့ ဓမ္မစကြာ တရားတော်ကြီးမှာ ပြလာပါတယ်။

**တရားအစစ်ကို တွေ့ပြီလား။**

ဒီ ၈-ချက် ကိုမှ မရောက်သေး သမျှ ကာလပတ်လုံး ယုံမှားခြင်း တွေဟာ မပြတ်သေးပါ။ ဒီတော့ ယုံမှားခြင်း ၈-ပါးမှာ ဘုရား၌ယုံမှားခြင်း, တရားတော်၌ ယုံမှားခြင်း, သံဃာ၌ ယုံမှားခြင်း, ဆိုတာမှာ ယခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေ တရား အစစ် အမှန်ကို တွေ့ပြီလား တရား အစစ်ဟာ ဝဋ္ဋဒုက္ခတွင်းက ထုတ်ဆောင်နိုင်မှ တရားအစစ်ပါလို့ စဉ်းစားရမယ်။

ဝိသမလောဘဒိဋ္ဌိ ဆိုတာ လုံလောက်တဲ့အကြောင်းကို မတွေ့သဖြင့် ဆွဲမိ ဆွဲရာ ဆွဲထားခြင်းပါ။ လုံလောက်တယ် ဆိုတာဟာ ပညာနယ်ရောက်မှ လွတ်မယ်၊ ဆွဲမိ ဆွဲရာ ဆွဲနေတာက "ကြောင့်" ဆိုတဲ့ သဘာဝ မလွတ်ခြင်းကြောင့် သညာဝိညာဉ်နှင့်ပြုလုပ်နေတာ မှန်ရင် ဝိသမလောဘဒိဋ္ဌိကြီးဘဲ။

**နိဗ္ဗာန် ရှိ,မရှိ ဘယ်လိုယူမလဲ**

ဒီတော့ နိဗ္ဗာန်ဆိုတာ ရှိသလား၊ ရှိတယ်ဆိုရင် သဿတဒိဋ္ဌိထဲကျမယ်။မရှိဘူးဆိုရင် ဥစ္ဆေဒဒိဋ္ဌိထဲ ကျမယ်။ အဲဒါ ဘယ်လိုလွတ်အောင် ပြောမလဲ၊ ဘယ်လောက်ဘဲ စာတတ်တယ် ထား၊ ဒီ (၂) ပါးက လွတ်အောင် ပြောဘို့ရာ မလွယ်ပါဘူး၊ ဒီနေရာမှာ ဒိဋ္ဌိတွေဟာ ယှဉ်ပြီးတော့ တက်လာပြီ။

သညာ ဝိညာဏ်ကျယ်ပြီးတော့ သူများပြောထားလို့ ကြားဘူး တာတွေ့ပြောနေရင်၊ ဒီ ဒိဋ္ဌိထဲ ကျမှာဘဲ။ အလွန် ကြမ်းတမ်းတဲ့ ဒိဋ္ဌိတွေကြတော့ အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ,အကိရိယ ဒိဋ္ဌိထဲကျနေ ကြတယ်။အနုနည်းနဲ့စဲ့ရင် ဝိသမဟေတုကဒိဋ္ဌိထဲ ကျတယ်၊ သညာ ဝိညာဏ်နဲ့ လုပ်တဲ့ အလုပ်မှန်ရင် ဒိဋ္ဌိတွေထဲ ကျနေတာချည့်ဘဲ ဒါ့ကြောင့်....

"ခြောက်ပါးဝိညာဏ်၊သိထင်မြင်နှင့်၊သုံးအင်ကမ္ဘ၊ပြုသမျှမှာ၊ ဒုက္ခသမုဒယာ၊ ဖြစ်၍ လာ၏၊ ပညာသိမှ၊ ဒွါရသုံးခု၊ပြုပြုသမျှ၊ မဂ္ဂသစ္စာ၊ နိရောဓါကြ၊ ဖြစ်လာကြသည်၊ မြင်ကြအများ၊ အမှန်နှင့် အမှား၊ (ဝါ) သစ္စာအပြား၊ မှန်လေးပါး" လို့ ပြလာတယ်။

အဲဒါကြောင့်တွေးရမယ်၊ မတွေးဘဲနဲ့ စာထဲကပါတဲ့အတိုင်း၊ သူများ ပြောတဲ့အတိုင်း၊ ပြောနေတာမှန်ရင် အဲဒါ ဝိသမဟေတုက ဒိဋ္ဌိဘဲ။ ဒီနေရာမှာ ဝိညာဉ်ရဲ့ သဘောလေးကိုအကုန်ခါချလိုက် ပြီးတော့ "ပညာရဲ့ သဘာဝလေးသာ" ဝင်ရတော့မယ်။ ဒီတော့ ယခု မီးရထားဦးပဥ္စင်းကြီး တို့က သညာ ဝိညာဉ်နဲ့ မှတ်ထားတာ တွေကို (ပညာသဘာဝ) ရောက်အောင် ဘယ်လို လုပ်ကြမလဲ?။

**ပညာသဘာဝ။**

ဒီနေရာမှာ ပညာရဲ့သဘော မပါရင် အကုန် ခါချလိုက်ရ မှာဘဲ။ ပညာရဲ့ သဘာဝကို သာလျှင် ဆွဲယူရမယ်။ ဒါကြောင့် ဒီနေရာမှာ ရုပ်သဘာဝ အနတ္တ ဓါတ်လေးနဲ့ ချိန်ကြည့် ရမယ်။ ချိန်လို့ မကိုက်ရင် ထုတ်ပြစ် တာဘဲ။ ကိုက်မှသာလျှင် လက်ခံတော့တယ်။

ပညာမြင် ဖြစ်လာမှ အဗျာပါရ အနတ္တသဘောဟာ ထင်ရှား လာတာပါ။ သညာ ဝိညာဏ်နှင့် ယှဉ်ယှဉ်သမျှ လုပ်သမျှမှန်ရင် ဗျာပါရ သဘောပါ။ ဝိညာဏ်ရိပ်ကြီးကို ဖြုတ်တဲ့အခါမှာ ပညာနှင့်ယှဉ်မှ အဗျာပါရ ရုပ်အနတ္တ၊ နာမ်အနတ္တကို တွေ့မယ်။

အကြောင်းနှင့် အကျိုးဟာ သင်္ခတ လောက ကြီးမှာ အမြဲ ရှိနေကြတယ်။ ဒီအကြောင်းနှင့် အကျိုး ဖြတ်နိုင်ရင် သင်္ခတ လောကကြီး ပြတ်တာပါဘဲ။ (ဝါ) သံသရာကြီး ပြတ်တာပါဘဲ။

ဒိဋ္ဌိတွေ ဖြစ်တယ် ဆိုတာ အဲဒါ အကြောင်း အကျိုးကို အစ ရှာမရဘဲ စွဲမိစွဲရာ ယူမိယူရာတွေကို ယူနေကြတဲ့ အတွက်ကြောင့် ဒိဋ္ဌိ ဖြစ်နေတာပါ။

**ရသေ့ကြီးနှစ်ပါး ဒိဋ္ဌိစွဲ မလွတ်ပုံ။** (ဥပမာ) အာဠာရ ဥဒက ရသေ့ကြီးတို့ဟာ သူတို့မှာ စျာန်အဘိညာဉ်တွေရပြီးတော့ ရှေ့ကမ္ဘာ (၄၀)၊ နောက်ကမ္ဘာ (၄၀)ကို မြင်တယ်။ အဲဒီလို မြင်နေတော့ ဒီကမ္ဘာ (၄၀)ကျော်ပြီး ဟိုဘက်ကို မရှိတော့ဘူး ဆိုပြီးတော့ ကြောင်းကျိုး တရားကို သဿတဒိဋ္ဌိနဲ့ ဉစ္ဆေဒ ဒိဋ္ဌိထဲမှာ ချထားကြတယ်။ အဲဒီလို ကမ္ဘာ (၄၀)ထိအောင် မြင်နေတဲ့ အဘိညာဉ်တွေ ရှိတဲ့အတွက် ရှင်တော် မြတ်က....

"အာဠာရော ခေါ ပရာဇယော ဥဒကော ခေါ ပရာဇယော"

အာဠာရော၊ အာဠာရ ရသေ့ကြီးသည်။ ခေါ၊ စင်စစ်။ ပရာဇယော၊ ဆုံးရှုံးခြင်းသို့ ရောက်ပြီ။ ဥဒကော၊ ဥဒက ရသေ့ ကြီးသည်။ ခေါ၊ စင်စစ်။ ပရာဇယော၊ ဆုံးရှုံးခြင်းသို့ ရောက်ပြီလို့ မိန့်တော်မူတယ်။ ဒီပုဂ္ဂိုလ်ကြီး တွေဟာ သဿတ ဒိဋ္ဌိနဲ့ ဉစ္ဆေဒ ဒိဋ္ဌိထဲမှာ ကျနေကြတယ်။ ဒီလို ရှေ့ကမ္ဘာ (၄၀)၊ နောက်ကမ္ဘာ (၄၀)ကို မြင်နေကြ သော်လဲ သဿတ ဒိဋ္ဌိနဲ့ ဉစ္ဆေဒဒိဋ္ဌိ ထဲမှာ ကျနေတဲ့ အတွက် ဘုရားရှင် ကိုယ်တော်မြတ် ကြီးက ဒိဋ္ဌိစွဲ ကျွတ်အောင် တရားတော်ကြီးကို ဟောကြားတော်မူပါတယ်။

တချို့ ဗြဟ္မာ တွေဟာ လူ့ပြည် လူ့လောကကို အထင်သေးကြတယ်။ သူတို့တောင် ဘုရား မဖြစ်ဘဲနဲ့ ဒိဂမ္ဗ္ဗသေယျာကာ ပုဂ္ဂိုလ်က ဘုရားဖြစ်မယ်ဆိုတာ မဟုတ်နိုင်ဘူးလို့ အထင် အမြင်သေးကြတယ်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက်ပြီးတော့ ဒုက္ကရစရိယာ (၆)နှစ် ကျင့်လိုက်တဲ့အခါမှာ နတ်ဗြဟ္မာတွေဟာ အားလုံး အုတ်အော်သောင်းနင်း ဖြစ်လာကြတယ်။

သုနက္ခတ္တ ရဟန်းကို ဆုံးမတော်မူတဲ့ အခါမှာ "ချစ်သား.... သုနက္ခတ်၊ ငါဟာ သတ္တဝါတွေ အတွက် အပင်ပန်း ခံပြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီ ဖြည့်ခဲ့တာဟာ သတ္တဝါတွေ အတွက်ပါ"လို့ ဆုံးမတော်မူပါတယ်။

အဲဒီလို ကျင့်ကြံ အားထုတ် ခဲ့တဲ့ ပါရမီတော် တွေကြောင့် ဘုရားရှင်၏ကိုယ်တော်မှရောင်ခြည်တော်တွေဟာအမြဲထွက်နေတယ် မင်္ဂလ ဘုရားရှင်ကြတော့ ရောင်ခြည်တော် တွေဟာ စကြဝဠာ တတိုက်လုံး လင်းနေတယ်။ ဘာကြောင့်လဲ ဆိုတော့ ဝေဿန္တရာ မင်းကဲ့သို့သော ဘဝ တခုမှာ သားနှစ် ယောက်ကို ဘီလူးက အလှူခံတယ်။ ကျောင်းသခ်န်းရဲ့ အပြင်လဲ့ ရောက်ရော သားနှစ်ယောက်လုံးကို တခါတည်း ပါးစပ်ထဲ ထည့်ပြီး စားပစ်လိုက်တယ်။

မင်းကြီးက သားတော်များ ဘယ်ရောက်သွား သလဲလို့ ကြည့်လိုက်တဲ့ အခါ ဘီလူးကြီးဟာ ပါးစပ်ကို ဖွဲပြီးတော့ ပြလိုက်တယ်။ ဒီအခါမှာ သွေးတွေ ရဲရဲတောက်ကျလာတာကိုမြင်တော့ မင်းကြီးက ဒေါသမဖြစ်ဘဲနဲ့ ငါ့ရဲ့အလှူဟာ အင်မတန်မှ ပါရမီကောင်းတယ်ဆိုပြီး သောမနဿ ဖြစ်နေတယ်။

မင်းကြီးရဲ့စိတ်မှာဘယ်လိုမှမထိခိုက်ပါ။အဲဒါလှူလိုက်တဲ့အကျိုး ပါရမီကြောင့် ဘုရားဖြစ်တဲ့ အခါမှာ ကိုယ်ရောင်တော် တွေဟာ စကြာဝဠာ တတိုက်လုံး လင်းနေတယ်။ ကိုင်း.... တရားတော်ကို ဆက်ကြဦးစို့ရဲ့။

**လောကီအာနာပါန။** ဒီတော့ သံသရာ လက်ဝဲ လှမ်းဟာ ဘယ်လောက် နိုက်ရသလဲ ဆိုတာ အခု ဒိဋ္ဌိကြီး တွေကို လာတွေ့နေပြီ။ အာဠာရ, ဥဒက,တို့တောင်မှဘဲ အကျိုးအကြောင်းကို သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ထဲမှာ ချထား ကြတယ်။ မြတ်စွာဘုရား မပွင့်ခင်တုန်းက ဆိုရင် လောကီ အာနာ ပါန တရားကြီးသာ ရှိတယ်။ လောကီအာနာပါနအကျိုးတရားက သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လာတာပါ။

ဒီကနေ တခါတက်လိုက်ရင် အဲဒါ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကရိယ ဒိဋ္ဌိကြီး ဖြစ်လာတယ်။ နောက်ထပ် ဝိသမဟေတုက ဒိဋ္ဌိ ကြီးတွေ ဖြစ်လာကြတယ်။ ဒီဒိဋ္ဌိကြီးတွေကိုသာ တရားစစ်တရားမှန် ဆိုပြီးတော့ လုပ်နေကြတယ်။

အခု သာသနာ (၅၀၀၀) ထားခဲ့ တာဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရှိသေးတယ်လို့ ယူလိုက်ပါ။ ဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ တွေ့နေပါရက်နဲ့မှ၊ ဒီဒိဋ္ဌိကြီးတွေကို မဖြုတ် နိုင်ရင် ဘယ်အခါကြမှ ဖြုတ်နိုင်တော့မှာလဲ။

ဒီသာသနာမှာ လာပြီး ကြုံကြိုက်တုန်း ချွတ်ရမယ်မဟုတ်လား။ ဒီတော့ ဒီဒိဋ္ဌိကိုချွတ်မဲ့ပုဂ္ဂိုလ်ဟာ အကြောင်းနှင့် အကျိုးကိုဆက်စပ် ပြီးတော့ စဉ်းစားပါ။ သညာ ဝိညာဉ်သဘော မှန်လျှင် ဝိသမ ဟေတုက ဒိဋ္ဌိထဲသာ ချပါ။

အကြောင်း အကျိုး ဆက်စပ်တာဟာ ဒိဋ္ဌိကြောင့် ဆက်စပ် တာပါ။ ဝိညာဉ်ရဲ့ အရိပ်ဟာ ဘယ်လိုလဲ။ ပဋိစ္စ ဓါတ်မှာ အကြောင်း,အကျိုး ဘယ်အနေနဲ့ ရှိသလဲ?။

**အကြောင်း,အကျိုးကို ဘယ်လို ယူမလဲ?။**

- အကြောင်းကြောင့် အကျိုး ဖြစ်တယ်ဆိုရင်• အတ္တဒိဋ္ဌိ။
- အကြောင်းနှင့် အကျိုးကို ဘာမှ မဆိုင်ဘူးလို့ ယူရင် ဥစ္ဆေဒ ဒိဋ္ဌိ။

– အကြောင်းနှင့် အကျိုးကို တပေါင်းတည်း ယှဉ်ပြန်လျှင် သဿတ ဒိဋ္ဌိ။

– အကြောင်းလဲမရှိ၊ အကျိုးလဲ မရှိလို့ ယှဉ်ပြန်လျှင် အကိရိယ ဒိဋ္ဌိ။

ဒီတော့ ဒီအရှုပ် ၄-ချက် (ဝါ) ဒိဋ္ဌိ ၄-ချက်ကို ဖြေရှင်းနိုင်ရင် ဝိသမဟေတုက ဒိဋ္ဌိ ကျွတ်ပြီ။ ဘုရားစစ်ကို တွေ့ပြီလို့ မှတ်လိုက်ပါတော့။ ကိုင်း.... နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပါတော့။

**" သာဓု–သာဓု–သာဓု "**



# ပုံစံ နံပါတ် (၈)

## ဝါခေါင် လဆန်း (၇) ရက်နေ့ ဟောစဉ်

**ဘုရားအမျိုးမျိုး** ပုထုဇဉ်တွေဟာ ဘုရားအမျိုးမျိုးတို့ကို စွဲနေကြတယ်၊ ဘုရားရှိခိုးကြတဲ့အခါမှာ တချို့က ဂုဏ်တော်တွေကို ရှိခိုးကြတယ်၊ တချို့ကဉာဏ်တော်၊ တချို့ကလဲ ဓါတ်တော် စသည်ဖြင့် သညာဝိညာဉ်နဲ့ မှန်းဆ, ယော်ရမ်းပြီး, ဝါဒအမျိုးမျိုးတွေထွက်နေကြတယ် မဟုတ်လား၊ အခု ဒီနေရာမှာ ဝိညာဉ်ရဲ့ ဓါတ် ၄-ပါးကို သိမ်းနေတာ၊ အဲဒါ သညာဝိညာဉ်က ပြောတဲ့ "ရုပ်"လေး,ကို သိမ်းနေပြီ။

အဲဒါ ဘယ်လောက် သိမ်မွေ့လာပြီလဲ?၊ အခု ပစ္စယ ပရိဂ္ဂဟ ဉာဏ်ဟာ အလွန်သိမ်မွေ့ပါတယ်။ ဒီနေရာမှာ ဘုရားကို မမြင်ရင် မခက်ဘူးလား ?၊ ဆရာတော်က ပြောလဲ အပြောဘဲ ဖြစ်မှာဘဲ၊ ကိုယ့်ဟာကိုသိမှဖြစ်မယ် မဟုတ်လား၊ ဘုရားဆိုတာ ဘယ်သဘာဝ လဲ?၊ ကိုယ်တိုင်တွေ့မှ ကောင်းမယ်။

**အကြောင်းပြတ်, အကျိုးငြိမ်း** ဒီတော့ အခု ဒီနေရာမှာ အကြောင်းနဲ့ အကျိုးကို "ဖြတ်"ဆိုတော့၊ အဲဒါ အစပျောက်နေပြီ၊ အခု ဆရာတော် ဟောနေတာက အတ္တနဲ့ အနတ္တ ကွဲအောင် ဟောနေတာ။ အဲဒါ ဒိဋ္ဌိတွေ ထွက်လာပြီ၊ ဒီ ဒိဋ္ဌိတွေကို ချေလိုက်တော့မှ "အကြောင်းပြတ်ပြီး အကျိုးငြိမ်း"သွားမယ်။

အကြောင်းပြတ်, အကျိုးငြိမ်း ဆိုတဲ့ သဘာဝကို မြင်လာရင် နိဗ္ဗာန်ကို တချက်မြင်နိုင်တယ်၊ 'အကြောင်းပြတ်' ဆိုတာ ဒိဋ္ဌိတွေ မရှိတာပေါ့၊ ဒိဋ္ဌိတွေမရှိတော့ရင် အကျိုးလဲ ငြိမ်းသွားပြီ၊ အတ္တဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ,သဿတဒိဋ္ဌိ,အကိရိယဒိဋ္ဌိ,တွေပြုတ်သွားရင် အခုရနေတဲ့ အကျိုးခန္ဓာကောင်ကြီးဟာ အသက်တန်းကုန်တာနဲ့ ဘဝဇာတ် ပြတ်သွားတော့မယ်၊ ဒီ " ရုပ်ပင်-နာမ်ပင် " ကြီးဟာ တနေ့နေ့မှာ ငြိမ်းရတော့မယ်၊ အဲဒီလို အကြောင်းမျိုးစေ့လေးတွေ မပေါ်တော့ တာကို အကြောင်းပြတ်လို့ခေါ်တယ်၊ အကြောင်းပြတ်, အကျိုး ငြိမ်း,ဆိုတဲ့ သဘာဝကိုမြင်လာရင် ဒီနေရာမှာ နိဗ္ဗာန်လို့ခေါ်တယ်။

# ပုံစံနံပါတ် (၈)


ကလျာဏ
ဘုမ္မိ
ပစ္စယ-ပရိဂ္ဂဟဉာဏ်
အဗျာပါရနည်း
နာနတ္တနည်း
ကြောင်း-သုညတ-ကျိုး
ဧဝံဓမ္မတာနည်း
ဧကတ္တနည်း
ဒိဋ္ဌိ ဝိသုဒ္ဓိ

အခု ပစ္စယပရိဂ္ဂဟဉာဏ်က ကင်္ခါဝိတရဏ ဝိသုဒ္ဓိ စခန်းလို့ ခေါ်တယ်၊ ယုံမှားခြင်းမှ လွန်မြောက်သော ညာဏ်လို့ခေါ်တယ်။ ဒီဉာဏ်ကနေပြီး နိဗ္ဗာန်ကို ပြုနိုင်တဲ့အတွက် ဒီဉာဏ်ကို ဘုရားရှင်က ချီးမွမ်းတော်မူတယ်။

"ဣမိနာ ပန ညာဏေန၊ ဤဉာဏ်ဖြင့်။ သမန္နာဂတော၊ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည် ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာဖြစ်၍။ နိယတဂတိကော၊ မြဲသော ဂတိ ရှိ သည် ဖြစ် ၍။ စူဠသောတာ ပန္နောနာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏လို့ ဟောကြား ချီးမွမ်းတော်ပါတယ်။

**ဟေဘိကမ္ဘူ ခေါ်တော်မူပုံ** ဒီတော့ ဘုရားရှင် ဓမ္မစကြာ တရားတော်ကြီးကို ဟောကြားလို့ ဆုံးတော့ အရှင်ကောဏ္ဍညကြီး သောတာပန် ဖြစ်သွားတဲ့ အတွက် ရှင်တော်မြတ်က "အညာသိဝတဘောကောဏ္ဍညော-အညာသိဝတဘော ကောဏ္ဍညောတိ" လို့ ဥဒါန်းကြူးတော် မူတယ်။ နောက်ပြီး အရှင်ကောဏ္ဍညကြီးကို "ဟေဘိကမ္ဘူ"လို့ ခေါ်တော်မူလိုက်တာနဲ့ ရဟန်းအဖြစ်ကို ရသွားတယ်။

ပရမတ် ယုံမှားခြင်း ၈-ချက်၊ ပညတ် ယုံမှားခြင်း ၁၆-ချက် တို့ဟာ ကင်းသွားပြီ။ အဲဒီ အချိန်တုန်းက ဆိုရင် ဟေဘိကမ္ဘူလို့ ခေါ်တာနဲ့ ရဟန်းအဖြစ်ကို ရကြတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ကြီးဟာ ဝါတော် (၂၀)တိုင်တိုင် ဟေဘိကမ္ဘူ ခေါ်ပြီး ရဟန်းပြု ပေးတယ်။

ဒါရုစိရိယ ပရဗိုဇ်ကြီး ကြတော့ မဂ်၄-ဆင့် ပေါက်သော်လဲ ဟေဘိကမ္ဘူ ခေါ်လို့ မရပါ။ ဒါကြောင့် ဘုရားရှင်က သူ့ကို သင်္ကန်း အရှာ ခိုင်းတယ်။ လူဝတ်ကြောင် ဘဝက ရဟန္တာ ဖြစ်သွားရင် လူဝတ်နဲ့နေလို့ မရတော့ပါ။ ပါဠိတော်ရဲ့ အလို ကတော့ ၂၄-နာရီ သာလျှင် လူဝတ်နဲ့ နေလို့ ရတယ်လို့ ပြလာတယ်။ အဋ္ဌကထာအလိုကြတော့ ၇-ရက် နေလို့ ရတယ်လို့ ရေးကြတယ်။

အဲဒီ အချိန်တုန်းက ဆိုရင် တကာ - တကာမတွေ လှူဒါန်းတဲ့ သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ခွင့် မပြုသေးဘူး။ ပံ့သုကူ သင်္ကန်း သာလျှင် ရှာရသေးတယ်။ အခု အခါမှာတော့ သပိတ် သင်္ကန်း တွေဟာ ပေါတဲ့အတွက် သာသနာ့ဘောင်ကို ဝင်ရတာလွယ်တယ်။ ဘုရားရှင်လက်ထက် အဲဒီ အချိန်တုန်းကဆိုရင် မလွယ်ဘူး။ တကာ တကာမတွေ လှူဒါန်းတဲ့ သင်္ကန်းကို ခွင့်ပေးတာလဲ ဘုရားရှင် ဝက်ပျို့သားစားပြီး ဝမ်း ၃၂-ကြိမ် လားတော့မှ အဲဒါဆေးဆရာ ဇီဝက လျှောက်ထားတဲ့အတွက် ဒီသင်္ကန်းကို ခွင့်ပြုတာပါ။

ဒါရုစိရိယ ပရဗိုဇ်ကြီးဟာ ပံ့သုကူ သင်္ကန်း လိုက်ရှာတဲ့ အခါ လူတွေ စွန့်ပစ်ထားတဲ့ အမှိုက်ပုံ ထဲက အဝတ်စတွေကို နှိုက်နေတဲ့ အခါ၊ ဘီလူးမက နွားသားမွေးမရောင် ဆောင်ပြီး ဒါရုစိရိယ ပရဗိုဇ်ကြီးကို ဝှေ့လိုက်တာ အဲဒီနားမှာဘဲ ပရိနိဗ္ဗာန် ပြုသွားရ ရှာတယ်။

ဒီတော့ ဘုရားရှာပါ့ဆိုရင် မလွယ်ပါ၊ဘုရားရှင်က အန္ဓပုထုဇဉ် တွေကို အမျိုးမျိုးသော ဘုရားရှင် တို့၏ မျက်နှာတော်ကို ဖူးမျှော် တတ်ကြသောကြောင့် ပုထုဇဉ်တို့မည်ကုန်၏ လို့ပြလာတယ်၊ အန္ဓ ပုထုဇဉ်တွေဟာ ဒီဘဝမှာသာလျှင် ဘုရား မြဲမှာဘဲ မဟုတ်လား၊ သူ့ကို'ကံ'ကမျိုးရိုးအနေနဲ့နဖါးကြိုးထိုးထားတယ်၊ဒီ'ကံ'ရဲ့ဆွဲရာ နောက်ကို လိုက်ရမှာဘဲ မဟုတ်လား၊ ဘုရားစစ်၊ တရားစစ်၊ သံဃာ စစ်ကို တွေ့လိုက်တာနဲ့ 'ကံ'က ဆွဲခြင်ရာဆွဲလို့ မရတော့ပါ။

ဝက္ကလိကြီးဟာ ဘုရားရှင်ကို ဘယ်လောက်ကြည်ညိုသလဲ၊အဲဒါ ဘုရားရှင်ရဲ့ ရှေ့တော်မှာ ထိုင်ပြီး အမြဲ ကြည့်နေတယ်၊ ဘုရားရှင် သွားလေရာရာ၊ ဘယ်နေရာမဆို မျက်စေ့ အပြတ်မခံဘဲ ကြည်ညို နေတယ်၊ ဘုရားရှင်က ဝက္ကလိရဟန်းကြီးကို သင်ဟာ - အခု ငါ့ကို မျက်ချေမပြတ်၊ ကြည်ညိုနေသော်လဲ ကြည်ညိုရာမရောက်ဘူး၊ ငါ ဟောကြားတဲ့တရားတော်တွေကို သိမြင်တဲ့သူမှ ငါဘုရားကိုကြည်ညို ရာရောက်တယ်လို့ ဆုံးမတော်မူပြီး အနားမှ နှင်ထုပ်လိုက်တယ် မဟုတ်လား။

**အကျိုးတရားတွေ ထွက်လာတယ်**

အကြောင်းနဲ့ အကျိုးကို သိမ်းနိုင်လာရင် ကိုးကွယ်မှုကြီးဟာ မြဲလာလာပြီ၊ ဒီအခါ အကျိုးတရားတွေ ထုတ်လာတော့တယ်၊ ဒါ့ကြောင့် တကယ် ဘုရားစစ်ကို တွေ့ရင် အကျိုးတရားတွေ ထွက်လာပြီ၊ အခု ဒီနေရာမှာ "**ဂျလက်**" ကလေး ဘဲ ယခု ဒီနေရာမှာ ယုံမှားခြင်း ၈-ပါးထွက်လာပြီ၊ ယုံမှားတယ်ဆိုတာ အစစ်အမှန်ကို မတွေ့လို့ ယုံမှားတယ်လို့ ခေါ်တာပါ။

ဥပမာ၊ တောမှာနေကြတဲ့သူဟာ မန္တလေးမြို့ကြီးကို မရောက်ဘူးဘဲ၊ ရောက်ဘူးတဲ့သူက မဟာမြတ်မုနိဘုရားကြီးကို ပုံသဏ္ဍာန်ထင်အောင် ပြောပြသော်လဲ၊ မရောက်ဘူးတဲ့သူကတော့ သညာ ဝိညာဏ်အနေနဲ့ တွေးယူမှာဘဲ၊ အဲဒါ ယုံမှားခြင်း ရှိအုန်းမှာဘဲ မဟုတ်လား၊ သညာ ဝိညာဉ်နဲ့ လုပ်တဲ့ဟာတွေမှန်ရင် ယုံမှားခြင်း ထဲမှာ ချထားပါတော့။

ဒီတော့ "**သဗ္ဗဓမ္မေ ဗုဇ္ဈတိတိ ဗုဒ္ဓေါ**" သဗ္ဗဓမ္မေ၊ အလုံးစုံသော တရားတို့ကို။ ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်၏လို့ စာတွေက ရေးကြတယ်၊ ဘုရားဆိုတာဟာ အလုံးစုံသော တရားတွေကို သိတယ်လို့ ဆိုလာကြတယ်။

သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရတယ်၊ ဒါကို ဘုရားလို့ ဆိုတာဟာ သဗ္ဗညုတ ဆိုတာ ဘာလဲ၊ အလုံးစုံ သိတယ် ဆိုတာ ဘာတွေကို သိတာလဲ။ ကိုယ်ကမတွေ့တဲ့အတွက် ယုံမှားခြင်းထဲမှာဘဲ ရှိနေတယ် မဟုတ်လား။

**ဥပမာ**၊ အလေးချိန်ကို လက်နဲ့ ကိုင်ပြီး မှန်းဆတဲ့သူဟာ၊ ဒီဟာ "၁၀" သားလေး အလေးလောက်ရှိတယ်လို့ သာ သူ့မှာ မှန်းဆ ပြီးတော့ ပြောမှာဘဲ၊ တိတိကျကျ မှန်တယ်လို့ ဝန်ခံနိုင်ပါ့မလား၊ ဝန်မခံနိုင်ပါဘူး၊ ချိန်ခွင်နဲ့ ချိန်ကြည့်ထားတဲ့ သူကတော့ ဘယ်လောက်သားရှိတယ်ဆိုတာကို အတိအကျ ရဲရဲဝန့်ဝန့် မှန်တယ်လို့

ဝန်ခံနိုင်သလိုဘဲ၊ လက်နဲ့မှန်းဆတဲ့သူကတော့ "၁၀"သား အတိ ရှိသေ်ာလဲ၊ ဟုတ်ပင်ဟုတ်သေ်ာလဲ၊ သူ့မှာရဲရဲဝန့်ဝန့် ဝန်မခံနိုင်ဘူး ဝန်မခံနိုင်တာသည်ပင် ယုံမှားခြင်းဘဲ မဟုတ်လား၊ အနတ္တကို တကယ်ထင်လာရင်, တရားကို တကယ် မြင်လာရင်, ဘယ်ဟာ ဘုရားလဲဆိုတာ ယုံမှားခြင်း မရှိတော့ပါ။

အနတ္တကို မမြင်တဲ့သူကြတော့ အဲဒါ ယုံမှားခြင်းထဲမှာဘဲ ရှိနေအုန်းမှာဘဲ။ အပြောကောင်းတဲ့သူ နောက်ကို လိုက်ပြီးတော့ လက်ညှိုးထောင်ဦးမှာဘဲ၊ အခု ဒီနေရာမှာ ဗုဒ္ဓဘာသာစစ်ကို ရှာတာဘဲ၊ ဒီနေရာမှာ သဘာဝလေးကို အမှန်တွေ့လိုက်ရင် အဲဒါ ဗုဒ္ဓဘာသာစစ်ဖြစ်ပြီ၊ ယုံမှားခြင်းကင်းသွားပြီ။

ယုံမှားခြင်းရှိနေသေးရင် သေခါနီးတဲ့အခါမှာ ဝိစိကိစ္ဆာတွေ ဖြစ်ပြီးတော့ "ကံ"က,လာပြီး ဆွဲချတော့မှာဘဲ မဟုတ်လား၊ ဒါကြောင့် လက်နဲ့ ရမ်းဆသူမှန်ရင် (ဝါ) သူများအပြောနဲ့ ပြောတဲ့သူမှန်ရင်(ဝါ)သညာဝိညာဉ်နဲ့ထောက်နေရင်၊ ယုံမှားခြင်း ရှိနေသေးတယ်ဆိုတာ တထစ်ချမှတ်ပါ။

ဒီတော့ ပရိယတ်ထဲမှာ, ပါတာကို ပြောနေတာဟာလဲဘဲ၊ ယုံမှားခြင်းထဲ ထည့်လိုက်ပါ။ ယုံမှားခြင်းမကင်းရင်, အပါယ်လေးပါးကို စိတ်မချရသေးပါ။ယုံမှားခြင်းမှကင်းအောင် ပဋိပတ်ကို လုပ်ရမယ်။ဒါကြောင့် အခုအတိုနည်းနဲ့ ပြောရရင် သညာဝိညာဉ်နဲ့ ယောင်ရမ်းမှန်းဆပြီး ပြောနေတဲ့ဟာကို အကုန်လုံးချေချပါ၊ အဲဒီက လွတ်အောင် ပစ္စယပရိဂ္ဂဟဉာဏ်ကို အကုန်မျှိနိုင်မှ၊ ရမ်းဆပြီး ပြောတဲ့ သညာဝိညာဏ်ဝဲက လွတ်မယ်။

**အကြောင်း, အကျိုး ဘယ်လိုဖြတ်မလဲ**

အကျိုးနဲ့အကြောင်းတရားကိုဖြတ်ရတော့မယ်ဆိုရင် ဘယ်လိုဖြတ်မလဲ၊ အခု ရရှိထားတဲ့ ခန္ဓာငါးပါးကောင်ကြီးဟာ ဘယ်သူ့ကြောင့် ရသလဲ ဘယ်အကြောင်းကြောင့် ရတဲ့ အကျိုးခန္ဓာလဲ?၊ ဒီလိုမေးရင် ဘယ်လိုဖြေမလဲ?၊ ဖြေမယ်လို့ စဉ်းစားလိုက်တိုင်း ယုံမှားခြင်း, ဒိဋ္ဌိတွေက ဝိုင်းနေပြီ၊ အဖြေပေးဘို့ ကြပ်လာပြီမဟုတ်လား?၊ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်လာတယ်ဆိုရင် အဲဒါ အတ္တဒိဋ္ဌိကြီးက ဝင်ဆွဲတော့မယ်။

အကြောင်းနဲ့ အကျိုးကို " တပေါင်းတည်း " ယူပြန်ရင်လဲ သဿတဒိဋ္ဌိကစောင့်နေပြီ၊ ကိုင်း....ဘယ်လိုပြောမလဲ၊ ပြောစမ်းပါ၊ ဒီ ၄-ပါးက လွတ်အောင် ရှုံးရတော့မယ်၊ အခု ဒီနေရာမှာ ပညာရဲ့ သဘာဝလေးသာ ဝင်ရတော့မယ်၊ ပညာရဲ့သဘာဝလေးမြင်ရင် အဲဒါ တချက်ကလေးသာရှိတော့တယ်။

အကြောင်းနဲ့အကျိုးကို ဘယ်လိုဖြတ်မလဲ၊ စဉ်းစားပါအုန်း၊ ခန္ဓာပင်ကြီးဟာ ဘယ်ကပေါက်လာသလဲ၊ အဲဒါ ဒိဋ္ဌိလွတ်အောင် ပြောစမ်းပါ၊ ဒီ ဒိဋ္ဌိ ၄-ချက်က လွတ်မှဖြစ်မယ်၊ အပြင်မှာ ရှာလို့ မရတော့ပါ၊ အပြင်မှာမရှာနဲ့တော့၊ ဒီ ဒိဋ္ဌိ ၄-ချက်ကလွတ်အောင် ပြောပါ၊ သေသေချာချာ စဉ်းစားပါ။

ဒီ ဒိဋ္ဌိ ၄-ချက်ကလွတ်အောင် ပြောနိုင်မှ ဖြစ်မယ်၊ အကြောင်း အကျိုးကို တဖက်သတ်ဖြတ်လို့ရှိရင်လဲ ဒီ ဒိဋ္ဌိတွေက ချောင်းနေပြီ ဒိဋ္ဌိတွေ မဝင်နိုင်အောင် ဒီ အကြောင်း နဲ့ အကျိုးကို ဘယ်လို ဖြတ်မလဲ။

ဒီတော့အကြောင်းကအကျိုးကိုဖြစ်စေနိုင်တယ်ဆိုရင်အတ္တဒိဋ္ဌိက စောင့်နေပြီ၊ အကြောင်းကအကျိုးကို မဖြစ်နိုင်ရင်လဲ ဥစ္ဆေဒဒိဋ္ဌိ ပညာရဲ့သဘာဝနဲ့ အကြောင်းက အကျိုးကို မဖြစ်နိုင်လို့ပြော လာရင် ဒီ ဒိဋ္ဌိတွေက လွတ်လာမယ်။

ဒါကို စဉ်းစားရမယ့်အကြောင်းက အကျိုးကို မဖြစ်စေနိုင် ဆိုတာဟာ သညာ ဝိညာဉ်နဲ့ မဟုတ်ဘဲ၊ ပညာရဲ့ သဘာဝနဲ့ ဝင်ကပ်ပြီးတော့ ဝေဘန်ရမယ်၊ ဒီဟာကို မိပြီဆိုတော့မှ ရှေ့ကို တဆင့်တက်လိုက်ရင် ဒိဋ္ဌိတွေကင်းပြီး အဲဒါ ဘုရားစစ်, တရားစစ်, သံဃာစစ်ကို တွေ့ပြီလို့ ယူပါ။

အကြောင်း,အကျိုး ဖြစ်တယ်ဆိုရင် အဲဒါ ပဋိစ္စသမုပ္ပါဒ်ကြီး ဖြစ်လာမယ်။ ပညာ သဘာဝနဲ့ မြင်လာရင် ပဋိစ္စသမုပ္ပါဒ် မလှည့် တော့ပါ။ အဲဒါ ရုပ်ပင်, နာမ်ပင်လဲ မပေါက်တော့ပါ။ ပညာ အနေနဲ့ မပေါက်တော့ပါ။ ပညာအနေနဲ့ ညာဏ်ကုန်ညှစ်ဘုတ်ပြီး ဆင်ခြင်ပါ။

အဗျာပါဒ အနုတ္တအနေနဲ့ အားလုံး သွင်းနိုင် လာမှ ရှေ့ကို တဆင့်တက်ရမယ်။ သခ်တနယ်နှင့်အသခ်တနယ်ကြီးရဲ့ အလယ်မှာ ရောက်ပြီးတော့ ကြည့်ရမယ်။ သခ်တ နယ်ကြီးကို အကုန် မြင်လာရင် အသခ်တ ဓါတ်ကြီးသို့ ဝင်သွားပြီ။ ဘုရား, တရား, သံဃာမြဲပြီ။ ဒီတော့ အဗျာပါဒအနုတ္တဓါတ်ကို တွေ့မှ အကြောင်း အကျိုးကို ဖြတ်လို့ရမယ်။

ကိုင်း.... အကြောင်းအကျိုးဆိုတဲ့ သဘာဝကို စဉ်းစား ခဲ့ပါ။ နက်ဖြန်မှ ဆက်ဟောမယ်။

သာဓုခေါ်ကြပါတော့....

"သာဓု....သာဓု....သာဓု"

## ဝါခေါင်လဆန်း (၉)ရက်နေ့ ဟောခဲ့

ကိုင်း ဒီနေရာမှာ တရားခံကို ရှာရ တော့မယ်။ တရားခံကို သေသေချာချာမိမှသာလျှင်သတ်လို့ရမယ်။ အဗျာပါဒအနုတ္တဟာ ဘယ်အနေမှာ ဟောတော်မူသလဲ။ အရာရာမှာ အဗျာပါဒနဲ့ ချလို့မရဘူး။ ပစ္စယသာမဂ္ဂီ ဆိုတာသည်ပင်လျှင် အဲဒါ အဗျာ ပါဒဘဲမဟုတ်လား။အဗျာပါဒဆိုတာဟာအကြောင်းညီညွတ်သည် ဖြစ်စေ၊ မညီညွတ်သည် ဖြစ်စေ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

တရား အားထုတ်ကြတဲ့ တချို့ ပုဂ္ဂိုလ် တွေဟာ အနိစ္စ မမြဲ၊ ဒုက္ခ-ဆင်းရဲ ဆိုပြီး ဝိပဿနာယောင်ယောင်၊ သညာဝိညာဉ် အသိ တရားလေးနဲ့ နှစ်သိမ့် ကျေနပ်နေကြတယ်။ အဲဒါ ဘုရားရှိမခိုး တော့ဘူး၊ ဥပုသ်လဲမစောင့်တော့ဘူး။ ဘာမှ မလုပ်ရင် ဘာမှ မဖြစ်ဘူး ဆိုပြီးတော့ နေကြတယ်။ အဲဒါ အကိရိယ ဒိဋ္ဌိကြီးထဲ ဝင်နေပြီ မဟုတ်လား။

**သဒ္ဓါနှင့် ပညာ။** ဒီတော့ အနုတွေ ကိုသာ 'က'က နဖါးကြိုး တပ်ပြီး ဆွဲနိုင်တာပါ။ ကလျာဏ ကြတော့ မဆွဲနိုင်တော့ပါ။ သဒ္ဓါနဲ့ ပညာဟာ သံသရာမှာ ထောက်ရာ တည်ရာလေး ဖြစ်လာတယ်။ သံသရာ ကြီးမှာ ကြင်လည်တဲ့ ပုဂ္ဂိုလ်ဟာ သဒ္ဓါနဲ့ ပညာ ကိုဘဲ "အမွေတော"လေး အနေနဲ့ ယူရတယ်။ နာမရူပ ပရိစ္ဆေဒဉာဏ်က သဒ္ဓါတရားထွက်ပါတယ်။

ပစ္စယ ပရိဂ္ဂဟဉာဏ် ကြတော့ ပညာ ထွက်လာ ပါတယ်။ စရဏ မျိုးစေ့ ရင့်ကျက် တာနဲ့ သဒ္ဓါတရားက ဆွဲပြီးတော့ သူဌေး မျိုးစေ့ထဲကို ချပေးလိုက်တယ်။ သူ့မှာ "လှူဟဲ့-တန်းဟဲ့-ပေးဟဲ့-ကမ်းဟဲ့" ဆိုရင် ပေးနိုင် လှူနိုင်လာပြီ မဟုတ်လား။ နောက် ဝိဇ္ဇာ မျိုးစေ့ ရင့်ကျက်လာရင် ပညာက ရှေ့က ဆွဲပြီးတော့ အဲဒါ သူတော်ကောင်းမျိုးထဲကို ချပေးလိုက်တယ်။

**ဝိဇ္ဇာနှင့်စရဏ။** သူ့မှာ ဆင်းရဲသော်လည်း တရားကို အားထုတ်နိုင်တယ်။ ဝိဇ္ဇာရဲ့ မျိုးစေ့လေးကို ပညာက ရှေ့ဆောင်ပြီး ဆွဲလာတာဘဲ မဟုတ်လား။ အခု ကိုယ့်ဖြစ်နေတဲ့ ဘဝကို မတွေးဘူး။ သူ့မှာကို ဝိဇ္ဇာမျိုး၊ စရဏမျိုး မပါဘဲနဲ့ ချလို့ မရဘူး။ ပစ္စည်း ချမ်းသာတဲ့ သူကတော့ စရဏမျိုး ဖြစ်ပြီး အဲဒါ သဒ္ဓါက ရှေ့ဆောင် ဆွဲလာပြီ။

အခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေ ကြတော့ ဝိဇ္ဇာမျိုးလို့ ခေါ်တယ်။ သူ့မှာ ပစ္စည်း မရှိသော်လဲ ပရိယတ်၊ ပဋိပတ်ကို အားထုတ်ပြီး သာသနာ ပြုလာတော့တယ်။ သဒ္ဓါနဲ့ ပညာဟာ လှည်းဆွဲတဲ့ နွားမျှားလို ပါဘဲ၊ သဒ္ဓါကလဲ စရဏမျိုး ဘက်ကို ဆွဲတယ်။ ပညာကလဲ ဝိဇ္ဇာမျိုး ဘက်ကို ဆွဲတယ်။ ဒါကြောင့် ဆင်းရဲတယ်၊ ချမ်းသာတယ် ဆိုတာဟာ တဘဝမှာ ပြောတဲ့ စကားပါ။ အဲဒီလိုသာ မှတ်ထားပါ။

သဒ္ဓါ၊ ပညာ၊ သမာဓိ ဒီသုံးပါးဟာ တညီ တညွတ်တည်း ပေါ်လာရင် အဲဒါ မဂ်ကို ဝင်နိုင်ပြီ။ ယခု ဒီနေရာမှာ ပညာ မျိုးကြီး ထွက်လာ တော့မယ်။ စရဏ မျိုးစေ့နဲ့၊ ဝိဇ္ဇာ မျိုးကို

ကြည့်ပြီးတော့ ကြိုးစားလာနိုင်ရင် အကျိုးကြီးပါတယ်။ ကလျာဏ ဘုမ္မိထဲ ရောက်တယ် ဆိုတာနဲ့ 'ကံ'က နဖါးကြိုး ထိုးပြီးတော့ မဆွဲနိုင်တော့ပါ။

အန္ဓတွေကြတော့သာ 'ကံ'က နဖါးကြိုး ထိုးနိုင် တာပါ။ ကိုယ်ရလာတဲ့မျိုးကို ကြိုးစားပါ။ ဒါမှ ကိုယ့်ရဲ့ ပါရမီမျိုးစေ့ လေး ပါသွားနိုင်ပါတယ်။ ရုပ်နာမ်ကိုမှ မသိရင် 'ကံ'က ဆွဲချ မှာဘဲ။ ယခု ဒီနေရာမှာ သဒ္ဓါနဲ့ ပညာလေးဟာ ထွက်လာပြီး ဆွဲဆောင်သွားမယ်။ ဒီနေရာမှာ အဗျာပါရ ဆိုတာ ဘုရားရှင်က ဘယ်လိုဟောခဲ့သလဲ။ ဒါကို နားလည်ရမယ်။ ဒီနေရာမှာ တရားခံ လေးကို တွေ့လာရင် အဲဒါ တိဟိတ်ညာဏ်ရှိတဲ့ သူဘဲလို့ ဆိုတယ်။

**မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်။** (ဥပမာ) မိလိန္ဒမင်းကြီးဟာ ပရိယတ်ပဋိပတ်ပြည့်စုံတဲ့သူ ဖြစ်တယ်။ တိုင်းပြည်မှာရှိတဲ့ ရဟန္တာ တွေကို အမေး ပုစ္ဆာတွေ ထုတ်ပြီးတော့ မေးတယ်။ မဖြေနိုင်ရင် ရှုံ့ချတာဘဲ။ သူ့ရဲ့ အမေးကို မဖြေနိုင်ကြတာနဲ့ သင့်လျော်ရာကို ကြွပြီးနေကြရတယ်။

ရှင်နာဂသိန် ရဟန္တာကလဲ "မေးသမျှ ဖြေမယ်" ဆိုပြီး မင်းကြီးထံ သံဃာတော်(၈၀၀၀၀) နှင့် ကြွလာတော် မူတယ်။ မိလိန္ဒ မင်းကြီးရဲ့ မြို့ပြင်ရှိဥယျာဉ်မှာ သီတင်းသုံးတော်မူကြတယ်။ မိလိန္ဒမင်းကြီးဟာ မှူးကြီးမတ်ရာတွေနဲ့အတူ ရှင်နာဂသိန် သီတင်း သုံးတော်မူရာသို့ သွားကြတယ်။

ဟိုကြရင် ဘယ်ပုဂ္ဂိုလ်ဟာ ရှင်နာဂသိန်ဆိုတာကို ငါပြောမယ် ဆိုပြီး ဥယျာဉ်တော်သို့ ထွက်တော်မူတယ်။ ရှင်နာဂသိန်နှင့် တကွ အပေါင်းပါ ရဟန္တာ ၈၀၀၀၀-ဟာလဲ တစုတဝေးတည်းဝိုင်းပြီး ထိုင်နေကြတယ်။ မင်းကြီးဟာ ရှင်နာဂသိန်ကို လိုက်ပြီး ရှာလိုက် တာ၊ အဲဒါ သူထင်တဲ့ ရဟန်းကြတော့ ဒါဟာ ရှင်နာဂသိန်ဘဲ မဟုတ်လားလို့ မေးလိုက်တယ်။

မူးမတ်များက ဟုတ်ပါတယ် ဘုရားလို့လဲ လျှောက်လိုက်ရော မိလိန္ဒ မင်းကြီးမှာ ကြက်သီး မွေးညှင်းတွေ တခါထဲ ထသွားတာဘဲ။

**တရားခံကိုတွေ့မှ တိဟိတ်ညာဏ်။** ကိုင်း.... အခုလဲ တရားခံကို မတွေ့ဘဲနဲ့ ဘယ်မှာသတ်လို့ ရမလဲ။ တရားခံ မရှိဘဲနဲ့ ဟိုလိုက်ဆွဲ၊ ဒီလိုက်ဆွဲဆိုရင် အမှားဆွဲဘဲ မဟုတ်လား။ ဒီတော့ တရားခံကို တွေ့အောင်ရှာရမယ်။ တရားခံကို တွေ့ရင် အဲဒါ တိဟိတ်ညာဏ်ဘဲ။

နာမရူပ ပရိစ္ဆေဒညာဏ်က ပထဝီ ဓါတ်ကို ဌာန်လေးချက်နဲ့ နှိုက်လိုက်တဲ့အခါမှာ လက္ခဏာနှင့် ရသကို သာလျှင် ဒီညာဏ်က ချေနိုင်တယ်။ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ဟာ ပစ္စယပရိဂ္ဂဟညာဏ်ကြတော့ အကျိုး့အကြောင်းဆိုပြီး ပြောနေတာ သညာဝိညာဉ်က မလွှတ်သေး ပါလားလို့ တွေ့နေပြီ။ ဒီနေရာမှာ အကျိုးနဲ့ အကြောင်းဆိုတဲ့ ပညာသဘော ကျန်နေသေးတယ်။

ဒီတော့ ဓါတ်လေးပါးမှာ လက္ခဏာနဲ့ ရသဟာ သုဉ်းဆိတ်သွားသော်လဲ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ဟာ အခု လူကြယ် လုပ်ပြီး 'အကျိုးအကြောင်း' ဆိုပြီးပြောနေပြန်ပြီ၊ဒီအကျိုးနဲ့အကြောင်းကို စဉ်းစား လိုက်ရင် ဟိုလက္ခဏာနဲ့ ရသကို ဖြစ်အောင် လုပ်နေတဲ့ အကောင်တွေဘဲ မဟုတ်လား။ ဒီအကြောင်းအကျိုးကိုဖြုတ်ရမယ် မဟုတ်လား။ ပထဝီဓါတ်လေးဟာ သညာရဲ့ အမှတ်လေးဘဲဆိုတာ သဘောပေါက်ပြီ မဟုတ်လား။

ဒီတော့ နာမရူပ ပရိစ္ဆေဒ ညာဏ်က လက္ခဏာနဲ့ ရသ ကိုသာ ချေပြီး၊ သမုတိ သစ္စာနယ်ကြီး ဖြစ်တဲ့ **သညာ အရိပ် ကလေး** ဇာတ်သိမ်းသွားသော်လဲပရမတ္ထမျိုးဖြစ်တဲ့ပစ္စုပဋ္ဌာန်နဲ့ပဒဋ္ဌာန်ဟာ ကျန်နေသေးတယ်။ ဒီနှစ်ကောင်ဟာ ရုပ်က လာတဲ့ သဘောလေးတွေ ဖြစ်ခြင်းကြောင့် ဘယ်အနတ္တနဲ့ ချေရမလဲ ဆိုရင် **အဗျာပါရ အနတ္တနဲ့** ချေရ မယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောခဲ့တာပါ။

ဒီနေရာမှာ အဗျာပါရ အနတ္တဘဲ မဟုတ်လား။ ဘာပြုလို့လဲ ဆိုတော့ ရုပ်ရုပ်ချင်း မို့လို့ ဘာမှ မဖြစ် နိုင်ပါ။ အဲဒါကို ကိုင်ထားပါ။ ဒီနှစ်ကောင်ဟာ ရုပ်ဘဲ မဟုတ်လား။ ရုပ်တရား မှန်ရင် အဗျာပါရ အနတ္တပါဘဲ။ တခုသော ရုပ်တရားက တခုသော ရုပ်တရားကို ဖြစ်နိုင် သလား။ ဖြစ်နိုင်တဲ့ ဗျာပါရ မရှိလို့ အဗျာကတရုပ် "အနာရမ္မဏ"မို့လို့ မဖြစ်နိုင်ပါဘူး။

**နည်းလေးပါးနဲ့ရှင်းရမယ်။** ဘာ့ကြောင့် မဖြစ် နိုင် သလဲ ဆိုတာကို နည်း၄-ပါးနဲ့ ထုတ်ပြီး ရှင်းရတော့မယ်။ ပုံစံ (၈)ကို ကြည့်ပါ။ ဒီနေရာမှာ နည်း၄ပါးနဲ့ သိမ်းရမယ် ဆိုတာဟာ သညာဝိညာဉ် တွေကို နည်းလေးပါးနဲ့ သိမ်းပြီးတော့မှ ဒီနှစ်ကောင်ကို မင်းတို့ လုပ်ခြင်ရာ လုပ်စမ်းဆိုပြီး လုပ်ခိုင်းမယ်။

ဒီတော့ သူတို့မှာ ဘယ်မှာ လုပ်နိုင်တော့ မလဲ။ အဲဒီ အခါ ကြတော့မှ အဗျာပါရဓါတ်ဟာ ထင်ရှားလာတော့မယ်။ သညာ ဝိညာဉ်က ထွက်နေတဲ့ အရောင်တွေကိုလဲ သိမ်းလိုက်ရော သူတို့ကို မင်းတို့ဖြစ်စမ်း ဆိုရင် အဲဒါ "မဖြစ်နိုင်ပါဘူး" ဆိုပြီး သူတို့ဟာ အလိုလို ဝန်ခံလာရမယ်။

ကိုင်း....နည်းလေးပါးနဲ့ သညာဝိညာဉ်ကိုမောင်းထုတ် ရမယ်။ အခုတော့ သညာ ဝိညာဉ် အရိပ်ကြောင့် ဒီအဗျာပါရ အနတ္တ လေးဟာ မထင်ရှားအောင် ဖြစ်နေတယ်။ ဒါ့ကြောင့် သညာ ဝိညာဉ်တွေကို နည်းလေးပါးနဲ့ မောင်းထုတ်လိုက်ရော ဒီနှစ်ပါးက ငုတ်တုတ်ကြီးဖြစ်ပြီး အဗျာပါရ အနတ္တထဲ ဥက္ကောင်းချတော့မယ်။

ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ဟာ သညာဝိညာဉ် ဆက်နေတဲ့အတွက် ဝိသုဒ္ဓိမဂ်ကြီးက "မီးသည် အရောင်ကို မဖြစ်စေနိုင်၊ အရောင်သည် မီးကို မဖြစ်စေနိုင်" ဆိုပြီး ပြထားတယ်။ ဒီတော့ ညာဏ် မရှိတဲ့ သူတွေက ဘာတွေပြောမှန်း မသိဘူး။ အဲဒါ ဓါတ်လေးပါးကို

အခြေခံထားပြီး သညာ ဝိညာဉ်ကို ဆွဲထုတ်တာ၊ သညာဝိညာဉ်ရဲ့ သဘာဝကို တွေ့အောင်ပြောရတာ။ ဒီသညာဝိညာဉ်ရဲ့သဘာဝကို တွေ့တော့မှ သူ့ကို နည်းလေးပါးနဲ့ ချေမှုန်းပစ်ရမှာ။ ကိုင်း.... နက်ဖြန်မှ ဆက်ဟောမယ်။ သာဓု ခေါ်ကြပါ။

" သာဓု....သာဓု....သာဓု "



## ဝါခေါင်လဆန်း (၁၀) ရက်နေ့ ဟောစဉ်

**သင်နည်းမှတ်ချက်။**

- သမုတိသစ္စာနယ်၊ အဗျာပါရနည်း၊ အတ္တဒိဋ္ဌိ။
- သမုတိသစ္စာနယ်၊ ကေတ္တနည်း၊ သဿတဒိဋ္ဌိ။
- ပရမတ္ထသစ္စာနယ်၊ နာနာတ္တနည်း၊ ဉစ္ဆေဒဒိဋ္ဌိ။
- ပရမတ္ထသစ္စာနယ်၊ ဧဝမ္ဓမ္မတာနည်း၊ အကိရိယဒိဋ္ဌိ။

ဒီနေရာမှာ သညာ ဝိညာဉ်ကို သိမ်းဆည်းရ တော့မယ်။ ပစ္စုပ္ပန္နဘဝနဲ့ ပဒဋ္ဌာန်လေးဟာ ပရမတ္ထ နယ်မှာ ကျန်နေသေးတဲ့အတွက် ဒီနှစ်ကောင်ဟာ အကြောင်းရှိလို့ အကျိုးရှိတယ်၊ အကျိုးရှိလို့ အကြောင်း ရှိတယ် ဆိုပြီး ပြောနေ ကြတယ်။ သူတို့ရဲ့ သဘာဝကတော့ဘာမှမဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့သညာဝိညာဉ်ရဲ့ အရိပ်ကြောင့် လက်မောင်း တန်းနေ ကြတယ်။ ဒါကြောင့် အကြောင်းအကျိုးကို သိမ်းရတော့မယ်။

ဒီအကျိုးအကြောင်းကို သိမ်းမဲ့ ပုဂ္ဂိုလ်ဟာ နည်းလေးပါးကို နားလည်ရမယ်။ ပစ္စယပရိဂ္ဂဟညာဏ်ကိုဖွင့်လာတာဟာ အကြောင်း အကျိုး ပေါ်အောင်လို့ ဖွင့်လာတာ တချို့က အကြောင်း အကျိုးကို ပြတဲ့ အခါမှာ ပရိယတ်ဘက်က နေပြီးတော့ ပဋ္ဌာန်း ကျမ်းကြီးတွေ ကိုင်ပြီး အကျိုးအကြောင်းကို ဆက်ပြနေကြတယ်။

**အကြောင်း,အကျိုး ဖြတ်ရမယ်။** အခုဆရာတော်တို့ကအကျိုး အကြောင်းကို ဖြတ်ပြပါ မယ်။ ဒါမှသာလျှင် အနတ္တကို တွေ့မယ်။ အကျိုး အကြောင်းကို မဖြတ်ရင် ဘယ်မှာ အနတ္တကိုတွေ့မလဲ?။ ပစ္စုပ္ပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ဟာ အကြောင်းအကျိုးဆိုပြီး သညာဝိညာဉ်က ပြောနေတယ်။ အဲဒါ ပစ္စုပဋ္ဌာန်က အကျိုး၊ ပဒဋ္ဌာန်က အကြောင်း ဆိုပြီးတော့ ဖြစ်လာကြတယ်။ ဒီနှစ်ပါးက ဖြစ်လာတာဟာ ဓါတ်လေးပါး အရိပ် လေးပါ။

ပြီးခဲ့တဲ့ နာမရူပ ပရိစ္ဆေဒညာဏ်တုန်းက 'ဌာန် ၄ချက်'နဲ့ သတ်ခဲ့တာဟာ သမုတိသစ္စာနယ်ကြီး ဇာတ်သိမ်းသော်လဲ ပရမတ္ထ နယ်ကြီးဟာ ကျန်နေသေးတယ်။ လက္ခဏာနဲ့ရသက ဓါတ်၄ပါးကို 'မာတယ်၊ ပူတယ်' ဆိုပြီး ပြောတယ်။ 'မာတယ်, ပူတယ်' ဆိုတာ သူ့အလိုလို ပေါ်လာတာ မဟုတ်ပါဘူး။ သညာဝိညာဉ် သမား တွေက မာတယ်, ပူတယ်လို့ ပြောနေတာဘဲ မဟုတ်လာ။ ဒီလို ဆက်နေတဲ့ သဘာဝကိုလဲ မြင်အောင် ရှုထားပါ။

အရင်က မာတယ်, ပူတယ် ဆိုတဲ့ဟာတွေသာ သေသွားတယ်။ အကြောင်း,အကျိုးလို့ ပြောနေတဲ့ သညာဝိညာဉ်ကြီးဟာ ကျန်နေ သေးတယ်။

ဒီသညာ ဝိညာဉ်ဖြစ်တဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန် နှစ်ပါးကို သတ်လိုက်ရင် (၀၁) အကျိုးအကြောင်းကို သတ်လိုက်ရင်ကလျာဏ ဘုမ္မိမှာ ဥက္ကောင်း ချနိုင်ပြီ။ ဓါတ်ကြီး လေးပါးတို့ရဲ့ လက္ခဏာနဲ့ ရသကို အမြင် ရှင်းသွားပေမဲ့ သညာ ဝိညာဉ်နယ်ကြီးမှာ မာတယ် ပူတယ်ဆိုပြီး တဲတဲလေး အနေနဲ့ ပေါ်နေတဲ့ သဘာဝ ကျန်သေး တယ်။

ဒါဟာ ဘာကြောင့်ပေါ်သလဲဆိုတော့ "ဥပဋ္ဌာနာကာရေဝါ ညာဏ်အား ရှေ့ရှုထင်ခြင်းငှင်း။ ဖလံဝါ၊ အကျိုးတရားသည်ငှင်း။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန် မည်၏"။

ဒီတော့ မာတယ်ဆိုတဲ့ ပထဝီဓါတ် ပေါ်တော့မယ် ဆိုတာနဲ့ ဓါတ်သုံးပါးလေးဟာ ပေါင်းပြီးတော့ ပေးလိုက်ပြီ မဟုတ်လား။ ဒီရုပ်ဟာလဲ သမ္ပယောဂ လေးပါးကို အခြေခံ ထားပြီးတော့ ပေါင်းစီး ကြတယ်။ ဒီအခါကြတော့မှ သခ်တ လောကကြီးမှာ လာပြီးတော့ ပေါ်ကြတယ်။ မညီညွတ်ရင် ပေါ်လို့မရပါ။ အဲဒါ ဓါတ်လေးပါးရဲ့ ညီညွတ်မှုကို ယူပြီးတော့ ပေါ်လာကြတယ်။

ပစ္စုပဋ္ဌာန် ဆိုတာက ဓါတ်သုံးပါးလေး ညီညွတ်လိုက်တာကို ခေါ်တယ်။ ဒီဓါတ်သုံးပါးလဲ ညီညွတ်လိုက်ရော အဲဒါ 'သေသဓါတု ပဒဋ္ဌာနံ၊ ကြွင်းသောဓါတ် သုံးပါးလျှင် နီးစွာသော အကြောင်း ရှိ၏။ (ဝါ) ဓါတ်သုံးပါးလျှင် ပြဋ္ဌာန်းခြင်း ရှိ၏" ဆိုပြီးတော့ ပေါ်လာတော့တယ်။

**တရားခံ အမည်ပြောင်းပုံ။** ဒါကို သိမ်းလိုက်တဲ့အခါမှာ နာမရူပ ပရိစ္ဆေဒညာဏ် တုန်းက **လက္ခဏာ**နဲ့ **ရသ** ပါသွားတယ်။ အခု ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကြီး ကျန်နေ တာကို ပစ္စယပရိဂ္ဂဟ ညာဏ်မှာ တင်ပြီး သတ်ရ တော့မယ်။ ဒီပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို သူ့ရဲ့အမည် မခေါ်တော့ဘဲ အကျိုး အကြောင်း ဆိုပြီးတော့ ခေါ်လာပြီ။ ဒီအကျိုးနဲ့အကြောင်းဟာ ဘယ်က ကောင်လေးတွေလဲလို့ ကြည့်လိုက်တဲ့ အခါမှာ နာမရူပ ပရိစ္ဆေဒညာဏ်က ပါလာတဲ့ ကောင်လေးတွေပါလား။

(ဥပမာ) ဖိုးစိန်ကြီး ဇာတ် ကတဲ့ အခါမှာ နှစ်ပါးသွားတုန်း ကတော့ မင်းသားကြီး ဖိုးစိန် အမည်နဲ့ နှစ်ပါး သွားတယ်။ နောက်ပိုင်းဇာတ်ထုပ် ကပြတဲ့ အခါကြတော့ "ဣသိသိင်္ဂရသေ့" ဇာတ်ထုပ်ကို ပြရင် နှစ်ပါးသွား တုန်းက ခေါ်တဲ့ (ဇာတ်ဆရာ ဦးဖိုးစိန်) အမည်ကို ခေါ်သေးရဲ့လား။ အဲဒါ ဣသိသိင်္ဂရသေ့လို့ သာလျှင် ခေါ်တော့တယ် မဟုတ်လား။ ဒီ ဣသိသိင်္ဂရသေ့ဟာ

ဘယ်သူလဲ၊ ဘယ်က လာသလဲဆိုတော့ အဲဒါ ဖိုးစိန်ကြီးဘဲ မဟုတ်လား။ သူက အမည်ပြောင်းပြီးတော့ ပါလာတာဘဲ မဟုတ်လား။ အခုလဲ အဲဒီလိုအမည် ပြောင်းလာပြီ။ အမည်ဟာ ပြောင်းလာသော်လဲ အရင်က ချေခဲ့တဲ့ ဌာန်လေးချက်ဟာ လက္ခဏာနဲ့ ရသနှစ်ချက်သာလျှင် ဇာတ်သိမ်းသေးတယ်။

ပစ္စုပ္ပဌာန်နဲ့ ပဒဋ္ဌာန်ဟာ ကျန်နေသေးတယ်။ ဓါတ်သုံးပါး ညီညွတ်လာတာနဲ့ အဲဒီဓါတ် သုံးပါး ညီညွတ်မှုကို ပစ္စုပ္ပဌာန်လို့ ခေါ်တယ်။ သဘာဝ လေးကြလာတော့ အဲဒါ ပဒဋ္ဌာန်လို့ ခေါ်တယ်။

**ရုပ်ရိပ်, နာမ်ရိပ်, ဝိညာဏ်ရိပ်။** အခု ဒီနေရာမှာ ဝိညာဉ်ရဲ့ အရိပ်လေးဟာ ကျန်နေ သေးတယ်။ သညာက ဆွဲလာတဲ့ ရုပ်ကြမ်း, နာမ်ကြမ်းကြီးတွေကိုတော့ ပယ်ချလိုက်ပြီ။ ဒီနေရာမှာ ဝိညာဉ်ရဲ့ အရိပ်ကြီး ကျန်နေသေး တာကို ကြောင်းကျိုး ဆိုပြီးတော့ ပစ္စယ ပရိဂ္ဂဟ ညာဏ်မှာ လာပြီး ပေါ်နေပြီ။ ဒါဟာ တခြားက ထွက်လာတာ မဟုတ်လား။

အဲဒါ အမည်သာ ပြောင်းနေတာ နာမရူပ ပရိစ္ဆေဒညာဏ်က ပါလာတဲ့ ပစ္စုပ္ပဌာန် ပဒဋ္ဌာန်ဘဲ မဟုတ်လား။ ဒါကို အခု ပစ္စယ ပရိဂ္ဂဟညာဏ်ကြတော့ အကြောင်းအကျိုး ဆိုပြီးတော့ အမည်ပြောင်းပြီး ထုတ်လာတာ ဒီ နှစ်ကောင်ကို သတ်ရတော့မယ်။

ကိုင်း **'ဘယ်လို သတ်မလဲ'** ဒါကို စဉ်းစားပါ။ အခု ပြတဲ့ သဘာဝကိုသာ မြင်လာရင် အောက်မဂ်ကို အလွယ်တကူနဲ့ ရနိုင်ပါတယ်။ သဘာဝညာဏ် ရအောင် ကြံစည်ရမယ်။ **စိတ်ကူး**ရမယ်။ တွေးတောရမယ်။ အကျိုးအကြောင်း ဆိုတာ ဘာလဲ**?**။ အကျိုးဆိုတာ ဘာ့ကြောင့် ဖြစ်လာသလဲ။ ဒီလို မေးရင် အကြောင်းကြောင့် အကျိုး ဖြစ်လာတာ ပါလို့ ပြောမယ်။ နောက် အကြောင်းကို မေးပြန်တော့လဲ၊ အကျိုးကြောင့် အကြောင်းဟာ ဖြစ်လာတာပါလို့ ပြောဦးမယ်။ အဲဒါ တဦးကို တဦးက လက်ညှိုးထိုးပြီး ပြောနေကြတယ် မဟုတ်လား။

**စစ်တမ်းထုတ်ကြည့်ပါ။** အဲဒါကို နည်းလေးပါးနဲ့ သိမ်းရမယ်။ ဘယ်လို သိမ်းမလဲ ဆိုရင် အဲဒါ အကြောင်းတရားကို မေးပါ။ "ဟေ့ အကြောင်းတရား၊ မင်းဟာ အကျိုးတရားကို ဖြစ်စေနိုင်သလား" အဲဒီလို လိုက်စစ်ရတော့မယ်။

အန္ဓတွေဟာ သညာ ဝိညာဉ်နယ်ကြီးက ပြောတဲ့ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ဟာကို ယူကြတယ်။ အဲဒါကြောင့် ၃၁-ဘုံကြီးမှာ ကြဉ်လည်ပြီးတော့ နေကြရတယ်။ အခု ၃၁-ဘုံကြီးကို ရုပ်သိမ်းတော့မယ်။

ဒီတော့အကြောင်းကြောင့် အကျိုးကိုဖြစ်စေနိုင်သလား၊ အဲဒါ မဖြစ်နိုင်ဘူးလို့ ပြောရမယ်။ ဖြစ်တယ်လို့ မပြောတော့ဘူး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ၃၁-ဘုံကြီး တည်ထောင်ပုံကို ဟောခဲ့တဲ့ အခါမှာ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာကို ဟောခဲ့တယ်။ ၃၁-ဘုံကြီးကို ဖြတ်ဘို့ရာအတွက် အကြောင်းသည် အကျိုးကို မဖြစ်စေနိုင်ပါလို့ နည်းလေးပါးနဲ့ သိမ်းပြီး ဟောခဲ့တယ်။

ကိုင်း.... အကြောင်းကိုဘဲ မေးပါအုန်း "ဟေ့ အကြောင်းတရား မင်းဟာ အကျိုးကို ဖြစ်စေနိုင် သလား" လို့ ဝိပဿနာပညာဖြင့် မေးရင် "ဖြစ်တယ်လို့" မပြောနိုင်ပါ။ ဘာကြောင့်လဲ ဆိုတော့ ရုပ်,ရုပ်ချင်း ဖြစ်ခြင်းကြောင့် တခုသော ရုပ်သဘာဝက တခုသော ရုပ်သဘာဝကို ဖြစ်နိုင် သလား။ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ။

(တနည်း) တခုသော ပရမတ္ထ တရားက တခုသော ပရမတ္ထ တရားကို မဖြစ်စေနိုင်ပါ။ ဘာ့ကြောင့်လဲ။အဗျာပါရ အနတ္တဓါတ် ဖြစ်ခြင်းကြောင့်ပါ။ အနတ္တဓါတ်ဟာ သဉ်းဆိတ်တဲ့ သဘော တရားပါ။ နောက် ဓါတ်လေးပါးကို သဘာဝနဲ့ ဝေဘန် လိုက်တဲ့ အခါမှာ လေးကောင် ပေါင်းမှ သာလျှင် ပေါ်လာတဲ့ အတွက် အခု ဒီနေရာမှာ သူ့ကြောင့် သူဖြစ်နိုင်တယ် ဆိုတာဟာ ဘယ်မှာ ဟုတ်တော့မှာလဲ။

ဒီတော့ ၃၁-ဘုံကြီးမှာ လည်တဲ့ အနေကတော့ အကြောင်း ကြောင့် အကျိုးဖြစ်တယ်ဆိုတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားတော် မူခဲ့တယ်။ သံသရာ ဖြတ်တဲ့ အနေကြတော့ အကြောင်း, အကျိုးကို ဝိပဿနာဉာဏ်နဲ့ စစ်ကြည့်ရတယ်။

အခု ဒီနေရာမှာ ဘာ့ကြောင့် အကြောင်းအကျိုးလို့ ပေါ်နေ ရတာလဲလို့ မေးရင်၊ သညာဝိညာဉ်သမားတွေကို လှည့်ပတ်မလို့ ပေါ်နေတာပါ။ "မင်းက သညာဝိညာဉ် သမားကို လှည့်ပတ်မယ်။ ငါက ဝိပဿနာ သမားမို့ မင်းတို့ကို ငါ သတ်ရ တော့မယ်"။ (ဒီလိုကို လက်မောင်းတန်းပြီး အကြောင်းအကျိုးကို ဖြတ်ကြစို့)။

ကိုင်း **ဘယ်လိုသတ်မ**လဲ။ ဒါကို စဉ်းစားပါ။ အဗျာပါရ အနတ္တနဲ့ သတ်ရတော့မယ်။ အကြောင်းကြောင့် အကျိုး ဖြစ်နိုင် သလား။ အဲဒါ မဖြစ်နိုင်ပါ ဘူးလို့ ပြောတော့မယ်။ အဲဒီလို ပြောလာတော့ အဲဒါ အကျိုးဆိုတာ မဖြစ်နိုင်ဘူး။ အကြောင်း ဆိုတာ မရှိဘူးလို့ ယူမလား။ အဲဒီလိုယူရင် ဉစ္ဆေဒ ဒိဋ္ဌိကြီးနဲ့ တွေ့တော့မယ်။

အဲဒီလို ယူလာရင် အကျိုးလဲပယ်၊ အကြောင်းလဲပယ်လာတော့ မယ်။ အဲဒီလို ပယ်လာရင် ရိုသေမှုကြီးတွေ၊ လေးစားမှုကြီးတွေ ဆည်းကပ် ကိုးကွယ်မှုကြီး တွေဟာ ခေါင်းပါး လာတော့မယ်။ နောက်ဆုံး ထိုပုဂ္ဂိုလ်ဟာ အပါယ်လေးပါး အထိ ကျနိုင်တယ်။ အကြောင်းသည် အကျိုးကို မဖြစ်စေနိုင် ဆိုလျှင် ဉစ္ဆေဒ ဒိဋ္ဌိကြီး ဖြစ်လာပြီ။

ဒီတော့ အကြောင်းကြောင့် အကျိုးဟာ ဖြစ်နေတယ် ဆိုရင် သဿတဒိဋ္ဌိ၊ သညာ ဝိညာဉ်နဲ့ သိတာမှန်ရင် ဒိဋ္ဌိတွေထဲ မှာသာ ကျရောက်တော့တာဘဲ။ အဲဒါ ပညာ အနေနဲ့ သိမ်းမှသာလျှင် ဒိဒိဋ္ဌိတွေက လွတ်မယ်။ အဲဒါကြောင့် ပညာနဲ့ သိမ်းရမယ်။

အကြောင်းတရားဆိုတာ အကျိုးတရားကို ဖြစ်နိုင်တဲ့ သဘော တရားကို မရှိလို့၊ မဖြစ်နိုင်ပါ။ အနှစ်အသား မရှိတဲ့ သဘောပါ။ အနှစ်အသား ဆိုတာ ရုပ်နာမ်ရဲ့ သဘာဝကို ဝိပဿနာဉာဏ် ၁၆-ဉာဏ်နဲ့ အလယ်လမ်း ရောက်အောင် ရှာနိုင်မှ ပညာရဲ့ အဗျာပါရ အနတ္တသဘောကို ရနိုင်တယ်။

ကိုင်း.... ဒီတော့ သညာ ဝိညာဏ်က ပြောတဲ့ (ကြောင်း-ကျိုး သဘာဝ) ဆိုရင် နောက်ဆုံး ဒိဋ္ဌိတွေက အပါယ်ကို ဆွဲချတော့ မှာဘဲ မဟုတ်လား။ အကျိုးနဲ့ အကြောင်းဟာ ဘယ်အနေနဲ့ ပယ်ရမယ် ဆိုတာဟာ "ပညာအနေနဲ့ ဆွဲရတဲ့ သဘော" ရှိတယ်။ သညာဝိညာဉ်က လုပ်ကြံပြောနေတာတွေကို ပယ်သတ်တဲ့ သဘော ရှိတယ်။

ကိုင်း ဒီတော့ ဘယ်လိုပယ်မလဲ။ အကြောင်တရားသည် ပယ်ထိုက်တဲ့ တရား၊ အကြောင်တရားသည်ပွားထိုက်တဲ့ တရား၊ ဆိုပြီးတော့ မြတ်စွာ ဘုရားက ဟောကြား လာပါတယ်။ ဒီတော့ ဘယ်သဘောကို ပယ်မလဲ။ ဘယ်သဘောကို ပွားမလဲ။ ဒါကို ကြပ်ကြပ် တွေးပါ၊ စဉ်းစားပါ။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု....သာဓု....သာဓု.... "**

## ဝါခေါင် လဆန်း (၁၁)ရက်နေ့ ဟောစဉ်

ကိုင်း.... ဒီတော့ ဒီနေရာမှာ အင်မတန်မှ သိမ်မွေ့ လာပြီ။ အဗျာပါရ အနုတ္တကို သညာဝိညာဉ် မပါဘဲ မဇ္ဈိမပဋိပဒါကျကျ ပညာ သဘောဖြင့် သိမ်းနိုင် ရမယ်။ သဿတ ဒိဋ္ဌိ အစွန်းလေး ငြိလာရင်ဘဲ လုပ်ငန်းစဉ်ကြီးထဲ ဝင်လို့မရတော့ဘူး။ ဥစ္ဆေဒဒိဋ္ဌိထဲ ဝင်ပြန်ရင်လဲ လုပ်ငန်းစဉ်အနေနဲ့ ဝင်လို့မရဘူး။

**ဘယ်လိုဖြေမလဲ?** အကြောင်းကိုမေးတဲ့အခါမှာ ဟေ့အကြောင်း တရား၊ မင်းဟာ "အကျိုး" ကို ဘာကြောင့် မဖြစ်နိုင်သလဲဆိုရင် အဲဒါ သူက "ကျွန်တော်ဟာ အဗျာပါရ အနုတ္တဓါတ်မို့လို့ 'အကျိုး' ကို မဖြစ်နိုင်တာပါ"ဆိုပြီးတော့ သူက ဖြေမယ်။ နောက်တခါ ထပ်ပြီးတော့ မေးပါဦး။

ဘာကြောင့် မဖြစ်နိုင်တာလဲ ဆိုရင် ဘယ်လိုဖြေမလဲ?။ အဲဒါ ရုပ်-ရုပ်ခြင်းဘဲ မဟုတ်လား။ တခုသော ရုပ်တရားက တခုသော ရုပ်တရားကိုဖြစ်စေနိုင်သလား။ ဘယ်မှာဖြစ်စေနိုင်မှာလဲ၊ နာမရူပ ပရိစ္ဆေဒ ညာဏ်က ကျန်နေတဲ့ ပစ္စုပ္ပန္နဘာနဲ့ ပဒဋ္ဌာန်လေးဟာ အခု ဒီနေရာမှာ (ကြောင်း,ကျိုး) ဆိုပြီးတော့ ပေါ်လာတာ မဟုတ်လား။

**တရားခံကိုတွေ့ရင် 'ခုံရုံး' ကို တင်ပါ။** ဒီတော့ ပစ္စုပ္ပန္နဘာနဲ့ ပဒဋ္ဌာန်ကို နာမရူပ ပရိစ္ဆေဒညာဏ်က မသတ်နိုင်ပါ။ အခု ပစ္စယ ပရိဂ္ဂဟ ညာဏ်လဲ ကြရော သူ့ကို "အကြောင်း,အကျိုး" လို့ အမည် ပြောင်းပြီး တရားခုံရုံးကြီးကိုတင်လာပြီ။ ဒီခုံရုံးမှာခုံထိုင်နေကြတဲ့ တရားသူကြီး တွေကတော့ (အဗျာပါရ၊ ကေတ္တနှင့်၊ နာနတ္တနည်း၊ ဧဝံနည်းသာ၊ ဓမ္မတာဟု၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်လင်ကြသည်၊ မြင်ကြ အများ၊ အမှန်နှင့်အမှား)လို့ ပြထားတဲ့ အတိုင်း အဗျာပါရနည်း၊ နာနတ္တနည်း၊ ကေတ္တနည်း၊ ဧဝံဓမ္မတာနည်း ဆိုပြီးတော့ နည်း၄ပါး ဥပဒေနဲ့ ခုံရုံးမှာ ထိုင်နေကြပြီ။

ဒီတော့တရားခံဖြစ်တဲ့ အကြောင်းနဲ့ အကျိုးကို ပဌမအဗျာပါရ အနတ္တတရား သူကြီးက စစ်တော့မယ်။ ကိုင်း.... ဘယ်လို စစ်မလဲ။ အကြောင်းတရားကို မေးပါ။ 'ဟေ့ အကြောင်းတရား မင်းဟာ အကျိုးတရားကိုဖြစ်စေနိုင်သလားလို့" မေးရင်၊ အကြောင်းတရားက "ကျွန်တော် အကြောင်းသည်၊ အကျိုး တရားကို မဖြစ်စေ နိုင်ပါ၊ ကျွန်တော်ရဲ့ သဘာဝဟာ 'အဗျာပါရ အနတ္တပါ" လို့ သူက ဝန်ခံတော့မယ် မဟုတ်လား။

ဒီတော့ ပရမတ္ထ သဘာဝ အနတ္တာ မှန်ရင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ ခံယူတာဟာ သဒ္ဓါတရားက ခေါင်းတဲ့လေးအနေနဲ့ ဆွဲပြီးလုပ်နေတာပါ။ကမ္မသကတ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ မဂ္ဂဖလ သမ္မာ ဒိဋ္ဌိတွေဟာ ယုံကြည်မှု သဒ္ဓါတရားက စ,လာတာပါ။

ဒီတော့ တပါးသောသူက သညာ ဝိညာဉ် အနေနဲ့ လုပ်ကြံပြီး ပြောလိုက် တာနဲ့ ဟုတ် တယ်, မ ဟုတ် ဘူး ဆို တာ ပညာဖြင့် လိုက်မထောက်ကြတော့ဘူး၊ တခါထဲ ဟုတ်တယ်ဆိုပြီး ယုံကြည် ကြတယ်။ ယခု ဒီနေရာမှာ ပထဝီ ဓာတ်ရဲ့ ဗျာပါရ လေးဟာ ကျန်နေတာဘဲ မဟုတ်လား။ ပထဝီဓာတ်က ကျန်နေတဲ့ရုပ်သဘော ဖြစ်ခြင်းကြောင့် အကြောင်းက အကျိုးကို ဘယ်မှာဖြစ်နိုင်ပါမလဲ။

ဒီ ဓါတ်လေးပါးလုံး ဆိုရင်တော့ "ပဋ္ဌာန်း ပစ္စည်း" အနေနဲ့ ယူမယ်ဆိုရင် ယူနိုင်သေးတယ်။ အခု ဒီမှာက ဓါတ်တပါး ကိုသာ ယူပြီးသတ်တာဖြစ်ခြင်းကြောင့် အဘိဓမ္မာနည်း, ပဋ္ဌာန်းနည်းဟာ ဒီ "ပစ္စယ ပရိဂ္ဂဟညာဏ်" မှာ ဝင်လို့ မရတော့ပါ။

ဆရာတော်တို့ အနေနဲ့ ကြည့်လိုက်ရင် အဘိဓမ္မာ နည်းဟာ ကုန်သွားပြီလို့ ဝေဖန်မိတယ်။ ဒီတော့ပဋ္ဌာန်းနည်းကိုကြည့်လိုက်ရင် ဓာတ်လေးပါးလေး အနေနဲ့သာ အချင်းချင်း ပစ္စည်း ဆက်လို့ ရတယ်။ ဒီနေရာမှာ အင်မတန်မှ သိမ်မွေ့လာပြီ ဖြစ်တဲ့အတွက် ပဋ္ဌာန်းနည်း ဝင်လို့ မဖြစ်တော့ဘူး။ ဒေသနာကို အဆီညှစ်ပြီး စုံရတော့မယ်။ ဓာတ်တပါးကိုသာ ဆွဲထုတ်ပြီးတော့ သတ်နေတာ ဖြစ်ခြင်းကြောင့် ပဋ္ဌာန်းနည်းဟာ ဝင်မရပါ။

**ပညတ်ပေါ်လို့ မရပါ။** အနတ္တ ဆိုတာဟာ သဉ်းဆိတ်တဲ့ သဘောပါ။ သဉ်းဆိတ်တဲ့ သဘော ဆိုတာဟာ ပညတ်ပေါ်လို့ မရတော့ပါ။ ဘာ့ကြောင့် ပညတ် မပေါ်မရသလဲ ဆိုရင် ဓါတ်လေးပါးကို ခွဲပြီးတော့ သတ်နေတာ ဖြစ်ခြင်း ကြောင့် ဓါတ် လေးပါးဟာ မပေါင်းနိုင် တော့ပါ။ ဓါတ်လေးပါး မပေါင်းနိုင်တဲ့အတွက် ပညတ်ပေါ်လို့ မရတော့ပါ။

ဒီတော့ ဓါတ်လေးပါးဟာ မပေါင်းတော့ဘဲ ပျက်နေရင် (မာတယ်, ပူတယ်) ဆိုတာဟာ ဘယ်မှာရှာလို့ ရတော့မလဲ?။ ဒါကို အဘိဓမ္မာက ချုံပြီးတော့ ပြတာ။ ဝိပဿနာ ကြတော့ ပျက်သဘောကိုရှာနေတာ။ အဘိဓမ္မာက ဖြစ်တဲ့သဘောကိုပြတာ။ အဘိဓမ္မာနဲ့ ဝိပဿနာဟာ ဘယ်မှာနှိုင်းယှဉ်လို့ ရမလဲ။ အဘိဓမ္မာ နည်းက ရုပ်နာမ်တွေကို ထူထောင်ပြပါတယ်။ ဝိပဿနာ ကြတော့ ဒီရုပ်နာမ်တွေကို သဉ်းဆိတ်သွားအောင် ဖျက်ပြတာပါ။

ဒီတော့ ကျောခြင်းကပ်ပြီးတော့ ခရီးသွားတဲ့ လူ ၂ယောက်လို ဖြစ်မနေဘူးလား။ ကြာလေ ဝေးလေ, ကြာလေ ဝေးလေ ဖြစ်နေ တာပေါ့။ ပထဝီဓါတ်လေးကို ဗျာပါရလေးအနေနဲ့ ဖမ်းလိုက်ရော အဲဒါ မာတယ်, ပူတယ်ဆိုပြီးတော့ ပြောလာတာဘဲ မဟုတ်လား။ အခု ဒီနေရာမှာ ပထဝီဓါတ်လေးကိုထုတ်ပြီးတော့ သတ်နေတာပါ။

ဒီပထဝီဓါတ်ကို ထုတ်ပြီးတော့ သတ်လိုက်တဲ့အခါမှာ **တေဇော ဓါတ်** လေးဟာ **ပဒဋ္ဌာန်** အနေနဲ့ ပါလာတော့တယ်။ **ဝါယော ဓါတ်က ပစ္စုပဋ္ဌာန်** အနေနဲ့။ **အာပေါဓါတ်က ရသ**။ **ပထဝီ ဓါတ်က လက္ခဏာ**အနေနဲ့ပါလာကြတယ်။ အဲဒီ သဘာဝလေးဟာ ပရမတ်ရုပ်နာမ်ကို တွေ့အောင်ရှာတဲ့ ကဏ္ဍပါ။

အခု ဒီနေရာမှာ နာမ်သဘောကို တွေ့အောင်ရှာတာ ဖြစ်ခြင်း ကြောင့် ဒီပထဝီဓါတ်ကို ဌာန်လေးပါးနဲ့ ခွဲလိုက်ရော၊ လက္ခဏာနဲ့ ရသကို ရုပ်တရားအနေနဲ့ သိမ်းလိုက်ပြီး၊ ကျန်နေတဲ့ ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်ကို အကြောင်း အကျိုး ဆိုပြီး အခု တရားဟာ တက်လာ တာပါ။ အကြောင်းဟာ အကျိုးကို ဖြစ်စေနိုင် သလား ဆိုရင် မဖြစ်စေနိုင်ပါ။

နောက် အကျိုးတရားကကော အကြောင်း တရားကို ဖြစ်စေနိုင်သလားလို့ မေးရင်လဲ မဖြစ်နိုင်ဘူးလို့ ပြောမှာဘဲ။ ဒါဖြစ်ရင် မင်းက ဘာပြုလို့ အကျိုးလို့ ပြောတာလဲလို့ မေးရင်၊ ဘယ်လိုဖြေမလဲ။ ဒါကို တွေးပါ။ ဒီတော့မှ အနတ္တဓါတ်လေးကိုလာတွေ့တော့မယ်။

အဲဒီ အနတ္တဓါတ်လေးကို လာတွေ့မှ သာလျှင် ဒီ အကြောင်း အကျိုးကို ဖျက်လို့ ရမယ်။ အနတ္တဓါတ်ကိုမှ မမြင်ရင် အဲဒါ ဒိဋ္ဌိတွေထဲ ကျသွား လိမ့်မယ်။ ဒီသဘာဝလေးကို မြင်အောင်ရှုထားပါ။ အဗျာပါရ အနတ္တကို မတွေ့တဲ့ အတွက် အန္ဓ တွေမှာ အတိသြဠာရိက ဒိဋ္ဌိကြီးတွေ ဖြစ်လာကြတာပါ။

ဒီတော့ ( ဟော့ အကြောင်း တရား၊ မင်းသွားတော့ ) ဆိုပြီး နှင်ထုတ်လိုက်ရင်ရမလား။ ဒီလိုမောင်းထုတ်လိုက်ရင် ဘယ်သဘောတရား ထိခိုက်လာ သလဲ။ ဘယ် သဘောတရား ပွားစီး လာသလဲ။ ဘယ်သဘောတရားတွေ ဆုတ်ယုတ်လာသလဲဆိုတာကို စဉ်းစားပါ၊ ဒါမှသာလျှင် မောင်းထုတ်လို့ရမယ်။

အဲဒီလို သညာဝိညာဉ် အနေနဲ့ နှင်ထုတ်လိုက်ရင် ဥစ္ဆေဒ ဒိဋ္ဌိဝင်လာပြီး၊ ပစ္စုပ္ပန်မှာ ပြုလာတဲ့ ကျေးဇူးတွေကို တောင်မှ အဲဒါ မမြင်တော့ဘူး။ ပညာရှိ သူတော်ကောင်းတို့ဟာ သူတပါး၏ ကျေးဇူးကို အထူး သိတတ်တယ်။ အန္ဓ တွေမှာ သူတပါး၏ ကျေးဇူးကို မသိပါ။ သူတပါးရဲ့ ကျေးဇူး တရား တွေကို အမြဲထာဝရ စောင့်ရှောက် ထားရမယ်။ ကျေးဇူး တရား ရှိတာကို ကျေးဇူးတရားရှိတယ်လို့မှမသိရင် ဒိဋ္ဌိတွေက အပါယ်ကိုဆွဲချတော့မှာဘဲ မဟုတ်လား။

ဒီတော့ ကိုယ်သိတဲ့အနေဟာ 'ဋ္ဌ' 'အနိဋ္ဌ' ဖြစ်စရာ လိုသလားဆိုပြီး တဖက် စောင်းနင်း ယူလာရင် နောက်ဆုံးမှာ အပါယ်ကို ကျမှာဘဲ။ ဘုရား၊ တရား၊ သံဃာ ဆိုတာဟာ ဘယ်မှာ ရှိသလဲ

ဆိုတော့ နောက်ဆုံး ဝမ်းထဲမှာ ရှိတာဘဲ မဟုတ်လား။ ဒီတော့ (ဗုဒ္ဓံ သရဏံ၊ ဓမ္မံသရဏံ၊ သံဃံသရဏံ ဂစ္ဆာမိ) ဆိုပြီးတော့ လူတိုင်း ခံယူနေကြတယ်။ “သံဃံ သရဏံ ဂစ္ဆာမိ” ဆိုတာဟာ ဘယ်မှာ ရှိသလဲ၊ ဒါကို အဗျာပါဒ အနုတ္တနဲ့ ကြည့်လိုက်တဲ့ အခါမှာ ရုပ်တရား, နာမ်တရား, ဝိပဿနာ တရား တွေကို အသိညာဏ် ပေးနိုင်တဲ့ ပုဂ္ဂိုလ်မှ (ဝါ) သံဃာတော်မှ သာလျှင် သံဃံ သရဏံ ဂစ္ဆာမိ ဖြစ်မယ် မဟုတ်လား။

ဒီလို ဖြောင့်မှန်အောင် ယူနိုင်မှ သံဃာ၌ ယုံမှားခြင်းဟာ ကင်းသွားမယ်။ ဒီသဘာဝလေးတွေကို ဝေဘန်လာနိုင်ရင် အဲဒါ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို လာတွေ့မယ် မဟုတ်လား။ ဒီတော့ အကြောင်းရှိတယ် ဆိုရင်လဲ သဿတဒိဋ္ဌိ၊ အကြောင်း မရှိဘူး ဆိုရင်လဲ ဥစ္ဆေဒဒိဋ္ဌိ။ ဘယ်လို ယူမလဲ။ အဲဒါ ရှေ့ကို တက်ရတော့မယ်။

ဒီတော့အဗျာပါဒအနုတ္တဟာ“ဝိမုတ္တိဓမ္မလေး”ထွက်လာရမယ်။ ဒီဝိမုတ္တိဓမ္မလေးဟာ ဘယ်လို ထွက်မလဲ။ ဒီအကျိုးက ထွက်လာတဲ့ ဝိမုတ္တိဓမ္မကို လိုချင်တယ်။ အဲဒါ ပဋိဝေဓ ဓမ္မလေးဟာ ပေါ်ရ တော့မယ်။ ပညာအနေနဲ့ သိမ်းပိုက်နိုင်မှ သာလျှင် ယုံမှားခြင်း ၈-ပါးဟာ ကင်းသွားတော့မယ်။

ကိုင်း.... ဒီဟာကို တွေးကြပါ။

သာဓု ခေါ်ကြပါတော့။

“ သာဓု—သာဓု–သာဓု ”



# ပုံစံနိပါတ်(၉)

## ဝါခေါင် လဆန်း (၁၂)ရက်နေ့ ဟောစဉ်

ကိုင်း.... ယုံမှားခြင်း ၈-ပါးကို ဘယ်လို ဇာတ်သိမ်းမလဲ။ အခု ပစ္စယ ပရိဂ္ဂဟညာဏ်မှာ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ပိုင်းခြား ထားပြီး ရှေ့ကို တက်ရတော့မယ်။ အဲဒီလို တက်တဲ့ အခါ ကျမှ ပရမတ္ထ သစ္စာနယ်ကို ရောက်မယ်။

ပစ္စုပ္ပန္နဲ့ ပဒဌာန်ဟာ အခုဒီနေရာမှာ အကျိုးအကြောင်း ဆိုပြီးတော့ ပြောနေ တာဟာ ရှေ့ ဝိပဿနာရဲ့ လုပ်ငန်းစဉ်ကို တက်တဲ့အခါမှာ **ပစ္စုပ္ပဋ္ဌာန်က ပစ္စုပ္ပန်** ဖြစ်ပြီးတော့ **ပဒဋ္ဌာန်ဟာ ကာလသုံးပါး** ဖြစ်လာတော့မယ်။ အဲဒါကို တက်မဲ့လမ်းစဉ်ကိုလဲ လှမ်းပြီး ကြည့်ရမယ်။ ကိုင်း.... အကြောင်းကို မေးလိုက်ရင် အဲဒါ တဦးနဲ့တဦး လက်ညှိုးထိုးပြီး ပြောနေကြမှာဘဲ မဟုတ်လား။

ဒီတော့ အကြောင်းကို အဗျာပါရ အနတ္တ နည်းနဲ့လဲ သိမ်းလိုက်ရော အဲဒါ ပရမတ္ထသစ္စာနယ်မှာ ဥက္ကောင်းချတော့မယ်။ **သမုတိသစ္စာနယ်မှာ အဗျာပါရ နည်းနှင့် နာနတ္တနည်း ဖြစ်တယ်။ ပရမတ္ထသစ္စာနယ်ကြတော့ကေတ္တနည်းနှင့်ဧဝံဓမ္မတာနည်းဖြစ်တယ်၊** ဒီနေရာမှာ အဗျာပါရ အနတ္တနည်း နှင့်သာ အကြောင်းကို သတ်နိုင်သေးတယ်။ ကျန်တဲ့နည်းတွေက မသတ်နိုင်သေးပါ။

**အဗျာပါရနည်း ဆိုတာ။** ဒါကြောင့် (အဗျာပါရ၊ ကေတ္တနှင့်၊ နာ နတ္တ နည်း ၊ ဧ ဝံ နည်း သာ၊ ဓမ္မတာဟု၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြ အများ၊ အမှန်နှင့် အမှား) ဒီအဗျာပါရနည်း ဆိုတာဟာ သခ်တ လောကကြီးမှာ ထွက်ပေါ်နေတဲ့ အကြောင်း တရားကို သတ်တဲ့ နည်းပါ။

# ပုံစံနံပါတ် (၉)



**မီးနဲ့မီးရောင်။** နာနတ္တနည်း ကြတော့ အကြောင်းနှင့်အကျိုး ဟာ၊ တဦးကို တဦးက အမှီပြုပြီး ပေါ်ထွက်နေသော်လဲ သဘောတရားကြတော့ ကွဲနေပြီ။ အကြောင်းကလဲ အကြောင်း သဘော သာလျှင် ဆောင်ပါတယ်။ အကျိုးကလဲ အကျိုးသဘောသာလျှင် ဆောင်ပါတယ်။

(ဥပမာ) မီးနဲ့မီးရောင်ဟာ "မီးသည် အပူကို ဆောင်သလို" "အရောင်သည်လဲ အလင်းကို ဆောင်ပါတယ်" အဲဒီလို ပါဘဲ။ အကျိုးနဲ့ အကြောင်းဟာလဲ သူ့သဘာဝ သာလျှင် သူတို့ဟာ ဆောင်နေကြပါတယ်။ အကြောင်းနဲ့ အကျိုးဟာ တဦးကိုတဦးက မှီပြီးတော့ ပေါ်နေသော်လဲ သူ့သဘောတရားတွေကို သူဆောင်နေကြတာ ဖြစ်ခြင်းကြောင့် နာနတ္တနည်းလို့ ခေါ်တယ်။

နာနဆိုတာက အသီးသီးသော၊ **အတ္တ** က သဘော တရားကို ယူပါ။ **အသီးသီးသော သဘော တရား**လို့ ပြန်ရပါတယ်။ အဲဒါ အကြောင်းသည် အကြောင်းသဘောကိုသာ ဆောင်တယ်။ အကျိုးတရားသည် အကျိုး တရား သဘောကို ဆောင်တယ်။ ဒါကို နာတ္တနည်းလို့ ခေါ်တာ။

ဒီတော့ နာနတ္တနည်းလို့ သိတဲ့ ပုဂ္ဂိုလ်ဟာ သဿတ ဒိဋ္ဌိကို ကျွတ်စေနိုင်ပါတယ်။ ကေတ္တနည်းကြတော့ဥစ္ဆေဒဒိဋ္ဌိ။ ဧဝံဓမ္မတာနည်းကြတော့ အကိရိယဒိဋ္ဌိ။ အဗျာပါရနည်းကြတော့ အတ္တဒိဋ္ဌိတို့ကို အသီးသီး ကျွတ်စေနိုင် ကြပါတယ်။ နာနတ္တ နည်းကို မြင်သောအားဖြင့် သဿတဒိဋ္ဌိကြီးဟာ ကျွတ်သွား ပါတယ်။

ဒီတော့ နာနတ္တနည်းက အကြောင်းတရားနဲ့ အကျိုးတရားဆိုတဲ့ သဘာဝတွေကို ခွဲပေးလိုက်တဲ့အတွက် နာနတ္တနည်းလို့ ခေါ်တာပါ။ သူဟာ သမုတိ သစ္စာနယ်မှာကို (ဝါ) သင်္ခတ လောကကြီးမှာကိုတစင်ထောင်နေတယ်။ အဲဒီလိုလဲသူက အကျိုးအကြောင်းကို ခွဲလိုက်ရော.... အဗျာပါရနည်းက "ဟေ့ အကျိုးတရား မင်းက

အကြောင်းတရားကို ဖြစ်စေနိုင် သလား၊ အကြောင်းတရားကကော အကျိုးတရားကို ဖြစ်စေနိုင်သလား"လို့ မေးရင် ဘယ်ဟာမှ မဖြစ်နိုင်ကြပါ။ ဒါဖြင့်ရင် မင်းတို့ ဘာလို့ အကျိုး အကြောင်းလို့ ပြောနေရ တာလဲ။ အကျိုးကလဲ၊ အကြောင်း ရှိလို့ အကျိုးလို့ ပြောတာပါ။ နောက် အကြောင်းလဲ အကျိုးရှိလို့ အကြောင်းလို့ ပြောတာပါ။ **အဗျာပါရနည်းကိုသိရင် အတ္တဒိဋ္ဌိပြုတ်မယ်။**

ဒီတော့ အကြောင်းကို ဘယ်လို သိမ်းမလဲ။ အဗျာပါရနှင့် သိမ်းရမယ်။ မင်းဟာ အကျိုးကို မဖြစ်စေနိုင်တဲ့ အတွက် မင်းဟာ အဗျာပါရ အနတ္တ မဟုတ်လားလို့ မေးပြီးတော့လဲ သိမ်းလိုက်ရော အကြောင်းတရားကြီးဟာ တခါ ပြုတ်သွားပြီ။

နောက်တခါ အကျိုးကို စစ်လိုက်တဲ့အခါမှာလဲ အကြောင်းကို အမှီပြုပြီးတော့ ပြောနေတဲ့ အကျိုးဟာ အဗျာပါရ နည်းနဲ့လဲ အကြောင်းကို သိမ်းလိုက်ရော အကျိုးတရားဟာ ဘာမှမပြောနိုင်တော့ရင် ဘယ်အထဲ ချမလဲ။ အဲဒါ အနတ္တထဲကို မချပါနဲ့ဦး၊ ဒီအကျိုးထဲကပညာရဲ့သဘောဟာ ပေါ်လာရဦးမယ်။ ဒါကြောင့် ကွဲကွဲ ပြားပြား ခြားခြား နားနား လုပ်ပါ။ သူ့ကို အနတ္တနဲ့ ချလိုက်ရင် သညာဝိညာဉ်ကပြောတဲ့ အနတ္တဖြစ်သွားမှာပေါ့။

ပညာသဘော အနတ္တက ရှေ့လုပ်ငန်းစဉ်မှာ ဘယ်ကိုယူပြီးတော့ တက်ရမလဲ။ ဒီအကျိုးက ပညာရဲ့ သဘာဝလေးကို ဖေါ်ထုတ်ရတော့မယ်။ ကိုင်း.... အကျိုး တရားကို ဘယ်ထဲ ချမလဲ။ ကေတ္တနည်းဟာ တခုနဲ့တခုဆက်စပ်တဲ့ သဘောရှိတယ်။ စေ်ဓမ္မတာနည်းကြတော့ ဤသဘောတရားရှိက ထိုသဘောတရားရှိတယ်၊ သူတို့ဟာ ပရမတ္ထနယ်ကြီးမှာ ပေါ်နေကြပြီ။

ဒီအကျိုးတရားကြီးကို ဘယ်ထဲ ချမလဲ။ ဒါကို ချနိုင်ရမယ်။ အဲဒါ ပညာနဲ့ ချမှ ရမယ်။ အဲဒီလို ချလိုက်တော့ ဒီဟာ မှန်မမှန်ကို ချိန်ကိုက်မဲ့ ရုပ်နာမ်ဟာ ထွက်လာ ရမယ်။ ဒီကေတ္တနည်းနဲ့ ဝေဓမ္မတာနည်းကိုလဲ အဆီညှစ်လိုက်ရော အဲဒါ(ကောဓမ္မော) ဆိုပြီးတော့ ဝင်လာတော့မယ်။

အဲဒီလို ဝင်လာမှ ပညာမြင်ဖြစ်တယ်။ နှစ်ခု ဖြစ်နေ သေးရင် အဲဒါ သညာဝိညာဉ် ပါလာသေးတယ်။ တခုထဲရှိမှသာလျှင် (ဝါ) (ကောဓမ္မော) ဆိုက်မှ သာလျှင်(ဝါ) ပြောလို့ မရမှ သာလျှင် ပညာနယ်သဘော ဖြစ်မယ်။ ဒါမှသာလျှင် ယုံမှားခြင်း ၈-ပါးဟာ ကင်းသွားမှာ။ နှစ်ခု ဖြစ်နေ သေးရင် အဲဒါ ဝိစိကိစ္ဆာ ဆိုတဲ့ ယုံမှားခြင်းတွေဟာ ရှိနေဦးမှာဘဲ မဟုတ်လား။ "ကောဓမ္မော" ဖြစ်လာမှ ယုံမှားခြင်း ကင်းပြီးတော့ အမှန်ကို တွေ့လာတော့မယ်။

အဲဒါကြောင့် ရှေ့သမ္မသန ခုံရုံးကြီးကို ဝင်တဲ့အခါမှာ အတိတ် အနာဂါတ်၊ ပစ္စုပ္ပန်ဆိုပြီးတော့ ကာလသုံးပါးအနေနဲ့ ဝင်တော့ မယ်။ ဒီဟာကိုလဲ မြင်ရမယ်။ ဒီဗျာပါရလေးဟာ ဘယ်ထိအောင် သွားတယ်ဆိုတာကို မျက်ခြေမပြတ်စေနဲ့။

ကိုင်း.... ဒီတော့ နာနတ္တ နည်းက အကြောင်း အကျိုးလို့လဲ ခွဲလိုက်ရော ၂၉-ပါးသော ကံတရား တွေဟာ ပေါ်လာပြီ။ ဒီကံတရားတွေက ဒိဋ္ဌိကြီးတွေ ဖြစ်ပြီးတော့၊ သံသရာကြီး ထဲမှာ (ဝါ) ၃၁-ဘုံကြီး ထဲမှာ လည်ချင်တိုင်း လည်နေကြ တာဘဲ မဟုတ်လား။အဲဒါနာနတ္တနည်းက သညာဝိညာဉ်နဲ့ပေါင်းပြီးတော့ ဖြစ်ပေါ်လာတာပါ။

အကြောင်း တရားကို မေးရင် တခုသော ရုပ်သဘောက တခုသော ရုပ်သဘောကို မဖြစ်နိုင် တာကို သိလာတဲ့ အတွက် "ဟေ့ အကြောင်းကြီး မင်းဟာ အကျိုး တရားကို ဖြစ်စေနိုင် သလား" ဆိုရင် သူက ဘာပြောမလဲ။ သူက ပြောတော့မယ်။ "ကျွန်တော် အဗျာပါရ အနတ္တလေးပါ၊ အကျိုးကို မဖြစ်စေ နိုင်ပါ"လို့ ပြောတော့မယ်။ ဒီဟာကို ဧကတ္တနည်းနဲ့ ဧဝဓမ္မတာ နည်းမှာ ဘယ်ထဲကို ထည့်မလဲ၊ ဒါကို စဉ်းစားပါ။

ဒီတော့ နှစ်မျိုး နှစ်နည်း ဖြစ်နေ သေးတယ်။ အဲဒါကြောင့် ယုံမှားခြင်းဟာ ဖြစ်နေတာ။ တခုထဲသာ ဆိုလျှင် ဘယ်မှာလျှင် ယုံမှားခြင်း ရှိတော့မှာလဲ။ အဲဒါ နှစ်ခုဖြစ်နေတဲ့အတွက် ဝိစိကိစ္ဆာ

ဖြစ်ပြီးတော့ ယှံမှားခြင်း ဖြစ်နေတာ။ ဒီနှစ်ခုကို တခုထဲဖြစ်အောင် လုပ်နိုင်ရင် ကောဓမ္မောဆိုက်ပြီးတော့ ယုံမှားခြင်းဟာ ကင်းလာတော့မယ်။ နာနတ္တနည်းဟာ ဘယ်လောက် မှေလာသလဲဆိုတာကို ပြန်ပြီးတော့ ကြည့်ပါ။

ဒီတော့ အကြောင်းကို အဗျာပါရနဲ့ သတ်လိုက်ရင် အကျိုးဟာ မဖြစ်နိုင်တော့ဘူး။ အဲဒါ တခုခုတော့ ဖြစ်ရတော့မယ်။ အဲဒါ **နာမ်ပရမတ်** ဆိုပြီးတော့ ပေါ်လာရတော့မယ်။ ဒီတော့ ပရမတ္ထ သစ္စာနယ်ဘက် မှာကို တခုသော သဘောတရားနှင့် တခုသော သဘောတရားဟာ ဆက်စပ်ခြင်း ရှိတယ်။ အဲဒါ ကေတ္တနည်းပါ။ "ဒီနည်းကို သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်မယ်"။

နောက်တခုကလဲ ထိုသဘောရှိလို့ ဤသဘော ရှိတယ် ဆိုတဲ့ ဝေဓမ္မတာနည်း။ "ဒီနည်းကို သိလျှင် အကိရိယ ဒိဋ္ဌိ ပြုတ်မယ်" အဲဒီမှာကို တရားခံ လိုက်ရှာပါဦး။ ဒီတရားခံကို တွေ့ရင် ၃၁-ဘုံ ကြီးမှာ ပြာကျ ပြီးတော့ သဘာဝကြီး သာလျှင် ရှိတော့တယ် ဆိုတာကို လာတွေ့တော့မယ်။

ကိုင်း.... ဒီတော့ တရားခံကို လိုက်ရှာလိုက်တော့ သညာဝိညာဉ် ကြီးကို လာတွေ့ နေပြီ မဟုတ်လား။ အဲဒါ အကြမ်း နည်းနဲ့ ယူလိုက်ပါ။ ဒီတော့ လက္ခဏာအနေနဲ့ရှိတဲ့ ရုပ်တွေလဲ ဇာတ်သိမ်း သွားရော၊ အဲဒါအာရုံ့ အာရမ္မဏိကအနေနဲ့ လိုက်လာကြတယ်။ **အာရုံက သညာ၊ အာရမ္မဏိက ကဝိညာဉ်**။ဒီတော့ဒီ"အာရုံသဘော သညာကို သမ္မသနညာဏ်က ချေလိမ့်မယ်"။

အာရမ္မဏိက သဘော ဝိညာဉ်ကြီးကြတော့ ဥဒယဗ္ဗယကြီးနဲ့လဲ ချေလိုက်ရော၊ အဲဒါ ဖြစ်ပျက်ကို လာတွေ့တော့မယ်။ ဒီတော့မှ ၃၁-ဘုံကြီးမှာ ရှိနေ ကြတဲ့ သင်္ခါရ တရား တွေကို ဖြစ်ပျက်လို့ လာတွေ့နေပြီ။ ဒီအခါကြတော့ အစွဲကြီးတွေကို တဖြည်းဖြည်းနဲ့ သိမ်းလာပြီ။ ဒီ ၃၁-ဘုံကြီးရဲ့ ရေသောက်မြစ် ပြတ်သွားတာကို 'မဂ်'လို့ ခေါ်တယ်။

ဒီဟာကို သဘာဝနဲ့ ပြောမယ် ဆိုရင် သညာ ဝိညာဉ် မရှိ၊ ဖြစ်မရှိ၊ ပျက်မရှိကို တကယ် တွေ့လာရင် ၃၁ - ဘုံကြီးမှာ တည်ဆောက်ထားတဲ့ သခါရမှုတွေကို 'ဒုက္ခ အနေနဲ့' မြင်နေပြီ။ သုခကို မတွေ့တော့ပါ။ ဒီတော့မှ ငြိမ်းအေးတဲ့ 'သန္တိသုခဓါတ်'ကို သွားတွေ့တော့မယ်။

ကိုင်း.... ဒီတော့ အကြောင်း တရားကို အဗျာပါရ နည်းနဲ့ သိမ်းရင် အကျိုးတရားက ဘယ်ထဲဝင်မလဲ။ ဒီမေးခွန်းကို ဖြေစမ်းပါဦး။

မှတ်ချက်။ (တရားတော်ကို နာယူနေသော ဦးပဥ္စင်း နှစ်ပါးကို ဆရာတော်ဘုရားက မေး၍၊ ဦးပဥ္စင်းနှစ်ပါးက အဖြေနှစ်မျိုး ဖြေပါသည်)။

ကဲဒီတော့ ဦးပဥ္စင်းနှစ်ပါးဖြေတာ အဖြေနှစ်မျိုး ထွက်နေပြီ။ သေသေချာချာ စဉ်းစားပါ။ နာနတ္တနည်းနဲ့ ဆရာတော် မေးပြနေတာပါ။ နာနတ္တနည်းနဲ့ အကျိုးအကြောင်းလို့ ခွဲလိုက်တဲ့အခါ အခု ပစ္စယ ပရိဂ္ဂဟညာဏ်က အကြောင်းကိုသာ သိမ်းဆည်းမယ်။

အဗျာပါရ နည်းနဲ့ အကြောင်းတရားကို သိမ်းလိုက်ရော အဲ့ဒါ ၃၁ ဘုံကြီးမှာ "တုစ္ဆ၊ ရိတ္တ၊ ပရိတ္တ" ဆိုတဲ့ အကျိုး တရားတွေ ပေါ်လာတော့မယ်။ ယုံမှားခြင်းတွေဟာလဲ ကင်းလာပြီ။

ကနေ့အဘို့ တော်လောက်ပြီ။ နက်ဖြန်မှ ဆက်ဟောမယ်။

သာဓုခေါ်ကြပါဘော့....

"သာဓု....သာဓု....သာဓု"

## ဝါခေါင်လဆန်း (၁၃) ရက်နေ့ ဟောစဉ်

ကိုင်း.... ဒီတော့ ပဋ္ဌမ နာမရူပ ပရိစ္ဆေဒ ညာဏ်တုန်းကလဲ သမုတိသစ္စာနဲ့ ခွဲခဲ့သေးတယ်။ အခုပစ္စယပရိဂ္ဂဟညာဏ်ကြတော့လဲ တခါ ထပ်ပြီး ခွဲရတယ်။ အဲဒီလို ခွဲလာမှ ပရမတ် သဘော ရုပ်နာမ်ကို လာတွေ့မယ်။ **မဂ်ကို** ဘယ်သူက ပြောသလဲ ဆိုတော့ **ဂေါတြဘူ ညာဏ်က** ပြောတယ်။ တခါ ဂေါတြဘူ ညာဏ်ကို ဘယ်သူက ပြောသလဲဆိုတော့ အနုလောမ ညာဏ်က ပြောတယ်။

အနုလောမ ညာဏ်ကို သင်္ခါရုပေက္ခာ ညာဏ်က ပြောတယ်။ သင်္ခါရုပေက္ခာညာဏ်ကို ပဋိသင်္ခါညာဏ်က ပြောတယ်။ ပဋိသင်္ခါ ညာဏ်ကို မုဉ္စိတုကမျတာ ညာဏ်က ပြောတယ်။ မုဉ္စိတုကမျတာ ညာဏ်ကို အာဒီနဝညာဏ်က ပြောတယ်။ အာဒီနဝညာဏ်ကို ဘယ ညာဏ်က ပြောတယ်။ ဘယ ညာဏ်ကို ဘင်္ဂ ညာဏ်က ပြောတယ်။ ဘင်္ဂညာဏ်ကို ဥဒယဗ္ဗယညာဏ်က ပြောတယ်။ ဥဒယဗ္ဗယညာဏ်ကို သမ္မသနညာဏ်က ပြောတယ်။ သမ္မသန ညာဏ်ကို ပစ္စယ ပရိဂ္ဂဟ ညာဏ်က ပြောတယ်။ ဒီတော့ ဒီ ပစ္စယပရိဂ္ဂဟညာဏ်ဟာ အရေးကြီးပါတယ်။ ဒါ့ကြောင့် သမုတိသစ္စာနယ်နဲ့ ပရမတ္ထသစ္စာနယ်ကို ခွဲရတာပါ။

**ယုံမှားခြင်းဆိုတာ။** ဒီတော့ နည်းလေးပါးနဲ့ သိမ်းတဲ့အခါမှာ အဗျာပါရနဲ့ နာနတ္တနည်း တို့က သမုတိသစ္စာနယ်ကြီးကို သိမ်းတယ်။ ပရမတ္ထ သစ္စာနယ်မှာ ဧကတ္တနည်းနဲ့ ဧဝံဓမ္မတာ နည်းဟာ ထွက်လာတယ်။ အခု ဒီနေရာမှာ ယုံမှားခြင်း ရှစ်ပါး ကင်းသွားအောင် လုပ်ရတော့မယ်။ ဘုရားစစ်ကိုတွေ့အောင် ရှာရမယ်။ ဗုဒ္ဓဘာသာတွေဟာ ဘုရားစစ်ဆိုတာ ရှင်ဂေါတမဟာ ဘုရားဘဲ ဆိုပြီး၊ ရှင်ဂေါတမ ကိုသာ ကိုးကွယ် နေရင်၊ အဲဒါ ဘုရားစစ်ကိုကိုးကွယ်တာဘဲလို့ ယူကြတယ်။ ဒီတော့ရှင်ဂေါတမဟာ ဘုရားလား?။

ဒီတော့ "ယုံမှားခြင်း ဘုရား" ဆိုတာဟာ မိမိ ယူထားတဲ့ အယူကိုက (ဝါ) အသိကိုက ယုံမှားခြင်း မကင်းလို့ ပြောတာပါ။ ရှင်ဂေါတမဟာ ဘုရား အစစ်ပါ။ သို့သော် မိမိ သိတဲ့ အသိက မစင်ကြယ်လို့ ရှင်ဂေါတမကို ကိုးကွယ်နေသော်လဲ တကယ့်အသိ တရားနဲ့ မကိုးကွယ်နိုင်ဘဲယောင်ရမ်းပြီး (ဝါ) သူများရဲ့အပြောနဲ့ ကိုးကွယ်နေတာ ဖြစ်ခြင်းကြောင့် မိမိရဲ့ အသိကိုက ယုံမှားခြင်း မကင်းသေးလို့ ကိုးကွယ်ရာ မှာလဲ "ယုံမှားခြင်းဘုရား" ကိုသာ ကိုးကွယ်နေသေးတယ်။

ဒီတော့ ယခု ပစ္စယပရိဂ္ဂဟ ဉာဏ်မှာ လုပ်ငန်းစဉ် ဖြစ်တဲ့ အကြောင်းအကျိုးကိုလဲသိမ်းဆည်းလိုက်ရော၊ အဲဒါယုံမှားခြင်းတွေ ကင်းပြီး ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို တွေ့လာပြီ။ လက်ညှိုး ထိုးပြီးတော့ ပြနိုင် လာပြီ။ ဒီနေ့ အဗျာပါရ အနတ္တသဘောကို ပြောဘို့ ဖလိုတော့ပါ။ မနေ့က ပြောလာခဲ့ပြီ။

အကြောင်းတရားက အကျိုးတရားကို ဖြစ်နိုင်သလား?။ မဖြစ် နိုင်ပါ။ ရုပ်တရားက ဖြစ်နိုင်သလား?။ မဖြစ်နိုင်တဲ့အတွက် မင်းဟာ အဗျာပါရ အနတ္တလို့ ဆိုပြီး သိမ်းလိုက်ရော အဲဒါ သမုတိ သစ္စာ နယ်ကြီးဟာ · သုဉ်းဆိတ်ပြီး၊ ပရမတ္ထ သစ္စာနယ်ကြီးဟာ ပေါ်ရ တော့မယ်။ အဲဒါ ဘယ်လို ပေါ်မလဲ။ မနေ့က ပြောခဲ့ပြီဘဲ မဟုတ်လား။

အဗျာပါရနည်းက ဧကတ္တနည်းထဲထည့်၊ နာနတ္တနည်းကြတော့ ဧဝံဓမ္မတာနည်းထဲထည့်လို့ ပြောခဲ့ပြီ။ ကိုင်း.... ဒီတော့ ဘုရားစစ် ဆိုတာ ဘယ်ဟာကို ခေါ်တာလဲလို့ မေးနေတာ, ဦးပဥ္စင်းကြီးက အဗျာပါရနည်းနဲ့ ရောထွေးပြီး အဖြေပေးနေပြီ။ ဒါဟာဘယ်မှာ ဟုတ်တော့မှာလဲ။

ဒီတော့ သဘာဝလေးတခုကို ပြောပြမယ်။ အကြောင်းတရားကို အဗျာပါရ နည်းနဲ့လဲ သိမ်းလိုက်ရော၊ အဲဒါ အကြောင်းလို့ မပြောနိုင် တော့ပါ။ သူတို့ကို အထူး မသိမ်း ရပါ။ သူတို့ရဲ့ သဘာဝကို မြင်လိုက် တာနဲ့ တခါထဲ သိမ်းပြီးသား ဖြစ်သွား တာဘဲ။

ဒီတော့ "မင်းက အကြောင်းလို့ ပြောတာဟာ ဘယ်မှာလဲ။ မင်းဟာ နာမရူပ ပရိစ္ဆေဒညာဏ်က ပါလာတဲ့ ပစ္စုပ္ပန် ဖြစ်တဲ့ **ရုပ်လေးပါလား**။ ရုပ်သဘော ဖြစ်ခြင်းကြောင့် မင်းဟာအဗျာပါရ အနုဘ္ဘလေး ပါလား" လို့လဲ ပြောလိုက်ရော အဲဒါ အကြောင်းကြီးဟာ သညာဝိညာဉ်နယ်ထဲမှာ ဝင်ရတော့မယ်။

**စေ၀ံမွတာနည်း**

အဲဒါ ဘယ်လို ဝင်မလဲ ဆိုတော့ စေ၀ံမွတာ နည်းထဲကို သွားဝင် တော့မယ်။ "ထိုသဘော တရား ရှိလျှင် ဤသဘောတရား ရှိတယ်" ဆိုတဲ့ ဗျာပါရလေးဟာ ကျန်နေ သေးတယ်။ ပရမတ္ထ နယ်မှာ လာပြီးတော့ ပေါ်ရမှာ။ "ထိုသဘော ရှိလို့ ဤသဘော ရှိတယ်" ဆိုတာ ဘယ်လိုလဲ၊ ဒါကို ရှာရဦးမယ်။

ဒါကို ရှာတဲ့ အခါမှာ နောက်ကြောင်းကို မပြန်နဲ့တော့။ ရှေ့ပညာမြင် ပရမတ်ကို ရှာရ တော့မယ်။ အဲဒါ ဘယ်လို ကောက်မလဲ ဆိုတော့ အတိတ်နဲ့ အနာဂါတ်လေးဘဲမဟုတ်လား။ "ထိုသဘောတရား" ဆိုတာက အတိတ် သဘော။ "ဤသဘော တရား ဆိုတာက အနာဂါတ်" သဘောပါ။

ဒီတော့ အကြောင်းကြီးကိုလဲ သိမ်းလိုက်ရော ပရမတ္ထသစ္စာနယ်ကြီးမှာ "ထိုသဘော ရှိက၊ ဤသဘော ရှိတယ်" ဆိုတဲ့ ဟာကို ကြည့်လိုက်ရင်၊ အဲဒါအတိတ်နဲ့ အနာဂါတ်ဟာ ပေါ်လာတာဘဲ မဟုတ်လား။ နောက် အကျိုးကို ထပ်ပြီး စစ်လိုက်တဲ့ အခါမှာ သူ့မှာလဲ ထောက်ခံတဲ့ အကြောင်းကြီးကို မပြောနိုင်တဲ့ အတွက် သူ့မှာ သမုတိ သစ္စာနယ် ဇာတ်သိမ်း ပြီးတော့ ပရမတ္ထ သစ္စာ နယ်မှာ ဝင်ရမယ်။

**ကာလသုံးပါး**

အဲဒါ ဘယ်လို ဝင်သလဲ ဆိုတော့ "ပစ္စုပ္ပန် သဘောလေး" အနေနဲ့ ဝင်လာ နေပြီ။ **ဆက်စပ်တဲ့သဘော** အနေနဲ့ ဝင်လာတယ်။ ဒီတော့ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ဆိုပြီးတော့ အရင်ပထဝီလေးက အခုနေရာမှာ လာထွက်နေပြီ မဟုတ်လား။ ဒီပထဝီဓါတ်ကို ဌာန်လေးပါးနဲ့ သိမ်းပြီးသည့်နောက်, နည်းလေးပါးနဲ့လဲ သိမ်းလိုက်ရော, အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ဆိုပြီး ထွက်နေပြီ။

ဒီတော့ သံသရာရဲ့ ရှေ့အစွန်း၌ ယုံမှားခြင်းဟာလဲ ကင်းသွားပြီး၊ အနာဂါတ်ကိုလဲ လာတွေ့နေတာ ဖြစ်ခြင်းကြောင့် သံသရာရဲ့ နောက်အစွန်းဟာလဲ ယုံမှားခြင်းကင်းသွားပြီမဟုတ်လား။ နောက် ပစ္စုပ္ပန်ကိုမြင်တဲ့အတွက် ရှေ့နောက် နှစ်ပါးအစွန်းမှာ ယုံမှားခြင်း ကင်းသွားပြီ။ အဲဒါ ပစ္စုပ္ပန်သဘောပါ၊ ဆက်စပ်ခြင်းသဘောပါ။

နောက် သစ္စာ လေးပါး၌ ယုံမှားခြင်းဟာလဲ ရှေ့အစွန်း အဝိဇ္ဇာ၊ ဒုက္ခသစ္စာ။ နောက်အစွန်း တဏှာ၊ သမုဒယ သစ္စာကို လာတွေ့ နေပြီ။ ဒီတော့ သစ္စာ လေးပါး၌ ယုံမှားခြင်းဟာလဲ ကင်းသွားပြီ၊ ယုံမှားခြင်း လေးပါးဟာ ကင်းသွားပြီ။

ပစ္စယ ပရိဂ္ဂဟ ညာဏ်ရဲ့ လုပ်ငန်းစဉ်နဲ့ ဆင်ခြင် သုံးသပ်တဲ့ အခါမှာ၊ ဝေခွဲမရတာ နည်းတို့ကို တွေ့လိုက်တာနဲ့ ယုံမှားခြင်း လေးပါးဟာ တခါထဲ ကင်းသွားပြီ။ ဒီလို ကင်းသွားလို့ ယုံကြည်တာကို **သြကပ္ပနသဒ္ဓါ**လို့ခေါ်တယ်။ သူများပြောလို့ ယုံရတာက (ဝါ) သိရတာက **ပသာဒသဒ္ဓါ**လို့ ခေါ်တယ်။ ကိုယ့်ဟာကို စိတ်ချလက်ချ ယုံကြည်လာတာကို သြကပ္ပနသဒ္ဓါလို့ ခေါ်တယ်။ ဒီသဘာဝလေးတွေကနေပြီးတော့ ဘုရား၊ တရား၊ သံဃာ၊ အကျင့်သီလ တို့၌ ယုံမှားခြင်းတို့ကို ထုတ်ပြဦးမယ်။

ဒီတော့ ဘုရားစစ်ကို တွေ့ပြီလား၊ တွေ့ပြီဆိုရင် အဲဒါဘယ်လို တွေ့သလဲ။ ဒီနေရာမှာ အရေးကြီးပါတယ်။ အကြောင်းကြီးကို အဗျာပါရ အနုတ္တနဲ့ သိမ်းလိုက်တဲ့အခါမှာ ဆက်စပ်တဲ့ သဘောလေး အနေနဲ့ (ပစ္စုပ္ပန်) ဆိုပြီးတော့ ပေါ်နေပြီ။

သူက ပရမတ္ထ သစ္စာနယ်မှာ ပရမတ် သဘောလေး အနေနဲ့ ရှိနေတယ်။ ဘယ်လိုဘဲ ချေချေ ဒီသဘာဝလေးက လွဲပြီးတော့ ထွက်လို့မရပါ။ ဒီသဘာဝသာလျှင် ပေါ်လို့ရပါတယ်။ ဒီတော့မှ အားလုံးသော သခ်ိတနယ်ကြီးမှာ သညာဝိညာဉ်ကြီးက ချယ်လှယ် နေပါလား။ တလွဲတချော် မှတ်သားတတ်တဲ့ သညာဝိညာဉ်ကြီး ပြုတ်သွားရင် နိဗ္ဗာန်ကို ရမယ် ဆိုတာကိုလဲ မှတ်ထားပါ။

**၃၁ ဘုံ၏ တရားခံ။** ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီသညာ ဝိညာဉ်ကို သတ်ဘို့ ဝိပဿနာနည်းကို ဟောသွားပါတယ်။ ၃၁-ဘုံကြီးဟာ ဘယ်သူထူထောင်ပြီး လာတာလဲဆိုရင် ဒီသညာဝိညာဉ်ကြီးကထူထောင်ပြီး လာဘာပါ။ ဒါ့ကြောင့် ကံတရားတွေ ဖြစ်ပြီးတော့ ၃၁-ဘုံကြီးဟာ ပေါ်ထွက်နေတာပါ။ သညာ 'ဝိညာဉ်'ဟာ ၃၁-ဘုံရဲ့ တရားခံပါ။

ဒီတော့ သညာဝိညာဉ်ကို ချေရမဲ့ လုပ်ငန်းစဉ်က သမ္မာသနညာဏ်နဲ့ ဥဒယဗ္ဗယညာဏ် နှစ်ပါး ဖြစ်တယ်။ ပစ္စယပရိဂ္ဂဟညာဏ် ပိုင်တာနဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံသွားပါပြီ။ နောက်သူ့ရဲ့ ရေသောက်မြစ်လေးတွေ ကျန်နေသေးတယ်။ ဒီထိအောင် ကြည့်ပါ။ သညာဝိညာဉ်ကြီးကို ပရိယတ်က ပြတဲ့အခါမှာ၊ အဲဒါ "ရေအလျှင်ကြီးများ စီးနေကြသလို" အစဉ်မပြတ်စီးနေတာဘဲလို့ ပြပါတယ်။

ဒီထဲမှာ ပညာရဲ့ သဘာဝလေးဟာ ပါလာပါတယ်။ ကိုင်း.... ဒီတော့ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကို လာတွေ့ရင် သူ့မှာ ကံ့ကံ၏ အကျိုးကို ယုံကြည်လာတော့မယ်။ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် မရှိဘူးဆိုရင် သူ့မှာ လုပ်ခြင်တာတွေ လုပ်တော့မယ်။

အခု အတိတ်အနာဂါတ်ကို လာတွေ့ နေရင်ဘဲ ယုံမှားခြင်းလေးပါးဟာ ကင်းသွားပြီ။ သစ္စာလေးပါးမှာလဲ ဒုက္ခနဲ့ သမုဒယသစ္စာနှစ်ပါးကို ရှာနိုင်လာပြီမဟုတ်လား။ အဲဒီလို ရှာနိုင်တာသည် ပင်လျှင် အဲဒါ 'သမ္မာဒိဋ္ဌိ'လေးဘဲ။

ဒီတော့ မနေ့က ပြောခဲ့သလိုဘဲ။ အလေးကို မှန်းဆတဲ့ သူနဲ့ ချိန်ခွင်ပေါ် ချိန်ပြီးတော့ ချိန်တဲ့ သူဟာ အသိခြင်း တူသော်လဲ ဝန်ခံရာကြတော့ မတူကြဘူး။ လက်နဲ့ မှန်းဆတဲ့သူက အတိအကျ ဝန်မခံရဲဘူး၊ ချိန်ကြည့်တဲ့ သူကတော့ ရဲရဲ ဝန့်ဝန့် ဝန်ခံ နိုင်ပြီ မဟုတ်လား။ ဘုရားရှိတယ် ဆိုတာကို ယုံမှားခြင်း ကင်းအောင် လုပ်သွားရတော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

"သာဓု....သာဓု....သာဓု"

## ဝါခေါင်လဆန်း (၁၄)ရက်နေ့ ဟောစဉ်

ကိုင်း.... ဒီတော့ အကြောင်းပြတ်တယ်ဆိုတာကို ပြောပြမယ်။ "အကြောင်းပြတ်"တယ် ဆိုရင် ယုံမှားခြင်း ၈-ပါးမှာ ၄-ပါးဟာ ပြုတ်သွားပြီ။ "အကျိုးငြိမ်း" ကြတော့ ကျန်တဲ့ ယုံမှားခြင်း လေးပါးဟာ ထပ်ပြီးတော့ ပြုတ်ပါတယ်။

ယုံမှားခြင်း ၈-ပါးရှိတဲ့ အထဲမှာ၊ "ဘုရား၌ ယုံမှားခြင်း"ဆိုတဲ့ သဘောကို ဆရာတော် ရှင်းပြမယ်။ ဘုရား လေးမျိုး ရှိတယ်။

(၁) သုတဗုဒ္ဓ = ပိဋကတ် အကြား အမြင်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်။
(၂) အနုဗုဒ္ဓ = မဂ်သိ၊ ဖိုလ်သိ တရား ပေးနိုင်သော အရိယာ ပုဂ္ဂိုလ်။
(၃) ပစ္စေကဗုဒ္ဓ = နှစ်သင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်သော ပုဂ္ဂိုလ်။
(၄) သမ္မာသမ္ဗုဒ္ဓ= လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီ ဖြည့်သော ဘုရားရှင်။

ဘုရားလေးမျိုး ရှိတဲ့ အနက် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ကိုယ်တော် မြတ်ကြီးသာ "အာသယ"ကို မြင်နိုင်တယ်။ တရားဟောရာမှာလဲ "အာသယ"ကို ကြည့်ပြီးတော့မှ ဟောတော်မူပါတယ်။

ဘုရားလေးမျိုး ရှိတာကို စာထဲ့ပေထဲ တွေ့ဘူး ကြတဲ့ ပုဂ္ဂိုလ် တချို့ဟာ၊ ဒီဘုရားလေးမျိုး လေးစားကို အခြေခံ ထားပြီးတော့ ရုပ်သဘာဝ၊ နာမ်သဘာဝလေးကို ထင်မြင် လာရုံ မျှနဲ့၊ သစ္စာ လေးပါးကိုလက်ချိုးရေတွက်တတ်ရုံမျှနှင့်'ငါဘုရားဘဲ'လို့ ပြောနေ ကြတယ်။ အဲဒါ မေတ္တာ ကမ္မဋ္ဌာန်း ပွားများကြတဲ့ ပုဂ္ဂိုလ်တွေကလဲ "ငါဘုရားဘဲ၊ ငါ့ကို မီးပူဇော်ကြ"လို့ ပြောနေကြပြီ။

ဒီတော့ ဒီသာသနာတော် တွင်းမှာ ဓမ္မ ဝိနယ တွေကို မိစ္ဆာ တွေက လွှမ်းမိုးပြီး မျိုလာ တာကို တွေ့နေ ရပြီ။ တရားလေး အားထုတ်ပြီး တရားသဘာဝကို တောက်တီး တောက်တဲ့ သိရုံနဲ့ "ငါဘုရားဘဲ"လို့ လုပ်ကုန်ကြပြီ။

ကိုင်း.... ဒီတော့ ဦးပဥ္စင်းကြီးကကော ဘုရားကို တွေ့ဘီလား။ ဦးပဥ္စင်းကြီးက ဆရာတော်ကို "အနုဗုဒ္ဓ ဘုရားပါ" လို့ လျှောက်ထား တာဟာ ပုဂ္ဂိုလ်ကို စွဲပြီး ပြောတာဘဲ မဟုတ်လား။

အခု ဆရာတော်ကို "အနုဗုဒ္ဓဘုရား" လို့ လျှောက်တာဟာ အနန္တငါးပါးထဲမှာပါတဲ့ ဆရာသမားလဲ ဖြစ်တယ်။ နောက်ပြီး ရုပ်တရား နာမ်တရားကို ဟောပြော နေတဲ့ ပုဂ္ဂိုလ် ဖြစ်လို့မို့ ဦးပဥ္စင်းကြီး အနေနဲ့ "အနုဗုဒ္ဓ" လို့ ယူနိုင်ပါတယ်။

ဒီလို ယူနိုင်ရုံမျှနဲ့ "ဘုရား၌ ယုံမှားခြင်း" ဆိုတာ ကင်းသွား ပြီလား။

ယုံမှားခြင်းဟာ မကင်းသေးပါ။ ဒီတော့ ဒီဟာက ဘုရားအစစ် မဟုတ်သေးပါ။ ဘယ်ကြမှ ယုံမှားခြင်းဟာ ကင်းမလဲဆိုရင် အဲဒါ သမ္မာသမ္ဗုဒ္ဓ ဘုရားအစစ်ကို တွေ့လာမှ ယုံမှားခြင်းဟာ ကင်းတော့ မယ်။ အခုတော့ ဆရာတော်ကို အနုဗုဒ္ဓ ဘုရားပါလို့ ဆွဲသော်လဲ ဝိစိကိစ္ဆာဟာ မကင်းသေးဘူး၊ သမ္မာသမ္ဗုဒ္ဓ ဘုရားကို တွေ့မှ သာလျှင် ယုံမှားခြင်း ဆိုတဲ့ ဝိစိကိစ္ဆာဟာ ကင်းတော့မယ်။

ဒီတော့ အနုဗုဒ္ဓကို တွေ့ပြီထားပါတော့။ ဒါပေမဲ့ ယုံမှားခြင်း ဟာ မကင်းသေးဘူး၊ ယုံမှားခြင်း ကင်းသွားအောင် ဘုရားအစစ်ကို ရှာရတော့မယ်။ အကြောင်းပြတ် အကျိုးငြိမ်းကို ကြည့်ပါ။ ပစ္စုပ္ပန် လေးက စေ့မွတာနည်းမှာ ဥက္ကောင်း ချလိုက်တော့ "ထိုသဘော ရှိက ဤသဘောရှိ၏" လို့ ပြောလာတယ်။

ဒီသဘာဝလေးကို တခါထပ်ပြီး ထုတ်လိုက်တော့ အတိတ်၊ အနာဂါတ် သဘာဝ လေးဟာ ထွက်လာတယ်။ အဲဒီလိုလဲ ထွက်လာရော အကြောင်း ယုံမှားခြင်း လေးပါး ဖြစ်တဲ့....

၁။ သံသရာရှေ့အစွန်း၌ ယုံမှားခြင်း။
၂။ သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း။
၃။ သံသရာ၏ ရှေ့နောက် နှစ်ပါး၌ ယုံမှားခြင်း။
၄။ သစ္စာလေးပါးတရား၌ ယုံမှားခြင်း။ ဆိုတဲ့ ယုံမှားခြင်း လေးပါးဟာ ကင်းသွားပြီ။

**သံသရာ၏ ရှေ့အစွန်း။** ဒီတော့ သံသရာ ရှေ့အစွန်း မှာက အဝိဇ္ဇာ, ဒုက္ခသစ္စာ, ရှိတယ်။ နောက်အစွန်းမှာကြတော့ တဏှာသဘော, သမုဒယသစ္စာ ရှိတယ်ဆိုတာလဲ မြင်လိုက်ရော၊ ယုံမှားခြင်း လေးပါးဟာ တခါထဲ ကင်းသွားတော့တာဘဲ။ သံသရာရဲ့ ရှေ့အစွန်းဟာ အတိတ်သဘော, နာမပညတ် ရိပ်, ပြဋ္ဌာန်းခြင်းကြောင့် သညာရဲ့ အမှတ်သဘော, ရုပ်သဘော ပညတ်နယ် ဖြစ်တယ်။

ဒါကြောင့် ဒုက္ခသစ္စာ, အဝိဇ္ဇာသဘောလို့ ပြောတာ၊ ဓမ္မစကြာ နည်းဖြင့် ဆိုလျှင် အဆင်း၊ အကြည်၊ အမြင်၊ အသိ၊ ဓမ္မ လေးချက်တို့တွင် **အဆင်း သဘော** ဖြစ်တယ် ဆိုတာ မှတ်ထားပါ။

**သံသရာ၏နောက်အစွန်း။** သံသရာ ရဲ့ နောက် အစွန်း ဟာ အနာဂါတ်သဘော, သင်္ခါရပညတ် ပြဋ္ဌာန်းခြင်းကြောင့် ဝိညာဉ် သဘော၊ တွေးတော ကြံဆခြင်း သဘော၊ နာမ် သဘော၊ သ ခ် တ ပ ရ မတ် နယ် ဖြစ်တယ်။ ဒါကြောင့်မို့ သံသရာရဲ့ နောက် အစွန်းဟာ တဏှာ သဘော ဖြစ်တယ်။ ဓမ္မစကြာ နည်းဖြင့် ဆိုရင်၊ ဓမ္မ လေးချက် တို့တွင် **အကြည်,သဘောသာ** ဖြစ်တယ်။

**သံသရာ၏ ရှေ့,,နောက် အစွန်း။** သံသရာရဲ့ ရှေ့နောက်အစွန်း အတိတ်သဘော၊ အနာဂါတ် သဘောတို့ ဆက်စပ်လိုက်မှသာလျှင် ပစ္စုပ္ပန် သဘော၊ သညာ ဝိညာဉ်သဘော၊ ရုပ်နာမ်သဘော။ ပညတ် အနေနဲ့ ပြောရမယ် ဆိုရင် နာမပညတ်၊ သင်္ခါရ ပညတ်၊ သမူဟ ပညတ် ပြဋ္ဌာန်းပြီး ပေါ်ထွက်နေတယ်။ ဓမ္မစကြာနည်းဖြင့် ဆိုလျှင် ဓမ္မ လေးချက် တို့တွင် အဆင်း၊ အကြည် နှစ်ပါးတို့ ပေါင်းဆုံလိုက်သော အမြင် **သဘော** ဖြစ်တယ်။

ဒီတော့ ရှေ့အစွန်းမှာက အဝိဇ္ဇာ၊ သခ်ါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန အဲဒါက ရှေ့အစွန်းပါ။ နောက်အစွန်း ကြတော့ ဝေဒနာ၊ တဏှာ၊ ဥပါဒန်၊ ဘဝ၊ ဇာတိ၊ မရဏ အဲဒါ သံသရာရဲ့

နောက် အစွန်းလေးဘဲ။ ဒီအစွန်း နှစ်ခု ကိုလဲ မြင်လိုက်ရော သံသရာဟာ မရှိဘူးလို့ မပြော တော့ပါ။ အဲဒါ မျက်ကွယ် သဘော ရှိတာကို မတွေးတော့ပါ။ တထစ်ချကို ပြောနိုင်လာပြီ။

ဟိုတုန်းကတော့ (ဝါ) ပစ္စယ ပရိဂ္ဂဟညာဏ် မရောက်ခင် တုန်းကတော့ ဟိုဆွဲ ဒီဆွဲ ဆွဲပြီးတော့ ပြောနေတာ။ အမှန်တကယ် မတွေ့သေးပါ။ အခု သံသရာရဲ့ အစွန်းကိုလဲ တွေ့လိုက်ရော အဲဒါ ယုံမှားခြင်းတွေဟာ ကင်းလာပြီ။

ဒီသဘာဝတွေကိုကမ္မဋ္ဌာန်းတိုက်ထဲရောက်တဲ့အခါ ပြန်ပြီးတော့ တွေးပါ။ အဲဒါ ကမ္မသကတာ သမ္မာဒိဋ္ဌိ တွေကို အားကိုးလာ တော့မယ်။ ဘယ်ပုဂ္ဂိုလ်မဆို ဒီသံသရာကြီးထဲမှာ ပြေးနေရတာဘဲ မဟုတ်လား။ သံသရာရဲ့ အစွန်းတွေ ကိုလဲ တွေ့လာရော အဲဒါ ကမ္မဿကတာ သမ္မာဒိဋ္ဌိကြီး မြဲလာပြီ။

ဒီတော့ 'အကြောင်းပြတ်' ဆိုတဲ့ သဘာဝက ယုံမှားခြင်း လေးပါးဟာ ပြတ်သွားပြီ။ 'အကျိုးငြိမ်း' ကို ရှာတဲ့ အခါမှာ ကျန်နေတဲ့ ယုံမှားခြင်းလေးပါး ကင်းသွားအောင် ရှာရတော့မယ်။ အကျင့်သီလ ယုံမှားခြင်း ကင်းလာမှ သံဃာ၌ ယုံမှားခြင်းဟာလဲ ကင်းလာမယ်။ ဒီတော့ သံဃာကို နှစ်မျိုးဖွင့်လာပြန်တယ်။

၁။ **ဒက္ခိဏေယျ သံဃာ၊** အဲဒါ မဂ်တရား ဖိုလ်တရား ပြတဲ့ သံဃာကို ဒက္ခိဏေယျသံဃာလို့ ခေါ်တယ်။ အဲဒါအလှူခံထိုက်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

၂။ **သမုတိသံဃာ၊** ဆိုတာက သိမ်ထဲကို ဝင်ပြီးတော့ သံဃာ အပေါင်းနှင့် ဉာတ်ကမ္မဝါစာ ရွတ်ပြီးနောက် သမုတ်လိုက်တာကို သမ္မုတိသံဃာလို့ ခေါ်တယ်။

ဝိနည်းတော် ဆိုတာဟာ သမ္မုတိသံဃာ (ဝါ) သမ္မုတိသံဃာ များ အတွက် ပညတ်တော် မူခဲ့တာပါ။ ဒီတော့ ဒက္ခိဏေယျ သံဃာဆိုတာ အဲဒါ သောတာပန်မှ စ၍ မဂ်လေးဆင့် အထိ

ဒကာ္ခိဏေယျသံဃာလို့ ခေါ်တယ်။ အဲဒီလိုအသိလေးလဲရရော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" လို့ ဆရာနဲ့တပည့် အပေးအယူ လုပ်ပြီး သရဏဂုဏ်ကို ဆောက်တည်နေကြတယ်။ ဒီ သရဏဂုဏ်ဟာ "ဒိဋ္ဌိ သရဏဂုဏ်" ဟုတ်သလား?။ မဟုတ်ဘူး။ အဲဒါသုတ "သရဏဂုဏ်" လို့ ခေါ်တယ်။

ဒီသဘာဝ တွေကို သိလာတဲ့အခါ ကြတော့မှ "သံဃံ သရဏံ ဂစ္ဆာမိ"ဟာ မြဲလာတော့တယ်။ အဲဒါ 'အကျိုးငြိမ်း' ကိုသာ ကြည့်ပေတော့။ ဒီ 'အကျိုးငြိမ်း' ဆိုတဲ့ အထဲမှာ ဓါတ်ကြီးလေးပါးဟာ ငြိမ်းသွားပြီ။ အဲဒါ ပညတ်နယ်ကြီးဟာ ဇာတ်သိမ်းသွားပြီ။ ရှေ့ကို ဝိပဿနာရဲ့ လုပ်ငန်းစဉ် ဖေါ်ပြရတော့မယ်။

ဒီတော့ 'အကျိုးငြိမ်း' ဆိုတာဟာ ဘယ်လို ဝင်လာမလဲ။ ဒီကနေပြီး တော့မှ ဘုရားစစ်, တရားစစ်, သံဃာစစ်, အကျင့်သီလစစ် တွေကို ထွက်လာမှ အနမတဂ္ဂ သံသရာ၊ အစမထင်တဲ့ ဘဝက ပါလာတဲ့ အစွဲကြမ်းကြီးတွေ ပြုတ်တော့မယ်။

ဒီတော့ ဒီ'အကျိုးငြိမ်း'ကို တွေ့လာရင် အစစ်တွေကို တွေ့ပြီလို့ မှတ်ပါ။ ကိုင်း.... အကျိုး ဘယ်လိုငြိမ်းမလဲ?။ အရင်က စ လာတဲ့ ဓါတ်လေးပါးကိုတည်(ဝါ)ဓါတ်ရှစ်ပါးကိုတည်။ မူလေးပါးနဲ့ ခွဲ၊ နောက် ဌာန်လေးချက်နဲ့ ချေ။

**ဓါတ်လေးပါး ဘယ်အနေနဲ့ ရှိသလဲ။** ဒီလို ဌာန်လေးချက်နဲ့ 'ချေ' ပြီး တဲ့ နောက် ပစ္စယ ပရိဂ္ဂဟညာဏ်ကြပြန်တော့ နည်းလေးပါးနဲ့ သိမ်းလိုက်ရော ဓါတ် လေးပါးဟာ ဘယ်အနေနဲ့ ရှိတော့သလဲ။ အဲဒါကို မြင်လာရင် နာမပညတ်နဲ့ သဏ္ဌာန ပညတ် ကြီးတွေ အပေါ်မှာ စွဲယူထားတဲ့ ဒိဋ္ဌိကြီး တွေဟာ ပြုတ်သွား တော့မယ်။ အဲဒါကို 'အကျိုးငြိမ်း' လို့ ခေါ်တယ်။ ဒီတော့ လုပ်ငန်းစဉ် အနေနဲ့ ကြည့်လိုက်တဲ့ အခါမှာ ဒုက္ခနဲ့ သမုဒယကို အကျိုး ငြိမ်းအောင် လုပ်ရတော့မယ်။

ဒီတော့ အကျိုးငြိမ်းဆိုတာဟာ ဓါတ်လေးပါးတို့ 'ငြိမ်း'သွားတာကို ခေါ်တယ်။ အကျိုးကို (ဝါ) ဓါတ်လေးပါးကို ဘယ်လိုငြိမ်းမလဲ။ ဒီဓါတ်ကြီးလေးပါးဟာ ဘယ်အနေနဲ့ငြိမ်းသွားသလဲ၊ ဒီသဘာဝတွေကို မြင်လိုက်တာနဲ့ ဒိဋ္ဌိကြီးတွေကို မောင်းထုတ်နိုင်လာပြီ။ ဒီတော့ မိမိ အားထုတ်တဲ့ တရား မှန်မမှန်ကို စစ်တမ်းထုတ်ကြည့်တတ်အောင် ဆရာတော် ပြောပြမယ်။

**တရားမှန်,မမှန် စစ်တမ်းထုတ်ကြည့်ပါ။** အာရုံ တခုခုနဲ့ တိုက်တဲ့အခါ၊ နောက် တခါ ထပ်ပြီး နာမ ပညတ်နဲ့ သဏ္ဌာန ပညတ် (ဝါ) ဒီပညတ်တွေ အပေါ်မှာ စွဲယူထားတဲ့ ဒိဋ္ဌိတွေ မပေါ်လာရင် မိမိအားထုတ်တဲ့ တရားဟာ မှန်ပြီ။ ဒီလိုမှ မဟုတ်ဘဲနဲ့ အာရုံတွေနဲ့ တွေ့တဲ့အခါမှာ အစွဲတွေ ထပ်ခါ ထပ်ခါ ပေါ်နေ သေးရင် မိမိ အားထုတ်တဲ့ တရားဟာ မမှန်သေးပါ။

ဒီတော့ ဓါတ်ကြီးလေးပါး တို့ဟာ ဘယ်လို ငြိမ်းသွား သလဲ။ အဲဒါ "မပူနိုင် မမာနိုင်" ကြ တော့ပါ။ သူတို့ဟာ ပစ္စုပ္ပန်မှာ ဘယ်အနေနဲ့ ပေါ်နေကြသလဲဆိုတော့ **ဝေဒနာလေး** အနေနဲ့ သာ ပေါ်နေကြတော့တယ်။ ကိုင်း.... သင်္ခတ လောကကြီးမှာ ရှိနေတဲ့ အရာဝတ္ထုတွေကို ယခု ပြလိုက်တဲ့ သဘာဝ အနေနဲ့ နားလည်သွားရင်၊ အဲဒါ သင်္ခတ လောကကြီးမှာ နာမပညတ်နဲ့ သဏ္ဌာန ပညတ်တို့ဟာ ငြိမ်းသွားတော့မယ်။

အကျိုးငြိမ်းဆိုတာ ဘယ်အနေနဲ့ရှိသလဲ ဆိုတာကို စဉ်းစားပါ၊ အဲဒီ သဘာဝဟာ ပစ္စုပ္ပန် ဆတ်ဆတ် ပရမတ် သဘောလေးဘဲ။ ဒီဟာကို မြင်လာရင် ဒိဋ္ဌိတွေဟာ ကျွတ်လာပြီ။ အဲဒီလို ဒိဋ္ဌိကြီးတွေ ကျွတ်လာရင် ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်၊ အကျင့်သီလစစ် တွေကို တွေ့လာ တော့မယ်။ ဒါကြောင့် ဒီသဘာဝ တွေကို မြင်အောင် ရှုပါ။

ဒီတော့ 'အကျိုးငြိမ်း'ဆိုရင် 'ပစ္စုပ္ပန် ဝေဒနာလေး'ကို ညာတပရိညာ အနေနဲ့ သိမ်းထားပြီ။ ဒါက တကဏ္ဍပါ။ နောက် ဝိပဿနာကို တက်ရဦးမယ်။ ယခု ဒီနေရာက ကလျာဏမျက်စေ့ ဖွင့်ပေးတာပါ။ နောက် သမ္မသနညာဏ်ကစပြီး ဝိပဿနာအလုပ်ကို တက်ရဦးမယ်။

ဝိပဿနာညာဏ်ရဲ့အစဟာ သမ္မသန ညာဏ်ပါ။ အဲဒီကနေ တဆင့် တက်လိုက်တော့မှ ဥဒယဗ္ဗယ ညာဏ်ကြီးမှာ "ပညာမြင် ဖြစ်-ပျက်"ကို သွားတွေ့မယ်။ အဲဒါကို အပိုင် တွေ့လာရင် စူဠသောတာပန် ဖြစ်ပြီ။ အဲဒီမှာ တကဏ္ဍထားပါတယ်။

စူဠသောတာပန် ဖြစ်သွားရင်ဘဲ အကျိုးတရားတွေထွက်လာပြီ။ အဲဒါ....

= ဣမိနာဉာဏေန၊ ဤညာဏ်ဖြင့်။ သမ္မန္နာဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ ဘုရားရှင်သာသနာတော်၌။ လဒ္ဓသာသော၊ ရအပ်သောသက်သာရာ ရှိသည် ဖြစ်၍။ နိယတဂတိကော၊ မြဲသောဂတိ ရှိသည် ဖြစ်၍။ စူဠ သောတာပန္နော နာမ၊ စူဠ သောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏-လို့ ဟောကြား လာပါတယ်။

နောက်ဒီကနေပြီးတော့မှ 'မဂ်'ကို တဆင့် တက်ရ ပါတယ်။ ဝိပဿနာကို တက်တဲ့အခါမှာ အကြောင်းပြတ် ဖြစ်တဲ့ အဗျာပါရ အနတ္တက ထွက်လာတဲ့ သဘာဝနဲ့ ရှေ့ကိုတဆင့် တရားတက်ရပါ တော့မယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

" သာဓု....သာဓု....သာဓု.... "

(မှတ်ချက်) ဤတွင် "နာမရူပပရိစ္ဆေဒညာဏ်၊ ပစ္စယပရိဂ္ဂဟညာဏ် တို့၏" လုပ်ငန်းစဉ် ဖြစ်သော ပဌမရုပ်နာမ်ပိုင်း တလ ဟောစဉ်သည် ပြီးဆုံးပါပြီ။



# ပုံစံ နံပါတ် (၁၀)



# ပုံစံ နံပါတ်(၁၀)

## ဝါခေါင်လဆန်း (၁၀) ရက်နေ့ ဟောစဉ်

## သမ္မသနညာဏ်၊ ခန္ဓာပိုင်း။

မနေ့က တရားဟောစဉ်မှာ "မာနိုင်တယ်၊ ပူနိုင်တယ်" ဆိုတဲ့ ခါတ်လေးပါးတို့ရဲ့ သဘာဝ တွေဟာ မမာနိုင် မပူနိုင်တော့ဘဲ ဇာတ်သိမ်းသွားပြီ။ အဗျာပါရသဘာဝအနတ္တမှာ တရားဥက္ကောင်း ကျခဲ့ပြီ။ ဒီနေ့ ဝိပဿနာ စခမ်းကို တက်လှမ်းရတော့မယ်။

**ဝိပဿနာ စခမ်း။** ဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါးဟာ ဘယ်က စပြီးတော့ တည်သလဲ။ (ဝါ) ပြဋ္ဌာန်းသလဲ။ အဲဒီ သဘာဝကို သိရမယ်။ ဒီသုံးပါးဟာ ဘယ်ကစပြီး ထွက်ရသလဲဆိုတာကိုလဲ နှိုက်ရမယ်။ သဘာဝညာဏ်ရှိတဲ့ ယောဂီဟာ (ဝါ) နာမရူပ ပရိစ္ဆေဒညာဏ်နဲ့ ပစ္စယပရိဂ္ဂဟညာဏ်ပိုင်တဲ့ ထိုယောဂီဟာ မိမိရရှိထားတဲ့ သုတမယ ညာဏ်ဖြင့် လိုက်ပြီးတော့ ကြည့်ရမယ်။ အခု ထုတ်ထားတဲ့ ပုံစံ (၁၀)ကိုလဲ သေသေချာချာ ကြေညက်အောင် ကြည့်ပါ။

သမ္မသနညာဏ် ဆိုတာဟာ စူးစမ်းဆင်ခြင်ရှာဖွေတဲ့ ညာဏ်ပါ၊ ဘုရားရှင် ကိုယ်တော်မြတ် ကြီးက ဒီသမ္မသန ညာဏ်မှာ ဘယ်လို ဟောထားသလဲ ဆိုရင် "အတီတာ နာဂတ ပစ္စုပ္ပန် အဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ သြဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ"လို့ ဟောကြားတော် မူပါတယ်။

အဲဒါ အနတ္တ လက္ခဏာသုတ်ကို တက်တော့မယ်ဆိုရင် ဒီနေရာက စပြီး ကိုင်ရ ပါတယ်။ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပြထားသော်လဲဘဲ၊ စာအုပ် ထဲမှာ စာနဲ့ ရေးယားလို့သာ သိတာဘဲ ရှိတယ်။ ဘယ်ကစပြီးတော့ ဖြစ်တယ်။ ဘယ်သူက ပြဋ္ဌာန်းတယ်ဆိုတာကို မသိကြဘူး မဟုတ်လား။

**သန္တတိဆိုတာ။** လက္ခဏာယာဉ်သုံးချက်နဲ့ ကာလ သုံးပါး သဘာဝကို သိအောင်လို့ အခု သမ္မသန ညာဏ်နဲ့ ဆင်ခြင်တော့မယ်။ အခုပုံစံက 'သန္တတိကိုမြင်အောင်' ပြထားတာပါ။ ရှေးတုန်း အခါက တရား ပေးကြတဲ့ ဆရာတွေကတော့ "သန္တတိ ရုပ်နာမ်" ကို ဥပမာ အနေနဲ့ ပြတဲ့အခါ "သဲချောင်း၊ ရေစီးကြောင်း၊ မြစ်ရေအလျှင်၊ ဆီမီးလျှံ" တို့ကို ဥပမာထားပြီးတော့ သန္တတိရုပ်နာမ်ကို ပေါ်လွင်အောင်လို့ ပြခဲ့ကြပါတယ်။

ဒီတော့ 'သန္တတိ' ဆိုတာ ဘယ်ဟာလဲ ဆိုတာကို ရှာရတော့မယ်။ ကိုင်း.... ပဌမ တရားစလာတာဟာ ပထဝီဓါတ် ဖြစ်တဲ့ ဓါတ်လေးပါးကို မြူလေးပါးနဲ့ ချေပြီးတော့ ဌာန်လေးချက်နဲ့လဲ သတ်လိုက်ရော ပစ္စယပရိဂ္ဂဟညာဏ်မှာ ကြောင်း, ကျိုး အနေနဲ့ ဝင်လာကြတယ်။

အဲဒီ ကြောင်း,ကျိုးကို ပစ္စယ ပရိဂ္ဂဟ ညာဏ်ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ နည်းလေးပါးနဲ့လဲ သိမ်းလိုက်ရော၊ အဲဒါအကြောင်းပြတ်အကျိုးငြိမ်း ဆိုပြီးတော့ သမ္မသန ညာဏ်ထဲကို တရားခံလေးဟာ ဝင်လာပြီ။ အဲဒါ နိမိတ် (၁၁)ချက်ထဲမှာ ဝင်ပြီးတော့ပုန်းနေပြီ၊ သန္တတိရုပ်နာမ်လေးဟာ နိမိတ် (၁၁)ချက်ထဲမှာ ဘယ်လို ပုန်းနေသလဲ။ အဲဒါကို စဉ်းစားရမယ်။ ဝိပဿနာတရားဟာ ဒီကအစဘဲ။

**သန္တတိရုပ်နာမ်နှင့် နိမိတ် ၁၁-ချက်။** နိမိတ် (၁၁)ချက် ဆိုတာကတော့ (၁) အတိတ်၊ (၂) အနာဂါတ်၊ (၃) ပစ္စုပ္ပန်၊ (၄) အတွင်း၊ (၅) အပြင်၊ (၆) အကြမ်း၊ (၇) အနု၊ (၈) အယုတ်၊ (၉) အမြတ်၊ (၁၀) အဝေး၊ (၁၁) အနီး၊ ဆိုတဲ့ နိမိတ် ၁၁-ချက် ထဲမှာ သန္တတိရုပ်နာမ်ဟာ ဘယ်လို ပုန်းနေသလဲ?။ ဒါကို စဉ်းစားပါ။ ဒီတော့ နောက်တုန်းက ချေလာတာကို ပြန်ကြည့်လိုက်လို့ ရှိရင် ပထဝီဓါတ်လေးဟာ နာမရူပ ပရိစ္ဆေဒ ညာဏ်တုန်းက ဌာန်လေးပါးနဲ့ ချေခဲ့တယ်။ နောက် ပစ္စယ ပရိဂ္ဂဟညာဏ်တုန်းကလဲ နည်း၄ပါးနဲ့ ချေလာခဲ့တယ်။

အဲဒါ ပထဝီ ဓါတ်လေးဟာ သေတယ်လို့ ပြောနိုင်သော်လဲ၊ စင်စစ်တော့ မသေသေးပါ။ နာမည် ပြောင်းပြီးတော့ နိမိတ် ၁၁-ချက်ထဲမှာ သညာပြဋ္ဌာန်းပြီး ပုန်းနေပြီ။ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နိမိတ် ၁၁-ချက်ကို ထုတ်ဖေါ် ပြပြီး ဟောခဲ့တယ် မဟုတ်လား။ အဲဒီလို ပထဝီဓါတ်လေးဟာ အမည် ပြောင်းပြီးတော့ ပုန်းနေတာကို 'နိမိတ္တ'လို့ ခေါ်တယ်။

အဲဒီ နိမိတ္တ ၁၁-ချက်ကိုဖျက်ပစ်ရမယ်။ အဲဒီ နိမိတ်ကို ဖျက်လိုက် တော့မှ ဒီနိမိတ်ထဲမှာ ပုန်းနေတဲ့ ပထဝီဓါတ်လေးကို (ဝါ)သန္တတိ ရုပ်နာမ် လေးကို တွေ့လာမယ်။ "ရုပ်ရိပ်၊ နာမ်ရိပ်၊ သညာရိပ်၊ ဝိညာဉ်ရိပ်" လေးကို လာတွေ့ တော့မယ်။ ဒီအခါကြမှ သူ့ကို ဖမ်းပြီးတော့ ဥဒယဗ္ဗယ ခုံရုံးကြီးသို့ တင်ရတော့မယ်။

ဒီတော့ သမ္မသနညာဏ် ဆိုတာက စူးစမ်းဆင်ခြင်တဲ့ညာဏ်ပါ။ ဒီညာဏ်ကနေ တရားခံကိုလဲ တွေ့လိုက်ရော အဲဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ချပြီးတော့မှ ပညာမြင် ဥဒယဗ္ဗယ ခုံရုံးကြီးကို ပို့ရမယ်။ ပညာမြင် ဥဒယဗ္ဗယက တရားခံကို အနတ္တနဲ့ သိမ်းလိုက် တော့မှ အဲဒီ ဒုတိယ တလ လုပ်ငန်းစဉ်ကြီး ပြီးပါတယ်။ (တနည်း) ခန္ဓာပိုင်း လုပ်ငန်းစဉ်ကြီး ပြီးပါတယ်။

ဒီတော့ ဒီနေရာမှာ နောက်က နာခဲ့တဲ့ တရားအားနဲ့ တအား ကြိုးစား တက်ရတော့မယ်။ ဒီပညာမြင် ဥဒယဗ္ဗယကြီးကိုပိုင်လာရင် တိဟိတ်ပုဂ္ဂိုလ် ဖြစ်လာပါပြီ။ သန္တတိ ဆိုတာဟာ ဘယ်ဟာကို ခေါ်သလဲ။ အဲဒါကို ရှာရမယ်။ နောက်အတိတ်မှာ ဘယ်သန္တတိ ရှိသလဲ?။ အနာဂါတ် ပစ္စုပ္ပန် တို့မှာလဲ ဘယ်သန္တတိ ရှိသလဲ?။ နိမိတ် ၁၁-ချက်မှာ သန္တတိရုပ်က ဘယ်လို ပုန်းအောင်း နေသလဲ မြင်အောင် ကြည့်ပါ။

ဒီတော့ ပထမ ရောတည်လာတဲ့ ပထဝီဓါတ်လေးဟာ နာမရူပ ပရိစ္ဆေဒ ညာဏ်တုန်းက ဌာန်လေးချက်နဲ့ သတ်သော်လဲမသေဘဲနဲ့ အကျိုးအကြောင်း ဆိုပြီးတော့ ပစ္စယ ပရိဂ္ဂဟညာဏ်ထဲကို ဝင်လာ တယ်။ နောက် ဒီပစ္စယ ပရိဂ္ဂဟညာဏ်ကလဲ အကျိုးအကြောင်းကို နည်း လေးပါးနဲ့လဲ သိမ်းလိုက်ရော၊ အဲဒါ သမ္မသနညာဏ်ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ နိမိတ် ၁၁-ချက်ထဲမှာ ဝင်ပုန်းနေပြီ။

ဒီတော့ အောက်ညာဏ် တွေက ချေခဲ့တာ ဆိုလျှင် သဘာဝ ရုပ်နာမ်သာလျှင် ကျေခဲ့သေးတယ်။ အခု သန္တတိရုပ်နာမ်အနေနဲ့ နိမိတ် ၁၁-ချက်ထဲ ပုန်းနေတဲ့ ပထဝီ ဓါတ်လေးဟာ သုဉ်းဆိတ် နေသေ်လဲ သဘောကတော့ မသုဉ်းဆိတ်ပါ။ အဲဒါ အမည် တမျိုး၊ ပုံစံတမျိုးနဲ့ နိမိတ် ၁၁-ချက်ထဲမှာ ဝင်နေပြီ။

ဒီတော့ အတိတ်မှာပုန်းနေတဲ့ သန္တတိ၊ အနာဂါတ်မှာပုန်းနေတဲ့ သန္တတိ၊ ပစ္စုပ္ပန်မှာ ပုန်းနေတဲ့ သန္တတိဟာ ဘယ်ဟာလဲ?။ ဒါကို ကိုယ်ပိုင်ညာဏ်နဲ့ ထုတ်ပြီးတော့ ရှာရတော့မယ်။ ဒါကို တွေ့ရင် လုပ်ငန်းစဉ် တက်လို့ရပြီ။ အရင် နာမရူပ ပရိစ္ဆေဒညာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟညာဏ်က သတ်ခဲ့ပေမဲ့ တကယ် မသုဉ်းဆိတ်သေးပါ။ အခု သမ္မသန ညာဏ်ထဲမှာ ဝင်ပုန်းနေပြီ။ သေသေချာချာ တွေးပါ။

ဒါတွေကို တခုစီ ခွဲထုတ်ရတော့မယ်။ အခု သမ္မသန ညာဏ်နဲ့ ဥဒယဗ္ဗယညာဏ်ကို တလသင်တန်းအနေနဲ့ လုပ်ငန်းစဉ်ပေးပါမယ်။ ဒါမှ တရားကို မတွေ့ရင် အဲဒါ မခက်ဘူးလား။ ဒီတော့ နိမိတ် ၁၁-ချက်ထဲမှာ ရုပ်ကိုမမြင်အောင် ရုပ်ကဘဲ ဖုံးထားတယ်။ (ဝါ) သန္တတိ ရုပ်ကို မမြင်အောင် သဘာဝက ဖုံးထားတယ်။ (ဝါ) ပရမတ်ရုပ်ကို မမြင်အောင် ပညတ်ရုပ်က ဖုံးထားတယ်။

ဒီတော့ ရုပ်အစရှိတဲ့ အရိပ်တွေကို အရင် ရှာရမယ်။ ဒါကို ရှာပြီးတော့မှ ဒီရုပ်ရိပ် နာမ်ရိပ်မှာ ပုန်းနေတဲ့ သန္တတိလေးကို ဆွဲထုတ်ရတော့မယ်။

ရုပ်နာမ်ဟာ ၃ မျိုး ရှိပါတယ်။

၁။ **သဘာဝ ရုပ်နာမ်** ဆိုတာ သညာဝိညာဉ်နဲ့ ဆွဲပြီးတော့ ထားတဲ့ "မာတယ်၊ ပူတယ်" ဆိုတဲ့ ရုပ်နာမ်ပါဘဲ။ အဲဒါ သစ်တ လောကကြီးမှာ ပေါ်ထွက်နေတဲ့ သဘောတွေပါဘဲ။

၂။ **သန္တတိရုပ်နာမ်** ဆိုတာကတော့ အစဉ်မပြတ် သညာက ပြုဋ္ဌာန်းပြီးနေတဲ့ သဘောပါ။

၃။ **အာရုံ အာရမ္မဏိကရုပ်နာမ်** ဆိုပြီးတော့သုံးမျိုးရှိပါတယ်။

ဒီတော့ ဝိပဿနာ တရားကို ဆင်ခြင် နှလုံးသွင်းသည် ဖြစ်စေ၊ အာနာပါန တရားတော်ဘဲ အားထုတ်သည် ဖြစ်စေ၊ ဒီရုပ်နာမ် တွေကို အရင် လာတွေ့တာဘဲ။ သဘာဝ ရုပ်နာမ်ဟာ သခ်ိတ လောကကြီးမှာ ပေါ်နေတဲ့ "မာသဘော၊ ပူသဘော" အစရှိတဲ့ သဘာဝတွေကို ခေါ်တယ်။

ဒီတော့ ရုပ်နာမ်ကို နာမရူပ ပရိစ္ဆေဒညာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟ ညာဏ်တို့က ဌာန်လေးချက်နဲ့လဲ ချေလိုက်ရော၊ ရုပ်နာမ်ဟာ သေပြီးတော့ အဲဒါ သန္တတိရုပ်နာမ်လို့ အမည် ပြောင်းလာတယ်။ အခု သန္တတိ ရုပ်နာမ် ဆိုတာဟာ သညာက ပြဌာန်းတဲ့ ရုပ်နာမ်ပါ အဲဒီသဘာဝကို ရှာလိုက်မှ သန္တတိရုပ်နာမ်ကို လာတွေ့ တော့မယ်။

ဒီတော့ 'သန္တတိရုပ်နာမ်ကို' မမြင်အောင် နိမိတ် ၁၁ ·ချက်က ဖုံးထားတယ်။ အဲဒီ နိမိတ် ၁၁-ချက်ကို ဖျက်ပြီးမှ (၀၁)ခွဲပြီးတော့ ရှာမှ၊ သန္တတိရုပ်နာမ်ကို လာတွေ့တော့မယ်။ အဲဒါကို တွေ့ပြီး သတ်လိုက်တော့မှ ဒီ 'သန္တတိ' ရုပ်နာမ်ဟာ သုဉ်းဆိတ် ပြီးတော့ ဝိညာဉ်ကြီး ပြဌာန်းပြီး ပေါ်လာတဲ့'အာရုံအာရမ္မဏိကရုပ်နာမ်'ကို လာတွေ့တော့မယ်။

ဒီတော့ ဒီရုပ်နာမ်တွေဟာ အထွက်သဘော၊ အဝင် သဘော ကြီးတွေ ဖြစ်နေကြတယ်။ အဲဒါ ပရိယတ် ဘက်က ဝီထိ တွေနဲ့ ပြပါတယ်။ အဲဒါ ဝီထိ ရုပ်နာမ်ကြီးလို့ ခေါ်တယ်။ အဲဒီဟာကို လုပ်ငန်းစဉ် အနေနဲ့ ဝင်လာတဲ့ အစဉ် သဘော ထွက်နေတဲ့ အစဉ် သဘော ဖြစ်တဲ့ သန္တတိ ရုပ်နာမ်၊ ဝီထိ ရုပ်နာမ်၊ အာရုံ အာရမ္မဏိက ရုပ်နာမ်၊ ဘဝင် ရုပ်နာမ် ခေါ်တယ်။

ဒီတော့ နာမရူပ ပရိစ္ဆေဒညာဏ်နှင့် ပစ္စယပရိဂ္ဂဟညာဏ်က ချေလိုက်တာက သဘာဝရုပ်နာမ်လို့ ခေါ်တယ်။ ဒီရုပ်နာမ်လဲ ကြေသွားရော သန္တတိရုပ်နာမ်ကြီးဟာ ပေါ်တော့မယ်။ သဘာဝ ရုပ်နာမ်ကို အားပေးနေတဲ့ သန္တတိရုပ်နာမ်ကြီးကို လာတွေ့တော့ မယ်။ အဲဒီလို လိုက်စစ်ပြီး တရားခံကို ရှာသွား တာဟာ "မဂ်" ကြမှ "တရားခံ အစစ်ကို" လာတွေ့ တော့မယ်။ ဒီတရားခံကို သတ်လိုက်တော့မှ မဂ်ကို ဝင်လို့ရမယ်။

ဒီတော့ ဝိပဿနာရဲ့ လုပ်ငန်းစဉ်ဟာ ရုပ်နာမ်ကို ပိုင်လာမှ သာလျှင် ဥဒယဗ္ဗယ ဉာဏ်ကြီးကို ပိုင်တယ်လို့ ဆိုရမယ်။ ဥဒယဗ္ဗယရဲ့ လုပ်ငန်းစဉ်ကြတော့ အဲဒါ ရုပ်နာမ်လို့ မပြောတော့ပါ။ ရေသောက်မြစ် အနေနဲ့သာ ပြောတော့မယ်။

**တရားတက်စဉ် အမည်ပြောင်းပုံ။** ဝိပဿနာ ပညာ ဆိုတာ ရုပ် နာမ် သုဉ်း ဆိတ် တဲ့ သဘောပါ။ ( တနည်း ) ဥဒယဗ္ဗယ ဉာဏ်ကို ပိုင်ရင် ရုပ်နာမ် သုဉ်းဆိတ်သွားပြီး အဲဒီလို တရားရဲ့ တက်စဉ်လေးတွေ အမည်ပြောင်းလွဲလာတာလေးတွေကိုလဲ နားလည်ထားရမယ်။

နောက် ရုပ်နာမ် သုံးပါးကိုလဲ နားလည်ထားရမယ်။ နောက် သန္တတိရုပ်နာမ်ကိုလဲနားလည်ထားရမယ်။ သန္တတိကိုမတွေ့အောင် ဖုံးထားတဲ့ နိမိတ် ၁၁-ချက်ကို နားလည်ရမယ်။

ဒီတော့ 'သန္တတိ' ရုပ်နာမ်ကို ရှာတဲ့အခါမှာ ဒီနိမိတ်၁၁-ချက် ထဲမှာ ရှာရမယ်။ ဒီလိုရှာလို့ သန္တတိရုပ်နာမ်ကိုလဲ တွေ့ရော ဒါကို ပယ်သတ်လိုက်တော့မှ အာရုံအာရမ္မဏိက ရုပ်နာမ် ဆိုပြီးတော့ ပေါ်ထွက်လာ တော့မယ်။ ဒီကနေပြီးတော့မှ ဥဒယဗ္ဗယကြီးကို တက်ရပါတယ်။

ဒီတော့ **သင်နည်း မှတ်ချက်** အနေနဲ့ ယူထားဘို့ကတော့ ဒီသဘောတွေ ပါဘဲ။

၁။ သန္တတိရုပ်နာမ်ကို ရှာရမယ်။

၂။ သန္တတိ ရုပ်နာမ်ကို မတွေ့အောင် ဖုံးထားတဲ့ နိမိတ် ၁၁-ချက်ကိုလဲ ရှာရမယ်။ (ဝါ) သိရမယ်။

၃။ နောက် 'ရုပ်ရိပ်က ထွက်နေတဲ့ သန္တတိ'၊ 'နာမ်ရိပ်က ထွက်နေတဲ့ သန္တတိ' တွေကိုလဲ ရှာရမယ်။

အဲဒီလို ရှာလိုက်တော့မှ သမ္မသန ဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို ကျေလာမယ်။ အခု ပြောခဲ့တဲ့ ဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို ရှာနိုင်လာရင်၊ အဲဒါအာနာပါနနည်းနဲ့ရုပ်နာမ်ကို ရှာနေဘို့ မလိုတော့ပါဘူး။ ရှေ့ကို ဝိပဿနာရဲ့ လုပ်ငန်းစဉ်တွေနဲ့ တက်သွားနိုင်ပြီ၊ ဒါကိုမှ မရှာနိုင်ရင်၊ အဲဒါ အာနာပါနကို ပြန်လုပ်ရ ဦးမယ်။ အာနာပါနနည်းနဲ့ ရုပ်နာမ်ကို ရှာရဦးမယ်။

ကိုင်း.... သမ္မသန ဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို သဘောပေါက်အောင်၊ ဝေဘန်နိုင်အောင် ဆရာတော် အကျဉ်းနည်းနဲ့ပြောခဲ့ပြီ၊ ကမ္မဋ္ဌာန်း တိုက်ထဲမှာရောက်တဲ့အခါသေသေချာချာ စဉ်းစားပါ။

ကိုင်း....သာဓုခေါ်ကြပါတော့....

"သာဓု....သာဓု....သာဓု"

ဝါခေါင် လပြည့်ကျော် (၂)ရက်နေ့ ဟောစဉ်

**မျက်ခြေမပြတ်စေနဲ့။** သမ္မသန ဉာဏ်ရဲ့ လုပ်ငန်းစဉ် ဖြစ်တဲ့ နိမိတ် ၁၁-ချက်ကို ဝေဘန်လိုက်ရင် ပုံစံနံပါတ် (၁၀) အတိုင်း ဖြစ်လာပါတယ်။ ဒီတော့ ကလျာဏ ပုဂ္ဂိုလ်ဟာ "အကြောင်းပြတ်၊ အကျိုးငြိမ်း" ဆိုပြီး တက်လာတဲ့ သဘာဝကိုမျက်ခြေမပြတ်စေနဲ့။ မျက်ခြေ ပြတ်သွားရင် ဥဒယဗ္ဗယ ဉာဏ်ကြီးကြတော့ တရားခံကို မတွေ့တော့ဘဲ တခါထပ်ရှာ နေရလိမ့်ဦးမယ်။

ကိုင်း.... ဒီတော့ "အကြောင်းပြတ်,အကျိုးငြိမ်း" ဆိုတာ ဟာ ဘယ်ဟာလေးကို ခေါ်သလဲ။ အဲဒီကနေ အခြေခံ ထားပြီးတော့ တက်ရမယ်။ ဝိပဿနာကို အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ လမ်းနှစ်သွယ် ရှိတယ်။ ၁၊ သမထ ယာနိကလမ်း။ ၂၊ သုဒ္ဓဝိပဿက ယာနိကလမ်း ဆိုပြီးတော့ နှစ်မျိုးရှိတယ်။

သမထယာနိကလမ်း ဆိုတာက သမထကို အားထုတ်ပြီးတော့ ပဋမစျာန် စသည်ဖြင့် စျာန်တွေကို ရပြီးတော့ မဂ်တရား၊ ဖိုလ်တရားကို တက်သွားတဲ့ လမ်းကို ခေါ်တယ်။

သုဒ္ဓဝိပဿက ယာနိကလမ်းကြတော့ ဝိပဿနာညာဏ်စဉ်နဲ့ လိုက်ပြီးတော့ တက်ရမယ်။ ယခု သာသနာတော် နောက်ပိုင်းမှာ သမထယာနိက လမ်းဟာ ကွယ်ပျောက်နေပြီ။ ဝိပဿနာယာနိက လမ်းသာလျှင် ထွန်းပေါ်လာတော့တယ်။

ဒီတော့ ယခု ဝိပဿနာကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ စျာန်တရားတွေကို မရတော့ဘူး။ မဂ်တရား ဖိုလ်တရားတွေကိုသာ ရနိုင်တော့တယ်။ သမ္မသနညာဏ်ကို တက်တဲ့ အခါမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူပါတယ်။ အဲဒီ အနတ္တလက္ခဏသုတ် မှာလဲ နိမိတ် ၁၁ - ချက်ကို ထုတ်ပြ ထားပါတယ်။ နိမိတ် ၁၁ - ချက်ကို ဝေဘန် လိုက်ရင် အင်မတန်မှ ကျယ်ဝန်းပါတယ်။

ဒီတော့ ဘာ့ကြောင့် နိမိတ် ၁၁-ချက်ကို ထုတ်ရသလဲ။ ပဋိသမ္ဘိဒါမဂ်ကြီး ကြတော့ အင်္ဂါ ၁၂ - ပါး ဆိုပြီးတော့ ထုတ်ထား ပြန်တယ်။ နိမိတ် ၁၁-ချက်ကို ရှာမဲ့ပုဂ္ဂိုလ်ဟာ ဘာကို နားလည်ရမလဲ?။ ကလျာဏ ဘုမ္မိထဲက ပြခဲ့တဲ့ အကြောင်းပြတ် အကျိုးငြိမ်း ဆိုတာဟာ ဘယ်လိုရှိသလဲ ဆိုရင်....။

(ဥပမာ) လဘက်ရေ ပုဂံကို ကြည့်လိုက်ပါ။ ကိုယ့်ရဲ့ သညာ ဝိညာဏ်ကို သိမ်းဆည်းထားလိုက်ရင် သူ့မှာ "အကျိုးငြိမ်း"လေး ဖြစ်မနေ ဘူးလား။ အဲဒီလို ဘဲ သူ့မှာကို သုဉ်း ဆိတ် နေပြီ။ ခွက်လေးပါးဟာ မာတယ်၊ ပူတယ်လို့ ပြောနေကြတယ်။ အဲဒါ သညာဝိညာဉ်နဲ့ ပေါင်းလိုက်မှ မာတယ်၊ ပူတယ်လို့ ပြောလို့ ရတာဘဲ မဟုတ်လား။

(တနည်း) မာတယ်, ပူတယ်လို့ ဆိုတာဟာ ဓါတ်ကြီးလေးပါး ပေါင်းလိုက်တာဘဲ မဟုတ်လား။ ဒီဓါတ်လေးပါးကို သူ့ဟာသူ ထားပြီးတော့ သညာဝိညာဉ် အနေနဲ့ မပေါ်ရင်၊ မဆွဲရင်၊ အဲဒါ မာတယ်, ပူတယ်လို့ ပြောနိုင်သေး သလား?။ မပြောနိုင်ပါ။ အဲဒါဟာ အဗျာပါရ အနတ္တဘဲ မဟုတ်လား။ သညာ ဝိညာဉ်ဟာ "အကြောင်း အနေနဲ့" ရှိနေတာဘဲ မဟုတ်လား။

ဒီတော့ အကျိုးဟာ ဘယ်မှာ ငြိမ်းနေသလဲဆိုတော့ ကလျာဏ ဘုမ္မိမှာကို ငြိမ်းနေပြီ။ ဒီသဘာဝကို ဆွဲထုတ် လိုက်ရင် အဲဒါ ဗဟိဒ္ဓမှာ ရှိနေကြတဲ့ ဟာတွေဟာ ပစ္စုပ္ပန်လေး အနေနဲ့သာ ရှိတော့တယ်။ မျက်စေ့ အကြည်လေး တွေက လာဆွဲရင်လဲ လက်ခံတယ်။

ဒီတော့ အကြည်ရဲ့ ဆွဲရာကို သူကတော့ လိုက်တော့ တာဘဲ။ သူ့ရဲ့ သဘာဝကတော့ 'အကျိုးပစ္စုပ္ပန်လေး'သာ ရှိတော့တယ်။ 'အကြည်'နဲ့ တွေ့ရင် ညွှတ်ခံတော့မှာဘဲ မဟုတ်လား။ သူ့မှာကို ဗျာပါရလေးဟာ ကင်းနေပြီ။ ပစ္စုပ္ပန်သဘောဟာ ဘာမျှ မလုပ် နိုင်တဲ့အတွက် အဲဒါ "အကျိုးကောင်လေး"ဘဲ မဟုတ်လား။

**ဉာဏ်နုန့်သူတွေ အတွက်။** အန္ဓပုထုဇဉ်တွေက ဒီကောင်လေး ဟာ လုပ်နိုင် တယ်လို့ ထင်နေ ကြတယ်။ အဲဒီဟာကို ပျောက်အောင်လို့ လဘက်ရည် ပုဂံကို ဥပမာ ပြုပြီးတော့ မှူလေးပါးနဲ့ခွဲ၊ ဆိုပြီးတော့ တရားတော်ကို စလာရတာ မဟုတ်လား။ အဲဒါဟာ ဉာဏ်ကြီးတဲ့ သူတွေအတွက် မဟုတ်ပါ။ ဉာဏ်သေးတဲ့၊ ဉာဏ်နုန့်တဲ့သူတွေ အတွက် ခွဲနေရ တာပါ။

ဉာဏ်ကြီးတဲ့ သူတွေ အတွက်ကတော့ ဒီလို မခွဲ ရပါဘူး။ သဘာဝလေး အနေနဲ့ ထုတ်လိုက်ရင်ဘဲ 'အကြောင်းပြတ်၊ အကျိုး ငြိမ်း' ဆိုပြီးတော့ ဖြစ်လာကြတယ်။ အခု "ပစ္စုပ္ပန်အကျိုးလေး" အနေနဲ့ ပေါ်နေသေးတယ်။ ဘာ့ကြောင့် (အကျိုးပစ္စုပ္ပန်)လို့ ခေါ်သလဲဆိုရင် အကြောင်းဟာ ပြတ်နေတဲ့ အတွက်ကြောင့် သူ့ကို **အကျိုးပစ္စုပ္ပန်**လို့ ခေါ်တယ်။

ဒီတော့ အကျိုး ပစ္စုပ္ပန်လေးဟာ မနေ့က ဟောခဲ့တဲ့ နိမိတ် ၁၁-ချက်ထဲမှာ ဝင်ပြီးတော့ ပုန်းနေတယ်။ ဒီတော့ 'အကြောင်း ပြတ်' ဆိုတဲ့ ဟာကို ဖွင့်ပြဦးမယ်။ အကြောင်းကို အဗျာပါရ အနတ္တနည်းနဲ့ သိမ်းလိုက်တဲ့ အခါမှာ ထိုသဘော ရှိက ဤသဘော ရှိတယ်ဆိုတာ ပြောလာတော့တယ်။

ဒီတော့ အကျိုးတရားကို မေးတဲ့ အခါမှာ "ဟေ့ အကျိုး တရား မင်းကို အကြောင်းတရားက ဖြစ်စေတာလား"လို့ မေးရင် သူက ပြောမယ် "ကျွန်တော်ဟာ အကြောင်းတရားက ဖြစ်တာ မဟုတ်ပါ၊ သူကလဲ ရုပ်ဘဲ၊ ကျွန်တော်ကလဲ ရုပ်ဘဲ"

ဒီတော့တခုသောရုပ်သဘာဝလေးက တခုသောရုပ်သဘာဝကို မဖြစ်စေ နိုင်ပါလို့လဲ ပြောလိုက်ရော အဲဒါ အကြောင်းကြီးကို ခေါ်ပြီးတော့ "မင်းဟာ အကျိုးကိုလဲ မဖြစ်နိုင်ဘဲ၊ ဘာကြောင့် အကြောင်းလို့ ပြောရသလဲ၊ မင်းဟာ အဗျာပါရကြီးဘဲ မဟုတ် လား"လို့ ဆိုပြီးတော့ အဲဒီလို အဗျာပါရနဲ့ သိမ်းလိုက်ရော အဲဒါ'ဤသဘောရှိက,ထိုသဘောရှိတယ်'ဆိုပြီးညာဏ်ရောက်လာတဲ့ အခါမှာ အတိတ် အနာဂါတ် ထွက်လာပြီ မဟုတ်လား။

အဲဒါဟာ ဒိဋ္ဌိရဲ့သဘောလေးဘဲ၊ ဒီတော့သူ့ကို အနှစ်အသား အနေနဲ့ ရှာလို့ မရတော့ပါ။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ ဟိုဆွဲဒီဆွဲနဲ့ အဲဒါ တဦးကိုတဦး လက်ညှိုး ထိုးပြီး နေကြတာဘဲ မဟုတ်လား။ တဦးတည်း အနေနဲ့ ပြောနိုင် လာရင် အတ္တလေး ဖြစ်တော့မယ်။ အခု သူ့မှာ အတ္တ အနေနဲ့ မထွက် တော့ဘူး။ ဒိဋ္ဌိ အနေသာလျှင် ထွက်နေတော့တယ်။

ဒီတော့ သညာဝိညာဉ်ဟာ အလွန် ကြောက်စရာ ကောင်းပါ တယ်။ သူက လှည့်ပတ်မှု များတယ်။ ဒီလို အထင်မှားစရာတွေ ဖြစ်အောင် ဒီသညာ ဝိညာဉ်က လုပ်နေတာဘဲ မဟုတ်လား။ ဒီဟာကလဲ နောက်ဆုံးတော့ ဒိဋ္ဌိဇွဲတွေဘဲ မဟုတ်လား။ ထိုသဘော ရှိက ဤသဘော ရှိတယ် ဆိုတာကို သိအောင် နိမိတ် ၁၁-ချက်ထဲ ထည့်ကြည့်ပါ။ ထိုသဘောကိုလဲ ထည့်ကြည့်ပါ။

ဘယ်နေရာမှာ ဝင်မလဲ။ သူတို့ နှစ်ယောက်ဟာ ဘာကြောင့် ၁၁-ချက် ထွက်နေ သလဲ။ နိမိတ် ၁၁ ချက် ထဲမှာ ပုန်းနေတဲ့ သန္တတိလေးကို မတွေ့ကြ လို့ပါ။ အဲဒါ လူကြားကောင်းအောင် သာ တရားကို အားထုတ်နေကြတယ်။ တချို့ကလဲ စိပ်ပုတီးကြီးနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုပြီးတော့ လုပ်နေကြတာတွေဟာ ဘယ်မှာ ဝိပဿနာဉာဏ် ရောက်မလဲ။ သေသေချာချာ တွေးပါ။

ကိုင်း.... ဒီတော့ 'အကြောင်းပြတ်' က ထုတ်လာတဲ့ ပစ္စုပ္ပန် သဘောလေးနဲ့ ပေါင်းလိုက်တော့ ဒီသုံးခုဟာ နိမိတ် ၁၁-ချက် ထဲမှာ ဘယ်လို သွင်းမလဲ။ အခုလို သွင်းတော့မယ်ဆိုတော့ အတွင်း အပြင်က တတွဲ၊ အကြမ်းအနုက တတွဲ၊ အယုတ်အမြတ်က တတွဲ၊ အဝေးအနီးက တတွဲ၊ လေးတွဲရပါတယ်။

ဒီလေးတွဲကို ပစ္စုပ္ပန်လေး သွင်းလိုက်ပါလား။ ဘာကြောင့် သွင်းရသလဲ ဆိုရင် အဗျာပါရ အနတ္တနဲ့ ချေခဲ့သော်လဲ အကျိုး လေးဟာ ပစ္စုပ္ပန်လေး အနေနဲ့ ရှိနေလို့ပါ။ ဒီအကျိုးကလဲ လာပြီး ဆွဲလိုက်ရော "အကြည်က အတွင်း" "ပစ္စုပ္ပန် ရုပ်လေးက အပြင်" ဆိုပြီး ထွက်လာပြီ မဟုတ်လား။ အဲဒါဟာ ၈-ချက် ထွက်လာပြီ။

**အတွင်းအပြင် ဆက်ပုံ။** ဒီတော့နားမျက်စေ့ရှိတဲ့ သူတွေကလဲ ဒီအကျိုးရုပ် ပစ္စုပ္ပန်လေးကို ဆွဲလိုက်ရော၊ အဲဒါ အတွင်းအပြင် အနေနဲ့ ဆက်နေပြီ။ ဒါကို ဥတု သန္တတိလို့ ခေါ်တယ်။ အဆင်းဓါတ်လေးဟာ ငါ့ကို အကြည်ဓါတ် သမား လာပြီးတော့ ဆက်ရမှာဘဲ ဆိုပြီး စောင့်နေတယ်။

ဒီတော့ သညာဝိညာဉ်က မဆက်သော်လဲ မျက်စိ အကြည်၊ နှာခေါင်း အကြည်၊ တွေက ဆက်နေပြီ။ ဒီလိုလဲ ဆက်လိုက်ရော အတွင်းအပြင် ဆိုပြီးတော့ ဖြစ်နေပြီ။ အဲဒါ ဥတု သဘောလေးက ထွက်နေတဲ့အတွက် 'အတွင်းအပြင်' ဆက်နေပြီ။ ဒါကို **ဥတုသန္တတိလို့** ခေါ်တယ်။ ဒီဥတုလေးကို ဖျက်ရတော့မယ်။

အဲဒီလို ဥတုဆိုတဲ့ ခြေထောက်လေး ရှိနေတဲ့ အတွက် အဲဒါ အတွင်းအပြင် ဖြစ်နေတယ်။ သူ့ကိုဘယ်လိုဖျက်မလဲ၊ တရားခံဟာ ဒီမှာ ရှိနေတယ်။ ပစ္စုပ္ပန် အကျိုးရိပ်လေးဟာ ဥတု သဘော ရှိနေတဲ့ အတွက်ကြောင့် အကြည်လေးနဲ့ ဆက်စပ်လိုက်တဲ့အခါမှာ အတွင်းအပြင် ဆိုပြီးတော့ ပြောလာတော့တယ်။

အဲဒီလို အတွင်းအပြင်လို့လဲ ပြောလိုက်ရော အာဟာရ, စိတ်, ကံ,တို့ဟာလဲ တခါထဲ ပါလာတော့တယ်။ အာဟာရဆက်ကတော့ အကြမ်း,အနု ဆိုပြီး ဆက်လာ တော့တယ်။ စိတ်ကလဲ အယုတ်, အမြတ် ဆိုပြီး ဆက်လာတယ်။ ကံကလဲ အဝေး, အနီး ဆိုပြီး ဆက်လာတယ်။ ဒီတော့ဥတုသန္တတိ၊အာဟာရသန္တတိ၊စိတ်သန္တတိ၊ ကံသန္တတိ ဆိုပြီး အဲဒါ လေးကောင် တန်းပြီး ပေါ်လာ ပြန်ပြီ မဟုတ်လား။

ဒါဟာ ရေသောက်မြစ် လေးချက် အနေနဲ့ ချုပြီး ဆက်နေ ကြတယ်။ ဒီတော့ အကျိုး ပစ္စုပ္ပန်လေးက နိမိတ် ၈ - ချက် ထွက်လာပြီ။ အကျိုးဆက်ဆိုတာဟာ ဥတုဆက်၊ အာဟာရဆက်၊ စိတ်ဆက်၊ ကံဆက် တို့ကို အကျိုးဆက်လို့ ခေါ်တာ။ ဒီဟာ သေအောင် ချရတော့မယ်။ အကျိုး ပစ္စုပ္ပန်လေး သွင်းတဲ့အခါမှာ နိမိတ် ၈-ချက်ထဲကို သွင်းရမယ်။ အဲဒါကို လက်တွေ့နည်းအနေနဲ့ ရှင်းပြဦးမယ်။

သာဓုခေါ်ကြပါတော့....

" သာဓု....သာဓု....သာဓု "

## ဝါခေါင် လပြည့်ကျော် (၃) ရက်နေ့ ဟောစဉ်

ဒီ သမ္မသနဉာဏ်ရဲ့ လုပ်ငန်းစဉ်ကို နားလည်ကြပြီလား၊ သဘော ပေါက်ကြပြီလား၊ နားလည်ရင် အနိစ္စ - ဒုက္ခ - အနတ္တ တို့ဟာ သူ့အလိုလိုဖြစ်လာတော့တယ်၊ စိပ်ပုတီးကို လက်ကကိုင်ပြီးချနေတဲ့ အနိစ္စ,ဒုက္ခ,အနတ္တမျိုး မဟုတ်ဘူး၊ သညာဝိညာဏ်အနေနဲ့ ဗျာပါရ လုပ်ပြီး ချနေတာမျိုးမဟုတ်ဘူး၊ ဒီလိုလုပ်ကြတာတွေဟာ ဘယ်မှာ ဉက္ကောင်းကျသလဲဆိုတော့ ပညတ်ထဲမှာသာလျှင် ဉက္ကောင်းကျ တယ်၊ အဲဒါ ဘယ်မှာ ဟုတ်မလဲ၊ ပုတီးစိပ်တာသည်ပင်လျှင် အဲဒါ လောကီ သူတော်ကောင်း အနေသာ ဖြစ်နေတယ်၊ ကုသိုလ်ရရုံသာ ဖြစ်နေတယ်။

အာနာပါန တရားကို အားထုတ်မှသာ လောကီသူတော်ကောင်း အစစ်ပါ၊ ဒီတော့ ပုတီးစိပ်တယ် ဆိုတာဟာ၊ အာနာပါနထဲလဲ မဝင်၊ သမထထဲလဲမဝင်၊ ဝိပဿနာထဲလဲမဝင်ပါ၊ ဒီ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ တရားဓါတ်တွေဟာ အဗျာပါရအနေနဲ့ မိမိဉာဏ်မှာ ဦးခေါင်းကျရမဲ့တရားတော်ကြီးပါ။

**ဝိပဿနာပညာ ဆိုတာ** ဒီသဘာဝကို သညာ ဝိညာဉ်နဲ့ ဆွဲကိုင် လို့ မရပါ၊ရှေ့နာမရူပ ပရိစ္ဆေဒဉာဏ် တုံးက၊ အဗျာပါရ အနတ္တဓါတ်လေးမို့ ရုပ်,ရုပ်ခြင်း မဖြစ်နိုင်တဲ့ အတွက်၊ အဗျာပါရ အနတ္တဓါတ်နဲ့ ဖြတ်ချခဲ့တယ် မဟုတ်လား၊ သညာဝိညာဉ်နယ်ကြီးကသာ ငါလုပ်ရင် ရတယ်ဆိုပြီးတော့ အဲဒါ သညာဝိညာဉ်အနေနဲ့၊ဗျာပါရအနေနဲ့ သညာဝိညာဏ်နယ်ကြီးမှာ လုပ်နေတယ်၊ အဲဒါ ကိုယ်ပင်ပန်းမှု, စိတ်ပင်ပန်းမှုဆိုတဲ့ ဒုက္ခတရား တွေကို မတွေ့မြင်တော့ဘဲ ပြုလုပ်နေကြတော့တယ်။

သညာဝိညာဏ် သဘောက မိန်းမ, ယောကျ်ားလို့ ခေါ်တဲ့ နာမပညတ်လေးတွေ ကိုသာ ဆွဲကိုင် ထားကြတယ်၊ (ဥပမာ) ဦးသန်းအောင်,ဆိုတဲ့ နာမည်လေးဟာ ဒီရုပ်မှာ ရှိသလား၊ အဲဒါ

ရှိတယ်ဆိုရင် ဗေဒင်ဆရာဆီသွားပြီး အမည်ပြောင်းလိုက်မယ်၊ ဦးဖေအောင် ဆိုပြီးတော့ ပြောင်းလိုက်ရင် သူ့ကို ဘယ်လိုခေါ်မလဲ ဦးဖေအောင်လို့သာ ခေါ်မှာဘဲ မဟုတ်လား၊ ဒီရုပ်မှာ နာမည်လေးဟာ အမြဲရှိနေတယ်ဆိုရင် ဘယ်ပြောင်းလို့ရမလဲ။

ဒီရုပ်မှာ နာမပညတ်ဟာ အမြဲမရှိခြင်းကြောင့် နာမည်ပြောင်းလို့ရတာပါ၊ ဒီတော့ သညာဝိညာဉ်က ပညတ်ကို ဆွဲတာဟာ ထင်ရှားမရှိတဲ့သဘောပါ၊ ပညာက ပရမတ်ကိုဆွဲတာဟာ ထင်ရှားရှိတဲ့သဘောပါ၊ သညာဝိညာဉ်ရဲ့ ဗျာပါရ အနေနဲ့ ဆွဲထားတဲ့ သူဟာ ကောင်းကင်ကို လက်ဖွဲ့သတ်သမား၊ လက်ဖွဲ့သတ်နေတာနဲ့ မတူနေဘူးလား၊ (တနည်း) မျက်လှည့်ကြည့်နေတဲ့သူနဲ့ မတူဘူးလား။

ဒီတော့ ပရမတ္ထရဲ့ သဘာဝ ဆိုတာဟာ အဗျာပါရ အနတ္တ ဓါတ်ပါ၊ အဗျာပါရဆိုတာ ဗျာပါရမရှိတဲ့ ဓါတ်ပါ၊ အနိစ္စ,ဒုက္ခ, အနတ္တတွေဟာ ဒီပရမတ္ထ သဘာဝကနေပြီးတော့ ထွက်လာတာဘဲ မဟုတ်လား၊ သညာဝိညာဉ်နဲ့ ဆင်ခြင်ရင် ဘယ်မှာ ရမှာလဲ၊ ပညာနဲ့ဆင်ခြင်မှ ရမှာဘဲ မဟုတ်လား၊ အဲဒါပရမတ္ထသဘာဝကို ဝိပဿနာပညာနဲ့ မြင်အောင်ရှုရမှာဘဲ မဟုတ်လား။

ဒီတော့ စိပ်ပုတီးကြီးနဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုပြီးတော့ စိပ်နေရင် အဲဒါ ဘယ်မှာဟုတ်မလဲ၊ သိလျက်နဲ့မှားတဲ့သူကြတော့ အဲဒါ သူတော်ကောင်းယောင် ဆောင်နေတာပါ။ ထိုပုဂ္ဂိုလ်များဟာ ဘယ်တော့မှ သူ့ရဲ့အမှားကို မမြင်တော့ပါ။ မသိလို့မှားတဲ့ သူကတော့ အမြင်မှန်ရလာတဲ့ တနေ့မှာ (ဝါ) အမြင်မှန်ပေးတဲ့ သူနဲ့တွေ့ရင် အမြင်မှန်ကို ရနိုင်ပါတယ်။

သူတော်ကောင်းယောင် ဆောင်ရာကနေ လွတ်အောင် ကိုယ့်ကိုယ်ကို စစ်ဆေးပါဆိုတာကို ရှေးဆရာကြီးများက (သင်ယူ ဆောင်ထား, နာကြားတွေးကြံ, သဘောမကျက, နောက်ထပ် မေးမြန်းပါ)လို့ ဒီလို ဆုံးမသွားပါကယ်။

ဒီတော့ ကိုယ့်ကိုကိုယ် စစ်ဆေးပြီးတော့ မဂ်ကျိုး ဖိုလ်ကျိုးကို လုပ်နိုင်လာမှ အကျိုး ရှိပါတယ်။ သူတော်ကောင်း ယောင်ဆောင်နေတဲ့ သူကတော့ အဲဒါ လက်မောင်း တန်းနေမှာဘဲ။ နောက်ဆုံးမှာ သူဟာ အပါယ်လေးပါး ကိုတောင် ကျနိုင်တယ်။ သူ့မှာ လက်မောင်းတန်းလာပြီ ဆိုရင် နောက်ကိုမဆုတ်တော့ပါ။ နိုင်အောင်သာလျှင် ပြုလာတော့တယ်။

ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ငါဘုရားရဲ့ သာသနာတော်ကို ငါရဲ့ ရဟန်းတော်တွေ၊-ရဟန်း မိန်းမတွေ သာလျှင် ဖျက်ဆီးလိမ့်မယ်လို့ ဟောကြားတော် မူသွားတယ်။ ဒါ့ကြောင့် သူတော်ကောင်း အယောင် ဆောင်မှုဟာ အင်မတန်မှ အရေးကြီး ပါတယ်။ ဒါကြောင့် သူတော်ကောင်း အယောင်ဆောင်က လွတ်အောင် ကြိုးစားပါလို့ ဆရာတော်က သတိပေးလိုက် ပါတယ်။

ကိုင်း.... မနေ့က တရားအဆက်ကို သွားကြဦးစို့ရဲ့....

— "အတီတာ နာဂတပစ္စုပ္ပန္နအဇ္ဈတ္တံဝါ ဗဟိဒ္ဓံဝါ သြဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ" လို့ ဆိုလိုက်တဲ့ ၁၁-ချက်သော နိမိတ္တမေ့ထဲမှာကို သန္တတိ ရုပ်နာမ်လေးဟာ ဝင်ပြီးတော့ ပုန်းနေတယ်။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်က နည်းလေးပါးနဲ့လဲ သိမ်းလိုက်ရော မာတယ်, ပူတယ် ဆိုတဲ့ဟာတွေ သုဉ်းဆိတ်သွားပြီ။

ဒီတော့ ဟိုတုန်းက မာတယ်လို့ ပြောတဲ့ဟာကို ပရိယတ်က "ပထဝီဓါတုကက္ခဠတ္တလက္ခဏာ" ဆိုပြီးတော့ ရေးကြတယ်။ သညာရဲ့ ဗျာပါရလေးကြောင့် ပထဝီဓါတ်ကို တကယ်မာတယ်လို့ ထင်နေကြတယ်။

အဲ့ဒီလို လူပြိန်း တွေက မာတယ်လို့ ပြောနေတဲ့ဟာကို ပစ္စယ ပရိဂ္ဂဟ ဉာဏ်က နည်းလေးပါးနဲ့ သိမ်းလိုက်ရော၊ မာတယ် ဆိုတာဟာ မရှိတော့ဘဲနဲ့ လောကကြီး တခုလုံးမှာ ပညာအနေနဲ့ ကြည့်လိုက်ရင် အကျိုးပစ္စုပ္ပန်လေး အနေနဲ့သာ ရှိတော့တယ်။

**သညာဝိညာဏ်ကို လက်ရပ်ခေါ်နေတယ်**

ဒါပေမဲ့ သူ့မှာ အကြောင်း သဘောလေးဟာလဲ ရှိနေသေးတယ်။ အနုသယဗျာပါရလေး အနေနဲ့ ကိန်းနေတယ်။ သမ္ပယုတ်ဉာဏ်ကြတော့ ယခု ဒီအကျိုးပစ္စုပ္ပန်ကြီး ရှိနေတာဟာ အကြောင်းတရားဖြစ်တဲ့ သညာဝိညာဉ်ကို လက်ရပ်ခေါ်နေတယ်။ ဘာကြောင့် ခေါ်နေ သလဲ ဆိုရင် သခ်ိတ လောကကြီးမှာ ဖိုလ်မါတ်နဲ့ မဓါတ် အနေနဲ့ ပေါ်နေကြတဲ့အတွက် အဲဒါ သူကလဲ ပေါ်ခြင်နေတဲ့ အတွက် လက်ရပ်ခေါ်နေတာပါ။

ဒီတော့ ပစ္စယ ပရိဂ္ဂဟဉာဏ်က သိမ်းလိုက်တဲ့အခါမှာ အကျိုးပစ္စုပ္ပန်သာလျှင် ကျန်တော့တယ်။ သူ့မှာ အနုသယ ဗျာပါရလေးဟာလဲ ကျန်နေသေးတယ်။ ဥဒယဗ္ဗယ ဉာဏ်ကြီးကိုတက်တော့မယ် ဆိုတော့ အဲဒါ "ပထဝီဓါတ်ကိုသွားကြည့်စမ်း"ဆိုပြီး စုံစမ်းခိုင်းတာကို သမ္မသနဉာဏ်လို့ ခေါ်တာပါ။

ဒီတော့ သမ္မသန ဉာဏ်က ကြည့်တဲ့ အခါမှာ အခု အကျိုးပစ္စုပ္ပန်သာ ရှိတော့တယ်။ သမ္မသန ဉာဏ်က ပထဝီ လေးဟာ ဘယ်မှာ ရှိသလဲဆိုတာကို စုံစမ်းရမယ်။ ပစ္စယပရိဂ္ဂဟ ဉာဏ်ကလဲ ပထဝီဓါတ်ကို နည်းလေးပါးနဲ့ သိမ်းလိုက်ရော၊ အဲဒါ ပထဝီဓါတ်လို့ မပြောနိုင် တော့ဘဲ အကျိုး ပစ္စုပ္ပန်လေးသာ တွေ့နေတော့တယ်။

ဒီတော့ သူ့မှာ အရင်က ပထဝီဓါတ် ပေါ်နေ သလို 'မာသဘော'ကြီး ပေါ်မနေဘူး။ သူ့မှာ လက်နဲ့ စမ်းသပ်လို့ မရတော့ဘူး။ အဲဒါ သညာရဲ့ ဗျာပါရမရှိတဲ့အတွက် စမ်းသပ်လို့ မရတော့ပါ။ အရင်တုန်းက ဆိုရင် စမ်းသပ်လို့ ရတယ်။ ယခုတော့ စမ်းသပ်လို့ မရပါ။

အခု"အကျိုးပစ္စုပ္ပန်"ဟာ ဘယ်အနေနဲ့ ရှိသလဲ၊ ဒါကို လိုက်ရှာရမယ်၊ အရင်တုန်းက အဲဒါ လဘက်ရေ ပုံမှာ ရှိတယ် ဆိုပြီးတော့ ပြောနေသေးတယ်၊ အခု ပစ္စယ ပရိဂ္ဂဟ ဉာဏ်က နည်းလေးပါးနဲ့ လဲချေလိုက်ရော၊ အဲဒါ အကျိုးပစ္စုပ္ပန်လေးသာ ဖြစ်တော့တယ်၊ အဲဒါဟာ ဘယ်မှာရှိသလဲဆိုတာလို စုံစမ်းပြီးချေရမယ်။

ဒီတော့ နိမိတ် (၁၁) ချက်ထဲမှာ ဒီ အကျိုးပစ္စုပ္ပန်လေးဟာ ဘယ်အထဲမှာနေသလဲ၊ ဒါကိုရှာရမယ်၊ ဒီတော့ အတွင်း အပြင်, အကြမ်း-အနု, အယုတ်-အမြတ်,အဝေး-အနီးထဲမှာလဲ ရှာလိုက်ရော သူက ဥတုသန္တတိ, အာဟာရသန္တတိ, စိတ်သန္တတိ,ကံသန္တတိ,လို့ သူက ပြောနေပြန်ပြီ။

ကိုင်း....ဒီတော့ သူက အခု ခြေထောက် ၄-ချောင်း ထောက်ပြီးတော့ ပြောနေပြန်ပြီ၊ ဒီကောင်ကို သတ်ရတော့မယ်၊ အဲဒါ ဘယ်လိုသတ်မလဲ၊ အကျိုးပစ္စုပ္ပန်လေးဟာ နိမိတ် ၈-ချက်သဲမှာ ပုန်းနေပြီးတော့ အဲဒါ ရေသောက်မြစ် ၄-ချက်နဲ့ လက်မောင်းတန်းနေပြီ၊ ဒါကို သမ္မသနဉာဏ်ကြီးက ရိုက်မချိုးနိုင်ဘူး၊ ဉဒယဗ္ဗယကြီးကသာ ရိုက်ချိုးနိုင်တယ်။

ဒီတော့ သမ္မာသနဉာဏ်က အတွင်း အပြင်, အကြမ်း အနု, အယုတ် အမြတ်,အဝေး အနီး,ထဲမှာလဲ ရှာလိုက်ရော၊အဲဒါ သန္တတိ ၄-ချက် ဆိုပြီးတော့ ရေသောက်မြစ် ၄-ချက် အနေနဲ့ ချပြီး ပြောနေပြီ မဟုတ်လား၊ ဒီ သဘာဝ လေး တွေကို နား လည် လာ ရင် ကမ္မဿကတ သမ္မာဒိဋ္ဌိ, ကံ,ကံ၏ အကျိုး,ကို ယုံကြည်လာတော့မယ်။ အတိတ် ဘဝတွေက ပြုခဲ့တဲ့ အကုသိုလ်ကံကြီးတွေဟာ အခု ဘဝမှာကိုလာပြီးတော့ ဆွဲချနိုင်တယ်။

ဒီတော့ သန္တတိဆိုတာဟာ ဆက်စပ်နေတာပါကလားဆိုတာကို ယူပါ၊ အဲဒီလို ဆက်စပ်နေတဲ့အတွက် ကမ္ဘာတသိန်းက ပြုလာခဲ့တဲ့ နွားသတ်ကံကြီးတွေ, ဆိတ်သတ်ကံကြီးတွေက, သေခါနီးကာလမှာ လာပြီးတော့ မဆွဲနိုင်ဘူးလား၊ ကံရဲ့သန္တတိလေးဟာ ရှိနေပြီ၊အဝေး အနီး ဆိုတဲ့ ကံရဲ့ သန္တတိလေးဟာ ရှိနေတဲ့ အတွက် လာပြီး ဆွဲနိုင်တယ်။

ဒီတော့ ဒီခြေထောက်လေးတွေကို ရိုက်ချိုးလိုက်မှသာလျှင် ပြတ်မယ် မဟုတ်လား၊ ဒီကောင်တွေကို မသတ်ဘဲနဲ့ ထားခဲ့ရင် မခက်ဘူးလား၊ ဒီ အကောင်တွေကို ဉဒယဗ္ဗယ ဉာဏ်ကြီးကမှ သတ်လို့ရပါတယ်၊ ဥတုသန္တတိလဲ ပေါ်လာရော၊ အာဟာရ,စိတ်, ကံ သန္တတိ,တို့ဟာလဲ တခါထဲပါလာတော့တာဘဲ။

**အကျိုးပစ္စုပ္ပန်။** ဒီတော့ ဒါကို ပုံစံ (၁၀)ထဲ ထည့်လိုက်တဲ့ အခါမှာ အဲဒါ အကျိုးပစ္စုပ္ပန် အနေနဲ့ သာ ကျန်တော့တယ်။ အကျိုးဆိုတာ ဥတုဆက်၊ အဟာရဆက်၊ စိတ်ဆက်၊ ကံဆက် ဆိုတဲ့ သန္တတိ လေးချက် ဖြစ်နေတာကို ခေါ်တယ်။ ပစ္စုပ္ပန်ဆိုတာ ပေါ်နေတဲ့ သဘောကလေးကို ပြောနေ တာပါ။

အတွင်း၊ အပြင် ဆိုတာက လက်နဲ့ စမ်းသပ်လို့ မရသော်လဲ မျက်စိနဲ့ ဆက်လိုက်တာနဲ့ ဥတုသန္တတိ အနေနဲ့ ဆက်လာတယ်။ သန္တတိအနေနဲ့ ထုတ်တဲ့အခါမှာ သန္တတိ လေးချက် ထွက်လာ ပါတယ်။ ဒီလေးကောင်ကို ခွဲလိုက်တော့ ၈-ချက် ဖြစ်လာတယ်။ အဲဒီဟာတွေကို ဆွဲခေါ်လာပြီးတော့ ဒီမှာ အမည် ပေးတဲ့ အခါ ကြတော့ အကျိုးပစ္စုပ္ပန်တို့သာ ပေးလို့ရတယ်။

ဒီသဘာဝလေးဟာ ဓမ္မစကြာတရားတော်ကြီးမှာ အများကြီး ပါပါတယ်။ ဒီဟာကို မှတ်ထားလိုက်ပါဦး။ နောက်ပဒဋ္ဌာန်က ဘာထွက်လာမလဲ။ ထိုသဘောရှိက ဤသဘော ရှိတယ် ဆိုတာဟာ အတိတ်နဲ့ အနာဂါတ်ဘဲ မဟုတ်လား။

ထိုသဘော,အတိတ်နဲ့၊ ဤသဘော,အနာဂတ်ကိုဒီကို ယူလာပြီး ထည့်လိုက်တော့ (၀၁) ပေါင်းလိုက်တော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုပြီးတော့ ကာလသုံးပါး လာပြီး ဖြစ်နေပြီ မဟုတ်လား။

**အကြောင်းပစ္စုပ္ပန်။** ကာလဆိုတာ (ကရဏံ ကာလော)ကရဏံ၊ ပြုခြင်း။ ကာလော၊ ပြုခြင်း။ ကရဏံ ဝေ၊ ပြုခြင်းသည်သာလျှင်။ ကာလော၊ ကာလ မည်၏။ အဲဒါအကြောင်း ပစ္စုပ္ပန်ကြီး ပါလာပြီးတော့ ပေါ်တော့တယ်။ သူကအတိတ်နဲ့လဲ ဆက်နိုင်တယ်။ အနာဂတ်နဲ့လဲ ဆက်နိုင်တယ်။ အဲဒီလို ဆက်နိုင် လာတာကို အဲဒါ "အကြောင်း ပစ္စုပ္ပန်"ကြီးဟာ ပေါ်နေပြီလို့ ယူပါ။

ဒီတော့ အကြောင်း ပစ္စုပ္ပန် ဆိုတာဟာ သညာ ဝိညာဉ်နဲ့ ဆက်လာတာကို အကြောင်းပစ္စုပ္ပန်ဟု မှတ်ပါ။ အကျိုး ပစ္စုပ္ပန် ကြတော့ သူ့မှာ တခုထဲ ပေါ်နေ တာကို အကျိုး ပစ္စုပ္ပန်လို့ ခေါ်တယ်။ အခု အကျိုးပစ္စုပ္ပန်ကို သောက်ထားတဲ့ ခြေထောက် လေးချောင်းကို သတ်ရ တော့မယ်။ အဲဒီ အကျိုး ပစ္စုပ္ပန်လေးကို သတ်လိုက်ရင် ဒီနေရာမှ နိဗ္ဗာနဓါတ်ကြီးဟာ ထွက်လာမယ်။ ဒါကို သတ်နိုင်တဲ့ ပညာကို မဂ်ပညာလို့ ခေါ်ထယ်။

**အကျိုးပစ္စုပ္ပန်မှ အကြောင်းပစ္စုပ္ပန်သို့**

အခုသမ္မသန ညာဏ်ကတော့၊ အတွင်း အပြင်၊ အကြမ်း၊ အနု၊ အယုတ်၊ အမြတ်၊ အဝေး၊ အနီးဒီဂ-ချက်ကိုထုတ်ပြီးတော့၊ ထိုသဘော ရှိက ဤသဘော ရှိ၏ ဆိုတဲ့ အတိတ် အနာဂတ် ကိုလဲ ပေါင်းလိုက်ရော၊ အဲဒါ အကျိုး ပစ္စုပ္ပန် ကြီးဟာ အကြောင်း ပစ္စုပ္ပန်ကြီးဖြစ်ပြီး လာတော့တယ်။

အဲဒါ ကာလသုံးပါး ယန္တရားကြီး ဖြစ်လာ တော့တယ်။ အခု ပုံစံ (၁၀)ဟာ ကာလ သုံးပါးထဲ လာပြီး ဝင်နေပြီ မဟုတ်လား။ အခု သမ္မသနညာဏ်က အဲဒါလုပ်ငန်းစဉ် အဇနနဲ့ ရှာတဲ့အခါမှာ ခုနက ပြောခဲ့တဲ့ နိမိတ် ၁၁-ချက်ကို မကိုင်နဲ့တော့၊ အဲဒါကာလ သုံးပါးကိုသာ ကြည့်ပါတော့။

ဒီတော့ ပထဝီဓါတ်လေးဟာ မသေတဲ့အပြင်၊ ကာလ သုံးပါး ယန္တရားကြီး လာဖြစ်နေပြီ။ ဒီဟာကို ဥဒယဗ္ဗယကြီးနဲ့ ခွဲရတော့ မယ်။ ဝိညာဉ်မြင် ဥဒယဗ္ဗယ ကတ္တနဲ့ ဖွင့်ပြီး သိမ်းရ တော့မယ်။ အဲဒီလို တဖြည်းဖြည်းနဲ့ သိမ်းလာ တော့မှ နောက်ဆုံး မဂ်ကျတဲ့ အခါကြတော့ ဒီအုတ်မြစ်ကြီးဟာ တခါထဲ ပြတ်တော့မယ်။ ကိုင်း နက်ဖြန်ကြမှ ရုပ်နာမ် သွင်းပြမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု....သာဓု....သာဓု.... "**

## ဝါခေါင်လပြည့်ကျော် (၄)ရက်နေ့ ဟောစဉ်

**သံသရာ လည်မှုနှင့် ပဋိသန္ဓေ အမျိုးမျိုး** ကိုင်း - ဒီတော့ ကာလ ၃ - ပါး ဆိုတာကို နားလည်ရင် ဒီကနေ့ ရုပ်နာမ်ကို ခွဲပြဦးမယ် ၃၁ - ဘုံကြီးမှာ (ဝါ) သံသရာကြီးမှာ လည်နေကြတဲ့ ရုပ်နာမ်တွေဟာ မတူကြဘူး၊ လည်တာခြင်းလဲ မတူကြဘူး၊ အဲဒီလို မတူကြတဲ့အတွက် အသိညာဏ်တွေ, ကံတွေ ဟာလဲ မတူကြဘူး၊ နောက်, လူတွေမှာ အနိမ့် အမြင့် ရယ်လို့ ဖြစ်လာကြတယ်။

ဒီလိုနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးလှည့်ပြီးတော့ ပဋိသန္ဓေယူကြရတယ်၊ ကာလ ၃-ပါးကနေပြီး ပဋိသန္ဓေယူကြရတယ်၊ **ပညာ** ပါပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကနေ ယူရတယ်၊ ပညာမပါဘဲ သညာဝိညာဉ်နဲ့သာ ပဋိသန္ဓေယူကြရတာက အဲဒါ ကာလ ၃-ပါးကနေပြီးယူကြရတယ်၊ ဒီဟာတွေကိုလည်း နားလည်ထားရမယ်။

အဲဒါကြောင့် အဆင်း,အသံ,အသိဉာဏ်,စသည်တို့ မတူကြသည့် အလျောက် တရားဟောတဲ့အခါမှာ နားမလည်နိုင်တာတွေ, မသိကြတာတွေလဲ ရှိပါတယ်၊ နားလည် သဘောပေါက်ပြီး သိကြတာတွေလဲရှိကြပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ကြီးမှ ပညာမြင် ဥဒယဗ္ဗယ ကြီးကနေပြီး ပဋိသန္ဓေယူတဲ့ ပုဂ္ဂိုလ်ကြတော့ အဲဒါ တိဟိတ် ပုဂ္ဂိုလ်ပါ။ဟိတ်သုံးပါးခတ်ပြီးတော့ ယူကြတာပါ။ သံသရာလည်တဲ့ အခါ သူ့မှာ အထက်တန်းကနေပြီး သွားရပါတယ်။

ကာလ ၃-ပါးကယူတဲ့ ပဋိသန္ဓေကြတော့ ဒွိဟိတ်ပုဂ္ဂိုလ်သာ ဖြစ်တော့တယ်၊ သူ့မှာ တိဟိတ်ပုဂ္ဂိုလ်မဟုတ်သည့်အတွက် ရုပ်နာမ် တရားတွေ ဟောပြောသော်လဲ နားမလည်နိုင်ကြဘူး၊ ဒီတော့ ၃၁ - ဘုံကြီးမှာ ဖြစ်နေကြတာကို ခွဲလိုက်ရင် အကျဉ်းအားဖြင့် ၄-မျိုးရှိပါတယ်။

၁။ **အဟိတ် ပုဂ္ဂိုလ်** ထိုပုဂ္ဂိုလ်ဟာ အပါယ် ၄-ဘုံသားပါ၊ (ဝါ) ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်လို့လဲ ခေါ်တယ်၊ သူ့မှာ အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်နဲ့ ပဋိသန္ဓေ နေရတယ်။

၂။ **သုဂတိ အဟိတ်ပုဂ္ဂိုလ်** ကြတော့ (ဝါ) သဟိတ် ပုဂ္ဂိုလ် ကြတော့ လူ့ပြည်နှင့် စတုမဟာရာဇ်နတ်ဘုံမှာရှိကြတယ်၊ ထိုပုဂ္ဂိုလ် များဟာ အမိဝမ်းတွင်းကပင် အင်္ဂါမစုံဘဲ ပါလာတဲ့ ပုဂ္ဂိုလ်ပါ၊ ထိုပုဂ္ဂိုလ်သည် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တိရဏစိတ်ဖြင့် ပဋိသန္ဓေနေရတယ်။

၃။ **ဒွိဟိတ်ပုဂ္ဂိုလ်** ကြတော့ ထိုပုဂ္ဂိုလ်များမှာ မွေးဖွားလာ ကတဲ့က အလောဘ,အဒေါသ,ဟိတ် ၂-ပါး ပါလာတယ်၊ သူ့မှာ ပဋိသန္ဓေယူတာကြတော့ မဟာ ဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုမှာ တခုခုနဲ့ ယူကြရပါတယ်၊ ထိုပုဂ္ဂိုလ်မှာ ကာမသုဂတိ (၇) ဘုံမှာ ရှိကြတယ်။

၄။ **တိဟိတ်ပုဂ္ဂိုလ်**ကြတော့ အလောဘ,အဒေါသ,အမောဟ, ဟိတ် ၃-ပါးနဲ့ယှဉ်ပြီး မွေးဖွားလာတယ်၊ သူဟာ မဟာ ဝိပါက် ဉာဏသမ္ပယုတ် ၄-ခုမှာ တခုခုနဲ့ ပဋိသန္ဓေယူလာကြတယ်၊တိဟိတ် ဟာ (၉)မျိုး ဆိုပြီးတော့ အကျယ်ပြလာပါတော့တယ်၊ သူတို့မှာ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတွေမှာ ဖြစ်ကြရတယ်။

အဲဒီလို ပဋိသန္ဓေအားဖြင့်လဲ မတူကြဘူး။ ဘုံအားဖြင့်လဲ မတူ ကြသည့်အတွက်၊ တရားဟောရာကြတော့လဲ နားလည်ကြတာလဲရှိ။ နားမလည်ကြတာလဲ့ ရှိတယ်။

ဒီတော့ ဒီရုပ်နာမ်လေးတွေ မျက်တောင်ခတ်နေတာဟာ (ဝါ) ဖြစ်ပေါ်ကြတာဟာ “ဝိညာဉ်ရဲ့သဘော” “ပညာရဲ့ သဘော” ဆိုတာကို နားလည်ထားရမယ်။ အခု အောက်ညာဏ်တွေမှာက နှစ်ခုသာ ဖွင့်လို့ရသေးတယ်။ ဥဒယဗ္ဗယကြီးကြလာတော့ ၄ချက် ဖွင့်လာတော့မယ်။

ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်ဟာ အသွား အပြန် သာလျှင် ရှိတယ်။ သူ့မှာ "သညာ"သာလျှင် ပြဌာန်းတယ်။ သူ့မှာ 'ကံ'တွေ ရှိပါသော်လဲ ဖုံးကွယ် ထားတဲ့ အတွက် အသွား အပြန် သာလျှင် မျက်တောင် ခတ်နိုင်တယ်။ ပဋိသန္ဓေပညာဟာ သူ့မှာ နာမရူပ ပရိစ္ဆေဒ ညာဏ်တောင် သူ့မှာ မရှိဘူး။

နောက် သုဂတိအဟိတ်ပုဂ္ဂိုလ်ကြတော့ (ဝါ) သဟိတ် ပုဂ္ဂိုလ် ကြတော့လဲ အဲဒါ အကျိုး၊ အကန်း၊ ဆွံ့အ လာကြတယ်။ ဒွိဟိတ် ကြတော့ ဟိတ်နှစ်ပါးနှင့် ယှဉ်ပြီးပါလာတယ်။ တိဟိတ်ကြတော့မှ ဟိတ်သုံးပါးလုံး ပါလာတယ်။ တိဟိတ်ကို ၄-မျိုးဆိုပြီး ထုတ်လာ ကြတယ်။ အဲဒါ ပညာမြင် ဥဒယဗ္ဗယက နေပြီး သင်္ခါရုပေက္ခာ ညာဏ်အထိ သစ္စာနုလောမိကညာဏ် ၄-ညာဏ်ကို တိဟိတ် ၄-မျိုး ဆိုပြီး ထုတ်ပြတာပါ။

အဲဒီ ဟိုဘက်မှာ 'မဂ်'ဘဲ ရှိတော့တယ်။ ရဲရဲတောက် ပါရမီရှင် ကြီးတွေ ကြတော့ တိဟိတ် ၄-မျိုးက နေပြီးတော့ လာကြတယ်။ သူတို့မှာ ဥဒယဗ္ဗယ ညာဏ်ကြီးရဲ့ အထက်ကနေပြီးတော့ တက်လာ ကြတယ်။ ကိုင်း ဒီတော့ ကာလသုံးပါး ရုပ်နာမ်လေးကို ဖွဲ့ပြမယ်။ ရုပ်ဟာ ဘယ်မှာ ရှိသလဲ။ နာမ်ဟာ ဘယ်မှာ ရှိသလဲ ဆိုတာကို ဖွဲ့ရတော့မယ်။ အခု ဒီနေရာမှာ ပစ္စုပ္ပန်ကို မဖွဲ့နဲ့ဦး။

**ကာလ သုံးပါးမှာ ဘယ်သူ့ကို အရင်စပြီး ကိုင်ရမလဲ?**

ဒီနေရာမှာ အတိတ်အနာဂတ်က စပြီးတော့ တက်လာတာ ပစ္စုပ္ပန်က စပြီးတော့ မတက်ဘူး။ ဒီတော့ ရုပ်နာမ်ရှာပါဆိုရင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်မှာ ဘယ်သူက စပြီးတော့ ရှာမလဲ။ ဒီသုံးခုမှာ ဘယ်သူက စပြီးတော့ ပြောတာလဲ။ စပြီး ပြောတဲ့ 'တရားခံ' လေးကို လိုက်ပြီးတော့ ရှာရမယ်။

အဲဒါ ပထမဆုံး စပြီးတော့ပြောတဲ့ဟာကို ရှာရမယ်။ နောက် တချက် စဉ်းစားဘိုကတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ တရားခံဟာ ဒီကာလသုံးပါးကို သတ်ရမှာ၊ ဒါကြောင့် ဒီကာလ သုံးပါးကို သတ်မည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟာ ဘယ်သူက စပြီးတော့ ထွက်လာ တာလဲ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဝိသုဒ္ဓိမဂ်ကြီးက ပြလာတဲ့ အခါမှာ (ဘယ်ခြေ လှမ်းသော ခဏဌ် ရုပ်တရား နာမ်တရားတို့သည် ညာခြေ လှမ်းသောခဏသို့) မပါမူ၍ ဘယ်ခြေလှမ်းသောခဏဌ် ကုန်ဆုံး, ချုပ်,ပျောက်လေသောကြောင့် 'အနိစ္စ'လို့ ပြထားတော်မူတယ်။ ဒီဟာက ဘာကိုလို၍ ဖွင့်တာလဲ ဆိုတာကို စဉ်းစားရမယ်။

(ဥပမာ) ဦးပဥ္စင်းကြီးဟာတရားနာမယ်ဆိုပြီးကိုယ့်ကမ္မဋ္ဌာန်း တိုက်ကနေပြီးတော့ လှမ်းလာခဲ့တယ် မဟုတ်လား။ အခု တိုက်ရှေ့ ရောက်တဲ့အခါ ရပ်ပြီး စဉ်းစား လိုက်ပါ။ အခု ငါလှမ်းပြီးခဲ့တဲ့ ခြေလှမ်း တွေဟာ ဖြစ်ခဲ့ပြီးတဲ့ ခြေလှမ်းတွေ ဖြစ်ခြင်းကြောင့် "အတိတ်ကာလ, အနိစ္စလက္ခဏာ"ပါလား။ အခု ရပ်ဆဲကာလသည် "ပစ္စုပ္ပန်ကာလ, အနတ္တလက္ခဏာ"ပါလား။ နောက်တရားနာသည့် နေရာသို့ လှမ်းရဦး မှာက "အနာဂါတ် ကာလ, ဒုက္ခလက္ခဏာ" ပါလား ဆိုတာကို ရှုရမယ်။

အဲဒါ အတိတ် သဘောလေးကိုမြင်စေလို၍ ပြတာပါ။ ဒီတော့ တရားလိုခြင်း၍ လုပ်နေကြတဲ့သူတွေကတော့ 'ဘယ်ညာ,ဘယ်ညာ' ဆိုပြီးတော့ ခြေဖဝါး, ခြေထောက်ကြီးကိုဘဲ ရုပ်နာမ်ခွဲပြီး ချကုန် ကြပြီ။ အဲဒါ သညာရဲ့ အမှတ်နဲ့ ချနေ ကြပြီ မဟုတ်လား။ တရားတော်ရဲ့ သဘာဝက အတိတ် သဘောလေးကို မြင်အောင် ရှာခိုင်းတာဘဲ မဟုတ်လား။ ဒီတော့ အတိတ်က နေပြီး စကိုင်ရ တော့မယ် ဆိုတာ သေသေချာချာ တွေးဆပါ။

ဒါကို မြင်စေ လို၍ ဝိသုဒ္ဓိမဂ်ကြီးက (ဘယ်ခြေ လှမ်းသော ခဏဌ် ရုပ်တရား နာမ်တရား တို့သည်၊ ညာခြေလှမ်းသော ခဏသို့ မပါမူ၍၊ ဘယ်ခြေ လှမ်းသော ခဏဌ်သာ ကုန်ဆုံး,ချုပ်,ပျောက် လေသောကြောင့် အနိစ္စ)လို့ ရေးခဲ့တာပါ။ အရှာခိုင်းတဲ့ဟာကို မသိတော့ရင်၊ "ဘယ်ညာ၊ ဘယ်ညာ" ဆိုပြီးတော့သာချနေကြရင် ဘယ်မှာ **တရားခံအစစ်ကို** လာတွေ့တော့မလဲ။

ဒီတော့ လွန်ပြီး တာက အတိတ်၊ ရောက်ဆဲက ပစ္စုပ္ပန်၊ မရောက်သေးတာက အနာဂတ်၊ (ဝါ)လွန်းလတံ့က အနာဂတ် ဆိုပြီးတော့ အတိတ်ကစပြီး ခွဲရတာဘဲ မဟုတ်လား။ ဒါကို အတို နည်းနဲ့ ပြောရလျှင် "ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတံ့" "အရင်၊ အခု၊ နောက်"လို့ ယူလျှင်လဲ ရပါတယ်။

**ကာလဆိုတာ။** ဒီလို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်လဲ ခွဲလိုက်ရော၊ ဘယ်ကာလက ရုပ်ထွက်သလဲ၊ ဘယ်ကာလက နာမ်ထွက်သလဲ။ အဲဒါကို ရှာရတော့မယ်။ ကာလဆိုတာ ဘာကို ခေါ်တာလဲ။

ကရဏံ၊ ပြုခြင်း။ ကာလော၊ ပြုခြင်း။ ကရဏံ ဝေ၊ ပြုခြင်းသည် သာလျှင်။ ကာလော၊ ကာလ မည်၏။ အဲဒီလို ကိရိယာကို ခုပိုင်း ပိုင်းလိုက်တာသည်ပင်လျှင် ကာလဘဲ မဟုတ်လား။

ဒီတော့ ရုပ်ရဲ့ အစိတ်အပိုင်းလား၊နာမ်ရဲ့ အစိတ်အပိုင်းလား။ ဒါကို ရှုရမယ်။ ရုပ်ဆိုလျှင် ဘာကြောင့် ရုပ်လို့ ခေါ်တာလဲ။ ဦးပဥ္စင်းကြီးက တရားနာမယ်လို့ မိမိကမ္မဋ္ဌာန်းတိုက်ကနေပြီးတော့ "တရားနာမယ်"လို့ ဆိုတာသည် ပင်လျှင် "အာရုံလေး"ကို ဆွဲပြီးတော့ ပေါ်လာတာဘဲ မဟုတ်လား။ အာရုံကို အဘိဓမ္မာက ရူပါရုံ၊ သဒ္ဒါရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုပြီးတော့ ပြတယ်။

**အတိတ်သဘော, အာရုံသဘော, ရုပ်သဘော,** အခု ဝိပဿနာနည်းကြတော့ အတိတ်,အနာဂတ် ပစ္စုပ္ပန်ဆိုပြီးပြတယ်၊ အဲဒါ အတိတ်သဘောကို ရုပ်လို့ယူရမယ်၊ ခြေလှမ်း လှမ်းခဲ့တာဟာ အခု ရုပ်နေတဲ့ နေရာကို ပါလာသလား၊ ဘယ်မှာ ပါမလဲ၊ တလှမ်းပြီး တလှမ်း လှမ်းခဲ့တာတွေ လှမ်းပြီးတာနဲ့ ချုပ်ပျောက်ခဲ့တဲ့အတွက် အတိတ်ကာလ,ရုပ်သဘောလေး အနေနဲ့ ဖြစ်လာတယ်၊ ကုန်ဆုံး ချုပ်ပျောက်သွားတယ်။

ဒီတော့ အရင်က လှမ်းခဲ့တဲ့ ခြေလှမ်းကို ပြန်ပြီး စဉ်းစားလျှင် စိတ် ဝိညာဏ်ထဲမှာ မပေါ်ဘူးလား၊ ပေါ်လာတယ် မဟုတ်လား၊ အဲဒီလို အတိတ်သဘော အာရုံသဘော ရုပ်လေးထွက်လာရမယ်၊ ဝိပဿနာဆိုတာ ပညာရဲ့ သဘာဝလေးပါ၊ အဲဒီလို ပညာရဲ့ သဘာဝလေးမှာ ဦးခေါင်း ချပြီးရင် ပြီးတာဘဲ၊ နောက် ထပ် ထပ်ပြီးတော့ မလုပ်ရပါဘူး။

အခုတော့ ခဏ ခဏ ထပ်ပြီး လုပ်နေကြရတယ်၊ အဲဒါ ဘယ်မှာ သဘာဝကြတော့မလဲ၊ ကာလပိုင်းလိုက်ပြီး အာရုံလေး ထွက်လာတဲ့ အခါမှာ အဲဒါ ရုပ်ဘဲ မဟုတ်လား၊ အဲဒီဟာကို မမြင်လိုက်ဘဲနဲ့ ခြေထောက်ကြီးကို ရုပ်ဘဲလို့ ရှုနေရင် အဲဒါ သန ကြီး ဖြစ်ပြီးတော့ **အောက်ဉာဏ်**ကို ပြန်ကျနေပြီ မဟုတ်လား၊ အခု ဒီနေရာမှာ အာရုံ သဘောလေးဟာ ရုပ်ဆိုပြီးတော့ မြင်လာတော့မယ်။

ဒီတော့ လှမ်းလာတဲ့ ခြေလှမ်းတွေဟာ သနတွေဖြစ်ခြင်းကြောင့် ချေပြစ်လိုက်ပြီ၊အာရုံသဘောက လွဲပြီးတော့ဘာမှမတွေ့တော့ပါ။ အာရုံသဘောဟာ သညာရဲ့အမှတ်ဘဲ မဟုတ်လား၊ ဒီသညာကလဲ ရုပ်ပေါ်မှာသာလျှင် မှတ်တာဘဲ မဟုတ်လား၊ ကိုင်း .... ဒီတော့ ရုပ်ကိုတွေ့လာရင် နာမ်သဘောလေးကို ရှာဦးမယ်။

နှက်ဖြန်မှဘဲ အနာဂတ်သဘောက 'နာမ်'လေးပေါ်လာတာကို ပြအုံးမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

"သာဓု....သာဓု....သာဓု"



## ဝါခေါင် လပြည့်ကျော် ( ၅ ) ရက်နေ့ ဟောစဉ်

အဘိဓမ္မာ က ပေါ်လာတဲ့ ရုပ်လေးကို နားလည် သွားရင် ဒီကနေ့ အနာဂတ်က နာမ်တရားလေး ပေါ်လာတာကို ဝေဘန်ပြီး ပြဦးမယ်။ ရုပ် ဆိုတာ ဟာ ဦးပဉ္စင်း ကြီး တရား နာ ဘို့ တိုက် ရှေ့ ကို ရောက်လာမှ ထင်ရှား လာတယ် မဟုတ်လား။ ရုပ်သဘောဟာ အာရုံသဘောလေးအနေနဲ့ ပါလာပြီ။ ဒီရုပ်ဟာ အင်မတန်မှ သိမ်မွေ့ပါတယ်။ အဲဒါ သညာအမှတ် ရုပ်လေးပါ။ ဝိညာဉ်တောင် မပါသေးဘူး။

"အတီတာ နာဂတ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယ ဋ္ဌေန အနတ္တာ အသာရကဋ္ဌေန"

အတီတာ နာဂတ ပစ္စုပ္ပန္နံ၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန် ဆက်စပ်ခြင်း သဘောမျှသာ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောတရားကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ဘေးဟူသော အနက် သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ အသာရကဋ္ဌေန၊ အနှစ်အသားမရှိခြင်းကြောင့်။ အနတ္တာ အနတ္တမည်၏။

**သညာကို စစ်ပါ။** ကိုင်း.... ဒီတော့ သညာကိုမှ ရိုက်မချိုးရင် ဝိညာဉ်ရဲ့ သဘောလေးကို မတွေ့ဘူး။ ဒီသညာကို စစ်မှသာလျှင်ဝိညာဉ်နဲ့ သဘောကြီးကိုတွေ့လာမယ်။ ဒီကနေပြီးတော့မှ ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးကို တက်ရတော့ မယ်။ အဲဒီလို ကာလ သုံးပါးနဲ့ စစ်လိုက် တော့မှ ဝိညာဉ်ရဲ့ ဗျာပါရကြီးဟာ ဘွားဘွားကြီး ပေါ်လာ တော့မယ်။ အဲဒီလို စစ်လိုက်မှ ဖြစ်ပျက်ဆိုပြီး ဝိညာဉ်ကြီးဟာ ပေါ်လာ တော့မယ်။ ဒါကြောင့် ကာလသုံးပါးဆိုတာဟာ သညာစွဲ ရုပ်နာမ် လေးကို သတ်တာပါ။

အဲဒါ ဘာကို တွေ့ခြင်လို့လဲ ဆိုတော့ ဝိညာဉ်မြင် ရုပ်နာမ်ကို တွေ့ခြင်လို့ (ဝါ) လိုခြင်လို့ ဖြတ်တာပါ။ သညာရဲ့ အမှတ်လေးတွေဟာ အလွန်များပါတယ်။ အကြည်ဓါတ် ၅-ပါးဟာလဲ သညာရဲ့ အမှတ်ဘဲ။ အာရုံ ၅-ပါးဟာလဲ သညာရဲ့ အမှတ်ပါဘဲ။ ဒီနှစ်ပါး ဆုံလိုက်ပြန် တော့လဲ ဒီသညာရဲ့ အမှတ်ဘဲ။ အဲဒီလို နှစ်ပါး ဆုံလိုက်တာကို စက္ခုသမ္ဖဿဇာ ဝေဒနာလို့ ခေါ်တယ်။ (ဝါ) သပ္ပဋိဃ သညာလို့ ခေါ်တယ်။

ဒီတော့ အဆင်းအကြည် ၂-ပါးဆုံတဲ့အခါ သပ္ပဋိဃ သညာလို့ ခေါ်တာဟာ အဲဒါ ထိခိုက်တဲ့သဘောပါ၊ (တနည်း) တွေ့ထိပေါင်း ဆိုတဲ့သဘောပါ၊ သညာဟာ ၃-လုံးတောင် ဖြစ်နေပြီ၊ ဒီ သဘာဝ လေးကို နားလည်လာရင် အဆင်းမှာရှိတဲ့ သညာ, အကြည်မှာရှိတဲ့ သညာ, ၂-ပါးဆုံဘဲ သပ္ပဋိဃသညာတွေမှာ ဘယ်သညာဟာ ပညတ် သဘောလဲ၊ ဘယ်သညာက ပရမတ်သဘောလဲ၊ အဲဒါကို ဘယ်လို ထောက်မလဲ?။

**ပညတ် ပရမတ် ဒီလိုခွဲပါ** ဒီတော့ အဆင်းနဲ့ အကြည်ဟာ ပညတ်သဘော, ၂ ပါးဆုံတဲ့ သပ္ပဋိဃသညာက ပရမတ်သဘော, ပါ။ အဲဒါ တခုခု ဆုံးဖြတ်တဲ့အခါ မှန်တယ်လို့ ဆိုရင် သညာနဲ့ ထောက်လို့ မှန်တာလား၊ ဝိညာဏ်နဲ့ ထောက်လို့ မှန်တာလား၊ ပညာနဲ့ ထောက်လို့ မှန်တာလား၊ အဲဒါကို စစ်ရ တော့မယ်။

ကိုင်း .... ဒီတော့ သပ္ပဋိဃသညာကို ဘာကြောင့် ပရမတ် ခေါ်တာလဲ၊ အကြမ်းနည်းအားဖြင့်ဆိုရင် အကြည် လေးကလဲ နာမပညတ်ကို အာရုံပြုပြီးတော့ ကြည့်တာ၊ အဆင်းလေးကလဲ သဏ္ဍာနပညတ်ကို အာရုံပြုပြီးနေတာ ဖြစ်ခြင်းကြောင့် သူတို့က ပညတ်ပါ။ ဒီ ၂-ပါး ပေါင်းဆုံလိုက်တာက ပရမတ်ပါ၊ (ဝါ) သပ္ပဋိဃသညာက ပရမတ်ပါ။

ကိုင်း....ဒါကိုနားလည်ရင် ကာလ ၃ ပါး ရုပ်နာမ်ကိုဖေါ်တော့မယ်၊ **ဦးပဥ္စင်းကြီး** ကမ္ဗဋ္ဌာန်းတိုက်ကနေပြီးတော့ လာခဲ့တာဟာ တိုက်ကြီးရွေ့လဲရောက်ရော လှမ်းခဲ့တဲ့ ခြေလှမ်းတွေဟာ အတိတ်မှာ ကျန်နေခဲ့တဲ့အတွက် သူ့မှာ သညာရဲ့သဘော, အာရုံသဘော, ပညတ် ရုပ်ကို လာတွေ့နေပြီ၊ ရှေ့ မလှမ်းရသေးတဲ့ ခြေလှမ်းကို ဆွဲကိုင်လိုက်တာကြတော့ သဏ္ဌာန ပညတ်ရိပ်ကို ဆွဲတာဖြစ်ခြင်းကြောင့် နာမ်သဘော ဖြစ်လာတယ်။

**အနာဂတ် ကာလ သဏ္ဌာနပညတ် နာမ်သဘော** ဒီတော့ အတိတ်သဘော, နာမပညတ်ရုပ်က ကြမ်းတယ်၊ အနာဂတ် သဘော သဏ္ဌာန ပညတ်,နာမ်သဘောကတော့ သိမ်မွေ့တယ်၊ ကာလ ၃-ပါး ဖွဲ့လိုက်တဲ့အခါမှာ အတိတ်ကို စွဲပြီးတော့ အနာဂတ်ဟာ ဖြစ်တယ်။ နောက်တခါ အနာဂတ်ကို စွဲပြီးတော့ အတိတ်သဘောဟာ ဖြစ်တယ်။ အဲဒီလို အသွား အပြန် ဖြစ်နေကြတယ်။

ဒီတော့ အတိတ်သဘောက 'ရုပ်'၊ အနာဂတ် သဘောက 'နာမ်' သူတို့နှစ်ပါးမှာ အတိတ်သဘော နာမပညတ် **ရုပ်ကပြဋ္ဌာန်းတယ်**။ ဒီကနေပြီးတော့မှ အနာဂတ် သဘော၊ သဏ္ဌာန ပညတ်၊ နာမ် သဘောကို ဖမ်းနိုင်တာ မဟုတ်လား။ အဲဒါတွေဟာ သညာရဲ့ အမှတ်တွေဘဲ မဟုတ်လား။ (အတိတ်သဘော ရုပ်သဘာဝ)ကို မိထားမှ (အနာဂတ်သဘော) နာမ်ကို ဖမ်းလို့ ရတယ်။ တခုမှ မမိဘဲနဲ့ ဘယ်မှာဖမ်းလို့ ရမှာလဲ?။

ဒီတော့ နာမနှင့် သဏ္ဌာန်ဟာ ပေါ်ရုံသာ ရှိသေးတဲ့ အခါမှာ ဝိညာဉ်ကြီး မပါရင် သိမှုမရသေးဘူး။ ဝိညာဉ်ကြီး ပါမှသာလျှင် သိမှုကြီးကိုချလို့ရတယ်။ အခုဒီနေရာမှာရုပ်နဲ့နာမ်ကဘယ်လောက် သိမ်မွေ့လာပြီလဲ။ အဲဒါ သညာရဲ့ အမှတ် အာရုံ သဘောလေး လောက်သာ ရှိတော့တယ်

အခု ဒီနေရာမှာ အတိတ်နဲ့ အနာဂတ်သာလျှင် ပေါ်သေးတယ်။ ဝိညာဉ်ကြီး မပေါ်သေးဘူး။ အတိတ်နဲ့ အနာဂတ်ဟာ အစဉ် ပေါ်နေတယ်။ ဒီတော့ သမ္မသနညာဏ်ဟာ အတိတ်သဘော၊ နာမပညတ်၊ ရုပ်သဘောနဲ့၊ အနာဂတ် သဘော၊ သဏ္ဍာန ပညတ်၊ နာမ်သဘောသာလျှင် တည်ထားတယ်။

ဒီနှစ်ပါးလဲ ဆက်ရော၊ ပစ္စုပ္ပန် ဆိုပြီးတော့ အဲဒါ ကာလ သုံးပါးဟာ ပေါ်နေပြီ။ အဲဒါဟာ ဝိညာဉ်သိ မဟုတ်သေးဘူး။ သညာကလေး အနေနဲ့သာ သိတာ၊ ဝိညာဉ်ကြီးက ပေးထားတဲ့ အာဏာလေးကြောင့်သာ သညာရဲ့ အနေနဲ့ သိထားတာ။ အဲဒါ အတိတ်နဲ့ အနာဂတ်ပါ။

(ဥပမာ) စပါးများ ကြိတ်တဲ့ ကြိတ်ဆုံလိုပါဘဲ။ ကြိတ်ဆုံမှာ ရှိသော ထိုးတဲ့ လက်တန်ကြီး ဟာ ရှေ့နောက်သာ သူ့မှာ ထိုးနေသော်လဲ ကြိတ်ဆုံကြီးကတော့ အဲဒါ ပတ်ပတ်လည်နေ သလိုဘဲ။

အဲဒီလို ကြိတ်တန်နဲ့ တူတဲ့ အတိတ်သဘော နာမ ပညတ်၊ ရုပ်သဘောနဲ့ အနာဂတ်သဘော၊ သဏ္ဍာနပညတ်၊ နာမ်သဘော ဒီနှစ်ခုဟာ ဆက်စပ်ပေါင်းဆုံလိုက်ရော၊ အဲဒါ ကြိတ်ဆုံကြီး ပမာ ကာလသုံးပါး စက်ယန္တရားကြီး လည်ပြီးတော့ ပစ္စုပ္ပန်ဟာပေါ်ပြီး လာပြီ မဟုတ်လား။

အခုဟာက ဝိညာဉ်အစစ် မဟုတ်သေးဘူး။ အဲဒါ ဝိညာဉ်က အာဏာပေးထားတဲ့ သညာရဲ့ သဘောလေးပါ။ အခုရှာနေတာက ဝိညာဉ်အစစ်ကို ရှာနေတာ ဖြစ်ခြင်းကြောင့် ဒီဟာကို ဖမ်းနိုင်ဘို့ အရေးကြီးပါတယ်။ ဒါကို မိမှ သာလျှင် ရှေ့ဥဒယဗ္ဗယကြီးကို တက်လို့ရမယ်။ ကိုင်း.... ဝိညာဉ်ကို တွေ့အောင် ရှာရ တော့မယ်။ ဒီနေ့အဘို့ တော်လောက်ပါပြီ။ နက်ဖြန်မှ ဆက်ကြဦးစို့။

ကိုင်း.... သာဓု ခေါ်ကြပါ။

" သာဓု–သာဓု–သာဓု "

## ဝါခေါင် လပြည့်ကျော် (၆) ရက်နေ့ ဟောခဲ့သည်

ကိုင်း.... ဒီတော့ ကာလ သုံးပါး ရုပ်နာမ်ကို ရှာတဲ့ အခါမှာ ပဌမ ရုပ်ကို တွေ့အောင် ရှာရမယ်။ နောက်မှ နာမ်ကို တွေ့အောင် ရှာ။ လက္ခဏာရေး သုံးပါးဟာလဲ ဘယ်လို ရှိသလဲ?။ နောက် ဒိဋ္ဌိလေးတွေဟာ ဘယ်လို ရှိနေသလဲ?။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ဟာ ဘယ်သူက အရင်ထွက်လာသလဲလို့ ဦးပဥ္စင်းတွေကို မေးတဲ့အခါ။

တပါးက အနိစ္စ ထွက်တယ်။ တပါးက ဒုက္ခ ထွက်တယ်။ တပါးက အနတ္တ ထွက်တယ်နဲ့ ဆိုပြီးတော့ ပြောလာ ကြပြီ။ ဒီနေရာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အကြောင်းကို လိုက်ရှာ လိုက်ရင်, ရှာလို့တွေ့ရင်, အဲဒါ ဒိဋ္ဌိကို တွေ့လာတာနဲ့ အတူတူဘဲ။

ဒီတော့= "အနိစ္စံခယဋ္ဌေန၊ဒုက္ခံဘယဋ္ဌေန၊ အနတ္တာအသာရက ဋ္ဌေန"လို့ ဟောကြားတော်မူတယ်။

ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ဘေးဟူသော အနက် သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အစိုးမရ အလိုသို့ မလိုက်သော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏လို့ ပြပါတယ်။

ကိုင်း.... ဘာကြောင့် ဆင်းရဲသလဲ၊ မမြဲသလဲ၊ အစိုးမရ အလိုသို့ မလိုက်သလဲ ဆိုရင် ဘယ်လို ဖြေမလဲ?။

**အတိတ် အနာဂတ်ကို စ,ပြီး ဖြတ်ပါ။**

ဒီတော့ဖြတ်တဲ့အခါမှာလဲဘယ်ဟာကို စပြီးတော့ဖြတ်မလဲဆိုတော့အတိတ်နဲ့ အနာဂတ်ကို စပြီးတော့ ဖြတ်ရမယ်။ ပစ္စုပ္ပန်ကို အခြေခံ ထားပြီးတော့ ဖြတ်လို့ မရပါ။ အတိတ် အနာဂတ်က စပြီးဖြစ်လာတာ။ သူတို့ဟာ တဦးကိုတဦးစွဲပြီးတော့ နှစ်ဦးပေါင်းလိုက်မှ သာလျှင် ပစ္စုပ္ပန် ဆိုပြီး ပေါ်လာ တာပါ။ ပစ္စုပ္ပန် ဆိုတာ အတိတ်က ယူလာတဲ့ဟာ ကိုလဲ လက်ခံ ရမယ်။ အနာဂတ်ကိုလဲ ပို့ပေး ရတယ်။ အဲဒီလို လုပ်တာကို ပစ္စုပ္ပန်လို့ ခေါ်တယ်။

ဒီတော့ ဒီနေရာ အဆင်းနဲ့ အကြည် ဆုံလိုက်တဲ့ အခါမှာ မြင်တယ်ဆိုပြီး ပြောနေတာဟာ ပစ္စုပ္ပန်သညာလေးဘဲမဟုတ်လား။ ဝိညာဉ်ကြတော့ အဆင်းနဲ့ အကြည် ဆုံလိုက်တဲ့ သညာမှ တဆင့် ဝိညာဉ်ကြီးကို ပို့တာ။ အဲဒီကြမှ ပစ္စုပ္ပန်အစစ်ပါ။ ပြီးတော့ကြမှ အသိဆိုတာ သိလို့ရတယ်။

ဒီတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ် ဒီငါးပါးမှာ သညာလေးဟာ ရှိနေတယ်။ လက်နဲ့ စမ်းသပ် လိုက်တဲ့ အခါမှာ မာတယ်လို့ ပြောနိုင်တာဟာသညာမဟုတ်လား။ဒါဟာအဘိဓမ္မာ သဘောပါ။

ဒီတော့ အာရုံ (၅) ပါးဆိုတာ အဆင်း,အသံ,အနံ့,အရသာ, ဖေါဋ္ဌဗ္ဗဆိုတဲ့ အာရုံ (၅) ပါးနဲ့ ဒွါရ (၅) ပါး တွေ့ထိတဲ့အခါမှာ ဝိညာဉ်(၅)ပါး ပေါ်လာတယ်၊ စက္ခုဝိညာဉ်ဟာ စက္ခုအကြည်က ဖြစ်လာတယ်၊ အာရုံနဲ့အဆင်း တွေ့တဲ့အခါ အာရုံလို့ ခေါ်တယ်၊ အဲဒါ အခု ဒီနေရာမှာတော့ “ သပ္ပဋိဃသညာ ”လို့ ခေါ်တယ်၊ အဲဒီလို ၂-ခု ဆုံလိုက်ရော အဲဒါ အာရုံလေးက ဦးဈောက်ထဲကို ယူလာတယ်။

ဒါဟာ ပဉ္စဝိညာဉ်အနေနဲ့ သာယူလို့ရသေးတယ်၊ပဉ္စဝိညာဉ်က နေပြီး မနောဝိညာဉ်ကြီးသို့ ပို့လိုက်ရော၊ နှလုံးအိမ်ကြီးမှာ အသိဆိုတဲ့ဟာလေး တ ရှိန် ထဲ ပေါ် လာ တာ ကို မ နော ဝိ ညာဉ် လို့ ခေါ်တယ်။

နောက် ဓမ္မာရုံကို ဘယ်သူက ဖမ်းသလဲဆိုတော့ မနောဝိညာဉ်ကြီးကဘဲ ဖမ်းတယ်၊ ဒီတော့ ဓမ္မာရုံထဲမှာ ပသာဒရုပ် (၅)ပါးဟာ ပါလာတယ်၊ အဲဒါ နှလုံးအိမ်ကြီးက ဓမ္မာရုံဘက်ကနေပြီး ဖမ်းလိုက်တော့မှ မနောဝိညာဉ်ကြီးဟာ ပေါ်လာတယ်၊ အခု ဒီ မနောဝိညာဉ်ကြီးကိုလိုခြင်လို့ သညာလေးတွေကို လိုက်ပြီး စစ်နေရတာ၊ အခု ဒီနေရာမှာ ပစ္စုပ္ပန်အစစ် မပေါ်သေးဘူး၊ အတိတ် အနာဂတ် ၂-ပါးပေါင်းလိုက်တော့ ပစ္စုပ္ပန်သညာလေးထွက်လာတယ်။

ဒီတော့ အတိတ်သညာက ရူပါရုံဆိုတဲ့ အာရုံ ( ၅ ) ပါးကို မှတ်တယ်၊ အဲဒါကို ရူပသညာလို့ ခေါ်တယ်၊ အနာဂါတ်သဘောက အကြည်ဓါတ် ( ၀ါ ) ပသာဒ ၅-ပါးကို မှတ်တယ်၊ အဲဒါကို စက္ခုသညာ့လို့ ခေါ်တယ်၊ ပစ္စုပ္ပန်သညာ (၀ါ) သပ္ပဋိဃသညာ ကြတော့ ၂-ပါးပေါင်းမှ ပေါ်ခြင်းကြောင့်၊ အဲဒါ ဝိညာဉ်၅-ပါး ဆိုပြီးတော့ ပေါ်လာတယ်၊ ဒါကို "ပစ္စုပ္ပန်သညာ" လို့ ခေါ်တယ်။

**ကာလသုံးပါး ရုပ် နာမ် ဆိုတာ**

ဒီတော့ သညာချင်းဟာ မတူကြဘူး၊ အဲဒါ ၂-ခုလဲ ဆက်လိုက်ရော၊ ပစ္စုပ္ပန်သညာကြီးပေါ်လာတယ်၊ ဒါဟာ သညာဆိုပေမယ့်လို့ ဝိညာဉ်ရဲ့ အရိပ်ကြီးဟာ ပါလာပြီ။ ဒါ့ကြောင့် ဝိညာဉ် ၅-လုံးဆိုပြီး ဖြစ်လာတာ၊ ဒီ သညာ ၃-ပါး ပေါ်နေတာကို ကာလ ၃-ပါး ရုပ်နာမ်လို့ ခေါ်တာ၊ အနိစ္စ, ဒုက္ခ, အနတ္တ တို့ဟာ ပစ္စုပ္ပန်ကို ထောက်ပြီးတော့မှ ပရမတ်ရဲ့ သဘာဝလေးတွေပါလာပြီ။

(အတိတ်သဘော, အဆင်းသညာ, နာမပညတ်, ရုပ်သဘော၊)
(အနာဂါတ်သဘောအကြည်သညာသဏ္ဌာနပညတ်နာမ်သဘော)
(အတိတ် အနာဂါတ်,အဆင်းအကြည်,နာမပညတ်,သဏ္ဌာနပညတ် ၂-ပါးဆိုတာက ပစ္စုပ္ပန်သဘော ရုပ်,နာမ်)။ အဲဒါဟာ သဘာဝ အနေနဲ့ ရှိတယ်လို့ မှတ်ပါ၊ ပညတ် သဘောနဲ့ ပရမတ် သဘော ဆိုတာ ပြောပြ အုန်းမယ်၊ **အတိတ်နဲ့ အနာဂတ်ဟာ ပညတ်သဘော သက်သက်လေးပ**ါ၊ ဒီလိုယူလိုက်ပါ။

ဒီတော့မှ ပစ္စုပ္ပန်က ပရမတ် သဘောလေးပါလား ဆိုတာကို ထင်လာတော့မယ်။ အခု ဒီနေရာမှာ ပစ္စုပ္ပန်သဘော ပရမတ်လေး ယူလာပြီ။ အဲဒီလို ပရမတ်ရဲ့ သဘောလေး ရှိမှသာလျှင် ကာလ သုံးပါး ဆိုပြီးတော့ လက်မောင်းတန်းနိုင်တာပါ။

ဒီတော့ နှစ်ပါးဆုံလိုက်တဲ့ သပ္ပဋိဃ သညာလေးလဲဖြစ်လာရော၊ အဲဒါ အတိတ်ကိုလဲ လက်ညှိုး ထိုးလာပြီး အနာဂါတ်ကိုလဲလက်ညှိုး ထိုးလာပြီ။ ဒီသဘာဝလေးတွေကိုမြင်လာတာနဲ့ "အနိစ္စ၊ မမြဲဘူး" ဆိုတာဟာ ပစ္စုပ္ပန်ဆိုတဲ့ အနတ္တကို ထောက်ပြီးတော့ မမြဲဘူးလို့ ပြောနေတာပါလား။ ဒုက္ခကြတော့လဲ အနတ္တကြောင့် ဆင်းရဲရတာ ပါလား ဆိုတာကို မြင်လာတော့မယ်။

**ပညတ်,ပရမတ်ကို ဒီလိုထပ်ခွဲပါ။**

ဒီတော့ ပညတ်ဟာ ပရမတ် သဘော ရှိမှ ပညတ်လို့ ပြောလို့ ရတာပါ။ ဒါကြောင့် ကာလ သုံးပါး ဖွဲ့တယ်ဆိုတာဟာ အတိတ်ကနေပြီး စဖွဲ့ လာတာ ဖြစ်ခြင်းကြောင့် အဲဒါ အတိတ်, အနာဂါတ်ကို ပညတ်အနေနဲ့ ယူပါ။ ပစ္စုပ္ပန် ဖြစ်တဲ့ သပ္ပဋိဃ သညာလေး ဖြစ်လာမှ ပြောချင်တိုင်း ပြောလို့ ရလာပြီ။ ဒီသပ္ပဋိဃ သညာလေးကို ပရမတ်လို့ ယူပါ။ အဲဒီသဘာဝတွေကို မြင်အောင် ကြည့်ပါ။

ဒါကြောင့်= "အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယ ဋ္ဌေန ၊ အနတ္တာ အသာရကဋ္ဌေန" လို့ ဟောကြားတော်မူတာပါ။

ဒီတော့ အနိစ္စလေးဟာ "ကုန်၊ ပျက်၊ ကင်း၊ ချုပ်" ဆိုတဲ့ ဒီလေးပါးထဲမှာ ပေါ်လို့ အနိစ္စလို့ ချတာပါ။ အတိတ်ကို အနိစ္စနဲ့ ချပြီး၊ အနာဂတ်ကို ဒုက္ခနဲ့ ချလိုက်ပေမဲ့၊ အခု ဒီနေရာ ဒီကဏ္ဍမှာ ပစ္စုပ္ပန်ကို အနတ္တနဲ့ ချလို့ မရသေးဘူး။ ပစ္စုပ္ပန်ကို အနတ္တနဲ့ ချနိုင်အောင် လုပ်ငန်းစဉ်တွေလဲ ထွက်လာရဦးမယ်။ ဒီထဲက သံသရာ လက်စဲ လကျာ လမ်းတွေလဲ ထွက်လာရဦးမယ်။ အခု တရားဟောစဉ်ရဲ့ သဘာဝညာဏ်စဉ် ပြောင်းလာပုံ တွေကို မိမိသဘာဝညာဏ်နဲ့ ငုံမိအောင် ကြိုးစား အားထုတ်ပါ။

ကိုင်း.... နက်ဖြန်မှ ဆက်ဟောမယ်။

သာဓု ခေါ်ကြပေတော့။

" သာဓု–သာဓု–သာဓု "

ပုံစံနံပါတ် (၁၁)



# ပုံစံ နံပါတ် (၁၁)

## ဝါခေါင်လပြည့်ကျော် (၇) ရက်နေ့ ဟောစဉ်

ဝိပဿနာဉာဏ်ကို တက်တော့မယ်ဆိုတာနဲ့ (တနည်း)သမ္မသနဉာဏ်ကို တက်မယ် ဆိုတာနဲ့ **သင်္ခတ လောကကြီး တခုလုံးမှာ မျက်စေ့က ဘာကိုမြင်သလဲလို့** မေးဘဲ့အခါ အဆင်းကို မြင်သေး တယ် ဆိုရင်, ဒီဉာဏ်ကိုတက်လို့ မရသေးပါ။ အောက်ဉာဏ်ကို ပြန်ဆင်းရဦးမယ်။ ဝိပဿနာကို တက်လာတယ်ဆိုတာနဲ့ ကျားနဲ့ ရင်ဆိုင် တိုးရသလိုပါဘဲ။ အခု ဒီနေရာမှာ သညာနဲ့ ဝိဉာဉ် သာလျှင် ရှိပါတော့တယ်။ သင်္ခတလောကကြီးတခုလုံးမှာ သညာ ဝိဉာဉ်သာလျှင် ရှိတော့တယ်။

**သညာဝိညာဉ် ဘာ့ကြောင့် ဖြစ်သလဲ။** ဘယ်သူ့ ကြောင့် ရှိနေ တာ လဲလို့ ဆိုတော့ သဿတ ဒိဋ္ဌိကြီး နှစ်ပါး ကြောင့် ရှိနေ တာပါ။ ဒါ့ကြောင့် ဒီသညာနဲ့ ဝိညာဉ်တို့ဟာ သင်္ခတလောကကြီး တခုလုံးကို လွှမ်းပတ် နေကြတာဘဲ မဟုတ်လား။ ဝိပဿနာကို တက်လာတဲ့ အခါမှာ ဒီသန္တတိက နေပြီးတော့ တက်လာခဲ့တယ်။ နောက်ဆုံး 'နိမိတ္တ'က နေပြီး 'မဂ်'ကို တက်ရမယ်။

ဒီတော့ လဘက်ရည် ပုဂံကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ရှုနေတာဟာ ဘယ်မှာ ဟုတ်မှာလဲ။ ဒါဟာ ပညတ်ကို သာလျှင် ရှုနေတာဘဲ မဟုတ်လား။ သမ္မသန ညာဏ်ကို ရောက်ရှိ လာတဲ့ ထိုယောဂီဟာ သညာ ဝိညာဉ် သာလျှင် ရှိနေ တော့တယ်။ ဘယ်သူ့ကြောင့်ရှိနေသလဲ။ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကြောင့် ရှိနေတယ်။ သင်္ခတ လောကကြီးတခုလုံးဟာ သဉ်းဆိတ် နေလို့ မိုး လက္ခဏာ အနေနဲ့ ပေါ်နေတဲ့ သဘာဝ မှန်ရင် အကုန်လုံး ချုပ်လိုက်ပါပြီ။

နာမရူပ ပရိစ္ဆေဒ ဉာဏ်က ဓါတ်လေးပါး၊ ဓါတ် ၈-ပါး အပေါင်း အစုကို ဖျက်ဆီး ပစ်လိုက် ပါပြီ။ အဲဒါ အနတ္တထဲ ရောက်ကုန်ပြီ။ ဒီဉာဏ် ဝိဉာဉ်ကသာ သခ်တ လောကကြီးမှာ လှည့်ပတ်နေတာဘဲ မဟုတ်လား။

**သန္တတိဖြတ်ပုံ။** ကိုင်း.... ဒီတော့ အတိတ်နဲ့ ပစ္စုပ္ပန်ဆက်နေတဲ့ သန္တတိကို "အနိစ္စံခယဋ္ဌေန" ဆိုပြီး ဆွဲထုတ်လိုက်တယ်။ အတိတ်သဘော အနိစ္စ ဆိုတာဟာ ကုန်တဲ့သဘော။ ဒီကုန်တဲ့သဘော ဆိုတာဟာလဲ အရင်လှမ်းလာပြီးခဲ့တဲ့ မရှိတော့တဲ့ သဘောကြောင့်ပါ။ ဒါကို "အနိစ္စံ ခယဋ္ဌေန" ကုန်တတ်သော အနိစ္စလို့ ချလိုက်ပြီ။

နောက် သန္တတိကို မှီနေတဲ့ သဏ္ဌာန ပညတ်ရိပ် သဘောဖြစ်တဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ် ဆက်နေတဲ့ နာမ်သဘော သန္တတိကြီး ကတော့ 'ဘယဋ္ဌေန' ဘေးဟူသော သဘောကြောင့် (ဝါ) ဆင်းရဲခြင်း ဟူသော သဘောကြောင့်ဒုက္ခပါ။ ဒီတော့ ဘာကျန်နေသေးသလဲ။ ပစ္စုပ္ပန် သမူဟ ပညတ်ရိပ်ကြီး (တနည်း) အတိတ်နဲ့ အနာဂတ် ဆက်နေတဲ့ သန္တတိ ကျန်နေ သေးတယ်။

သူ့ကိုလဲ "အနတ္တာ အသာရကဋ္ဌေန" အနှစ် အသား မရှိတဲ့ သဘောကြောင့် အနတ္တလို့ ချလိုက်တယ်။ ဘာ့ကြောင့် ချသလဲ၊ အတိတ်နဲ့ အနာဂတ်တို့ဟာ အနိစ္စနဲ့ ဒုက္ခ ထဲမှာ သင်္ဂြိုဟ်ပြီးခဲ့တဲ့ အတွက် သူ့ကိုအနတ္တထဲချရပါတယ်။ ဒီတော့ ကာလသုံးပါးဟာ ပျက်သွားပြီ။ ဒီပစ္စုပ္ပန်က နေပြီး ပညာရဲ့ သဘာဝလေးတွေဟာ ထွက်လာရတော့မယ်။ ဒါမှ ပညာမြင် ဥဒယဗ္ဗယကြီးကို တက်နိုင်ပါတယ်။

ဒီ ပညတ်ရိပ် သုံးပါး၊ (ဝါ) ကာလ သုံးပါး၊ (ဝါ) သညာ သုံးလုံးကို ဖျက်ဘို့ဆိုပြီး ဘုရားရှင်က "အတီတာ နာဂတ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန" ဆိုပြီးတော့ ဟောလာတာပါ။ ဒီကာလ သုံးပါးဟာ အင်မတန်မှ အဆက်အစပ် ကောင်းနေတယ်။

သမ္မသနညာဏ် လုပ်ငန်းစဉ်။ အတိတ်နဲ့ ပစ္စုပ္ပန် ဆက်နေတာက သန္ဓိ တချက်ပါ။ ပစ္စုပ္ပန်နဲ့ အနာဂတ် ဆက်နေတာကသန္ဓိတချက်ပါ။အတိတ်နဲ့ အနာဂတ် ဆက်နေတာက သန္ဓိ တချက်ပါ။ ဒီသန္ဓိ ၃-ချက်ကို လာတွေ့တယ်။ ဒါဟာ သမ္မသနညာဏ်ရဲ့လုပ်ငန်းစဉ်ပါ။ သမ္မသန ဉာဏ် ဆိုတာ အတိတ်ကို စွဲပြီးတော့ အနာဂတ် ပေါ်လာတာ။ နောက် အနာဂတ်ကို စွဲပြီးတော့ အတိတ်။

အဲဒီလို ပေါ်လာတဲ့ သဘာဝဟာအနုပုထုဇဉ်တို့ရဲ့သဘာဝပါ။ ဝိပဿနာပညာရဲ့ လုပ်ငန်းစဉ် ဆိုတာ သညာ သဘောထဲမှာ ရှိတဲ့ ဝိဉာဉ်ရဲ့ အရိပ်ကလေးတွေကိုမြင်အောင် ဆင်ခြင်တာကို သမ္မသန ဉာဏ်လို့ ခေါ်တယ်။ (တနည်း) အဆင်းသညာ၊ အကြည်သညာ နှစ်ပါးဆုံတဲ့ သပ္ပဋိဃသညာ။ ဒီသညာလေး သုံးလုံးရဲ့ သဘာဝကို ရှာဖွေပြီး ဆင်ခြင် သုံးသပ်တဲ့ သဘောကို သမ္မသန ဉာဏ်လို့ ခေါ်တယ်။ ဒီသဘာဝကို သေသေချာချာ တွေးကြံပါ။

ကိုင်း.... ဒီတော့ အတိတ်ဆိုတာ လှမ်းလာခဲ့တဲ့ ခြေလှမ်းတွေကို သညာလေး အနေနဲ့ ဆွဲနိုင်တာသည် ပင်လျှင် နာမ ပညတ် သဘောပါ။ နောက် အနာဂတ်သဘောဆိုတာ မလှမ်းရသေးတဲ့ ခြေလှမ်းတွေကို သဏ္ဍာနပညတ် အနေနဲ့တွေးကြံပြီးတော့ ယူလာ ပါတယ်။ ဒါဟာ အနာဂတ်သဘော သညာလေးပါ။

အနာဂတ် သဘော၊ သဏ္ဍာန ပညတ်၊ ဝိဉာဉ်ရဲ့ အရိပ်ဟာ အတိတ်သဘော၊ နာမပညတ်၊ သညာရဲ့ အရိပ်က နေပြီးတော့ ထွက်လာ ပါတယ်။ သူတို့ နှစ်ခု ဆက်နေ တာဟာ ပစ္စုပ္ပန်က ဆက်ပေးနေတာဘဲ မဟုတ်လား။ အဲဒီလို ကာလ သုံးပါးကြီးဟာ လည် နေ တယ်။ အ တိတ်၊ ပစ္စုပ္ပန်၊ အ နာ ဂတ် ဆို ပြီး တော့ လည်နေတယ်။

အတိတ်မှာ "နာမပညတ်ရိပ်" ပြဋ္ဌာန်းတယ်။ အနာဂတ်မှာ "သဏ္ဌာနပညတ်ရိပ်"ပြဋ္ဌာန်းတယ်။ပစ္စုပ္ပန်မှာ "သမူဟပညတ်ရိပ်" ပြဋ္ဌာန်းတယ်။ ဒီကာလသုံးပါး လည်နေတာ ဟာလဲ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကြောင့်ဘဲ မဟုတ်လား။ ဒါကြောင့် (အတိတ်၊ နာမ ပညတ်၊ အတိတ်သညာ) (အနာဂတ်၊ သဏ္ဌာနပညတ်၊ အနာဂတ် သညာ) (ပစ္စုပ္ပန်၊ သမူဟ ပညတ်၊. ပစ္စုပ္ပန် သညာ) ဆိုပြီးတော့ ပြဋ္ဌာန်းနေတယ်။

ဒီပညတ်ရိပ် သုံးပါး၊ ကာလ သုံးပါး၊ သညာ သုံးပါး အစဉ် လည်နေကြတာကိုမြင်အောင်လို့ "စက္ခုံစပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿောဖဿပစ္စယဝေဒနာ၊ ဝေဒနာပစ္စယ တဏှာ"လို့ ဟောလာတာပါ။ ဒီလို အစဉ်မပျက်လည်နေတာဟာ သဿတဒိဋ္ဌိကြောင့်ဘဲ မဟုတ်လား။ အဲဒါ အတိတ် သညာကြီးက ဆွဲထားတယ်။

အနာဂတ် သညာ ဆိုတာ ပစ္စုပ္ပန် သဘော သညာကြီးက ဆွဲထားတာဘဲ မဟုတ်လား။ ဒါဟာ သဿတဒိဋ္ဌိဘဲ မဟုတ်လား။ ဓါတ်လေးပါးဆိုတဲ့ သဘာဝကို နှိုက်တဲ့ အခါမှာ ဓါတ်တပါးရဲ့ ဗျာပါရကတော့ သိမ်းသွားပြီ။ ဓါတ်သုံးပါးရဲ့ ဗျာပါရလေးဟာ ကျန်နေသေးတယ်။ ဒါကို ပစ္စယပရိဂ္ဂဟဉာဏ်က ချေလိုက်တယ်။ ဒါတွေကို ကြေသွားတော့မှ ဝိပဿနာဉာဏ်ကို တက်လာ တာပါ။

အဲဒါကို သန္တတိဃနဆိုပြီးတော့ တက်လာတယ်။ နောက်ဆုံး နိမိတ္တဃနကနေပြီးတော့ မဂ်ကို တက်တော့မယ်။ သဘာဝလေး တခုကို ဆရာတော် ဖေါ်လိုက်ဦးမယ်။ ဒီသမ္မသနဉာဏ်ကို မထင် ခဲ့ရင် ဣရိယာပုတ် လေးပါးကို ပြန်ကိုင်ပါ။ ဒီတော့ "သွားတယ် သွားတယ်" လို့ ဆိုတာဟာ ခြေဖဝါး ခြေထောက်ကြီးကို သွားရှုလို့ ရပါ့မလား။

အာရုံလေး အနေနဲ့ သာလျှင် ယူရတော့မှာဘဲ မဟုတ်လား။ ဒါဟာလဲ သညာကို ပြန်ကိုင်တာပါဘဲ။ ပထမသညာ အနေနဲ့ ဆက်တာလောက်ကိုသာ ယူပါ။

**ကာလ သုံးပါးနှင့် သန္တတိသဘော။** (ဥပမာ) ဓမ္မာရုံက နေပြီး လာတယ်။ တိုက်ကြီးရဲ့ ဘိနပ်ချွတ်တဲ့ နေရာကိုလဲ ရောက်ရော၊ ရပ်ပြီး ပစ္စုပ္ပန် အနေနဲ့ ဆွဲလိုက်တယ်။ ဘာပြုလို့ ပစ္စုပ္ပန်လို့ ဆွဲသလဲ ဆိုရင် နောက်က မှတ်လာခဲ့တဲ့ခြေလှမ်းဖြစ်တဲ့သညာလေးကိုဆွဲရမှာ ဖြစ်ခြင်းကြောင့် ဆွဲရတာပါ။ ဒါကို ထောက်ပြီး ခြေလှမ်း၊ လှမ်းဆဲက ပစ္စုပ္ပန် လှမ်းပြီးတာကအတိတ်သဘော၊ ရှေ့ကိုလှမ်းရဦးမှာက အနာဂတ် သဘော။ ဒါဟာ အတိတ် သညာ၊ အနာဂတ် သညာ၊ ပစ္စုပ္ပန် သညာလို့ ဆိုတဲ့ သညာလေး သုံးလုံး ဆက်နေတာဘဲမဟုတ်လား။ ဒါဟာ သန္တတိ သဘောပါ။ ကာလ သုံးပါးဟာ စိပြီးတော့ ထွက်လာပါပြီ။

**သညာသုံးခု။** ဒီသညာကို ခန္ဓာဝိဘင်းမှာ ဘုရားရှင်ဟောတော်မူပါတယ်။ အဆင်း သညာ၊ အကြည် သညာ နှစ်ပါးဆိုတဲ့ သညာဆိုပြီး သညာလေး သုံးလုံး ဆက်နေ တာဘဲ မဟုတ်လား။ ဒီတော့ သညာ သုံးလုံးရဲ့ သန္တတိ သဘောကို ပြောရရင် (အတိတ်သညာရဲ့ သဘောဟာ အဆင်း သညာပါ။ ဒါကိုအတိတ်အစွန်းသညာအနေအားဖြင့်ရင်း) (အနာဂတ် သညာ သဘောက အကြည်သညာပါ။ ဒါကို အနာဂတ်စွန်းသညာ အနေ အားဖြင့်ရင်း) (နှစ်ပါးဆိုတဲ့ သညာက ပစ္စုပ္ပန် သညာပါ။ ဒါက သပ္ပဋိဃ သညာ အနေအားဖြင့်ရင်း) ဒီသညာလေး သုံးခုလုံးဟာ မနောဝိညာဉ်ကြီးနှင့် အဝင်သဘောအားဖြင့်ရင်း၊ အထွက်သဘော အားဖြင့်ရင်း ဆက်နေကြတာပါ။

"အတီတာ နာဂတ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန" ဆိုပြီးတော့ ကာလသုံးပါးရပ်နာမ်ကို ဆက်လိုက်ပါပြီ။

ဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုပြီးတော့ ရပ်သဘော သန္တတိ အမှတ်သညာလေးကို ချေရပါတယ်။ ဒါကို ကြေသွားရင် ဓါတ် လေးပါးရဲ့ ဗျာပါရဟာ မရှိတော့ပါ။ အဲဒါ ကလျာဏ မျက်စိ ပေါက်ပြီ။ ဥာတပရိညာ ပိုင်သွားပါတယ်။ ဒီက ရှေ့ကို တဆင့် သွားတဲ့အခါ ဥာတပရိညာရဲ့ အဘိုးမှာ....။

“ဣမိနာပနဉာဏေန၊ ဤဉာဏ်ဖြင့်။ သမ္ဗုဒ္ဓါဂတော၊ ပြည့်စုံသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်လည်း။ ဗုဒ္ဓသာသနေ၊ ရှင်တော်မြတ်ဘုရား၏ သာသနာ တော်၌။ လဒ္ဓသာသော၊ ရအပ်သော သက်သာရာ ရှိသည် ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍။ စူဠသောတာ ပန္နောနာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏လို့ အကျိုး တရားတွေကို ထုတ်လာတော် မူပါတယ်။

ကိုင်း ဒီတော့ ဒီသဘာဝ တွေကို သေသေ ချာချာ သိရင် သဘောပေါက်ရင် သောတာပန် ဖြစ်နိုင်ပါတယ်။ ဆရာတော်ကြီးများရဲ့ အဆုံးအဖြတ်ကတော့ ကလျာဏ မျက်စေ့ ပေါက်ပါတယ်လို့ ဆုံးဖြတ်ကြတယ်။ ဥဒယဗ္ဗယဉာဏ်ကြီး ရောက်မှ စူဠသောတာပန် ဖြစ်တယ်လို့ ယူကြပါတယ်။

**အာရုံအာရမ္မဏိက သဘောမျှသာလျှင် ရှိတော့တယ်။**

ကလျာဏ မျက်စေ့ ပေါက်တဲ့သူ တွေဟာ သင်္ခါရလောက တခုလုံးမှာ ရှိနေတဲ့ရုပ်သဘောနာမ်သဘောတွေဘယ်အနေနဲ့ရှိတော့သလဲ ဆိုတော့ အာရုံ အာရမ္မဏိက သဘောအနေနဲ့သာ ရှိတော့တယ်။ ဒီထက်လွန်ပြီး ယူလို့ မရတော့ပါ။

ဒီနေရာကြမှ ဘုရားရှင်က ပါဠိတော်မှာ....

“စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ”လို့ ဟောကြားတော် မူတာပါ။ အတိတ်မှာ နာမ ပညတ် ပြဋ္ဌာန်း ပါတယ်။ အနာဂတ်မှာ သဏ္ဌာနပညတ် ပြဋ္ဌာန်းပါတယ်။ ပစ္စုပ္ပန်ကြတော့ သမူဟပညတ် ပြဋ္ဌာန်းပါတယ်လို့ ဆိုတာကို ဒီအတိုင်းမထားပါနဲ့ ဣရိယာပုတ် လေးပါးမှာ ဒီသဘောကို ဆင်ခြင်လာရင် တကယ့်ကို တွေ့လာပါလိမ့်မယ်။

ဒီအခါကြမှ ဟုတ်တယ်, မဟုတ်ဘူး ဆိုတာကို ဆုံးဖြတ်ပါ၊ ဝန်ခံပါ။ ဒါမှ တရားတော်ဟာ တန်ဘိုး ရှိပါတယ်။ ကိစ္စဃန ဖြစ်တဲ့ ဓါတ်ကြီး လေးပါး ရုပ်သဘော နာမပညတ် သာလျှင် ထွက်လာပါတော့တယ်။ နာမ်သဘောကြတော့ နာမနဲ့ သဏ္ဍာန ပညတ် နှစ်ပါးလုံး ရပါတယ်။ နှစ်ပါးဆိုတဲ့ သညာ (ဝါ)ရုပ်နာမ် သဘောကြတော့ နာမ, သဏ္ဍာန, သမူဟ, ပညတ်ဆိုပြီး ပညတ် သုံးပါးလုံး ရပါတယ်။

နောက် ဝိညာဉ်ကြီး ကြတော့မှ နာမ၊ သဏ္ဍာန၊ သမူဟ၊ သန္တတိ ပညတ်ဆိုပြီး ပညတ်လေးပါးလုံး အကုန်ရပါတယ်။ ကိုင်း ကိစ္စဃန ဖြစ်တဲ့ ဓါတ်လေးပါး ရုပ်သဘော, နာမ ပညတ်က ဘယ်အနေနဲ့ ထွက်လာတာလဲ?။ ဟိုလိုပြော၊ ဒီလိုပြောနဲ့ ပြောလို့ မရပါ။

ရှင်တော်မြတ်ဘုရားက သတ္တဝါတွေဆို ချွတ်တော်မူနေတာဟာ သဘာဝတလုံးထဲ ချွတ်နေတယ် ဆိုတာကို တထစ်ချ မှတ်ထားပါ။ တကယ်ကျွတ်ထိုက်တဲ့ ဝေနေယျမှန်ရင် ဘယ်တရား သဘာဝကိုဘဲ ပြပြ,တရားမှန်လာမှ ညာဏ်နဲ့ သက်ဝင်ပြီး နှစ်ချိုက်လာပါတယ်။

ဒီတော့ ဘယ်တရားကိုတော့ဖြင့် မလုပ်ပါနဲ့လို့ မကန့်ကွက်ပါ၊ တနေ့ တရားစစ် တရားမှန်ကို ရလာပါ လိမ့်မယ်။ ကိစ္စဃန ဓါတ်လေးပါး ရုပ်သဘော နာမပညတ်ဟာ ဘယ်အနေနဲ့ ရှိသလဲ ဘယ်သူက ထောက်ထားသလဲ။ အဲဒီထိအောင် စစ်လာ ရမယ်၊ ဒါမှ သဘာဝ တွေကို တွေ့လာမယ်။ ဝိပဿနာနဲ့ ယှဉ်လာတဲ့ (ဝါ)ပညာနဲ့ယှဉ်လာတဲ့လုပ်ငန်းစဉ်တရားတွေဟာ တရားတော်ကို နာယူနေတဲ့ ပုဂ္ဂိုလ် အသီးသီးရဲ့ နှလုံးအိမ်မှာ ပေါ်လာရင်ဘဲ တန်ဘိုးရှိလာပါပြီ။

သာဓုခေါ်ကြပါတော့....

" သာဓု....သာဓု....သာဓု "

T-N-L-

## ဝါခေါင်လပြည့်ကျော် (၉)ရက်နေ့ ဟောသစဉ်

**ဖြစ်,ပျက်,သဘာဝ**

ဒီကနေ့ "ဖြစ်,ပျက်" ဆိုတာကို ပြောပြမယ်၊ ဒီတော့"ဖြစ်,ပျက်"ဆိုတဲ့သဘာဝကို နှိုက်ကြည့်ရင် အတိတ် အကြောင်း, ဖြစ်,၊ အနာဂတ် အကျိုး "ပျက်"လို့ ဆိုထားတယ်၊ အဲဒါ အတိတ် သဘောကို ပျက်, အနာဂတ်သဘောကို, ဖြစ်, ဆိုပြီးတော့ ပြန်လို့မရဘူးလား၊ ဒီလို မေးရင် ဘယ်လိုဖြေမလဲ၊ အဲဒီလို ကိုယ်ပိုင်ဉာဏ်လေးထုတ်ပါအုံး။

ဒီတော့ ပုံစံထဲမှာကြည့်ပါ၊ တဖက်က"ဖြစ်"တဖက်က"ပျက်" ဆိုပြီးတော့ ရေးထားတယ်၊ အလယ်စက်ဝိုင်းကြတော့ "ဖြစ်-ပျက်" လို့ရေးထားတယ်၊ အခု ဒီနေရာမှာ ဝိညာဉ်ကိုရှာလာပြီ၊ ဒီတော့ လဘက်ရေပုဂံမှာရှိတဲ့ အဆင်း၊ အကြည်လေး မှာ ရှိတဲ့ အဆင်း၊၊ သညာမှာရှိတဲ့ အဆင်း, ဝိညာဉ်မှာရှိတဲ့ အဆင်း, အဲဒီဟာတွေကို ထိုယောဂီဟာ နားလည်ထားရမယ်။

**အဆင်းနှင့် အဆင်းရိပ်**

ဒီတော့မှ ဥဒယဗ္ဗယကို ကျမ်းကြေတယ်လို့ ခေါ်တယ်၊ ဒါကိုမှ ထိုယောဂီဟာ လက္ခဏာနှင့်တကွ မတင်ပြနိုင်ရင် အဲဒါ ဥဒယဗ္ဗယကို မတက်နိုင် တော့ဘူး၊ ဒါကို သေသေချာချာ စဉ်းစားရမယ်၊ ယခု ဒီနေရာမှာ ကွာခြားလာပုံကို ပြောပြအုံးမယ်၊ "အဆင်း" နဲ့ "အရိပ်" ဆိုပြီး တော့ ကွာခြားလာပြီ၊ ဒီတော့ အဆင်းဆိုတာက အရင်ပြောလာ ခဲ့တဲ့ အဆင်းကို ပြောတာပါ။

အဆင်းရိပ်ဆိုတာကြတော့ အရင်ကမြင်ခဲ့တဲ့အဆင်းကို အာရုံနဲ့ ဆွဲယူပြီး ပေါ်လာတဲ့ အရိပ်ကို ခေါ်တာပါ၊ သူကြတော့ မနောဝိညာဉ်ကြီးကဆွဲထားပါတယ်၊ ဒီတော့ မနောဝိညာဉ်ကြီးကို ရှုနိုင်လာရင် ဒီမနောဝိညာဉ်ကြီးသေသွားမှ ပညာမြင် ဥဒယဗ္ဗယကို တက်နိုင်မယ်၊ "အဆင်းရိပ်"ဆိုတာဟာ အဆင်းရဲ့ရေသောက်မြစ် ကလေးထိအောင် ခွဲနိုင်လာမှ တန်ဘိုးရှိမယ်။

ဒီတော့မှ ကိုယ့်ရဲ့ဝိညာဉ်ကြီးဟာ ဘယ်လောက်ကောက်တယ် ဘယ်လောက် ဖြောင့်တယ် ဆိုတာကို တွေ့လာတော့မယ်၊ ဒါကို မြင်လာရင် ထိုပုဂ္ဂိုလ်ဟာပြုပြင်လာတော့မယ်၊ဒီတော့မှမကောင်းတဲ့ ဘဝကနေပြီး ကောင်းတဲ့ဘဝသို့ ရောက်လာနိုင်မယ်။

**အကောက်သုံးမျိုး** အကောက်ဟာ ၃-မျိုးရှိတယ်၊ရှေးဆရာကြီးတွေက အကောက် ၃-ကောက်ကို ပြတဲ့အခါမှာ....

၁။ထွန်ရေးကောက်။ ၂။လရေးကောက်။ ၃။နွားရေးကောက် ဆိုပြီးတော့ ပြလာကြတယ်။

အဲဒါ ကာယကံကောက်, ဝစီကံကောက်, မနောကံကောက်, ဆိုပြီးတော့ အနွပုဂ္ဂိုလ်တွေမှာ ဒီ ၃-ကောက်ရှိတယ်၊ ဒီအကောက်ကြီးတွေ လွတ်အောင် ဒီ ဝိ ညာဉ် ရိပ် ကြီး တွေ ကို တွေ့မှသာလျှင် ဒီအကောက်တွေမှ လွတ်မယ် မဟုတ်လား။ တွေးကြံပါ။

**ပဓါနိယင် တရားငါးပါး** ဒါ့ကြောင့် ( သဒ္ဓေါစ၊ ယုံကြည်မှု သဒ္ဓါတရား နှင့် ပြည့်စုံခြင်းသည်ငင်း၊ အပ္ပါဗာဓေါစ၊ ကိုယ်လက်အင်္ဂါ ကျန်းမာ သန်စွမ်းခြင်းသည်ငင်း။ အမာယာဝီ၊ ကောက်ကျစ် စဉ်းလဲခြင်း မရှိသည်ငင်း။ အာရဒ္ဓဝီရိယောစ၊ သူတပါးတို့ထက် မတူမတန် ထက်သန်သော လုလ္လဝီရိယနှင့် ပြည့်စုံခြင်းသည်ငင်း။ ပညဝါ၊ ရုပ်တရား နာမ်တရားတို့၌ စူးရှသော ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းသည်ငင်း။ ဣတိဣမာနိပဥ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂါနိ၊ပဓါနကျသော အရေးကြီးသော အင်္ဂါတို့မည်ကုန်၏)လို့၊ ပဥ္စင်္ဂုတ္တိုရ်ရဲ ပါဠိတော်ကြီးမှာ ဟောကြားတော်မူပါတယ်။

ဒီတော့ (သဒ္ဓေါစ)၊ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း ဆိုတာဟာ ပညာရဲ့ ၃-ပုံပုံ,၁-ပုံက တွက်လာတာပါ၊ဉာဏ်အားဖြင့် ယူလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးက

ထွက်လာတာပါ၊ နောက်တခါ (အပ္ပါဗာခေါစ)၊ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းခြင်းဆိုတာက တရားအားထုတ်တဲ့အခါမှာ အပူနှင့် အအေးမျှတပြီးခန့်ကျမ်းရမယ်။ အာနာပါနနည်းနဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်ကြပြန်ရင်လဲ စတုတ္ထတံခါးကြတော့ အဲဒါ သီတဉတု၊ ဉဏှ ဉတုဟာ ညီညွတ် ပြီးတော့ ပရိပါစကမီးဟာ မျှတ နေတာကို (အပ္ပါဗာခေါစ) ကိုယ်လက် အင်္ဂါ ကျန်းမာ သန်စွမ်းခြင်းသည် ၎င်းလို့ ဆိုတာပါ။ အဲဒီလို ပြည့်စုံလာရင်ဘဲ ဝိညာဏ်ကောက်ကြီးကို ဖြောင့်နိုင်လာပြီ။

(အမာယာဝီ) ကောက်ကျစ်စဉ်းလဲခြင်း မရှိခြင်းသည်၎င်းလို့ ဆိုတဲ့ ဒီသဘာဝကို ထုတ်ပြဦးမယ်၊ ကောက်ကျစ် စဉ်းလဲတယ် ဆိုတာ ဘယ်ဟာကိုခေါ်သလဲ။ ယခု ဝိညာဏ်ကဆွဲထားတဲ့ဟာကို မမြင်ရင် အဲဒါအကောက်ကြီးဘဲ မဟုတ်လား၊သူများရဲ့အပြစ်ကို ပြောတဲ့သူမှ(ဝါ)သူများအတင်းပြောတဲ့သူမှ၊ သူများကိုလိမ်ညာတဲ့ သူမှ၊အကောက်လို့မယူပါနဲ့။

ဒီတော့ အတိတ်၊ အနာဂတ်ကို ဆွဲကိုင်နေသမျှ ကာလပတ်လုံး ပညာမြင် ဉဒယဗ္ဗယဉာဏ်ကို မပိုင်သေးဘူး၊ အဲဒါ (မာယာဝီ) ကောက်ကျစ် စဉ်းလဲတယ်လို့ ခေါ်တယ်၊ ဒီဟာကို မြင်အောင် ရှုနိုင်လာရင် အဲဒါ အပါယ်တံခါး ပိတ်ပြီ။ သူတပါးရဲ့ အပြစ်ကို မရှုရုံတွင်မကတော့ဘူး၊ အဲဒါကုသိုလ် အကုသိုလ်ကိုလဲ ညီမျှအောင် ထားနိုင်လာပြီ။

ဒီတော့ အဲဒီ ၃-ပါးကိုလဲ ပိုင်လာရော၊ အဲဒါ ဉဒယဗ္ဗယဉာဏ် ကြီးကိုပိုင်တဲ့ ဝိရိယကြီးဟာ ပေါ်ထွက်လာပြီ၊ အဲဒါကို ( အာရဒ္ဓ ဝိရိယောစ ) သူတပါးတို့ထက် မတူမတန် ထက်သန်သော လုလ္လ ဝိရိယနှင့် ပြည့်စုံခြင်းလို့ ပြောတာပါ။

နောက်တခါ (ပညဝါ) ရုပ်တရား၊ နာမ်တရားတို့၌ စူးယှသော ပညာဆိုတာ နောက်ဆုံးပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးရဲ့အနတ္တကို ပိုင်တဲ့ပုဂ္ဂိုလ်မှသာလျှင် အဲဒါဉာဏ်ပညာနဲ့ ပြည့်စုံပြီ။ ပဓါနိယင်္ဂ တရား ၅ ပါးနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝနဲ့ဘဲ သောတာပန် ဖြစ်နိုင်ပါတယ်လို့ ဟောကြားတော်မူထားပါတယ်။

**ဖြစ်သဘော ဆိုတာ**

ဒီတော့ ဒီ ဝိညာဏ် အ ကောက် ကြီး ကို ဖြောင့်မှန်ဘို့ရာ အင်မတန်မှ အရေးကြီး ပါတယ်၊ ဒီကဏ္ဍကိုတက်လာရင် ဝိညာဏ်ကဆွဲလာတဲ့အဆင်းလေးကို ပြောပါဆိုရင် အတိတ်သဘော 'ရုပ်'ဆိုတာဟာ '**ရုပ်သဘောလေး**' က ဖြစ်လာတာပါ၊ အတိတ်ကာလကို အနိစ္စနဲ့ ချလိုက်သော်လဲ ( သညာလေးက ဖြစ်သဘော ) ဆိုပြီးတော့ ပြောလာတာပါ။ အဲဒါဟာ (ရုပ်သဘောရဲ့ဗျာပါရလေး)ဘဲ မဟုတ်လား။

နောက် 'ပျက်' ဆိုတာက အနာဂတ် သဘော၊ နာမ်လေးဘဲ မဟုတ်လား။ ဒီတော့ သူတို့ နှစ်ခုဟာ ဘယ်သူက ပြဋ္ဌာန်း သလဲ ဆိုတော့'ပျက်'သဘောကပြဋ္ဌာန်းနေတယ်။ ဒီတော့ရုပ်သဘောဟာ ဘယ်မှာဖြစ်လို့ရမှာလဲ။ သူ့မှာ အဗျာပါရဘဲ မဟုတ်လား။

ဒီတော့ 'ပျက်'ဆိုတာက, ဖြစ်ကြီးကို လွှမ်းခြုံထားတဲ့ အတွက် (ဝါ) ငုံထားတဲ့ အတွက် မာယာသာဒေယျ၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်ခြင်းသာ ဖြစ်နေ တာပါ။ ဒီတော့ **အဆင်းက, ဖြစ် အကြည်က, ပျက်** ဆိုတဲ့ သဘောလေးကို တွေ့လာပြီ။ ကိုင်း ဒီတော့ ဝိဉာဉ်က ဘယ်လို အဆင်းရိပ်ကလေး ထွက်လာသလဲ။ အဲဒါကိုသာ ရှာပါ။

ကိုင်း....သာဓုခေါ်ကြပါတော့....

**"သာဓု....သာဓု....သာဓု"**



## ဝါခေါင် လပြည့်ကျော် (၁၀)ရက်နေ့ ဟောစဉ်

**သညာကပြောသော ဖြစ်ပျက်။** အဲဒီ ဖြစ်,ပျက် ဆိုတဲ့ သဘောလေးမှာ ဖြစ်ဆိုတာက ရုပ်သဘောလေးပါ။ ဒီတော့ ပုံစံသုံးခုထုတ်ပြထားတာဟာ မြင်လွယ်အောင်လို့ ထုတ်ပြထားတာပါ။ အခု ဖြစ်ပျက်လို့ ပြောနေတာဟာ ဝိဉာဉ်ကြီးက ပြောနေတာ မဟုတ်ပါ။ သညာက ပြောနေတာပါ။

အဲဒါ သညာက အတိတ် အနာဂတ်ကို စွဲပြီး ဖြစ်ပျက်လို့ ပြောနေတာပါ။ အခုပြောတဲ့ သဘာဝဟာ အဘိဓမ္မာ နယ်ထဲကို ကျသွားရင် ဝိစိကိစ္ဆာ ဖြစ်လာမယ်။ ဝိစိကိစ္ဆာ ဆိုတာ အတ္တဝိစိကိစ္ဆာ၊ ဓမ္မဝိစိကိစ္ဆာ ဆိုပြီး နှစ်မျိုးရှိတယ်။ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀-ကို အကုန် မသိတဲ့အတွက် ဓမ္မဝိစိကိစ္ဆာ ဖြစ်လာတာဘဲ မဟုတ်လား။

ကိုင်း.... ဒီတော့အတိတ်စွန်းကို ဖြတ်လိုက်ပါ။ အတိတ်စွန်းဟာ သူ့ဟာသူ တစဉ်ထောင်ပြီးပေါ်နေတာမဟုတ်ပါ။ ဘာ့ကြောင့်လဲ ဆိုတော့ တစင်ထောင်နေတဲ့ သညာကို ကာလသုံးပါးနဲ့ ပိုင်းပြီး သတ်ပြီးပြီဘဲ မဟုတ်လား။ ဒါကြောင့် တစဉ် မထောင်နိုင်တော့ တာပါ။ သူတို့ ပြောနေတာ တွေဟာ ပညာသား နှစ်ပြားသားမှ မပါပါ။ အဲဒါ သညာ ဝိဉာဉ်ကသာပြောနေတာဘဲမဟုတ်လား။ အဲဒါ တရားခံကိုရှာရင် "အာရုံနဲ့ အာရမ္မဏိက" ကိုသာ ရှာရတယ်။ ဒါဟာ ပညာထဲ မဝင်သေးပါ။ အဲဒါ သညာ,သညာခြင်း ဝိဉာဉ်,ဝိဉာဉ်ခြင်း ချနေကြတာဘဲ မဟုတ်လား။

ဒီတော့ အဆင်းနဲ့ အကြည်မှာ ရှိနေတဲ့ သညာဟာ မနော ဝိဉာဉ်ကြီးထံ တိုက်ရိုက် မဝင်နိုင်ပါ။ သပ္ပဋိဃ သညာ ကသာ မနောဝိဉာဉ်ကြီးထံ ဝင်လို့ ရတယ်။ ဒီတော့ သပ္ပဋိဃ သညာ ပေါ်တာနဲ့ အဆင်းသညာ, အကြည် သညာတို့ဟာ မရှိတော့ပါ။ ဒီတော့မှ သပ္ပဋိဃ သညာဟာပေါ်ပြီး မနောဝိဉာဉ်ကြီးထဲ ဝင်ရ တာပါ။ အဲဒါကြောင့် မနောဝိဉာဉ်ကြီးနဲ့ ဆက်နိုင် တာဟာ သပ္ပဋိဃ သညာဘဲ ရှိတယ်။

ဒီတော့ အဆင်းကို အနိစ္စ၊ အကြည်ကို ဒုက္ခနဲ့လဲ ချလိုက်ရော သဟဇာတ သညာလေးက အနတ္တအနေနဲ့ ကျသွားတယ်။ သပ္ပဋိဃ သညာဟာ 'သေး'သေးတာ မဟုတ်ပါ။ ပရမတ်သဘော ဖြစ်တဲ့ မနောဝိညာဉ်ရိပ်ကြီးထဲမှာ ရှိနေသေးတယ်။

ဥပါဒါန်ရိပ် ဆိုတာဟာ ပညတ် သဘော အနေနဲ့ မနော ဝိညာဉ်ကြီးနဲ့ ဆက်နေတာကို ခေါ်တယ်။ မနော ဝိညာဉ်ကြီးကနေ အဆင်း အကြည်တို့ကို ပေါင်းဆုံအောင် အားပေးတာက ပရမတ် သဘောပါ။ အဲဒါ ပညတ်ရိပ်တွေ ဇာတ်သိမ်း သွားသော်လဲ ပရမတ်သဘော သပ္ပဋိဃ သညာလေးဟာ ကျန်နေသေးတယ်။

**အဝင် သဘော = ပညတ်**
**အထွက်သဘော = ပရမတ်**

ဒီတော့ သပ္ပဋိဃ သညာ လေးက အဆင်းကို အားပေးတာ ကြတော့ အတိတ်စွန်း၊ အကြည်ကို အားပေး တာ ကြတော့ အနာဂတ်စွန်း ဆိုပြီး ထွက်လာ တာပါ။ အဲဒါ ကြောင့် သပ္ပဋိဃ သညာမှာ အဝင်သဘော၊ အထွက် သဘော ရှိနေသေးတယ်။ အဝင် သဘောဟာ ပညတ်ရိပ်ပါ။ အထွက် သဘောဟာ ပရမတ်ရိပ်ပါ။ ဒီလို မှတ်လိုက်ပါ။

သပ္ပဋိဃ သညာရိပ်လေးဟာ အခု ဝိညာဉ်ရိပ်ကြီးထဲမှာ ရှိနေ သေးတယ်။ ဒီဟာကို မြင်အောင် ရှုပါ။ နောက် ဒီ သပ္ပဋိဃ သညာကို ဥဒယဗ္ဗယဉာဏ်နဲ့ သိမ်းဆည်း ပြီးသော်လဲ ဝိဉာဏ်ရိပ် ကြီးထဲမှာ ရှိနေသေးတယ်။ ဒီကိန်းနေတဲ့ သညာလေးတွေကို ထပ်ပြီး သိမ်းရလိမ့်ဦးမယ်။

ယခု ဟောလိုက်တဲ့ သဘာဝတွေကို ကျမ်းကြေ လာရမယ်။ ဒီလို ဖြစ်လာမှ ဥဒယဗ္ဗယ ဉာဏ်ကို ပိုင်မယ်။ ကိုင်း.... ဒီတော့ အခု ဖြစ်ပျက်လို့ ပြောနေတာဟာ ဘယ်သူက ပြောနေ တာလဲ ဆိုရင် သပ္ပဋိဃ သညာက ပြောနေတာဘဲ မဟုတ်လား။ အဆင်း သညာနဲ့ အကြည်သညာ နှစ်ပါးဆုံလိုက်တော့ သပ္ပဋိဃ သညာ ဖြစ်ပြီး၊ သညာ သုံးပါး ဖြစ်လာတယ်။

**ဝိဉာဉ်ကို မိအောင်ဖမ်းပါ။** ဒါကို အဆင်းသညာက အတိတ်၊ အကြည် သညာက အနာဂတ်၊ နှစ်ပါးဆိုလို့ ပေါ်လာတဲ့ သပ္ပဋိဃ သညာက ပစ္စုပ္ပန် ဆိုပြီး ကာလသုံးပါး ဖွဲ့လာတာပါ။ ဝိဉာဉ်ကြီးကို ဖမ်းခြင်တဲ့ အတွက် အဲဒါအတိတ်ကိုအနိစ္စ၊ အနာဂတ်ကိုဒုက္ခ၊ ပစ္စုပ္ပန်ကို အနတ္တဆိုပြီး ချလိုက်တာပါ။

အဲဒီလို ချလိုက်တော့ အဝင်သဘော သညာလေးဟာအနတ္တထဲ ကျသွားသော်လဲ၊ အဲဒါ အထွက်သဘော ပရမတ် သညာလေးဟာ ကျန်နေသေးတယ်။ အဲဒီ ကျန်နေတဲ့ "အထွက် သဘော ပရမတ် သညာလေး"ကို ဥဒယဗ္ဗယဉာဏ်နဲ့ ရှာတဲ့ အခါမှာ အတိတ်စွန်း၊ အနာဂတ်စွန်း ဆိုပြီး ထွက်လာပါတယ်။ ဒီအတိတ်စွန်း၊ အနာဂတ် စွန်းဟာ ဘယ်ကနေလာသလဲ?။

ပဋိစ္စသမုပ္ပါဒ် လှည့်တဲ့အခါမှာ ဝိဉာဉ်၊ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ ဆိုပြီး လှည့်လာတယ်။ သပ္ပဋိဃ သညာကနေ အဆင်းဘက်ကို ထွက်နေတဲ့ ဗျာပါရ ကြတော့ အတိတ်စွန်း။ အကြည်ဘက်ကို ထွက်လာတာ ကြတော့ အနာဂတ်စွန်း၊ အဲဒါ ခဏ ပစ္စုပ္ပန်ဆိုပြီး ထွက်နေတယ်။

ဒီအစွန်းတွေကို ဖြတ်တာတောင်မှဘဲ ဒီသပ္ပဋိဃ သညာဟာ သေလိမ့်ဦးမယ် မမှတ်နဲ့၊ သူ့ကို ဖျက်ဆီး လိုက်မှ သေမယ်။ (ဥပမာ) ပုဇွန်လုံးကို ခြေ, လက်တွေ ဖြုတ်ထားသော့လဲ မသေ သေးပါ။ အဲဒါ ထက်ခြမ်းဖြစ်အောင် ခွဲလိုက်မှ ဒီပုဇွန်လုံးကြီး သေသလို၊ အခုလဲ ဒီသပ္ပဋိဃ သညာကို ဥဒယဗ္ဗယ ဉာဏ်ကြီးက ထက်ခြမ်း ခွဲပစ်လိုက်မှ သေတော့မယ်။ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးကို တက်သွားတော့မယ်။

ဒီတော့ ဝိဉာဉ်ကြီး အုပ်ချုပ် ထားတဲ့ ပစ္စုပ္ပန် ဆတ်ဆတ် သဘောလေး ကျန်နေသေးတယ်။ ဒီပရမတ်လေးကိုမှ ခန္ဓာအနေနဲ့ ဆွဲထုတ်ပြီး ရှေ့ကို တက်သွားမယ်။ အဲဒါကြောင့် ဒီသပ္ပဋိဃ သညာလေးကို မျက်ခြေ မပြတ်စေနဲ့၊ ဒီသပ္ပဋိဃ သညာလေး လှည့်နေပုံကို နက်ဖြန်ကျမှ ချပြဦးမယ်။ သာဓု ခေါ်ကြပါတော့။

"**သာဓု....သာဓု....သာဓု....**"

## ဝါခေါင် လပြည့်ကျော် (၁၁) ရက်နေ့ ဟောစဉ်

**ဥဒယဗ္ဗယ ဉာဏ် ၂ မျိုး**

ကိုင်း .... ဒီတော့ သပ္ပဋ္ဌိဃသညာကို နားလည်သွားရင် ဒီကနေ့ 'ဖြစ်-ပျက်' ကို ပြတော့မယ်၊ ဥဒယဗ္ဗယဉာဏ်ဟာဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ် ပညာမြင် ဥဒယဗ္ဗယဉာဏ်ဆိုပြီးတော့ ၂-မျိုးရှိတယ်။

နောက် သံသရာရဲ့ရေသောက်မြစ်ဟာလဲ ဒီပညာမြင် ဥဒယဗ္ဗယ ဉာဏ်မှာဘဲရှိပါတယ်၊ သံသရာမှ ထွက်လမ်းဟာလဲ ဒီပညာမြင် ဥဒယဗ္ဗယဉာဏ်မှာဘဲရှိပါတယ်၊ ပညာနယ် ပရမတ်နယ်တို့ဟာလဲ ဒီပညာမြင် ဥဒယဗ္ဗယ ဉာဏ်၌သာလျှင် ရှိပါတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်ထွက်လာလို့သာ ဒီအနတ္တတရားဟာ ပေါ်ထွက်လာပါတော့တယ်၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာတို့ရဲ့ တရားအစစ်ဟာ အနတ္တတရားပါဘဲ၊ "ဖြစ်-ပျက်" ဟာ အခေါ်ကျဉ်းသလောက် သဘာဝကတော့ ကျယ်ဝန်းပါတယ်၊ ဒီဖြစ်ပျက်ကို သိမ်းနိုင်ဘို့ရာလဲ မလွယ်ကူလှပါဘူး၊ တိဟိတ်ပုဂ္ဂိုလ်မှသာလျှင် ဒီဖြစ်ပျက်ကို သိမ်းနိုင်ပါတယ်။

**ပညာ သုံးမျိုး**

ဒီသဘာဝတွေကို နက်နဲတဲ့အတွက် တဘက်သားကို နားလည်အောင် ဟောပြောဘို့ရာလဲ မလွယ်ပါ။ ဒီတော့ ပညာဆိုတာ ၃ မျိုးရှိတယ်။ ၁။ **ဇာတိပညာ**ဆိုတာ မွေးဖွားကထဲကဟိတ် ၃ ပါးပါလာတဲ့(ဝါ)ဟိတ် ၃-ပါးနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ခေါ်တယ်။ ။ **နေပက္ကမပညာ** ဆိုတာ ဝိပဿနာတရားတွေကို လိုက်စားပြီး ရင့်ကျက်လာတဲ့ပညာကိုခေါ်တယ်။ **၃။ ပါရိဟာရိက ပညာ**ဆိုတာ မဂ်ဖိုလ်ကို ရသွားတဲ့ပုဂ္ဂိုလ်ကို ခေါ်ပါတယ်။ တိဟိတ်ပုဂ္ဂိုလ်မှသာလျှင် ဒီပညာ ၃-ပါးအနက်က တပါးပါး ပါလာပါတယ်။ ဇာတိပညာမှ မပါရင် ဒီဘဝမှာ ဘယ်လောက်ဘဲ အားထုတ်ထုတ် မဂ်ဖိုလ်ကို မရနိုင်ပါဘူး၊ အဲဒါ ပါရမီမျိုးစေ့အနေနဲ့တော့ ရပါတယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပုလလဲတောမှာ ဝါဆိုတော်မူတဲ့အခါ ပုလလဲ ဆင်မင်းကြီးဟာ မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ်တွေကို ပြုစုနေတယ်။ နောက် ဝါကျွတ်တဲ့ အခါမှာ အရှင်အာနန္ဒာ လာပြီး မြတ်စွာဘုရားကို ပင့်တဲ့အခါကြတော့ ပုလလဲဆင်မင်းကြီးဟာ မြတ်စွာဘုရားကိုလိုက်မသွားစေလိုတာနဲ့ လမ်းမှာကန့်လန့်ကြီးခံပြီးတော့ နေတယ်။

ဒီတော့ မြတ်စွာ ဘုရားက "ချစ်သား.... မင်းမှာ အဟိတ်ဘိရစ္ဆာန်မျိုး ဖြစ်တဲ့အတွက် ငါဘုရားနဲ့ အတူနေရပြီး တရားတော်တွေကို ဘယ်လောက်ပင် နာကြားရသော်လဲ တရားရမှာ မဟုတ်ဘူး။ ယခု ငါ့ကို တဝါတွင်း ပြုစုရတာ ကျေနပ် ရောပေါ့။ လမ်းဖယ်ပြီးပေး၊ ငါကြွတော်မူမယ်" လို့ ပြောလိုက် တော့မှ ဆင်မင်းကြီးဟာ လမ်းဖယ်ပြီးတော့ ပေးလိုက်တယ်။

နောက် အဲဒီ ဆင်မင်းဟာ ဘုရားရှင်ကို လိုက်ပို့တယ်။ တောစပ်ကို ရောက်တဲ့အခါကြတော့ မြတ်စွာဘုရားက "ချစ်သား သင်ရဲ့ ရန်သူ ဖြစ်တဲ့ လူတွေနဲ့ နီးလာပြီ၊ သင်ပြန်တော့"လို့ ပြောလိုက်တော့၊ ဆင်မင်းကြီးကလဲ မြတ်စွာ ဘုရားရဲ့ နောက်ကို မလိုက်တော့ဘဲ ခြေစုံရပ်ခါ မျက်စေ့တဆုံး မြတ်စွာ ဘုရားကို ကြည့်နေတယ်။ နောက်ဆုံး ရင်ကွဲနာကျပြီး သေရရှာတယ်။

ဒီတော့ ဘယ်လိုပင် ဘုရားရှင်နဲ့ တွေ့ပြီး ပြုစုကြရ သော်လဲ အဟိတ်မျိုး ဖြစ်တဲ့အတွက် မဂ်တရား ဖိုလ်တရားကို မရကြဘူး။ ဒီတော့ ယခု ဆရာတော် ဟောနေတဲ့ ဒီကဏ္ဍအထိ ဒွိဟိတ်ပုဂ္ဂိုလ်တွေ မြင်နိုင်သေးတယ်။ ရှေ့ကြရင် မမြင်နိုင်တော့ပါ။ နားမလည်နိုင်တော့ပါ။

**ဖြစ်ပျက်သဘာဝကို လိုက်ရှာပါ။**

ဒီတော့သပ္ပဋိဃဖြစ်ပျက်ကို ရှာရဦးမယ်။ ရှာလို့ တွေ့တဲ့ အခါ သပ္ပဋိဃ သညာကြီးကို အနတ္တနဲ့လဲ သိမ်းလိုက်ရော၊ ပညတ်သဘောတွေဟာ ဇာတ်သိမ်းပြီး သွားတော့တယ်။ အဲဒါ သန္တတိ ပရမတ် သဘောလေးသာ ကျန်နေ တော့တယ်။ အဲဒါ ဘယ်မှာ ကျန်သလဲ ဆိုရင် ပစ္စုပ္ပန်ရိပ်ထဲမှာ ကျန်နေသေးတယ်။

သူက အတိတ် အစွန်း၊ အနာဂတ် အစွန်းလေး အနေနဲ့ ထွက်နေသေးတယ်။ သပ္ပဋိဃ သညာလေးဟာ အခု ဝိဥာဉ်ကြီးမှာ ရှိနေတာဟာ ဘယ်လို အနေနဲ့ ရှိသလဲ။ ဒီတော့ ဖြစ်ပျက်ရဲ့ အကြောင်းလေးကို လိုက်ရှာစမ်း ဆိုရင် ဝိသုဒ္ဓိ မဂ်ကြီးက ခဏ ပစ္စုပ္ပန်ကို ဖြတ်ပြီးတော့ သန္တတိ ပစ္စုပ္ပန် ပေါ်လာမှ "ခန္ဓာ၅-ပါး ဖြစ်ပျက်ကို" ရှာပြထားတယ်။

ခန္ဓာ တပါးမှာ ဖြစ်၅-ပါး, ပျက်၅-ပါး ဆိုပြီးတော့ ဖြစ်ပျက် (၅၀)ကို ပဋိသမ္ဘိဒါ မဂ်ကြီးမှာ ဒီအတိုင်း ပါပါတယ်။ ဒီတော့ ဖြစ်ပျက်ရဲ့ အကြောင်းဟာ ပျောက်သွားတယ်။ ဒီဟာကို မြင်အောင် ကျိုးစားရမယ်။

ဒီတော့ ဥဒယဗ္ဗယရဲ့ ဉာဏ်ပညာကို မြင်လာတာနဲ့ ကိုယ့် ကိုယ်ကို ဆုံးမနိုင် လာပြီ။ ကိုင်း.... ဖြစ်ပျက်ကို ပြတော့မယ်။ အတိတ် သညာစွန်း၊ အနာဂတ်သညာ အစွန်းလေးတွေကို ကာလ သုံးပါးနဲ့ အရင်သတ်ခဲ့တယ် မဟုတ်လား။

"အတီတာ နာဂတ ပစ္စုပ္ပန္နံ၊ အနိစ္စံခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန" ဆိုပြီးတော့ သတ်ခဲ့ပြီ။

ဒီတော့ အခု ပုံစံ (၁၁) မှာ အတိတ်စွန်းမှာ တဏှာ, ဥပါဒါနက္ခန္ဓာ အရိပ်ထားတယ်။ နောက် အနာဂတ် အစွန်း မှာတော့ အဝိဇ္ဇာ, ပဉ္စက္ခန္ဓာရိပ်ထားပြီး ဆရာတော် ပုံစံထုတ်ပြီး ပြခဲ့တယ်။ အနာဂတ် အစွန်းမှာ တဏှာ,ဥပါဒါနက္ခန္ဓာ အရိပ် ထားလျှင် မသင့်လျော် ဘူးလား။ ဒီလိုကို မေးခွန်း ထုတ်တတ် ရမယ်။

ယခုတော့ဒီလိုမထားဘဲနဲ့ အတိတ်စွန်းမှာတဏှာ,ဥပါဒါနက္ခန္ဓာ အရိပ်ထားခြင်းသည် ဘာကြောင့်ထားသလဲ ဆိုတာကို ရှင်းပြမယ်။ ကာလသုံးပါး ထွက်နေတဲ့အခါမှာ ဒီလို ဝေဘန်ရတယ်။ အတိတ် ကာလ အဝိဇ္ဇာရိပ်၊ ပစ္စုပ္ပန်ကာလ ကံအရိပ်၊ အနာဂတ် ကာလ တဏှာအရိပ်လို့ ဝေဘန်ရတယ်။

**ပစ္စုပ္ပန်သာလျှင် ရှိတော့တယ်။** အခု ဒီနေရာ ကြတော့ ကာလ သုံးပါးဟာမရှိတော့ပါ။ ပစ္စုပ္ပန် ကြီးသာ ရှိတော့တယ်။ ဒါ့ကြောင့် အတိတ်ကို ထွက်မဲ့ ဟာကိုသာ ထုတ်ရတယ်။ အဲဒါ "သပ္ပဋိဃ သညာရိပ်လေး ကိုသာ အတိတ် အနာဂတ်လို့" ခေါ်နေတာ။ အဲဒါကို ထင်ရှားအောင်ပြောရရင် ငါးပါးသော အကြည်တွေကိုပိတ်ပြီး ခြောက်ပါးသော ဒွါရတွေမှာ စွဲယူတာကို ခေါ်တယ်။ အဲဒါ မနောဒွါရ အပေါက်ကြီးသာ ရှိတော့တယ်။

အရင် ကာလသုံးပါးတုန်းကတော့ အကြည်တွေ အားလုံးဟာ စွဲသေးတယ်။ အခု ဒီနေရာကြတော့ (ဝါ) ကာလသုံးပါး မရှိတဲ့ ဒီနေရာ ကြတော့ မနောပေါက်ကြီး တခုသာ ရှိတော့တယ်။ အဲဒါကို ပစ္စုပ္ပန်လို့ ခေါ်တယ်။ ဒါဟာ မြင်ဘူး ကြားဘူးပြီးတဲ့ အာရုံ တွေကို မနော ဝိဉာဉ်ကြီးမှာ ခံစားတာကို ခေါ်တယ်။ ဟိုတုန်းက ငါးပါးသော ပသာဒတွေနဲ့ ခံစားပြီးတော့ လာတယ်။ အခုကြတော့ ဟိုတုန်းက ခံစားခဲ့တဲ့ဟာတွေကို ပြန်ပြီး တွေးရင် ပေါ်လာတော့မယ် မဟုတ်လား။

အဲဒါ မနောဒွါရ မနောဝိဉာဉ်မှာ သာလျှင် ပေါ်တော့တယ်။ ပဉ္စဒွါရမှာ မပေါ်တော့ပါ။ ဒီဟာကို ဝီထိစိတ် ချတဲ့ အခါမှာ မနောဒွါရဝီထိ ဆိုပြီးတော့ ချပေးရတယ်။ ဒါဟာ အတိမဟန္တာရုံ ဝီထိ ချပေးရတယ်။

**ပစ္စုပ္ပန်က ထွက်ဆွဲပုံ။** အခု ပစ္စုပ္ပန် ကာလကြီးမှာ သပ္ပဋိဃ သညာ လေးက ထွက်ပြီး ဆွဲနေတယ်။ ဒီတော့ ရူပါရုံ အစရှိတဲ့ အာရုံ ခြောက်ပါးကို ဆုံခိုင်းနေသေးတဲ့ သညာလေး ဖြစ်ခြင်းကြောင့် အတိတ်စွန်းမှာ ပဋိက္ခန္ဓာကြီးကို မထားရတော့ဘူး။ သပ္ပဋိဃသညာလေးက ခံစားခြင်လို့ ဆွဲနေတာ ဖြစ်ခြင်းကြောင့် အဲဒါ တဏှာ သဘောလေး ရှိနေတဲ့ အတွက် 'တဏှာ ဥပါဒါနက္ခန္ဓာ"လို့ ထားရတယ်။

(တနည်း) ရုပ်ကို ဆွဲတဲ့ အစွန်းလေး ဖြစ်ခြင်းကြောင့် ဒီလို ထားရတယ်။ အကုသိုလ် ၁၂-ပါးမှာ အဝိဇ္ဇာ မောဟစိတ် ဆိုပြီး တရားကိုယ် ထုတ်ထား ရတယ်။ တဏှာ ကြတော့ လောဘမူစိတ် ရှစ်ခုမှာသာ ယှဉ်နိုင်တယ်။

ဒီတော့ အနိစ္စနဲ့ အတိတ်ကို၊ သိမ်းလိုက်တော့၊ ရုပ်သဘော လေးကို သိမ်းတာ ဖြစ်ခြင်းကြောင့် ရုပ်သဘောကို ထောက်ပြီး တဏှာကို ထုတ်ရတယ်။ သာယာတဲ့ တဏှာမှန်ရင် ရုပ်ပေါ်မှာ သာယာကြတာဘဲ။ အဲဒီလို သာယာကြတဲ့အတွက် အတိတ်သဘော ဥပါဒါနက္ခန္ဓာရိပ် ဆိုပြီးတော့ ထုတ်ထားတာကို မှတ်ထားပါ။

ဒိဋ္ဌိဆိုတာ တဏှာရိပ်၊ ဝိစိကိစ္ဆာဆိုတာ မောဟရိပ်ဘဲ မဟုတ် လား၊ တဏှာဟာ ရုပ်ပေါ်မှာ ရေသောက်မြစ် ချရင်း သာယာ တယ် ဆိုတာသည်ပင်လျှင်တဏှာက ဦးစီးပြီးတော့ထွက်လာတာပါ၊ အနာဂတ်ကြတော့ နာမ်လေးက ပြဋ္ဌာန်းတယ်။ အဲဒါကို အဝိဇ္ဇာ ပဉ္စက္ခန္ဓာ အရိပ် ဆိုပြီးတော့ ထုတ်ထားတယ်။

ဒါတွေဟာသူတို့ရဲ့အမူအရာတွေကိုဝေဘန်ပြီးတော့ ထုတ်ထား တာပါ။ ဒါ့ကြောင့် အတိတ်စွန်း တဏှာ၊ ဥပါဒါနက္ခန္ဓာ အရိပ် အနာဂတ် အစွန်း အဝိဇ္ဇာ၊ ပဉ္စက္ခန္ဓာ အရိပ်။ ဒီနှစ်ပါးမှာ ဘယ်သူက ပြဋ္ဌာန်းထားသလဲ ဆိုတော့ အဝိဇ္ဇာက ပြဋ္ဌာန်း ထားတဲ့ အတွက် အဝိဇ္ဇာကို အနာဂတ်မှာချပြီး တဏှာကို အတိတ်မှာ ချပါ။

ဒီတော့ သူတို့ရဲ့ ဗျာပါရတွေကို ထောက်ပြီးတော့ အတိတ်စွန်း တဏှာ၊ ဥပါဒါနက္ခန္ဓာ အရိပ်၊ အနာဂတ်စွန်း အဝိဇ္ဇာ ပဉ္စက္ခန္ဓာ အရိပ် ဆိုပြီးတော့ ပုံစံမှာ ထုတ်ထားတာပါ။

**ဖြစ်နဲ့ပျက် ဘယ်သူက ပြဋ္ဌာန်းသလဲ။**

ကိုင်း.... ဒါကို နားလည် လာရင် "ဖြစ်" ဆိုတဲ့သဘာဝလေးဟာဘယ်ကထွက်လာ သလဲ။ နောက်"ဖြစ်-ပျက်"မှာဘယ်သူက ပြဋ္ဌာန်းသလဲ။ ဒါကို ရှာရမယ်။ ဒီ"ဖြစ်ပျက်"သဘာဝမှာ'ပျက်'က ပြဋ္ဌာန်းတယ်ဆိုရင်၊ ဘာပြုလို့ ပြဋ္ဌာန်းသလဲ။ အနာဂတ်သဘော အဝိဇ္ဇာရိပ်က ထွက်လာတဲ့ အတွက် 'ပျက်'က ပြဋ္ဌာန်း ပါတယ်။

ဒီတော့ 'ပျက်'ထဲမှာ 'ဖြစ်'ဟာ မရှိဘူးလား၊ ရှိသလားဆိုရင်၊ အဲဒါ 'ပျက်'ထဲမှာ 'ဖြစ်' သဘော ရှိနေတယ်။ 'ပျက်' ထဲမှာ ရှိတဲ့ 'ဖြစ်' သဘောလေးကို ထုတ်ပြပါ။ အဲဒါကို တွေ့မှ သာလျှင် အနတ္တကို တွေ့မယ်။ အနတ္တကို တွေ့မှသာလျှင် ပညာမြင် ဒုက္ခကို သွားတွေ့တော့မယ်။ အခုပြတဲ့သဘာဝတွေကို မြင်လာရင်အနတ္တနဲ့ အတိတ်စွန်းကြီးကို သိမ်းတော့မယ်။

**ရုပ်ရိပ်ကို'ဖြစ်'လို့ယူပါ။**

ဒါပေမဲ့ ဒီနေရာမှာ ဝိညာဉ်မြင် ဥဒယဗ္ဗယ ဖြစ်ခြင်းကြောင့် သေသေချာချာ မသိမ်းနိုင်သေးပါ။ ဒီသဘာဝ တွေကို တွေ့လာမှ သာလျှင် အနတ္တနဲ့ သိမ်းလို့ ရမယ်။ ရုပ်ရိပ်ကို "ဖြစ်" လို့ ယူလိုက်မှ၊ နာမ်ရိပ်ဟာ "ပျက်"လို့ ပြောတာ။ ဒီတော့ ပျက်ထဲမှာ "ဖြစ်" သဘော မရှိဘူးလား ဆိုရင် "ဖြစ်" လဲ ရှိနေတယ်။ ဒီတော့ ပျက်ထဲမှာ ရှိနေတဲ့ "ဖြစ်" ဟာ ဘယ်အနေနဲ့ ရှိနေသလဲ။ ဒါကို စစ်ရတော့မယ်။

အတိတ်စွန်း တဏှာ, ဥပါဒါနက္ခန္ဓာ အရိပ်က 'ဖြစ်' ဆိုတဲ့ သဘောဟာ ဝိဉာဉ်ကြီးက ပြောနေတာ။ အဲဒါအာရုံသဘောပါ၊ အနာဂတ်သဘော အဝိဇ္ဇာ, ပဉ္စက္ခန္ဓာအရိပ် "ပျက်သဘော"ဆိုတာ အာရမ္မဏိက သဘောပါ။

ဒီတော့ "မာယူပမာနဉ္စ ဝိညာဏံ" ဝိညာဏံ၊ ဝိဉာဏ်သည်။ မာယူပမာနဉ္စ၊ မျက်လှည့် သမားနှင့် တူ၏....တဲ့။ ဝိဉာဉ်ကြီးက မျက်လှည့် ပြနေတာကို မမြင်ကြလို့ သံသရာမှာ လည်နေကြရ တာပါ။ "မျက်လှည့်" ဆိုတာ ဘယ်လို ပြသလဲ။ တွေ့ဘူးတယ် မဟုတ်လား။ အခု 'ဖြစ်ပျက်' ဆိုတာကို ဝိဉာဉ်ကြီးက မျက်လှည့် ပြနေပုံ ပြောပြဦးမယ်။

**ဝိဉာဉ်ကြီးက မျက်လှည့်ပြပုံ။**

အတိတ်စွန်း တဏှာဥပါဒါနက္ခန္ဓာ အရိပ်ကို " ဖြစ်သဘော " ဆိုပြီး ချလိုက်တဲ့ အခါ၊ ဒီတခု ရှိလာရင် နောက်တခု ထောက်ခံမှ သင်္ခတလောကကြီးမှာ ပေါ်လို့ရတာ ဖြစ်ခြင်းကြောင့် တခုသော သဘော တရားလေး ရှိရင်၊ တခုသော သဘော တ ရား လေး က ထောက်ခံရမယ်။

ဒီတော့ အတိတ်စွန်း တဏှာ, ဥပါဒါနက္ခန္ဓာ အရိပ်ကြီးလဲ ရှိလာရော၊ အနာဂတ် အစွန်း အဝိဇ္ဇာ, ပဉ္စက္ခန္ဓာ အရိပ်ကြီးက "ပျက်" ဆိုပြီးတော့ ပေါ်လာတော့တယ်။ အဲဒီလို နှစ်ခုဖြစ်လာတာ ကိုက မျက်လှည့်ပြလိုက်တာဘဲ မဟုတ်လား။ "ဖြစ်ပျက်" ဆိုပြီးတော့ ပြလိုက်ပြီ။ 'ဖြစ်' ရုပ်သဘော၊ 'ပျက်' နာမ်သဘော ဆိုပြီးတော့ ချလိုက်ပြီ။

အဲဒါ မျက်လှည့် ပြနိုင်အောင်လို့ "ပျက်" ဆိုတဲ့ အထဲမှာ "ဖြစ်" ဆိုတာလေးကို ထည့်ထားတယ်။ ဒါကို ပညာနဲ့ ကြည့်လိုက်ရင် "ဖြစ်"ဟာ နှစ်ခုလာတွေ့နေပြီ။ ဒီတော့ "ပျက်" ဆိုတာဟာ လှည့်ပတ်ထားတာပါ။ တကယ် 'ပျက်' မဟုတ်ပါ။ အခု လူတွေ သေကြတယ်ဆိုတာ ဘယ်မှာ တကယ် သေလို့လဲ။ အဲဒါ နောက်တဖန် ဖြစ်ခြင်းလို့ (ဝါ) နောက်ဘဝမှာ ပြန်ငယ်ခြင်းလို့ သေကြတာဘဲ မဟုတ်လား။

ဒါကို တကယ် သေတယ်၊ တကယ်'ပျက်'တယ် ဆိုရင် ဘယ်မှာ ပြန်ပြီးတော့ဖြစ်တော့မှာလဲ။ 'ပျက်' ဆိုတာ မျက်လှည့် ပြနေတာပါလား။ သူဟာ တကယ် 'ပျက်' မဟုတ်ပါ။ 'ပျက်'ဟာ ဘယ်မှာ ရှိလို့လဲ၊ သူက 'ဖြစ်' ကို ကွယ်ငုံ့ထားပြီးတော့ 'ပျက်'လို့ ပြောနေတာဘဲမဟုတ်လား။ အဲဒါဟာဖြစ်သဘောဘဲမဟုတ်လား။

ဒီတော့ ဖြစ်ပျက်, ဖြစ်ပျက် ဆိုပြီးတော့ မျိုးစေ့တွေ ချနေပါလား။ ဝိဉာဉ်က လှည့်ထားလို့ 'အပျက်'ကို မြင်နေကြတာဘဲ မဟုတ်လား။ 'ပျက်'သဘောကို ပညာနဲ့ ကြည့်လိုက်ရင် အဲဒါ သူ့ထဲမှာ "ဖြစ်" သဘောလဲ ရှိနေတယ်။ အပျက် သဘောလဲ ရှိနေတယ်။ ဒါဟာ တကယ်အပျက် မဟုတ်ဘူး။ တဖန်ပြန်မဖြစ်မှ အပျက် အစစ် မဟုတ်လား။ လှည့်ပတ် နေတာဟာ 'ပျက်'လို့ ပြောနေတဲ့ ဝိဉာဉ်ရိပ်ကြီးက လှည့်ပတ်နေတာပါ။

ဒီတော့ 'ပျက်' ဆိုပြီး မလှည့်ပတ် နိုင်အောင် 'ပျက်' ကိုဘဲ ချရမလား။ 'ဖြစ်' ကိုဘဲ ချရ မလား။ ဒါကို စဉ်းစား ပါဦး။ နည်းမှန်မှ သေမယ်။ နည်းမမှန်ရင် မသေဘူး။ ကိုင်း.... ဒီတော့

ပုံစံမှာပါတဲ့ အတိတ်စွန်း တဏှာ ဥပါဒါနက္ခန္ဓာ။ အနာဂတ်စွန်း အဝိဇ္ဇာ ပဉ္စက္ခန္ဓာ၊ နောက် ဖြစ်ပျက် သဘာဝတွေကို ပြလိုက်ပြီ။ နက်ဖြန်မှ ပုံစံ (၁၁) အလယ်က စက်ဝိုင်းကို ဖွင့်ပြဦးမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

" သာဓု—သာဓု—သာဓု "

## ဝါခေါင် လပြည့်ကျော် ( ၁၂ ) ရက်နေ့ ဟောစဉ်

**မနောဝိညာဏ်၏ သဘာဝ**

မနေ့ကပြခဲ့တဲ့ "ဖြစ်ပျက်"ဟာ ပျက်သဘော ထဲမှာ ဖြစ်သဘောလေး ကိန်းနေပါတယ် ဆိုတာကို ပြလိုက်ပါပြီ၊ ယနေ့ ပစ္စုပ္ပန်ကြီးကို ပြပါတော့မယ်၊(ဝါ)ပုံစံရဲ့အလယ်စက်ဝိုင်းကြီးကိုပြပါတော့မယ်၊ ပဌမ မနောဝိညာဉ်ကြီးကို ရှင်းပြပါအုံးမယ်၊ မနောဆိုတာ ဟဒယ ဝတ္ထုဖြစ်တဲ့ နှလုံးအကြည်ကိုခေါ်တယ်။

ဒီတော့ မနောအကြည်ကလဲ ရှိရမယ်၊ ဓမ္မာရုံကလဲ ရှိရမယ်၊ ဘဝင်ကြီးကလဲပြတ်ရမယ်၊ အဲဒါ ၃-ပါးဖြစ်ပြီးမှ မနော ဝိညာဉ် အသိဆိုတာ ဖြစ်ပါတယ်၊ ဒီတော့....

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော "။

စက္ခုံစ၊ မျက်စိအကြည်ကိုရင်း။ ရူပေစ၊ ရူပါရုံအဆင်းကိုရင်း။ ပဋိစ္စ၊ အမှီသဟဲ အစွဲပြု၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ တိဏ္ဏံ၊ မျက်စိ, ရူပါရုံ, စက္ခုဝိညာဉ်, သုံးခုတို့၏ ပေါင်းဆုံမှုသည်။ ဖဿော၊ ဖဿမည်၏။

ဒီတော့ စက္ခု ဝိညာဉ် ဆိုတာက မျက်စိ အကြည်လေးက ယူလာတဲ့ဟာကို သိတာပါ၊ ကာယ ဆိုတဲ့ ခန္ဓာကိုယ်ကြီးကိုလဲ သုံးမျိုးပိုင်းလိုက်ပါ၊ ပဌမ,ဥပရိမကာယ လည်မျိုရဲ့အထက်ပိုင်းကို ခေါ်တယ်။ ဒုတိယ,မဇ္ဈိမကာယ လယ်မျိုမှ ချက်အထိကိုခေါ်တယ်၊ တတိယ, ဟေဋ္ဌိမကာယ ချက်မှ အောက် ခြေဖဝါးအထိကို ခေါ်တယ်။

ပဌမ, ဥပရိမကာယမှာ ၆-ပါးသော အကြည် ဓါတ်တွေ ရှိတယ်။ ပသာဒ ၅-ပါးကို ဦးကျောက်မှာရှိတဲ့ သန္တပ္ပနမီးဓါတ်က ချုပ်ကိုင်ထားတယ်။ နောက် ချက်တိုင်မှာကြတော့ ပရိပါစက မီးဓါတ်ရှိတယ်။ နှလုံးအိမ်မှာက ဥသ္မ မီးဓါတ်ရှိတယ်။

ဒီတော့ ဒီလို ၃-ပိုင်းပိုင်းပြီးတော့ အကြည်ဓါတ်လေးတွေဟာ ဦးကျောက်က ဆက်လာတဲ့အတွက် အကြည်လေးနဲ့ ဆက်တဲ့အခါမှာ သန္တပ္ပနမီးဓါတ်လေး ပွင့်လာတယ်။ ဒီ မီးဓါတ်လေးရဲ့ သဘာဝကို ရှာလိုက်ရင် အဲဒါ"**ကံ**"ကြောင့်ဖြစ်လာကြတယ်။

အကြည်ဓါတ် ၆-ပါးဟာ " **ကံ** " ကြောင့် ဖြစ်လာကြတယ်။ သူတို့ဟာ ခန္ဓာကိုယ်ကြီးရဲ့ အထက်ပိုင်း (ဝါ) အပေါ်ပိုင်းမှာ ကျက်စားနေကြတယ်၊ သူတို့ဟာ "**ဇနကကံ**" ကြောင့် ဖြစ်ပေါ် လာကြတယ်။

ဒီတော့ ဥဒယဗ္ဗယညာဏ်ကြီးက " သဒ္ဓေါစ၊ ယုံကြည်မှု သဒ္ဓါ တရားသည်၎င်း။ အပ္ပာဗာဓေါစ၊ ကိုယ်လက် အင်္ဂါ ကျန်းမာ သန်စွမ်း ခြင်းသည်၎င်း" ကိုယ်လက် အင်္ဂါ ကျန်းမာ သန်စွမ်း တယ်ဆိုတာဟာ ဝမ်းမီးနဲ့ပြည့်စုံရမယ်၊ သွေးအား စမ်းတဲ့အခါမှာ ဒီဂရီအားဖြင့် ၉၂-ရှိရမယ်၊ ဒီဂရီ ၉၂-နှစ်က ကျော်လျှင် အဲဒါ သွေးအားကောင်းတယ်လို့ ယူရတယ်။

ဒီတော့ သွေးကို စမ်းတဲ့ အခါမှာလဲ မြန်မာ ဆေးဆရာတို့ သွေးစမ်းတဲ့ အခါ၊ သွေးစမ်းလို့ ရတဲ့ နေရာ ၆-နေရာ ရှိတယ်။ ပဌမ နား၏ ရှေ့နား **နားထင်** ခေါ်တဲ့ နေရာမှာ တဘက်

တချက်စီ စမ်းလို့ ရတယ်။ နောက် လက်ကောက်ဝတ် မှာလဲ တဘက်တချက်စီ စမ်းလို့ ရတယ်။ နောက်ခြေကျင်းဝတ် မှာလဲ တဘက် တချက် စမ်းလို့ ရတယ်။ အဲဒီ ၆ - နေရာ သွေးလျှင် သွေးစမ်းလို့ ရပါတယ်။

— ဒီတော့ သွေးစမ်းတဲ့အခါမှာ တိုးနေတဲ့ သွေးအား အကြိမ် ၁၀၀ ပြည့်တဲ့ အထိ တခါမှ မဖေါက်ပြန်လို့ ရှိရင် ထိုပုဂ္ဂိုလ်ဟာ အဲဒါ တိဟိတ်သွေးလို့ ခေါ်တယ်။ အဲဒီ ကြအောင်ကို သဘာဝ ပိုင်လာရမယ်။

— အဲဒါ ဥဒယဗ္ဗယ ပိုင်,မပိုင်၊ မဂ်ရ,မရ ဆိုတာကို သွေးကို စစ်ကြည့်ရုံ့ သိနိုင်ပါတယ်။ ဒီ ဥဒယဗ္ဗယမှာ ကမ္မပစ္စယ၊ စိတ္တပစ္စယ၊ အာဟာရ ပစ္စယ၊ ဥတု ပစ္စယလေး တွေကို ထုတ်လိမ့်ဦးမယ်။ အဲဒါကိုလဲ သိစေလိုတယ်။

— နောက် တချက်က ဥဏှောက်ကြီးက မီးခါတ်နဲ့ မျက်စိမှာ လာပေါ်တဲ့ အဆင်းလေးတို့ လာပြီး ဆိုပုံကိုလဲ ချပြရ ဦးမယ်။ စက္ခုဝိညာဉ်ဟာ စက္ခု ပသာဒက နေပြီးတော့ ထွက်လာပါတယ်။ ဒီဟာက ဥဏှောက်ကြီးမှာ ပေါင်းပြီး တော့မှ ဖြစ်လာ ပါတယ်။ ဒီဟာတွေ ပေါင်းတော့မှ 'သညာတွေ'ဟာ ဖြစ်လာပါတယ်။ ဒီသဘာဝလေးတွေလဲ မြင်လာရမယ်။

— ဒီတော့ ပသာဒ ၅ - ပါးရဲ့ ကြိုးကို ဥဏှောက် ကြီးက ကိုင်ထားတယ်။ အဲဒီ မီးခါတ်ကို သန္တပ္ပန မီးခါတ်လို့ ခေါ်တယ်။ ဥဒယဗ္ဗယ ဉာဏ်ကို မရသေးရင် ဒီမီးခါတ်ဟာ မပေါ်သေးဘူး။ ဥဒယဗ္ဗယဉာဏ်ကို ရောက်လာ တာနဲ့ ဒီမီးခါတ်ဟာ မီးညွန့်ကြီး သဖွယ် ထွက်လာ တော့တယ်။

— အဲဒီသဘာဝတွေဟာဘယ်မှာ သွားထင်သလဲဆိုရင်သွေးမှာ သွားထင်ပါတယ်။ ဒါကြောင့် တရားပိုင်တဲ့ ပုဂ္ဂိုလ် တွေက သွေးကို စမ်းသတ် လိုက်တာနဲ့ သိနိုင် ကြတယ်။ မနော

ဝိဉာဉ်ကြီးက ဒီပသာဒ ၅-လုံးထဲမှာ သွားပြီးတော့ ဝင်ရတယ်။ ဒီတော့ ပသာဒ ၅-လုံးက ဖြစ်သဘော လို့ ပြောနိုင်ပြီ။ ဘာကြောင့်လဲ ဆိုတော့ သူတို့မှာ နာမနဲ့ 'သဏ္ဍာန်'ဟာ အဝင်သဘောသာ ရှိတဲ့အတွက် 'ဖြစ်'ကိုသာ ပြောနိုင်တယ်။

– ဒီပသာဒ ၅-လုံးတို့ဟာလဲ အဆင်းလေးကိုလဲ ဆွဲလိုက်ရော အဲဒါ ဥဏ္ဏောက် ထဲက မီးခါတ်က ဝင်းကနဲ တောက်ပြီး ချုပ်သွားတယ်။ ဒီလို မီးခါတ်ဟာ ချုပ်သွား သော်လဲ ဒီဥဏ္ဏောက်ထဲမှာ အဆင်းလေးဟာ ကျန်နေခဲ့တယ်။ အဲဒီ ကျန်တဲ့ ဟာကို ဝိဉာဉ်ကြီးက နာမ ပညတ် အရိပ်ကိုလဲ ဆွဲလိုက်ရော အဲဒါ အသိ တရားကြီး ဟာ ပေါ်လာ တော့တယ်။

**သန္တတိပညတ်ရိပ် ဖြစ်လာပုံ။** ဒီတော့ "ဝိညာဉ်ကြီးက အဆင်း နာမ ပညတ် ရိပ်" ကို ဆွဲ တယ်။ "အကြည်က သဏ္ဍာန ပညတ်ရိပ်" ကို ဆွဲတယ်။ "အမြင်က သမူဟ ပညတ်ရိပ်" ကို ဆွဲပါတယ်။ ဒီသုံးပါး လဲ ပြည့်လာရော သန္တတိ ပညတ်ရိပ်ကြီး ဖြစ်ပြီးတော့။ မနော ဝိဉာဉ်က အစဉ် ဆွဲထားတော့တယ်။ ဝိဉာဉ်ရိပ်ကြီးမှာ ဒီသုံးပါးသောအရိပ်တွေဟာ ရှိနေကြတယ်။ ဒီအရိပ်တွေ အစဉ် ပေါ်နေတာကို သန္တတိလို့ ခေါ်တယ်။

ဒီတော့ မနောဝိဉာဉ်ဆိုတာ ဘယ်ဟာလဲလို့ ဆိုရင် အဘိဓမ္မာ အနေနဲ့ မနောအကြည်၊ ဓမ္မာရုံ၊ ဘဝင်စိတ်၊ ဒီသုံးပါး ဆုံတာကို မနော ဝိဉာဉ်လို့ ခေါ်တယ်။ အခု ဥဒယဗ္ဗယကြီးနဲ့ ကြတော့ ဒီမနောအကြည်၊ နှလုံး အကြည် တို့ကို မဆွဲတော့ဘဲ အဆင်းက ပေါ်ထွက်လာတဲ့ နာမ ပညတ်၊ အကြည်က ပေါ်ထွက် လာတဲ့ သဏ္ဍာန ပညတ်၊ အမြင်က ပေါ်ထွက် လာတဲ့ သမူဟ ပညတ်၊ ဒီသုံးပါး ပေါ်ထွက်လာတာကို သန္တတိ ဖြစ်ပြီးတော့ အသိဆိုတဲ့ မနောဝိဉာဉ်ကြီးလို့ ပြောနေပြီ။

**ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဖြစ်ပေါ်ပုံ။**

ဒီတော့ ဒီသုံးပါးလေးပေါင်းပြီးတော့ ဆက်နေတာကို (သန္တတိပညတ်၊ အသိသဘော၊ မနောဝိဉာဉ်လို့) ခေါ်တယ်။ ဒီမနောဝိဉာဉ်ကြီးက နေပြီးတော့မှ စိတ်စေတသိက်တွေ ပေါ်လာတော့တယ်။ ကုသိုလ်စိတ်တွေ အကုသိုလ်စိတ်တွေဟာ ဖြစ်လာကြတော့တယ်။

ကိုင်း.... ဒီတော့ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော"ဆိုတဲ့ ဟာကို ရှင်းပြလိုက်ပါပြီ။ ဒီလို ရှင်းပြလိုက်မှ မနော ဝိဉာဉ်ကြီးဟာ **ပညတ်ကြီး ပါလား** ဆိုတာကို မြင်လာပြီ မဟုတ်လား။ (ဥပမာ) သက်နီး လှူတယ် ဆိုပါတော့ သက်နီးလှူလိုက်တဲ့အခါ ဒီမနောဝိဉာဉ်ကြီးက စေတနာ သုံးတန် ပြဋ္ဌာန်းပြီး ပေါ်လာတဲ့ သဘာဝကိုတော့ **ပရမတ်လို့** ယူပါ။

ဒီတော့ မနောဝိဉာဉ်(ပညတ်) အဝင် သဘော၊ ပရမတ်တရားတွေက အထွက် သဘော၊ ဥဒယဗ္ဗယကို တက်လာတဲ့ အခါမှာ ဒီသဘာဝတွေကို နားလည်ထားရမယ်။ သန္တတိပစ္စုပ္ပန် ဆိုတာက အဆင်းအရိပ်၊ နာမ ပညတ်၊ အကြည်အရိပ် သဏ္ဌာန ပညတ်၊ အမြင်အရိပ် သမူဟပညတ်၊ အသိအရိပ် သန္တတိပညတ် ဒီ၄-ပါး အမြဲပေါ်နေတာကို ဝိဉာဉ်လို့ ခေါ်တယ်။

ဝိပဿနာကြတော့ ဒီမနောဝိညာဉ်မှာ ခန္ဓာ ငါးပါးလေးတွေ အမြဲပေါ်နေတာကို ပရမတ် ဝိညာဉ်လို့ ခေါ်တယ်။ အဲဒါကို အဝင်သဘော မနောဝိညာဉ်၊ အထွက်သဘော ဝိညာဏက္ခန္ဓာလို့ ယူရတယ်။ ဒီတော့ အခု ပညတ်သဘော ဖြစ်တဲ့ ဝိညာဉ်ကြီးဟာ ပေါ်လာပါတော့မယ်။

**စဉ်းစားထားပါ။**

အဲဒီအခါကြတော့မှတဆက်ထဲခန္ဓာ ၅ပါးရဲ့ သဘာဝ ပေါ်လာ တော့မယ်။ အဲဒါကို ကြံစည်ထားပါ။ အခုပြောတဲ့ သဘာဝ တွေဟာ အာနာပါနတရားကို အားထုတ်လာရင် သိနိုင်ပါတယ်။ ဒီတော့ ပညတ် မနောဝိညာဉ်၊ ပရမတ် မနောဝိညာဉ် ရယ်လို့ နှစ်မျိုး ရှိရာမှာ အခုဒီကဏ္ဍက ပညတ်ဖြစ်တဲ့မနောဝိညာဉ်ကြီးကို ပယ်သတ်ရတော့မယ်။

ဒီဟာကို ပယ်သတ်လိုက်မှ ပရမတ်ဖြစ်တဲ့မနောဝိညာဉ်ကြီးဟာ ပေါ်လာ တော့မယ်။ ဒီအခါကြတော့လဲ ဖြစ်ပျက်လို့ ပြောပါဦးမယ်။ အဲဒီ ဖြစ်ပျက်ကြတော့မှ သံသရာရဲ့အစ **ဖြစ်ပျက်အစစ်ကို** လာတွေ့တော့မယ်။ အခု တွေ့နေတဲ့ ဖြစ်ပျက်က **သံသရာလည်တဲ့ ဖြစ်ပျက်ပါ**။ ပညာမြင် ဖြစ်ပျက်ကမှ **သံသရာကို ဖြတ်တဲ့ ဖြစ်ပျက်အစစ်ပါ**။

ဒီတော့ ဖြစ်ပျက်ဆိုတဲ့သဘာဝကိုလဲ့စဉ်းစားနိုင်မှပေါ်ပါတယ်၊ ပညတ်ဖြစ်တဲ့ မနော ဝိညာဉ်ကြီးဟာ အဆင်းမှာကို နာမ ပညတ် အနေနဲ့သာ ဆွဲထားတယ်။ ဒီနာမ ပညတ်ရိပ်ကို အဟုတ်တကယ် ထင်ပြီးတော့ သာယာလာကြတယ်။ အဲဒါဟာ အဆင်းမှာ ရှိတဲ့ နာမပညတ်ရိပ်ကို ဖမ်းထားကြတယ်။

နောက် အကြည်က သဏ္ဍာန ပညတ် ရိပ်ကို ဖမ်းထားတယ်။ အမြင်က သမူဟပညတ်ရိပ်ကို ဖမ်းထားတယ်။ ဒီတော့ ဒီသုံးပါး အစဉ် မပြတ် နှလုံးသွေးမှာ ထင်နေတာကို သန္တတိ ပညတ်ရိပ် ပေါ်လာတယ်။ အဲဒါကို အသိသဘော မနော ဝိညာဉ်ရိပ်လို့ ခေါ်တာပါ။ ဒီသုံးခု ဆက်စပ်လိုက်မှ သန္တတိကြီး ဖြစ်လာတယ်။ အဲဒါဟာ ပညတ်ရိပ် ဖြစ်တဲ့ မနော ဝိညာဉ် ကြီးပါ။ အန္ဓတွေ ကြတော့ ဒီပညတ်ရိပ် ဖြစ်တဲ့ မနော ဝိညာဉ် ကြီးဟာ ပေါ်လာ တယ်။ ဒါကို အနှစ်အသား လုပ်ကြတယ်။

ကလျာဏတို့ကြတော့ ဒီသုံးပါးဆုံတဲ့ အစဉ်ကြီးဟာ ပေါ်နေသော်လဲ ဟိုဘက်ကို ထွက်တဲ့အခါမှာ လွှဲသွားတော့တယ်။ ဒီတော့ နှလုံးသွေး ရှိနေသေးရင်ဘဲ ဒီဟာကြီးတွေ လာပြီးတော့ ပေါ်လာ တယ်။ ဒီတော့ ပညာရှိကြီးတွေကြတော့အဲဒါ "သမီးပျို လေးများ မွေးပြီးတော့ စောင့်ရှောက် နေရ သလိုဘဲ"။ ဒုက္ခကြီး တွေဟာ လာတွေ့နေကြတယ်။

**ဒုက္ခသဘော။** ဒီတော့ ခြောက်ပါးသောအကြည်လေးတွေက လက်ခံလိုက်တာနဲ့ လောကမှ ဒုက္ခ တွေဟာ လာပေါ်တော့မယ်။ မျက်စိ အကြည်လေး ရှိတယ် ဆိုတာနဲ့ အဆင်းလေးဟာ ပေါ်လာတော့မယ်။ မပေါ်နဲ့ဆိုလို့ ရမလား။ အဲဒီဟာလဲ ဒုက္ခဘဲ မဟုတ်လား။

ဒီတော့ အဆင်းနဲ့ အကြည် ဆိုလိုက်ရင်ဘဲ ကိုယ့်မှာ တဏှာ ဥပါဒါန် တွေဟာ ဖြစ်နေ သေးတယ် မဟုတ်လား။ အဲဒါကို ဓမ္မစကြာ တရားတော်ကြီးက "ဇရာဒုက္ခ" နှိပ်စက်တဲ့သဘောလို့ ဟောလာတယ်။ အကြောင်းဖြစ်တဲ့ (ဝါ) ပညတ် ဖြစ်တဲ့ မနောဝိညာဉ်ကြီးကိုတော့ နားလည်လာပြီ။

ဒီတော့ ဖြစ်ပျက် ဆိုတာမှာ သညာဟာ အမြဲပါနေသေးတာဘဲ မဟုတ်လား။ 'ပညတ် လေးပါး' ထုတ်ပြလိုက်တာနဲ့ 'သညာ' လေးပါးပေါ်လာနေပြီ။ ဒီသညာက နှလုံးအိမ်မှာထင်နေတာသည် ပင်လျှင် အဲဒါကို ပစ္စုပ္ပန်အနေနဲ့ ယူထားပါဦး။ မနောဝိညာဉ်မှာ သညာလေးဟာ ပါနေသေးတယ်လို့ မှတ်ထားပါဦး။ အဲဒါကို ပစ္စုပ္ပန် သညာလို့ ခေါ်တယ်။ သညာလေးလုံး ထောက်ခံမှု ပေါ်ရတဲ့ မနောဝိညာဉ်ကြီးပါ။

အဲဒီ သညာရဲ့ အရိပ်လေးတွေက ထွက်ပြီး ဆွဲတာကို 'အတိတ် စွန်း' 'အနာဂတ်စွန်း' ဆိုပြီးတော့ လာပေါ် ရတယ်။ ဒီတော့ အတိတ်စွန်းက 'ဖြစ်'၊ အနာဂတ်စွန်းက 'ပျက်'ဆိုပြီးတော့ ပြောနေတာ။ ဒါကြောင့်ပါ။ 'အတိတ်စွန်း၊ အနာဂတ်စွန်း' ထွက်မဆွဲနိုင်အောင် သတ်ရမယ်။ ဒါက တကဏ္ဍပါ။

**လက်တွေ့ လုပ်ငန်းစဉ်။** ဒီတော့ လက်တွေ့လုပ်ငန်းစဉ်ကိုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဝိညာဉ်က ထွက်ဆွဲတဲ့ သဘာဝတွေကို သတ်ရမယ်။ နောက် ပညာမြင် ဥဒယဗ္ဗယညာဏ် ကြတော့ ပစ္စုပ္ပန်ဝိညာဏ်ကြီး (ဝါ) ပရမတ် သဘော ဝိညာဏ် ကြီးကို သိမ်းရလိမ့်ဦးမယ်။ ဒီလို တကဏ္ဍ သိမ်းပြီးတော့ တကဏ္ဍ ပြောင်းတော့မယ်။ သိမ်းတာသည် ပင်လျှင် ပညာရဲ့ သဘာဝလေး တွေဟာ တမျိုးပြီးတမျိုး ပြောင်းလာရမယ်။ ဆရာတော်ဟောနေတဲ့ တရားဟောစဉ်ကိုနာယူရင်း ညာဏ်ဒီကရီတွေ မြင့်လာပုံကိုသေသေ ချာချာ တွေးပါ။

ယခု ဒီကဏ္ဍက သညာလေးလုံးဆက်စပ်နေတဲ့အတွက် 'ဖြစ်ပျက်' ဆိုပြီးတော့ ထွက်ဆဲ့ နေကြတယ်။ ဒီတော့ ရုပ်ကို ဆဲ့တာက အတိတ်စွန်း၊ နာမ်ကို ဆဲ့တာက အနာဂတ်စွန်း၊ သူတို့မှာ အမြဲတန်း လှုပ်ရှားနေကြရတယ်။ အဲဒါ အငြိမ်မနေနိုင်ကြဘူး။

ဒီတော့ သူတို့ဟာ ပရမတ်နဲ့ ကပ်ပြီးတော့ လိုက်နေ ကြတယ်။ အဲဒါကြောင့် ခွဲလို့ မရသေးဘူး။ ဒီဟာတွေကို သတ်လိုက်မှ သာလျှင် ပညတ် သဘောကို တွေ့လာ တော့မယ်။ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယ ညာဏ်ကြီးကို တက်သွားပြီ။ အဲဒီကနေ ပြီးတော့ မှေတဲ့ကောင်တွေကို ထုတ်ထုတ်ပြီးတော့ သတ်သွားမယ်။ နောက်ဆုံး 'မဂ်'လဲ ကြရော ဒီကောင်တွေဟာမရှိတော့ဘဲ ပရမတ္ထ သဘာဝ အနတ္တ ဆိုပြီး တည်ငြိမ်တဲ့ သဘာဝ တွေသာ သူ့မှာ ရှိတော့တယ်။

ယခု ဝိပဿနာ ညာဏ်က သတ်ရင်၊ အတိတ်စွန်း, အနာဂတ် စွန်းကို သတ်ရမယ်။ ရှေ့ကဏ္ဍကြတော့မှပစ္စုပ္ပန်ဝိညာဉ်ကြီး(၀၁) ပရမတ်သဘော ဝိညာဉ်ကြီးကို ထုတ်ပြီးတော့ သတ်တော့မယ်။ အဲဒီကြတော့မှ "နိစ္စ၊ သုခ၊ သုဘ၊ အတ္တ" အရိပ်နိမိတ် လေးပါးကို ထုတ်ပြီးပြမယ်။ အဲဒီ ကဏ္ဍကြတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ဖွင့်ပြီးတော့ သတ်မယ်။ အဲဒီကနေပြီး ပညာမြင် အနိစ္စ၊ ပညာမြင် ဒုက္ခ၊ ပညာမြင် အနတ္တ တွေနဲ့ သတ်လိုက် တော့မှ ပရမတ် အစစ်ကို လာတွေ့ တော့မယ်။

ကိုင်း.... ဒီတော့ သညာရဲ့ ဗျာပါရ ဖြစ်တဲ့ 'ဖြစ်ပျက်'ကို သတ်ရတော့မယ်။ 'ဖြစ်' ဆိုတာလေးကို ဘာနဲ့ သတ်မလဲ?။ 'ပျက်' ကိုလဲ ဘာနဲ့ သတ်မလဲ?။ နှစ်ခုလုံးဘဲ သတ်ရ မလား?။ တခုကို သတ်လိုက်တာနဲ့ဘဲ ပြီးမလား?။

ဒီတော့ 'အတ္တ' ဆိုတဲ့ သဘာဝကို ဆရာတော် ပြောပြမယ်။ အတ္တဆိုတာ (သယံနိဝသီ၊ ဝေဒကော၊ ကာရကော) ဆိုပြီး ဝိသုဒ္ဓိမဂ်က ပြထားတယ်။

**သယံနိဝသီ**၊ ငါ့အလိုသို့ လိုက်ခြင်း။ **စေဒကော**၊ ငါခံစားနိုင်သည်ဟု စွဲယူခြင်း။ **ကာရကော**၊ ငါပြုလုပ်နိုင်သည်ဟု စွဲယူခြင်း။ ဒီသုံးချက်ကို ပယ်ထုတ်နိုင်မှ **ဖြစ်ပျက်** နှစ်ပါးဟာ ဇာတ်သိမ်းမယ်။ ဒါကို **သင်နည်းမှတ်ချက်** အနေနဲ့ မှတ်ထားပါ။

ဒီတော့ ဖြစ်ပျက်နှစ်ပါး ဇာတ်သိမ်းအောင် ဘယ်လို လုပ်မလဲ။ ဒီသဘာဝကို စဉ်းစားခဲ့ပါ။ နက်ဖြန်မှ ဆက်ဟောမယ်။

သာဓုခေါ်ကြပါတော့....

" သာဓု....သာဓု....သာဓု "

## ဝါခေါင်လပြည့်ကျော် (၁၃)ရက်နေ့ ဟောစဉ်။

**ဖြစ်ပျက်ကို ဘယ်လို သိမ်းမလဲ?**

ကိုင်း.... ဒီတော့ အခုပြခဲ့တဲ့ 'ဖြစ်ပျက်'ကို ဘယ်လို သိမ်းမလဲ?။ 'ဖြစ်' သဘောကို သိမ်းလိုက် တာနဲ့၊ 'ပျက်' သဘောပါ ပါသွား ရမယ်။ ပဌမ တရားစ, လာတာဟာ ပထဝီ ဓါတ်ကို တရားခံ ထားပြီးတော့ တရားခံလေးတွေကို စစ်စစ်ပြီး သတ်လာတာဟာ အခု 'ဖြစ်ပျက်' ဆိုတဲ့ သဘောလေးသို့ ရောက်လာပြီး လောကကြီး တခုလုံးကို အခု ဒီနေရာက နေပြီး ကြည့်လိုက်တော့ 'ဖြစ်-ပျက်' နှစ်ပါးသာလျှင် ရှိတော့တယ်။

အခု ဒီနှစ်ခုကို သိမ်းလိုက်ရင် လောကကြီး တခုလုံးဟာ ငြိမ်းတော့မယ်။ အခုတော့ မငြိမ်းသေးဘူး။ ဒီဖြစ်ပျက် နှစ်ပါးဟာ ရှိနေသေးတယ်။ ဦးပဥ္စင်းကြီးကို မေးရဦးမယ်။ ဖြစ်သဘောကို အရင်သိမ်းမလား? ပျက်သဘောကို အရင်သိမ်းမလား? နှစ်ပါးစုံကို အရင်သိမ်းမလား? (ဦးပဥ္စင်းကြီးက ဖြစ်ပျက် နှစ်ပါးစုံကို သိမ်းရမည်ဟု ဖြေသည်)။

ဦးပဥ္စင်းကြီးဖြေတဲ့ အဖြေက (ဖြစ်-ပျက်) ၂-ခုလုံး သိမ်းရမယ်ဆိုတာဟာ အဲဒါ သညာဝိညာဉ်နဲ့ ဖြေတဲ့အဖြေပါ၊ဦးပဥ္စင်းကြီးမှာ ကံအား, ဉာဏ်အား, ပါရမီအားဟာ နည်းနေသေးတယ်၊ ဒီတော့ **ဉာဏ်အား**ဆိုတာက တရားကို တကယ်အားထုတ်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မရှိသေးဘူး၊ ဒါကတချက် မှတ်ပါ။

နောက် **ပါရမီအား**ဆိုတာက ရှေးကလုပ်လာခဲ့တဲ့ ပါရမီအားတွေဟာ လိုနေသေးတယ်၊ ဒါဟာ ဆရာသမားက ညွှန်ပြတာကို လုပ်ရဲရမယ်၊ ဒါမှ ပါရမီပြည့်ပြီးတော့ တရားရနိုင်တယ်။

**ပေါဋ္ဌိလ ရဟန်းကြီးနှင့် ရှင်သာမဏေ**

(ဥပမာ) ပေါဋ္ဌိလ ရဟန်းကြီးဟာ ပိဋကတ်သုံးပုံကို အာဂုံဆောင်တဲ့ပုဂ္ဂိုလ်ကြီးဘဲ မဟုတ်လား၊ ဒါတောင်မှ ဘုရားရှင်က "တုစ္ဆ" ကြီးလို့ ခေါ်တယ်၊ ပြန်တဲ့အခါမှာလဲ တုစ္ဆကြီး ပြန်တော့မလား၊ အဲဒီလို ခေါ်နေတော့ ပေါဋ္ဌိလ ရဟန်းကြီးဟာ ရှက်ပြီးတော့ တရားအားထုတ်ရန် ရဟန်းတော်များထံမှာ တရားတောင်းတော်မူတယ်၊ သူ့ကို ဘယ်ရဟန်းကမှ တရားမပေးကြဘူး နောက်ဆုံးတော့ ရှင်သာမဏေလေးထံသို့ ရောက်လာ တော့တယ်။

ရှင်သာမဏေလေးက"ရဟန်းကြီး တရားလိုခြင်လျှင် ခိုင်းတာကို လုပ်ရမည်"လို့ ပြောတော့ပေါဋ္ဌိလရဟန်းကြီးက 'လုပ်ပါမယ်'လို့ ဝန်ခံတယ်၊ ဒီအခါကြတော့မှ သာမဏေလေးက ပေါဋ္ဌိလ ရဟန်းကြီးကို ထခိုင်း, ထိုင်ခိုင်း, ပြေးခိုင်း, ရပ်ခိုင်း, ရေကူးခိုင်း, ဒီလိုလုပ်တယ်၊အဲဒါ သူ့ရဲ့မာနကျိုးပြီဆိုတော့မှ တရားကို ပေးလိုက်တယ်၊ ဒီတော့ ရဲရဲတောက် ပါရမီရှင်တွေဟာ တရားပေးတဲ့ ဆရာက ခိုင်းတာကို လုပ်ရဲရတယ်၊ ဒီတော့မှ တရားဟာ မြင်လွယ်ပါတယ်။

ကံအား၊ဉာဏ်အား၊ပါရမီအားကိုချိန်ပြီးတော့ လုပ်ရမယ်၊အခု တရားကထူဟာ "ရေဓါတ်"လို့ ခေါ်တယ်၊ ဒီသဘာဝကို နောင် အကြောင်းသင့်တဲ့အခါမှ ရှင်းပြပါမယ်။

အခု ဦးပဥ္စင်းကြီးက"ဖြစ်"ဆိုတဲ့သဘာဝကို မသတ်နိုင်သေးဘူး မဟုတ်လား၊ မနေ့က သင်နည်းမှတ်ချက် အနေနဲ့ သတ်ဆေးပေး လိုက်တာကို သဘောမပေါက်ဘူးလား၊ အဲဒီ၃-ချက်ကို ယူပြီးတော့ ဒီပုံစံကို တွေးကြည့်ပါ။

ဒီပုံစံက ဗျာပါရတွေကိုပြတာပါ။ ရုပ်ကို သိမ်းတဲ့ အခါမှာ အဗျာပါရ အနတ္တနဲ့ သိမ်းရမှာဘဲ။ အခု ဒီနေရာမှာက နာမ် သဘာဝလေး ဖြစ်နေလေတော့ အဗျာပါရ အနတ္တနဲ့ သိမ်းလို့ မရပါ။

ဒီတော့ အတိတ်သဘောကို အဗျာပါရ အနတ္တနဲ့သိမ်းပြီးတော့ အနာဂတ်သဘောကို သဘာဝ အနတ္တနဲ့ သိမ်းရမယ်။ ကိုင်း.... ဒီတော့ အတ္တသုံးချက်ဟာ ပုံစံမှာရှိတဲ့ 'ဖြစ်ပျက်' ထဲကို သွင်းရမယ်။ ဘယ်လို သွင်းမလဲ။ အဲဒါ 'ဖြစ်' မှာ ဘယ်အတ္တ သွင်းမလဲ။ 'ပျက်'မှာ ဘယ်အတ္တသွင်းမလဲ။ 'ဖြစ်-ပျက်'မှာ ဘယ်အတ္တသွင်းမလဲ့ ဒါကို ပြောစမ်းပါ။

ဆရာတော် ပြောပြမယ်၊ ဖြစ်သဘောကို **ကာရကော** မှာ သွင်းရမယ်။ နောက် ဖြစ်ပျက် သဘောကို **နိဝသီ**မှာ သွင်းရမယ်။ **ဝေဒကော**ကြတော့ 'ပျက်'သဘောထဲကို သွင်းရမယ်။ ယခု သွင်းပြ လိုက်တာကို သဘော ပေါက်သွားရင် အစွဲ ပြုတ်တော့တာ ပါဘဲ။ မှန်အောင် မသွင်းနိုင်ရင် အစွဲ မပြုတ်သေးပါ။

ဒီတော့ သောတာပန်တို့ဟာ မမှန်သောစကားကို ဘယ်တော့မှ မပြောပါ။ မှားတာကို လုပ်မယ် ဆိုရင် အမှန်ဓါတ်ကြီးက မခံ တော့ပါ။ သူ့လုပ်မဲ့ အမှားတွေကို ဖယ်ထုတ်ပြီး အမှန် ဓါတ်ကြီး ပေါ်လာတာကို ဒိဋ္ဌိစွဲ ပြုတ်တယ်လို့ ခေါ်တယ်။ ဒိဋ္ဌိစွဲကြီးဟာ အတင်းဆွဲပြီး ဖြုတ်လို့ ရတာမဟုတ်ဘူး။

အခု ဒီသညာဖြစ်ပျက်ဟာတန်ဘိုးတော့ ရှိပါတယ်။ ဒီဖြစ်ပျက်မျိုးကို ဒွိဟိတ် ပုဂ္ဂိုလ်တွေသဲသိနိုင်ပါတယ်။ ရှေ့ပညာမြင်ကြတော့ တိဟိတ် ပုဂ္ဂိုလ်မှ သာလျှင် သိနိုင် မြင်နိုင် ပါတယ်။ အကြင် ပုဂ္ဂိုလ်ဟာ တရား တော်တွေ့ ကိုလဲ နာကြား လာခဲ့တယ်။ ဆောင်သော တရားများလဲ ရှိတယ်။ ထိုပုဂ္ဂိုလ်ဟာ ရှေ့စကား, နောက်စကားကိုမှ ဆက်စပ်မယူနိုင်လျှင် တိဟိတ် မဖြစ်သေးပါ။ ရှေ့စကား နောက်စကားကို ဆက်စပ်နိုင်မှ တိဟိတ်မျိုးလို့ ဆိုလို ပါတယ်။

အခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ရှေ့စကား, နောက်စကား ဆက်စပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ခြင်းကြောင့် တိဟိတ်မျိုး မဟုတ်လို့ မပြောနိုင်ဘူး။ ဒါကြောင့် ကျိုးစားရင် တရားဟာ ရနိုင်ပါတယ်။ ကိုင်းဒီတော့အနတ္တသဘာဝဆိုတာကို ပြောပြမယ်။

**သစ္စက ပရိဗိုဇ်နှင့် ဘုရားရှင်** (ဥပမာ)သစ္စကသုတ္တန်ကိုကြည့်ပါ သစ္စက ပရိဗိုဇ် ကြီးဟာလိစ္ဆဝီမင်းတွေကို ခေါ်ပြီး ဘုရားရှင်ကို ဝါဒ သွားပြိုင်တယ်။ ဘုရားထံ ရောက်တော့ သစ္စကကြီးက ဘုရားရှင်ကိုမေးတယ်။ အရှင်ဂေါတမ သင်ဟောတဲ့ "အနိစ္စ၊ မမြဲဘူး။ ဒုက္ခ၊ ဆင်းရဲတယ်။ အနတ္တ၊ အစိုးမရဘူး" ဆိုတာဟာ မှားတယ် ဆိုပြီး စွပ်စွဲတယ်။ ဒီတော့မှ ဘုရားရှင်ကသူ့ကို မလှုပ်နိုင်အောင်စကားများနဲ့ချိန်ရှောင်ပြီးတော့ သစ္စကကြီးကို ဥပမာ အမျိုးမျိုးနဲ့ပြပြီး အမေးပုစ္ဆာတွေ တခုပြီး တခု မေးတော်မူတယ်။

နောက်ဆုံးမှာ ဘုရားရှင် မေးတော်မူတဲ့ မေးခွန်းကို မဖြေဘဲ နေတယ်၊ သုံးကြိမ်တိုင်တိုင် ဘုရားရှင်က မေးတော်မူတာကို မဖြေဘဲနဲ့နေလိုက်တော့မှ "သိကြား"က လာပြီး ခြိမ်းခြောက်လာတယ်၊ အဲဒီအခါကြတော့မှ အတ္တဝါဒကို ဖြုတ်ပြီးတော့ အနတ္တပါ ဘုရားလို့ ဖြေတော့တယ်၊ နောက်ဆုံးမှာ သစ္စကကြီးဟာ ဘုရား အမှူးထားပြီး သံဃာတော်များကို နက်ဖြန် ဆွမ်းဘုဉ်းပေးကြွပါရန် ဆွမ်းစားပင့်တော်မူတယ်။

**ဘုရားရှင်နှင့် တွေ့သော်လဲ တရားမရ** အခု ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တဲ့ အနတ္တတရားကို သစ္စကပရိဗိုဇ်ကြီး သဘောပေါက်သွားသလား ဆိုတော့ သစ္စကကြီးဟာ သဘောမပေါက်ရှာဘူး၊ (ဝါ) တရားရမသွားရှာဘူး။

ဒီတော့ အနတ္တ, အနတ္တနဲ့ ဟောပြောနေကြသော်လဲ အနတ္တဆိုတဲ့ သဘာဝဟာ အင်မတန်မှ နက်နဲလှပါတယ်၊ သိမြင်နိုင်ဘို့ အင်မတန်မှ ခက်လှပါတယ်။

အနတ္တဆိုတဲ့ ပါဠိကို သဒ္ဒါဆရာတွေက "ငါမဟုတ်" လို့ ဘာသာပြန်ကြတယ်၊ "အတ္တ" ဆိုတာကိုတော့ "ငါ"လို့ ဘာသာပြန်ကြတယ်၊ အခု ဒီနေရာမှာ "အနတ္တ-ငါမဟုတ်" ဆိုတာနဲ့ တရား ရနိုင်မလား၊ စဉ်းစားပါ။

**အစွန်း နှစ်ခု** တချို့ အယူမှားသမားတွေက ပဥ္စက္ခန္ဓာ ဖြစ်တဲ့ ဒီအကျိုးရုပ်ကောင်ကြီးကို ညှင်းဆဲနိုင်ရင် တရားရမယ်ထင်လို့ လုပ်နေကြတယ်၊ ဒီလိုလုပ်တာကို "အတ္တကိလမထာနုယောဂ" လို့ ခေါ်တယ်၊ အစွန်းတဘက် ရောက်အောင် ခန္ဓာကိုယ်ကို အပင်ပန်းခံပြီး ကျင့်တဲ့ အကျင့်တမျိုးဘဲ။

နောက်တမျိုးက ဒီခန္ဓာကိုယ်ကြီးကို သက်သက်သာသာထားပြီး သာယာနေပြန်ရင်လဲ "ကာမသုခလ္လိကာနုယောဂ"လို့ခေါ်တယ်။ ဒါဟာလဲ အစွန်းတဘက်ရောက်တာဘဲ။

ဒီတော့ အာရုံ ခြောက်ပါး၊ ဒွါရ ခြောက်ပေါက်၊ ဝိညာဏ် ခြောက်လုံး ကိုသာ အနတ္တ အနေနဲ့ သိမ်းနိုင် ရမယ်။ ဒီအကျိုးရုပ်ကောင်ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးကို ဘာမှ လုပ်နေစရာ မလိုပါဘူး။ သူ့ကို ဥပေက္ခာ အနေနဲ့ ထားလိုက်ပါ။ အာရုံ၊ ဒွါရ၊ ဝိညာဏ်ကို ပြောပြမယ်။

**အာရုံသဘောဟာ** အတိတ်ဘဲ မဟုတ်လား။ အဲဒါ ဖြစ်သဘောပါ။ အနာဂတ် အစွန်းက ဒွါရသဘော။ အဲဒါ ပျက်သဘောပါ။ **ဝိညာဏ်သဘော**ကြီးကတော့ အဲဒါ "ဖြစ်ပျက်-ဖြစ်ပျက်" ဆိုပြီး ပြောလာတော့တယ် မဟုတ်လား။

ဒီတော့ 'ဖြစ်'ဆိုတဲ့ ဗျာပါရလေးကို ဘာနဲ့သိမ်းမလဲ။ ခုနက ပြောခဲ့တဲ့ (သယံနိဝသီ ဝေဒကော ကာရကော) ဆိုတဲ့ သဘာဝတွေကို ပယ်ထုတ်ပြီး အနတ္တသဘာဝကိုတွေ့လိုက်ရင် ဒိဋ္ဌိကွာသွားတော့တာပါဘဲ။ "သောတာပန်" ဆိုတာ အယူမှား အစွဲမှား အမှတ်မှားတွေ ကွာသွားတာကို သောတာပန်လို့ ပြောတာပါ။

**သန္တတိပြတ်မှ ခန္ဓာပေါ်သည်။** ဒီတော့ 'ဖြစ်' ဆိုတဲ့ ဗျာပါရလေးကို သိမ်းတဲ့အခါမှာ 'ဖြစ်' ဆိုတဲ့ အတိတ်သဘောလေး၊ အာရုံ သဘောလေးကို (အနိစ္စံ ခယဋ္ဌေန) ကုန်သွားတဲ့ သဘောလေးဘဲ ဆိုပြီး မိအောင် ဖမ်းလိုက်ပါ။ အဲဒီလို သမ္မသန ညာဏ်ကလဲ သိမ်းဆည်း လိုက်ရော အတိတ်နဲ့ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်တို့ ဆက်နေတဲ့ သန္တတိလေးတွေဟာ ပြတ်သွားတော့တယ်။ ဒီသန္တတိ ပြတ်သွားတော့ ဘာပေါ်ရမလဲ။ အဲဒါ ခန္ဓာပေါ်ရမယ်။

**ခန္ဓာပေါ်မှ ပဋိစ္စသမုပ္ပါဒ် လှည့်သည်** ဒီတော့ ဥဒယဗ္ဗယ ကြီးက ခန္ဓာ ပေါ်တော့မှ ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်လာမယ်။ အဲဒါ "ဘယ်လှည့် - ညာလှည့်" ဝင်ပြီးတော့ လှည့်တော့မယ်။ အခုတော့ မလှည့်နိုင်သေးတာက ရုပ်ရိပ်၊နာမ်ရိပ် ရှိနေသေးတယ်။ အဲဒါ ကာလ ၃-ပါးသာလျှင် လှည့်နေသေးတယ်၊ ဒါဟာ ပညတ်တွေနဲ့ ဝိညာဉ်ကြီးက လှည့်နေတာပါ။

ဒါကို ပဋိစ္စသမုပ္ပါဒ်ကြီးက လှည့်ခြင်တဲ့အတွက်ရုပ်ရိပ်၊နာမ်ရိပ်၊ သညာရိပ်၊ ဝိညာဉ်ရိပ် တို့ကို ဖြတ်ရမယ်၊ ဖြတ်လိုက်တဲ့ အခါ ကြတော့မှ ပစ္စုပ္ပန် အနေနဲ့သာ ကျန်တော့မယ်။

ဒီတော့ သမ္မသနဉာဏ်က အတိတ်ကို အနိစ္စနဲ့သိမ်းလိုက်တော့၊ အတိတ်စွန်းလေး ကျန်နေသေးတယ်။ အဲဒါ "ဖြစ်"ဆိုပြီးကျန်နေသေးတယ်၊ သူက အာရုံ ၆ ပါးနဲ့ ဆက်ခြင်နေသေးတယ်၊ ဒါကို ဗျာပါရ သဘောလေးလို့ပြောတယ်။

ပစ္စုပ္ပန်ရုပ်မှာ ကျန်နေတဲ့ အတိတ်စွန်းသညာရုပ်လေးက အဲဒါ "ဖြစ်"လို့နေတာ၊ ဒါကို "သုတ္တန္တဘာဇနီယနည်း"လို့ခေါ်တယ်၊ ပရမတ်သဘာဝကို ပည်တ်တင်ပြီးတော့ ပြသွားတာကို သုတ္တန္တဘာဇနီယနည်းလို့ ခေါ်တယ်။

နောက် မဂ်ဖိုလ်ရပြီးတဲ့ အရိယာများ ဝေဘန်သုံးသပ်ဆင်ခြင်တဲ့ နည်းကြတော့ "အဘိဓမ္မာဘာဇနီယနည်း"လို့ခေါ်တယ်၊ နောက် ရဟန္တာ အရှင်မြတ်တို့ ပဋိသမ္ဘိဒါဉာဏ်ကို ရအောင်လို့ အမေး အဖြေပြုတာကို "ပညာပုစ္ဆကနည်း"လို့ ခေါ်တယ်။

**သုတ္တန်နည်းကို လိုက်ပါ**

ဒီတော့ အခု မဂ်ဖိုလ်ကို လိုခြင်လို့ တရား အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သုတ္တန္တဘာဇနီယနည်းကို လိုက်ရမယ်၊သုတ္တန်နည်းကိုလိုက်၊ ဆိုတော့ အဲဒါ "ပန်းတပွင့်လှူရင်ဘာဖြစ်တယ်" ဆိုတဲ့ သုတ္တန်တွေကို မယူပါနဲ့၊ ခုနက ပြခဲ့တဲ့ သုတ္တန္တဘာဇနီယနည်းကိုသာ လိုက်ရမယ်။

ဒီတော့ ပစ္စုပ္ပန်သညာရုပ်ထဲမှာ အတိတ်စွန်း သညာလေးဟာ "ဖြစ်"ဆိုပြီးတော့ ပြောနေတယ်၊ သူက အဆင်းလေးနဲ့ဆက်ခြင် နေသေးတယ်၊ သူက သင်္ကေတလောကကြီး ထူထောင်နေသေးတယ်၊ "ဖြစ်" ဆိုတဲ့ သဘောလေးကလဲ "ရုပ်"နဲ့ ပြန်ဆက်နိုင်မှ (ဝါ) အာရုံလေးနဲ့ဆက်ရမှ၊ နာမ်ရဲ့အရှိန်ကို ယူလို့ရတယ်၊ အခုတော့ "နာမ်"ကလဲ ယူလို့မရတော့ဘူး။ သူကလဲ "ပျက်"သဘောသာ ရှိတော့တယ်။

သူ့မှာ အဝင်အထွက် သဘော ရှိနေသေးတယ်၊ ဒါကို သေသေ ချာချာရှုထားပါ။ အခု တရားကို လေ့လာကြတဲ့ ဝိပဿနာသမား တွေဟာ ဒီထိအောင် မရှုကြတော့ပါ။ အဲဒါ သညာဝိညာဉ်နဲ့ ထိုင်တဲ့ 'ဖြစ်ပျက်"တွေကိုသာ ပြောနေကြ၊ ရှုနေကြတော့တယ်။

"**ရုပ်ရိုပ်**"က"**ဖြစ်**"ဆိုတာနဲ့ "**နာမ်ရိုပ်**"က"**ပျက်**"လို့ပြောနေ သော်လဲ ဒီနာမ်ရိုပ် **ပျက်သဘော** ထဲမှာ **ဖြစ်သဘောလေး** ပါရှိ နေတယ်လို့ယူထားပါ၊ ဒီတော့ "ပျက်" မှာ ဗျာပါရလေး ၂-ခု ရှိနေပြီ၊ ပစ္စုပ္ပန်ထဲမှာ ရှိနေတဲ့ သညာလေးတွေဟာ ဖြစ်သဘော၊ ပျက်သဘော အနေနဲ့ ရှိနေကြသေးတယ်။

အခု ရုပ်က ဖြစ်ဆိုတဲ့ ဟာကို ယူပြီးတော့ အဲဒါ နာမ်က ပျက်လို့ ပြောနေတာဘဲမဟုတ်လား၊ ဒါဟာ သညာရဲ့ ဗျာပါရ လေးပါ၊ အာရုံ ၆-ပါးမှာ ရှိနေတဲ့ ရုပ်လေးကို အနိစ္စနဲ့ ဖြတ်ဖြစ် လိုက်တယ်၊ ရုပ်ပေါ်မှာ ရှိနေတဲ့ အတွက်ကြောင့် ဒီဖြစ်သဘော လေးဟာ အဗျာပါရအနုတ္တဘဲ မဟုတ်လား။

ဒီတော့ အရင်တုန်းကအဆင်းလေးနဲ့ဆက်ပြီးလာတဲ့ရုပ်ကလေး ဟာ မရှိတော့ဘဲနဲ့၊ လက်ညှိုးထိုးပြီးတော့ တောင့်တနေတာသည် ပင်လျှင်, သူ့မှာ အဗျာပါရ အနုတ္တဘဲ မဟုတ်လား။ အရင်တုံးက ဆက်တဲ့ အခါမှာ ဗျာပါရအနေနဲ့ ကြပ်ပြည့်ခံစားနိုင်တယ်၊ အခု ကြတော့ ကြပ်ပြည့်မခံစားနိုင်တော့တဲ့အတွက် သူ့ရဲ့သဘာဝသည် ပင်လျှင် အဗျာပါရအနုတ္တဘဲ မဟုတ်လား။

ကိုင်း....ဖြစ်ဆိုတဲ့ဟာကို အခု ငါနေရာက ပညာနဲ့ကြည့်ရင် အဗျာပါရအနုတ္တကို လာတွေ့နေပြီမဟုတ်လား၊ ဒီတော့ သူက အဗျာပါရလေးကို မတွေ့ဘဲနဲ့ "ဖြစ်"လို့ ပြောနေတာ အဲဒါ ကိုယ့်ရဲ့သညာက ပြောနေတာဘဲမဟုတ်လား။

သူ့ရဲ့သဘာဝက အဗျာပါရအနုတ္တဖြစ်နေတာပါ၊ ဟိုဘက်က "ပျက်"ဆိုတဲ့ သဘာဝကြီးဟာလဲ သဘာဝအနုတ္တထဲ ကျသွားပုံကို ဖေါ်ရမယ်၊ ဒီ "ပျက်" သဘာဝကြီးဟာ ဘဘာဝ အနုတ္တထဲမှာ ဘယ်လိုကျသလဲ၊ ဘယ်လိုချုပ်လဲ၊ ဒါဟာအမေးပုစ္ဆာဘဲ၊ ဒီတော့ အတ္တ ၃-ချက်ထဲမှာ ဆောက်ပြီးတော့ကြည့်ပါ။

ဒီတော့ ဖြစ်သဘောက အဗျာပါရအနုတ္တလေး ထွက်နေပြီ၊ "ဖြစ်"ဆိုတာ ဘယ်သူကပြောတာလဲ၊ ဒါကို ပြန်ပြီးတော့ စစ်ပါ၊ ဒီတော့မှ အဗျာပါရအနုတ္တလေး လာတွေ့မယ်၊ ဒါကို တွေ့မှ ပျက်ကိုလဲတွေ့မယ်။ ကိုင်း....နက်ဖြန်ကြမှဘဲဆက်ကြပါစို့။

ကိုင်း.... သာဓုခေါ်ကြပါ။

" သာဓု–သာဓု–သာဓု "



## တော်သလင်း လဆန်း (၁)ရက်နေ့ ဟောစဉ်

**အနတ္တ လေးမျိုး** ကိုင်း ဒီဖြစ်ကိုချေလိုက်ရင် ဘယ်သဘာဝလေး ထွက်လာသလဲ၊ အနတ္တဟာ လေးမျိုး ရှိတယ်။

သုညတော ပရတောစေဝ၊ ပဿော အဝသ ဝတ္တနတော။
အသာရတော ဝိဓါခနေ့၊ သက္ကာယဒိဋ္ဌိ ပဟာတဝေ။

လို့ ပြလာသည့်အတိုင်း ၁။ သုညတအနတ္တ။ ၂။ ပရတအနတ္တ။ ၃။ အဝသဝတ္တနအနတ္တ။ ၄။ အသာရကဋ္ဌအနတ္တဆိုပြီး လေးမျိုး ရှိတယ်။ ဒီ ၄-မျိုးထဲက အဗျာပါရအနတ္တ ထည့်လျှင် ၅-မျိုး ဖြစ်လာတယ်။ အနတ္တတွေကို (ဝါ) သုညတွေကို ခန္ဓာကိုယ် ပေါ်မှာတင်ပြီး ရှုနိုင်လာရင် တရားဟာ တက်လာပြီ။

ဒီတော့ အတ္တနဲ့ အနတ္တမှာ၊ အတ္တဆိုရင်ဘဲ ခန္ဓာကိုယ်ပေါ် တင်ပြီး ယူလာတော့တယ်။ ဘုရားရှင်က ဒီကိုယ်ကာယပေါ်ကို တင်ပြီးဟောတာမဟုတ်ပါ၊ ဒါကိုတောင် မဝေဘန်ကြတော့ပါ၊ အနတ္တလက္ခဏသုတ် တရားတော်မှာ အတ္တကို (အာဗာခါယ)ဆင်းရဲ နာကျင်ခြင်းငှါ (ဝါ) ကြောင့်ကြစိုက်လို့ မရခြင်းငှါလို့ ပြလာ တယ်။ အဲဒါ ကြောင့်ကြစိုက်လို့ မရတဲ့ဒုက္ခကို ပြလာတာပါ။

ကိုင်း....ဖြစ်ပျက်ကို ဆက်ကြဦးစို့ရဲ့။ အခု ဖြစ်ပျက်ဟာ "သညာ ဖြစ်ပျက်"သာ ရှိပါ သေးတယ်၊ ပညာမြင် ဖြစ်ပျက် ရောက်အောင်သဘာဝကိုလိုက်ရှာရမယ်၊ ပထမဦးဆုံး "ဖြစ်"ဆိုတာ သည်ပင် သူ့သဘာဝ ဖြစ်သဘောလေးကို တွေ့အောင်ရှာရမယ်။

**ဖြစ်၊သဘာဝ သုံးမျိုး** ဖြစ်၊ သဘောကို သဘာဝ အနေနဲ့ မရှာဘဲနဲ့ နေရင် ဝိပဿနာ တက်စဉ် လေးဟာပျောက်သွားမယ်၊ ဖြစ်၊ကိုတွေ့အောင်ဒီဖြစ်နဲ့ဘဲ လိုက်ရှာ ရမယ်။ ဒီတော့ "သညာဖြစ်"ကနေရှာရင် "ဝိညာဏ်ဖြစ်" ကို လာတွေ့မယ်၊ နောက် ဒီ "ဝိညာဏ်ဖြစ်" ကနေ ရှာလိုက်ရင် "ပညာဖြစ်"သဘောကို လာတွေ့မယ်။

ကိုင်း.... သင်္ခတ လောကကြီးမှာ တကယ် "ဖြစ်,သဘော" ရှိသလား၊ အဲဒါကိုဘဲ စဉ်းစားပါအုံး၊ သညာကိုလဲရှာ၊ ဝိညာဏ်ကိုလဲရှာ၊ နောက် ခန္ဓာငါးပါးကို လိုက်ရှာလိုက်တဲ့အခါမှာဖြစ်လို့ ပြောနေတာဟာ သူဘဲဆိုတာကို သွားတွေ့တော့မယ်။

ဒီတော့မှ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အနတ္တဓါတ်ကို ထုတ်လာတယ်၊ အခုထဲက အနတ္တတွေထုတ်ထားရင် "ဝိညာဏ်မြင် ဖြစ်,ပျက်"တို့ "ခန္ဓာငါးပါး ဖြစ်,ပျက်"တို့ဟာ ဘယ်မှာ ထုတ်လို့ ရတော့မှာလဲ။

ဒီသညာဖြစ်ပျက်ကို ချေတဲ့အခါမှာ ဝိညာဏ်မြင်ဖြစ်ပျက်ကို လာတွေ့မယ်၊ ဒီဝိညာဏ်မြင်ဖြစ်ပျက်ကို ချေလိုက်တဲ့အခါမှာ ခန္ဓာငါးပါးဖြစ်ပျက်ကို လာတွေ့မယ်၊ ဒီခန္ဓာငါးပါးဖြစ်ပျက်ကို နာနာထောင်းမှသာလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပျက်ဆိုတဲ့ တကဲ့ဖြစ်ပျက်ကို လာတွေ့တော့မယ် မဟုတ်လား။

**ပညာမျိုးစေ့ ရအောင်ယူပါ** ဒီတော့ အခုဒီနေရာမှာ အနတ္တနဲ့ မသိမ်းပါ နဲ့ ဦး၊ ဝိညာဏ်မြင် ဖြစ်ပျက်မှာလဲ အနတ္တနဲ့ မသိမ်းနဲ့ဦး၊ အခုမှ ပညာရဲ့ ပဋိသန္ဓေမျိုးလေးကို ယူနေရတယ်၊ ဒါ့ကြောင့် မသိမ်းနဲ့ဦး၊ ခန္ဓာငါးပါး အပိုင်းကြမှ အနတ္တနဲ့ သိမ်းရမယ်၊ ဒါ့ကြောင့် ဒီနေရာမှာ ပညတ်နဲ့ ပရမတ်၊ သညာနဲ့ ဝိညာဏ် တွဲစပ်ပြီးတော့ယူလာတာဟာ နောက် ဝိညာဏ်ကနေပြီး ပညာကို ယူရဦးမယ်။

ဒီတော့ **"ဖြစ်-အတိတ်ကာလ"**၊ **"ပျက်-အနာဂတ် ကာလ"** ဒီနှစ်ချက်မှာ ဘယ်သူက အားရှိသလဲ၊ ဘယ်သူက ပြဋ္ဌာန်းသလဲ ဆိုရင် ဖြစ်သဘောအတိတ်ကာလက ပြဋ္ဌာန်းဘယ်။ ဒီဖြစ်သဘော အတိတ်ကာလကို တည်ပြီးမှ၊ ပျက်ဆိုတဲ့ အနာဂတ်က တည်လာ ရတာပါ။

ဒီတော့ ဖြစ်ဆိုတဲ့ သဘောလေးရှိလို့ အနာဂတ် ကာလမှာ ပျက်သဘောလေး ရှိနေတာပါ။ ဒီတော့ သညာ မည်သည်မှာ အတိတ်ကာလမှာ အားရှိတယ်၊ ဝိညာဏ်ကြီးကြတော့ အနာဂတ် ကာလမှာ အားရှိတယ်၊ ပညာကြတော့ ပစ္စုပ္ပန်မှာ အားရှိတယ်။

ဒီတော့ ဖြစ်ဆိုတဲ့ သညာ သဘောက အတိတ်ကာလ အာရုံ ငါးပါးသဘောပါ။ ပျက်ဆိုတဲ့ ဝိညာဉ် သဘောက အနာဂတ် ကာလ ဒွါရငါးပေါက် သဘောပါ၊ (ဝါ) အကြည်ဓါတ်ငါးပါး သဘောပါ။

ဒီတော့ အာရုံအရိပ်မှာ သညာရှိတယ်၊ အကောင်သဘောက ဖြစ်၊ အရောင်သဘောက ပျက်၊ အဲဒါကို ဒုက္ခလို့ ချလိုက်ရင် ပညာရဲ့ သဘာဝဟာ မပေါ်နိုင်တော့ပါ။

ဒီနေရာမှာ ပညာရဲ့ သဘာဝလေး ပေါ်ရဦးမယ်၊ အဗျာပါဒ အနတ္တနဲ့ သိမ်းတဲ့အခါမှာပျက်သဘောထဲကပညာရဲ့သဘာဝလေး ပေါ်လာတာကို ကြည့်ရမယ်။ ဒါမှ ရှေ့ကိုတက်လို့ရမယ်၊ အခု ဥဒယဗ္ဗယ ပညာ ဆိုတာဟာ သညာဝိညာဏ်သဘောကို အခြေခံပြီး ထွက်လာတဲ့ ပညာရဲ့ သဘောလေးပါ။

ကိုင်း ဒီနေရာမှာ ပျက်သဘောက ပညာရဲ့ သဘောလေးဟာ ဘယ်လို ပေါ်သလဲ၊ အခု ဒီနေရာမှာ သညာရဲ့ ကဏ္ဍမို့လို့ ဖြစ်သဘော ပြဌာန်းနေတယ်၊ အဲဒါ ဖြစ်သဘော အကောင် ရှိနေလို့ ပျက်သဘော အရောင် ရှိနေတာပါ။

ဝိညာဉ်ကြီးကြတော့ နှစ်ပါးစုံ ပြဌာန်းနေတယ်၊ ပညာသဘော ကြတော့ ပစ္စုပ္ပန် သဘောပြဌာန်းတယ်။ ဒီတော့ ဖြစ်သဘောကို သိမ်းလိုက်တဲ့ အခါမှာ ပညာရဲ့သဘောလေးဟာ ထွက်လာရမယ်။ သူနဲ့ ထိုက်တန်တဲ့ ပညာလေးဟာ ထွက်လာရတော့မယ်။

ဒီတော့ (တခုသော ဖြစ်သဘောလေးနဲ့ တခုသောဖြစ်သဘော လေးကို) ဘွေ့အောင် ကပ်ပြီး ရှာရမယ်။ ယခု သတ်ဘဲ့ အခါမှာ "သတ္တဝါနဲ့ လက်နက်နဲ့" ဟာ မျှပါစေ၊ ဒီတော့မှ ပညာရဲ့ သဘာဝလေးဟာ ထွက်လာမယ်။ မဂ်တရား ဖိုလ်တရားကိုတက်တဲ့ အခါမှာ အလယ်လမ်းကို ဝင်အောင် လုပ်ရမယ်၊ ဒါမှ မဂ်တရား ဖိုလ်တရား တို့ကို တက်လို့ ရပါတယ်။

ဒီတော့ သညာ မြင်ဖြစ် သဘောက နေပြီးတော့မှ ဝိညာဏ် မြင်ဖြစ်ကို တွေ့အောင်ရှာရမယ်၊ နောက် ဝိညာဏ် မြင်ဖြစ်က နေပြီး တော့မှ ပညာ မြင်ဖြစ် သဘောကို တွေ့အောင် တဆင့် တက်ပြီး ရှာရမယ်။

အခု ပစ္စုပ္ပန်မှာ ရှိနေတဲ့ အတိတ်စွန်း၊ အနာဂတ် စွန်းလေးကိုသာ ဖြတ်ရမယ်။ ဒါဖြင့် ဘယ်အနေနဲ့ ဖြတ်မလဲ၊ အတိတ်စွန်း ဖြစ်သဘော၊ အနာဂတ်စွန်း ပျက်သဘောတို့ဟာ ဘယ်ကနေ ထွက်လာကြတာလဲ၊ ဒီကာလ သုံးပါးကိုလဲ ဖြတ်လိုက် ရော၊ ပစ္စုပ္ပန်မှာ ကျန်ပြီး အဲဒါဖြစ်ပျက်လို့ ပြောနေ တာပါ။

ဒါဖြင့် သူ့ကို ဘယ်အနတ္တနဲ့ သိမ်းမလဲ ဆိုရင် အဲဒါ အဗျာ ပါရအနတ္တနဲ့ သိမ်းရမယ်။ ဖြစ်သဘောကို အဗျာပါရ အနတ္တနဲ့ သိမ်းလိုက်ရင်၊ ပျက်သဘောဟာ သဘာဝအနတ္တမှာ ဥက္ကောင်း ကျပါတယ်။ ဒီထဲက ပညာရဲ့သဘောလေး ဖြစ်တဲ့ ဝိညာဏ်မြင် ဖြစ်သဘောလေးကို လာတွေ့မယ်၊ ဒီနေရာမှာဘယ်ခန္ဓာလေးတွေမှ မပေါ်နိုင်သေးပါ၊ ခန္ဓာ မပေါ်သေးလို့မို့ အဲဒါ ဒုက္ခလို့ သွားမရှုလိုက်ပါနဲ့ဦး။

ကိုင်း....ဒီတော့အဗျာပါရအနတ္တဆိုတာရုပ်ကို ချေတဲ့အနတ္တပါ၊ အခု အတိတ်စွန်းရိပ်လေးကလဲ ရုပ်ရိပ်လေးဘဲမဟုတ်လား၊ ၆ ပါး သော အကြည်တွေကို ကာလသုံးပါးနဲ့ သတ်လိုက်တော့ အရောင် ရုပ်လေးဟာ ကျန်နေဦးမယ်၊ အဲဒါအကောင်ရုပ်ကြီးကိုပင် လက်ဆွဲ ထားသေးတယ်။

ဒီတော့ ဖြစ်,ဆိုတဲ့သဘာဝလေးနဲ့ ပျက်,ဆိုတဲ့သဘာဝလေးကို အကောင်သဘော၊ အရောင်သဘောလို့ ပြောရမယ်။ အခု ဝိညာဉ်အနေနဲ့ကြတော့ အရောင်လို့ ပြောတာပါ၊ ဒီအရောင် သဘောဟာ အကောင်သဘောထက် အားကောင်းတယ်။

ဒီတော့ အတိတ်စွန်း, အနာဂတ်စွန်း တို့ကိုလဲ သိမ်းလိုက်ရော၊ ဒီရုပ်ကြီးကိုလုပ်ပေးနေတဲ့ ဖြစ်,သဘောလေးကို လာတွေ့တော့မယ်၊ ဒါကို အဗျာပါရ အနတ္တနဲ့ သိမ်းလိုက်တော့ ဖြစ်,ဆိုတဲ့ သဘော လေးဟာ သညာရဲ့ အရိပ်လေးဘဲ မဟုတ်လား။

(တနည်း) ဆန္ဒရာဂကို ထုတ်ပြီး ပြောပါဆိုလျှင် ကုန်သွားတဲ့ အကောင်ရုပ်ကြီးနဲ့၊ဆုံချင်နေသေးတဲ့ သဘာဝလေး ရှိနေသေး တယ်၊ အဲဒါဆက်ဆံချင်သေးတဲ့ဗျာပါရလေးရှိနေတယ်၊အခုတော့ မဆက်ဆံနိုင်တော့ပါ။

အခုလို မဆက်ဆံနိုင်တော့ရင် သံသရာဟာ မလည်နိုင်တော့ပါ၊ ဖြစ်,သဘောကိုမြင်လာရင် မဖြစ်နိုင်တဲ့အဗျာပါရအနတ္တသဘောကို တွေ့လာတော့မယ်။ ဒီလို အနတ္တဓါတ်ကို တွေ့လာရင် ပျက်,သဘော ဟာလဲ မရှိတော့ပါ၊ အဲဒါ သဘာဝအနတ္တဓါတ်လေးထွက်နေပြီ။

**ဝိညာဏ် မြင်, ဖြစ်, ပျက်,** ဒီတော့ ပစ္စုပ္ပန်သဘောထဲကို ပညာရဲ့ သဘာဝလေးဟာ ဝင်ရတော့မယ်၊ ဘယ်လိုဝင်မလဲ၊ ဒီနှစ်ကောင်ဟာ တကဲ့ ဖြစ်,ပျက်မဟုတ်ရင် တကဲ့ ဖြစ်,ပျက်ကို ရှာရတော့မယ်၊ ဒီမှာ တရား တဆင့် တက်လာပြီ၊ ပစ္စုပ္ပန်ဝိညာဏ်ဟာ ဘယ်ဟာလဲ ဝိညာဏ်ကိုမြင်မှ ပညာကိုတက်လို့ ရမယ်။

ကိုင်း....ဝိညာဏ် မြင်,ဖြစ်,ပျက်ဟာ ဘယ်ဟာလဲ၊ ဒါကို ရှာရ မယ်၊ ဒါကို သဘောပေါက်အောင် နားထောင်ပါ၊ သဘော ပပေါက်ရင် ပြောချင်တာတွေ ပြောကုန်တော့မယ်၊ ဒီတော့ ဒါနဲ့

သီလကို အားမထုတ်ဘဲနေရင် အပါယ် မကျနိုင်သေးပါ၊ အခု ဥဒယဗ္ဗယပညာကြီးမှာ လွဲသွားရင် အပါယ် ၄-ပါးကို စုံချတာနဲ့ အတူတူဘဲ။ ဒါ့ကြောင့် သေသေချာချာ စဉ်းစားပါ၊ ဒီတော့ မနေ့ကပြလိုက်တဲ့ အတိတ် **ကာရကော**၊ အနာဂါတ် **ဝေဒကော**၊ ပစ္စုပ္ပန် **နိဝသီ** ဆိုတာကို သေသေချာချာစဉ်းစားပါ။

အခု ဒီနေရာမှာ "ဝေဒကော"နဲ့ "ကာရကော" ဟာ (၀၁) အတိတ်နဲ့ အနာဂါတ်ဟာ ပြတ်သွားပြီ၊ "ပစ္စုပ္ပန်-နိဝသီ"သဘော သာ ကျန်တော့တယ်။ ကိုင်း....ဒီသဘာဝကို နားလည်ရင် ရှေ့ကို တဆင့်တက်ရတော့မယ်၊ အခုခဏ ပစ္စုပ္ပန် သဘောဟာပြတ်သွားပြီ၊ သန္တတိပစ္စုပ္ပန်ကို ရောက်လာပြီ။ ကိုင်း....ဘယ်ဟာကို ရှာမလဲ၊ ဒီလိုရှာမှ ဝိညာဏ် မြင်,ဖြစ်,ပျက် ကို တွေ့မယ်။

သာဓုခေါ်ကြပါတော့....

**" သာဓု....သာဓု....သာဓု "**

# ပုံစံ နံပါတ်(၁၂)

**တော်သလင်း လဆန်း (၂)ရက်နေ့ ဟောစဉ်။**

**ပညာ မျိုးစေ့ ထွက်တော့မယ်။**

ကိုင်း.... သညာရဲ့ ဖြစ်ပျက်ကို သတ်လိုက်တဲ့ အခါမှာ၊ ပညာရဲ့ မျိုးဟာ ထွက်လာရ တော့မယ်။ မနေ့က သညာ သဘော ဖြစ်ပျက်ကို သတ် လိုက် တော့ "ဝိညာဉ် ဖြစ်ပျက်" ပေါ်လာပြီ။ ဒီဝိညာဉ် ဖြစ်ပျက်ထဲမှာ ကိန်းနေတဲ့ ပညာသဘောလေးကို ဖေါ်ရ တော့မယ်။

# ပုံစံနံပါတ် (၁၂)



အခု သညာလေးဟာ ဝိညာဉ်ကြီး ထဲမှာ မျိုးလေး အနေနဲ့ ကိန်းနေပြီ။ အဲဒီမျိုးလေးဟာ ပညာမြင် ဉဒယဗ္ဗယ ဉာဏ်ကြီး ရောက်ရင် ဖွားရ တော့မယ်။ အဲဒီ သဘာဝလေးကို မြင်ရမယ်။ ပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးကို တက်တဲ့အခါမှာ ဂိုဏ်းမျိုးစုံတွေ ဝင်လာတတ်ပါတယ်။ အဲဒါကို သတိထားရမယ်။ ဒီတော့ တရားစစ် တရားမှန်ကို သိလိုလျှင် ဂိုဏ်းဝါဒ တွေကို ကြပ်ကြပ် သတိထားရမယ်။

ကိုင်း မနေ့က အတိတ်စွန်းသညာနဲ့ အနာဂါတ်စွန်းသညာလေးကိုလဲ အဗျာပါရ အနတ္တနဲ့ သဘာဝအနတ္တတို့နဲ့ လဲသိမ်းလိုက်ရော၊ ဖြစ်ဆိုတဲ့ သဘာဝလေးဟာ ဇာတ်သိမ်းသွားပြီ။

ဒီတော့ 'ပျက်' ဆိုတဲ့သဘာဝလေးဟာ ဘယ်ကို ရောက်သွားသလဲ၊ ဒါကို ရှာရမယ်။ ဒီသညာလေးကို သတ်လိုက်တဲ့ အခါမှာ ဒီသညာလေးဟာ ပစ္စုပ္ပန်ထဲကို 'ပညာ' အနေနဲ့ ဘယ်လို ဝင်လာသလဲ။ ဒီသဘာဝ တွေကို နေယျ ပုဂ္ဂိုလ် များဟာ မြင်နိုင် ရမယ်။ ဒီတော့မှ ရဲရဲတောက် အာဇာနီလေး ဖြစ်လာမယ်။

အဲဒါကြောင့် ဒီမျိုးလေးကို မျက်ခြေ မပြတ်ပါစေနဲ့၊ ဒါကိုလဲ အနတ္တတို့ ဒုက္ခတို့နဲ့လဲ မသတ်လိုက်ပါနဲ့ဦး။ ပညာမြင် ဉဒယဗ္ဗယဉာဏ်ကြီးကို တကယ် မြင်လာရင် လောကကြောင်းရော၊ ဓမ္မကြောင်းပါ အားလုံး ကောင်းလာပြီ။ အမှားကို မလုပ်တော့ပါ။

ဒီတော့ သညာလေး သေတဲ့အခါမှာ ပညာရဲ့ သဘာဝလေး ထွက်လာရမယ်၊ ဘယ်လိုထွက်လာမလဲ၊ အခု ခဏ ပစ္စုပ္ပန်ကြီးကို သိမ်းလိုက်တဲ့ အခါမှာ သန္တတိ ပစ္စုပ္ပန်ကြီးဟာ ပေါ်လာပြီ၊ ပုံစံ (၁၂) မှာ ဝိညာဏ်ရိပ်ကြီးရဲ့ အကြောင်းလေးချက် အနေနဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဆိုပြီး ပြလာခဲ့ပြီ၊ အဲဒါ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိ၊ တို့ဟာလဲ ဒီ ဝိညာဏ်ရဲ့ ရေသောက်မြစ်မှာဘဲ ကပ်လာပြီ။

ဒီဟာတွေကို သတ်လိုက်တော့မှ ပညာမြင် ဉဒယဗ္ဗယဉာဏ်မှာ ပညာရဲ့ သဘာဝလေး ပေါ်လာရမယ်၊ ဒီရေသောက်မြစ်တွေ မသေသေးသမျှကာလပတ်လုံး၊ပညာလေးဟာ ပေါ်လို့မရသေးပါ ဒီသဘာဝလေးကို သညာ ဝိညာဏ်နဲ့ဘဲ ထောက်ကြည့်ပါအုံး။

ကာလသုံးပါးကိုဘဲ ထပ်စဉ်းစားပါအုံး၊ အတိတ်သဘော ဖြစ်ပြီးတဲ့ သင်္ခါရတွေဟာလဲ ဘယ်ကိုရောက်သွားသလဲ၊ အနာဂတ် သဘော မဖြစ်သေးတဲ့ သင်္ခါရ တရားတို့ဟာလဲ ဘယ်ကနေလာပြီး ပေါ်လာရသလဲ။

ဒါကို ဝိသုဒ္ဓိမဂ်ကြီးက....

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျာ ဒဿနံ

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ၊

အဒဿနတော၊ မမြင်ရာအဘာဝ အဖြစ်မှ၊ အာယန္တိ၊ပေါ် ထွက်၍လည်းလာကုန်၏။ ဘဂ္ဂါ၊ ကုန်ဆုံးချုပ်ပျောက်ပြီးလေသော သင်္ခါရတရားတို့သည်။ အဒဿနံ၊ မမြင်ရာ အဘာဝ အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ရလေကုန်၏။ အာကာသေ၊ ပဇ္ဇုန် ရိုက်ချုံး မိုဃ်းကောင်းကင်ကြီး၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ လျှပ်နွယ် လျှပ်ပန်း ပျက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက်ကုန်၏ လို့ ပြလာတယ်၊ ဒီတော့ ခဏ ပစ္စုပ္ပန် ဇာတ်သိမ်း သွားတော့ သန္တတိပစ္စုပ္ပန် မနောဝိညာဏ်ကြီးဟာ ပေါ်လာပြီ။ ဒီနေရာမှာ ပညတ်ရိပ် လေးပါး ဇာတ်သိမ်း သွားတော့ သူ့မှာ လက်ညှိုးထိုးလို့ မရတော့ပါ။ အဲဒါ ရေသောက်မြစ် လေးပါး ထွက်လာပြီ။

**ရေသောက်မြစ် လေးချက်။** အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဒီ လေး ပါး ဟာ ရေ သောက် မြစ် အနေနဲ့ ထွက်လာပြီ။ ဒီလေးပါး ပေါင်းနေရင်၊ ဖြစ်သဘော ဒီလေးပါး မပေါင်းရင်၊ ပျက်သဘော ဒီအနေနဲ့ ရှိနေသေးတယ်။ ဒါဟာ စိတ်တို့ရဲ့ဉပါဒ်ဌီဘင်တို့ကို သွားမယူပါနဲ့၊ အဲဒါ လေးပါး ပေါင်းရင် ဖြစ်သဘော၊ လေးပါး မပေါင်းရင် ပျက်သဘော ဒီလို ယူပါ။

ဒီတော့ ဖြစ်ပျက်သဘောကို ရှာတဲ့အခါမှာ သညာရဲ့သဘော ဖြစ်ပျက်ကို အရင် ရှာလာပြီ။ ဒါဟာလဲ ဖြစ်သဘော အစစ် မဟုတ်သေးဘူးဆိုပြီး ရိုက်ချိုးခဲ့ပြီ။ သညာလေးဟာ ဇာတ်သိမ်း သွားပြီ။ အခု ဝိညာဉ် သဘော ဖြစ်ပျက်ကို ရှာလာတဲ့အခါမှာလဲ အခု ဝိညာဉ်ရဲ့ ရေသောက်မြစ် လေးချက်ကို လာတွေ့နေပြီ။ ဒါဟာ ဇနကကံကနေပြီးဖြစ်လာတဲ့ ရေသောက်မြစ် လေးချက်ပါ။

ဒီတော့ ဝိညာဉ်ကြီးဟာ ဇနက ကံကြောင့် ဖြစ်လာ တာပါ။ သူရဲ့ ရေသောက်မြစ်ဟာ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဒီအကြောင်းတရား လေးပါး ဒီလေးပါးကိုဘဲ ဖြစ်ပျက်လို့ ပြောနေ တာပါ။ ဒါဖြင့်ရင် ပညာ ပုစ္ဆက နည်းဖြင့် ဒီလေးပါး ထဲကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဒီအကြောင်း တရား လေးပါး သွင်းကြည့် စမ်းပါ။ ယခု ဒီနေရာမှာ အားလုံး ဝင်ရမယ်။ ဒါကို သေသေ ချာချာ စဉ်းစားပါ။

အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ကို နှုတ်နိုင် လာရင် သံသရာကြီးက ထွက်နိုင်လာပြီ။ ဒီနေရာမှာ ရှင်တော်မြတ်က ပညာ ပုစ္ဆက နည်းဖြင့် ဟောကြား ပါတယ်။ ဝိညာဏ်မြင် ဥဒယဗ္ဗယ ညာဏ်ရဲ့ ရေသောက်မြစ်ကို ပြေးကြည့်ရမယ်။

တရားဟောတဲ့ အခါ ဘယ်တရားကို ဟောဟော၊ ဒီနေရာကို ကြည့်ရတာပါဘဲ။ ဝိညာဏ်ရဲ့ ရေသောက်မြစ်ဟာ ဇနကကံ ရှိနေတယ်။ ဒီဇနက ကံမှာ အကြောင်းတရားလေးချက် ထုတ်လာ တယ်။ ဒီလေးချက်ကို ဖြတ်လိုက်ရင် မျိုးစေ့ဟာ မကျတော့ပါ။ ကိုင်း.... ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဒီလေးပါး ထဲကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဒီအကြောင်း တရား လေးချက် သွင်းကြည့်စမ်းပါ။

ကိုင်း.... သာခု ခေါ်ကြပါတော့။

“ သာဓု....သာဓု....သာဓု.... ”

## တော်သလင်းလဆန်း ( ၃ ) ရက်နေ့ ဟောစဉ်

ဖြစ်သဘောကို အဗျာပါရ အနုတ္တနဲ့ သိမ်းလိုက်တော့ ပျက်သဘောလေးဟာဘယ်ကိုရောက်သွားသလဲ၊ဒါကိုကြည့်ရမယ်၊ သညာကိုဖြတ်လိုက်တဲ့အခါမှာပညာရဲ့ သဘောလေးဟာပေါ်လာရမယ်၊ သညာမြင် ဖြစ်ပျက်ကိုသိမ်းလိုက်တဲ့အခါမှာ ပျက်သဘောထဲမှာ ကျန်နေတဲ့ ဖြစ်သဘောလေးဟာ ပစ္စုပ္ပန် အရိပ် ထဲကို ဘယ်သဘာဝလေးအနေနဲ့ ဝင်မလဲ၊ ဒီသဘာဝလေးကိုပြန်ရှာပါ။

ဒီသဘာဝကို တကယ်တွေ့မှရှေ့ကိုတက်လို့ရမယ်။ဒီသဘာဝကို တွေ့အောင်လို့ ယခုလိုမေးရတာပါ၊ ဒီသဘာဝကို ညှစ်ထုတ်လာမှ ပျက်သဘောထဲမှာရှိတဲ့ ဖြစ်သဘောလေးဟာ **မဖြစ်သဘောလေး** ဖြစ်လာမယ်၊ သူဟာ အတိတ်ကို မဆွဲနိုင်တော့သည့်အတွက် မဖြစ်သဘောလေးအနေနဲ့ဝင်လာပြီ။

ဒီတော့ ဝိညာဏ်မြင် ဥဒယဗ္ဗယမှာ မဖြစ်တဲ့ သဘော, နိရောဓသစ္စာလေး ပေါ်လာပြီ၊ အတိတ်ကို မဆွဲနိုင်တော့သည့် အတွက် ပစ္စုပ္ပန်မှာကို ဒီသညာရဲ့မျိုးလေးဟာ ပညာအနေနဲ့ဝင်လာရပြီ၊ နိရောဓသစ္စာထွက်လာရင် မဂ္ဂသစ္စာ ထွက်လာတော့မယ်။

ဒီတော့ အဆင်း အကြည် အမြင် အသိတို့လဲ ပြတ်သွားရော၊ အကြောင်း ဝိညာဏ်ကြီး ပေါ်လာပြီ၊ ဒါဟာ "ပရမတ်သဘော ဝိညာဏ်" "အထွက်သဘောကြီး" မှာကို အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ,ဆိုတဲ့ ရေသောက်မြစ် လေးချက်ရှိနေတယ်။ ဒီလေးချက် ထဲကို ကံ,စိတ်, ဥတု, အာဟာရ, အကြောင်းတရားလေးပါး သွင်းပြီ စမ်းပါ၊ ဒါမှ တရားဘက်မှာ ကျမ်းကျေလာမယ်။

**လေးပါးပေါင်းရင်"ဖြစ်" မပေါင်းရင်"ပျက်"**

ဒီတော့ .... အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဒီလေးပါး ပေါင်းလိုက်တာကို ဖြစ်သဘော, မပေါင်းရင် ပျက်သဘောလို့ အကြောင်း ဝိညာဏ်ရိပ်ကြီးထဲမှာ ပေါ်နေပြီ၊ နိရောဓသစ္စာဟာ ဒီနေရာမှာ မဂ္ဂသစ္စာနဲ့တွဲပြီး မပေါ်နိုင်သေးလို့ အရာမရောက်သေးပါ၊ မဂ္ဂသစ္စာပေါ်လာမှ ဒီ သစ္စာနှစ်ပါးတွဲပြီး တက်သွားတော့မယ်။

သညာသိ ဖြစ်-ပျက်ကို အနုတ္တနှစ်ပါးနဲ့ လဲသိမ်းလိုက်ရော၊ ပျက် သဘောထဲမှာရှိတဲ့ ဖြစ်သဘောလေးဟာ မထွက်နိုင်တော့ဘဲ၊ မဖြစ် သဘောနိရောဓ ပညာရဲ့ မျိုးလေးပေါ်နေပြီ၊ ဒါကိုကြီးထွားအောင် လုပ်ပေးရအုန်းမယ်။

နောက် ဝိညာဏ်မြင် ဥဒယဗ္ဗယကြီးက သတ်လိုက်တဲ့ အခါမှာ မဂ္ဂသစ္စာလေး ဖွားလာရမယ်၊ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယညာဏ် ကြီးမှာ ဒီသစ္စာနှစ်ပါးတွဲပြီး တက်လာတော့မယ်၊ အပျက်သဘော ထဲမှာ ရှိနေတဲ့ ဖြစ်သဘောဟာ သညာဝိညာဏ် ကင်းနေတဲ့အတွက် နိရောဓ သစ္စာလေး ဖြစ်လာတယ်၊ အဲဒါ ပညာရဲ့ မျိုးလေးပါ၊ ဒီအနေနဲ့ ပစ္စုပ္ပန်အရိပ်ထဲကို ဝင်လာပါတယ်။

နောက် ဝိညာဏ်မြင် ဥဒယဗ္ဗယ ညာဏ်ကြီးက သတ်လိုက်တဲ့ အခါမှာလဲ၊ မဂ္ဂသစ္စာ လေးဟာ ထွက်လာ ရမယ်။ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယ ညာဏ်ကြီးမှာ သူတို့ နှစ်ပါး တွဲပြီး ရှေ့ကို တက်သွားတော့မယ်။ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ နှစ်ပါးကိုသတ်ပြီး နိရောဓနဲ့ မဂ္ဂသစ္စာ နှစ်ပါးဟာ ရှေ့ကို တက်သွားတော့မယ်။

ယခု ဒီနေရာမှာ နိရောဓသစ္စာ ပေါ်လာမှ အလယ်လမ်း အစစ် အမှန် ဖြစ်တယ်။ ဒါမှ 'မဂ်'ကို ဝင်လို့ ရမယ်။ အကြောင်း ဝိညာဏ်ကို သတ်တော့မယ်ဆိုတော့ ရေသောက်မြစ် လေးပါးကို လာတွေ့နေပြီ။ အဲဒါ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ ဒီလေးပါး ဖြစ်တယ်။ ဒီလေးပါးဟာ ဝိညာဉ်ရဲ့ ရေသောက်မြစ်ပါ။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်တဲ့ အခါမှာ (၁) အတိတ် အကြောင်းစက်၊ (၂) ပစ္စုပ္ပန် အကျိုးစက်၊ (၃) ပစ္စုပ္ပန် အကြောင်းစက်၊ (၄) အနာဂတ် အကျိုးစက် ဆိုပြီး လှည့်ပတ် နိုင်ရမယ်။

ဒီလို ပဋိစ္စသမုပ္ပါဒ်ကြီးကို ပတ်နိုင်လာမှ သာလျှင် ရုပ်တရား၊ နာမ်တရားတွေနဲ့ နဘမ်းသတ်နိုင်လာမယ်။ ပဋိစ္စသမုပ္ပါဒ်ကြီးကို ပတ်နိုင်ရင် ပညာမြင် ဥဒယဗ္ဗယ ရုပ်နာမ်ဟာ ပေါ်လာပြီ။ ရေသောက်မြစ်လေးချက်ကို စက်ရဟတ် လေးပါးထဲ သွင်းကြည့် စမ်းပါ။

**ရေသောက်မြစ်လေးချက်နှင့် စက်ရဟတ်လေးပါး**

အတိတ် အကြောင်းစက် ထဲကို အဝိဇ္ဇာသွင်းပါ၊ ဒါဘာ့ကြောင့် သွင်းရသလဲ? အဝိဇ္ဇာဟာ သံသရာရဲ့ ရှေ့အစွန်းဖြစ်ခြင်းကြောင့်ပါ။ အတိတ်အကြောင်းစက်ကလဲ သံသရာရဲ့ ရှေ့အစွန်းဖြစ်ခြင်းကြောင့် **အတိတ်အကြောင်းစက်ကို အဝိဇ္ဇာသဘောသွင်းပါ၊** ဒီနေရာမှာ အများကြီး အရေးကြီးပါတယ်။ ဒီသဘာဝတွေဟာ စာကျက်သလိုကျက်ပြီးဟောလို့ မရပါ၊ အသိဉာဏ်ပိုင်မှသာလျှင် ဟောလို့ရပါတယ်။

ဒီသဘာဝ တွေကို ဥဒယဗ္ဗယဉာဏ် ရောက်တယ် ဆိုတာနဲ့ နားလည်ထားရမယ်။ အတိတ် အကြောင်းစက်ကို အဝိဇ္ဇာလို့ ဘာ့ကြောင့်ချရသလဲဆိုရင် သံသရာရဲ့ ရှေ့အစွန်းဖြစ်ခြင်းကြောင့် ချရတာပါ၊ တရားရှာတဲ့အခါမှာ ပစ္စုပ္ပန်ကနေပြီး ရှာရတယ်။

ပစ္စုပ္ပန်ဟာ တဖန် ပြန်ပြီး ဖြစ်မဲ့အကြောင်းမျိုးတွေကို ငုံထားတာဖြစ်ခြင်းကြောင့် ဒီပစ္စုပ္ပန်ကသာ အကြောင်း အကျိုးတွေထွက်မှာဖြစ်ခြင်းကြောင့် **ပစ္စုပ္ပန်အကျိုးစက်မှာ တဏှာကိုယူရမယ်** ပစ္စုပ္ပန်အကြောင်းစက်ကတော့ အနာဂတ်ဘဝမှာ ရုပ်ပင်၊နာမ်ပင် ချမှာ ဖြစ်ခြင်းကြောင့် "ကံ"ကို ထည့်ပါ၊ အနာဂတ် အကျိုးစက်ကြတော့ သံသရာကြီးလည်နိုင်အောင် '**အာဟာရ**"က ဆက်ပေးရတာဖြစ်ခြင်းကြောင့် အာဟာရကို ထည့်ပါ။

ဒီတော့ အဝိဇ္ဇာက ရုပ်သဘော၊ တဏှာက နာမ်သဘောပါ။ နာမ်သဘောဟာ ထင်ထင်ရှားရှား လုပ်ဆောင် နိုင်အောင်လို့ ရုပ်သဘောက 'တည်' ပေးရတာပါ၊ ဒီတော့မှ "အာဟာရ" က အနာဂတ် အကျိုးစက်မှာ ရှိနေတဲ့ အတွက်ကြောင့် ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လည်လို့ရတာပါ။

ဒါ့ကြောင့် အနာဂတ် အကျိုးစက်မှာ အာဟာရကို ထည့်ပါ၊ ဒီ **အာဟာရ** က အဝိဇ္ဇာ၊တဏှာ၊ကံ၊ ဒီသုံးပါးကို ထိန်းထားတယ်၊ ဒီသုံးပါးပေါ်အောင်လဲ လုပ်ပေးနေရတယ်၊ ဒီလိုစက်ရဟတ်ကြီးကို ပတ်ကြည့်ပါ။

အတိတ်အကြောင်းစက်မှာ အဝိဇ္ဇာကြီးရှိနေလို့ အဲဒါ ပြုပြင်, နှိပ်စက်, ပူပန်, ဖေါက်ပြန်တဲ့ သဘောတွေ ဖြစ်နေတာဘဲ မဟုတ်လား။ နောက် ဒီအတိတ်အကြောင်းစက် အဝိဇ္ဇာကြီး ရှိနေလို့ ပစ္စုပ္ပန်မှာကို ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေ လာဖြစ်တာပါ။

**ပစ္စုပ္ပန်အကျိုးထဲမှာ အနာဂတ်အတွက်မျိုးစေ့**

ဒီလူကောင်ကြီး ဟာလဲ အတိတ်အကြောင်းစက်အဝိဇ္ဇာကြီးရှိနေလို့ လာဖြစ်တာဘဲ မဟုတ်လား၊ ဒီလူကောင်ကြီး ရလာတော့လဲ အနာဂတ်အတွက် တဏှာ, ကံတို့က မျိုးစေ့လေးတွေယူထားပြီး အတိတ်ကိုလဲယူထားတယ်၊ အနာဂတ်ကိုလဲ ယူထားတယ်။ ဒီတော့ လူဖြစ်လာကထဲက ဥပါဒါန်ရဲ့အစီးအပွားတွေကို အားထုတ်နေပြီဘဲ မဟုတ်လား။

ဒီအစီးအပွားတွေဟာ ပစ္စုပ္ပန် အကျိုးထဲမှာကို အနာဂတ်အတွက် မျိုးစေ့တွေ စုထားတာဘဲမဟုတ်လား။ ဒီကနေ **ပစ္စုပ္ပန်အကြောင်းစက်** ဖြစ်လာတာပါ၊ နောက် အနာဂတ်အကျိုးစက် ဖြစ်လာတယ်။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကြီးကို ပတ်နိုင် လာရမယ်။ ဒီလို အသေးစိတ်အထိ ဝေဖန်နိုင်ရမယ်။ ကိုင်း....ဒီတော့ ကံ, စိတ်, ဥတု, အာဟာရကို သုံးတဲ့အခါမှာ ဘယ်လိုသုံးမလဲ၊ ဒါကို ထပ်ပြီး ရှာပါ။

ကိုင်း....သာဓုခေါ်ကြပါတော့....

“သာဓု....သာဓု....သာဓု”



## တော်သလင်းလဆန်း (၄) ရက်နေ့ ဟောစဉ်

**ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်ကို ဖြတ်တော့မယ်**

ကံ, စိတ်, ဥတု, အာဟာရ-အကြောင်းတရား လေးပါး ရှိတဲ့ အနက် ဥတုလေးဟာ ဒီနေရာမှာ ဘယ်အနေနဲ့ ပါလာသလဲဆိုရင် အရင်နာမရူပပရိစ္ဆေဒဉာဏ်တုံးက သတ်ခဲ့တဲ့အတွက် အခုဒီနေရာမှာ အဝိဇ္ဇာရိပ်လေးအနေနဲ့ ပါလာတာကို မြင်အောင်ရှုပါ၊ အတိတ်အကြောင်းစက်ကြီးဟာ ပစ္စုပ္ပန်က ထောက်ခံနေလို့ ပေါ်နေတာဘဲမဟုတ်လား၊ အခုဒီနေရာမှာ စက်ရဟတ်တွေကို သိမ်းရတော့မယ်။ ဒါဖြင့် ဒီစက်ရဟတ် လေးပါးမှာ ဘယ်စက်ရဟတ်ကို အရင်ဖြတ်မလဲ။

အတိတ်အကြောင်းစက်ရှိလို့ ပစ္စုပ္ပန်အကျိုးစက် ရှိလာတယ်။ ပစ္စုပ္ပန်အကျိုးစက်ရှိလို့ ပစ္စုပ္ပန်အကြောင်းစက်ဟာလဲ ပေါ်လာတယ်။ ပစ္စုပ္ပန်အကြောင်းစက်ကြီးရှိလာလို့ အနာဂတ်အကျိုး စက်ဟာလဲ ပေါ်လာရတာပါ၊ ဒါက သညာဝိညာဉ်မူတည်ပြီး တော့ ပြောတာပါ။

ပညာသဘောကြတော့ မျက်မှောက်ကို မူတည်ပြီးတော့ ပြောရမယ်။သောတာပန်ပုဂ္ဂိုလ်တို့ဉာဏ်သည်မှာ မျက်ကွယ်သဘော မရှိတော့ပါ၊ အဲဒါ ပစ္စုပ္ပန်သဘောသာရှိတော့တယ်။ အတိတ် အနာဂတ် မရှိတော့ပါ၊ ဒါကြောင့်သောတာပန် ပုဂ္ဂိုလ်များဟာ ဆုံးမလို့ လွယ်လာပြီ၊ အပြစ်ရှိရင်လဲ မဖုံးကွယ်တော့ပါ၊ ဝန်ခံနိုင်လာပြီ။

ဒါကြောင့် (သောတာပန်တို့မှာ၊ဆင်းရဲရင်လဲပြုံးတာ၊ချမ်းသာ ရင်လဲပြုံးတာ၊ သောတာပန်တို့စိတ်ထဲမှာ ငါစွဲတွေမရှိလို့ပါ)။

(ပုထုဇဉ်တို့စိတ်ထဲမှာ၊ ချမ်းသာရင်တော့ပြုံးတာ၊ ဆင်းရဲရင်တော့ နှလုံးနာ၊ ပုထုဇဉ်တို့မှာ ငါစွဲတွေရှိလို့ပါ)လို့ ရေးလာကြပါတယ်။ ဒီတော့ အန္ဓပုထုဇဉ်တို့ကြတော့၊ အဲဒါ "ဆင်သေရင် ဆိတ်သားရေနှင့်ဖုံး" ဆိုတာလို အပြစ်ရှိရင်ဖုံးနေကြသေးတယ်။

ကိုင်း....မနေ့ကပြခဲ့တဲ့ အတိတ်အကြောင်းစက်ရှိလို့ ပစ္စုပ္ပန်အကျိုးစက်ရှိတယ်လို့ ပြောနေတာဟာ သညာ ဝိညာဉ်က ပြောနေတဲ့ ပဋိစ္စသမုပ္ပါဒ်ပါ၊ ဒါဟာသံသရာကထွက်မဲ့စက်ရဟတ် မဟုတ်ပါ၊ အဲဒါ ဝိညာဉ် ပြဌာန်း ပြီးတော့ လည်နေတာပါ၊ ပညာမပြဌာန်းပါ။

ဒီတော့သညာက အတိတ်မှာအားရှိတယ်။ (၀ါ) အတိတ်ကို အနှစ်အသားအနေနဲ့ ဆွဲထားတယ်၊ ဝိညာဉ်က အနာဂတ်ကို အနှစ်အသားအနေနဲ့ ဆွဲထားတယ်၊ (တနည်း) သညာက နာမပညတ်ကို ဆွဲထားတယ်၊ ဝိညာဉ်က သဏ္ဍာနပညတ်ကို ဆွဲထားတယ်။

ဒီတော့ အတိတ်, ဖြစ်ပြီး, ဆိုတာကို ထောက်ပြီးတော့မှ အနာဂတ်,မဖြစ်သေးတဲ့သဘော,လို့ ပြောနေတာဘဲမဟုတ်လား၊ နောက် အနာဂတ်,မဖြစ်သေးတဲ့ဟာကိုထောက်ပြီးတော့မှ အတိတ် ဖြစ်ပြီး ဆိုပြီး ပြောနေတာပါ၊ ဒါဟာ သညာဝိညာဉ်ရဲ့သဘော၊ သညာဝိညာဉ်ကပြောနေတာမဟုတ်လား။

သူတို့ရဲ့ရေသောက်မြစ်ဟာ နာမပညတ်နဲ့ သဏ္ဍာနပညတ်မှာ ရှိနေတယ်။ ဒီနာမပညတ်နဲ့ သဏ္ဍာနပညတ်ကို သတ်နိုင်ရင် သုံးဆဲ့တစ်ဘုံကြီးကလွတ်ပါတယ်၊ အတိတ်ကြောင်း စက်ကနေ ပဋိစ္စသမုပ္ပါဒ်ကိုလှည့်တာက သညာဝိညာဉ်တို့ရဲ့အသိပါ၊ ပညာရဲ့ အသိကြတော့ ပစ္စုပ္ပန်ကနေပြီး ပဋိစ္စသမုပ္ပါဒ်ကြီးကို လှည့်ပြနိုင်ရမယ်။ယခုဟောကြားလာတဲ့တရားတွေကို မိမိရဲ့ခန္ဓာကိုယ်ပေါ်မှာ တင်ပြီးကြည့်ရမယ်။ ဒါမှ သဘာဝတွေ ကျမ်းကျေလာမယ်။

ဒီတော့ ပစ္စုပ္ပန်အကျိုးစက် ဝေဒနာလေးကနေပြီး အတိတ်အကြောင်းစက် ဖြစ်လာပုံ၊ ပစ္စုပ္ပန် အကြောင်းစက် ဖြစ်လာပုံ၊ အနာဂတ် အကျိုးစက် ဖြစ်လာပုံတို့ကို လှည့်ပြနိုင်ရမယ်။ ဒါမှ ဒုက္ခတရားကိုတွေ့လာမယ်၊ ဒီတော့မှ သုံးဆဲ့တဘုံကြီးကို ငြီးငွေ့လာမယ်။

ဒါ့ကြောင့် ပစ္စုပ္ပန်အကျိုးစက်ကို ကိုင်ထားပါ၊ လုပ်ငန်းစဉ်အနေနဲ့ ပြောရရင် ဝေဒနာလေးကို ကိုင်ထားပါ၊ နောက်အကြည်ခါတ် ခြောက်လုံးကို ကိုင်ထားပါ၊ ယခု ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ကို ပြပြီးရင် ပညာမြင် ဥဒယဗ္ဗယဉာဏ်ကို ရောက်တာနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို သိမ်းရတော့မယ်။

**သညာဝိညာဏ်နဲ့ပြောသော ပဋိစ္စသမုပ္ပါဒ်**

ဒီတော့ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူ သော အ ကြောင်း ကြောင့် သင်္ခါရာ၊ သင်္ခါရ တရား တို့သည် သမ္ဘဝတိ၊ ဖြစ်၏ ဆိုတဲ့ဟာကို ယူလိုက်တာနဲ့ ဒိဋ္ဌိလေးပါးဟာ ဝင်လာမယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လို့ ယူရင် အတ္တဒိဋ္ဌိကြီးဝင်လာပြီ။ဘုရားရှင်က 'သဗ္ဗေ ဓမ္မာ အနတ္တာ' လို့ ဟောကြားလာတယ်မဟုတ်လား။

တခုသော ရုပ်တရားက တခုသော ရုပ်တရားကို နာမ်တရားကို မဖြစ်နိုင်, ဖြစ်နိုင်တဲ့ ဗျာပါရလည်းမရှိ။ တခုသော နာမ်တရားက တခုသော ရုပ်တရားကို တခုသော နာမ်တရားကို မဖြစ်စေနိုင်။ ဖြစ်စေနိုင်တဲ့ ဗျာပါရ သတ္တိလည်းမရှိ။ အဗျာပါရ အနတ္တကြီးပါဘဲလို့ ဟောကြား ထားပါတယ်။

ဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ် ဆိုရင် အတ္တဒိဋ္ဌိအယူဝါဒပါ။ ဘာကြောင့်လဲ ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိမှန်သမျှ အားလုံးပယ်ထားပြီးဖြစ်တဲ့အတွက်ကြောင့်ပါ။ စာပေါက်တွေမှာ အဲဒါ အတ္တဒိဋ္ဌိကို ချနေတာဘဲ မဟုတ်လား။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ် ဆိုရင် အတ္တဒိဋ္ဌိ၊ ဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရ မဖြစ်နိုင်ဘူးလို့ ယူရင်လဲ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီအဝိဇ္ဇာနဲ့ သင်္ခါရ ကိုပါ တပေါင်းတည်း အနေနဲ့ ယူရင်လဲ သဿတဒိဋ္ဌိပါ၊ ဒီအဝိဇ္ဇာနဲ့ သင်္ခါရဟာ ဘာမှမဆိုင်ဘူး၊ တခြားစီပါလို့ ယူပြန်ရင်လဲ အဲဒါ အကြိယဒိဋ္ဌိပါ။

ဒီတော့ စာပေါက်တွေဟာ ဒိဋ္ဌိလေးပါးထဲမှာသာ လည်နေတာဘဲမဟုတ်လား။ စာပေလောကကို သဘာဝနဲ့ကြည့်လိုက်ရင် အဲဒါ ဒိဋ္ဌိလေးပါးဟာ ကျက်စားနေတာဘဲ မဟုတ်လား။

ဒီတော့ ဓမ္မ ဝိနယ သာသနာ တော်ကြီးဟာ အောက်ဆုံး ကလျာဏပုဂ္ဂိုလ်တွေ အတွက် ဘုရားရှင်ကအမွေပေးထားခဲ့တာပါ၊ အဝိဇ္ဇာကြောင့် သင်္ခါရ မဖြစ်ဘူး ဆိုရင် ပဋိစ္စ သမုပ္ပါဒ် ကြီးဟာ ပတ်လို့မရတော့ပါ၊ ဒါဟာ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးကို တက်နိုင်အောင်လို့ အခု ဟောနေတာပါ။

ဒီတော့ ဘုရားရှင် ဟောကြားတော် မူထားတာက "သဗ္ဗေ ဓမ္မာ အနတ္တာ" လို့ ဟောထားတဲ့အတွက် အဝိဇ္ဇာကြောင့် သင်္ခါရ မဖြစ်နိုင်ဘူးဆိုပြန်ရင်လဲ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ပတ်လို့မရတော့ဘဲ ဒီအယူဟာ ဥစ္ဆေဒဒိဋ္ဌိထဲကျသွားပြီ၊ ဒီတော့ အန္ဓတွေကို ပဋိစ္စ သမုပ္ပါဒ်ကြီး ပတ်ပြစမ်း၊ (ဝါ) လှည့်ပြစမ်းပါဆိုရင် အဝိဇ္ဇာက စပြီး ပတ်မှာဘဲမဟုတ်လား၊ အဲဒါ အတ္တဒိဋ္ဌိကြီးက စလာပြီဘဲ မဟုတ်လား။

ဒီတော့ အဝိဇ္ဇာဟာ သင်္ခါရကို ဖြစ်နိုင်သလား၊ ဒီနေရာမှာ "အဝိဇ္ဇာကြီး" ကို သိမ်းရတော့မယ်၊ "ကံ" ကိုလဲနှုတ်ပစ်ရတော့မယ်၊ ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဒီလေးကောင်ကို နှုတ်ရတော့မယ်။ မနှုတ်ခင် ပဋိစ္စ သမုပ္ပါဒ်ကြီးကို ပတ်ပြဦးမယ်၊ (ဝါ) လှည့်ပြဦးမယ်၊ အခု ဒီနေရာဟာ သညာဝိညာဏ်ကပတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုပြောနေတာပါ။ အဲဒါဒိဋ္ဌိကြီးတွေထွက်လာအောင် ပတ်ပြ (ဝါ) လှည့်ပြပါဦးမယ်။

ကိုင်း....သာခုံခေါ်ကြပါတော့....

"သာဓု—သာဓု—သာဓု"

## တော်သလင်းလဆန်း (၅) ရက်နေ့

**အတ္တဝါဒ-ဖြစ်နေတယ်** ကိုင်း.... ဒီတော့ (အဝိဇ္ဇာ ပစ္စယ သင်္ခါရာ) ဆိုတဲ့ ပါဠိတော် မှာ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်လို့ ဆိုလျှင် အတ္တဝါဒ ဖြစ်သွားမယ်။ ဒီတော့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊အားလုံးသောသင်္ခါရ တရားတွေမှန်လျှင် အနတ္တတရားတွေကြီးဘဲလို့ ဟောထားပါတယ်။ အဝိဇ္ဇာဟာ သင်္ခါရတရားကို မဖြစ်နိုင်ဘူးလို့ ဆိုပြန်ရင်လဲ ဥစ္ဆေဒဒိဋ္ဌိထဲကျနေပြီ။

သဒ္ဒါဆရာကြီးတွေဟာ, (ပါဠိတချက်၊ အနက်ဆယ်ထွေ၊ သွက်သွက်ခါဝေသောကြောင့်၊ သုံးထွေဆယ်လီ၊ ပါရမီဖြည့် စုံကာစေ့ရော့)လို့ ရှေးဆရာမြတ်တွေ ရေးထားတဲ့ အတိုင်း ဘာသာပြန်ဆိုသူများရဲ့အလိုအတိုင်းသာ အနက်ပေးပြီး ဘာသာပြန်ဆိုလာကြတော့တဲ့အတွက် အဓိပ္ပါယ်လိုရင်းကို မရောက်ကြတော့ပါ။

ကိုင်း....ဒီတော့ အဝိဇ္ဇာပစ္စယသင်္ခါရာ ဆိုတဲ့ပုဒ်မှာ၊အကြောင်းကြောင့် အကျိုးတရား ဖြစ်နိုင်သလား၊ ဖြစ်နိုင်တယ်လို့ ဆိုရင် ဘုရားရှင်ဟောကြားတဲ့(သဗ္ဗေဓမ္မာအနတ္တာ) လို့ ဟောထားတာနဲ့ လွဲမနေဘူးလား၊ အတ္တဒိဋ္ဌိကလွတ်သွားအောင်ဒီလိုအနက်ပြန်ဆိုရင် မကောင်းဘူးလား၊ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အစုံသည် ရှိပါမူကား၊ သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ သမ္ဘဝတိ ဖြစ်၏။ ဒီလိုအနက်ပေးရင် အဲဒါအတ္တဒိဋ္ဌိအစွဲ သက်သာလာမယ်။

**ဒုက္ခလေးချက်သဘော** ဒီတော့ သညာ, ဝေဒနာ, သင်္ခါရ, ဝိညာဉ်, ဆိုတဲ့ သဘာဝကို ပြုပြင်၊ နှိပ်စက် ပူပန်၊ ဘောက်ပြန်ဆိုတဲ့ ဒီဒုက္ခနဲ့ မြင်အောင်ရှုပါ။

'အဆင်းနဲ့ အကြည်ဆိုလိုက်တဲ့အခါမှာ၊ဘယ်သူ့မှာဝေဒနာလေး' ဖြစ်လာသလဲဆိုရင်၊ အကြည်ဓာတ်လေးမှာ ဝေဒနာလေးဖြစ်ပေါ်လာတယ်။ ဒါဖြင့် 'အကြည်ဓာတ်ဝေဒနာလေး'မှာ အဆင်းလေးဟာ ဘယ်အနေနဲ့ ရှိနေသလဲ၊ နောက်အကြည်ဓာတ်မှာ- သညာ သခ်ါရတို့ဟာလဲ ဘယ်အနေနဲ့ ရှိနေသလဲ၊ ဒါကို ကျမ်းကြေလာရမယ်၊ ဒါမှ ဒုက္ခလေးချက်ကိုတွေ့မယ်။

ကိုင်း....ဒီတော့"အဝိဇ္ဇာကြောင့် သခ်ါရဖြစ်တယ်"ဆိုတာဟာ "ဗျာပါရအတ္တ"ဖြစ်နေပြီ၊ အဗျာပါရ အနတ္တဖြစ်အောင် ဘယ်လိုအနက်ပေးမလဲ၊ အကြောင်းကြောင့် အကျိုးတရားကို ဖြစ်နိုင်သလား၊ ဘုရားရှင်က 'သဗ္ဗေဓမ္မာအနတ္တာ'လို့ ဟောထားတဲ့အတွက် အကြောင်းကြောင့် အကျိုးတရားကိုမဖြစ်စေနိုင်ပါ။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်တိုးက (အဗျာပါရ၊ နာနတ္တနှင့်၊ ကေတ္တနည်း၊ ခံနည်းသာ၊ ဓမ္မတာဟု၊ ဖြူကာစင်စင်၊ ပညာမြင်မှ၊ ကြည်လင်လှသည်၊ မြင်ကြအများ၊ အမှန်နှင့်အမှား)လို့ ပြလာပါတယ်။ အခုဝိညာဉ်မြင် ဥဒယဗ္ဗယဉာဏ်ကြီးမှာ ဒီလေးပါးကို ပြန်ကိုင်ရအုံးမယ်။

ဒီတော့အဝိဇ္ဇာကြောင့်သခ်ါရဖြစ်တယ်ဆိုတာသညာဝိညာဉ်က ပြောတာပါ၊ အကြောင်းတရားကြောင့် အကျိုးတရား မဖြစ်နိုင်ဆိုတာက ပညာသိဖြင့်ပြောတာပါ၊ ဒါဖြင့် ဘာ့ကြောင့်မဖြစ်နိုင်သလဲ? အဲဒါ တခုသောသဘာဝက, တခုသော သဘာဝကိုမဖြစ်နိုင်ခြင်းကြောင့်ပါ၊ဘာ့ကြောင့်မဖြစ်နိုင်သလဲဆိုတာကိုစဉ်းစားပါ။

ဒီတော့ သညာဝိညာဉ်က ပြောနေလို့ အဲဒါ သံသရာကြီးဟာ လည်နေတာပါ။ ပညာ သဘောနဲ့ ကြတော့ သူ့ကြောင့် သူ့ မဖြစ်နိုင်ဘူးလို့ မြင်တာနဲ့၊ သံသရာကြီးဟာ ရပ်တော့ တာဘဲ။ ဒါကြောင့် သံသရာကြီး လည်နေတာဟာ မမြင်တဲ့ နေရာက စပြီး လည်နေတာပါ။ ဒါကို သံသရာဟာ အစမထင်ဘူးလို့ ပြောနေတာပါ။

**အကျိုးတရား အစစ် မဟုတ်။** ဒီတော့ သမ္မာဒိဋ္ဌိ အမြင်မှန်ရလာမှ သံသရာကြီး လည်တာရော သံသရာကြီး ရပ်တာကိုပါ မြင်လာပြီ။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်ဆိုရင်၊ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုးပေါ့။ ဒါဖြင့်ရင် တခါ ဝိညာဉ်နဲ့ ကပ်လိုက်တော့ အဲဒါ သင်္ခါရက အကြောင်းပြန်ဖြစ်လာပြန်ပြီ။ ဝိညာဉ်က အကျိုး ဖြစ်လာပြန်ပြီ။

အကျိုးလို့ ပြောနေတာတွေဟာ ဘယ်မှာ အကျိုးဟုတ်လို့လဲ။ အကြောင်းတရား တွေကို မြှုံထားတဲ့ (ဝါ) ငုံထားတဲ့ အကျိုး တွေဘဲ မဟုတ်လား။ အကျိုးစစ်မဟုတ်ပါ။ အကျိုးစစ် ဆိုရင် ဘယ်တော့မှ အကြောင်းပြန်မဖြစ်တော့ပါ။ အကျိုးဟာ အကျိုးဘဲ ဖြစ်ရမယ်။ အကျိုးကနေ အကြောင်းလို့ ပြောနေတာ တွေဟာ သညာဝိညာဉ်က ပြောနေတဲ့ အကျိုးတွေဘဲ မဟုတ်လား။

ဒီသညာ ဝိညာဉ်က ပြောနေတာကို အဟုတ်ထင်ပြီးလိုက်နေရင် ဘယ်မှာ သံသရာပြတ်တော့မှာလဲ?။ ဒီသညာ ဝိညာဉ်ကိုဖြတ်နိုင်ရင် သံသရာ မလည်တော့ပါ။ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ မဟာ သတိပဋ္ဌာန်၊ ဝိပဿနာ တရားတော် တွေကို လိုက်နေတဲ့ ပုဂ္ဂိုလ် တွေဟာ သံသရာကို ပြတ်အောင် လိုက်နေတာဘဲ မဟုတ်လား။ အဲဒါ အကျိုးစစ်စစ်ကို တွေ့အောင်လို့ ရှာနေကြတာပါ။ အကျိုး စစ်ကို တွေ့ရင် သံသရာပြတ်တာဘဲ။

**အကြောင်းတရားတွေပါ။** ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီး ထဲမှာ ဘာအကျိုးမှ မတွေ့ဘဲ အကြောင်း တရားတွေသာလျှင်တွေ့နေတာဘဲ မဟုတ်လား။ အကျိုးစစ်စစ်ဟာ နိဗ္ဗာန်ကြီးပါ။ ပဋိစ္စသမုပ္ပါဒ်က အကြောင်းကြီးပါ။ အကျိုးလို့ ပြောနေတာဟာ သညာ ဝိညာဉ်က ပြောနေ တာပါ။ ဒီတော့ သညာဝိညာဉ်က ပြောနေတဲ့ အကြောင်း တွေကို မောင်းထုတ် လိုက်ပါ။

ဒီတော့ သံသရာကြီးဟာ အစ မရှိဘူးလို့ ဆိုတာဟာ သညာ ဝိညာဉ်ရဲ့ သဘောပါ။ အကျိုးအကြောင်းကို သိမ်းဆည်း နိုင်ရင် အစကို မြင်လာတော့မှာဘဲ မဟုတ်လား။ သံသရာ လည်တာဟာ သညာဝိညာဉ်ရဲ့ သဘောပါ။ သံသရာ ဖြတ်တာဟာ ပညာရဲ့ သဘောပါ။

ဒီတော့ 'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်' လို့ သညာဝိညာဉ်က ပြောရင် ဒိဋ္ဌိလေးပါးထဲ ကျသွားပြီ။ ဒိဋ္ဌိလေးပါးထဲ မကျအောင် ပညာမြင်, ပညာသိနဲ့ ပြောရမယ်။ သံသရာက လွတ်အောင် ဘယ်လိုရှာရမလဲ။ တကယ်ချုပ်တဲ့ နိရောဓကို ရှာရမယ်။ အဲဒါ ပဋိစ္စသမုပ္ပါဒ် ကြီးကို ပညာ သဘောနဲ့ ရှာရမယ်။ ယခု ပဋိစ္စ သမုပ္ပါဒ်ကြီးကို ပြောနေတာဟာ "သညာ ဝိညာဉ်က ပြောနေတဲ့ ပဋိစ္စသမုပ္ပါဒ်" လို့ ယူလိုက်ပါ။

ဒီတော့ ပဋိစ္စ သမုပ္ပါဒ် ကြီးကို ဘယ်လို သိမ်းမလဲ၊ သညာ ဝိညာဉ်က ပြောနေတဲ့ အကြောင်း တွေကို သိမ်းပစ်ရမယ်။ ကိုင်း အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ဒီလေးပါးမှာ ဘယ်သူ့ကို အရင် သိမ်းမလဲ၊ ဒါကိုရှာပါ၊ အကြောင်းတရားတွေမှန်ရင်၊ အနတ္တနဲ့သာ သိမ်းရမယ်၊ အနတ္တကလွဲပြီး သိမ်းလို့မရပါ။

အကြောင်းတရား ရှိနေသည်ပင် သညာဝိညာဏ်ဟာ ရှိနေတယ်၊ သညာ ဝိညာဏ် ရှိရင် 'ကံ' ရှိလာမယ်၊ 'ဒိဋ္ဌိ' တွေရှိလာတော့မယ်။ ဒါ့ကြောင့် အခု ဝိညာဏ်မြင် ဥဒယဗ္ဗယဉာဏ်ကြီးက အကြောင်း တရားတွေကို နှုတ်ပစ်တော့မယ်၊ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုမှ မပိုင်ရင် လက်မောင်း မတန်းနိုင်သေးပါ။

**သုညတနှစ်မျိုး** ဒီတော့ သုညတဟာ "အကျိုး သုညတ အကြောင်းသုညတ" ဆိုပြီး ရှိတယ်၊ သောတာ ပန်ပုဂ္ဂိုလ်ဟာ အကြောင်းသုညတကိုသာ နိုင်သေးတယ်၊ အခုလဲ အကြောင်းသုညတနဲ့ဘဲ သိမ်းရမယ်၊ အာဟာရကို အဆီညှစ် လိုက်တဲ့အခါမှာ အဝိဇ္ဇာ, တဏှာ, ကံတို့ဟာ ပေါ်လာတော့တယ်။

**ပစ္စုပ္ပန် ဝေဒနာ ခေါ် အာဟာရ ရိပ် ကို** စင်ကြယ်အောင် သဘာဝနဲ့ သိမ်းနိုင်လာရင် အဝိဇ္ဇာ၊ တဏှာ၊ ကံ တို့ဟာ သည်တ အနုတ္တမှာ ဥက္ကောင်း ကျပြီးသား ဖြစ်နေပြီ။ ကိုင်း....နက်ဖြန်ခါ ကြမှ အဝိဇ္ဇာကိုစစ်ပြီး အနုတ္တနဲ့ သတ်ပြမယ်၊ တဏှာ၊ ကံတို့ကိုလဲ အနုတ္တနဲ့ သိမ်းပြမယ်၊ ဘယ်တရားမဆို ဆုံးအောင် တက်နိုင်ရင် အနုတ္တမှာ ဥက္ကောင်းချရတာပါဘဲ ဆိုတာကို သိထားရမယ်။

ကိုင်း.... သာခု ခေါ်ကြပါ။

**သာဓု....သာဓု... သာဓု....။**



## တော်သလင်း လဆန်း (၆)ရက်နေ့ ဟောစဉ်

ကိုင်း....အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဒီ၄-ချက်မှာ အဝိဇ္ဇာကို အရင် သိမ်းရမယ်၊ ဘာနဲ့ သိမ်းမလဲ? အနုတ္တနဲ့ သိမ်းရမယ်၊ ဒီနေရာမှာ အနိစ္စ၊ ဒုက္ခတရားတွေနဲ့ မသိမ်းရသေးပါ၊ ဥဒယဗ္ဗယ ဉာဏ်မှာ အနုတ္တနဲ့ သိမ်းရပါတယ်။ ဗုဒ္ဓဘာသာ ဆိုတာ အနုတ္တ တရားကို တွေ့မှသာလျှင် ဗုဒ္ဓဘာသာအစစ်လို့ ဆိုရပါတယ်။

**ကြပ်ကြပ်သတိထားပါ**

ဒီတော့ ပညာမြင် ဥဒယဗ္ဗယဉာဏ်က အနုတ္တတရားစစ်ကို စတင် တွေ့မြင်ရပြီ ဖြစ်တဲ့အတွက် ဒီနေရာမှာ တရားတော်ကိုအားထုတ်လိုက်စားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိ လို့ ဆိုတဲ့ ကံ၊ ကံ၏အကျိုး တရားဆိုတာတွေကို ပစ်ပယ်သလို ဖြစ်လာကြတယ်။

ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ ရုပ်ပွားစေတီ စသည်တို့၌ ဆီမီးထွန်းခြင်း၊ ပန်းလှူခြင်း၊ ရှိခိုးဦးချခြင်း စသည်တို့ ဆုတ်ယုတ် လာတော့တယ်။ ဒီနေရာမှာ မဇ္ဈိမပဋိပဒါ အလယ်လမ်းဖြင့် ကုသိုလ် ကောင်းမှုအစုစုံတို့ကို မပြုတတ်ကြတော့ဘူး။ ဒီလိုမပြုတတ်ကြရင် လက်ဝဲ၊ လကျာ အစွန်းတဘက်နှင့်ငြိပြီး အပါယ် ၄-ပါး အစာ ဖြစ်သွားတတ်ပါတယ်၊ ကြပ်ကြပ် သတိထားပါ။

ဒီတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွန်း၂-ခု လွတ်သွားအောင် ယူတတ်ဘို့က....

(လူသာမန်၊ နတ်သာမန်၊ ပုထုဇဉ်သာမန်တို့ မကြံအပ် မကြံစီ နိုင်ရာ၊ ဝရဇိန်၊ မိုးကြိုးစက်သွားပမာ၊ စိန္တာမယပညာ၊ ဝဋ္ဋဒုက္ခ တို့ရဲ့ ကုန်ရာ) ဟု ရှေးဆရာကြီးများ မိန့်ကြား ထားတော် မူခဲ့ ပါတယ်။

ဒီတော့ အဝိဇ္ဇာကြီးကို အမြစ် ပြုတ်သွားအောင် နှုတ်တဲ့ နည်းဟာ နည်းပေါင်း တထောင် ရှိတယ်လို့ ပြလာပါတယ်၊ ဆရာတော်တို့ နှုတ်နိုင်တာက ၁၀-နည်း လောက်သာ နှုတ်နိုင် တာပါ။

ကိုင်း....ဒီနေ့ ဝိညာဏ်ကြီးမှာ ရှိနေတဲ့ အဝိဇ္ဇာကြီးကို နှုတ်ရ တော့မယ်။ ဝိညာဏ်ကြီးဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်၊ ဒီဝိညာဏ်လိမ်ကြီးကို နှုတ်လိုက်တာနဲ့ သစ္စာ၂-ပါးဟာ ထွက်လာ တော့မယ်၊အရင်သညာကိုနှုတ်တုံးကလဲသစ္စာ၂ပါး ထွက်လာတယ်။

**ဘယ်လိုနှုတ်မလဲ**

ကိုင်း....ဝိညာဏ် ကြီးကို ဘယ်လို နှုတ်မလဲ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ အကျိုးအစစ်မရှိပါ၊ အကြောင်းတရားတွေ့ သာလျှင်ရှိနေပါတယ်။ ဒီတော့အဋ္ဌသာလိနီ အဋ္ဌကထာကြီးက "အကျိုး ရှိလို့ သာ လျှင် အ ကြောင်း တရား ရှိတယ်"ဆိုပြီး ရေးလာတယ်၊ ဒါက ပရိယတ်က ပြောနေတာပါ။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးမှာ အကျိုးရှိတယ်, အကြောင်းရှိတယ် စသည်ဖြင့် ပြောနေတာဟာ သညာဝိညာဏ်က ပြောတာရှိတယ်၊ ပညာကနေ ပြောတာရှိတယ်၊ နိဗ္ဗာန်ဆိုတာဟာအကြောင်းကင်းပြီး အကျိုးစစ်ကို နိဗ္ဗာန်လို့ ပြောတာပါ။

သညာဝိညာဏ်အနေနဲ့ကြတော့ အကျိုးအကြောင်းဟာ ရှိနေကြတယ်၊ ဒါဟာ သံသရာလည်တဲ့သူတွေ ပြောနေတဲ့ အပြောတွေပါ၊ သံသရာကိုဖြတ်မဲ့သူကြတော့ ဒီသညာဝိညာဏ်ပြောနေတဲ့ အကြောင်းတရားတွေကို ဖြတ်ပစ်ရတော့မယ်။ ဒီနေရာမှာ "မျဉ်းကြောင်းမျှားချထားသလို" မကောက်ဘဲ ဖြောင့်နေရမယ်။ ကောက်သွားရင်ဖြင့် အပါယ် ၄-ပါးကို ကျဘို့ရာ သေချာနေပြီ။

ကိုင်း.... အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဆိုတဲ့ ဝိညာဏ်ရဲ့ ရေသောက်မြစ်ကို အခု ဖြတ်ပစ်ရတော့မယ်။ မနေ့က ပဋိစ္စသမုပ္ပါဒ်ကြီးကိုပြခဲ့ပြီ။ ဒီတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ အဝိဇ္ဇာက အကြောင်း၊ သင်္ခါရက အကျိုးဖြစ်နေပြီ၊ တခါ သင်္ခါရကိုဝိညာဏ်နဲ့ကပ်လိုက်ပြန်တော့ (သင်္ခါရပစ္စယာ ဝိညာဏံ) အရ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်လာပြန်ပြီ၊ သင်္ခါရကအကြောင်းပြန်ဖြစ်သွားပြန်ပြီဘဲ မဟုတ်လား။

**သညာဝိညာဉ်သေမှ**

ဒါဟာ သညာဝိညာဏ်က လှည့်ပတ်နေတာဘဲမဟုတ်လား။ ဒါ့ကြောင့် "မာယူပမာနစ္စ ဝိညာဏံ"လို့ ပြလာတာပါ၊ ဒီတော့ သညာဝိညာဏ်နယ်ကြီးမှာ ကျက်စားနေတဲ့သူတွေကြတော့ ဒီနေရာမှာ အတော်လေးကိုနားလည်အောင် ပြောရပါတယ်၊ တော်တော်နဲ့ သဘောမပေါက်ပါ။ အခု ဒီနေရာမှာ "မဂ်" ကို ဝင်မဲ့ "ပညာ" ဟာ ပေါ်ရတော့မယ်၊ သညာဝိညာဏ်သေသွားမှ ပညာရဲ့သဘာဝဟာ ပေါ်လာပါတယ်။

ဒီတော့ ဥဒယဗ္ဗယဉာဏ်ရဲ့စခန်းမှာသညာဝိညာဏ်သဘောဟာ သေရမယ်။ ဒါ့ကြောင့် ဒီဥဒယဗ္ဗယ ဉာဏ်ကြီးကို (လူသာမန်၊ နတ်သာမန်၊ ပုထုဇဉ်သာမန်တို့၊ မကြံအပ် မကြံစီနိုင်ရာ၊ ဝရဇိန်,

မိုးကြိုးစက်သွားပမာ၊စိန္တာမယပညာ၊ ဝဋ်ဒုက္ခတို့၏ကုန်ရာ၊တိဟိတ်ပုဂ္ဂိုလ် တို့နှင့်သာ ထိုက်တန်ရာသော) လို့ ရှေးဆရာ မြတ်တွေ ချီးမွမ်းလာပါတယ်။

ဒီနေရာမှာ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကို ဖေါ်ရတော့မယ်၊ အဝိဇ္ဇာကြီး ကျွတ်သွားအောင် ချွတ်ရတော့မယ်၊ ဒီအဝိဇ္ဇာကြီး ကျွတ်သွားမှ သဿတဒိဋ္ဌိကြီးပါ ကျွတ်သွားမယ်၊ အဝိဇ္ဇာကြီးကို အနတ္တနဲ့ သိမ်းရတော့မယ်၊ ဒီတော့ အဝိဇ္ဇာ ကြီးကို အဗျာပါရ အနတ္တနဲ့ သိမ်းမလား။

အရင် နာမရူပ ပရိစ္ဆေဒ ဉာဏ်တုန်းက သိမ်းခဲ့သလို ၄-ကောင်ပေါင်းမှ အဝိဇ္ဇာကြီးဟာ လာဖြစ်တာပါ၊ လေးကောင်မပေါင်းနိုင်အောင် ဟို ၃-ပါးကို ဖယ်ထားပြီး ဒီအဝိဇ္ဇာကြီးကို အဗျာပါရ အနတ္တနဲ့ သိမ်းမလား၊ အဲဒီလို အောက်ဉာဏ်တွေကသိမ်းသလို သိမ်းလို့ မရပါ။

ယခုဒီနေရာမှာ အဝိဇ္ဇာ-တဏှာ ကံ-အာဟာရ- ဒီ ၄-ကောင်လုံးကိုဘဲ ချွတ်နိုင်ရင်ချွတ်ပါ၊ မချွတ်နိုင်ရင်လဲ တခုထဲဘဲချွတ်ရင် (ဝါ) သတ်ရင် ရပါတယ်။ ဒီနေရာမှာ- **အကြောင်းသုညတ အနတ္တနဲ့** သိမ်းရမယ်၊ ရှေ့တက်မဲ့ သင်္ခါရုပေက္ခာ ဉာဏ်ကြီးကျမှ အကျိုးသုညတ အနတ္တခေတ်ကို သုံးသွားမယ်၊ ဒါကြောင့်....

(အတ္တေနဝါ၊ အတ္တနိယေနဝါ၊ သု ည တော လောကော)လို့ မေဃိယ သုတ္တန်မှာ ဟောကြားတော် မူခဲ့တာပါ။ အဲဒါအရိပ်နိမိတ်တွေထိအောင် သိမ်းဆည်းနိုင်ရမယ်။

ဒီတော့ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, တို့ဟာ အကြောင်းတရားအနေနဲ့၊ ဘယ် လို လိုက် လာ သ လဲ၊ အဝိဇ္ဇာ ကြီးဟာ အကြောင်းမျိုးကြီးဘဲမဟုတ်လား။ပဋိစ္စသမုပ္ပါဒ်ကြီးပတ်တော့မယ်ဆိုတာနဲ့ အဝိဇ္ဇာ ကြီးကို အရင်ဆွဲထုတ်ရတယ်။ အာဟာရဆိုတာကလဲ နာမ်သဘောဝေဒနာလေးပါ၊ ဘာဝနာနည်းနဲ့ပြောရင် လက်ခံတဲ့သဘောလောက်သာရှိပါတယ်။

**ကံမျိုးစေ့။** ဥပမာ-နို့ထိမ်းသမားအနေလောက်သာပစ္စုပ္ပန်မှာ ရှိတယ်။ "ကံ"ကလဲ အဝိဇ္ဇာက နေဖြစ်လာတာဘဲ မဟုတ်လား၊ အဝိဇ္ဇာက အကြောင်း ရေသောက်မြစ်ကြီးပါ၊တဏှာ က အကျိုးရေသောက်မြစ်ကြီးပါ၊ ဒီအဝိဇ္ဇာနဲ့ တဏှာ ပေါင်းလိုက် တာနဲ့ '**ကံမျိုးစေ့လေး**' ဟာ ကျလာတော့တယ်။ ဒီအဝိဇ္ဇာ, တဏှာ,**ကံ**, သုံးပါးပေါင်းလိုက်မှ **အာဟာရဖြစ်တဲ့ဝေဒနာသဘော လေး** ပေါ်လာတာပါ။

ဒီတော့ အဝိဇ္ဇာ, တဏှာ နှစ်ပါးပေါင်းလိုက်တာနဲ့၊ ကံမျိုးစေ့ လေးကျပြီး၊ အနာဂတ်ကို သွားတော့မယ်၊ ဒီလိုသွားမှ ပဋိစ္စ သမုပ္ပါဒ်ကြီးဟာ လည်ပတ်လို့ရမယ်၊ အဲဒါ အဝင် အထွက်ရှိမှ လည်ပတ်လို့ရတာပါ၊ အဝင်သာရှိပြီး အထွက် မရှိရင်၊ နောက် အထွက်သာရှိပြီး အဝင်မရှိပြန်ရင်လဲ လည်ပတ်လို့မရပါ။

ဒီတော့ အဝိဇ္ဇာ ကလဲ အနာဂတ်ကို တိုက်ရိုက်သွားလို့မရပါ၊ တဏှာကလဲ မသွားနိုင်ပါ၊"**ကံမျိုးစေ့လေး**"ကသာသွားနိုင်တယ်။ "မဂ်"ကြတော့ ဒီ"**ကံ**" မျိုးလေး ကို ဖြတ်ပစ်တော့မယ်၊ ပဋိစ္စ သမုပ္ပါဒ်ကြီးပတ်တဲ့အခါမှာ **အဝိဇ္ဇာ** က အတိတ်အကြောင်းစက်၊ ရေသောက်မြစ်၊ **တဏှာ** က ပစ္စုပ္ပန်အကျိုးစက်၊ '**ကံ**'က ပစ္စုပ္ပါန် အကြောင်းစက်၊ **အာဟာရ** က အနာဂတ် အကျိုးစက် ဆိုပြီး လှည့်လာတာပါ။

ဒီတော့ သံသရာရဲ့ရေသောက်မြစ်ကို ရှာလိုက်ရင်၊ အဝိဇ္ဇာ, တဏှာ,**ကံ**,အာဟာရ, ဒီလေးချက်ကိုလာတွေ့မယ်။ဒီရေသောက်မြစ် လေးချက်ကို အခု ဝိညာဏ်မြင် ဥဒယဗ္ဗယ ဉာဏ်ကြီးက ဖြတ်ပစ်ရ တော့မယ်။ အဲဒါအဗျာပါရအနတ္တနဲ့ဖြတ်လို့မရပါ၊အရင်တုန်းက သတ်လို့ရပေမဲ့ ယခုဒီနေရာမှာ အဗျာပါရနည်းနဲ့ သတ်လို့ မရတော့ပါ။

အာဟာရသဘာဝကလဲသံသရာလည်အောင်လုပ်နေသေးတယ်၊ အဆင်းနဲ့ အကြည်ပေါင်းဆုံလိုက်တာကိုအာဟာရလို့ ခေါ်တာပါ တနည်း ဝေဒနာသဘောလို့ ခေါ်တာပါ။ အဲဒီအထဲမှာကံမျိုးစေ့ လေးဟာ အကျိုးမျိုးဘက်မှာကို ဝင်အောင်း နေပြီ၊ (ဝါ) ဝင်ပြီး ကိန်းနေပြီ။

ဒီတော့ သုံးဆဲ့တဘုံကြီးရဲ့ ရေသောက်မြစ်ကိုရှာတဲ့အခါမှာ၊ ဒီအဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဒီလေးချက် ကိုသာ တွေ့တယ်။ အဝိဇ္ဇာကအကြောင်း၊ ထဏှာကအကျိုး၊ ဒီနှစ်ပါးဆုံတဲ့အခါမှာ၊ ကံမျိုးလေး ကျလာတယ်၊ ဒီသုံးပါးဆုံမှ အာဟာရဟာ ပေါ်လာ တော့တယ်၊ အဲဒါ အ နာ ဂတ်မျိုး ဖြစ် တဲ့ ကံမျိုးစေ့ လေးကို တွေ့တော့မယ်။

ဒီတော့ ပစ္စုပ္ပန်သဘောဆိုတာက ဆုံအောင် လုပ်ပေးတာဘဲ ရှိတယ်။ တဏှာသဘောက ဒီကံမျိုးစေ့လေးကို ယူသွားတာပါ၊ ပစ္စုပ္ပန်ကို သတ်မယ်လို့ ပြောတာလဲ မှန်တာဘဲ၊ ကံမျိုးစေ့ကို သတ်မယ်လို့ဆိုတာလဲ မှန်တာဘဲ၊ ဒါပေမဲ့ ရေသောက်မြစ်ဟာ မပြတ်သေးပါ၊ အဲဒါ အဝိဇ္ဇာ အကြောင်းမျိုးနဲ့ တဏှာအကျိုးမျိုး ရှိနေသေးရင် ဘယ်မှာရေသောက်မြစ်ပြတ်ဦးမှာလဲ။

ဒါကြောင့် ဒီရေသောက်မြစ်လေးကောင်လုံးကို သတ်ရမယ်။ ဒီနေရာမှာ မဂ်လေး ပါး နဲ့ ဖေါ် ပြီး သတ်ပြစ်မီးပါ ဆိုလျှင် သောတာပတ္တိမဂ်က ဘယ်ဟာကိုသတ်မလဲ၊ သကဒါဂါမိမဂ်က ဘယ်သဘာဝကိုသတ်မလဲ၊ အနာဂါမိမဂ်က ဘယ်သဘာဝကို သတ်မလဲ၊ ဒါကိုစဉ်းစားပါ။

**အဝိဇ္ဇာ၏ သဘာဝ။** ကိုင်း....အဝိဇ္ဇာကြီးကို သိမ်းပြမယ်၊ဒီတော့ အဝိဇ္ဇာရဲ့ အကြောင်းမျိုးကို ရှာရမယ်။ အဲဒါသုညတအနတ္တနဲ့ သိမ်းရမယ်။ဒီတော့အဝိဇ္ဇာဟာ၊ရုပ်သဘော, ပဋိက္ခန္ဓာသဘော, ပညတ်သဘော,နာမပညတ်သဘော, ဒီဘက်မှာ အားရှိတယ်။ ဒီသဘာဝတွေဟာ ယခုဝိညာဏ်မြင် ဉဒယမှာ ဘယ်အနေနဲ့ ပါလာသလဲ၊ ဒါကို မြင်အောင်ကြည့်ပြီးမှ သုညတ အနတ္တနဲ့ မြင်အောင်ရှုပါ။

ဒါမှ အဝိဇ္ဇာကြီးကျွတ်မယ်၊ ဒီတော့ အဆင်းနဲ့ အကြည် ဆုံလိုက်တဲ့အခါမှာလဲ၊ အခု-ဝိညာဏ်မြင် ဥဒယဗ္ဗဉာဏ်ကြီးမှာ— သုညတ အနတ္တအနေနဲ့ ထွက်လာရမယ်။ အဲဒီတော့ အဝိဇ္ဇာ သဘောကို သုညတအနတ္တအနေနဲ့ မြင်အောင်ရှုပါ။ ဒီလိုဘဲ တဏှာ,ကံ,အာဟာရ, သဘောတို့ကိုလဲ ရှုရမယ်၊ အဲဒီလိုသဘာဝ တွေနဲ့ ထုတ်နိုင်လာရင် သုညတအနတ္တကို လာတွေ့တော့မယ်။

ကိုင်း သာဓုခေါ်ကြပါတော့။

**“ သာဓု—သာဓု—သာဓု ”**

## တော်သလင်း လဆန်း (၇)ရက်နေ့ ဟောစဉ်

ကိုင်း....ဒီတော့ “ဖြစ်နိုင်တယ်-ဖြစ်တယ်”လို့ ပြောကြတဲ့ နာမ ပညတ်ကြီးဟာ ဖြစ်နိုင်တယ်လို့ ဘယ်သူကပြောတာလဲ၊ သူ့မှာ ဖြစ်နိုင်တဲ့သဘာဝမရှိပါ၊ သုညတသဘာဝဟာ ဘာများ ဖြစ်နိုင် ဦးမှာလဲ။

ဖြစ်တယ်-ဖြစ်နိုင်တယ်လို့ ပြောနေတာဟာ သညာဝိညာဏ်က ပြောနေတာဘဲမဟုတ်လား။အခု ဒီနေရာမှာအဆင်းကထောက်ခံတဲ့ နာမပညတ်ကို အဆင်းလေးက မထောက်ခံ တော့ပါ၊ ဒါကို သဘောပေါက်အောင် နာမပညတ်ကို ၂-မျိုး ခွဲလိုက်ပါ။

**နာမပညတ်နှစ်မျိုး** ၁။ သဘောသက်သက်သာရှိတဲ့နာမပညတ် သန့်သန့်။ ၂။ ပရမတ်နဲ့ တွဲကပ်ပြီး နေတဲ့ နာမပညတ်။ ဆိုလိုတာက....(ဥပမာ) လဘက်ရေပုဂံတည်းဟူသော အဆင်းကိုမှီ၍ ပေါ်လာတဲ့ နာမပညတ်နဲ့ အဆင်းပရမတ် မပါ တော့တဲ့ သဘော သက်သက်သာရှိတဲ့ နာမပညတ်သန့်သန့်။

ဒီနေရာမှာ ပညတ်နဲ့ ပရမတ် အပြတ်လမ်းခွဲလိုက်ပါ၊ ဒါကို သေသေချာချာ တွေးပါ။

**ပညတ်က "ဖြစ်" ပရမတ်က "ပျက်"**

ဒီတော့ ပညတ်ဟာ ဘယ်အနေနဲ့ ထွက်နေသလဲ၊ ပရမတ်က ဘယ်အနေနဲ့ ထွက်နေသလဲ၊ ဒါကို စစ်ရတော့မယ်၊ ပရမတ်သဘောဟာ ပျက်သဘောမှာ ဥက္ကောင်း ချရမယ်၊ ပညတ် သဘောက ဖြစ်သဘောမှာ ဥက္ကောင်းချရမယ်၊ သခ်တလောကကြီးမှာ ၂-ဦး ပေါင်းပြီး ဇာတ်ထောင်နေတာဟာ အခု ခွဲရတော့မယ်။

ဒီတော့ ပရမတ်ကြီးဟာ ပျက်သဘောထဲ ရောက်သွားတယ်။ ဒါ့ကြောင့် "သဗ္ဗေဓမ္မာအနတ္တာ" ဆိုတာ ပရမတ် သဘောကို ပြောတာပါ။ အခုဥဒယဗ္ဗယကြီးမှာရှိတဲ့ 'ပျက်သဘော ပရမတ်'ကို ပြောတာပါ။

အဲဒါ နောက်တဖန် မဖြစ်တဲ့သဘော၊ အစဉ်ချုပ်ခြင်း နိရောဓ မှာကိုဥက္ကောင်းချမယ်၊အကြောင်းတရားတွေသုဉ်းဆိတ်သွားတာကို သုညတအနတ္တပါ။ အကျိုးတရားပရမတ်လေးဟာထွက်လာပြီ။

သုဉ်းဆိတ် သွားတာ သည်ပင်လျှင် သစ္စာနယ်ကြတော့ ဒုက္ခသစ္စာ, ပြုပြင်ခြင်း သဘော တရား၊ နိရောဓသစ္စာ, မပြုပြင်ခြင်း သဘောတရား၊ သမုဒယသစ္စာ, ဖြစ်ခြင်းသဘောတရား၊ မဂ္ဂသစ္စာ မဖြစ်တဲ့ သဘောတရား၊ အခု အစဉ် ချုပ်ငြိမ်းတဲ့ သဘောကို ရောက်သွားပြီ။

**သုည-လေးလုံး**

ဒါ့ကြောင့် သုညတအနတ္တ၊ အသာရကဋ္ဌအနတ္တ၊ ပရတအနတ္တ၊ အဝသဝတ္တန အနတ္တ ဆိုပြီး သုည ၄-လုံးထွက်လာပြီ။ ဒီတော့ အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရ တို့ဟာ သုည ၄-လုံး ထွက်လာပြီ။

ဒီတော့ အဆင်း, အကြည်တို့ ဟာလဲ ဒီနေရာမှာ သဉ်းဆိတ်သွားပြီး, ပညတ်နဲ့ ပရမတ်ဟာ ရာသက်ပန် ရှယ်ကိုးပြီး တည်လာခဲ့ကြတာဟာ, အခု မပေါင်းနိုင်တော့မှ အဲဒါပျက်သဘောကြီးကိုတွေ့လာပြီ။ အခု ပြောလိုက်တာဟာ အလွန် သိမ်မွေ့ပါတယ်။

ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရုပ်တရား,နာမ်တရားကို ဟောကြားတဲ့ အခါမှာ ဒီနေရာက စပြီး ဟောကြားပါတယ်။ ဒီတော့ ဥဒယဗ္ဗယကြီးဟာပေါ်လာပြီ။ ဒီဥဒယဗ္ဗယကြီးပေါ်လာမှ လောကစံရဲ့ လှိုင်းကြီးတွေကို ခံနိုင်လာပြီ။

နိဿရဏ ဓါတ်ကြီးဟာ သူ့မှာရသွားပြီ၊ ကိုးကွယ်ရာအစစ်လဲရသွားပြီ၊ အပါယ် ၄-ပါးကို သွားမဲ့ ကံကြီးတွေဟာ သူ့မှာချုပ်သွားပြီ၊ ဒါ့ကြောင့် ဥဒယဗ္ဗယကြီးကို ပိုင်အောင် ကျိုးစားစေခြင်တယ်။

ဒီနေရာမှာ ကိုယ့်ရဲ့စိတ်ကို နှိမ်ချထားရမယ်၊ ကိုယ့်ကိုယ်ကိုချိုးနှိမ်ထားရမယ်၊ သူများက ချီးမွမ်းလာရင်ဘဲ အဲဒါ "လှန်နဲ့ထိုးလိုက်တယ်" လို့ ထင်မှတ်လာရမယ်၊ ကိုယ့်ကိုယ်ကို နှစ်ပြားသားမှ အဘိုးမတန်အောင် နှိမ်ချထားရမယ်၊ မြှောက်ပေးလို့မရပါ၊ ကိုယ့်ကိုယ်ကို ချိုးနှိမ်ထားပါ။

အခု တရားတော်ကြီးဟာ လောကစံတရားနဲ့ စစ်လိမ့်ဦးမယ်၊ ဒီကထွက်နိုင်လာမှတရားတော်ရဲ့ဉာဏ်စဉ်ကြီးဟာတက်လာတယ်။ သညာဝိညာဉ်နဲ့ လုပ်လာတဲ့ တရားတွေဟာ ဥဒယဗ္ဗယကြီးလဲတက်ရော ဒီသညာ ဝိညာဏ်တွေကို "ကံ"ကဖြတ်တဲ့ဟာလဲ ရှိတယ်၊ အပါယ် ၄-ပါးသို့ ကျမဲ့ နောက်ကြောင်းကံလဲ ရှိမယ်၊ ကောင်းတဲ့ကံတွေလဲရှိတယ်။

ပညာမြင် ဥဒယဗ္ဗယကြီးကြတော့ ဒီ"ကံ"တွေခေါ်ပြီး သညာဝိညာဏ်ကို ဖြတ်ရတော့မယ်၊ ဒီတော့ လောကစံ တရားတွေဟာတိုက်လာပြီ၊ ဒီနေရာမှာ ကြိုတင်ပြီး သတိကြီးကြီးနဲ့ ရှိနှင့်ထားရမယ်၊ ဒီသဘာဝလေး တွေကို နားလည် ထားပါ၊ အဲဒါအစွမ်းရှိသလောက် လောကစံတရားဟာ တိုက်တော့မယ်။

ဒါကိုပညာမြင် ဉဒယဗ္ဗယကြီးနဲ့ တိုက်နိုင်ရင် ပညာမြင် ဉဒယဗ္ဗယကြီး တက်လာပြီး၊ အဝိဇ္ဇာကြီးကို ချွတ်တဲ့နေရာမှာ အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊တို့ဟာ ဖြစ်သဘော မရှိတော့ပါ၊ မဖြစ်သဘောသာရှိတယ်၊ ဒီတော့ ရှေ့ပိုင်းတုန်းက ပျက်သဘော လေးမှာရှိတဲ့ ဖြစ်သဘောလေးဟာ· သန္တတိ ပစ္စုပ္ပန်ထဲမှာဝင်ပြီး ပညတ်အနေနဲ့ပေါ်တဲ့ သဘာဝလေးဟာ၊ အခု အတိတ်သဘော အဝိဇ္ဇာကြီးမှာ၊ မဖြစ်သဘောနဲ့ဝင်လာရတော့မယ်။

ဒီလိုလဲ သူကထောက်ခံလာရော၊ မဖြစ်သဘောလေးကို ဘယ်ထဲ သွင်းမလဲ? အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊တို့မှာ ဘယ်ထဲသွင်းမလဲ? ဒါကိုသွင်းပြမယ်၊ဝိညာဏ်ကြီးရဲ့ရေသောက်မြစ်ဟာ၊ ပစ္စုပ္ပန်မှာကို ၃ချက် လာစုကြတယ်။ အဲဒါ သန္တတိပစ္စုပ္ပန်လို့ခေါ်တယ်။

သန္တတိပစ္စုပ္ပန်ဆိုတာအခုရတဲ့ပစ္စုပ္ပန်နဲ့ အတိတ်၊ အနာဂတ်က ဟာတွေနဲ့ ဆက်စပ်နေတယ်၊ ၄ ပါး ပေါင်းနေတာကို 'ဖြစ်' ဆိုပြီး ပြောနေတယ်။ ဒါကို ထုတ်ပြီးရှုလိုက်ရင်· ဝိညာဏ်ရဲ့ ရေသောက်မြစ်အနေနဲ့သာလျှင် ရှိတော့တယ်။ ဒီတော့ လောက ကြီးမှာ ဖြစ်-ပျက်မှတပါး ဘာမှမရှိတော့ပါ။

ကိုင်း....ဒါဖြင့်ရင် သညာဝိညာဏ်ကလဲ အကုန်လုံး သုန်းဆိတ် သွားရမယ်။ အဲဒီလို မြင်အောင်ရှုလိုက်ရင်၊ အဲဒါ ဖြစ်-ပျက်ဘဲ ရှိတော့တယ်၊ ဆိုတာကို မြင်အောင်သာ ရှုရတော့မယ်။ဖြစ်-ပျက်ကို ဘယ်သူကပြောတာလဲဆိုရင် သညာဝိညာဏ်ရဲ့ ရေသောက်မြစ် အရိပ်လေးဘဲမဟုတ်လား။

**သညာရေသောက်မြစ်**
**ဝိညာဉ်ရေသောက်မြစ်**

သညာရဲ့ အရိပ်ဟာ သညာရဲ့ ရေသောက် မြစ် ပါ၊ ဒီ ၄-ကောင် ပေါင်းလိုက်တာနဲ့ ဖြစ် လို့ ပြောနေ တာဘဲ မဟုတ် လား ။ **ပျက်** လို့ ပြောတာက ဝိညာဏ်ရဲ့ ရေသောက်မြစ် သဘောပါ၊ အဲဒါကိုမြင်အောင် ရှုပါ၊ ဒီတော့ ဖြစ်ဆိုတာလေးက – ဘယ်က ထွက်လာသလဲဆိုရင် အရင်အနာဂတ် အစွန်း "ပျက်"မှာ ကိန်းနေတဲ့ ဖြစ်သဘောလေးဟာ၊ မဖြစ် သဘောလေး ဆိုပြီး ပစ္စုပ္ပန်မှာ ဝင်နေတာ၊ အခုဖြစ်ဆိုပြီးပြောနေ တာပါ။

အဲဒါ ဝိညာဏ်ရဲ့ ရေသောက်မြစ်လို့ခေါ်တယ်၊ ဒီတွင်မက သေးဘဲ ရှေ့ထိအောင်တက်လိမ့်ဦးမယ်။ ဒီတော့- မဂ်ကိုရတယ် ဆိုတာဟာ သညာဝိညာဏ်ပြတ်မှ မဂ်ကိုရပါတယ်။ ဒါကိုတထစ်ချ မှတ်ထားပေတော့၊ ဒီတော့ ရှေ့ကို အနုပဿနာညာဏ်တွေ ဝင်လာဦးမယ်။

ဒီတော့ သောတာပတ္တိမဂ်ဟာ ဝိပ္ပလ္လာသ ၁၂-ပါးမှာ ၈-ပါး ကိုပယ်တယ်။ ၄-ပါးကျန်တယ်။ အခုသညာလေး ၄-ကောင်ဟာ ရှေ့ကြရင် ခန္ဓာ ၄ ကောင် ဖြစ်လိမ့်ဦးမယ်၊ အဲဒီ ခန္ဓာတွေကို ဥဒယဗ္ဗယက မသတ်နိုင်တဲ့အတွက် ရှေ့အနုပဿနာ ညာဏ်တွေကို တက်ရဦးမယ်။

ဒီတော့ သညာကို ပေါ့ပေါ့မအောင့်မေ့နဲ့၊ ရှေ့ကြရင် ခန္ဓာ ထွက်ရဦးမယ်၊ ခန္ဓာလေး တွေကို ရှေ့ဉာဏ်ကြီး တွေက ပဋိစ္စ သမုပ္ပါဒ်ကြီးပါတ်ပြီး သညာကိုဖြတ်လိုက်တော့မှ မဂ်ကိုဝင်ရမယ်။

အခု ဥဒယဗ္ဗယကြီးကိုတက်လာတာနဲ့ လောကဓံလှိုင်းတွေဟာ တိုက်တော့မယ်၊ ဒီလောကဓံလှိုင်းကို ဖြိုဖျက်နိုင်လာရင် ပညာမြင် ဥဒယဗ္ဗယကြီးကို တက်သွားပြီ။

**သင်နည်းမှတ်ချက်....**

| | |
|---|---|
| အဝိဇ္ဇာကို | သူညတ အနတ္တနဲ့ သိမ်းရမည်၊ |
| တဏှာကို | အသာရကဋ္ဌ အနတ္တနဲ့ သိမ်းရမည်၊ |
| ကံကို | ပရတ အနတ္တနဲ့ သိမ်းရမည်၊ |
| အာဟာရကို | အဝသဝတ္တန အနတ္တနဲ့ သိမ်းရမည်။ |

သာဓုခေါ်ကြပါတော့....

" **သာဓု....သာဓု....သာဓု** "

## တော်သလင်းလဆန်း (၉) ရက်နေ့ ဟောစဉ်

**ပညတ်တွေကို သိမ်းဆည်းပုံ။** ကိုင်း.... ဒီတော့ အောက်နာမရူပ ပရိစ္ဆေဒ ညာဏ် တုန်းက "ဥတု သဘော, နာမပညတ်"ကို သိမ်းဆည်းခဲ့ပြီ။ နောက် ပစ္စယပရိဂ္ဂဟ ညာဏ်ကြပြန်တော့ 'အာဟာရ သဘော, သဏ္ဌာန ပညတ်" ကို သိမ်းခဲ့ပြီ။ ဒီနှစ်ပါး တို့ဟာ သညာ သဘောက ဖြစ်လာတာ ဖြစ်ခြင်းကြောင့် သမ္မသန ညာဏ်မှာ "စိတ်သဘော သမူဟ ပညတ်"ဆိုတဲ့ ကာလသုံးပါးကို လက္ခဏာရေးသုံးချက်နဲ့ သိမ်းလာ ခဲ့တယ်။

နောက် ဝိညာဏ်မြင်ဥဒယဗ္ဗယဉာဏ်ကြီးက "ကံသဘောဖြစ်တဲ့ ဥပထမ္ဘက ကံ, သန္တတိ ပညတ်"ကို သိမ်းတယ်။ ပညာမြင်ဥဒယဗ္ဗယ ညာဏ်ကြတော့လဲ "ကံသဘောဖြစ်တဲ့ ဇနကကံ, သန္တတိပညတ်" သဘောကိုဘဲ ထပ်သိမ်းမယ်။

ဒီသဘာဝလေး တွေကို မြင်လာမှ သာလျှင် အခု ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးကို တက်လို့ရမယ် မဟုတ်လား။ ဒီနေရာမှာ သဘာဝတွေ မပိုင်ရင် ရှေ့ကို မတက်နိုင်ဘဲ ဥဒယ ဝဲကြီး ထဲမှာ လည်နေတတ် ပါတယ်။ ဒီ ဥဒယ ဝဲကြီးက လွတ်သွား တာနဲ့ ဥဒ္ဒံဘာဂိယ သောတာပန်ဖြစ်သွားပြီ။ အဲဒါဘုံစဉ်စံသောတာပန် မျိုး ဖြစ်သွားပြီ။ ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးကနေ သုဒ္ဓါဝါသ ဘုံကို ရောက်နိုင်တယ်။

ဒီတော့ ယခုဘဝမှာ တရားအားထုတ်လို့ ပညာမြင်ဥဒယဗ္ဗယ ညာဏ်ကို ရသွားရင် နောက်ဘဝကို ရောက်တာနဲ့ သောတာပန် ဖြစ်တော့မယ်။ အဲဒါ သေခါနီးမှာ မိမိ ပြုလာဘဲ့ ကောင်းမှုကံ လေးတွေကို ပညာမြင် ဥဒယဗ္ဗယ ညာဏ်ကြီးက ရှေ့ဆောင်ပြီး၊ အဲဒါပဋိဂါကမဂ္ဂင်ကြီးကိုဆွဲလာတော့တယ်။ အဲဒါ ပဋိဂါကမဂ္ဂင်ဖြင့် ဘဝကို ကူးတော့မယ်။

ဒီပစ္စဂ်ဳိကမဂ္ဂင်မှာ ပဲ့ တက်၊ တည်း ဟူသော သီလက္ခန္ဓမဂ္ဂင် မပါသေးသဖြင့် နိဗ္ဗာနဓါတ်ကြီးကို တွေ့တဲ့ မဝင်နိုင်သေးပါ။ အဲဒါ ကိုယ်လိုတဲ့ နိဗ္ဗာန်ကို မသွားနိုင်သေးပါ။ လူ့ဘုံ ဖြစ်စေ၊ နတ်ဘုံ ဖြစ်စေ၊ ရောက်ဦးမယ်။

ဒီတော့ ဥဒ္ဒိဘာဂိယ သောတာပန် ပုဂ္ဂိုလ်ဟာ ဘယ်လောက် တန်ခိုးကြီးသလဲ။ အဲဒါ နတ်ဘုံခြောက်ဘုံမှာကို လှည့်နေဦးမယ်။ သောတာပန် ပုဂ္ဂိုလ်ဟာ အိမ်ထောင် ပြုတာ မပြုတ်သေးပါ။ အိမ်ယာထောင်နေ သေးတယ်။ အဲဒါ အိမ်ယာ တည်ထောင်ရင်း နဲ့ဘဲ နတ်ဘုံတွေမှာ နတ်စည်းစိမ်ကို ခံစားပြီးမှ နိဗ္ဗာန ဓါတ်ကို ယူမယ်။

ဒီတော့ မီးရထား ဦးပဠွင်း ကြီးကို ပြောရ ဦးမယ်။ ဟိုဘဝ တုန်းက ပေါင်းသင်း လာခဲ့တဲ့ မယားကြီးဟာ ကဿပဘုရား လက်ထက်မှာ ပုလုပ် လှူဒါန်း ခဲ့တဲ့ ကုသိုလ်ကံကြောင့် ဦးပဠွင်း ကြီးရဲ့ တကာမကြီးဟာ တာဝတိံသာ နတ်ပြည်မှာ မရှိဘူးလို့ ပြောနိုင်မလား။ ရှိနေရင်, သူက ဦးပဠွင်းကြီးကိုသူ့ဆီရောက်အောင် ဆွဲနေပြီ။ ဦးပဠွင်းကြီး သေခါနီးမှာ သူက ဆွဲသွားရင် ဦးပဠွင်း ကြီးဟာ နတ်ပြည်မှာ နောက် ဘဝက မယားဟောင်း ကြီးနဲ့ ပြန်ပြီးပေါင်းရဦးမှာဘဲမဟုတ်လား။ (ပေါင်းခြင်သေးသလား)လို့ ဦးပဠွင်းကြီးကို မေးရင် ဘယ်လို ဖြေမလဲ။

ဒီတော့ ယခုပြနေတဲ့ ဥဒယဗ္ဗယ ညာဏ်ကြီးကို ပိုင်လို့ မဂ်ကို ဒီဘဝနဲ့ မရသေးရင်လဲ၊ အဲဒါ နောင်ဘဝမှာ အကြောင်းညီညွတ် ခဲ့ရင်တော့ မယားဟောင်းကြီးနဲ့ ဦးပဠွင်းကြီး ပြန်ပြီး ပေါင်းရဦး မှာဘဲမဟုတ်လား။ မပေါင်းချင်ပါဘူးလို့ကောရမလား၊ မရပါ။ အကြောင်းညီညွတ်နေရင် ပြန်ပေါင်းရဦးမှာဘဲ မဟုတ်လား။

ကိုင်း.... တရားသဘာဝ ဆက်ကြဦးစို့။ အဝိဇ္ဇာရဲ့ ရေသောက် မြစ်ဟာ ပညတ်ပါ။ ပညတ်ကိုဘဲ ပြန်ဆင်း လိုက်ပါ။ ဒီတော့မှ အဝိဇ္ဇာရဲ့ ရေသောက်မြစ်ကို လာတွေ့မယ်။ (ဥပမာ) လဘက်ရေ ပုဂံကို မျက်စေ့နဲ့ ကြည့်လိုက်တဲ့အခါမှာ ဘာကို မြင်သလဲလို့ 



မေးရင် လဘက်ရေပုဂံကို မြင်တယ်လို့ဘဲ ပြောမှာဘဲ မဟုတ်လား။

ယခု ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးက ဘုံကြီးတွေကိုဖြတ်နေတာ ဖြစ်ခြင်းကြောင့်၊ ယခု ဒီနေရာမှာ ဘာကို မြင်သလဲ ဆိုရင် ဘယ်လိုပြောမလဲ။ ဒီနေရာမှာ တချက်ထဲဘဲ ရှိတော့တယ်။ ဒုက္ခ ဆိုတာ ဒီအဝိဇ္ဇာကောင်းကြီးဘဲ မဟုတ်လား။ ဒီအဝိဇ္ဇာကြီးကို စစ်လိုက်ရင် ပညတ်သဘောကြီးဘဲ မဟုတ်လား။

ဒီတော့ ပညတ် သဘောကို သိမ်းနိုင်လျှင် အဝိဇ္ဇာကြီးဟာ သူ့ဟာသူ သေတော့မယ်။ ယောဂီရဲ့ နှလုံးအိမ်ထဲ မှာကို ဒုက္ခ တရားကြီးဟာ ပေါ်လာတော့မယ်။ ဒီလို ပေါ်လာရင် ပညတ် အပေါ်မှာ အနှစ်အသား အနေနဲ့ မဆွဲတော့ပါ။ အဲဒါ ရောင့်ရဲ တင်းတိမ်မှုတွေ ရလာပြီ။

ဒီတော့ ဒုက္ခတရားကို မမြင်အောင်လို့ ဒီအဝိဇ္ဇာကြီးက ဖုံးထားတာပါ။ ဒီအဝိဇ္ဇာက ဘယ်အနေနဲ့ ဖုံးထားသလဲ ဆိုရင် ပညတ် သဘောတွေ ပြပြီး ဖုံးထား တာဘဲ မဟုတ်လား။ တရားဟာ ဒီသဘာဝပါဘဲ ဒါကိုကိုယ့်စိတ် ဝိညာဉ်က မမြင်ကြလို့ အကျယ်ချဲ့ပြီး ဟောနေရတာပါ။

ဒီတော့ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ ချယ်လှယ်ဘို့ အခွင့် မရရင်၊ သွားမှု၊ လာမှု၊ နေမှု၊ ထိုင်မှု၊ ဝတ်စားမှု တွေဟာ တဖြေးဖြေးနဲ့ နယ်ကျဉ်းလာပြီ။ ဒီသဘာဝ တွေကို ယူလာပြီး ယခု ပညာမြင် ဥဒယဗ္ဗယညာဏ် ကဏ္ဍမှာ လဘက်ရေ ပုံကို ဘယ်လိုပြောမလဲ၊ ပြောစမ်းပါ။

**အနတ္တစာတ်ကို တွေ့အောင်။** အဲဒါ "မဖြစ် သဘော" လို့ဘဲ မြင်ရ မှာဘဲ မဟုတ်လား။ ဒီအတိုင်း မြင်ပြီလား။ ဒီသဘာဝကို ရှာရဦးမယ်။ အဲဒါ "မဖြစ် သဘော"ဟာ ဘယ်ဟာလဲ။ ဘယ်သဘောလဲ ဆိုတာကို ရှာရ ဦးမယ်။ အဲဒါကို ရှာလိုက်ရင် 'မဖြစ် သဘော' ဟာ 'ပညတ် သဘော'ဘဲ မဟုတ်လား။ ဒီပညတ် သဘောကို တခါ လိုက်ရှာ စမ်းပါ။

အရင်တုန်းက အဲဒါ လဘက်ရေပုဂံလို့ ပြောလာခဲ့ တာဟာ အခုပညာမြင်ဥဒယဗ္ဗယညာဏ်ရောက်လာတော့ 'မဖြစ်သဘော'လို့ ပြောနေပြီ။ ဒီနှစ်ချက်ကိုစဉ်းစားပါ။ ဒီတော့မှပညတ်သဘောဟာ သုညတ အနတ္တခါတ်ထိအောင် တွေ့လာမယ်။

ဒီတော့ အဝိဇ္ဇာကြီးဟာ အကြောင်း ရေသောက်မြစ်ကြီးပါ။ ယခု သူ့ကို နှုတ်ရတော့မယ်။ အစကနေအဆုံး၊ အဆုံးကနေအစ၊ ထိအောင် အပြန် အလှန် ဝေဘန်နိုင် လာရင် အနတ္တ ဓါတ်ကို လာတွေ့တော့မယ်။ ဒီတော့ မဖြစ်သဘောလေးကို ယခု ပညာမြင် ဥဒယဗ္ဗယညာဏ်ကြီးကနေ အောက်ကို ချပြီး ကြည့်လာရမယ်။

ဒီတော့ အောက်ဉာဏ်တွေတုန်းက ပြောလာခဲ့တဲ့ လဘက်ရေပုဂံ ဆိုတာဟာ ဘယ်အနေနဲ့ ပြောလာတာလဲ၊ ဒါကို မြင်အောင် ကြည့်ပါ၊ဒီလိုရှုနိုင်လာမှ 'ဝိမုတ္တိဓမ္မ'ဖြစ်မယ် ဒီနေရာမှာ အင်မတန်မှ အရေးကြီးပါတယ်၊ သဘာဝလေးတခုကို ထုတ်ပြမယ်။

**ဝေဖန်ပါ** ဒီတော့ ပညတ်ရိပ်ရှိရင် ပရမတ်ရိပ်ဟာလဲ ရှိရမယ်လို့ ပြောတာဟာမှန်သလား?၊ အဲဒီလိုပြောနေတာကတုစ္ဆ ဆိုတဲ့ သဘာဝထဲကို ရောက်နေပြီ၊ ဒီတော့ ပညတ်ရှိလို့ ပရမတ် ရှိတယ်လို့ ပြောနေတာဟာ ဘယ်သူကပြောနေတာလဲ?။
ဒီ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကိုပိုင်ရင် ဘယ်သူ့ဆီမှာမှ နည်းမခံရ တော့ပါ၊ တပည့်ခံနေစရာလဲမလိုတော့ပါ၊ ဒီပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးကိုပိုင်လာရင် ယခု သာသနာရဲ့ နောက်ပိုင်းမှာ ရေးလာ ကြတဲ့ စာတွေကို ပုန်ကန်သင့်ရင် ပုန်ကန်ရတော့မှာဘဲ မဟုတ်လား။

ဒီတော့ ပညတ်ရှိလို့ ပရမတ်ရှိတာလို့ ပြောမလား၊ ပညတ်နဲ့ ပရမတ်ဟာ ပေါင်းနေတာဘဲလို့ ပြောမလား၊ ဒီ သဘာဝလေး တွေကို ဝေဖန်ပါ၊ ဒီ သဘာဝတွေကို ဝေဖန်လာမှ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကို တက်လို့ရမယ်၊ ပညတ်နဲ့ ပရမတ်ဟာ ဘယ်အနေနဲ့ရှိသလဲဆိုတာကိုဝေဖန်ပါ၊ဒီသဘာဝတွေကိုပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးက သုတ်သင် ရှင်းလင်းပစ်ရတော့မယ်။

ဒီတော့ အန္ဓတွေက ပုဂ္ဂိုလ်လို့ ပြောနေကြတယ်၊ (တနည်း) ဓါတ်လေးပါး ဓါတ်ရှစ်ပါးရှိလို့ လဘက်ရေပုဂ္ဂိုလ်ဆိုတဲ့ နာမပညတ်လေးရှိတာလို့ပြောနေကြတယ်။ အခု ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးကို ရောက်လာတော့ ဓါတ်လေးပါး ဓါတ်ရှစ်ပါးတို့နဲ့ လဘက်ပုဂ္ဂိုလ်ဟာ ဘာဆိုင်သလဲ ဘာမှမဆိုင်ပါ၊ အဲဒါကိုမမြင်ဘဲနဲ့ ဓါတ်လေးပါး ဓါတ်ရှစ်ပါးရှိလို့ လဘက်ရေပုဂ္ဂိုလ်ရှိတယ်လို့ပြောနေတာဟာ ကိုယ့်ရဲ့အယူမှားကြီးဘဲ မဟုတ်လား။

**ပညတ်သဘော** သေသေချာချာတွေးကြည့်ပါ၊သညာဝိညာဏ်တင် မဟုတ်တော့ဘဲ၊ အဲဒါ "ဓါတ်လေးပါး၌ ပုဂ္ဂိုလ်ရှိ၏" "ပုဂ္ဂိုလ်၌ ဓါတ်လေးပါးရှိ၏"လို့စွဲယူနေပြီဘဲ မဟုတ်လား၊ ပညတ်နဲ့ ပရမတ်ဟာ ဘာဆိုင်သလဲ၊ ဒီတော့ လဘက်ရေပုဂ္ဂိုလ်ဟာ ဓါတ်လေးပါး ဓါတ်ရှစ်ပါးမှာ ရှိတယ်လို့ ယူသွားတဲ့ အစွဲအယူ ပျောက်သွားအောင်လို့ အောက်တုန်းက မျိုးတွေနဲ့ ခွဲပြခဲ့ပြီးပြီဘဲ မဟုတ်လား။

အခု ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးလဲရောက်ရော ဓါတ်လေးပါး ဓါတ်ရှစ်ပါးတို့မှာ ပညတ်ဟာ မရှိတော့ပါ၊ အဲဒါ နာမပညတ်ကြီးဟာ ရှာလို့မရတော့ပါ၊ ဓါတ်လေးပါးတို့ဟာ သုံးဆဲ့တဘုံကြီးမှာ 'ဖြစ်တယ်ဆိုတဲ့ဗျာပါရလေးမျှသာ' ရှိတော့တယ်၊ ဒီ နာမပညတ်ကြီးဟာ အန္ဓဘာဝကနေပြီးလိုက်လာတာဟာ ယခု ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးရောက်တော့ အကြောင်းသုညတဟာသုဉ်းဆိတ်သွားပြီ။

ဒါကိုသုညတအနတ္တလို့ဆိုတာပါ။ ဒီလိုလဲ သုဉ်းဆိတ်သွားရော 'ဖြစ်'ဆိုတဲ့ သဘောကိုဘယ်အနေနဲ့ ယူမလဲဆိုရင်၊ အဲဒါ 'မဖြစ်'တဲ့ သဘောအနေနဲ့သာ ရှိတော့တယ်။ အဲဒီသဘာဝကို မြင်တာကို ပရမတ်သဘောလို့ ပြောတာ။

ဒီတော့ သင်္ခတလောကကြီးမှာ ပရမတ် သဘောဟာ ပေါ်တဲ့ သဘောမျှသာ ရှိတော့တယ်။ ဒီတော့ 'မဖြစ်' သဘောလေးကို ရှေ့ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးမှာ ဖေါ်ထုတ် သွားဦးမယ်။

ဒီနေရာမှာကမဖြစ်သဘောလေးဟာအကြောင်းသုညတနဲ့သိမ်းလို့ ပေါ်လာတာပါ။ ဒီလိုပြင်လို့, ဒီလိုသိရင်, ဒီနေရာမှာ အဝိဇ္ဇာကြီးဟာ ဇာတ်သိမ်းသွားပြီလို့ ခေါ်တယ်။

အဲဒါ အဝိဇ္ဇာကြီးပြတ်ပြီး, အကြောင်းသုညတ အနတ္တဓါတ်ကို မြင်လာရင်ဘဲ လူမှုရေးရာ နယ်ကြီးဟာတဖြေးဖြေးနဲ့ ကျဉ်းလာပြီ။ အဲဒါ ဒုက္ခကို မြင်လာတဲ့ အတွက်ကြောင့် ပညတ် နယ်ကြီးဟာ မကျယ်တော့ပါ။ တဖြေးဖြေး ကျဉ်းနိုင်သမျှကျဉ်းလာတော့တယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**“ သာဓု....သာဓု....သာဓု.... ”**



**တော်သလင်း လဆန်း (၁၀)ရက်နေ့ ဟောစဉ်။**

သောတာပန် ပုဂ္ဂိုလ်ဟာ သာသနာ ၅၀၀၀-ကုန်ဆုံး၍ သာသနာ ကွယ်သော်လဲ သူ့ရဲ့ နှလုံးအိမ်ထဲမှာ သာသနာ မကွယ် တော့ပါ။ ဒါ့ကြောင့်....

တိဏ္ဏံ သံယောဇနာနံ ပဟာနာယ၊ ပရိက္ခယာယ နိယတော၊
အဝိနိပါတဓမ္မော သမ္ဗောဓိပရာယနော။ ။

တိဏ္ဏံ၊ ၃-ပါးကုန်သော။သံယောဇနာနံ၊ သီလဗ္ဗတပရာမာသ သံယောဇဉ်,ဒိဋ္ဌိသံယောဇဉ်,ဝိစိကိစ္ဆာသံယောဇဉ်တို့ကို။ပဟာနာယ ပယ်ခြင်းကြောင့်။ ပရိက္ခယာယ၊ ကုန်ခြင်းကြောင့်။ နိယတော၊ ဘုရားမြဲပြီ,တရားမြဲပြီ,သံဃာမြဲပြီ။အဝိနိပါတဓမ္မော၊၂၉ ပါးသော ကံတို့သည် ဖရိုဖရဲနှင့် ဆွဲမချနိုင်။ သမ္ဗောဓိရာယနော၊ ဘယ်လိုပင် ကာမဂုဏ်စည်းစိမ်တွေနဲ့ တွေ့သော်လဲ အထက် မဂ် ၃-ပါးသို့သာ ရောက်တော့၏။ လို့ဆိုလာတယ်။

ဝိသာခါ ကျောင်းအမကြီးဟာ အခု နိမ္မာနရတိ နတ်ပြည်ကြီးမှာ ရှိတယ်လို့ ဓမ္မပဒ ပါဠိတော်က ပြထားတယ်၊ ဒီတော့ သူ့မှာ ဘုံစဉ်စံ ပုဂ္ဂိုလ် ဖြစ်နေသည့်အတွက် သူ့မှာ အိမ်ထောင် မရှိဘူးလား၊ ဒါတွေဟာ စဉ်းစားစရာ အများကြီးရှိတယ်။

ကိုင်း....မနေ့က တရားစကြဦးစို့၊ တရားတက်စဉ်မှာ တရားခံ ရှာပုံကို နားလည်သွားရမယ်၊ နားမလည်ရင် ရှေ့ကြ မရတော့ပါ။ ဒီတော့ ဥဒယကြီးမှာ ပညာရဲ့သဘာဝတွေဟာ အများကြီးရှိတယ်၊ ရှေ့က ဥတု၊ အာဟာရ၊ စိတ်ဆိုတဲ့ အကြောင်းတရားတွေကို သတ်ခဲ့တာတွေဟာ၊ အခု "ကံ"ကို သတ်တဲ့ နေရာမှာ အကုန်ဝင်လာရတယ်။

**ဖြစ်ဆိုတာ အဝိဇ္ဇာရဲ့အရိပ်** (ဥပမာ) ဖြစ်ပျက် သဘာဝမှာ "ဖြစ်"ဆိုတာ အဝိဇ္ဇာရဲ့ အရိပ်လေးဘဲမဟုတ်လား။ ဟိုတုန်းထဲက အတိတ်၊ အနာဂတ်၊ ပညတ်၊ ပရမတ်၊ နာမ၊ သဏ္ဌာန် ရုပ်၊ နာမ်ဆိုပြီး ခွဲလာတယ်။

နောက် အတိတ်စွန်း၊ အနာဂတ်စွန်း ဖြစ်၊ ပျက် ဆိုပြီး တက်လာတယ်၊ အခု ဒီလမ်းစဉ်ကြီးကို ပြန်ပြီး ချေဖြစ်ရဦးမယ်။ အပါယ် ၄-ပါးကို သွားမည့် ပဋ္ဌက္ခန္ဓာကြီးဟာ ငုတ်တုတ် ထိုင်နေတာကို မတွေ့ဘူးလား၊ အခု ဝိညာဉ်ရဲ့ အရိပ်၊ ရေသောက်မြစ် ၄-ချက်ကို မြင်နေရင်ဘဲ ဒီ၄-ချက်ကို ဖျက်ပြစ်ရတော့မယ်။

ဒါကိုမမြင်ရင် ဘယ်မှာ တရား ရတော့မှာလဲ၊ ကိုင်း....ဒီတော့ ဒီ ၄-ကောင်ကို ဖြုတ်ရတော့မယ်။ တရားသိမ်းတဲ့ နည်းတခုကို ပြောမယ်။ ပထမ ကျမ်းကျောဘိုက ပညတ်နဲ့ ပရမတ်ကို ကျမ်းကျောလာရမယ်။

(ဥပမာ) လဘက်ရေပုံလေးကို ကြည့်ပါ။ နာမ ပညတ်က အဝိဇ္ဇာရိပ်၊ သဏ္ဌာနပညတ်က တဏှာရိပ် သူတို့ ၂-ခုဟာပေါင်းပြီး တက်လာကြတယ်၊ အခု တလောကလုံး ပြောနေကြ တာဟာ

"မာတယ်-ပူတယ်"ဆိုတာတကဲ့ပရမတ်အစစ်လား၊ အဲဒါအဝိဇ္ဇာရိပ် တဏှာရိပ်ဘဲမဟုတ်လား၊ တချို့ ဝိပဿနာသမားတွေက "မာတယ် ပူတယ်"ဆိုတာကို ပရမတ်လို့ ယူကြတယ်။

အဲဒါ သညာက လုပ်ကြံပြောနေတဲ့ဟာတွေ မဟုတ်ဘူးလား၊ တဏှာက လုပ်ထားတဲ့ဟာတွေ မဟုတ်ဘူးလား။ အဲဒါ ပညာမြင် ပညာသိမဟုတ်ဘူး။ ဒါ့ကြောင့် သညာသိပရမတ်ဆိုတာ အဝိဇ္ဇာ, တဏှာ သဘော ရှိတယ်။

အဝိဇ္ဇာ, နာမပညတ်၊ တဏှာ, သဏ္ဌာနပညတ် (တနည်း) အဝိဇ္ဇာ, ပညတ်ရေသောက်မြစ်၊ တဏှာ, ပရမတ် ရေသောက်မြစ် ဒါကိုမြင်လာရင် "**သင်္ခတ ပရမတ်ရဲ့ ရေသောက်မြစ်ဟာ တဏှာ**" လို့ ဆိုတာကို ပေါ်လွင်လာတယ်၊ သဏ္ဌာန်ရဲ့အရိပ်ကို ကပ်ပြပါ ဆိုရင် အိုးသဏ္ဌာန်, ခွက်သဏ္ဌာန်ကို ယူရတယ် မဟုတ်လား၊ အဲဒါ တခုခုကို စွဲပြီး ပြောနေကြတာဘဲ မဟုတ်လား။

အတိုကနေအရှည်ကိုပြောင်း၊အဝိုင်းကနေလေးထောင့်ကိုပြောင်း အဲဒီလိုသဏ္ဌာန်သာလျှင်ပြောင်းတာဘဲမဟုတ်လား၊ အဲဒါ မာတယ် ပူတယ် ဆိုတာတွေက ပြောင်းတာလား၊ မပြောင်းပါ။ သဏ္ဌာန်က သာလျှင် ပြောင်းနေတာဘဲ မဟုတ်လား၊ ဒီတော့ သဏ္ဌာန ပညတ်က တဏှာရိပ် သင်္ခတပရမတ်ဘက်ကရှိတယ်၊ ပဋိစ္စသမုပ္ပါဒ် ကြတော့ အဝိဇ္ဇာအကျိုး, တဏှာအကြောင်း ဆိုပြီး ဖွင့်လာတယ်၊ ဘာ့ကြောင့် သင်္ခတပရမတ်ဘက်မှာ တဏှာ ရှိတာလဲ။

ရုပ်, အဝိဇ္ဇာရိပ်, နာမပညတ်, အတိတ်သဘော, ပညတ်ရိပ်။

တဏှာကြတော့ သဏ္ဌာနပညတ်, နာမ်ရိပ်, အနာဂတ်သဘော, သင်္ခတပရမတ်ရိပ်။

**နာမပညတ်**
**သဏ္ဌာနပညတ်ကိုချေခဲ့ပြီ**

ဒါတွေကို နာမရူပ ပရိစ္ဆေဒ ဉာဏ်က နာမပညတ်ကို ချေပြီး၊ ပစ္စယ ပရိဂ္ဂဟ ဉာဏ်က သဏ္ဌာနပညတ်ကို ချေလာ တာဟာ အခု ဥဒယဗ္ဗယကြီးကို ရောက်နေပြီ။ ဒါကို သေသေ ချာချာတွေးပါ၊ ဒါမှ သဘာဝတွေပေါ်လာမယ်၊ ဒီနာမပညတ်နဲ့ သဏ္ဌာနပညတ်ကို ချေနိုင်လာရင် သောတာပန် ဖြစ်ပါတယ်။

ဒီ ၂-ပါးကို တော်တော်နဲ့ မချေနိုင်ကြဘူး၊ ဒီတော့ နာမ ပညတ်က ဘယ်ကပေါ်သလဲ၊ သဏ္ဌာနပညတ်ကဘယ်ကပေါ်သလဲ လို့မေးရင် ဓါတ်၄-ပါး၊ ဓါတ်၈-ပါးက ပေါ်တယ်လို့ ပြောမယ်၊ ဒီဓါတ်၈-ပါးကို ထုတ်ပြစ်မလား၊ ဒီလိုလဲ မဟုတ်ဘူး၊ ဒီတော့ မျက်ခြေပြတ်နေပြီ မဟုတ်လား။

ဒီတော့ နာမကလဲ သဏ္ဌာန်ကိုပြ၊ သဏ္ဌာန်ကလဲ ဓါတ်ကြီး ၄-ပါးကိုပြနဲ့ အဲဒါဓါတ်၄-ပါး၊၈-ပါးကိုလဲမထုတ်နိုင်၊ဝိပဿနာ ဉာဏ်နဲ့လဲ မချေတတ်၊ မချေနိုင်။

ဒီတော့ ယောကျာ်းမဟုတ် မိန်းမ မဟုတ်ဆိုပြီး နာမပညတ်ကို ပယ်ပြီး သဏ္ဌာနပညတ်ကို လက်ခံနေကြတယ် မဟုတ်လား၊ ဒီဓါတ် ၄ ပါးဟာအကြောင်းတရား၄-ပါးကြောင့်ဖြစ်တာဘဲ မဟုတ်လား၊ သေသေချာချာတွေးပါ။

**ပညတ်ကိုချေခဲ့ပေမဲ့** ဒီတော့ နာမပညတ်ကလဲသဏ္ဌာနပညတ်ကို စွဲပြီး အမည်တတ်တော့မယ်၊ အဲဒါတွေကို ချေလာခဲ့တာ အခု ဥဒယဗ္ဗယကြီးကြတဲ့အထိ နာမနဲ့သဏ္ဌာန်ဟာ ကျေသလား၊ မကျေသေးဘဲ အဝိဇ္ဇာနဲ့ တဏှာ၊ "ဖြစ်,ပျက်" ဆိုပြီး ပြောနေသေးတယ်၊ နာမ,သဏ္ဌာန,လို့ မပြောတော့ဘူး၊ သူတို့မှာအရိုက်ခံထားရပြီ၊ အထု,အထောင်းခံထားရပြီမဟုတ်လား၊ ဒါ့ကြောင့် မပြောတော့ပါ။

အဲဒါ ဖြစ်,ပျက် ဆိုပြန်တော့လဲဝိညာဉ်ဖြစ်,ပျက်ဘဲမဟုတ်လား နာမသဏ္ဌာန ဖြစ်,ပျက်,။ ရုပ်,နာမ် ဖြစ်ပျက်ဘဲ မဟုတ်လား?၊ "ဖြစ်,ပျက်" ရှိတယ် ဆိုတာနဲ့ "ပညတ်" ရှိတယ် ဆိုတာ ဘာထူး သေးသလဲ?။

ဒီနေရာမှာ— ဝိပဿနာပညာကို လေ့လာလိုက်စား၊ ပွားများ ကြတဲ့ ပုဂ္ဂိုလ်များ သဘောပေါက်ဘို့က...........

နာမရူပ ပရိစ္ဆေဒညာဏ်မှာ 'ရုပ်နာမ်' ဆိုပြီး သိမြင် လာခဲ့တဲ့ ဒီသဘာဝဟာ ပစ္စယ ပရိဂ္ဂဟညာဏ်လဲ ရောက်လာရော.... အဲဒါ 'အကြောင်း-အကျိုး' ဆိုပြီး ဖြစ်လာတယ်။

အဲဒီ 'အကြောင်း-အကျိုး' ဆိုတဲ့ သဘာဝဟာ သမ္မသန ညာဏ်လဲ ရောက်လာရော၊ အဲဒါ 'အတိတ်၊ အနာဂတ်' ဆိုပြီး ဖြစ်လာပြန်တယ်။

အခု ဒီနေရာ၊ ဒီညာဏ်မှာ "ဖြစ်-ပျက်"လို့ ပြောနေတယ်။ ဒီ "ဖြစ်-ပျက်"ဟာ နာမပညတ်ရိပ် သဏ္ဍာန ပညတ်ရိပ်ပါ။

ဒီ နာမပညတ်ဖြစ်တဲ့ "ဖြစ်"ဆိုတဲ့ သဘောဟာ ရုပ်သဘောပါ။ အဲဒါ သညာသဘော၊ အတိတ်သဘော အဝိဇ္ဇာကြီးက ပေါ်ထွက်လာတဲ့ သဘောပါ။

သဏ္ဍာနပညတ်ဖြစ်တဲ့ "ပျက်" သဘောဟာ, နာမ်သဘောပါ။ အဲဒါ ဝိညာဉ်သဘော၊ အနာဂတ် သဘော၊ တဏှာရိပ်ကပေါ်ထွက်လာတဲ့ သဘောပါ။

ဒီတော့ သဘာဝကို ညာဏ်ကုန်နှိုက်ရင် အဝိဇ္ဇာဟာ အတိတ်သဘော၊ ရုပ်သဘောဖြစ်ပြီး။ တဏှာဟာ အနာဂတ် သဘော နာမ်သဘော ဖြစ်လာတယ်။

**ဝိညာဏ်ရိပ်လေးပါးကို ပယ်သတ်ပါ**

ဒီအဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ ဆိုတဲ့ ဝိညာဉ်ရိပ် ၄-ပါး၊ အကြောင်း တရား ၄-ပါးကို ရိုက်ချိုး နိုင်တယ်, သတ်နိုင်တယ် ဆိုရင် သံသရာ လည်နေတာဟာ တခါထဲ ရပ်သွားတော့တာပါဘဲ။

ဒီ ဝိညာဉ်ရိပ်လေးပါးကို ဘာနဲ့သတ်မလဲ?။ အနတ္တလေးလုံးနဲ့ သတ်ရမယ်။ အနတ္တ ၄-လုံးဆိုတာ "သုညတ" "ပရတ" "အဝသဝတ္တန" "အသာရက" ဒီလေးလုံးနဲ့ သတ်ရမယ်။

ဒီတော့ အတိတ်သဘောဖြစ်တဲ့ အဝိဇ္ဇာကြီးကို(သုညတအနတ္တ) သုဉ်းဆိတ်တဲ့အနေနဲ့ မိခိတို့နှလုံးအိမ်မှာ ထင်မြင်အောင်သိမ်းဆည်းပါ။ ဒီလိုသိမ်းဆည်းနိုင်ရင် အဝိဇ္ဇာ ဆိုတဲ့ "ဖြစ်သဘော" 'နာမပညတ်'ဟာ သုညတအနတ္တထဲ ကျသွားရော....။

အဝိဇ္ဇာ "ဖြစ်သဘော" "နာမပညတ်" ဟာ သုညတ အနတ္တ အနေနဲ့ မိမိညာဏ် အမြင်မှာ ရှင်းရှင်းကြီး သဘောပေါက်သွားရင်, တဏှာရိပ် ဖြစ်တဲ့ သဏ္ဌာန ပညတ် 'ပျက်သဘော' ဟာ (တကယ်ပျက်) ဖြစ်သွားပြီး အသာရကဋ္ဌ၊ အနှစ်အသား မရှိတဲ့ သဘာဝကို ညာဏ်ဝမှာ ထိုးသွင်းပြီး သိမြင်လာပါတော့တယ်။

ဒီလို သိမြင်လာတာကို အဲဒါ ပညာမြင် ဥဒယဗ္ဗယ ညာဏ်လို့ ခေါ်တယ်။

အဝိဇ္ဇာဆိုတဲ့အတိတ်သဘော၊ဖြစ်သဘော၊နာမပညတ်ကြီးဟာ သုညတဆိုတဲ့ သုဉ်းဆိတ်တဲ့ အနေနဲ့ သဘောပေါက်ရင်,အနာဂတ် သဘော၊ တဏှာရိပ်၊ သဏ္ဌာနပညတ်၊ ပျက်သဘောဟာ "တကယ် ပျက်" အသာရက အနတ္တမှာ ဦးခေါင်းကျရင်, အဲဒါ အကျိုး တရားအနေနဲ့ ၃၁-ဘုံကြီးမှာ ဒုက္ခတုံး, ဒုက္ခခဲကြီးပါလားဆိုတာ အကျိုးတရားပေါ်မှာ ဒုက္ခလို့ ချနိုင်လာပြီ။

အခု ဥဒယဗ္ဗယညာဏ်က ကံကိုမပယ်နိုင်သေးပါ။ဖြစ်ပျက် ဆိုတဲ့ နာမ, သဏ္ဌာနကို ရိုက်ချိုးတဲ့အခါမှာ အနတ္တလေးလုံးနဲ့ ရိုက်ချိုး ရမယ်။ အခု ဥဒယမှာ သုည လေးလုံးထုတ်လာတာဟာ အခု ဒီအဝိဇ္ဇာကနေ လေးလုံးကိုပြုတ်ရတော့မယ်။

ဒီတော့ သုညတ အနတ္တ၊ နာမ ပညတ်ကို ထပ်စစ်ရ ဦးမယ်။ အသာရက အနတ္တကြတော့ သဏ္ဌာနကို စစ်ရမယ်။ အဝိဇ္ဇာကို မဖြစ်တဲ့သဘော၊ တဏှာကို 'ပျက်အစစ်' လို့ အမှန်ကို ရောက်သွား ခြင်းသည် အကျိုးတရားဒုက္ခလို့ချနိုင်ပြီ။ အဲဒီသိမ်းတဲ့ နည်းလေးကို ထပ်ပြီး စဉ်းစားပါ။ နာမနဲ့ သဏ္ဌာန ပညတ်ကိုလဲ ရိုက်ချိုးရော ပညာမြင် ဥဒယဗ္ဗယကို တက်တော့မယ်။

**သုညလေးလုံးနဲ့သတ်ပါ**

ကိုင်း.... ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ကို သုည လေးလုံးနဲ့ သတ်စမ်းပါ။ အဝိဇ္ဇာ၊ အတိတ် သဘော၊ ဖြစ်သဘော ကိုလဲ သုညတ အနတ္တနဲ့ သိမ်းရမယ်။ ဘာကြောင့် သုညတ အနတ္တနဲ့ သိမ်းရသလဲ။

အဲဒါ အဝိဇ္ဇာဟာ နာမပညတ်သဘောတဲ့ မဟုတ်လား။ ပညတ်သဘောဟာ အတိတ်သဘော၌သာ အားရှိ တာပါ။ ဒါကြောင့် အဝိဇ္ဇာသည် အတိတ်သဘောပါ။ အတိတ်သဘောဖြစ်ခြင်းကြောင့် အတိတ်ဟာ ဖြစ်ပြီးတဲ့ သဘောပါ။ ဖြစ်ပြီးတဲ့ သဘောဟာ သုဉ်းဆိတ်တဲ့သဘောတဲ့ မဟုတ်လား။

ဒါကြောင့် အဝိဇ္ဇာ"ဖြစ်သဘော"ကို သုညတ အနတ္တနဲ့ သိမ်းပါ။ ဒီလိုလဲ အဝိဇ္ဇာဖြစ်သဘောဟာ သုညတ အနတ္တထဲ ကျသွားရော....။

တဏှာ၊ သဏ္ဌာနပညတ်၊ ပျက်သဘောဟာ (တကယ်ပျက်) ဖြစ်ပြီး၊ အသာရကဋ္ဌ အနတ္တ, အနှစ်, အသား မရှိတဲ့ သဘောမှာ ဥက္ကောင်းကျတော့တယ်။ ဒီတော့မှ ပညာမြင် ဥဒယဗ္ဗယညာဏ်ကို တက်သွားပြီ။

သာဓုခေါ်ကြပါတော့....

**"သာဓု....သာဓု....သာဓု"**

## တော်သလင်း လဆန်း (၁၁) ရက်နေ့ ဟောစဉ်

ပုဂ္ဂိုလ်သတ္တဝါ ငါ-သူတပါး ယောက်ျား, မိန်းမ,မရှိ။ ရုပ်နာမ် သာရှိ၏။ လို့ ပေါ့ပေါ့ဆဆ, ပြောဆို ယူဆ နေကြတဲ့ အယူကို ဝိပဿနာပညာနဲ့ မွှေနှောက်ပြီး ညာဏ်ကျက်စား လာခဲ့တော့ အဝိဇ္ဇာရိပ်, တဏှာရိပ်တွေကိုလာတွေ့နေပြီ။ (ဝါ) နာမ ပညတ်၊ သဏ္ဌာနပညတ်ကိုတွေ့နေပြီ။ သညာ ဝိညာဉ်ကိုတွေ့နေပြီ။

**ပညတ်ကို သတ်ထားပါ** ဝိပဿနာရဲ့ ပညာ ဆိုတာ၊ အချုပ်မှာ နာမနဲ့ သဏ္ဌာန်ကို သတ်ထားပါ။ နာမပညတ်မှာလဲ အဝိဇ္ဇာရေသောက်မြစ်၊ တဏှာ ရေသောက်မြစ် ရှိတယ်။ သဏ္ဌာန်ပညတ်မှာလဲ အဝိဇ္ဇာ ရေသောက်မြစ်၊ တဏှာ ရေသောက်မြစ် ရှိတယ်။

ဒီလို ရေသောက်မြစ်က နှစ်ချက်စီတုပ်ထားတာဖြစ်ခြင်းကြောင့် ရေသောက်မြစ်လေးခုလို့ ပြောရတယ်။ ဒီတော့ပညာရဲ့ သဘောနဲ့ သိမ်းလာတဲ့အခါမှာ ရေသောက်မြစ်ကို အကုန် ထုတ်လာ ရတယ်။ ပညာရဲ့ သဘောကို မြင်အောင်လို့ လေးချက် ထုတ်ပြရတာပါ။

ဒီနေရာမှာ နာမနဲ့ သဏ္ဌာန်ကိုသေအောင်သတ်ရမယ်။ နာမနဲ့ သဏ္ဌာန်သေရင်၊ သညာဝိညာဉ် ပြုတ်တော့တာ ပါဘဲ။ ဝိပဿနာ ဉာဏ်အမြင် ရင့်သန်လာတဲ့ သညာဝိညာဉ် ပြုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာပညာနဲ့ သင်္ခတလောက ကြီးမှာ ဝစီသစ္စာ ဆိုတဲ့ သီလ သဘော၊ ဝိရတီသစ္စာဆိုတဲ့ သမာဓိသဘောနဲ့ နေရေး၊ ထိုင်ရေး၊ စီးပွားရေးတို့မှာ ကျင့်သုံးနိုင်လာပြီ။

အဲဒါ မပြောမဖြစ်လို့ ပြောသင့် ပြောထိုက်တဲ့ အကြောင်း ပေါ်လာလို့ ပြောရတဲ့ ဝစီသစ္စာ၊ ရှောင်သင့် ရှောင်ထိုက်လို့ ရှောင်ကြဉ်ရတဲ့ ဝိရတီသစ္စာ၊ ဒီသစ္စာနှစ်ပါးပြည့်စုံလာပြီ။ တွေ့ကြုံသမျှ၊ အာရုံအစုစု၊ ကာမဂုဏ် အမှုတို့ မှာလဲ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတ သီလ တို့ဖြင့် စောင့်ရှောက်ပြီးသား ဖြစ်လာတော့တယ်။

အခုလို သီလ၊ သမာဓိ၊ ပညာ ၃-ပါးစလုံး ပြည့်စုံ ပြီးတဲ့နောက် (အာတာပီစိတ်ဓါတ်)နဲ့ မဖြစ်မနေ၊ မရမနေ ကျိုးစားအားထုတ် ပါမှ မဂ်တရား ဖိုလ်တရားကိုရမယ်။

ကိုင်း.... ဒီတော့ နာမပညတ်ကလဲ ရုပ်ရိပ် နာမ်ရိပ်ဆိုပြီး နှစ်ခု ချထားတယ်။ အဲဒါ သဿတ ဥစ္ဆေဒဆိုပြီး ချထားတယ်။ သဏ္ဌာန ပညတ်ကလဲ ရုပ်ရိပ် နာမ်ရိပ်ဆိုပြီး နှစ်ခုစီ ရှိနေတယ်။ အဲ့ဒီသဘာဝ တွေအထိ ကျယ်လာပါတယ်။

ကိုင်း.... ဒေသနာကို အကျဉ်းချုပ်လိုက်ရင် နာမနဲ့ သဏ္ဍာန် ဒါဘဲရှိတယ်။ "နာမ၊ အတိတ်နဲ့ အနာဂတ်၊ အဝိဇ္ဇာအရိပ်။ သဏ္ဍာန် အတိတ်နဲ့ အနာဂတ်၊ တဏှာရိပ်" ဆိုပြီး ချလာတယ်။

ပစ္စုပ္ပန် သဘောကိုတော့ ရှေ့ မဂ်ဝင်ခါနီး ကျမှ တရားခံ ရှာတော့မှ အဲဒါ ပစ္စုပ္ပန်မှာချပြီး ရှာရမယ်။ ဥဒယဗ္ဗယညာဏ်မှာ ဖြစ်ပျက် ဆိုတာနဲ့ အတိတ်၊အနာဂတ်ဆိုပြီးပြလာတယ်။ဒီနေရာမှာ အရိပ်လို့ ပြောနေရတယ်။ ဒီရေသောက် မြစ်ကို ခွဲတ်လိုက် တော့မှ ပစ္စုပ္ပန်ကြီး ပေါ်လာပြီး အဲဒါ မဂ်ကို ဝင်ရတော့မယ်။

အဲဒီက ထွက်လာတဲ့ မဂ်ဝင်တရားခံကို ခုံရုံးတွေ ဖွဲ့ပြီးတော့ စစ်တော့မယ်။ ခုံရုံးတွေမှာဘယ်ခုံသမာဓိလူကြီးတွေရုံးထိုင်နေသလဲ ဆိုရင် ပဌမခုံရုံးဖြစ်တဲ့ ပညာမြင် အနိစ္စညာဏ်မှာ ဘင်္ဂညာဏ်ကြီးက ရုံးထိုင်ပြီး တခါ စစ်မယ်။ ဒုတိယခုံရုံးမှာကပညာမြင်ဒုက္ခာနုပဿနာ ညာဏ် ခုံရုံးကြီးမှာ ဘယညာဏ်၊ အာဒီနဝညာဏ်၊ နိဗ္ဗိန္ဒညာဏ် ဆိုပြီး၊ ဒီသုံးယောက် ရုံးထိုင်ပြီး စစ်မယ်။

နောက် တတိယ ခုံရုံး မှာက ပညာမြင် အနတ္တခုံရုံး ဆိုပြီး မုဉ္စိတုကမျတာညာဏ်၊ ပဋိသင်္ခါညာဏ်၊ သင်္ခါရုပေက္ခာညာဏ်၊ ဒီတရားသူကြီးသုံးယောက်စစ်ပြီးတော့မှဒီ(မဂ်ဝင်တရားခံလေး)ကို အနုလောမညာဏ်နဲ့ ဂေါတြဘူညာဏ်က နေပြီး သစ္စာ အနက် ၁၆-ချက်နဲ့ ကြည့်မယ်။ ဒီတော့ ဘယ်လောက် ကြအောင် မြင်သလဲဆိုရင် ဟိုတုန်းက လဘက်ရေပုဂံကိုကြည့်လာတဲ့သဘာဝကို အခု တချက်ထဲမြင်အောင် ကြည့်လာတယ်။

အဲဒီကနေပြီး ဂေါတြဘူကြီးက လက်မှတ်ထိုးပြီးတော့မှ မဂ်ရဲ့ အသင်းအပင်းဖြစ်တဲ့ (၃၇)ပါးသော ဗောဓိပက္ခိယတရားအခြံအရံ တွေနဲ့ မဂ်ကို တက်သွားမယ်။

ကိုင်း.... ဒီတော့ အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ဟာ သုညလေးလုံးထဲမှာလဲ ဥက္ကောင်းကြရောဝိညာဉ်မြင်ဖြစ်သဘောဟာ နောင်တဖန် ပြန်မဖြစ် နိုင်သော "နိရောဓဓမ္မ" မှာ ဥက္ကောင်း ကြပြီး၊ ပျက်သဘောဟာ (တကယ်ပျက်) ဖြစ်ပြီး မဂ္ဂ သစ္စာမှာ ဥက္ကောင်းကြတယ်။

**ခန္ဓာအစဉ်ပေါ်ရမယ်။**

ဒီတော့မှ မဂ္ဂနဲ့ နိရောဓသစ္စာ နှစ်ပါး ပေါ်လာပြီး၊ ဝိမုတ္တိစမ္မကြီးဟာ ပေါ်ထွက် လာပါပြီ။ ရှေ့ ပညာမြင် ဥဒယဗ္ဗယဉာဏ် ကြီးမှာ ခန္ဓာတွေ ပေါ်လာရမယ်။ ဒီခန္ဓာလေး တွေကို တဖြေးဖြေးနဲ့ သတ်ပြီး၊ မဂ်ကို တက်ရတော့မယ်။ အဲဒါ ကာမအနွယ်ကို (ဝါ) ပုထုဇဉ် အနွယ်ကို ဂေါတြဘူ ဉာဏ်ကြီးက ဖြတ်ပြစ် တာဘဲ မဟုတ်လား။

ကိုင်း....ဒီတော့ နာမနဲ့ သဏ္ဌာန်၊ ရုပ်နဲ့ နာမ်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ၊ အတိတ်နဲ့ အနာဂတ်အရိပ်၊ ပဋ္ဋိက္ကန္ဓာနဲ့ ဥပါဒါနက္ခန္ဓာ၊ ပညတ်နဲ့ ပရမတ် အနေနဲ့ အခုစုပေါင်းပြီး ထွက်နေသေးတယ်မဟုတ်လား။ ဒါကို ဖြတ်တော့မယ် ဆိုတာနဲ့ ဖြစ်ပျက်လို့ ပြောတာဟာ အဝိဇ္ဇာက "ဖြစ်" တဏှာက "ပျက်" လို့ ပြောတာဘဲ မဟုတ်လား။

ဒီနေရာမှာကံမျိုးစေ့ကမဝင်နိုင်သေးပါ။ အဝိဇ္ဇာက (မာယာ) လှည့်ပတ်တယ်။ တဏှာက (သာထေယျ) ကောက်ကျစ်တယ်။ သူတို့ရဲ့ သဘာဝကို ကြည့်လိုက်တဲ့ အခါမှာ သူညတ တွေဘဲ မဟုတ်လား။ ပရိယတ်က (ပညတ်ရှိရင်ပရမတ် ရှိတယ်) ဆိုပြီး သင်လာကြတယ်၊ ဒါတွေကို သင်လာခဲ့ရတာဟာ အစွဲကြီးတာဘဲ မဟုတ်လား။

**အဝိဇ္ဇာက 'ဖြစ်' တဏှာက 'ပျက်'**

ဒီတော့အဝိဇ္ဇာကြီးဟာ ဘယ်လောက်လိမ်ပိန် ခံနေသလဲ။ အဝိဇ္ဇာကြီးက မဖြစ်ဘဲနဲ့ 'ဖြစ်' ဆိုပြီး ပြောနေတာဘဲ မဟုတ်လား။ အခု ဥဒယဗ္ဗယ ပညာကြီးနဲ့ ဖမ်းမှ အလကားကောင်ကြီးဘဲ။ သူက လှည့်ပတ်နေတာဘဲ မဟုတ်လား။ သူ့မှာပညတ် သဘောကြီးပါ။ ပရမတ်လို့ ပြောနေတာသည်ပင်လျှင်လှည့်ပတ်တာဘဲမဟုတ်လား။

တဏှာကလဲ သဏ္ဌာန်လေးကို ခါတ်လေးပါးမှာ စွဲပြီး ရှိနေ တယ်လို့ ပြောနေတာ။ အဲဒါ ဘယ်သူက ကပ်နေသလဲ ဆိုရင် သဏ္ဌာန်လေးဟာ စွဲနေတာဘဲ မဟုတ်လား။ အဲဒါသေသေချာချာ

တွေးပါ။ (ဥပမာ) သဏ္ဌာန်ဟာ ရွှေတုံးမှာ မရှိဘူး၊ ပန်းတိမ် ဆရာရဲ့ စိတ်ဝိညာဉ်မှာ သာလျှင် သဏ္ဌာန်ဟာ ရှိနေ တာဘဲ မဟုတ်လား။

ရွှေတုံးမှာ (ဝါ) ဓါတ်ကြီး လေးပါးမှာ သဏ္ဌာန် ရှိရင် ဘယ်လောက်ဘဲကျိုကျို အရည်ပျော်ပြီး သဏ္ဌာန်ဟာ ပျက်မလား။ အဲဒီလိုသာ ဓါတ်လေးပါးမှာ သဏ္ဌာန် ရှိတယ်လို့ ဆွဲကိုင်ထား တာဟာ တဏှာဘဲ မဟုတ်လား။

ယခု ဖြစ်ပျက်မှာ 'ပျက်' ဆိုတာ သဏ္ဌာန်ရိပ်ဘဲ မဟုတ်လား။ ဒီတော့ တဏှာက အထွက်ရော အဝင်ရော ပြောနေပြန်ပြီ။

ဒီတော့ 'ဖြစ်-ပျက်' 'ဖြစ်-ပျက်' ဆိုပြီးတော့ ပြောနေတာဟာ တဏှာဘဲ မဟုတ်လား။ တဏှာက သဏ္ဌာန်ကို ပြပြီး နာမပညတ် ပေါ်အောင် လုပ်ပေးနေတာ၊ ပျက် ဆိုတာဟာ အကြောင်းကြီး ငုံထားတဲ့ အပျက်ပါ။ အဲဒါကို ဥဒယဗ္ဗယ အနေနဲ့ ပြောလိုက်ရင် ကံမျိုးစေ့လေးကို ငုံထားတာ။ အဲဒါ တဖန် ထပ်ပြီး ဖြစ်မဲ့ သဘောတရားရှိလို့ ကံမျိုးစေ့လို့ခေါ်တာ။

ဒီတော့ လဘက်ရေ ပုဂံလို့ ခေါ်နိုင်အောင် သဏ္ဌာန ကထောက်ခံပေးနေတာဘဲ မဟုတ်လား။ အဲဒါ အသွား သဘော၊ အပြန်သဘောလေး ရှိတယ်။ ဒါ့ကြောင့် မျိုးစေ့ကျတာ၊ အသွား သဘောရှိပြီး အပြန် သဘော မရှိရင် မျိုး စေ့ မကျ တော့ ပါ။ အဲဒါ တကယ်ဖြစ်၊ တကယ် ပျက်ကို တွေ့ရင် ကံမျိုးစေ့ မထွက် တော့ပါ။

ဒီတော့ အဝိဇ္ဇာ, တဏှာ, ကံ, ဒီသုံးခုကို အာဟာရက လက်ခံ နေတာဘဲ မဟုတ်လား။ ဒါကို သူညတနဲ့ အသာရကဌ အနတ္တကို မြင်လာရင် အဲဒါ'မျိုး'မကျတော့ပါ။ ဒီနှစ်ချက်နဲ့ လဲသိမ်းလိုက်ရော "ကံ"က မျိုးစေ့မပေါ်နိုင်တော့ဘဲ ပရတ အနတ္တထဲ ကျသွားမယ်။ နောက် လက်ခံတဲ့ "အာဟာရ" ကလဲအချိုးနှိမ်းဖြစ်ပြီးအဝသဝတ္တန အနတ္တထဲမှာ ကျသွားတော့မယ်။

ကိုင်း သာဓုခေါ်ကြပါတော့။

**" သာဓု—သာဓု - သာဓု "**

# ပုစ္ဆာနံပါတ်(၁၃)

## တော်သလင်းလဆန်း (၁၂)ရက်နေ့ ဟောစဉ်

အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရကို အနုတ္တ လေးလုံးနဲ့ ချေလိုက်တော့ ခန္ဓာဆိုတဲ့ သဘာဝက ပေါ်ထွက်လာတယ်။

ရုပ်-နာမ် ဆိုတဲ့ သဘာဝကို ကြိတ်ချေ လိုက်တဲ့ အခါမှာ ကြောင်း-ကျိုးလို့ဖြစ်လာတယ်။ ကြောင်း-ကျိုးဆိုတဲ့ သဘာဝကို ကြိတ်ချေလိုက်တဲ့အခါမှာ အတိတ်၊အနာဂတ်ဆိုပြီး ဖြစ်လာတယ်။ အဲဒီသဘာဝကို ကြိတ်ချေလိုက်ပြန်တော့ "ဖြစ် ပျက်"ဆိုပြီး ပေါ်ထွက်လာတယ်။ ဒါကို ဆရာတော် ထပ်တလဲလဲ ရှင်းပြခဲ့ပြီ။

အခု အဲဒီသဘာဝတွေ ပြာကျသွားတော့ ဘာထွက်လာရမလဲ။ အဲဒါ ခန္ဓာလေးတွေ ထွက်လာရမယ်။

**ခန္ဓာဆိုတာ ဘာကိုခေါ်သလဲ ?။**

ခန္ဓေတီတိခန္ဓာ၊ ခံသည်းဓါရေတီတိခန္ဓာ၊ ရာသဋ္ဌေနခန္ဓာ၊ ခါဒိတဗ္ဗော ခဇ္ဇိတဗ္ဗောတိ ခန္ဓာ စသည်ဖြင့် ပရိယတ်က ပြတယ်။ အဲဒါ ပေါင်းစုတဲ့သဘော၊ ခဲစားတတ်သောသဘောကို'ခန္ဓာ'လို့ ခေါ်တယ်။

သုဒ္ဓဝိပဿနာယာနိက လမ်းကိုလိုက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဝိမုတ္တိမမ္မကို အခြေခံထားပြီး တရားတက်စဉ် အဆင့်ဆင့် ရှိတာကို သိရမယ်။

လက်တွေ့ အနေနဲ့က ရုပ်နဲ့ နာမ် ဇာတ်သိမ်း သွားပြီလို့ ပြောနိုင်တယ်။ ကြောင်း၊ ကျိုး၊ အတိတ်၊ အနာဂတ်၊ ဖြစ်၊ ပျက် ဇာတ်သိမ်းသွားပြီလို့ ပြောနိုင်တယ်။ ဒီသဘာဝတွေ ဇာတ်သိမ်း သွားပေမဲ့ အဲဒါ ဝိညာဉ်ရဲ့ အရိပ်ကြီးထဲမှာ အစဉ်ကိန်းနေတဲ့ သဘာဝလေး ရှိနေတယ်။

# ပုံစံနံပါတ် (၁၃)



ဒီတော့ ခန္ဓာ ဆိုတာဟာ ဝိညာဉ်ကြီးရဲ့ အရိပ်ထဲမှာ အစဉ် ကိန်းနေတဲ့ သဘာဝလေးတွေကို ခန္ဓာလို့ ခေါ်တာပါ။ အခု ဥဒယဗ္ဗယဉာဏ်ကြီးက ရုပ်နာမ်ကို ဖြုတ်ချလိုက်ပြီ၊ ဒီတော့ရှေ့ကို ၂-ခုအနေနဲ့ မတက်တော့ဘဲ ၄-ခုထားပြီး တက်သွားတော့မယ်။

အခုရုပ်နာမ်ရဲ့ သဘာဝကနေ၊ ပညာသဘောလေးထွက်လာပြီ။ ပထမ ရုပ်နာမ်ကို တွေ့အောင် ရှာရမယ်၊ ဒုတိယ ဒီရုပ်နာမ်ကို သတ်ရမယ်၊ အခု ရုပ်နာမ်ကို သတ်လိုက်ပြီ။

ဒီတော့ ဘယ်သဘာဝထွက်လာသလဲ၊ အဲဒါ ပညာရဲ့ သဘာဝ လေး ထွက်လာရမယ်။ ပရမတ် ရုပ်နာမ်အစစ်ကို တွေ့လျှင်၊ မဂ္ဂနဲ့ နိရောဓသစ္စာ ၂-ပါး ပေါ်ထွက်လာပြီ။ ဒီသစ္စာ ၂-ပါးပေါ်ထွက် လာရင် အပါယ် ၄ ပါးသို့ ဘယ်တော့မှ မကျတော့ပါ။

အခု ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးထဲကိုဝင်လာပြီ၊ရုပ်နာမ်ကို သတ်လိုက်တဲ့ အခါ၊ မဂ္ဂနဲ့ နိရောဓ၊ ဒီသစ္စာ ၂ ပါး ပေါ်ရမယ်။ ဒီနေရာမှာမပေါ်ရင် တရားစစ် တရားမှန် မဟုတ်သေးပါ။ မဂ္ဂနဲ့ နိရောဓ သစ္စာ ၂-ပါးပေါ်လာမှ သာလျှင်, တရားစစ်, တရားမှန် ဖြစ်တယ်။

ကိုင်းဒီတော့ ရုပ်တရားကိုသတ်လိုက်တဲ့အခါမှာဘယ်ခန္ဓာလေး ပေါ်လာမလဲ၊ နာမ်တရားကို သတ်လိုက်တဲ့အခါမှာလဲ ဘယ်ခန္ဓာ လေးပေါ်မလဲ၊ အဲဒီသဘာဝတွေကို မြင်လာရင် ရှေ့ဝိဿနာ တရားတွေကို တက်မဲ့ လှေခါးထစ်လေးတွေကို မြင်သွားပြီ။

ဒီတော့ဝိပဿနာအလုပ်ဆိုတာတကယ်ဘဲ 'အာတာပီစိတ်ဓါတ်' နဲ့ အားထုတ်နိုင်မှ တရားစစ်တရားမှန်ကို ရနိုင်တယ်။ ကိုင်း.... ရုပ်တရားကို သတ်လိုက်တဲ့အခါမှာ ဘယ်ခန္ဓာ ပေါ်မလဲ၊ နာမ် တရားကို သတ်လိုက်တဲ့အခါမှာဘယ်ခန္ဓာပေါ်မလဲ။ ဒါကို တကယ်မှတ် ထားရမယ်၊ ဒီသဘာဝကိုကြံစီရမယ်၊ ဒါမှသာလျှင် သဘာဝတွေ ပေါ်လာမယ်။

အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ တို့ရဲ့ ရေသောက်မြစ်ကို ဖေါ်ထုတ်ခြင်းလို့ အခုအပျက်သဘောကိုထုတ်လာတာပါ၊ ကိုင်း.... ရုပ်တရားနဲ့ နာမ်တရားတို့ကို သတ်လိုက်လို့ သေသွားတဲ့အခါမှာ ဘယ်ခန္ဓာတွေ ပေါ်မလဲ၊ ဒါကိုသဘာဝအနေနဲ့ ရှာနိုင်လာရမယ်၊ ဒါမှသာလျှင် ရှေ့ကိုတက်မဲ့ လှေကားထစ်လေးကို တွေ့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

**သာဓု....သာဓု... သာဓု....။**

**တော်သလင်း လဆန်း (၁၃) ရက်နေ့ ဟောစဉ်။**

ဒီတော့ ရုပ်နာမ်သဘာဝကို ထိုးထွင်း မြင်နေ့သောက် လာခဲ့တာ ဝိညာဏ်ရဲ့ အရိပ်ထဲမှာ ပုံးကွယ်နေတဲ့ (ဝါ) ကိန်းနေတဲ့ ခန္ဓာလေးတွေ တွေ့လာပြီ၊ ဒီခန္ဓာလေးတွေ တွေ့လာရင်ဘဲ အပါယ်တံခါး ပိတ်ပါပြီ။

**ဘယ်ခန္ဓာကအရင်ပေါ်သလဲ**

ဒီတော့ ခန္ဓာ ပေါ်တော့မယ် ဆိုရင် ဘယ်ခန္ဓာက အရင်စပေါ်လာမလဲ၊ဒါကို စဉ်းစားပါ။ နာမ်ခန္ဓာ၄-ပါးရှိတယ်၊ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဒီခန္ဓာ ၄-ကောင် ထဲက ပထမဦးဆုံး ဘယ်ခန္ဓာ ပေါ်မလဲ။

(သညာ ပုဗ္ဗကာ သင်္ခါရာ)

သင်္ခါရာ၊ ၃၁-ဘုံကို ချုပ်ထွင် တတ်သော တရား အစုတို့တွင်။ သညာပုဗ္ဗကာ၊ သညာသည်သာလျှင် ပြဋ္ဌာန်းခြင်းရှိ၏။ (ဝါ) သညာသာလျှင် ရှေ့သွားရှိ၏။

ဒီတော့ သညာလေးကရှေ့သွားပြုပြီး ဝိညာဏ်ကြီးရဲ့အရိပ်မှာ ပေါ်လာတယ်၊ မဟုတ်လား၊ ဒါကြောင့် သညက္ခန္ဓာက စပြီး ပေါ်လာတယ်။

အဲဒါ ရုပ်တရားဖြစ်တဲ့ အဝိဇ္ဇာရိပ်ကို သတ်လိုက်လို့ ရှိရင် သညက္ခန္ဓာ ပေါ်လာတယ်၊ နာမ်တရား ဖြစ်တဲ့ တဏှာရိပ်ကို သတ်နိုင်ရင် အဲဒါ ဝေဒနက္ခန္ဓာ ပေါ်လာတယ်။

ဒါကိုဘဲ ရှေးဆရာတော်ကြီး များက (ရုပ်နာမ် သေသော် ခန္ဓာထွက်၏)လို့ ဆုံးမတော်မူထား ခဲ့ကြပါတယ်၊ ဒီတော့ ခန္ဓာ ပေါ်ထွက်လာပုံ သဘာဝကို နေ့မပျက်၊ ရက်မပျက် တရား နာယူလာရင်, သဘော ပေါက်လာပါလိမ့်မယ်။

ဒီတော့ ရုပ်တရားဖြစ်တဲ့ အဝိဇ္ဇာရိပ်ကို သတ်လိုက်တဲ့ အခါမှာ သညက္ခန္ဓာ ပေါ်လာတယ်၊ နာမ်တရား ဖြစ်တဲ့ တဏှာရိပ်ကို သတ်လိုက်တဲ့ အခါမှာ ဝေဒနက္ခန္ဓာ ပေါ်လာတယ်၊ ဒီတော့ ခန္ဓာလေးတွေ ပေါ်ရတာဟာ အရင်က အကြောင်းတရား ၄ ပါးကို ထောက်ပြီး ပေါ်ရတယ်၊ အဲဒီဟာကို ပြန်ထောက်ကြည့်ပါ။

**စက်ရဟတ်လေးချက် ထွက်လာပြီ** အဝိဇ္ဇာ, အတိတ် အကြောင်းစက်၊ တဏှာ, ပစ္စုပ္ပန် အကျိုးစက်၊ ကံ,ပစ္စုပ္ပန်အကြောင်းစက်၊ အာဟာရ,အနာဂတ်အကျိုးစက် ဒါကို ပြန်ထောက်ရမယ်၊ ဒီရေသောက်မြစ် ၄-ချက်ဟာ ဘယ်မှာ ကုတ်ထားသလဲ? အဲဒါကို ကြည့်ရမယ်၊ ဘယ်မှာ ကုတ်ထားသလဲ ဆိုရင် အတိတ် အကြောင်းစက်, ပစ္စုပ္ပန် အကျိုးစက်, ပစ္စုပ္ပန် အကြောင်းစက်, အနာဂတ် အကျိုးစက်မှာ ကုတ်ထားတယ်။

ဒီတော့ ရေသောက်မြစ်ကို နှုတ်လိုက်တာနဲ့, ဒီကုတ်ထားတဲ့ ဟာကို လာတွေ့တော့မယ်၊ အဲဒါစက်ရဟတ်၄-ချက်ထွက်လာတယ်၊ အကြောင်းတရား ၄-ပါးကို အနတ္တ ၄-ချက်နဲ့လဲ သိမ်းလိုက်ရော စက်ရဟတ် ၄-ပါး ထွက်လာတာကို တကဏ္ဍမြင်အောင် ရှုထားပါ၊ ဒီရေသောက်မြစ်ကို တူးဖော်ရဦးမယ်မဟုတ်လား။

(ဥပမာ) သစ်ပင်တပင်ကို သတ်တဲ့အခါမှာ ထိုပုဂ္ဂိုလ်ဟာ ပထမ ကိုင်းဖျားတွေကို ချိုင်ရမယ်၊ ဒုတိယ ခက်မငါးဖြာ ခေါ်တဲ့ အကိုင်းကြီးတွေကို ချိုင်ရမယ်၊ တတိယ ပင်လုံးကြီးကို ငါးမန်း စွယ်လို့ ခေါ်တဲ့ လွှကြီးနဲ့ ဖြတ်ရမယ်။

ဒါနဲ့ ဒီသစ်ပင်ဟာ သေပြီလား၊ မသေသေးပါ။ သူ့မှာ ရေသောက်မြစ်ကြီးတွေ ကျန်နေသေးတဲ့ အတွက် တနေ့ကြရင် အညွန့်အညှောင့်တွေ ပြန်ပေါက်ဦးမှာဘဲ မဟုတ်လား?။

ဒီတော့ ရေသောက်မြစ်ကိုလဲ တူးရဦးမယ် မဟုတ်လား။ ဒါမှ သာလျှင် ဒီသစ်ပင်ဟာ တခါထဲ သေမှာဘဲ မဟုတ်လား၊ အဲဒီ ဥပမာလိုဘဲ၊ အခုလဲ ရေသောက်မြစ်ကို တူးရဦးမယ်။

ဒီရေသောက်မြစ်ကိုဖြတ်ဘို့ရှေ့ကဏ္ဍမှာပညာမြင်အနိစ္စ၊ပညာမြင် ဒုက္ခ၊ ပညာမြင်အနတ္တဉာဏ်တွေနဲ့ ဖြတ်ရမယ်၊ (ဝါ) တူးရမယ်။ ဒါကို မှတ်ထားပါ။ ကိုင်း....ဒီတော့ အကြောင်းတရား ၄ ပါးကို ဖြတ်လိုက်တော့ စက်ရဟတ် ၄ ပါး ထွက်လာတယ်။ အဲဒါ ရေသောက်မြစ်ဘဲ။

အနတ္တ ၄-ချက်နဲ့ သိမ်းလိုက်တဲ့ အခါမှာ အဝိဇ္ဇာကြီးက ဘာထွက်လာသလဲ၊ တဏှာကြီးက ဘာထွက်လာသလဲ၊ ကံက ဘာထွက်လာသလဲ၊ အာဟာရက ဘာထွက်လာသလဲ။ ဒါကို ဖေါ်ရမယ်၊ အဲဒါ ခန္ဓာ ၄ ကောင် ထွက်လာတယ် မဟုတ်လား။

အဲဒါ **အဝိဇ္ဇာ**ရိပ် ဖြစ်တဲ့ အတိတ်အကြောင်းစက်ရဟတ်ကို ဖြတ်လိုက်တဲ့ အခါ သညာက္ခန္ဓာ ထွက်တယ်၊ တဏှာရိပ် ပစ္စုပ္ပန် အကျိုးစက်ရဟတ်ကို ဖြတ်လိုက်တော့ ဝေဒနက္ခန္ဓာ ထွက်တယ်၊ ကံရိပ် ပစ္စုပ္ပန်အကြောင်းစက်ရဟတ်ကိုဖြတ်လိုက်ရင် သင်္ခါရက္ခန္ဓာ ထွက်တယ်၊ အာဟာရရိပ်အနာဂတ်အကျိုးစက်ရဟတ်ကိုဖြတ်လိုက် တော့ ဝိညာဏက္ခန္ဓာ ပေါ်ထွက်လာတယ်၊ ဒီလို ခန္ဓာ ၄-ပါး ထွက်ပေါ်လာရမယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု....သာဓု....သာဓု.... "**

## တော်သလင်းလဆန်း (၁၄) ရက်နေ့ ဟောစဉ်။

**ပညာမြင် အပျက်သဘောဆိုတာ၊ ဘယ်ဟာခေါ်သလဲ?** ဖြစ်-ပျက်ဆိုတဲ့ နှစ်ပါးက သံသရာကြီးမှာတွဲပြီး ထူထောင်လာကြတယ်။ အခု ဥဒယဗ္ဗယကြီးက အဝိဇ္ဇာကြီးကိုလဲ ရိုက်ချိုးလိုက်ရော၊ ဖြစ်ဆိုတဲ့ သဘောမရှိတော့ဘဲ၊ မဖြစ်ဆိုတဲ့သဘောထွက်လာတယ်။

တဏှာကလဲ"တကယ်ပျက်" ဖြစ်သွားပြီးတော့ "အစဉ်ပျက်" မပွါးပြင်နိုင်တော့တဲ့ သဘောထဲကျသွားတယ်။ အခု ကံ-မျိုးစေ့ လေးဟာ၊ အဲဒါ မျိုးမချနိုင်တော့ပါ၊ အခု ဥဒယဗ္ဗယကြီး ကျတော့ အပျက်သဘောမှာ ဥက္ကောင်းကျတယ်။ ပညာမြင် အပျက်ဆိုတာဟာ ဘယ်လိုနေသလဲ၊ အဲဒီထဲက ပညာရဲ့သဘာဝ လေး ထွက်ရမယ်။

ဒီတော့ "ဖြစ်" က မဂ္ဂ၊ "ပျက်"က နိရောဓ၊ ထွက်လာတယ်။ ရှေ့ကို အဝိဇ္ဇာ၊ တဏှာတို့ဟာ အပင်ကြီးအနေနဲ့ မရှိတော့ပါ၊ အဲဒါ ရေသောက်မြစ်လေးတွေအနေနဲ့သာရှိတော့မယ်။ အဲဒီဟာ တွေကို ဖြတ်ရအုန်းမယ်။

ကိုင်း.... ဒီတော့ အဝိဇ္ဇာ,တဏှာ,ကံ,ဒီသုံးပါးဟာ"အာဟာရ" လေးထဲမှာဝင်အောင်းနေတယ်။ ဒီတော့ ရေသောက်မြစ်တွေက အတိတ်အကြောင်းစက်၊ ပစ္စုပ္ပန်အကျိုးစက်၊ ပစ္စုပ္ပန်အကြောင်း စက်၊ အနာဂတ်အကျိုးစက်၊ ဒီလေးပါးဟာ ရေသောက်မြစ် ရှိနေတယ်။ ရှေ့ကို ဒီစက်ရဟတ်တွေကို ရိုက်ချိုးရအုန်းမယ်။ ဒီတော့ အခု မဂ္ဂနဲ့ နိရောဓ,ရထားပြီ။

**သစ္စာလေးပါးပေါ်ထွက်ပုံ။** ဒါကြောင့် ခြောက်ပါး ဝိဉာဉ်၊ **သိထင်မြင်နဲ့၊ သုံးအင် ကမ္မ၊ ပုံသဗျှမှာ၊ ဒုက္ခ သမုဒယာ၊ ဖြစ်၍လာ၏ ပညာသိမှု၊ ဒွာရသုံးခု၊ ပုံပုံသမျှ၊ မဂ္ဂသစ္စာ နိရောဓာကြ၊ ဖြစ်လာရသည်၊ မြင်ကြအမျှား၊ အမှန်နှင့်အမှား (၀၁) သစ္စာအပြား၊ မှန်လေးပါး။**

ကိုင်း.... ဒီတော့ သညာဝိညာဉ်နဲ့ လုပ်လာတဲ့ဟာတွေကို အခု ဥဒယဗ္ဗယကြီးကလဲ ဖြတ်လိုက်ရော၊မဂ္ဂနဲ့ နိရောဓသစ္စာနှစ်ပါးဟာ ထွက်လာတော့တယ်။ ဒါကို ရှေ့ကြမှစစ်လိမ့်အုန်းမယ်။အစဉ်ပျက် ဆိုတာဟာ ငြိမ်းအေးဘဲ့အထဲမှာ ဥက္ကောင်းကျတယ်။

ဒီတော့ မပြုပြင်တဲ့သဘောက "နိရောဓ"း ပြုပြင်တဲ့သဘောက "ဒုက္ခ"၊ မဖြစ်တဲ့သဘောက "မဂ္ဂသစ္စာ"၊ဖြစ်တဲ့သဘောက '**သမုဒယ သစ္စာ**'၊ ဒီလိုသစ္စာလေးပါးထွက်လာတယ်။

အဲဒါ ဥဒယဗ္ဗယဉာဏ်မှာလာထွက်နိုင်တယ်။ပဋိစ္စသမုပ္ပါဒ်ကြီး ဟာလဲ ဒီနေရာမှာ လာပေါ်တယ်။ပင်လုံးကြီးကိုဖြတ်လို့ကျန်တဲ့ ဟာက ခန္ဓာလေး၊ လေးကောင်ထွက်လာတယ်၊ သညက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုပြီးထွက်တယ်။

ဒီတော့ ဒီနေရာမှာ သညက္ခန္ဓာကို ဘာ့ကြောင့် ရှေ့က ထွက်လာသလဲဆိုရင်၊ (သညာပုဗ္ဗကာ-သင်္ခါရာ)လို့ ပါဠိတော်မှာ ပါသည့်အတိုင်း၊ သင်္ခါရတရားတို့ မည်သည် သညာသာလျှင် ရှေ့သွားပြု၏ ဆိုသလို၊အဲဒါ ပဋိစ္စသမုပ္ပါဒ်ကြီးကိုထောက်ပြီးတော့ ပေါ်ရတာပါ၊ သညာရဲ့ အမှတ်အသားတွေဟာ အတိတ်က အားယူလာပြီးတော့ ဝေဒနာမှာ ဥက္ကောင်း ချရတယ်။

**ဝေဒနာဒဏ်ချက်ပြင်းလေ၊သညာအမှတ်မြဲလေဘဲ** မဟုတ်လား သညာသည် အတိတ်မှာ အားရှိသည်၊ ဇဝေဒနာသည် ပစ္စုပ္ပန်မှာ အားကြီးသည်၊ ဒါ့ကြောင့်............

မိဘ ဆရာ၊ လက်ဦးစွာကား၊ ဒီမှာကားဆား၊ သည်မှာငါးနှင့် စပါး ပြောင်းနှံ၊ ခေါ်ရိုးဟန်ဖြင့်၊ ကျမ်းကြီးအသွင်၊ ဆင့်ဆင့် သင်လျှက်............

လို့ ရှေးဆရာကြီးတွေ စပ်ဆိုထားကြတယ်။ ဒါ့ကြောင့်၊ သညက္ခန္ဓာ ဆိုတာနဲ့ အတိတ်အကြောင်းစက်ကို ဝင်တိုးမယ်။ သူလာဘဲ့မျိုးကိုစစ်လိုက်ရင်၊ ရုပ်ပေါ်ကယူလာတဲ့ အမှတ်အသား လေးတွေဘဲမဟုတ်လား။ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဖွင့်ဆိုတာနဲ့ သညာကစပြီး လာရတော့မယ်။

အဝိဇ္ဇာရဲ့ ရေသောက်မြစ်ဟာ အတိတ်အကြောင်းစက်, **သညက္ခန္ဓာ**။

တဏှာရဲ့ ရေသောက်မြစ်ကြတော့၊ ပစ္စုပ္ပန် အကျိုးစက်, **ဝေဒနက္ခန္ဓာ**။

ကံရဲ့ ရေသောက်မြစ်ကြတော့၊ ပစ္စုပ္ပန် အကြောင်းစက်, **သင်္ခါရက္ခန္ဓာ**။

အာဟာရရဲ့ ရေသောက်မြစ်ကြတော့၊ အနာဂတ်အကျိုးစက် **ဝိညာဏက္ခန္ဓာ**။

ဒီဟာတွေကို ပေါ့ပေါ့လေး မအောင့်မေ့နဲ့၊ အဲဒါ လူတခါ သေရင်၊ ဘဝတခုအသစ် ပြန်ဖြစ်တာဘဲမဟုတ်လား။ အဲဒါ· ဒိဋ္ဌိစွဲလေးရှိနေတာနဲ့ စုတိစိတ်ဖြစ်ပြီးကျတဲ့အခါ၊ နိမိတ်သုံးပါးက ပြပြီးဆွဲတော့တာပါဘဲ။ အဲဒါ·ကောင်းတဲ့နိမိတ်ကဆွဲရင်၊ကောင်းတာ ဖြစ်သလို၊ မကောင်းတဲ့ နိမိတ်ကဆွဲရင်လဲ မကောင်းတာ ဖြစ်တာဘဲဆိုတာ သေသေချာချာစဉ်းစားပါ။

အဲဒါ အနာဂတ် အကျိုးစက်မှာ၊ သုံးပါးဟာ- မြင့်နေတဲ့ အတွက် ဝိညာဏက္ခန္ဓာ ပေါ်လာတာဘဲမဟုတ်လား။ အဲဒါ ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်လေးပါးကိုမှီပြီးတော့၊ခန္ဓာလေး၊လေးကောင် ပေါ်လာတာ၊ ဒီ-နာမ်ခန္ဓာလေး၊ လေးကောင်ပေါ်လာတယ်။

**ရူပက္ခန္ဓာ ဆိုတာ။** ရူပက္ခန္ဓာကြတော့ ဖေါက်ပြန်တဲ့ သဘောကို မယူနဲ့တော့၊ ဒီလေးကောင်ပေါင်းတဲ့သဘော အနေနဲ့သာယူပါ။ ဒီ-နာမ်ခန္ဓာလေး၊ လေးကောင်ပေါင်းစုတဲ့ အခါမှာ- ရူပက္ခန္ဓာ (တနည်း) ဒီလေးပါးက သွားပြီးဆွဲတဲ့အာရုံကို ရူပက္ခန္ဓာလို့ယူပါ။

ကိုင်း....ဒီတော့-ခန္ဓာငါးကောင် ထွက်လာပြီ၊ ဥဒယဗ္ဗယကြီးကို ကြည့်လိုက်ရင် မဂ္ဂနဲ့ နိရောဓ တို့ရဲ့ တရားခံဖြစ်တဲ့ သမုဒယနဲ့ ဒုက္ခယာ ရေသောက်မြစ်ပါ။

ဒီတော့ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလေး၊ လေးကောင့်မြင်လာတာကို ဥဒယဗ္ဗယလို့ခေါ်တယ်။ စက်ရဟတ်ကြီးတွေကို ရှေ့တက်ပြီး ဖြတ်ရအုန်းမယ်။ အခု ဒီနေရာမှာ ကျယ်ဝန်းလာပြီ၊ အလုပ်တွေ များလာပြီမဟုတ်လား၊ စက်ရဟတ်လေးပါး ထွက်လာတာနဲ့ သစ္စာလေးပါး၊ ခန္ဓာငါးပါးဟာ ထွက်လာပြီ။

ကိုင်း....ဒီတော့-ပဋိစ္စသမုပ္ပါဒ်ကြီး လယ်နေတာကို သတ်ရတော့မယ်။ ဒီနေရာမှာ ယထာဘူတ အသိလို့ယူလိုက်ပါ။ ယထာဘူတ အသိကနေပြီး အနုဗောဓ အသိကိုတက်ရတော့မယ်။ ဒီတော့ တရား ဟောစဉ်သာဆုံးသော်လဲ အသိကမဆုံးသေးပါ။ ပဋိဝေဓအသိကို တက်ရလိမ့်အုန်းမယ်၊ မဂ်ကိုရမှ ပဋိဝေဓအသိ ဖြစ်လာတယ်။

အနုဗောဓအသိဆိုတာ မှန်းဆနေသော အသိမျိုးပါ။ အဲဒါ မှန်းဆနေသမျှ ကာလပတ်လုံး အနုဗောဓ အသိလို့ ယူလိုက်ပါ၊ နက်ဖြန်ကြမှ ရေသောက်မြစ်ကို ဖြတ်ပြတော့မယ်။ အဲဒါအဝိဇ္ဇာနဲ့ တဏှာ ရေသောက်မြစ်တို့ကို ဖြတ်ရတော့မယ်။

ဒီတော့ ဘယ်ဟာကို အရင်ဖြတ်မလဲ၊ ဒါကို အနုပဿနာဉာဏ် (၄)ဉာဏ်ကိုတင်ရတော့မယ်၊ အဲဒီဉာဏ်တွေကို တက်တဲ့အခါမှာ ဒုက္ခသစ္စာအနက်ဖြစ်တဲ့ "ပုပြင်တဲ့သဘော" "နှိပ်စက်တဲ့သဘော" "ပူပန်တဲ့သဘော"၊ "ဖောက်ပြန် ပျက်စီးတဲ့ သဘော" တို့ကို သတ်ရမယ်။

အဲဒါ ပညာမြင် အနိစ္စဉာဏ်က ပုပြင်တဲ့ ဒုက္ခကို သတ်မယ်၊ ပညာမြင်ဒုက္ခဉာဏ်ကနှိပ်စက်သောသဘောကိုသတ်မယ်။ပညာမြင် အသုဘဉာဏ်က ပူပန်တဲ့သဘောကို သတ်မယ်။ ပညာမြင်အနတ္တ ဉာဏ်က ဘောက်ပြန်ပျက်စီးတဲ့ သဘောကိုသတ်ပြီး မဂ်ကို တခါထဲ တက်သွားတော့မယ်။

ကိုင်း....သာခုခေါ်ကြပါတော့။

" သာဓု....သာဓု....သာဓု.... "

ပညာမြင် ဥဒယဗ္ဗယညာဏ် ခန္ဓာပိုင်း ပြီးပါပြီ။

F.39

# ပုံစံနံပါတ်(၁၄)

## တော်သလင်း လဆုတ် (၁)ရက်နေ့ ဟောစဉ်။

**တဏှာသဘာဝလေးချက်** ဒီတော့မဂ်ကဖြတ်ရမှာကသမုဒယကို ဖြတ်ရမှာ။ ဒီသမုဒယဆိုတဲ့တဏှာရဲ့ သဘာဝက, ၄-ချက်ရှိတယ်။

၁။ အကောင် သဘော တဏှာ။
၂။ အရောင်သဘောတဏှာ။
၃။ အရိပ်သဘောတဏှာ။
၄။ အခိုးအငွေ့သဘောတဏှာ။

ဒီလို ၄-ချက် ခွဲခြားလိုက်ပါ။ ဒီတော့ အကောင်, အရောင်, အရိပ်, အခိုးအငွေ့ဆိုတဲ့သဘာဝကို ဝေဖန်ကြည့်ပါ၊ အကောင် သဘောဆိုတာ ဘာလဲ?။

အကောင်သဘောတဏှာဆိုတာက အတ္တဒိဋ္ဌိ အစွဲကြမ်းကြီး (၂၀)ဟာ၊ အပြည့် ရှိနေတာကို ပြောတာပါ၊ ဒါကို နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ်က သိမ်းဆည်းခဲ့ပါပြီ။

နောက် အရောင်သဘော တဏှာ ဆိုတာက ကာလ သုံးပါးက ထွက်လာတဲ့ တဏှာသဘောပါ။ ဒါကို သမ္မသနဉာဏ်ကသိမ်းဆည်း ခဲ့ပြီ။"အရိပ်သဘောတဏှာ"ဆိုတာက ယခု ပုံစံ(၁၄)မှာပြထားတဲ့ "ဆည်းပူး, နှင်းဆောင်, ဖွဲ့နှောင်. နှောက်ယှက်" ဒီ ၄-ချက်ဟာ "အရိပ်သဘော တဏှာ"ပါ၊ ဒါဟာ သမုဒယသစ္စာ ကွန်ယက် ကြီးပါ။

ဒါကို သမုဒယရေသောက်မြစ် ၄-ချက်လို့လဲခေါ်တယ်၊ ဒါကို အနုပဿနာ(၇)ဉာဏ်နဲ့ချေရမယ်။"အခိုးအငွေ့သဘောတဏှာ" ဆိုတာက "**အနုသယသဘောလေး**"ကို ခေါ်တယ်။ ဒါမှ တကဲ့ ရေသောက်မြစ်ပါ၊ ဒီရေသောက်မြစ် အနုသယလေးကို "မဂ်ဝင် တရားခံ"အနေနှင့် ဆွဲထုတ်ပြီး "မဂ်ဉာဏ်ကြီး"ကဖြတ်မယ်။

# ပုံစံနံပါတ် (၁၄)



**စက်ရဟတ် လှည့်နေပုံ** ဒါတွေကိုဝေဖန်နိုင်ရမယ်။ ဒါမှသာလျှင် တရားလိုင်းဟာ ထလာမယ်၊ “**ဆည်းပူး တယ်**”ဆိုတဲ့ ဟာကို လိုက်ရှာစမ်းပါ။ (၂၉) ပါးသော ကံတွေကို လိုက်ကြည့်လိုက်ရင် ဒါနသီလတွေဟာ တဏှာနဲ့လုပ်နေတာတွေ မှန်ရင်ဆည်းပူးနေတယ်လို့ခေါ်တယ်၊ အဲဒီကြအောင်လိုက်ကြည့်ပါ အားထုတ်တဲ့သဘောကို ပဋိစ္စသမုပ္ပါဒ်ခွဲရင် “**ဆည်းပူးတဲ့သဘော အတိတ်အကြောင်းစက်**”ထဲကို ထည့်ရမယ်။

အတိတ် အကြောင်းစက်ဟာ ဆည်းပူးတဲ့ သဘောပါ။ ဆည်းပူး ဆိုတာဟာ (၂၉)ပါးသော ကံတရားတွေကို ဆည်းပူးနေတယ်။ အဲဒါ တဏှာကြီးက ခိုင်းလာတဲ့အတွက်ကြောင့် ဆန္ဒရာဂတွေနဲ့ ပြုလုပ်လာတယ်။ ဒါတွေဟာ ဥပါဒါန် အစီးအပွား နယ်ကြီး ကျယ်နေတာဘဲ မဟုတ်လား။

ဒါဟာ အနမတဂ္ဂ သံသရာ အစမထင်တဲ့ ဘဝက စပြီးတော့ ဒီဥပါဒါန်ရဲ့ အစီးအပွားကြီးတွေကို ဆည်းပူးတာဘဲ မဟုတ်လား၊ ဒါ့ကြောင့် ဆည်းပူးတဲ့သဘော အတိတ်အကြောင်းစက်ပါ။

နောက်တခါ **နှင်းဆောင်တဲ့သဘော၊ ပစ္စုပ္ပန်အကျိုးစက်ပါ၊** အတိတ်အကြောင်းစက်ကလဲ (၂၉)ပါးသောကံတွေကို ဆည်းပူး လာရော....အဲဒီဆည်းပူးလာတဲ့ဟာတွေကို ပစ္စုပ္ပန် အကျိုးစက်ကြီး ထဲလဲ နှင်းဆောင်လိုက်ရော....အဲဒါ ပစ္စုပ္ပန်ဘဝကြီးမှာကို ခန္ဓာ ကောင်ကြီး ရလာပြီမဟုတ်လား။

အဲဒီလို နှင်းဆောင်တဲ့သဘော ပစ္စုပ္ပန် အကျိုးစက်ကြီးထဲလဲ ရောက်လာရော....ထိုပုဂ္ဂိုလ်မှာ အနာဂတ်မျိုးအတွက် ဖွံ့နှောင်လာ တော့တယ်။ နောက်ဘဝကို ဥပါဒါန်ရဲ့ အစီးအပွား နယ်ကြီး ကျယ်ပြီး ဒီနယ်ကြီးထဲမှ မထွက်နိုင်အောင် (၂၉)ပါးသောကံ တွေကို တဖန် လုပ်ဆောင်လာတော့တယ်၊ အဲဒါ ဖွံ့နှောင်လာပြီ။

အဲဒါ ဥပါဒါန်ကြီးက မလွတ်အောင် (၀၁) တဏှာ သဘော ကြီးကမလွတ်အောင်ဖွံ့နှောင်လာပြီ။ ဒါဟာ ပစ္စုပ္ပန် အကြောင်း စက်ကြီးပါ။ ဒီလိုလဲ ဆည်းပူး အတိတ်အကြောင်းစက်၊ နှင်းဆောင် ပစ္စုပ္ပန်အကျိုးစက်၊ ‘ဖွံ့နှောင်**တဲ့သဘော ပစ္စုပ္ပန်အကြောင်းစက်**’လို့ ရှိလာရော....။

အဲဒါ အနာဂတ်ဘဝမှာကို ရောက်အောင် (၂၉)ပါးသော ကံတွေနဲ့ "**နှောက်ယှက်**"လာပြီ။ အဲဒါဟာ "**အနာဂတ်အကျိုးစက်**"လို့ခေါ်တယ်။ ဒီလိုကို စက်ရဟတ်ကြီးတွေ လှည့်နိုင်ရမယ်။

**တဏှာသဘာဝ ၄-ချက် ဘယ်ကထွက်လာသလဲ**

ဒီတော့ အကောင်, အရောင်, အရိပ်, အခိုးအငွေ့ ဖြစ်တဲ့ တဏှာ သဘာဝ ၄ ချက်တို့ဟာ ဘယ်ကနေ ထွက်လာသလဲဆိုရင် အရင် နာမရူပ ပရိစ္ဆေဒ ဉာဏ်မှာ အတ္တဒိဋ္ဌိတို့ကို သတ်လိုက်တဲ့ အခါ, ဒိဋ္ဌိတွေ သေသွားပြီး၊ အဲဒီကနေ ပညာရဲ့ သဘောလေးအနေနဲ့ ထွက်လာတာကို အခု အနုပဿနာဉာဏ်မှာ တရားခံ တင်လိုက်တော့, အဲဒါ " အကောင် သဘော တဏှာ ဆည်းပူးတဲ့သဘော" တင်လာတယ်။

နောက်တခါပစ္စယပရိဂ္ဂဟဉာဏ်ရောက်လာတော့အကြောင်းနဲ့ အကျိုး တရားကို သိမ်းဆည်း လိုက်ရော .... "အကြောင်းပြတ်, အကျိုးငြိမ်း" ပြီးတော့, ဒီကနေ ထွက်လာတဲ့ ပညာသဘောဟာ အခု အနုပဿနာဉာဏ်မှာ တဏှာသဘောကို တရားခံအနေနဲ့လဲ ဆွဲတင်လိုက်ရော....အဲဒါ"အရောင်သဘော,နှင်းဆောင်တဲ့သဘော' တင်လာတယ်။

နောက် သမ္မသနဉာဏ်ရောက်လာပြန်တော့ ကာလ(၃)ပါးကို လက္ခဏာရေး(၃)ပါးနဲ့ဖြတ်လိုက်တဲ့အခါမှာ (တနည်း)သညာရဲ့ သဘောလေးကို ဖြတ်လိုက်တဲ့အခါမှာ အတိတ်အစွန်း, အနာဂတ် အစွန်းတို့ဟာ ပြတ်ပြီးတော့ ပစ္စုပ္ပန်မှာ ဝင်ပြီး ပုံးနေတော့တယ်။ ယခု အနုပဿနာဉာဏ်မှာ တဏှာရဲ့ တရားခံကိုလဲ ဆွဲတင်လာရော အဲဒါ"အရိပ်သဘောတဏှာ, ဖွဲ့နှောင်တဲ့သဘော"ဟာ ထွက်လာတော့တယ်။

နောက် ဥဒယဗ္ဗယကြီး ရောက်လာပြန်တော့ "ဖြစ်,ပျက်"ကို လိုက်ရှာပြီး ဝိညာဉ်ရဲ့ရေသောက်မြစ်ကို ဆွဲထုတ်ပြီး သုည၄-လုံးနဲ့ သတ်လိုက်တဲ့အခါမှာ ဝိညာဉ်ရဲ့ ရေသောက်မြစ်တွေဟာ ပြတ်ပြီး တော့, ဒီကနေ ပညာရဲ့သဘောလေးဟာ ထွက်ပေါ်လာတယ်။

ဒါကို အခု ဒီနေရာကဆွဲထုတ်လိုက်တဲ့ အခါမှာ အဲဒီ "အခိုးအငွေ့သဘောဖြစ်တဲ့ နှောက်ယှက်တဲ့ တဏှာသဘော" ထုတ်လာရတာပါ။

ဒါကို ယခုဖေါ်ပြီးတော့ သတ်ရတော့မယ်။ အဲဒါအောက်ဉာဏ်တွေကနည်းအမျိုးမျိုးနဲ့သတ်ခဲ့သော်လဲ၊ တကဲ့ပညာအနေနဲ့မသတ်နိုင်ဘဲ, သညာဝိညာဉ် အနေနဲ့သာ သတ်လာတဲ့အတွက်ကြောင့် တကယ်မသေခဲ့တဲ့အတွက်....

ယခု အကျိုးတရားတွေကို သတ်တဲ့အခါမှာ အရင်က ကျန်နေတဲ့ "တရားခံလေး"တွေကို အခုဆွဲတင်လာတာပါ။ အဲဒါကို**ဥပါဒါန်ရဲ့ အစီးအပွားတွေ**လို့ယူပါ။ ဥဒယဗ္ဗယဉာဏ်ကနေ လွန်ပြီးလုပ်လာဘဲ့ဟာတွေကျတော့ ဥပါဒါန်ရဲ့ အစီးအပွားကထွက်မဲ့ဟာလို့ယူပါ။

ကိုင်း....သာဓုခေါ်ကြပါတော့။

**"....သာဓု....သာဓု....သာဓု...."**

**တော်သလင်းလဆုတ်(၂)ရက်နေ့ ဟောစဉ်။**

သမုဒယသစ္စာ အနက် ၄-ချက်ကို၊ သမုဒယရေသောက်မြစ်လို့ခေါ်တယ်၊ ဒီသမုဒယရေသောက်မြစ်ဟာ၊ ဆည်းပူး(အာယူဟနဋ္ဌ) နှင်းဆောင်(နိဒါနဋ္ဌ) ဖွဲ့နှောင် (သံယောဂဋ္ဌ) နှောက်ယှက် (ပလိဗောဓဋ္ဌ)။

ဒီ ၄-ချက်ကို ပဋိစ္စသမုပ္ပါဒ်ထဲမှာ သွင်းလိုက်တော့ အတိတ်အကြောင်းစက်, ပစ္စုပ္ပန်အကျိုးစက်, ပစ္စုပ္ပန်အကြောင်းစက်, အနာဂတ်အကျိုးစက်, ဆိုပြီး၊ စက်ရဟတ်ကြီး ၄-ချက် ထွက်လာတယ်။ ဒါကို မနေ့ကဟောစဉ်မှာ ဟောခဲ့ပြီးပြီ။

**ဘယ်လိုသတ်မလဲ?** အခု ဒီသမုဒယ ရေသောက်မြစ် ၄-ချက်ကို သတ်ရမယ်။ ကိုင်း ဘယ်လိုသတ်မလဲ?။

ဒီသမုဒယ ရေသောက်မြစ် ၄-ခုကို (ခယဓမ္မာ) ကုန်ခြင်းသဘော၊ (ဝယဓမ္မာ) ပျက်ခြင်းသဘော၊ (ဝိရာဂဓမ္မာ) ကင်းခြင်းသဘော၊ (နိရောဓဓမ္မာ) ချုပ်ခြင်းသဘော၊ ဆိုပြီး၊ **ကုန်,ပျက်, ကင်း,ချုပ်,** ဒီ ၄ ချက်နဲ့ သတ်ရမယ်။

ဒါမှ အနာဂတ်အကျိုးစက်ဆိုတဲ့ စက်ရဟတ်ကြီး ရပ်သွားပြီး တဏှာဆိုတဲ့ရေသောက်မြစ်ကြီးကျွတ်သွားမှာ။ ဒီရေသောက်မြစ် ၄-ခု ကျွတ်သွားရင်, အဲဒါ နိဗ္ဗာန်ဝင်ရတော့မယ်။

ဒီတော့ အတိတ်အကြောင်းစက်ကြီးကိုကြည့်ရမယ်၊ သောတာပတ္တိမဂ်ဟာ အတိတ်အကြောင်းစက်ကိုသာ ရပ်လို့ရတယ်၊ "**အတိတ်အကြောင်းစက်**"မှာ အဝိဇ္ဇာ, တဏှာ, ကံ, ကို သညာရိပ်ကြီးခေါ်တယ်၊ ဒီ ၃-ပါး ပေါင်းပြီးတော့ **အဝိဇ္ဇာ**ကြီးက ပြဋ္ဌာန်းလာတယ်။

"**ပစ္စုပ္ပန်အကျိုးစက်**" ကြတော့ **တဏှာ** က ဦးစီးပြီး ပြဋ္ဌာန်းလာတယ်။**ပစ္စုပ္ပန်အကြောင်းစက်**ကြတော့"**ကံ**"ကဦးစီးပြီးပြဋ္ဌာန်းလာတယ်။ **အနာဂတ်အကျိုးစက်**ကြတော့ **အဝိဇ္ဇာ, တဏှာ, ကံ,** ဒီဟာတွေ အကုန်ပြဋ္ဌာန်းလာတယ်။

ဒါ့ကြောင့် သံသရာရှေ့ အစွန်းကြီးဟာ အစမထင်တာပါ။ အဲဒါဘာ့ကြောင့် မထင်သလဲဆိုရင် အဝိဇ္ဇာနဲ့ တဏှာကြောင့်မထင်တာ၊ ဘယ်နေရာမဆို ဒီသုံးကောင်ဟာ ပေါင်းနေတာဘဲ။

အဲဒါကို သေသေချာချာ ကြည့်ပါ၊ ဆည်းပူးတယ်ဆိုတာ အားထုတ်တာ (တနည်း) စုဆောင်းရှာဖွေတာ၊ အဝိဇ္ဇာ,ကလဲ ဆည်းပူးတာဘဲ၊ တဏှာ,ကလဲ ဆည်းပူးတာဘဲ၊ ကံ,ကလဲ ဆည်းပူးတာဘဲ၊ အဲဒါ ဥပါဒါန်ရဲ့ နယ်ကြီးက ကျယ်အောင် လုပ်နေကြတာဘဲ မဟုတ်လား?။

ဒါကို သေသေချာချာတွေးပါ၊ ဒီတော့ သောတာပန်ဟာ "ပဋိစ္စသမုပ္ပါဒ်ကြီးကိုဖြတ်" ဆိုရင် အတိတ်အကြောင်းစက်၊သညာ ရိပ်ကြီးကိုသာ ဖြတ်နိုင်သေးတယ်၊ပစ္စုပ္ပန်ဝေဒနာကို သတ်လိုက်ရင် အကုန်လုံး သေမှာဘဲ မဟုတ်လား။ ဒါကို မဖြတ်နိုင်သေးတဲ့ အတွက် အတိတ်အကြောင်းစက်ကိုသာ သူဖြတ်နိုင်သေးတယ်။

ဒီတော့ ဆည်းပူးတယ်ဆိုတာဟာ၊ နောက်ဆုံး ဥပါဒါန် နယ်ကြီးရဲ့ အစီးအပွား ကျယ်လာအောင် ပြုလုပ် စုဆောင်းနေတာ လို့ယူပါ၊ ဒါကို သေသေချာချာတွေးမှ ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်တဲ့ အခါမှာ တရားခံကို တွေ့မယ်။

(သင်္ခတဋ္ဌော) ပြုပြင်တာကို "ဆည်းပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောက်ယှက်" ဒီ ၄-ကောင်နဲ့ ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်လိုက်တဲ့ အခါမှာ လည်လာပါတယ်။

'ပဋိစ္စသမုပ္ပါဒ်'ကို ဖြတ်ဆိုတဲ့အခါမှာ ဖဿဖြစ်တဲ့သညာလေး ကိုသာ သိမ်းသွားနိုင်သေးတယ်။ ပစ္စုပ္ပန်ဝေဒနာရဲ့ အရိပ်ကြီးကို မသိမ်းနိုင်သေးပါ။ ဒီနေရာမှာ ဘာကျန်သလဲဆိုတာကိုပြောနိုင်ရင် သဘာဝကို မြင်လာပြီ၊ဘာကျန်သလဲဆိုတာကိုမှမပြောနိုင်သေးရင် ကိုယ့်စိတ်ကိုက ကိုယ့်ကို ပြန်ပြီး မှောင်ချနေပြီ။

သူ့မှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ရှိနေပြီ၊ သဘာဝကို မြင်လာရင် အဲဒါ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတွေ ပြတ်ပြီးသွားတော့မယ်၊ ကိုင်း....ဆည်းပူးတယ် ဆိုတာ နားလည်ပြီ။

နောက် (နိဒါနဋ္ဌော)နှင်းဆောင်တယ်ဆိုတာ ဘာကိုခေါ်သလဲ (တနည်း) ကံရိပ်ဆိုတာ ဘာကို ခေါ်သလဲ၊ အဲဒါ ပစ္စုပ္ပန်အကျိုး စက်ရဲ့ သဘာဝ သည်ပင်လျှင် နှင်းဆောင်တဲ့သဘောလို့ပြောတာ ပါ၊ အတိတ် အကြောင်းစက်က နေပြီး ပစ္စုပ္ပန် အကျိုးစက်ကို ပေါင်းကူးရမယ်။

အဲဒါ အဝိဇ္ဇာကလဲ ကူးလို့မရပါ၊ တဏှာကလဲ ကူးလို့မရပါ၊ "ကံရိပ်လေး"ကမှ ကူးလို့ရတယ်၊ အဲဒါ အတိတ်ကဆည်းပူးလာတဲ့ ၂၉ ပါးသော ကံတွေရဲ့ မျိုးစေ့ဖြစ်တဲ့၊ ဇနက ကံရိပ်လေးကနေ (စုတိက ပဋိသန္ဓေ ဖြစ်ပြီး) ပစ္စုပ္ပန် ဘဝကို ပစ်ချ လိုက်တာကို နှင်းဆောင်တဲ့သဘော၊ ပစ္စုပ္ပန်အကျိုးစက်လို့ ခေါ်တယ်။

ဒီတော့မှ ပစ္စုပ္ပန် ဘဝမှာ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုပြီး ပစ္စုပ္ပန် အကျိုးလေးတွေ ဖြစ်လာတာပါ၊ ဒီကံရိပ်လေးနဲ့ ပစ္စုပ္ပန်မှာ ရှိနေတဲ့ ရုပ်နဲ့ ဆက်လိုက်တဲ့ အခါမှာ ပစ္စုပ္ပန်အကျိုးစက်လို့ခေါ်တာ၊ဒီနေရာမှာ "ကံ"လို့မသုံးတော့ပါ၊ အဲဒါ "**နှင်းဆောင်တယ်**"လို့ သုံးတော့တယ်။

အဲဒါ နှင်းဆောင်လိုက်တော့ အတိတ်ဘဝက ပစ္စုပ္ပန်ဘဝကို ရောက်လာတယ်၊အဲဒါကံမျိုးစေ့လေးအနေနှင့်သွားမှာ.အဝိဇ္ဇာနှင့် တဏှာက လိုက်ပြီး ဥပါဒါန် အစီးအပွားတွေကို လုပ်လာကြတယ်၊ ပဋိစ္စသမုပ္ပါဒ်ကြီးပတ်တာဟာ အဝိဇ္ဇာနှင့်တဏှာတို့က ပတ်ထားများ မမှတ်ကြနဲ့၊ "ကံ"လေးပါမှ ပတ်လို့ရတယ်။

ယခု ပစ္စုပ္ပန်မှာရှိတဲ့ ကံလေးက ဇနကဟိတ်လေး တတ်ပြီးတော့ ဆက်လိုက်တာ။ နှင်းဆောင်တာဟာ အဝိဇ္ဇာနှင့် တဏှာ တို့က ဥပါဒါန်ရဲ့အစီးအပွားအနေနဲ့ လိုက်လာကြတယ်၊ ကိုင်း....ပစ္စုပ္ပန် အကျိုးစက်ကြီးလဲပေါ်လာရော၊ အနာဂတ်အတွက်ကို အဝိဇ္ဇာနှင့် တဏှာကြီးက ငုတ်တုတ်ထိုင်ပြီး ဥပါဒါန်ရဲ့ နယ်ကြီးချဲ့လာပြီ။

အဲဒါ ပစ္စုပ္ပန်အကြောင်းစက်တွေ လုပ်လာပြီး အနာဂတ်မှာ မျိုးစေ့ကျအောင် အဝိဇ္ဇာနဲ့တဏှာကြီးက ပစ္စုပ္ပန်အကြောင်းစက် လုပ်တော့မယ်။

**အနာဂတ် အတွက် မျိုး, ချတော့မယ်**

အဲဒါ (သံယောဂဋ္ဌာ) ဖွဲ့နှောင် လာပြီ၊ ဖွဲ့နှောင်လာတယ်ဆိုတာ မျိုးစေ့ကျတာကို ခေါ်တာ၊ အဲဒါ(၃၁) ဘုံကြီးက မထွက်နိုင်အောင်၊ (ဝါ) သံသရာကြီး လည်နိုင်အောင်၊ (တနည်း) ပဋိစ္စ သမုပ္ပါဒ်ကြီး လည်နေအောင်၊ (တနည်း)မဖြစ်သေးတဲ့ အနာဂတ် ဘဝကို ဆက်ပြီး ကံမျိုးစေ့လေးတွေနဲ့ ထပ်ထပ်ချပြီး ဖွဲ့နှောင် လာတယ်။ အဲဒါကို ပစ္စုပ္ပန် အကြောင်းစက်လို့ ခေါ်တယ်။

အဲဒီကနေပြီး အနာဂတ်မှာကို မျိုးချဉ်းမှာဘဲ မဟုတ်လား၊ နောက်(ပလိဗေါဓဌ္ဌာ)နောက်ယှက်တယ်ဆိုတာဘာကိုခေါ်သလဲ နှောက်ယှက်တယ်ဆိုတာ ပိတ်ပင် တားဆီးတယ်လို့ ခေါ်တယ်။ အဲဒါ အနာဂတ်အကျိုးစက်ကြတော့ ခုနက ကံမျိုးစေ့လေးဟာ မျိုးလဲချလိုက်ရော့အဝိဇ္ဇာနဲ့တဏှာကြီးဟာပါသွားပြီးဥပါဒါန်ရဲ့ အစီးအပွားတွေ သွားလုပ်ပြန်ပြီ။

အနာဂတ် အကျိုးစက် ဖြစ်တဲ့ (၃၁)ဘုံကြီးမှ ထွက်ပေါက် မရှိအောင်ကို နှောက်ယှက် ပိတ်ပင် တားဆီးထားဘဲ့ သဘောပါ၊ အဲဒါ တဏှာရဲ့ အရိပ် ၄ ချက်ဟာ "ဝါန"အနေနဲ့ရှိတဲ့တဏှာလို့ ခေါ်တယ်။ ဒီ"ဝါန"ခေါ်တဲ့ တဏှာမှ လွတ်မြောက်သွားတာကို နိဗ္ဗာန်လို့ ခေါ်တယ်၊ ဒီတော့ မင်္ဂက ကံမျိုးစေ့လေး ကိုသာ သတ်မှာ။ ဒါကိုသေသေချာချာ မှတ်ထားပါ။

ကိုင်း သာခုခေါ်ကြပါတော့။

**" သာဓု–သာဓု–သာဓု "**



**တော်သလင်း လဆုတ် (၃) ရက်နေ့ ဟောစဉ်။**

ဒီတော့ (သခံတဋ္ဌာ) ပြုပြင်တဲ့ သဘောကြီးကို ဥာဏ်ကိုး ဥာဏ်ဝဲ့က သတ်မယ်။ အဝိဇ္ဇာကြီးဟာ ဘယ်လောက် နာမည် ကြီးသလဲ၊ သူဟာ ဘဝရဲ့ရေသောက်မြစ်ကြီးပါ၊ ယခုခမ္မစကြာ နည်းနဲ့ အဝိဇ္ဇာကြီးကို ဖမ်းထားပြီး၊ အခု ဥပါဒါန်ရဲ့နယ်ကြီးကို ပုန်ကန်ရတော့မယ်။

ကိုင်း....ဘယ်လိုပုန်ကန်မလဲ၊ ဒီဥပါဒါန်နယ်ကြီးကို ပုန်ကန်မှ သာလျှင် သံသရာကြီးက လွတ်မြောက်မယ်မဟုတ်လား၊ ဒီတော့ ဥပါဒါန်ရဲ့ အစီးအပွားကြီးတွေကို နှုပ်ရတော့မယ်။ ဒါကြောင့်

ဓမ္မစကြာ တရားတော်ကြီးမှာ နှုပ်မဲ့သဘာဝတွေကို ပြထားပြီ။ အဲဒါ ဥဒပါဒ်ိ ငါးချက်နဲ့ နှုပ်ရတော့မယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကြီးမှာ စက်ခလုပ်လေးချက်ကို ပြထားတယ်။

အဲဒါ ဥဒပါဒိ လေးချက်နဲ့ လဲဖြတ်လိုက်ရော၊ အဝိဇ္ဇာကြီးဟာ ပြတ်ပြီး၊ ဥပါဒါန်ရဲ့ အစီးအပွားတွေ ပျက်ကုန်တော့မယ်၊ အကုန်လုံးလဲပြတ်သွားရော။ ဝဋ္ဋာနုဂါမိနိ ဇောတတ်ပြီး၊ မဂ်ကိုတရှိန်ထဲ ဝင်တော့မယ်။ ဥပါဒါန်ရဲ့ အစီးအပွားတွေကိုပုန်ကန်ရတော့မယ်။

ကိုင်း....ဘယ်လိုပုန်ကန်မလဲ၊ (ဝါ) ဘယ်လိုပယ်မလဲ၊ ဒါကို စဉ်းစားပါ၊ ဒါမှသာလျှင် သဘာဝတွေကို လာတွေ့မယ်။ ကိုင်း– ဆီးပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောက်ယှက်၊ ကိုဖြတ်တော့မယ်။ ဒီထဲမှာ ကိန်းနေတဲ့ သဘာဝခန္ဓာလေးတွေကို ဖေါ်ရအုန်းမယ်။ ဒီတော့ ဆီးပူးတယ်ဆိုတာ ဥပါဒါန်ရဲ့ အစီးအပွားတွေကို လုပ်တာကို ခေါ်တယ်။

ဥပါဒါန်ရဲ့ အစီးအပွားဆိုတာဟာ၊ အဲဒါ ဆန္ဒ-ရာဂဖြင့် နှစ်ဆယ့်ကိုးပါးသော ကံတွေကိုအားထုတ်နေတာပါ၊ (တနည်း) ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် တွေကိုခေါ်တယ်။ အဲဒီက ဘယ် ခန္ဓာ ထွက်လာသလဲဆိုရင် သညက္ခန္ဓာလေးထွက်လာလိမ့်မယ်။ အဲဒါ ပစ္စုပ္ပန်ဆတ်ဆတ်လေး လာထွက်တယ်။ အဲဒါ အတိတ်တွေကိုဆွဲနေရင် အလကားဘဲ၊ ပစ္စုပ္ပန်ကိုသာဖမ်းရမယ်။

**သညက္ခန္ဓာကို မြင်အောင်ရှုပါ။** ဒီတော့ သညက္ခန္ဓာ ဆိုတာ စေ့ဆော်မှတ်ယူလာတဲ့သဘောပါ၊ အဲဒါအတိတ်အကြောင်းစက်၊ အဲဒီ အတိတ်အကြောင်းစက် ထွက်နေတာသည်ပင်လျှင်, သညက္ခန္ဓာလေး ရှိနေလို့ ထွက်နေတာပါ။

ဒီသညက္ခန္ဓာလေးကို ရိုက်ချိုးလိုက်ရင် အတိတ်အကြောင်း စက်ကြီးဟာ ပြတ်သွားမယ်မဟုတ်လား၊ ဆီးပူးနေတဲ့သဘောတွေကို လိုက်ရှာနေရင် ဘယ်မှာဆုံးတော့မှာလဲ၊ အဲဒါအစမထင်တဲ့ဘဝက၊ စပြီးတော့ ဆီးပူးလာခဲ့တာဘဲမဟုတ်လား၊ ဒီတော့ လက်ခံထားတဲ့ သူကိုသာ ဖမ်းရုံဘဲရှိတယ်။ ဒါ့ကြောင့် ခန္ဓာကို မြင်အောင်ရှုပါ။

ဒီနေရာမှာသညက္ခန္ဓာကို မြင်အောင်ရှုရတယ်။ သညက္ခန္ဓာဟာ ဘယ်ကထွက်လာသလဲ၊ အတိတ်အကြောင်းစက်ကထွက်လာတယ်၊ အတိတ်အကြောင်းစက်ဟာလဲ ဘယ်ကနေပြီး ထွက်လာသလဲ၊ ဆီးပူးတဲ့သဘောကထွက်လာတယ်။အဲဒါကြောင့် ဆီးပူးတဲ့သဘောကို အတိတ်အကြောင်းစက်ဆိုပြီးတချက်ထဲသွားကိုင်ထားလိုက်ပါ။

ဒီတော့ သညာလေးဟာ သံသရာကို ချဲ့တာဖြစ်ခြင်းကြောင့် ဒီသညာကို မျက်ချေမပြတ်စေနဲ့။ သတိအမြဲထားပါ၊ အဲဒီထဲက နေပြီး ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ကို ထုတ်လာရ အုန်းမယ်။ ပညာမြင် အနိစ္စဉာဏ်က အတိတ်အကြောင်းစက်ကို သိမ်းတော့မယ်၊ ဒီတော့မှ နိရောဓ ဓမ္မထဲမှာ ဥက္ကောင်းချရမယ်။

ဒီတော့ အကျိုးတရားထုတ်ဆိုတာနဲ့ အနာဂတ်ဖြစ်တဲ့ ဝိညာဏ် ရုပ်ကြီးဟာ အပြန်သဘောမထွက်နိုင်တော့ဘဲ၊ အစဉ်ချုပ်ငြိမ်းတဲ့ အထဲမှာ ဥက္ကောင်းချရတော့မယ်။ အစဉ် ချုပ်ငြိမ်းတာသည်ပင် အပြန်သဘောမထွက်နိုင်တော့ပါ။ အတိတ်အကြောင်းစက်ကြီးကို "ပညာမြင် အနိစ္စညာဏ်"နဲ့ နာနာညစ်လိုက်ရင် အမြီးပိုင်းဖြစ်တဲ့ ဝိညာဏက္ခန္ဓာကြီးဟာ တဖန်ပြန်မလာနိုင်တော့ပါ။

အဲဒါ ဘယ်မှာ ဥက္ကောင်းချမလဲဆိုရင်၊ ကုန်,ပျက်,ကင်း,ချုပ်, မှာ ဥက္ကောင်းချရမယ်။ပစ္စုပ္ပန်အကျိုးစက် နှင်းဆောင်တဲ့သဘော ကို "ပညာမြင် ဒုက္ခညာဏ်"က သတ်မယ်၊ ပစ္စုပ္ပန်အကြောင်းစက် ဖွဲ့နှောင်တဲ့သဘောကို"ပညာမြင်အသုဘညာဏ်"က ပယ်သတ်မယ်။

အနာဂတ်အကျိုးစက် နှောက်ယှက်တဲ့သဘောကို "ပညာမြင် အနတ္တညာဏ်"က ပယ်သတ်မယ်၊ ဒီတော့မှ ဗလဝဝိပဿနာကြီး ဖြစ်ပြီး၊ ဝုဋ္ဌာနဂါမိ ဇောတတ်ခါ မဂ်ကို တရှိန်ထဲ တက်သွား တော့မယ်။

ကိုင်း....ဒီတော့ နှင်းဆောင်တဲ့သဘောဟာဘယ်ခန္ဓာထွက်သလဲ ဆိုရင် **ဝေဒနက္ခန္ဓာ**ပါ။ ဘာ့ကြောင့် ဝေဒနက္ခန္ဓာပေါ်သလဲ? ပစ္စုပ္ပန်အကျိုးစက်ဖြစ်ခြင်းကြောင့်ဝေဒနက္ခန္ဓာပေါ်လာရတာပါ၊

ဒါဖြင့်ရင် ဘာ့ကြောင့် ပစ္စုပ္ပန်အ ကျိုး စက် လို့ ခေါ် သလဲ? နှင်းဆောင်တဲ့သဘောမို့လို့ ပစ္စုပ္ပန်အကျိုးစက်လို့ခေါ်တာပါ၊ ဒီနှင်းဆောင်တဲ့သဘော ပစ္စုပ္ပန်အကျိုးစက်ထဲမှာ ကံမျိုးစေ့လေး ဟာ ပါလာပြီ၊ အဲဒါ ပစ္စုပ္ပန်မှာကို အတိတ်ရဲ့ အရိပ်ကြီးဟာ လာထင်နေပြီ။ ။ ကိုင်း....နက်ဖြန်မှဘဲဆက်ကြပါစို့။

သာဓုခေါ်ကြပါတော့....

**" သာဓု....သာဓု....သာဓု "**



## တော်သလင်း လဆုတ် (၄) ရက်နေ့ ဟောစဉ်

**ပဋိစ္စသမုပ္ပါဒ် ခန္ဓာပေါ်ထွက်ပုံ** ကိုင်း....ဒီနေ့ပဋိစ္စသမုပ္ပါဒ်ကြီးရဲ့ ခန္ဓာအားလုံး ပေါ်ထွက်ပုံကို ပြောပြမယ်။ အစမထင်တဲ့ ဘဝက စပြီးတော့ ယနေ့အထိ နှစ်ဆယ့်ကိုးပါးသော ကံတရားတွေကို ဆည်းပူးလာခဲ့တာ ယခု ဝိပဿနာတရား အားထုတ်လာတဲ့အခါမှာ အခု ပဋိစ္စသမုပ္ပါဒ်ကြီး ရောက်လာတော့ ခန္ဓာထွက်ရတော့မယ်။ ကိုင်း....ဘယ်လိုထွက်မလဲ။

ဒီတော့ အတိတ်အကြောင်းစက်က ဘာ့ကြောင့် သညက္ခန္ဓာ ပေါ်သလဲဆိုရင် ဆည်းပူးတဲ့ သဘောကြောင့် ပေါ်တာ။ ပစ္စုပ္ပန် အကျိုးစက်မှာ ဝေဒနာက္ခန္ဓာ ဘာ့ကြောင့် ပေါ်သလဲ ဆိုရင် နှင်းဆောင်တဲ့သဘောကြောင့် ပေါ်လာတာပါ။

ပစ္စုပ္ပန်အကြောင်းစက်မှာ သင်္ခါရက္ခန္ဓာ ဘာ့ကြောင့်ပေါ်သလဲ ဆိုရင် ဖွဲ့နှောင်တဲ့ သဘောကြောင့် ပေါ်လာတာ၊ အနာဂတ် အကျိုးစက်မှာ ဘာ့ကြောင့် ဝိညာဏက္ခန္ဓာ ပေါ်သလဲ ဆိုရင် နှောက်ယှက်တဲ့ သဘောကြောင့် ပေါ်တာ၊ ဒီလေးကောင်ဟာ သံသရာရဲ့ ရေသောက်မြစ်တွေပါ။

ဥပါဒါန် အစီးအပွားဆိုတာ သုံးဆယ့်တစ်ဘုံကြီးမှာ ပေါ်နေတာမှန်သမျှ သညာဝိဉာဏ်တွေနဲ့ ဆွဲနေတာမှန်ရင်အဲဒါဥပါဒါန်ရဲ့ အစီးအပွားပါ၊ ကုသိုလ်တွေဟာလဲ ဥပါဒါန်ရဲ့ အစီးအပွားထဲ ကျနေကြတယ်၊ ဒီတော့ ကုသိုလ်တွေကို မလုပ်ဘဲနဲ့ နေမလား။

ဒီလိုနေလို့လဲ မရပါ။ ကုသိုလ်ကို လုပ်ရဦးမှာဘဲ၊ ဒါဖြင့်ရင် ဥပါဒါန် အစီးအပွားမှ လွတ်အောင် ဘယ်လို လုပ်ရမလဲ ဆိုရင် ဆန္ဒရာဂတွေ မပါစေနဲ့၊ ဒါမှသာလျှင် "ကံ" မဖြစ်တော့ဘဲ သုံးဆယ့်တဘုံကြီးက ထွက်နိုင်တော့မယ်။

ဒီတော့ ဥပါဒါန် အစီးအပွားဟာ ဘာ့ကြောင့် ဖြစ်သလဲ "ကံ"ကြောင့်ဖြစ်တယ်။ "ကံ"ကကော ဘယ်ကဖြစ်သလဲ၊ ဆန္ဒရာဂလေးကဖြစ်တယ်။ ကုသိုလ်ကောင်းမှု ပြုတဲ့အခါမှာ ဆန္ဒရာဂ မပါစေနဲ့။ ဒါမှသာလျှင် ကံမျိုးစေ့ မကျတော့ဘဲ ဥပါဒါန် အစီးအပွားက လွတ်ပြီးသွားမယ်။

ဒီဆန္ဒရာဂလေးဟာ ဘယ်ကြမှပြုတ်မလဲဆိုရင်, မဂ်ကြမှ ဒီဆန္ဒရာဂလေးကိုပါ ထည့်ပြီး ဖြုတ်မယ်၊ ဆန္ဒရာဂလေးဟာ ဘယ်မှာကပ်နေသလဲဆိုရင် တဏှာထဲမှာကပ်နေတယ်။ အခု အဝိဇ္ဇာကြီးကို စစ်ဆေးနေသေးလို့ သူကမဝင်သေးတာ၊ တဏှာ ဆိုတဲ့ သမုဒယကြီးကို စစ်လာရင် သူပါလာတော့မယ်။

ဒီတော့ အလယ်လမ်းကို တကယ်မြင်လာရင် အဲဒါ သောတာပန်ရဲ့အမြင်လို့ ခေါ်တယ်။ ဒါကြောင့် ဒီသုံးပါးကိုလှည့်ကြည့်ပါ၊ ဥပါဒါန် အစီးအပွားဟာ ဘာ့ကြောင့် ဖြစ်သလဲ၊ ကံကြောင့် ဖြစ်တယ်။ ကံ ဘာ့ကြောင့်ဖြစ်သလဲ၊ ဆန္ဒရာဂကြောင့် ဖြစ်တယ် ဆိုတာကို ကျမ်းကြေလာအောင် ဝေဖန်ပါ။

**အတိတ်အကြောင်းစက်, သညက္ခန္ဓာ**

ကိုင်း ဒီတော့ခန္ဓာ၄-ကောင်ဟာ ဘယ်ကထွက်လာသလဲ၊ စက်ရဟတ်ကြီးလေးပါးကထွက်လာတယ်၊ ဒီခန္ဓာ လေးကောင်ကို သဘာဝနဲ့ ရှင်းရဦးမယ်၊ ဒီဟာကိုရှင်းပြီးမှ သတ်ရမယ်၊ မနေ့က အတိတ် အကြောင်းစက် သညက္ခန္ဓာပေါ်ပုံကိုတော့ ဟောပြီးပြီ။ ဒီနေ့ကြတော့ ဝေဒနက္ခန္ဓာ ဘယ်က ပေါ်သလဲ ဆိုတာ ဟောရမယ်။

ဝေဒနက္ခန္ဓာဟာပစ္စုပ္ပန် အကျိုးစက်ကပေါ်တယ်၊ ဘာ့ကြောင့်ပေါ်သလဲ၊ ဒါကို ယုတ္တိရှိအောင် အာဂမယုတ္တိ၊ ဒဋ္ဌိယုတ္တိ ထုတ်ရမယ်။ ဒီလိုနိုက်လာမှ သဘာဝညာဏ်တွေ ပေါ်လာလိမ့်မယ်။ ကိုင်း.... အတိတ်အကြောင်းစက်ကထွက်လာတဲ့ သညာလေးဟာ၊ ပညာရဲ့သဘောလေးပါလာသလား။ပညတ်သဘောဟာ ပရမတ်သဘောရှိမှသာလျှင် ခိုင်မြဲနိုင်တယ်။

ခိုင်မြဲပုံလေးတခုကိုပြမယ်၊ ဥပမာ၊ လဘက်ရည်ပုဂံလုံးလေးကို ရှေ့မှာချပြရင်၊ အဲဒါ လဘက်ရည်ပုဂံဘဲလို့ပြောမယ်။ ဘယ်သူ့ကိုဘဲပြပြ၊ လဘက်ရည်ပုဂံဘဲလို့ပြောမှာဘဲ။ အဲဒါ ထောက်ခံတဲ့ ပရမတ်သဘောလေးတွေရှိနေလို့ အမှတ်လေးတွေဟာ မလွဲဘဲနဲ့ ခိုင်မြဲနေတာမဟုတ်လား။

ဥပမာ....မိုဃ်းကောင်းကင်ကြီးမှာ ကိုယ်ရဲ့ စိတ်ဝိညာဏ်နဲ့ အရုပ်ကြီးတရုပ်ရေးပြီး သူများကိုပြောပြရင် ဘယ်လိုဖြေမလဲ၊ မမြင်ရဘူးလို့ပြောမယ်မဟုတ်လား၊ အဲဒါ ထောက်ခံတဲ့ပရမတ်မရှိလို့ ပြောလို့မရတာ၊ လဘက်ရည်ပုဂံကြတော့၊ထောက်ခံနေတဲ့ သဏ္ဌာနပညတ်ရှိနေလို့ နာမပညတ်ဟာ ပေါ်လို့ရတာဘဲ မဟုတ်လား။

အဲဒီနေရာမှာ အတိတ် အကြောင်းစက်မှာ ဘာကြောင့် သညက္ခန္ဓာ ပေါ်လာရသလဲဆိုရင်၊ ဆီးပူးတယ်ဆိုတာ (ပညတ်သဘော၊ သညာတွေကို) စုလာတာဘဲ မဟုတ်လား။ အတိတ်အကြောင်းစက်ကြီးဟာ ပစ္စုပ္ပန်ကိုရောက်မှ သံသရာကြီးဟာ လယ်လို့ရမယ်၊ပစ္စုပ္ပန်ထဲကိုမရောက်သေးရင် လယ်လို့မရသေးပါ၊ ထောက်ခံတဲ့ ပရမတ်သဘာဝရှိမှသာလျှင် သံသရာဟာ လယ်လို့ရမယ်။

အတိတ်အကြောင်းစက်ကြီးဟာ ပစ္စုပ္ပန်ဖြစ်တဲ့ အကြည်ဓာတ် ပြောက်ပါးလေးတွေမှာ ဝင်နိုင်လာပြီ။ ပစ္စုပ္ပန်အကျိုးစက်ဖြစ်တဲ့ အကြည်ရိုပ်လေးတွေထဲမှာကို ဆီးပူးတဲ့သညာလေးဟာဝင်လာပြီ။

ပစ္စုပ္ပန်အကျိုးရိပ်ဟာလဲ ဘာကြောင့်ဖြစ်လာသလဲဆိုရင် ဗျာပါရ မရှိသော်လဲကံက ပစ်ချလိုက်တဲ့အတွက် 'ဥတုဇပုံဘလောက်'ကြီးမှာ အကြည်လေးတွေဟာ လာပေါ်နေပြီ။ အဲဒါ ကံရဲ့ အရိပ်လေးဘဲ မဟုတ်လား။

**ဝေဒနက္ခန္ဓာ ပေါ်လာပုံ။** ဒီတော့ အတိတ် အကြောင်းဖြစ်တဲ့ သညာရိပ်လေးတွေကို ပစ္စုပ္ပန်ထဲကို နှင်းဆောင်လိုက်ထာဘဲမဟုတ်လား။ အတိတ်အကြောင်း ဆီးပူးတဲ့ သဘောလဲ လက္ခံလိုက်ရော၊ အဲဒါ အကြည်ရိပ်လေးထဲ ဝင်ပြီး၊ ဝေဒနက္ခန္ဓာလေးပေါ်လာတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ်ကြီးဟာ ပေါ်ခြင်တိုင်း ပေါ်လို့မရဘဲနဲ့၊ သူ့ရဲ့ သဘာဝလေးတွေနဲ့၊ ပေါ်လို့ရတာကို ကျမ်းကြေလာရင် သိလာလိမ့်မယ်။ ဒီသဘာဝကြီးတွေကို နှုပ်ပစ်နိုင်မှသာလျှင်ရမယ်။

**သင်္ခါရက္ခန္ဓာ ပေါ်လာပုံ။** ဒီတော့ ပစ္စုပ္ပန် အကြောင်းစက်က ဘယ်ခန္ဓာပေါ်သလဲ၊ သင်္ခါရက္ခန္ဓာ ပေါ်တယ်။ ဘာကြောင့်ပေါ်သလဲ၊ ဖွံ့နှောင်တဲ့သဘောကြောင့် ပေါ်တယ်။ ဒီတော့ အတိတ်အကြောင်းစက် ဆီးပူးတဲ့သဘော၊ ပစ္စုပ္ပန်အကျိုးစက် နှင်းဆောင်တဲ့ သဘော။ ဒီနှစ်ခုလဲ ရလာရော၊ အဲဒါ နှစ်ဆယ့်ကိုးပါးသော ကံတွေနဲ့ သံသရာကြီးက မထွက်နိုင်အောင် ဖွံ့နှောင်လာတယ်။

သင်္ခါရဆိုတာ ပြုပြင်တဲ့ သဘောဘဲ။ ပြုပြင်တယ် ဆိုတာ နှစ်ဆယ့်ကိုးပါးသော ကံတရားတွေကို သညာဝိညာဉ်နဲ့ လုပ်ကြတယ်။ အဲဒါ ပြုပြင်လာတာပါ။ အဲဒါ အနာဂတ်မျိုး အတွက် ပြုပြင် လာတော့တယ်။ နောက်တခါ ဒီ အတိတ်အကြောင်းစက် ဆည်းပူးတဲ့သဘော၊ ပစ္စုပ္ပန်အကျိုးစက်၊ နှင်းဆောင်တဲ့ သဘော။ ပစ္စုပ္ပန် အကြောင်းစက် ဖွံ့နှောင်တဲ့သဘောပါ။

**ဝိညာဏက္ခန္ဓာ ပေါ်လာပုံ။** ဒီသုံးချက်လဲရလာရော အနာဂတ် အကျိုးစက်မှာကို နှောက်ယှက်တဲ့ သဘော၊ ဝိညာဏက္ခန္ဓာကြီးဟာ ပေါ်လာတော့တယ်။ ဒီလိုလဲ ပေါ်လာရော၊ အဝိဇ္ဇာ၊ တဏှာကြီး တို့ဟာ သူတို့ရဲ့ ဥပါဒါန် အစီးအပွားနယ်ကြီး ကျယ်နေတဲ့အတွက်ကြောင့်၊အဲဒါဝမ်းမြောက် နေတော့တယ်။

ဒါဟာ "ဒွိဟိတ် ပုဂ္ဂိုလ်များရဲ့ ခန္ဓာထွက်စဉ်ပါ" ဒီခန္ဓာ မထွက်ရသေးသ၍ တိဟိတ်ခန္ဓာ ပေါ်လို့မရပါ။ ဒီဒွိဟိတ်ခန္ဓာကို သတ်လိုက်မှတိဟိတ်ခန္ဓာပေါ်လာရမယ်။ 'တိဟိတ်ခန္ဓာ'ပေါ်လာမှ မဂ်ကို ရနိုင်ပါတယ်ဆိုတာ မှတ်ထားပါ။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

" သာဓု....သာဓု....သာဓု.... "

# ပုံစံ နံပါတ် (၁၅)

**တော်သလင်းလပြည့်ကျော် (၅) ရက်နေ့ ဟောစဉ်**

— အတိတ်အကြောင်းစက်ကြတော့ 'ကုန်'တဲ့သဘော။
— ပစ္စုပ္ပန်အကျိုးစက်ကြတော့ 'ပျက်'တဲ့ သဘော။
— ပစ္စုပ္ပန်အကြောင်းစက်ကြတော့ 'ကင်း'တဲ့ သဘော။
— အနာဂတ်အကျိုးစက်ကြတော့ 'ချုပ်'တဲ့ သဘော။

ဒီလို တဏှာရဲ့ ရေသောက်မြစ်ကို ကုန်၊ပျက်၊ကင်း၊ချုပ် ဆိုတဲ့ ခယဓမ္မ၊ ဝယဓမ္မ၊ ဝိရာဂဓမ္မ၊ နိရောဓ ဓမ္မနဲ့လဲ သိမ်းလိုက်ရော၊ အကျိုးတရားလေးဟာ'နိရောဓဓမ္မ' ချုပ်ခြင်းသဘောလေးအနေနဲ့ ထွက်လာပြီ။

ဒီတော့ ချုပ်တယ်ဆိုတာဟာ ခဏချုပ်၊ အစဉ်ချုပ်ဆိုပြီးတော့ နှစ်မျိုးရှိတယ်။ ခဏချုပ်ဆိုတာက နောက်တဖန် ထပ်ပြီး ဘဝသစ် ထပ်ဖြစ်ချင်လို့ ချုပ်တဲ့ သဘောမျိုးပါ။ အစဉ်ချုပ် ဆိုတာက နောင်တဖန် ထပ်မဖြစ်တော့တဲ့ သဘောမျိုးပါ။

**ပစ္စုပ္ပန်အကြောင်းစက် သင်္ခါရက္ခန္ဓာ**

ဒီတော့ မနေ့က ခန္ဓာလေးတွေ ပေါ်ထွက်တာကို တခုစီ့တခုစီထုတ်ပြခဲ့ပါပြီ။ ပစ္စုပ္ပန် အကြောင်းစက်မှာ သင်္ခါရက္ခန္ဓာ ပေါ်တယ်။ ဘာကြောင့် သင်္ခါရက္ခန္ဓာပေါ်ရသလဲ။ 'ဖွဲ့နှောင်တဲ့ သဘော' ရှိနေလို့ပါ။ ဒါဖြင့် ဘယ်လို ဖွဲ့နှောင်သလဲ။ ဒါကို ကျမ်းကြေလာရမယ်။ ဖွဲ့နှောင်တယ်ဆိုတာ သုံးဆယ့်တဲ့ကြိုးက ထွက်မသွားနိုင်အောင်၊ နှစ်ဆယ့် ကိုးပါးသော ကံတွေနဲ့ ဖွဲ့နှောင်ထားတာပါ။

ဒီတော့ ခန္ဓာလေးတွေ ပေါ်လာတာကို သဘောပေါက်လာမှ ပဉ္စက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ ဆိုတာကို သဘော ပေါက်လာမယ်။ ပဋိစ္စသမုပ္ပါဒ်ကြီးကိုလဲ မြင်မယ်။

မဂ်ကပယ်မှာက ပဉ္စက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာကိုထုတ်ပြီးပယ်မှာ ဖြစ်ခြင်းကြောင့် ပထမဦးဆုံး ပဋိစ္စသမုပ္ပါဒ် ကြီးကို နားလည်ထားရမယ်။ အခု ဖွဲ့နှောင်တယ်ဆိုတာ ဘယ်လိုဖွဲ့နှောင်သလဲ။

သင်္ခါရကို အနက်ပေးတဲ့အခါမှာ (သင်္ခါရာ) ပြုပြင်တတ်ငြား၊ သင်္ခါရတရား တို့သည်။ (ဝါ) (သင်္ခါရာ) စေ့ဆော်တတ်ငြား သင်္ခါရတရားတို့သည်။ ဒီနှစ်ချက်ကို သေသေ ချာချာ တွေးပါ။ ပြုပြင်တယ်ဆိုတာက ဘယ်သဘောလဲ။ စေ့ဆော်တယ် ဆိုတာက ဘယ်သဘောလဲ။

**အဝင်သဘော**

ဒီတော့ ပဋိစ္စသမုပ္ပါဒ် ကြီးမှာ ကြည့်လိုက်ရင် ပစ္စုပ္ပန် အကြောင်းစက်၊ စက်ရဟတ် ကြီး ဖြစ်တယ်။ သေသေချာချာ တွေးပါ။ ဒီတော့ အတိတ် အကြောင်းစက် ဝင်လာမှသာလျှင်၊ အနာဂတ်စက်ရဟတ်အတွက်စေ့ဆော်တဲ့

# ပုံစံနံပါတ် (၁၅)



သဘာဝလေးဟာ ထွက်လို့ ရမယ်။ အတိတ် အကြောင်းစက်နဲ့ ပစ္စုပ္ပန် အကျိုးစက်တို့ ပေါင်းလိုက်တဲ့ သဘောကို "ပြုပြင်တဲ့ သဘောလို့"ပြောတာ။ ဒါက အဝင်သဘောပါ။

**အထွက်သဘော** ဒီကနေ ကံမျိုးစေ့လေး ထွက်လာပြီ။ ဒါကို ပစ္စုပ္ပန်အကြောင်းစက်ဒီကံမျိုးစေ့လေးဟာ အနာဂတ်အတွက်'စေ့ဆော်တဲ့သဘော,ကံမျိုးစေ့'လေးထွက်လာ တော့တယ်။ ဒါကို အထွက်သဘောလို့ ခေါ်တယ်။

အဲဒါ ဒီခန္ဓာကောင်ကြီး မသေသေးလို့သာ။ ဒီခန္ဓာကောင်ကြီးလဲ သေသွားရော၊ ဒီကံမျိုးလေးဟာ ကုန်း, ကျင်း, ဖွဲ့ပြီး အနာဂတ် ဘဝမှာကို ခန္ဓာငါးပါးကောင်ကြီး သွားဖြစ်နေပြန်ပြီ။ ဒီကံမျိုးစေ့ လေးဟာ ရှေ့ဘဝမှာမှ မချသေးရင် ဒီသတ္တဝါ တွေဟာ မသေသေးပါ။ အနာဂတ် ဘဝမှာကို ကံမျိုးစေ့လေး ချပြီး၊ တွယ်ပြီးမှ ဒီသတ္တဝါဟာ သေတော့တာဘဲ။

ဒီတော့ ပြုပြင်တဲ့ သဘော ဆိုတာ အတိတ် အကြောင်းစက်နဲ့ ပစ္စုပ္ပန် အကျိုးစက် နှစ်ပါး ပေါင်းလိုက်တာကို ယူပါ။ စေ့ဆော်တယ် ဆိုတာက အနာဂတ်အတွက် ကံမျိုးစေ့လေး ချပေးတာပါ။ အဲဒါကို ဖွဲ့နှောင်တယ်လို့ ခေါ်တာပါ။ ဖွဲ့နှောင်တယ် ဆိုတာ သည်ပင် ကံမျိုးစေ့လေးကို ခေါ်တာပါ။ ဒါကို ပစ္စုပ္ပန် အကြောင်းစက်၊ ခန္ဓာအားဖြင့် ဆိုရင် သင်္ခါရက္ခန္ဓာပါ။

ဒီခန္ဓာကိုလဲ ဘုရားရှင်က ပယ်သတ်ရမယ်လို့ ဟောကြားတော်မူတယ်။ ဒီလိုကို မျိုးစေ့ကို လိုက်ရှာရမယ်။ အဲဒါ ဘယ်မှာ မျိုးစေ့ ထွက်လာသလဲ ဆိုတာကို လိုက်ရှာ ရမယ်။ ယခု ပဋိစ္စ သမုပ္ပါဒ်ကြီး လည်နေတာကို ဖြတ်လို့ မရသေးပါ။

**ကံမျိုးစေ့။** အဲဒါ မျိုးစေ့ ထွက်တာကို လိုက်ရှာရ ဦးမယ်။ အခု ပစ္စုပ္ပန် အကြောင်းစက်က ကံမျိုးစေ့ဖြစ်နေ တာကို လာတွေ့နေပြီ။ အတိတ် အကြောင်းစက်၊ အဝိဇ္ဇာကြီးနဲ့ ပစ္စုပ္ပန် အကျိုးစက် တဏှာကြီးတို့ ၂-ပါး ဆုံလိုက်တဲ့ အခါမှာ

ပစ္စုပ္ပန် အကြောင်းစက်ကြီးက ကံမျိုးစေ့လေး ထွက်လာတော့ တယ်။ ဒါကြောင့် ပစ္စုပ္ပန် အကြောင်းစက်ကို သင်္ခါရက္ခန္ဓာလို့ ပြောတာပါ။ ဒီကနေ အတိတ်ကိုလဲ ဆွဲနိုင်တယ်။ အနာဂတ်ကိုလဲ ပို့ဆောင်နိုင်တယ်။

ဒီတော့ သုံးဆယ့်တစ်ဘုံကြီးက သတ္တဝါတွေဟာ မလွတ်နိုင် တော့ပါ။ ခန္ဓာလေးတွေထွက်လာတာကိုမြင်ရမယ်၊ ကိုယ်ထွက်ချင် သလိုထွက်လို့မရပါ၊နောက် အနာဂတ်အကျိုးစက်ပြောအုန်းမယ်။ ဒီနေရာမှာ ခန္ဓာလေးတွေထွက်လာတာကို သဘာဝနဲ့ မြင်တွေ့ လာရင် အာနာပါနကို အားထုတ်တဲ့အခါမှာ သဘာဝကျကျ ပညာအနေနဲ့ အားထုတ်နိုင်လာပြီ။

ဒီခန္ဓာကို ဘယ်လိုပုဂ္ဂိုလ်တွေ သိမြင်တဲ့ခန္ဓာလဲဆိုရင် ဒိဋ္ဌိဟိတ် ပုဂ္ဂိုလ်များ ပေါ်ထွက်သိမြင်တဲ့ခန္ဓာပါ။ အဲဒါ တရားအားထုတ်တဲ့ အခါမှာ၊ ဒိဋ္ဌိဟိတ်ခန္ဓာ ပေါ်လာပြီလား၊ မပေါ်သေးရင် ပဋိစ္စ သမုပ္ပါဒ်ထဲဆင်းပြီးအားထုတ်ပါအုန်း၊ ဒါနဲ့တောင်မှ မပေါ်သေး ရင် လောကဓံလှိုင်းကြီးနဲ့ အတိုက်ခံရမှ ဒိဋ္ဌိ ဟိတ် ခ န္ဓာ, ဟာ ပေါ်လာမယ်။

**အနာဂတ်အကျိုးစက် ဝိညာဏက္ခန္ဓာ။**

ကိုင်း.... အနာဂတ် အကျိုးစက်ကြ တော့၊ ဝိညာဏက္ခန္ဓာကြီးပေါ်ရမယ်၊ ဘာ့ကြောင့် ဝိ ညာ ဏ က္ခ န္ဓာ ကြီး ပေါ်ရသလဲ၊ အတိတ်နဲ့ပစ္စုပ္ပန်နဲ့ နှစ်ခု ဆက်လိုက်တဲ့ အခါမှာ၊ ကံမျိုးစေ့လေးဟာပေါ်လာတယ်။ အဝိဇ္ဇာ တဏှာတို့ရဲ့အရိပ်ကြီး ဟာ ဒီကံမျိုးစေ့လေးထဲမှာ အ ရိပ် အ နေ နဲ့ ပါ လာ တယ်။ ဝိညာဏက္ခန္ဓာဆိုတာ သညာ၊ ဝေဒနာ၊ သင်္ခါရ၊ ဒီ သုံး ပါး ပေါင်းလိုက်တာကို ဝိညာဏက္ခန္ဓာလို့ ပြောတာပါ။

ပညတ်သဘော ဝိညာဏ်ဆိုတာဟာ၊ နာမပညတ်, သဏ္ဌာန ပညတ်, သမူဟပညတ်,သန္တတိပညတ်,ဒီပညတ်လေးပါးပေါင်းတာ ကို ပညတ်ဝိညာဏ်လို့ပြောတာ၊ အခုဒီနေရာမှာ ဒီလိုပြောလို့ မရတော့ပါ၊ ဒီတော့၊ သညာ, ဝေဒနာ, သင်္ခါရ, ဒီသုံးပါး

ပေါင်းလိုက်တော့မှ ဝိညာဏက္ခန္ဓာဟာ ပေါ်လာတော့တယ်။ အဲဒါဟာ သံသရာကြီးထဲမှ မထွက်နိုင်အောင် နှောက်ယှက်ပိတ်ပင်ထားပြီး၊ ထွက်ပေါက်မရအောင် ပိတ်ပင်ထားပြီ။

**ဒွိဟိတ်ခန္ဓာ။** ဒီတော့ အခု ပဋိစ္စ သမုပ္ပါဒ်ကြီးက ပေါ်လာတဲ့ ခန္ဓာက ဒွိဟိတ်ခန္ဓာပါ၊ ဒွိဟိတ်ခန္ဓာ ဆိုတာဟာ သညာ၊ ဝေဒနာ၊ သင်္ခါရ၊ ဒီသုံးကောင်မှာ သညာ ဦးစီးပြီး၊ ဝိညာဏက္ခန္ဓာကြီးမှာပေါင်းပြီးပေါ်တဲ့အတွက်ကြောင့်ဒွိဟိတ်ခန္ဓာလို့ ခေါ်တာပါ။

ဒီခန္ဓာပေါ်လာမှ တိဟိတ်ခန္ဓာပေါ်လို့ရမယ်။ ဒီသဘာဝတွေကိုမြင်လာမှ၊ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြတ်လို့ရမယ်။ ဒီဒွိဟိတ်ခန္ဓာကို အရင်ကပြခဲ့သလို ခယမ်မှု၊ ကုန်ခြင်းသဘော၊ ဝယမ်မှု၊ ပျက်ခြင်းသဘော၊ ဝိရာဂမ်မှု၊ ကင်းခြင်းသဘော၊ နိရောဓ မ်မှု၊ ချုပ်ခြင်းသဘော၊ဒီလေးချက်နဲ့ဖြတ်ရတော့မယ်၊ဒါကိုဖြတ်လိုက်မှ တိဟိတ်ခန္ဓာ ပေါ်လာမယ်။

ကိုင်း....သာခုံခေါ်ကြပါတော့။

**သာဓု....သာဓု....သာဓု....။**

## တော်သလင်းလဆုပ် (၆) ရက်နေ့ ဟောစဉ်။

**ကုန်, ပျက်, ကင်း, ချုပ်။** ၃၁-ဘုံ လွတ် အောင် သတ်ဆေး ကတော့၊ မနေ့ကပြလိုက်သလို...........

အနိစ္စံသင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မန္တိ။

ဆိုတဲ့ ပါဠိတော်အတိုင်း၊ ကုန်, ပျက်, ကင်း, ချုပ်, နဲ့ဘဲ သတ်ရမယ်။ ဒါကို ဝိပဿနာနဲ့ ဝေဖန်လိုက်ရင် အနုပဿနာ ခုနစ်ဉာဏ်မှာ၊ ဘင်ဉာဏ်ရဲ့သဘာဝလေးကို ထုပ်လာတယ်။

ဒီတော့ ဥဒယဗ္ဗယမှာ၊ အပျက်ကြတော့ ဗယနဲ့ရေးတယ်။ အခု "ဘင်" အပျက်နဲ့ကြတော့ ဘယ်လိုကွာခြားသလဲဆိုတာကို ဝေဖန်ရမယ်။ ရုပ်ပျက်,နာမ်ပျက်,ခန္ဓာပျက်, ပဋိစ္စသမုပ္ပါဒ်အပျက် ဆိုပြီး၊ အပျက်တွေဟာ မတူကြဘူး၊ တရား သဘာဝမှာ အနက်အဓိပ္ပါယ်တွေကိုပါ၊ တွေးလာရမယ်။ဒါ့ကြောင့်-ပါဠိတော် ၏နက်နဲခြင်း, အနက်၏ နက်နဲခြင်း, ဒေသနာတော်၏ နက်နဲခြင်း, အသိဉာဏ်၏ နက်နဲခြင်း, ဆိုပြီး ဂမ္ဘီရလေးပါး ထုတ်လာတယ်။

**အကြောင်းပျက်,အကျိုးပျက်။** ဒီတော့- ဥဒယဗ္ဗယ, ဝယ, ဘင်, ဒါတွေကို အပျက်လို့ဘဲ ဟောတယ်မဟုတ်လား။ ဒါတွေကိုတွေးရမယ်၊ ဒီဟာတွေကို ထောက်ပြအုန်းမယ်၊ ဥဒယဗ္ဗယ,အပျက်က "အကြောင်းပျက်"ပါ၊ ဘင်, အပျက်ကြတော့ ပဋိစ္စ သမုပ္ပါဒ်ကြီး ပတ်ပြီး၊ အတိတ် အကြောင်းစက်ပျက်တာကို ဘင်ပျက်လို့ခေါ်တယ်။

ဒီတော့ အတိတ်အကြောင်းစက်ကို (ကုန်)လို့ ချလိုက်တော့၊ ကျန်နေတဲ့ဟာကို သစ္စာဉာဏ်ကြီးကယူပြီး၊ မေ့စကြာတရားတော် မှာ တင်ထားပြီ။ နောက် ဝယ,အပျက်ကျတော့ "အကျိုးပျက်"ကို ယူရတယ်။ အပျက်ခြင်းတူသော်လဲ သဘာဝတွေက ကွဲသွားပြီ။

ကုန်, ပျက်, ကင်း, ချုပ်, ကို မှေ့ချလိုက်ပါ၊ ဒီလို မှေ့နိုင်လာရင် ပဋိစ္စသမုပ္ပါဒ်ကြီးဟာ မလည်နိုင်တော့ပါ။ အဲဒါ ဘယ်ဟာလေး တွေ ကျန်နေသေးသလဲဆိုရင် ဥပါဒါန် အစီးအပွားလေးတွေဘဲ ကျန်နေတော့တယ်။

ဒါကို သစ္စာဉာဏ်ကြီးက ဓမ္မာစကြာကို တင်ပေးလိုက်တာဘဲ မဟုတ်လား၊ဒါကိုတွေ့လာရင်၊ ဗလဝဝိပဿနာကြီးဖြစ်ပြီး၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဇောကြီးတတ်ပြီး၊ မဂ်ကိုဝင်တော့မယ်။ ကိုင်း• ဒီတော့ ခန္ဓာလေးကောင်ကို ထပ်ပြီးသတ်ရမယ်၊ ကုန်,ပျက်,ကင်း, ချုပ်,ဆိုပြီး သတ်ရမှာဘဲ။

ဒီတော့ အပျက်ကိုသတိထားရမယ်၊ ပြဋ္ဌာန်းတဲ့သူကိုရှာရမယ်၊ ပြဋ္ဌာန်းသူဟာ အဲဒါသညက္ခန္ဓာဘဲမဟုတ်လား၊ အဲဒီ သညက္ခန္ဓာကို ကုန်,ပျက်,ကင်း,ချုပ်,နဲ့ လဲဖြတ်လိုက်ရော နောက်ဆုံးဝိညာဏက္ခန္ဓာ ကြီးဟာ ဘယ်လိုဖြစ်သွားသလဲ?။ ပညာမြင်အနိစ္စက (အနိမိတ္တ) အရိပ်နိမိတ်သာပြတ်သွားတယ်။ ဒီလို ကုန်,ပျက်,ကင်း,ချုပ်, နဲ့လဲ သိမ်းလိုက်ရော သ ည က္ခ န္ဓာ ကြီး ဟာ ဘာဖြစ်သွားသလဲ။ ဝိညာဏက္ခန္ဓာကြီးဟာ ဘာတွေဖြစ်သွားသလဲ၊ ကိုင်း ဖြတ်ပုံ ကလေးကို ပြောပြမယ်။

**ကုန်ခြင်းသဘောတရားဆိုတာ။** အတိတ်သဘောသညက္ခန္ဓာလေး ဟာ ကုန်ခြင်းသဘော အဲဒါ ဘယ်လိုကုန်သလဲ၊ ဒါကိုရှာစမ်းပါ။ ဒါကိုမြင်လာရင် ဥပါဒါန်ရဲ့ အစီးအပွားကြီးကို ဆွဲနိုင်လာပြီ။ ဒီဥပါဒါန်ရဲ့ အစီးအပွားကြီးကို မမြင်ကြလို့၊ မြင်လာတဲ့အခါမှာ အင်မတန်မှ ကြောက်စရာ ကောင်းပါတယ်။

ကိုင်း....ဒီတော့ သညက္ခန္ဓာလေးကို "ဝယဓမ္မာ"နဲ့လဲ ချလိုက် ရော၊ ဘယ်လိုကုန်သလဲ၊ အဲဒါ အောက်ကို ပြန်ကြည့်ရမယ်။ **ကုန်တယ်**ဆိုတာဘယ်သဘောကိုပြောတာလဲ၊ ဒီသဘာဝကိုတကယ် မြင်ရင် သင်္ခါရုပေက္ခာဉာဏ်ကြီး ရောက်နေပြီလို့ ယူလိုက်ပါ။ ဒါကိုမြင်လာရင်၊ဗလဝဝိပဿနာကြီးဖြစ်ပြီး,ဝုဋ္ဌာနဂါမိနီဇောကြီး တတ်ပြီး၊ မဂ်ကိုဝင်တော့မယ်။ ဒီတော့ ဂေါတြဘူဉာဏ်ကြီးက သညာရဲ့အနွယ်ကိုဖြတ်တာပါ။

အခု ဒီနေရာမှာ ကုန်ခြင်း သဘောတရားကိုသာ ကြည့်ပါ၊ အလယ်ကဟာတွေကို ဖေါ်လို့ မရသေးပါ။ ပြဋ္ဌာန်းတဲ့ သညက္ခန္ဓာကိုသာ မူထားပြီးသိမ်းတော့မယ်။ ဒါကိုမှတ်ထားပါ၊ ကုန်တဲ့ သဘောဟာ ဘယ်ဟာလဲ၊ ဒါကိုမြင်လာရင်သံသရာဟာရပ်တာဘဲ။ ဒါတွေ ပေါ်လာရင်တိဟိတ်ခန္ဓာကြီးကို တက်တော့မယ်။

ဒီတော့ ကုန်တဲ့သဘောဟာ ဘယ်သူက ပြောတာလဲ? သညာက ပြောတာလား၊ ဝိညာဉ်က ပြောတာလား။ ပညာက ပြောရမယ်။ ပညာကပြောတာမှန်ရင် သဘာဝလေးထွက်လာအောင် ရှာရမယ်။ ဒါမှတိဟိတ်ခန္ဓာပေါ်လို့ ရမယ်။ ဒါမှမမြင်သေးရင် တိဟိတ်ခန္ဓာ ပေါ်လို့မရသေးပါ။

ကိုင်း....ကုန်တယ်ဆိုတာ ဘယ်ဟာကုန်တာလဲ၊ဒါကိုစဉ်းစားပါ ကိုယ့်ရဲ့ပညာကို ထုတ်ပါ၊ ဒီကုန်ခြင်း သဘောကိုမြင်ပြီး၊ မဂ်ကို ဝင်ရင် အဲဒါ အနိမိတ္တမဂ်လို့ခေါ်တယ်။ ဒါကိုကြံပါ၊ ကိုယ်ပိုင် ပညာကြီးတွေထုတ်လာပါ၊ ဒီနေရာမှာ ပညာသဘော"ကုန်" နဲ့ ဝိညာဏ်သဘော၊ "ကုန်"ကိုတွေးပါ၊ ဝိညာဏ်သဘော "ကုန်" ဆိုတာက ဘယ်ဟာကို လက်ညှိုး ထိုးပြီး ကုန်သလဲ?။ပညာသဘော "ကုန်"ဆိုတာက ဘယ်လို "ကုန်"သလဲ?၊ အဲဒါတွေးပါ။

**ပစ္စုပ္ပန်သက်သက်လေးကိုရှာပါ။** ဒီတော့နောက်ကဟောလာတဲ့ ပစ္စုပ္ပန်သုံးမျိုးကို ပြန်စဉ်းစားပါ၊ **အဒ္ဓါနပစ္စုပ္ပန်** ဆိုတာဟာ အတိတ်၊ အနာဂတ်၊ သက်သက်တို့ ဆက်စပ်နေတဲ့ သဘော ကို ခေါ်တာ။ **သန္တတိပစ္စုပ္ပန်** ဆိုတာ ကြတော့၊ ပစ္စုပ္ပန်သဘောမှာနေပြီး အတိတ် အနာဂတ် သဘော တွေနဲ့ ဆက်စပ်နေတဲ့သဘောကိုခေါ်တယ်။

**ခဏပစ္စုပ္ပန်** ဆိုတာကြတော့ အတိတ် အနာဂတ် ကင်းပြီး၊ ပစ္စုပ္ပန်သက်သက်လေးပါ၊ ဒီပစ္စုပ္ပန်သက်သက်လေးကို ရှာနိုင်မှ မဂ်ကိုဝင်လို့ရမယ်၊ဒီသဘာဝတွေကိုပါပြန်တွေးလာမှ ဒီနေရာမှာ ပညာသဘောနဲ့ ဝိညာဏ်သဘောဟာ ကွဲသွားမယ်။

ဒီတော့ ပညတ်ဟာ ဘယ်လိုဇာတ်သိမ်းသွားသလဲ၊ ဒီပညတ်ရုပ် ဇာတ်သိမ်းသွားရင်၊ ဝိညာဏ်ကြီးမှာ ပညတ်သွားမပေါ်တော့ပါ၊ မသေရင် (ဝါ) ဇာတ်မသိမ်းရင် အနာဂတ် အကျိုးစက် ဝိညာဏ်ကြီးမှာ တဖန်ထပ်ပြီး ကံမျိုးစေ့ ကျအုန်းမှာဘဲ မဟုတ်လား။ ဒါကို သေသေချာချာတွေးပါ။

ကိုင်း....သာဓုခေါ်ကြပါတော့။

“ သာဓု....သာဓု....သာဓု.... ”



## တော်သလင်း လပြည့်ကျော် (၇) ရက်နေ့ ဟောစဉ်။

**အနုပဿနာညာဏ်ဆိုတာ။** ဒီနေရာမှာ အလွန်သိမ်မွေ့လာပြီ။ အနုပဿနာဆိုတာ တဖန်ပြန်ရှုတဲ့ ညာဏ်ကို အနုပဿနာညာဏ်လို့ ခေါ်တယ်။ အဲဒါ မဂ်ဖိုလ်နဲ့ လျှော်စွာ မြင်ခြင်းကို ခေါ်တယ်။ ဥပါဒါန် အစီးအပွားတွေ ကုန်သွားတာနဲ့ မဂ်ထဲကို ဝင်သွားတယ်။ ပြုပြင်တယ်, နှိပ်စက်တယ် ဆိုတာ ပုထုဇဉ် နယ်ကြီးပါ။ ပူပန်တယ်၊ ဖေါက်ပြန်တယ်ဆိုတာက အရိယာနယ်ကြီးပါ။ ဒီတော့ မဂ်ကို ကပ်နေပြီ မဟုတ်လား။

အတိတ်အကြောင်းစက် 'ကုန်' ဆိုတာကို အမြင် သန့်လာရမယ်။ ပညတ်၊ ပရမတ်လို့ ပြောတာလဲ၊ ဒီသညာဝိညာဉ်ဘဲမဟုတ်လား။ နောက် ရုပ်နာမ်လို့ ပြောတာကြတော့လဲ၊ ရုပ်ဆိုတဲ့ သဘာဝမှာ သညာလေးက လိုက်နေတာဘဲ မဟုတ်လား။ (ထိုသဘော ရှိက ဤသဘောရှိတယ်) ဆိုတာလဲ သညာလေးဟာ လိုက်လာတာဘဲ။

ဒီတော့ သခ်တ ပရမတ်နယ်ကြီး ရှိနေရင် ဒီသညာလေးဟာလဲ ရှိနေဦးမှာဘဲ။ ဒီနယ်ကြီး ချုပ်သွားမှ သူဟာ လိုက်လို့ မရပါ။ တိဟိတ် ပုဂ္ဂိုလ်တွေ ကြတော့ လောက ရေးရာမှာ ကျမ်းကြေလာတာဘဲ မဟုတ်လား။ သဘာဝလေးတခု စစ်ပုံဟာ (ဥပမာ) ကုန်တဲ့သဘောဟာ ဘာလဲ။ ပျက်တဲ့ သဘောဟာ ဘာလဲ။ ဒီလို မေးစရာတွေ ရှိနေရင် ပညာနယ် မဟုတ်ပါ။ မေးစရာ မရှိမှ ပညာနယ်ပါ။

**အကြောင်းသုညတ။** အဲဒီတော့ ကုန်တယ်ဆိုတာ ဘာလဲ ဆိုရင်၊ သဥ်းဆိတ်တဲ့ သဘောပါ။ အဲဒါ ငြိမ်းတဲ့ သဘော။ နိဗ္ဗာန ဓါတ်ကို တချက်ထဲ ထိုးနိုင်လာပြီ။ အဲဒါ ဘာ'သုညတ'လဲဆိုရင် 'အကြောင်းသုညတပါ'။ ကုန်တယ် ဆိုတာ ဘာလဲဆိုရင် ငြိမ်းအေးတဲ့ သဘော, နိဗ္ဗာနဓါတ်ဘဲ၊ ဒီနေရာမှာ ဒါလောက်သာလျှင် ယူလို့ ရသေးတယ်။

အနုမာနသိဒ္ဓိ၊ မှန်းဆတဲ့အနေသာ, နိဗ္ဗာန ဓါတ်ကို အာရုံ ပြုနိုင်သေးတယ်။ ဝိပဿနာ အနိစ္စညာဏ် တွေက လက်ရမ်းဆတဲ့ အနေနဲ့သာ, နိဗ္ဗာန်ကို အာရုံ ပြုနိုင် သေးတယ်။ မဂ်တို့ဖိုလ်တို့လို ဆွဲပြီးမပြုနိုင်သေးပါ။

ဒီတော့ပညတ်နဲ့၊ပရမတ်ဟာတွဲပြီး၊ဇာတ်ထောင်လာကြတယ်။ (နာမကပညတ်) (သဏ္ဍာန်ကပရမတ်) အထည်ခံ၊ အမာခံဘက်က လိုက်လာတယ်။ ဒီတော့ "ဥပမာ လဘက်ရည်ပုဂံဟာ- ပညတ်နဲ့ ပရမတ်တွဲလာတယ်၊ နာမက" ပညတ်။ သဏ္ဍာန, ခေတ်လေးပါး အရိပ်က ပရမတ်။ ဒီတော့ သင်္ခတပရမတ်ရှိလာရော၊ ပညတ်ကလဲ လိုက်လာတယ်။ အဲဒါ မာမူသည် ငါ၊ ငါ သည် မာမူဆိုပြီး လိုက်လာတယ်။

ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်က သခ်တပရမတ်ကို (ကြောင်းကျိုး) ချလိုက်ရော........သညာဟာ ဒိဋ္ဌိဘက်ကလိုက်ဆွဲလာတယ်။ သခ်တပရမတ်ဟာ၊ တက်လာရင် သညာကလဲ (ဝါ)ပညတ်ကလဲ အမည်အမျိုးမျိုးနဲ့ လိုက်လာတာဘဲမဟုတ်လား၊ အခုပညာမြင်

အနိစ္စဉာဏ်ရောက်လာတော့ သခ်ိတပရမတ်ဟာ၊ ဘယ်အနေနဲ့ ရှိသလဲ၊ ဒီသခ်ိတပရမတ် မသုဉ်းဆိတ်သေးလျှင် ပညတ်ဟာလဲ မပျောက်သေးပါ၊ ခပ်ကြမ်းကြမ်း ပြောရရင် အကုန်လုံးသာ မောင်းထုတ်မှဘဲ ရတော့မယ်မဟုတ်လား။

ဒီတော့ သခ်ိတပရမတ်ကြီး ဘယ်အနေနဲ့ ဇာတ်သိမ်းမလဲ၊ ဒီသဘာဝကိုမြင်လာရင် ဂေါတြဘူဉာဏ်ကြတော့ အနိစ္စဆိုတာ မမြဲတဲ့သဘောလို့ ပြောသေးရင်၊ ဂေါတြဘူဉာဏ်ကြီးက ငါ့ဆီ မလာခဲ့နဲ့ အုန်းလို့ ပြောတော့မယ်။ အဲဒါ သခ်ိတပရမတ် ရှိနေသေးရင်၊ ဂေါတြဘူဉာဏ်က လက်မှတ် မထိုးနိုင်သေးပါ။ ဘာ့ကြောင့် လက်မှတ်မထိုးသေးတာလဲဆိုရင်၊ အနိစ္စမမြဲသေးဘူး ပြောရင်၊ အဲဒါပညတ်ရဲ့သဘောက သခ်ိတပရမတ်ထဲမှာ ကပ်ပြီး တော့နေလို့မို့ (ပညာသား၊ မပါသေးဘူး)လို့ သူကပြောလာ တော့မယ်။

ဒီတော့ နိစ္စသဘော, သုခသဘော, သုဘသဘော, အတ္တ သဘော, အနေနဲ့ ဒီပညတ်ဟာ ကပ်နေအုန်းမှာဘဲ မဟုတ်လား။ ဒါ့ကြောင့် ဂေါတြဘူဉာဏ်ကြီးက လက်မှတ်မထိုးနိုင်သေးတာပါ၊ အဲဒါ ဝိဉာဏ်ရဲ့ အရိပ်ရှိနေသေးလို့ဘဲမဟုတ်လား။

ခုနကပြောသလို ခပ်ကြမ်းကြမ်းပြောရရင် အကုန်လုံးစွန့်ပစ် လိုက်မှ (တနည်း) အားလုံး မောင်းထုတ်ပစ်လိုက်မှ (တနည်း) အားလုံး ဇာတ်သိမ်းပစ်လိုက်မှဘဲ၊ ဒီဝိဉာဏ်ရိပ်ဖြစ်တဲ့ ပညတ် သဘောဟာ လိုက်မကပ်နိုင်မှာပါ။

ဒီတော့ သခ်ါရုပေက္ခာဉာဏ်ဆိုတာ၊ အားလုံးသော သခ်ါရ တရားတွေကို လျစ်လျူပြုတဲ့ဉာဏ်ပါ၊ ဒီဉာဏ်ကိုဆင်းမှသာလျှင် ပညတ်ရိပ်တွေဟာ အကုန်လုံး ကွာသွားမယ်မဟုတ်လား။ပညာမြင် အနိစ္စဉာဏ်ကြီးက သခ်ိတပရမတ်ကိုမီးရှို့ပစ်လိုက်တော့၊ သခ်ိတ ပရမတ်ဟာ ဘယ်အနေနဲ့ထွက်လာမလဲ။

ဒီတော့ သူ့နားမှာကပ်ပြီးပါလာတဲ့ ပညတ်ကြီးဟာ ဘယ်ကို ရောက်သွားမလဲ၊ ဒီဟာအချုပ်ဘဲ၊ နှစ်ခုဖြစ်နေသေးရင် မမှန်သေး ပါ။ တခုထဲဖြစ်လာရမယ်၊ နိဗ္ဗာနဓာတ် ဆိုတာ တခုသာလျှင် ရှိတော့တယ်။ သခ်ိတပရမတ်ကြီးကို ကုန်, ပျက်, ကင်း, ချုပ်, နဲ့လဲ

မီးရှို့လိုက်ရော၊ ဒီသခ်ီတ ပရမတ်ကြီးက ဘာထွက်လာမလဲ?၊ သူ့မှာကပ်နေတဲ့ ပညတ်ကြီးဟာ ဘယ်ကို ရောက်သွားသလဲ။ ဒါကိုစဉ်းစားပါ။

ဒီတော့ ယခင်က အတိတ်အကြောင်းစက်ကြီးဟာ ဘာကို သတ်လိုက်တာလဲ။ သူကဘာကိုသာလျှင် သတ်နိုင်တာလဲ။နောက်ကို ပြန်တွေးရမယ်။ ဥဒယဗ္ဗယဉာဏ်ကြီးဟာ 'အကြောင်းသုညတ'ကို သတ်တယ်ဆိုတာကို ပြေးမြင်ရမယ်။ သခ်ီတပရမတ်နဲ့ ပညတ်ဟာ ဘယ်လိုနေသလဲ။

**အကျိုး သုညတ၊ ဖြစ်အောင် သိမ်းရမယ်။**

ဒီတော့ ဥဒယဗ္ဗယကြီးက ကံ၊ စိတ်၊အာဟာရ၊ဥတု၊ကို တချက်ထဲ ပယ်နှုတ်လိုက်တော့ သခ်ီတ ပရမတ်ဟာ သုဉ်းဆိတ်သွားတယ်။ အဲဒါ ပညတ်ကြီး ကျန်နေသေးတယ်။ အထက်ဉာဏ်တွေက 'အကျိုးသုညတ' တွေကို သိမ်းလာမယ်။အခု ပညာမြင်အနိစ္စဉာဏ်ကြီးကဘာကိုသိမ်းတာလဲ ဟိုတုန်းကအကြောင်းနဲ့အကျိုး၊ ပညတ်နဲ့ပရမတ်ဟာ၊ဘယ်ဟာက အကြောင်း၊ ဘယ်ဟာက အကျိုးလဲ ဆိုဒါကို စဉ်းစားပါ၊ တွေးကြံပါ။

ဥပမာ၊ လဘက်ရည်ပုဂံကို ရှေ့မှာချပြီး၊ ဘယ်ဟာအကျိုးလဲ ဘယ်ဟာအကြောင်းလဲဆိုရင် လဘက်ရည်ပုဂံလို့ခေါ်တဲ့ နာမည် ပညတ်လေးက အကျိုးသဘော၊ ပညတ်သဘော။ ဓာတ်လေးပါး တို့က အကြောင်းသဘော၊ သခ်ီတပရမတ်သဘောပါ။ ဒီလိုကို အကျိုးနဲ့ အကြောင်းဟာ ကွဲလာရမယ်။ ဓာတ်လေးပါးက အကြောင်း၊ အမည်ကအကျိုး၊ဒါက ကလျာဏမျှားဆွဲတဲ့အဆွဲပါ၊ အန္ဓတွေကြတော့ ဒီလိုမဆွဲတော့ပါ၊ ဒီလိုမြင်ရုံနဲ့ မရသေးပါ၊ အကျယ်ခွဲလာရသေးတယ်၊ ဒီလိုတက်လာတာကို ဥဒယဗ္ဗယကြီးက အကြောင်းတရားတွေကို အကုန်ဆွဲနှုတ်လိုက်တယ်။ ဒီတော့သခ်ီတ ပရမတ်ကြီးဟာ ထွက်လာတယ်။

ဒီတော့ အကြောင်းတရားတွေကိုလဲ တချက်ထဲသိမ်းလိုက်ရော၊ "အကြောင်းသုညတ" ဖြစ်သွားတယ်။ "အကျိုးသုညတ" ဟာ ကျန်နေသေးတယ်၊ ပညတ်ကလဲ၊နိစ္စ၊သုခ၊သုဘ၊အတ္တနဲ့ လိုက်လာတယ်။ သန်တပရမတ်ကလဲ "စက်ရဟတ် လေးပါး" ဆိုပြီး ထွက်လာပြန်တယ်။

ဒီတော့ ဥဒယဗ္ဗယကြီးဟာ အကြောင်းကို ဘာကြောင့် ပြတ်အောင် မသိမ်းနိုင်သလဲဆိုရင် ဝိညာဏ်ရှေ့သွားရှိပြီးသိမ်းတာ ဖြစ်ခြင်းကြောင့်ပါ။ ပညာကအားမကောင်းသေးလို့ ပြတ်အောင် မသိမ်းနိုင်သေးတာပါ။ ဒါ့ကြောင့် အကျိုးထဲမှာ အကြောင်းမျိုး လေးဟာ ပါလာတယ်။

အဲဒါ အကျိုးလို့သာ ပြောနေသော်လဲ၊ ဒီအကျိုးထဲမှာ အကြောင်းမျိုးလေးတွေကို ကိုယ်ဝန်ဆောင်လာသေး တယ်။ တကယ့်အကျိုးမဟုတ်သေးပါ၊ အကျိုးသုညတဖြစ်သွားအောင်က အကြောင်းမျိုးတွေ ပြတ်သွားဘို့ အရေးကြီးပါတယ်။

ပညတ်ကအကျိုး၊ ပရမတ်က အကြောင်း၊အနေနဲ့ရှိသေးတယ်။ အဲဒါ အဘူတူတွဲပြီး တက်လာတာဟာ၊ အခု ပညာမြင်၊ အနိစ္စ ညာဏ်က အကျိုးသုညတကိုချတော့မယ်ဆိုတော့၊အကျိုးမျိုးထဲမှာ ရှိတဲ့ အကြောင်းကိုချတော့မယ်။

ဒီတော့ "ကုန်"ဆိုတာ သုညတအနတ္တ၊ အကျိုးကြီးဟာ နောင်တဖန် ပြန်ပြီးမပေါ်နိုင်တော့ရင်၊ ပညတ်ကြီးဟာ တကယ် "ပျက်" ဖြစ်လာပြီး၊ အကြောင်းအမျိုးမျိုးမရှိလို့ (တနည်း) သန်တပရမတ်မရှိလို့၊အဲဒါ"ကင်း"တယ်၊ဒီအကျိုးကောင်ကြီးဟာ နောက်ဆုံး၊အကျိုးနိရောဓ။ နောင်တဖန်ပြန်ပြီးမဖြစ်တဲ့သဘောထဲ ကျသွားပြီ။ အဲဒါ ပညတ်ရိပ်ကြီး ဇာတ်သိမ်းသွားတာကို နိဗ္ဗာန် တံခါးကြီး ဖွင့်နိုင်လာပြီလို့ဆိုတာ မှတ်ယူထားပါ။

ကိုင်း....သာဓုခေါ်ကြပါတော့။

"....သာဓု....သာဓု....သာဓု...."

# ပုံစံနံပါတ် (၁၆)



# ပုံစံနံပါတ်(၁၆)

## တော်သလင်း လဆုတ် (၉)ရက်နေ့ ဟောစဉ်။

ပညာမြင် အနိစ္စညာဏ်က ပဋိစ္စသမုပ္ပါဒ်ကြီးကို ပတ်တဲ့အခါမှာ ဆည်းပူး (အာယူဟနဋ္ဌ)၊ နှင်းဆောင် (နိဒါနဋ္ဌ)၊ ဖွဲ့နှောင် (သံယောဂဋ္ဌ)၊ နှောင့်ယှက် (ပလိဗောဓဋ္ဌ) လို့ သမုဒယ သစ္စာ အနက် လေးချက်နဲ့ တဏှာရဲ့ ရေသောက်မြစ်ကို ဖြတ်လိုက်တဲ့ အခါမှာ နိရောဓ ဓမ္မမှာ တရားဦးခေါင်း ကျတယ်။

အခု ပညာမြင် ဒုက္ခညာဏ်ကြတော့ ပူပြင်(သန္တာပဋ္ဌ)၊ နှိပ်စက် (ပီဠနဋ္ဌ)၊ ပူပန်(သန္တပဋ္ဌ)၊ ဖေါက်ပြန် (ဝိပရိနာမဋ္ဌ)။ ဒီလို ဒုက္ခသစ္စာ အနက် လေးချက်နဲ့ ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာ ရေသောက်မြစ်ကို ဖြတ်ပစ်ရမယ်။ ဒီတော့ ပညာရဲ့ သဘာဝဟာ အင်မတန်မှ ကျယ်ဝန်းပါတယ်။

လေးကျွန်းတမြင့်မိုရ်ကိုစကြာဝဠာတခု၊ စကြာဝဠာတသောင်း ကြတော့ ဇာတိခေတ်လို့ ခေါ်တယ်။ စကြာဝဠာတသိန်းကြတော့ အာဏာခေတ်လို့ ခေါ်တယ်။ အဲဒါ ဘုရားရှင်ရဲ့ အာဏာတော် မျှား ချတာကို ခေါ်တယ်။ ဝိသယခေတ်ကြတော့ စကြာဝဠာတွေ မရေမတွက်နိုင်တော့ပါ။ အဲဒါကိုစကြာဝဠာအနန္တလို့ခေါ်တယ်။ စကြာဝဠာ အနန္တဟာ သဗ္ဗညုတ ရွှေညာဏ်တော်ကြီးရဲ့ ကျက်စားရာ ဖြစ်တယ်။

ကိုင်း....ဒီတော့တရားကိုဆက်ကြစို့ရဲ့။ အတိတ်အကြောင်းစက် ဟာ ဘယ်ဟာက စသလဲဆိုရင်၊ ဒီပင်္ကရာ ဘုရားထံမှာ ဗျာဒိတ်ပန်း ခံတဲ့ အချိန်ကစပြီး ယူပါ။ အတိတ် အကြောင်းစက်ဟာ ပူပြင်တဲ့ သဘော၊ ဒီတော့ ပူပြင်တဲ့ သဘောဟာ ဘယ်သူလဲ။ ပူပြင်တဲ့ သဘောဟာ 'ကံ'ဖြစ်တယ်။ 'ကံ'ကို အရင်တိုးပြီးတော့မှ အဝိဇ္ဇာ တဏှာတို့ကို ရောက်မယ်။

ဒီတော့ အဝိဇ္ဇာနဲ့ တဏှာဟာ အရိပ်အနေနဲ့ ပါလာပါတယ်။ 'ကံ'က ရှေ့ဆောင်ပြီး ဆွဲတာပါ။ ဒါကြောင့် 'ကံ'ကို အရင်ဆွဲရမယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက (ကံဆိုတဲ့ သဘောလေး ကနေ အဝိဇ္ဇာရဲ့ အရိပ်သဘောဖြစ်တဲ့ ဆည်းပူး၊ နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောက်ယှက်တဲ့ သဘော ထွက်လာတယ်။ 'ကံ' ဆိုတဲ့ ခန္ဓာလေး လေးကောင် ထွက်လာတယ်)လို့ ဟောလာတယ်။

**ကံ နှင့် ကံရိပ်**

ဒီတော့ 'ကံ'က ကို ခန္ဓာလေးတွေ ထွက်လာတယ် ဆိုတာ 'ကံရိပ်'ကလေးကိုပြောတာပါ။ ဒီတော့ သစ္စညာဏ်ကြီးက ခန္ဓာလေးတွေကို ဖြတ်လိုက်တဲ့အခါမှာ နိရောဓရဲ့ အရောင် ဖြစ်လာပြီ။ ခန္ဓာလေးတွေရဲ့ အရောင်ဟာ ပြေးနေပြီ။ အဲဒီ ခန္ဓာလေးတွေကို မဂ်က သတ်မယ်။

**ပဋိစ္စသမုပ္ပါဒ်နှင့်ဒုက္ခလေးချက်**

ဒီတော့ ပြုပြင်တဲ့ သဘောကလဲ နှစ်ဆယ့် ကိုးပါးသော **ကံ** ယူရမယ်။ ပြုပြင်တယ်ဆိုတာ 'ကံ'ကို ခေါ်တာ။ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာ မပါဘူးလား?။ ပါပါဘယ်။ ပါသော်လဲ မထင်ရှားသေးပါ။ ရှေ့ကဏ္ဍတွေကြမှ ထင်ရှားလာပါလိမ့်မယ်။ ဒီနေရာမှာ 'ကံ' ဆိုတဲ့ သဘာဝက ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်လိမ့်ဦးမယ်။ **ပြုပြင်တယ်** ဆိုတာကို **နှစ်ဆယ့်ကိုးပါးသောကံ** တွေကိုယူလိုက်ပါ။ (တနည်း) **ကံရိပ်လေး** ငုတ်တုတ် ထိုင်နေ တာကို ယူလိုက်ပါ။ ဒါဟာ အတိတ်အကြောင်းစက်ပါ။

နှိပ်စက်တဲ့ သဘောကြတော့ ပစ္စုပ္ပန် အကျိုးစက်ပါ။ ပူပန်တဲ့ သဘောကြတော့ပစ္စုပ္ပန်အကြောင်းစက်ပါ။ အနာဂတ်အကျိုးစက်ကြတော့ အဲဒါ ဖေါက်ပြန်ပျက်စီးတဲ့ သဘောပါ။ ဒီလိုကို ပဋိစ္စသမုပ္ပါဒ်ကြီးကို ဒုက္ခလေးချက်နဲ့ လှည့်နိုင်ရမယ်။ ရှေ့ကြတော့မှ အဝိဇ္ဇာနဲ့ တဏှာဟာ ထင်ရှားလာတော့မယ်။

အဲဒီနေရာကြတော့ 'ကံ'ဟာ အနုသယ အနေနဲ့ ကိန်းနေပြီ၊ အဲဒီ အနုသယ အနေနဲ့ ကိန်းနေတဲ့ 'ကံ'လေးကို ထုတ်ပြီး မဂ်က သတ်မယ်။ အခုလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ရိုက်ချိုးဦးမယ်။

**ပစ္စုပ္ပန် အကြောင်းစက်ကို ရိုက်ချိုးပါ**

ကိုင်း....ရိုက်ချိုးစမ်းဆိုရင် ဘယ်က စပြီး ရိုက်ချိုးမလဲ?။ ပူပန်တဲ့ ဒုက္ခ ဖြစ်တဲ့ ပစ္စုပ္ပန် အကြောင်းစက်က နေ စပြီး ရိုက်ချိုး ရမယ်။ အဲဒီကနေ ရိုက်ချိုးနိုင် တာဟာ သောတာပန် ပုဂ္ဂိုလ်မှ ရိုက်ချိုးနိုင်တာပါ။ ကျန်တဲ့စက်ရဟတ်တွေ ကိုမှ သကဒါဂါမိ၊ အနာဂါမ် ပုဂ္ဂိုလ်တွေ ရိုက်ချိုး ပါတယ်။

ဒီတော့ ပြုပြင်တဲ့သဘောကို ရှာတဲ့နေရာမှာ ပစ္စုပ္ပန်အကျိုးကို ထုတ်ပြီး ရှာရတာ ဖြစ်ခြင်းကြောင့် နှစ်ဆယ့် ကိုးပါးသော ကံတွေကို ရှာရမယ်။ ပြုပြင်တဲ့သဘော မြင်လာရင် ဘယ်ကံတွေက ငုတ်တုတ်ထိုင်နေတာလဲ။ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ ပြောမလား။

အဲဒါ ဥဒယဗ္ဗယ ဉာဏ်ရဲ့ အောက်မှာသာ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ ပြောတာပါ။ အခု ဥဒယဗ္ဗယ ဉာဏ်ကြီးက အကြောင်းတရားကြီးကို ဖြတ်ခဲ့ပြီ။ အခု ဒီနေရာမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ ပြောလို့ မရတော့ပါ။ ပညာမြင် ဒုက္ခဉာဏ်ကို ထင်လာတာနဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံလို့ မပြောတော့ပါ။

ယခု ဒီနေရာမှာ 'ကံ' လေးဟာ မျိုးစေ့ကလေး အနေနဲ့ သာလျှင် ဒီနေရာမှာ ရှိတော့တယ်။ အဲဒါ အနုသယလေးအနေနဲ့ ရှိတော့တယ်။ ဒီတော့မှ ပညာမြင် ဒုက္ခဉာဏ်မှာ ဥက္ကောင်းချလို့ ရမယ်။ ဘာတွေကိုဘဲ တွေ့တွေ့၊ တွေ့ခါမျှ၊ မြင်ခါမျှဘဲ ရှိတော့ တယ်။ အဲဒါ အနတ္တအနေနဲ့ ချေနိုင်လာပြီ။

သာဓုခေါ်ကြပါတော့....

**" သာဓု....သာဓု....သာဓု "**



## တော်သလင်း လဆုတ် (၁၀) ရက်နေ့ ဟောစဉ်

ကုသိုလ်၊ အကုသိုလ် ဆိုတာ သညာ ဝိညာဉ် အနေနဲ့ သာ ခေါ်နေတာပါ။ အဲဒါဟာ သညာ ဝိညာဉ် အမြင်ပါ။ သညာ ဝိညာဉ် အမြင်သာ ရှိကြတဲ့ ပုဂ္ဂိုလ်တွေက (ကံ)ဆိုတာကို ကုသိုလ်၊ အကုသိုလ် အနေသာ ကောက်ယူကြတယ်။

ပဋိစ္စသမုပ္ပါဒ် အနေနဲ့ ကြည့်ရင် အတိတ် အကြောင်းစက် ဖြစ်တဲ့ အဝိဇ္ဇာသဘောဟာ ပစ္စုပ္ပန် အကျိုးစက်နဲ့ ပေါင်းဆုံတဲ့ အခါမှာ ပစ္စုပ္ပန်အကြောင်းစက်ဖြစ်တဲ့ "ကံ"သဘော ပေါ်ထွက်လာတယ်။

မနေ့က ပြောခဲ့တာက ပူပြင်တဲ့ သဘော ဖြစ်တဲ့ "ကံ" ကို ပြောခဲ့တယ်။ ပူပြင်တဲ့သဘော "ကံ"ကို မြင်လာရင် နှိပ်စက်တဲ့ သဘောကို မြင်လာတော့မယ်၊ ပူပန်ဘဲ့သဘော၊ ဖေါက်ပြန်တဲ့ သဘောကို မြင်လာတော့မယ်။

နောက်တခုက ပဋိစ္စသမုပ္ပါဒ်ကို ဝေဖန်တဲ့ အခါမှာ အတိတ် အကြောင်းစက်မှာရှိတဲ့အဝိဇ္ဇာကြီးဟာ ပစ္စုပ္ပန်အကျိုးစက်၊ ပစ္စုပ္ပန် အကြောင်းစက် အနာဂတ်အကျိုးစက်မှာဘယ်အနေနဲ့ ကိန်းသလဲ။

"ကံ"ကကော စက်ရဟတ် ၄ ပါးမှာ ဘယ်အနေနဲ့ ကိန်းသလဲ ဒါကို ဝေဖန်ကြရမယ်။

ဒီသဘာဝတွေပိုင်လာမှ အနတ္တလက္ခဏာသုတ်ကိုတက်တဲ့အခါမှာ သဘော ပေါက်မယ်။

ဒီတော့ အတိတ် အကြောင်းစက် "ပူပြင်တဲ့ကံ"ကို မနေ့က ပြောခဲ့ပြီ။

**ပစ္စုပ္ပန်အကျိုးစက် နှိပ်စက်တဲ့ သဘော**

ဒီနေ့ နှိပ်စက်တဲ့ အထဲမှာ "ကံ" လေးဟာ ဘယ်လို ပါလာသလဲ။ ပူပန်တဲ့ သဘော၊ ဖေါက်ပြန်တဲ့ သဘောမှာ "ကံ" လေးဟာ ဘယ်အနေနဲ့ ပါလာသလဲ ဆိုတာကို ဝေဖန်ရမယ်။ နှိပ်စက်တဲ့ သဘောမှာ "ကံ"လေးဟာ ဘယ်အနေနဲ့ ပါလာသလဲ၊ ကံကို အရင် ထုတ်ယူပါဦး။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပဋိစ္စ သမုပ္ပါဒ်ကြီး လည်တာကို မြင်စေလို၍ ဒုက္ခလေးချက်ကို ဟောလာ တာပါ။ ပြုပြင်တယ်ဆိုတာ အတိတ်အကြောင်းစက် ရဟတ်ပါ။ အတိတ် အကြောင်းစက်ရဟတ်ဟာ ပစ္စုပ္ပန်အရိပ်ကို ရမှသာလျှင် လှည့်လို့ ရတယ်။ ဒါကြောင့် ပစ္စုပ္ပန်အရိပ်ကိုယူရတယ်။ ကုသိုလ်၊ အကုသိုလ် ကံဆိုတာ ကာလသုံးပါး ရုပ်နာမ်တုန်းက အောက်ညာဏ်စဉ်တွေက ပြောတာပါ။

ဒီတော့ စက္ခုနဲ့ ရူပါရုံ ဆုံတဲ့အခါမှာ သင့်တင့်အောင် နှလုံး သွင်းမိရင် ကုသိုလ်၊ မသင့် မတင့် နှလုံးသွင်းမိရင် အကုသိုလ်၊ (တနည်း) အာရုံရဲ့သဘောလေးကို (ကိုယ်ရဲ့သညာဝိညာဉ်ကနေ ဆုံပြီးတော့ ပြောနေတဲ့) ကုသိုလ်၊ အကုသိုလ် ဆိုပြီး အဲဒီကဏ္ဍက ပြောနေတာ မဟုတ်လား။

အခု ဒါတွေကို ချိုးဖျက်ပြီး၊ အခု ဒီနေရာမှာ ဒီလိုပြောလို့ မရတော့ပါ။ ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ်ကြီးလှည့်တဲ့အခါမှာ ခန္ဓာ လေးတွေက လှည့်ရတာပါ။ ခန္ဓာနည်းကို ဖွင့်လာတဲ့ အခါမှာ ခန္ဓာလေးတွေ ပေါ်လာမှ လှည့်လို့ရတယ်။

ယခု ပဋိစ္စသမုပ္ပါဒ်ကြီး လှည့်တော့မယ်ဆိုတော့ ခန္ဓာနည်းဖြင့် လှည့်ရတယ်။ နောက် အနတ္တလက္ခဏာ သုတ်ကြီးမှာလဲ ခန္ဓာနည်း တွေနဲ့ လှည့်ပြီး ဟောထားတာ ဖြစ်ခြင်းကြောင့်၊ ခန္ဓာနည်းနဲ့ လှည့်တဲ့ ပုဂ္ဂိုလ်မှာ ဒီခန္ဓာနည်းကို ကျမ်းကြေ လာရမယ်၊ ဒါမှ သဘာဝညာဏ်တွေ ပေါ်လာမယ်။

**အဆင်း၊ အကြည့်၊ အမြင်၊ အသိနှင့်**
**စက်ရဟတ်လေးပါး**

ဒီတော့ စက်ရဟတ်လေးခုမှာ ပစ္စုပ္ပန်အကျိုးစက်ရဟတ်ဟာ လိုရင်းဘဲ။ အဆင်း၊ အကြည့်၊ အမြင်၊ အသိကို စက်ရဟတ်ထဲ သွင်းကြည့်လိုက်တဲ့ အခါမှာ သူ့သဘာဝနဲ့သူ ဝင်ရမယ်။

— အဆင်း, အတိတ်အကြောင်းစက်, ပြုပြင်တဲ့ဒုက္ခ, နာမပညတ်။

— အကြည်, ပစ္စုပ္ပန်အကျိုးစက်, နှိပ်စက်တဲ့ဒုက္ခ, သဏ္ဌာနပညတ်။

— ပစ္စုပ္ပန် အကြောင်းစက်, အမြင်သဘော, ပူပန်ခြင်း ဒုက္ခ, ကံမျိုးစေ့, သမူဟပညတ်။

— အသိသဘော, အနာဂတ်အကျိုးစက်, ဖေါက်ပြန်ခြင်းဒုက္ခ, ပညတ်အနေနဲ့ဆိုရင် သန္တတိပညတ်ရိပ်။

ဒီတော့ စက်ရဟတ်လေးချက်ကို ဓမ္မလေးချက်နဲ့ ဖြတ်လိုက်ရင် ရပ်သွားမှာဘဲမဟုတ်လား။ ပစ္စုပ္ပန်အကျိုးစက်ဟာ လိုရင်းပါဘဲ။ ပဋိစ္စသမုပ္ပါဒ် ကြီးကို လှည့်ချင်တော့ **ကံ** လေးကို **အတိတ်အကြောင်းစက်**ဆိုပြီး ပစ္စုပ္ပန်ထဲသွင်းရတယ်။ ဒီတော့ ပစ္စုပ္ပန်ထဲ ရောက်လာမှ အတိတ် အကြောင်းစက် ဆိုပြီး နာမည်ပေးလို့ ရတယ်။

အဲဒါကို မျိုးလေးအနေနဲ့ယူရတယ်။ မျိုးစေ့လေးကျလာမှ ပစ္စုပ္ပန်အကြောင်းစက်ဆိုပြီး ဖြစ်လာတာကိုလဲမြင်ရမယ်၊ သဘာဝအနေနဲ့ ယူတဲ့အခါမှာ ပစ္စုပ္ပန် အကျိုးစက်ကို တည်ပြီးမှ (ဝါ) အကြည်လေးကို မူတည်ထားပြီးမှ အတိတ် အကြောင်းစက် ဖြစ်တဲ့ အဆင်းလေးနဲ့လဲ လာတိုက်ရော အဲဒါ နှိပ်စက်တယ်၊ အဲဒါ မျိုးစေ့လေးဖြစ်လာပြီ။

မျိုးစေ့လေး ဖြစ်ပြီးတော့ အနာဂတ်ကို သူသွားတော့မယ်၊ ဒါကြောင့် ပစ္စုပ္ပန်အကျိုးမှာကို မျိုးလေးချပြီ။ ဒါကြောင့် ကာလသုံးပါးကို ကျမ်းကြေလာရမယ်လို့ ဆရာတော် ပြောနေတာပါ။ ပစ္စုပ္ပန်မှာ ဆက်စပ်လိုက်တာနဲ့ မျိုးလေး ဖြစ်လာတယ်။ အဲဒီ ထိအောင် နှိပ်စက်တာကို ယူပါ။ အကြည်ဓါတ်ကို မယူပါနဲ့။ အကြည်ဓါတ်မှာ ပါလာတဲ့ မျိုးလေးကိုသာ ယူပါ။

ဒီတော့ စက်ရဟတ်ကို ဖြတ်တဲ့အခါမှာ စက်ရဟတ်ကြီး မရှိတော့ဘူးလို့ မယူပါနဲ့။လည်နိုင်တဲ့မျိုးလေးလိုသာဖြတ်ပစ်တာပါ။ လည်နိုင်တဲ့ မျိုးလေးကိုသာ မြင်အောင်ကြည့်ပါ။ အတိတ်ကံက

ပါလာတဲ့ကံမျိုးစေ့လေးကြတော့ ပွပြင်တာ၊ ပစ္စုပ္ပန်အရိပ်ထဲမှာ ရှိတဲ့ကံကြတော့ နှိပ်စက်တာ၊ ဒါကို မြင်အောင်ကြည့်ပါ။ ကံရဲ့ သဘာဝဆိုတာ လျှပ်တပျက်အနေနဲ့ မျိုးလေး ဖြစ်လာတာပါ။ ဒါကို ကံမျိုးစေ့လေးလို့ ခေါ်တယ်။

အဲဒါကိုနှိပ်စက်တဲ့ဒုက္ခဘဲလို့မြင်အောင်ရှုပါ။ ဒါမှဖြတ်လိုက်တဲ့ အခါမှာ သဘာဝကို လာတွေ့မယ်၊ နှိပ်စက်တဲ့ ကံမျိုးစေ့လေး ဖြစ်လာတာကို ကြည့်ပါ။ အဲဒီ သဘာဝ လေးမှာ ဘယ်သူ့ရဲ့ ဗျာပါရလေးပါလာသလဲဆိုရင် အဝိဇ္ဇာ,တဏှာတို့ရဲ့ ဗျာပါရလေး ပါလာတယ်။

**ပစ္စုပ္ပန် အကြောင်းစက်**
**ပူပန်တဲ့သဘော**

ဒီတော့ အတိတ် အကြောင်းစက်နဲ့ ပစ္စုပ္ပန် အကျိုးစက်နဲ့လဲ ပေါင်းလိုက်ရော....အနာဂတ်ကို သွားမဲ့ ကံမျိုးစေ့ ဖြစ်တဲ့ ပစ္စုပ္ပန်အကြောင်းစက်ကြီးဟာ ထင်ထင်ရှားရှား ပေါ်လာတယ်။ ဒီတော့မှ နှစ်ဆယ့်ကိုးပါးသော ကံတရားတွေဟာ ဒီက ထွက်လာတယ်။ ဒီသုံးပါးကို မြင်အောင်ကြည့်ပါ၊အဲဒါ ပူပန်တယ် ဆိုတာ ပစ္စုပ္ပန်အကျိုးစက်က ဖွားချလိုက်ပြီ။

ဒီတော့ ပစ္စုပ္ပန် အကြောင်းစက် ပူပန်တဲ့သဘောကြီးဟာ ထွက်လာပြီ။ နောက် ခန္ဓာကိုယ်ကြီး သေသွားတဲ့အခါ ဖေါက်ပြန် တယ် ဆိုပြီး အတိတ် အကြောင်းစက် ကြီးဟာ ဟိုဘက်ဘဝမှာ ကုန်းကျဉ်းဖွဲ့ပြန်ပြီဘဲမဟုတ်လား၊အဲဒီလို စက်ရဟတ်ကြီး၄-ချက်မှာ ကံရိပ်လေးတွေ မြင်အောင် ရှုပါ၊ ဒါမှသာလျှင် သဘာဝတွေ မြင်လာမယ်မဟုတ်လား။

ကိုင်း သာဓုခေါ်ကြပါတော့။

**" သာဓု–သာဓု–သာဓု "**

## တော်သလင်း လဆုတ် (၁၁) ရက်နေ့ ဟောစဉ်။

**ကံသဘာဝ လေးချက်** ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါးမှာ "ကံရိပ်" ကို မြင်အောင်, ဆင်ခြင်နိုင်အောင်, မနေ့က ဟောခဲ့ပြီ။ ဒီနေ့ "ကံသဘာဝ" ၄-ချက်ကို ပြောပြမယ်။ သမ္မောအဋ္ဌကထာကြီးမှာ ကံ့သဘာဝ ၄-ချက်ကို ဘယ်လို ပြထားသလဲဆိုရင်........

(၁) ကမ္မ ကမ္မ ဖလ လက္ခဏော၊ အကြောင်းကံ, အကျိုးကံဟု ဆိုအပ်သော လက္ခဏာရှိ၏။
(၂) ဘာဝနာ ဘာဝန ရသော၊ ဖြစ်စေခြင်း၊ ဖြစ်ခြင်းကိစ္စ ရှိ၏။
(၃) ကုသလာ ကုသလာဗျာကတ ပစ္စုပ္ပဋ္ဌာနော၊ ကုသိုလ်, အကုသိုလ် အဗျာကတ တရားသာလျှင် ထင်သော အခြင်းအရာရှိ၏။
(၄) ဥပါဒါန ပဒဋ္ဌာနော၊ ဥပါဒါန်တရားလျှင် နီးစွာသော အကြောင်းရှိ၏။

ဒီလိုပြထားတယ်။ ဒီကံရဲ့ အကြောင်း လေးချက်ကို မနေ့က ပြခဲ့တဲ့ ပြုပြင်တဲ့သဘော အတိတ်ကံ၊ နှိပ်စက်တဲ့သဘော ပစ္စုပ္ပန်ကံ ဒီနှစ်ခုပေါင်းလို့ ပူပန်တဲ့ ကံမျိုးစေ့လေး ထွက်လာတာ၊ အနာဂတ်သဘော ကံမျိုးစေ့လေးကျတာ၊ ဒီလေးချက်ကို အခု **ကံ**၏သဘော လေးချက်နဲ့ ထောက်ကြည့်ပါ။

ဒီတော့ ပြုပြင်တဲ့သဘောမှာအကြောင်းကံ,အကျိုးကံအရိပ်လို့ ခေါ်တာ၊ ဥပတ္ထမ္ဘကဟိတ်, ဇနကဟိတ်ကိုထည့်။ အဲဒါ ကုသိုလ်, အကုသိုလ်ဟာ မပေါ်သေးပါ။

နောက် ပစ္စုပ္ပန်အကျိုးစက်ကြမှ ဖြစ်စေခြင်း၊ ဖြစ်ခြင်း ဆိုတဲ့ ကံလေး ဖြစ်လာတယ်။ အဲဒါ နှိပ်စက်တဲ့ သဘောလေး ပါဘဲ။ **ကံ**လေးဟာ မျိုးစေ့လေးဖြစ်လာမှ ကုသိုလ်, အကုသိုလ်, အဗျာကတ,ဆိုပြီး ခေါ်လာနိုင်တယ်။ အဲဒါ ပစ္စုပ္ပန်အကြောင်းစက်၊

ပူပန်တဲ့ ဒုက္ခသဘောပါ။ နောက်ဆုံး ကံလေးဟာ ဥပါဒါန် အစီး အပွားထဲ ရောက်သွားတာဟာ အနာဂတ် အကျိုးစက် ဖေါက်ပြန်တဲ့ သဘောပါ။

ဒီနေရာမှာ ကံလေးကို မြင်အောင် ပြသွားတယ် ဆိုတာကို မြင်အောင်ကြည့်ပါ။ မျိုးစေ့ထွက်လာပြီ ဆိုတာနဲ့ အမျိုးမျိုး ဖြစ်လာတယ်။ ဒီသဘာဝ လေး တွေ ကို မြင်အောင် ကြည့်ပါ။ ပူပြင်တယ်ဆိုတာ အတိတ်ဇနက ကံ့လေးကို ယူလိုက်ပါ။ အဲဒါ အဝိဇ္ဇာနဲ့တဏှာဟာ အခြံအရံအနေနဲ့ရှိနေတယ်။ အရိပ်အနေနဲ့ ရှိနေတယ်။ ကံ့ကသာလျှင် ဦးစီးပြီးပတ်ရတယ်။

ဒီတော့ အတိတ်အကြောင်းစက် ပူပြင်တဲ့ သဘောလေးဟာ ပစ္စုပ္ပန်နဲ့ဆက်မှသာလျှင် ပေါ်လို့ရတယ်။ ပူပြင်တယ် ဆိုတာ ကံ့ပါ။ ကံ့ရဲ့သဘောလေးကြတော့(ကမ္မာကမ္မ ဖလ လက္ခဏော) အကြောင်းကံ့ အကျိုးကံဟု ဆိုအပ်သော လက္ခဏာရှိ၏။ အဲဒါ ကံလေးဟာ ပူပြင်တဲ့သဘောအနေနဲ့ရှိတယ်။

ဒီတော့ အတိတ်အကြောင်းစက်မှာပင် မနေတော့ဘဲ ပစ္စုပ္ပန်ကို ဆင်းမဲ့ ကံကို ယူလိုက်ရင် အတိတ်ကံက ပစ္စုပ္ပန်ထဲကိုအကြောင်းကံ အကျိုးကံလေးအနေနဲ့ဝင်လာပြီ။ အဲဒါ အကြောင်းဇနက "ကံ"၊ အကျိုးဥပတ္ထမ္ဘက "ကံ"လို့ခေါ်တယ်။ အဲဒါ ကုသိုလ်ကံ့အကုသိုလ် ကံလို့ မပြောနိုင်သေးပါ။ ဒီနေရာမှာ ကုသိုလ်အကုသိုလ် မထွက် သေးပါ။

အဲဒါကြောင့် အကြောင်းဇနက ဟိတ်၊အကျိုးဥပတ္ထမ္ဘကဟိတ် သာလျှင်ရှိသေးတယ်၊ ကံ့မျိုးစေ့မကျသေးပါ။ပစ္စုပ္ပန်အကြောင်း စက်ကြမှ ကုသိုလ်အကုသိုလ်လို့ ခေါ်နိုင်တယ်။ ဒီသဘာဝ လေးတွေကို ပဋ္ဌိစ္စသမုပ္ပါဒ်ထဲ ဖွင့်ကြည့်လိုက်ရင် "ကံ"လေးကို မြင်လာပြီ။

နောက်ဆုံး ခန္ဓာကိုယ်ကြီး သေသွားတဲ့အခါမှာ ဒီသုံးပါး ပေါင်းပြီး ဥပါဒါန် အစီးအပွားတွေ လုပ်နေပြီ မဟုတ်လား။ ဒါတွေကို တွေ့လာရင် "ကံ" ကို မြင်လာပြီ၊ အဲဒီကြောင့် "ကံ" ဖြစ်ပုံ၊ မျိုးစေ့ကျပုံတွေကို စဉ်းစားလာရင် "ကံ" ရဲ့ အခွင့်အရေးကို မြင်လာပြီ။

ကိုင်း....သာဓုခေါ်ကြပါတော့။

**သာဓု....သာဓု....သာဓု....။**

## တော်သလင်းလဆုတ် (၁၂) ရက်နေ့ ဟော့စဉ်။

ယခု ဒီနေရာကနေ ညာဏ်ကုန်ညှစ်လိုက်ရင်၊ တိဟိတ်ခန္ဓာလေး ထွက်လာမယ်။ ဒီကနေ လမ်းခွဲလာပြီ။ ဒီခန္ဓာလေးတွေကနေ လမ်းခွဲရမယ်၊ ဒီတော့ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်နဲ့ ဘုရားဆုပန်ပုဂ္ဂိုလ်တွေဟာ၊ ဒီနေရာကနေ လမ်းခွဲရတော့မယ်။ သံသရာကို "ဘေးကြီး အတိဘဲ" လို့ အပြစ်မြင်ပြီး၊ ၃၁-ဘုံ က လွတ်မြောက် လို လာတော့မယ်။

ဘေးကြီးအတိဘဲလို့ မြင်လာတာဟာ၊ ဘယ်သဘာဝကို မြင်သလဲ၊ ဒီလိုမေးရင်၊ အဲဒါပြောနိုင်ရမယ်။ အဲဒါဘင်္ဂညာဏ်ရဲ့ သဘာဝကို ထောက်ကြည့်ပါအုန်း၊ "ကံ" ကို ပဋိစ္စသမုပ္ပါဒ်ထဲ ထည့်ပြီးပတ်တဲ့အခါမှာ၊ ဘင်္ဂညာဏ်က၊ ဘယ်သဘာဝကို ပျက်သဘောလို့မြင်တာလဲ။

ဒီတော့ ပြုပြင်၊ နှိပ်စက်၊ ပူပန်၊ ဖေါက်ပြန်တဲ့ ဒီ ၄-ချက်ဟာ၊ ဘယ်သဘောကထွက်လာတာလဲ၊ ဘင်္ဂညာဏ်ရဲ့ ပျက်သဘောဟာ အကြောင်းပျက်လား၊ အကျိုးပျက်လားလို့ မေးရင်၊ ဘယ်လို ပြောမလဲ၊ အဲဒါ ပညာနဲ့ကြည့်ရမယ်၊ ဒါမှပြောလို့ရမယ်။

နောက်တခါ (အာဒီနဝညာဏ်) အပြစ်နှင့်တကွ မြင်တဲ့ညာဏ်၊ ဒီညာဏ်ကိုတကယ်မြင်လာရင်၊ အဲဒါသင်္ခတပဒ ၅-ချက်ကိုတွေ့တော့ မယ်။ ဒီတော့မှ ဘင်္ဂညာဏ်၊ ဘယညာဏ်တွေထဲကို ချတော့မယ်။ ဒါတွေကို ကြပ်ကြပ်စဉ်းစားရမယ်။ ဒါမှ ဒီနေရာမှာ မြင်နိုင်မယ်။

ဒီတော့ အတိတ် အကြောင်းစက်, ပစ္စုပ္ပန် အကျိုးစက်, ပစ္စုပ္ပန်အကြောင်းစက်, အနာဂတ်အကျိုးစက်,ဆိုပြီး၊ စက်ရဟတ် ၄-ချက် ရှိတယ်။ ညာဏ်စဉ်က, ဘယညာဏ်, အာဒီနဝညာဏ်, နိဗ္ဗိန္ဒညာဏ်, ဒီ ၃-ချက်နဲ့ ထိုးကြည့်ရမယ်။ စက်ရဟတ် ၄-ပါးက တချက်ပိုနေတာကို ဒီတိုင်းဘဲထားမလား၊ ဘယ်လိုထိုးမလဲ။

ဒီတော့ စက်ရဟတ် ၄ ချက်မှာ၊ ညာဏ် ၃ ညာဏ်ကို ထိုးနိုင် ရမယ်။ ကိုင်း....ဒီတော့အတိတ်အကြောင်းစက်,ပြုပြင်တဲ့သဘောမှာ ဘယ်ညာဏ်ထိုးမလဲ၊ ဘယညာဏ်နဲ့ထိုးမလား၊ အာဒီနဝညာဏ်နဲ့ ထိုးမလား၊ နိဗ္ဗိန္ဒညာဏ်နဲ့ထိုးမလား၊ ဘယ်ညာဏ်နဲ့ ဘယ်စက်ကို ထိုးမလဲ။

သညာဝိညာဏ်သဘောနဲ့ဆိုရင်၊ ပစ္စုပ္ပန်အကျိုးစက်နဲ့ ပစ္စုပ္ပန် အကြောင်းစက်ကို ပေါင်းပြီးတော့ ထိုးရမယ်။ အတိတ်အကြောင်း စက်၊ ပြုပြင်တဲ့သဘောကိုဘယညာဏ်နဲ့ထိုးရမယ်။အာဒီနဝညာဏ် ကြတော့ ပစ္စုပ္ပန်အကျိုးစက်၊ နှိပ်စက်တဲ့သဘောနဲ့၊ ပစ္စုပ္ပန် အကြောင်းစက်၊ ပူပန်တဲ့သဘောမှာထိုးရမယ်။

အနာဂတ်အကျိုးစက်၊ ဖေါက်ပြန်ပျက်စီးတဲ့သဘောကြတော့ နိဗ္ဗိန္ဒညာဏ်မှာထိုးရမယ်။ဒါဟာသညာသဘောအနေနဲ့ထိုးတာပါ၊ ပညာနဲ့ထိုးတာလို့ သွားမယူပါနဲ့၊ ဒါကို ပညာဖြင့် မြင်အောင် ကြံကြပါ။

**ဉာဏ် ကိုးဉာဏ်-ဝဲကြီး။** ဒီပညာမြင် ဒုက္ခဉာဏ်ကြီးဟာ၊ အင်မတန်မှသိမ်မွေ့ပါတယ်။ အခု ဉာဏ်ကိုးဉာဏ်ဝဲကြီးကို ဖေါက်ထွက်ရတော့မယ်။ ဒီဝဲကြီးကိုမှ မဖေါက်နိုင်ရင် မဂ်ကိုမရသေးပါ၊ ဒီနေရာကနေ လောကီနဲ့ လောကုတ္တရာဟာ လမ်းခွဲတာဘဲ၊ ဆုကြီးပန်ပုဂ္ဂိုလ်တွေဟာ ဒီဝဲကြီး ထဲမှာ အိမ်ဆောက်နေကြတယ်။

ဒါကို နဝင်းအိမ်လို့ခေါ်တယ်။ ဒီနဝင်းအိမ်ကိုလဲ ရောက်လာ ရော၊ ဒီနဝင်းအိမ်ကို "မစင်ပုံ" အလား မြင်လာတော့မှ၊ အဲဒါ- ၃၁-ဘုံကြီးက ထွက်မြောက်လာတော့မယ်။ ဒီဟာကိုမှမမြင်သေးရင် အဲဒါ ၃၆-ကောင် ဒိုင်ကြီးသာ ဖွင့်နေအုန်းမှာဘဲ။

ခုတ်လေးပါးအိမ်ကြတော့ အဲဒါ ဝိညာဉ်မြင်, ဥဒယ အောက်မှာသာရှိတယ်။ အဲဒါသူ့မှာ "မစင်ပုံ"ဟာမရှိသေးပါ၊ အခု နဝင်းအိမ်ကြီးပေါက်လာမှ၊ အဲဒါ အထက် အောက် ကို ကြည့်နိုင်ပြီ။ နဝင်းအိမ်ကြီးကထွက်နိုင်မှ တရားစစ်၊ တရားမှန် ဖြစ်တယ်။ ဒီနေရာမှာ ပညာမြင်ဒုက္ခကိုမြင်လာမှ, အဲဒါ ကိစ္စတွေ ပြီးနိုင်ပါတယ်။

ကိုင်း....ဒါဖြင့်ရင် ထိုးစမ်းပါအုန်း၊ ဒီတော့ ဘယဉာဏ်က အတိတ်အကြောင်းစက်ကိုသွင်း၊ ပညာမြင် အာဒီဝန ဉာဏ်က ပစ္စုပ္ပန် အကျိုး,အကြောင်းမှာသွင်း၊ ပညာမြင် နိဗ္ဗိန္ဒဉာဏ်က အနာဂတ်စက်ကိုသွင်း။

ဒီတော့ ဒါကို သဘာဝနဲ့မြင်မှသာဖြစ်မယ်၊ ဒါကိုပြန်ပြန်ပြီး တွေးမှ ဒီကနေပြီး ခန္ဓာလေးတွေကို တွေ့လာလိမ့်မယ်။ ဒီတော့မှ ဝိပဿနာ ပညာလှိုင်းကလေးတွေနဲ့ တက်လာရမယ်။

ကိုင်း....ဒါကို ထင်ရှားပြီ၊ဒီတော့ပုံပြင်တယ်ဆိုတာ အတိတ်က အရိပ်ဘဲ။ အဲဒါ မျိုးပေးတဲ့ကံရိပ်လေး၊ ဒီအတိတ်ကံရိပ် မှာကို ပုံပြင်တယ်ဆိုတာ ဘယ်လောက်ထိအောင်သွားမလဲဆိုရင်, ပစ္စုပ္ပန် အကျိုးမှာ မျိုးလေးအနေနဲ့ပေးတယ်။ပစ္စုပ္ပန်အကြောင်းကြတော့ အဲဒါမျိုးလေးကျအောင် ပေးလာမယ်၊နောက်အနာဂတ်ထိအောင် ကို သူ့မှာလိုက်လာတယ်။ ဒါကို မြင်အောင်ကြည့်ပါ။

ဒီတော့ ဒီလိုသွင်းနိုင်လာရင် ကံရဲ့မျိုးလေး ဆင်းလာပုံကို မြင်လာပြီ။ အတိတ်ဟာ ပစ္စုပ္ပန်ထဲဝင်လာတော့ မျိုးပေါ်တယ်၊ နောက် ပစ္စုပ္ပန်အကြောင်းကြတော့၊ နှစ်ဆယ့်ကိုးပါးသောကံမှာ ချလိုက်တယ်၊အဲဒါမျိုးကြတယ်၊နောက်အနာဂတ်မှာ ဘယ်လောက် ပြုပြင်တဲ့သဘောပါလာတယ်ဆိုတာကို မြင်အောင်ရှာပါ၊ ကိုင်း.... ဘယ်လိုရှာမလဲ။

ပြုပြင်တဲ့ဟာလေးတွေကို သတ်သတ်ထွက်လာအောင် နှိုက်ပြ စမ်းပါ၊ ဒီနေရာမှာကြံလုံးတွေအများကြီးရှိတယ်။ စိန္တာမယဉာဏ် တွေ ဒီနေရာမှာသွင်းရမယ်။ ဒီနေရာမှာ လမ်းဆုံကြီးဘဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဒီနဝင်းအိမ်ကြီးမှာ တက်ပြီးထိုင်လာတာဘဲ မဟုတ်လား၊ ဒီနေရာမှာ အဲဒါ စဉ်းစားစရာ အများကြီးရှိပါတယ် အဲဒါကြောင့် "သုံးဆယ့်ခြောက်ကောင်" ဒိုင်ဖွင့်လာတယ်ဆိုရင် နဝင်းအိမ်ကြီးဟာ များများလာရမယ်။ ဒီသဘာဝကြံလုံးတွေကို ပြောအုန်းမယ်။

**ပညတ်ရိပ်လေးပါးနှင့် စက်ရဟတ် လေးပါး။**

ဒီတော့ ပညတ်ရိပ် လေးပါးနဲ့ စက် ရဟတ် ၄ -ပါးကို သွင်းလျှင်............

၁။ အတိတ်အကြောင်းစက်ဟာ နာမ ပညတ်, ပြုပြင်တဲ့ သဘော။

၂။ ပစ္စုပ္ပန် အကျိုးစက်, သဏ္ဌာန ပညတ်, နှိပ်စက်တဲ့ သဘော။

၃။ ပစ္စုပ္ပန် အကြောင်းစက်၊ သမူဟ ပညတ်၊ ပူပန်တဲ့ သဘော။

၄။ အနာဂတ်အကျိုးစက်, သန္တတိ ပညတ်, ဖေါက်ပြန် ပျက်စီးတဲ့သဘော။

ဒီလို တလှည့်စီလှည့်ထုတ်လိုက်ပါ။ ဒီသဘာဝတွေဟာ ဘယ်ကိုဘဲ သွားသွား သန္တတိပညတ်ရိပ်ကအစဉ်လိုက်နေပြီ။ ဒါကိုမြင်အောင် ရှုမှ၊ အဲဒါ ခန္ဓာပေါ်တဲ့အခါမှာ ဒီပညတ်ရိပ်လေးကိုမကပ်အောင် လုပ်လာရမယ်။ ဒီသဘာဝကို မြင်လာမှ လက်မောင်း တန်းနိုင် လာမယ်။ အစကောင်းလာမှ အောက်မဂ်ကို ရနိုင်တယ်။

ဒီပညတ်ရိပ် ၄-ပါးကို ပြုပြင်၊ နှိပ်စက်၊ ပူပန်၊ ဖောက်ပြန်တဲ့ သဘာဝတွေနဲ့ ဝေဖန်ရမယ်။ ပြုပြင်တဲ့သဘောထဲမှာ နှိပ်စက်တဲ့ သဘောလေးက ဘယ်လိုလိုက်လာသလဲ။ ၄-ချက်စလုံး နှိုက်ပြ စမ်းပါ။

အဲဒီသဘာဝကို မြင်ချင်ရင် **တဏှာသဘော** ဖြစ်တဲ့ **သခ်တ ပရမတ်** ကို ဆွဲထုတ်လိုက်ပါ။ အဲဒီကနေပြီးတော့မှ ကံရဲ့သဘာဝ လေးကို မြင်အောင်ကြည့်။ ဒီသဘာဝတွေကို မြင်ပြီး ပြတ်ကုန်မှ "ပူပန်တဲ့သဘော"မှာထိုင်ပြီး၊ အဲဒါ နာနာ ထောင်းရတော့မယ်။ နောက်ဆုံး ဖောက်ပြန်ပျက်စီးတဲ့သဘောလေးလဲကြရော၊ ဝေဒနာ လေးကိုသာ လိုက်ပြီး ရှာရမယ်၊ ဒါမှ ခန္ဓာလေးတွေ ပေါ်လာ တော့မယ်။

ဒီကပေါ်လာတဲ့ခန္ဓာဟာ နဝင်းအိမ်က ပေါ်ထွက်လာတဲ့ခန္ဓာ ဖြစ်ခြင်းကြောင့်၊ ရှင်တော်မြတ်ကို ဘယ်လိုပင် ရန်အမျိုးမျိုးတွေနဲ့ ဝိုင်းတိုက်သော်လဲ၊ တိုက်လို့မရဘဲ ဖြစ်နေကြတာပါ။လေးသချေ်နဲ့ ကမ္ဘာတသိန်းက ဖြည့်ဆည်းလာတဲ့ မစင်ပုံကြီးကနေ၊ ပေါ်ထွက် လာတဲ့ခန္ဓာ ဖြစ်ခြင်းကြောင့် အဲဒါ ဘယ်သူကမှ ဆွဲချလို့ မရ တော့ပါ။

ဒါ့ကြောင့် သာသနာပြုမဲ့ပုဂ္ဂိုလ်ဟာ (ဝါ) ၃၁-ဘုံက ထွက်မဲ့ ပုဂ္ဂိုလ်ဟာ ဒီခန္ဓာကို ပေါ်အောင်အားထုတ်ရမယ်။ (ဝါ) ဒီမစင်ပုံ ကြီးပေါ်ကိုတက်နိုင်ရမယ်။ (ဝါ)ဒီနဝင်းအိမ်ကြီးကနေဖြတ်ထွက် နိုင်ရမယ်။ ဖြတ်ထွက်နိုင်အောင်လဲ ကြိုးစားကြပါ။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု....သာဓု....သာဓု.... "**

## တော်သလင်း လဆုတ် (၁၃) ရက်နေ့ ဟောစဉ်

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဓမ္မစကြာ သုတ္တန်ကို ဟောကြားတော်မူခဲ့တဲ့ တရားတော်ရဲ့ နိဂုံးမှာ ရှင်ကောဏ္ဍည မထေရ်ဟာ........

ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊
သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ။

(ဖြစ်ခြင်းသဘော ဟူသမျှသည်၊ ချုပ်ခြင်းသဘောသာ ရှိပါကလား)လို့ ပညာမျက်စိဖြင့် ထင်ရှားစွာ သိမြင်တော် မူသွားပါတယ်။ သောတာပတ္တိမဂ်ဉာဏ်ကို ရသွားတော်မူပါတယ်။

မနေ့က တရားတော်မှာ ပညတ်ရိပ် ၄-ပါးကိုစက်ရဟတ်၄-ခုနဲ့ သွင်းပြခဲ့တယ်။ အဲဒီ ပညတ်ရိပ် ၄-ပါးကို ပုပြင်, နိုပ်စက်, ပူပန်, ဖေါက်ပြန်ဆိုတဲ့ ဒုက္ခသစ္စာ အနက် ၄ ချက်နဲ့ ဝေဖန်ကြဘို့၊ မြင်အောင်ကြည့်ဘို့ ဆရာတော် ဟောပြခဲ့တယ်။

ဒီနေ့ ဟောစဉ်မှာ "နိရောဓ ဓမ္မံ" ချုပ်ခြင်း သဘောတရားကို ယခုထုတ်ပြလာပြီ။သစ္စာအနက် တဆဲ့ခြောက်ချက်ကို ပတ်နိုင်လာမှ မဂ်ကိုဝင်လို့ရတယ်၊သစ္စာအနက်တဆဲ့ခြောက်ချက်ပြည့်လာတာနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ အကောင်, အရောင် အနေနဲ့ မရှိတော့ဘဲ အဲဒါ အခိုးအငွေ့ လောက်သာ ရှိတော့တယ်။ သင်္ခါရုပေက္ခာ ဉာဏ်ကြီးကနေ ဗလဝ ဝိပဿနာ ဖြစ်လာသော်လဲ အနုလောမ ဉာဏ်မှာရပ်တည်ပြီး သစ္စာအနက်ဆယ့်ခြောက်ချက်ကိုထုတ်လာမှ ဂေါတြဘူဉာဏ်ကြီးက နယ်ခြားပေးမယ်။

ဒီတော့ မဂ်ကို ဝင်လို့ရမဲ့ သင်္ခတနဲ့ အသင်္ခတနယ် အကူး အပြောင်းမှာ သစ္စာအနက် ဆယ့်ခြောက်ချက်ကို ဖွင့်ရတယ်။ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖွင့်လာရပြီ။ ဓမ္မစကြာကြီးက သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တွေနဲ့ ကိုင်ပြီး သယမ္ဘူ ဉာဏ်စွမ်း (ဆယ့်နှစ်ခန်း)ဖွင့်လာတယ်။ ဒါကို ပဋိစ္စသမုပ္ပါဒ်ဆယ့်နှစ်ရပ်ကို ဉာဏ်ဆယ့်နှစ်ဉာဏ်နဲ့ ဖွင့်ကြည့်လာပြီ။

ဒီတော့ ယခု ဒီနေရာမှာ ပြုပြင်၊ နှိပ်စက်၊ ပူပန်၊ ဖေါက်ပြန်၊ ဒါကို ပြန်ကြည့်ပါ။ ပြုပြင်တဲ့သဘောဟာ ဘယ်အနေနဲ့ ရှိသလဲ။ အဝိဇ္ဇာက တလှည့်၊ တဏှာကတလှည့်၊ ကံကတလှည့်၊ အာဟာရဖြစ်တဲ့ ဝေဒနာကတလှည့်၊ အဲဒီလို လေးလှည့်လည်လှည့်လိုက်ရော့, အနတ္တဓါတ် လေးဟာ ထွက်လာပြီ။

ဒီကနေ ခန္ဓာလေးတွေ ထွက်လာပြီး၊ ဒီခန္ဓာလေးတွေဟာ အောက်ကို မဆင်းတော့ဘဲ သခ်ါရုပေက္ခာ ညာဏ်ကြီးက နေပြီး ဗလဝ ဝိပဿနာ ဖြစ်ပြီး၊ အနုလောမညာဏ်က လက်မှတ်ထိုးလိုက် တာနဲ့ ဂေါတြဘူညာဏ်ကြီးက နယ်ခြားပေးရတော့တယ်။

ဒီတော့ သစ္စာ အနက် တဆယ့်ခြောက်ချက် ထုတ်ခိုင်းရင်၊ ထုတ်နိုင်ရမယ်။ ကိုင်း.... ယခု ပြောလိုက် တာကို နားလည်ရင်၊ ခုနကပြောတဲ့ အလှည့်လေးလှည့်ကိုလှည့်တတ်ရမယ်။ မလှည့်တတ်ရင်လဲ လှည့်တတ်အောင် လုပ်ရမယ်။ သစ္စာအနက် တဆယ့်ခြောက်ချက် ထွက်လာအောင် လှည့်နိုင်ရင်၊ ဘယညာဏ်၊ အာဒီနဝညာဏ်၊ နိဗ္ဗိန္ဒ ညာဏ်တွေရဲ့ အဆီတွေ ထွက်လာမယ်။ အဲဒါ အနတ္တဓါတ်လေး ပေါ်လာရတော့မယ်။ ဒါကိုသာ စဉ်းစားပါ။

ဒီတော့ ပြုပြင်တဲ့ သဘောကို ပညတ် လေးပါး ရအောင် လှည့်လိုက်ပါ။ ဒါကို ကြမ်းတမ်းလွန်းလို့ " သာရ လေးလုံး " ရအောင် လှည့်ရမယ်လို့ ယူပါ။

သာရ ၄-ခု

- **နိစ္စသာရ**၊ အတိတ် အကြောင်းစက်, ပြုပြင်တဲ့ သဘော, နာမပညတ်။
- **သုခသာရ**၊ ပစ္စုပ္ပန် အကျိုးစက်, သဏ္ဌာန ပညတ်, နှိပ်စက်တဲ့ သဘော။
- **သုဘသာရ**၊ ပစ္စုပ္ပန် အကြောင်းစက်, သမူဟ ပညတ်, ပူပန်တဲ့ သဘော။
- **အတ္တသာရ**၊ အနာဂတ် အကျိုးစက်, သန္တတိ ပညတ်, ဖေါက်ပြန်တဲ့ သဘော။

ဒီ သဘာဝ လေးချက်မှာကို ပြုပြင်တဲ့ သဘော လေးဟာ ချထားတယ်။ ဒါဟာ အဝိဇ္ဇာရိပ်ထဲမှာ ရှိနေတဲ့ ကံရဲ့ မျိုးလေးကို တွေ့အောင်လို့၊ ဒီလို လွှာရတာ။

ကိုင်း.... ရှေ့တခါ တက်လိုက်ပါဦး။ နှိပ်စက်တယ် ဆိုတဲ့ တဏှာရိပ်လေးဟာ ပြုပြင်တဲ့သဘောထဲမှာလဲ ရှာရမယ်။ နှိပ်စက်တဲ့ သဘော၊ ပူပန်တဲ့ သဘော၊ ဖေါက်ပြန်တဲ့ သဘောထဲ မှာလဲ ရှာရမယ်။ ဒီနှိပ်စက်တဲ့ သဘော၊ တဏှာရိပ်ကို လွှာတဲ့ အခါမှာ သခ်တပရမတ်ကို လွှာရမယ်။

နှိပ်စက်တာသည် တဏှာရိပ်။ တဏှာရိပ်ဟာ သခ်တပရမတ်ကို အုပ်ချုပ်ထားတယ်။ ဒီတော့ နှိပ်စက်တဲ့ ထဲက သခ်တ ပရမတ် အနေနဲ့ ဘာကို ထုတ်ရမလဲ ဆိုတော့၊ ရုပ်ကို ထုတ်လိုက်တာနဲ့ "အကောင်၊ အရောင်၊ အရိပ်၊ အခိုးအငွေ့" ဆိုပြီး "လေးချက်" ရလာမယ်။

နောက်တခါ နာမ်ရဲ့ သဘာဝကို ထုတ်ရမယ်။ သဘာဝ 'လေးချက်'ရအောင် ဘာကို ထုတ်မလဲဆိုရင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘဲ မဟုတ်လား။ ဒီတော့ ရုပ်ကို ထုတ်တဲ့ အခါကြတော့ ဇာတိလေးကို နှစ်ခု ထုတ်လာတော့မယ်။ 'ရုပ်ဇာတိ' 'နာမ်ဇာတိ' ဆိုပြီး ထုတ်လာပြီ။

ရုပ်ဇာတိက နှိပ်စက်တာ။ နာမ်ဇာတိက ပူပန်တာ။ ဒီတော့ နှိပ်စက်တာကို ရှာတဲ့အခါမှာ အကျိုးဇာတိနဲ့ အကြောင်းဇာတိကို ရှာရမယ်။

အကြောင်းဇာတိကို အဲဒါ ရုပ်သဘာဝကကို နှိပ်စက်တယ်လို့ မြင်အောင်ရှုပါ။ ဒီတော့ ရုပ်ဇာတိကို ပတ်လိုက်စမ်း ဆိုရင် လက္ခဏာရုပ်ဆိုတာဟာ အမူအယာဘဲ။ ဖြစ်ဆဲ၊ ဖြစ်စဉ်၊ ဖြစ်ပြီးကို ခေါ်တယ်။ အဲဒီ လက္ခဏာရုပ်ကို ဖမ်းတင်လာပြီးတော့ နှိပ်စက်တယ် ဆိုတာ အဲဒါ ရုပ်ဇာတိလေးဘဲ မဟုတ်လား။ ဒါကို အမှီရမှ နာမ်ဇာတိလေးဟာ ဝင်ပြီး ဆွဲလာတယ်။ ဒါကို ထုတ်လာမှ နှိပ်စက်တာ အစစ်ကို တွေ့မယ် မဟုတ်လား။

**ရုပ်ဇာတိ၊နာမ်ဇာတိ။** ဒီတော့ ပရမတ်ရုပ်ကိုရှာမှာဖြစ်ခြင်းကြောင့် ရုပ်ဇာတိကိုရှာရမယ်။ အအတိတ်ဝိဇ္ဇာကြီးနဲ့ ပစ္စုပ္ပန်တဏှာရုပ်နဲ့ဆက်တော့ ကံ ဖြစ်လာတယ်။ အဲဒါ ကံလေး ဖြစ်လာတာ၊ ဒီဟာ ရုပ်ဇာတိမဟုတ်လား၊ နာမ်ဇာတိကြတော့ ဝိပါက်ဝိညာဉ်လေးဟာ သွားပြီးတွယ်လိုက်တာဘဲမဟုတ်လား။

အဲဒီ ရုပ်ဇာတိဟာ ဥပစယ၊ အဲဒါ ပရိယတ် အခေါ်ပါ၊ ဝိပဿနာ အခေါ်က အဲဒါ "ပြုပြင်တဲ့ သဘောလေး"၊ ဒီပြုပြင်တဲ့ သဘောရုပ်ဇာတိရှိလာတော့ နှိပ်စက်ခြင်းသဘောဟာ၊ အစဉ်ကလေးအနေနဲ့ အဲဒါ သန္တတိရုပ်လို့ခေါ်တယ်။ ဥပမာ၊ (သရက်စေ့နဲ့သရက်ပင်)။ ဒီအစဉ်ကြီး ဟာ ဘယ်တော့မှ ပြတ်သလဲ၊ ဘယ်တော့မှမပြတ်တော့ပါ၊ အဲဒါ ရုပ်အစဉ်လေးဟာ အမြဲလှည့်နေတော့တယ်။

ဒီတော့ ရုပ်ဟာ ယောနိအားလျော်စွာ ယူလာကြတယ်။ နောက်ဆုံး ဒီရုပ်အစဉ်ဟာ"ဇရတာ"'အနိစ္စတာ'ဆိုဘဲ့ ရုပ်သဘော၊ အဲဒါ ဖေါက်ပြန်-ပျက်စီးပြီး၊ မမြဲတဲ့သဘောမှာ ဦးခေါင်းချရ တော့မယ်။

ဒါဟာရုပ်ဇာတိအစဉ်ကြီးဘဲမဟုတ်လား၊"ဇရတာ၊အနိစ္စတာ" ဆိုတဲ့သဘောကို ဘယ်သူလွန်ဆံနိုင်မလဲ၊ ဒီတော့ ရုပ်သန္တတိ၊ အစဉ်ကြီးကို ပုန်ကန်နိုင်အောင် တရားရှာနေကြတာ မဟုတ်လား။

ဒီတော့ ပြုပြင်တဲ့သဘာဝသိပြီးရင်၊ နှိပ်စက်တဲ့သဘာဝဟာ၊ ဘယ်ဟာလဲ၊ ဒါကိုလိုက်ရှာနေတာပါ။ ဒီတော့ နှိပ်စက်တာဟာ ဘယ်သူလဲဆိုရင်၊ အဲဒါ လက္ခဏာရုပ်ကိုတွေ့ရမယ်။ အဲဒါလေးချက် ထွက်နေပြီမဟုတ်လား။

နောက်တခါ၊ နာမ်ဇာတိ ကံအရိပ်ကလေး ပတ်တာကြတော့ ပူပန်တဲ့သဘော၊အဲဒီ နာမ်ဇာတိဟာ ၂၉-ပါးသော ကံ့ကဖြစ်လာ တာ မဟုတ်လား၊ သူကြတော့ ပူပန်တဲ့ဒုက္ခကြီးလို့ ထွက်တယ်။ အဲဒီ ပူပန်တဲ့ဒုက္ခကို လွှာပြပါဆိုရင်၊ ဘယ်လိုလွှာမလဲ။ မေ့စကြာ တရားတော်ကို ဆရာတော်ဟောစဉ်က ဇာတိကို ၄-ချက်ထုပ်ပြီး၊ သင်နည်းမှတ်ချက်ပေးခဲ့တယ်။

နာင်ဇာတိ၊ ဌာန်လေးချက်။

(၁) ပဌမာဘိနိဗ္ဗတ္တိတလက္ခဏာ၊ ထိုထိုဘဝ၌ ရှေးဦးစွာ ဖြစ်ခြင်း လက္ခဏာရှိ၏။

(၂) နိယျာတနရသာ၊ ရုပ်တရား တို့ကို ၊ ဆောင်နှင်းခြင်း ကိစ္စရှိ၏။

(၃) အတီတ ဘဝတော ဣဓ ဥမ္မုဇ္ဇန ပစ္စုပဋ္ဌာနာ၊ လွန်လေပြီးသောဘဝမှ ဤပစ္စုပ္ပန် ဘဝ၌ ပေါ်လာသော အဖြစ်လျှင်၊ထင်သောအခြင်းအရာရှိ၏။ (တနည်း) ဒုက္ခဝိစိတ္တတာ ပစ္စုပဋ္ဌာနာ၊ ဒုက္ခအစု၏ ဆန်းကြယ်စွာသော အဖြစ်လျှင် ထင်သောအချင်းအရာရှိ၏။

(၄) ဥပစိတ ရူပ ပဒဋ္ဌာနာ၊ ရှေးဦးဖြစ်သော ရုပ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။

ဒီလေးချက်နဲ့ လှည့်ပြီး ဝေဖန်ကြည့်မှ ကံရဲ့ နှိပ်စက်တဲ့သဘော လေးချက် ထွက်လာတယ်........ ဖေါက်ပြန်တဲ့ သဘောကြတော့ ဒိဋ္ဌိလေးချက်ကို လှည့်ပြောမယ်။ နက်ဖြန်ကြမှဘဲ၊ ပြောကြပါစို့။

ကိုင်း....သာဓုခေါ်ကြပါတော့။

“ သာဓု....သာဓု....သာဓု.... ”



## တော်သလင်း လပြည့်ကျော် (၁၄) ရက်နေ့ ဟောစဉ်။

မနေ့က ဟောစဉ်မှာ ရုပ်ဇာတိ, နာမ်ဇာတိ သဘာဝကိုပြခဲ့ပြီ။

ဒီတော့ ဇာတိ ဆိုတာ အမူအယာ သဘော, လက္ခဏာ သဘော့က စပြီးဖြစ်ရတယ်။ အခု ဒီနေရာမှာကံမျိုးစေ့လေးတွေ လိုက်ရှာနေတာက အဲဒီ ကံမျိုးစေ့လေး တွေ့ပြီ ဆိုတော့ သူ့ကို ချေဖျက်နိုင်အောင်၊ သုဉ်းဆိတ်သွားအောင် လုပ်နိုင်ဘို့ အတွက် လိုက်ရှာနေတာပါ။

ဒီတော့ကံမျိုးစေ့ ဆိုတာ ချေလို့ ရတဲ့ ကံမျိုးစေ့ ရှိတယ်။ ချေလို့မရတဲ့ ကံမျိုးစေ့လဲ ရှိတယ်။ ဒီတော့ ပဋ္ဌာနန္တရိယ ကံနှင့် အရိယူပဝါဒန္တရာယ်ကို လွန်ကျူးလာတဲ့ ပုဂ္ဂိုလ်ဟာ ကံမျိုးစေ့ကို သတ်လို့ မရပါ။ မဂ်က အကြောင်းမျိုး ကိုသာ သတ်တာ။ ဖိုလ်ကြမှ အကျိုးကံကို သတ်တာပါ။

နှိပ်စက်တဲ့ ဒုက္ခဆိုတာ အိုခြင်းသဘော၊ နာခြင်းသဘော ဆိုတဲ့ ဇရာ၊ ဗျာဓိတွေကို သွားမရှုနဲ့၊ အလကားဘဲ။ အခု ထုတ်ပြနေတာက နှိပ်စက်တဲ့ "ဒုက္ခစစ်၊ ဒုက္ခမှန်"ကို ထုတ်ပြ နေတာပါ။

**နှိပ်စက်တဲ့ ဒုက္ခဆိုတာ။** ဒီတော့ နှိပ်စက်တဲ့သဘောကို ပူပန်တဲ့ အထဲမှာလဲ ရှိရမယ်။ ဖေါက်ပြန်တဲ့ ထဲမှာလဲ ရှိရမယ်။ ဒါတွေကို တွေ့လာရင် အဲဒါ ပူပြင်တဲ့ သဘာဝကို လေးစိတ်လဲလှာလိုက်ရော၊ အဲဒါအတိတ်အကြောင်း ရိပ်ကြီးဟာ နှိပ်စက်တာကိုလဲ သွားတွေ့တယ်။ ဒါကို ဘယ ညာဏ်လို့ ခေါ်တယ်။ ဒီတော့ အတိတ်က ပူလာတဲ့၊ နှစ်ဆယ့် ကိုးပါးသော ကံတွေကို ဘေးကြီးအတိလို့ မြင်လာပြီ။ အဲဒါကို အလိုမရှိတော့ပါ။

ဘယညာဏ်ဟာ ဘေးကြီးလို့ ထင်ရမယ်။ အတိတ်အကြောင်း စက် (၂၉)ပါးသော ကံတွေကို ဘေးကြီး အတိလို့ မြင်ရမယ်။ 'အာဒီနဝညာဏ်၊နှိပ်စက်ခြင်းအဖြစ်'ကို သိရမယ်ဆိုတာ ဝိညာဉ်နဲ့ မြင်သိတဲ့ နှိပ်စက်ခြင်း၊ ပညာနဲ့ မြင်သိတဲ့ နှိပ်စက်ခြင်းလို့ နှစ်မျိုး ရှိတယ်။ အပြစ်မြင်လာ တာကို ပြပါ ဆိုရင်၊ အဲဒါ နှိပ်စက်တဲ့ 'ဒုက္ခလေး'တခုကို မြင်အောင်ရှုပါ။

**ကံရိပ်ကို မြင်အောင် ရှုပါ။** အဲဒါ ကံရိပ်က နှိပ်စက်တာဘဲလို့ ရှုစမ်းပါ။ နှိပ်စက်တယ် ဆိုတာ သည်ပင်လျှင် ကံရိပ်ကလေးကို မြင်အောင် ရှုရမယ်။ ကံရိပ်ကို မြင်အောင် ရှုပါလို့ ဆိုတော့ ရုပ်ဇာတိ လေးကို ထုတ်ရမယ်။ ပညာမြင် ဒုက္ခ ဖြစ်တယ် ဆိုတာ (ဥပစယော၊ ဖြစ်ဆဲသည့်ရှင်း) ဆိုတာ "အတိတ် အကြောင်းဟိတ်လေး"နဲ့။ "ပစ္စုပ္ပန်မျိုး"နဲ့ ဆုံလိုက်တာ (၀ါ) ကံမျိုးစေ့လေးကျတာကို "ဥပစယရုပ်"လို့ ခေါ်တယ်။

ဒါကိုလဲရရော "သန္တတိရုပ်"ကပေါ်လာပြီ။ ဆံဖြူ၊ သွားကျိုး လာတာဘဲ မဟုတ်လား။ သန္တတိရုပ်စဉ်ကြီးက အမြဲ ထူထောင် လာပြီမဟုတ်လား။ ဒီသဘောတွေကို မြင်ရင် တကယ် သေတာ ဘယ်မှာ ရှိတော့သလဲ၊ နိဗ္ဗာန် ရောက်မှ တကယ် သေတာဘဲ မဟုတ်လား။

**သန္တတိရုပ်စဉ်နှင့် ဒုက္ခလေးချက်။** သန္တတိ ရုပ်စဉ်ကြီး ပတ်နေ တာဟာ နှိပ်စက်တဲ့ ဒုက္ခဘဲ မဟုတ်လား။ ဒီသဘာဝ လေးချက်နဲ့ မြင်အောင် ရှုနိုင်လာရင် ပစ္စုပ္ပန်ဒုက္ခကို မြင်တယ်။

ဒီတော့ နှိပ်စက်တာကို တခုထဲ မထိုးတော့ပါ၊ ဒါကြောင့် **ဥပစယ**,ဇာတိဒုက္ခ, ဖြစ်ဆဲ။ **သန္တတိ**, ဇရာဒုက္ခ ဖြစ်စဉ်။ **ဇရတာ**, ဗျာဓိဒုက္ခ,ရင့်ခြင်း။ **အနိစ္စတာ**, မရဏဒုက္ခ, မမြဲခြင်းဆိုတဲ့ဟာကို ဆင်ခြင် ကြည့်လိုက်တာနဲ့ ဝိညာဉ်ကြီးရဲ့ လှည့်ပတ် နေတာကို တွေ့လာတော့မယ်။ ဒါမှ ခန္ဓာကိုယ်ကြီးမှာ သာယာစရာ, စုံမက် စရာ, မြတ်နိုးစရာ မရှိပုံကို တွေ့မြင်လာတော့တယ်။

အဲဒါ သုခဟူ၍ မြူမျှ မရှိ၊ ဒုက္ခအတိဘဲလို့သာ မြင်နေရင် ဘယ်မှာ သာယာဖွယ်ကို ရှာလို့ ရတော့မှာလဲ၊ ကိုယ်မှာ အပူတွေ ကပ်မနေတော့ပါ။ သန္တတိလေးကို တကယ်မြင်လာရင် "တစိမ်း

ပြင်ပြင် ရေသွင်သွင်" လို့ ထားနိုင်လာတော့မယ် မဟုတ်လား၊ နောက်ဆုံး ဒုက္ခကိုသာ မြင်အောင်ရှုဘို့ဘဲ အရေးကြီးတယ်။ ဒုက္ခကို တကယ်ရှုလာနိုင်ရင်၊ သတိသမ္ပဇဉ်တွေနှင့် ပြည့်စုံပြီး၊ သူတော်ကောင်းကြီး ဖြစ်လာတော့မယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အားလုံးသော တရားတွေကို ဒုက္ခလို့သာ ဟောခဲ့ခြင်းကြောင့် နေ့စဉ် နေ့တိုင်း ဥပစယဒုက္ခ၊ သန္တတိဒုက္ခ၊ ဇရတာဒုက္ခ၊ အနိစ္စတာဒုက္ခ၊ ဆိုပြီး ရှုလာနိုင်ရင် သာယာတဲ့စိတ်တွေ မရှိတော့ပါ။ အဲဒါ ဘယ်က ထွက်လာသလဲ?။ ပူပန်တဲ့သဘောက ထွက်လာတာပါ။ ပူပန်တဲ့ သဘောကို ဇရတာမှာသွင်းပါ။ ဒုက္ခဆိုတာ ပူပြင်တာလဲဒုက္ခဘဲ။ နှိပ်စက်တာလဲ ဒုက္ခဘဲ၊ ပူပန်တာလဲ ဒုက္ခဘဲလို့ လာတွေ့နေတယ် မဟုတ်လား။ ရုပ်ဇာတိကို လာတွေ့နေပြီ ဆိုတော့ ဒါကို သဘော ပေါက်လာရင် ရှေ့ကိုတက်လိုက်ပါ။

**နာမ်ဇာတိ၊ပူပန်တဲ့ဒုက္ခ။** နာမ်ဇာတိ လေးခုကိုကြည့်ပါ၊ ပူပန်တယ်ဆိုတာဟာ "နှစ်ဆယ့်ကိုးပါး" သော ကံတွေ ထပ်လုပ်လာရတာကိုပြောတာပါ။ အနာဂတ်မှာ အကျိုးတရားတွေကို တောင့်တ ကြောင့်ကြ လာတဲ့အတွက်၊ ပူပန်လာတယ်။ အဲဒါကို ဒုက္ခလို့ ဟောလာခဲ့ပြီ။

အခု ဒီနေရာမှာ ဇာတိလေးဖြစ်လာတာနဲ့ ပူပန်တဲ့ ဒုက္ခကို မြင်အောင်ကြည့်ပါ၊ပူပန်တဲ့ဒုက္ခသည်(ပဋ္ဌမာဘိနိဗ္ဗတ္တိတလက္ခဏာ) ထိုထိုဘဝမှာ ဇာတိလေးဖြစ်လာတဲ့သဘောပါ။

ဒီတော့ သဘာဝကိုနှိုက်ပြီးကြည့်လိုက်ရင် ထိုထိုဘဝမှာ ဇာတိလေး ဖြစ်ချလိုက်တာနဲ့၊ ပူပန်တဲ့ဒုက္ခဖြစ်လာပြီ၊ မရှောင်နိုင်တဲ့ ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ဟာတွေ ဖြစ်လာပြီမဟုတ်လား၊ အဲဒါ ဇာတိဖြစ်လာလို့ ရှိလာတာဘဲမဟုတ်လား၊ ဒါကို ပူပန်တဲ့ ဒုက္ခလို့ရှုပါ။

ဒီတော့ (မီး့တဆယ့်တပါး) တွေ လာပြီး တောက်နေတာ ဟာလဲ၊ ဇာတိကြောင့်ဘဲ မဟုတ်လား၊ ဇာတိမရှိရင် ဘယ်မှာ တောက်မလဲ၊ ဇာတိရှိလာလို့ တောက်လာတာဘဲမဟုတ်လား၊ အဲဒီဇာတိလေး ရလာတာသည်ပင် 'ပူပန်တဲ့ဒုက္ခလေး' လာဖြစ်ပြီ။ နောက် ဇာတိလေးလဲ ရလာရော၊ဒီဇာတိလေးကနေပြီး၊ အတိတ်နဲ့ အနာဂတ်ကို "နှစ်ဆယ့်ကိုးပါး" သော ကံတွေနဲ့ ဆက်စပ် ပေးတယ်။ (တနည်း) ဆောင်နေတယ်မဟုတ်လား။

ဒီတော့ ဖေါက်ပြန်တယ်ဆိုတာဟာ ဒီဘဝ သေတာနဲ့၊ အနာဂတ်မှာသွားပြီး စပ်တာဘဲ မဟုတ်လား၊ အဲဒါ ပူပြင်တဲ့ သဘောထဲကိုရောက်ပြန်ပြီ၊ နောက်တခါ နှိပ်စက်တဲ့ထဲမှာဘဲ၊ ပြန်ရောက်လာတာဘဲမဟုတ်လား။

အကြောင်းကိုလဲ ပတ်ကြည့်ပါ၊ အကျိုးကိုလဲ ပတ်ကြည့်ပါ၊ အဲဒါ ပူပန်တဲ့သဘောတွေကို ပတ်ပြီးကြည့်လိုက်တာကို အာဒိနဝ ညာဏ် ဖြစ်တယ်။ ဖေါက်ပြန်တဲ့ဟာကြတော့မှ နိဗ္ဗိန္ဒညာဏ်ကြီးနဲ့ လွတ်မြောက်တဲ့ဟာကို ဆွဲတော့မယ်။ အဲဒီကြမှ ခန္ဓာလေးတွေ ထွက်တော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

"....သာဓု....သာဓု....သာဓု...."

## သီတင်းကျွတ် လဆန်း (၁)ရက်နေ့ ဟောစဉ်။

ပြုပြင်တဲ့သဘော၊ အတိတ်အကြောင်းရိပ်ကို ပညာရိပ်၄-ပါးနဲ့ လှည့်လိုက်တဲ့အခါမှာ **ဘယဉာဏ်ရဲ့သဘာဝ** တွေဟာ ထွက်လာတယ်။ နောက် နှိပ်စက်တဲ့သဘော ပစ္စုပ္ပန်အကျိုးရိပ်ကို ရုပ်ဇာတိ ၄-ချက်နဲ့ လှည့်လိုက်တော့ **အာဒီနဝ ဉာဏ်ရဲ့ သဘာဝ** တွေ ထွက်လာတယ်။

နောက်တခါ ပူပန်တဲ့သဘော ပစ္စုပ္ပန် အကြောင်းရိပ်ကို နာမ်ဇာတိ၄-ချက်နဲ့ လှည့်လိုက်တော့ **နိဗ္ဗိန္ဒဉာဏ်ရဲ့သဘာဝ** တွေ ထွက်လာတယ်။ ဒီသဘာဝတွေကို မြင်လာရင် ၂၉-ပါးသော ကံတရားတွေကို ဆန္ဒရာဂဖြင့် မချတော့ဘဲ (ဝါ) မပြုလုပ်တော့ဘဲ အဲဒါ ၃၁-ဘုံကြီးကို ငြီးငွေ့ လာတော့တယ်။ ဒီတော့မှ "ကြောင်း၊ ကျိုး၊ ပြတ်" ဆိုပြီး ထွက်လာတော့မယ်။

**ခန္ဓာပေါ်ရမယ်။** ကိုင်း....ဒီနေ့ ဖေါက်ပြန်တယ်ဆိုတဲ့ သဘော လေးက ခန္ဓာပေါ်ရမယ်၊ ဘယ်လိုပေါ်မလဲ။ အဲဒါ သဘာဝကိုကိုင်မှ မြင်မယ်။ ဒီတော့ ပြုပြင်တဲ့သဘာဝကို ပညတ်ရိပ်၄-ပါးနဲ့ လှည့်လိုက်တဲ့အခါမှာ ဖေါက်ပြန်တဲ့သဘောမှာ ဘာသွားထွက်သလဲ?၊ နောက် နှိပ်စက်တဲ့သဘောကို ရုပ်ဇာတိ ၄-ချက်နဲ့ လှည့်လိုက်တော့ ဖေါက်ပြန်တဲ့ သဘောမှာ ဘာသွား တွေ့သလဲ?၊ နောက် ပူပန်တဲ့သဘောကို နာမ်ဇာတိ ၄-ချက်နဲ့ လှည့်လိုက်တော့ ဖေါက်ပြန်တဲ့သဘောမှာ ဘာသွားထွက်သလဲ?၊ အဲဒီသဘာဝတွေကိုကိုင်မှ ခန္ဓာပေါ်လို့ရမယ်။

အခုဒီနေရာမှာ ပြုပြင်တဲ့သဘောလေးကို အရင်ဖမ်းယူထားပါ။ အဲဒါ ပညာမြင် ဒုက္ခဉာဏ်ကိုမှ မမြင်ရင် ခန္ဓာပေါ်လို့ မရပါ။ ပညာမြင် အနတ္တဉာဏ်ဆိုတာဟာ ပညာမြင်ဒုက္ခရဲ့ အဆီကိုညှစ်ယူ တာပါ။ ဒီတော့ အခု ပညာမြင် ဒုက္ခဉာဏ်မှာ ခန္ဓာစုံ၊ ခေတ်စုံ ဖွင့်ပြီး ထွက်ရတော့မယ်။ ဒီသဘာဝတွေကို မြင်လာမှ ရှေ့ကို တက်လို့ရမယ်။

ကိုင်း....ရှေ့ပိုင်းက ၃-လှ္ဍာ၊ လှ္ဍာပြလိုက်ပြီ၊ အခု ပညာမြင် အနတ္တကို (ဝိပရိဏာမဒ္ဒ) ဖေါက်ပြန်တဲ့သဘောလေးကနေ ဆွဲထုတ်ရတော့မယ်။ အရင် သမ္မသနဉာဏ်မှာ ကာလ ၃-ပါးကို ပြတုန်းကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ဖြတ်လာပါကလား။ အခု ပဋိစ္စသမုပ္ပါဒ်အပိုင်းကြတော့လဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပြလာပြန်ပြီ။ အရင်ကဟာနဲ့ အခုပြတဲ့ဟာနဲ့ ဘယ်လိုကွာခြားသလဲ။ အဲဒါအခေါ်သာ တူနေသော်လဲ သဘာဝတွေက ကွဲပြား ခြားနားလာပြီ။

အခု ဒီနေရာမှာ ရှိတဲ့ရုပ်ဟာ ဝိညာဏ်ရိပ်လေးက ဆွဲထားတဲ့ ရုပ်လေးသာ ရှိတော့တယ်။ ဒီတော့ အခု အနတ္တဉာဏ်ကို တက်တော့မယ်ဆိုတော့ ပညာမြင် အနိစ္စဉာဏ်က အရိပ် နိမိတ်တွေ ဇာတ်သိမ်းရမယ်။ (အပ္ပဏိဟိတ) တောင့်တ မရတဲ့ သဘောကို မြင်ရမယ်။ ပညာမြင်ဒုက္ခကြတော့လဲ တောင့်တလို့ ရတဲ့ ဟာတွေ မှန်ရင် အားလုံး ဆိတ်သုဉ်းရမယ်။ ဒါမှ ပညာမြင် အနတ္တအစစ်ကို လာတွေ့မယ်။

ဒါ့ကြောင့် အနတ္တလက္ခဏာသုတ်မှာ (တံကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ။ အနိစ္စံဘန္တေ)လို့ ဟောကြားလာတာပါ။ အဲဒါ တောင်းတလို့မရတဲ့သဘာဝတွေ သုဉ်းဆိတ်သွားမှ ပညာမြင် အနတ္တကို တွေ့မယ်။ ဒီတော့ ဖေါက်ပြန် ပျက်စီးတယ် ဆိုတာ ပညတ်နယ်ကြီးတခုလုံးဟာ သုဉ်းဆိတ်တာကို **ဖေါက်ပြန်တယ်လို့** ခေါ်တယ်။ နောက် သင်္ခတ ပရမတ်တွေ အားလုံး ဇာတ်သိမ်း သွားတာကို **ပျက်စီးတယ်လို့** ခေါ်တယ်။ ဒီတော့ သင်္ခတနယ်ကြီး တည်ထောင်လာတာဟာ ပညတ်နဲ့ပရမတ်တို့ တွဲပြီး တည်ထောင် လာတာဘဲမဟုတ်လား။

ဒီတော့၊ ဓါတ်လေးပါး၊ ဓါတ် ၈-ပါးဟာ၊ တကဲ့ ပရမတ် အစစ် လား၊ ဘယ်မှာ ဟုတ်မှာလဲ။ တကဲ့ ပရမတ်အစစ် ဆိုရင် ဆံချည် တလှ္ဍာခန့်မှ ရွှေ့လို့မရပါ။ "ဖြစ်၊ ပျက်"ဆိုတာဟာ သင်္ခတပရမတ် မဟုတ်လား၊ ဒါကို ပရမတ်အစစ် မှတ်ထင်နေတာ အလွဲအမှားဘဲ မဟုတ်လား။

ဒီလိုနဲ့ သင်္ခတလောကကြီး တည်လာတာဟာ ဝိပဿနာ ဉာဏ်တွေနဲ့ ချေသော်လဲ အဲဒါ လိုက်လာတာဘဲ။ အခုနေရာ ကြတော့ "ပညတ်ဆိုတဲ့ဟာတွေ(နိရောဓမမ္မ)ချုပ်ငြိမ်းတဲ့သဘော" လို့ချလိုက်ပါ။

ဒီတော့ ပညာမြင် အနိစ္စဉာဏ်ကြီးက ပညတ်ကို သတ်လိုက်ပြီ။ အခု ပညာမြင် ဒုက္ခဉာဏ်က ပရမတ်ကို သတ်လိုက်ပြီ။ ဒီတော့ ပညတ်ရော,ပရမတ်ရောမရှိရင် **ခန္ဓာလေးတွေထွက်စမ်းပါ။ 'မဂ်ဝင်' ရတော့မယ်။** ဒီတော့ ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာလို့ ပေါ်ရတော့မယ်။

**ပရမတ်ဆိုတာဘယ်သဘောလဲ** ဒီတော့ပညတ်ကို အနိစ္စဉာဏ်နဲ့ သတ်တော့ အဲဒါ ချုပ်ခြင်း သဘော၊ နောက်တခါ သင်္ခတပရမတ်ကို ပညာမြင်ဒုက္ခနဲ့ ချလိုက်တော့ (ဝိပရိဏာမဓမ္မ) ဖေါက်ပြန် ပျက်စီးခြင်း သဘော ဆိုပြီး ဥက္ကောင်းလဲချလိုက်ရော ဟိုဘက်မှာပရမတ်ဆိုတာဘယ်သဘောလဲ ဆိုရင် ဘယ်လို ပြောမလဲ။

ကိုင်း....အဲဒါကို ပြန်ရှာ၊ ပညတ်ဟာ (နိရောဓ မမ္မ) ချုပ်ခြင်း သဘော၊ ပရမတ်ဟာ (ဝိပရိဏာမဓမ္မ) ဖေါက်ပြန် ပျက်စီးတဲ့ သဘောထဲမှာ ဥက္ကောင်းကျနေကြပြီ။

ဒီတော ချုပ်တယ်ဆိုတာ ဘယ်သဘာဝလေးလဲ?၊ ဖေါက်ပြန် ပျက်စီးတယ် ဆိုတာ ဘယ်သဘောလဲ?၊ အဲဒါကို ရှာစမ်းပါ။ ဒီတော့ ချုပ်တဲ့သဘောဟာ ဘာလဲ?၊ အဲဒါကိုမြင်ရင် "သင်္ခတပဒ ငါးချက်" ကိုပြင်ပြီ။

**သင်္ခတပဒ ငါးချက်။** ၁။ အနာယူဟန။ ၂။ အနုပ္ပါဒ။ ၃။ အပဝတ္တ။ ၄။ အနိမိတ္တ။ ၅။ အပ္ပဋိသန္ဓိ။ ဆိုပြီးပြထားတယ်။ ဒီနေရာမှာ သင်္ခတပဒ ငါးချက်ဟာ တခါထဲ တက်လာတာဘဲ။ ဒီနေရာမှာ တချက်ဘဲရှိတော့တယ်။ ဒီနေရာက နိဗ္ဗာန်ကို တချက်ထဲထိုးနိုင်လာပြီ။ ဒီနေရာမှာ အင်မတန်မှ သိမ်မွေ့ လာပါပြီ။

မီးတောက်ကြီး မတောက်တော့ဘဲ ငြိမ်းသွားတာဟာ အဲဒါ အခု ဒီနေရာမှာ ရောက်နေပြီ။ ဒီတော့ အတိတ်ရိပ် ပြတ်တာက ဘယဉာဏ်၊ ပစ္စုပ္ပန်အကျိုးစက်ပြတ်တာက အာဒီနဝဉာဏ်၊ ပစ္စုပ္ပန် အကြောင်းစက်ကြီး ငြိမ်းသွားတာက နိဗ္ဗိန္ဒာဉာဏ်ကြီး ပေါ်လာ တာကို အဲဒါ သန္တိပဒ ငါးချက် ပေါ်လာပြီ။

ဒီတော့ ပညတ်တွေကို အနှစ်အသားအနေနဲ့ မဆွဲတော့ဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့နှလုံးအိမ်မှာ အကျိုးတရားချလို့ မရတော့ပါ။ အဲဒါ သန္တိသုခ, အေးငြိမ်းတဲ့သဘော အကြောင်းငါးချက် သွားတွေ့ပြီ။ ဒီတော့ သူ့မှာ ဆန္ဒရာဂ ကပ်လို့ မရတော့ပါ၊ သူ့မှာ နိဗ္ဗိန္ဒာ ဉာဏ်ကြီး ရှိနေပြီ။

ဒီတော့ဖေါက်ပြန်ပျက်စီးတာဆိုတာကိုအကျိုးတင်ရတော့မယ်၊ ဒီတော့ ပညတ်ဇာတ်သိမ်းတာက(နိရောဓ ဓမ္မ) ချုပ်ခြင်း သဘော၊ ဒါဟာ ငြိမ်းအေးတဲ့ သန္တိသဘော၊ သင်္ခတ ပရမတ် ကြတော့ (ဝိပရိဏာမဓမ္မ) ဖေါက်ပြန်တာဟာ၊ အဲဒါ မပြုပြင်တဲ့သဘောပါ။

ဒီတော့ ဒီသဘာဝကို သူ့မှာမြင်လာပြီ၊ ဒါကို သန္တိပဒ ငါးချက် လာကပ်နေပြီ၊ ဒီတော့ ဘယ်မှာ ကံမျိုးစေ့ချလို့ ရတော့မလဲ၊ ဒီပုဂ္ဂိုလ်လုပ်သမျှ အလှူဒါနတွေဟာ, ဆန္ဒရာဂဟာ ဘယ်မှာကပ်လို့ရတော့မလဲ။ အဲဒီနှစ်ချက်ကို ဓမ္မစကြာတရားတော် ကြီးမှာ သစ္စဉာဏ်ဆိုပြီးတင်လိုက်ပြီ။ အခု ဒီမှာကြတော့ အဲဒါ နိရောဓနဲ့ မဂ္ဂထွက်လာပြီ။ ဒီတော့ နှစ်ခုရဲ့အဆုံးကို ထိုင်တော့မှ သန္တိသုခဆိုပြီး ငြိမ်းတဲ့သဘောမှာ ထိုင်တော့တယ်။

ဖေါက်ပြန် ပျက်စီးတယ်ဆိုတာ ပညတ်တရားဟာလဲ ဘာမှ မရှိတော့ပါ။ ချုပ်ငြိမ်းကုန်ပြီ၊ သင်္ခတ ပရမတ်ဟာလဲ အဲဒါ ဖေါက်ပြန်ပျက်စီးကုန်ပြီ။ ဒီတော့ မဂ္ဂနဲ့ နိရောဓ,ဟာပေါ်လာပြီ၊ ဒီတော့ မဂ်ကို ဝင်တော့မယ်ဆိုတော့၊ သညာဝိညာဉ်တွေဟာ အကုန်ပြတ်ကုန်ပြီ၊ ခန္ဓာအစဉ်လေးပေါ်ပြီးတော့ မဂ် ကို သွားရ တော့မယ်။ ဒါမှ အနတ္တအစစ်ကို တွေ့မယ်။

ပညတ်နဲ့ ဆွဲလို့ရတဲ့ ပရမတ်ဟာ ဘယ်မှာတန်ဘိုးရှိမှာလဲ၊ကိုင်း- ဒါတွေနားလည်ပြီမဟုတ်လား၊ ဒီတော့ ပညတ်၊ ပရမတ်တွေကို အကုန်ချေလိုက်ရင် သန္တိပဒ ငါးချက် ထွက်လာပြီ။ရှေ့ညာဏ်စဉ်ကို တက်တဲ့ အခါမှာ သညာ ဝိညာဉ်မပါတော့ဘဲ၊ ခန္ဓာလေးတွေ ထွက်ရတော့မယ်။

ဒီတော့ တိဟိတ်ခန္ဓာပေါ်ရတော့မယ်။ ဒီတိဟိတ်ခန္ဓာလေးက မဂ်ကို ပို့နေတာ၊ အဲဒီ ခန္ဓာလေးကို ဖမ်းရမယ်။ ဒါကိုဖမ်းနိုင်မှ ပဝတ္တိ တိဟိတ်ဖြစ်လာမယ်။ ပဋိသန္ဓေ တိဟိတ်ဖြစ်ပုံ၊ တိဟိတ်ခန္ဓာ ပေါ်ပုံကို နက်ဖြန်ကြမှ ပြောတော့မယ်။

သာဓုခေါ်ကြပါတော့....

“ သာဓု....သာဓု....သာဓု ”



## သီတင်းကျွတ်လဆန်း (၂)ရက်နေ့ ဟောစဉ်

သန္တတ ပရမတ် ဇာတ်သိမ်းသွားရင် ဘယ်သဘာဝ ထွက်လာမလဲ?။ ပညတ် တရားတွေ ဇာတ်သိမ်း သွားရင် ဘယ်သဘာဝ ထွက်လာမလဲ?။ ပညတ်တရားတွေ ဇာတ်သိမ်း သွားရင်၊ အဲဒါ (သန္တိသဘောအနေနဲ့) အဆီခဲလေးထွက်လာမယ်။ သန္တတပရမတ် တရားတွေဇာတ်သိမ်းသွားရင် (သုခသဘောအနေနဲ့) အဆီခဲလေး ထွက်လာမယ်။ (တနည်း) မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာထွက်လာမယ်။

**တရားခံလေးကောင်နှင့် မဂ်သဘာဝ လေးချက်**

ဒီတော့ အတိတ် အကြောင်းစက်၊ ပြုပြင်တဲ့သဘော။ ပစ္စုပ္ပန်အကျိုးစက် နှိပ်စက်တဲ့သဘော၊ ပစ္စုန် အကြောင်းစက်, ပူပန်တဲ့သဘော။ အနာဂတ်အကျိုးစက်,ဖေါက်ပြန်ပျက်စီးတဲ့ သဘော၊ ဆိုတဲ့ ဒီတရားခံလေးချက် တို့ကို ဘာနဲ့ သတ်မလဲ ဆိုတာ စဉ်းစားပါ။ မဂ်သဘာဝနဲ့ လေးချက်နဲ့ သတ်ရမယ်။ ဒီတော့ မဂ္ဂသစ္စာရဲ့ သဘာဝဟာ အင်မတန်မှ သိမ်မွေ့ ပါတယ်။ ကိုင်း.... သင်နည်း မှတ်ချက်ပေးမယ်။

**သင်နည်းမှတ်ချက်။**

(၁) နိယျာနဋ္ဌော၊ — လွတ်မြောက်ခြင်း သဘော တရား။

(၂) ဟေတုဋ္ဌော — အသခ်တ ဓမ္မသို့ ရောက် ကြောင်း သဘောတရား။

(၂) ဒဿနဋ္ဌော — အသခ်တဓမ္မကို မြင်ခြင်း သဘောတရား။

(၄) အဓိပတေယျဋ္ဌော — ကြီးမှူးစိုးရခြင်း သဘောတရား

ဒီမဂ်သဘာဝ လေးချက်နဲ့ တရားခံ ဖြစ်တဲ့ စက်ရဟတ် လေးကောင်ကို သတ်လိုက်တဲ့ အခါမှာ ဘာထွက်လာမလဲ?။

ရှေ့ ပညာမြင် အနုပဿနာ ညာဏ်ကြီးကို တက်တဲ့ အခါမှာ သညာဝိညာဉ် သဘော အနေနဲ့ မတက်နိုင် တော့တဲ့ အတွက် ပညာရဲ့ သဘာဝ ဖြစ်တဲ့ ခန္ဓာလေးတွေနဲ့ တက်ရတော့မယ်။

အတိတ်အကြောင်းစက်၊ ပြုပြင်တဲ့သဘောဆိုတာဟာအဝိဇ္ဇာရဲ့ အရိပ်ပါ။ အဲဒါ ဘယ်သူက ပြုပြင်သလဲဆိုရင် နာမ်ဇာတိလေးက ပြုပြင်လာတော့တယ်။

ဒီလို နာမ်ဇာတိလေးက ပြုပြင်လာတာကို ဒုက္ခသစ္စာ အနေနဲ့ မြင်ရမယ်။ ဒီလို နာမ်ဇာတိလေးက ပြုပြင်လာမှ ပစ္စုပ္ပန် အကျိုး စက်မှာ တဏှာရိပ် သဘောတရားကြီးက ရုပ်ဇာတိ ဖြစ်လာပြီး၊ အဲဒါ နှိပ်စက်လာတော့တယ်။ အတိတ်က ပြုပြင်လာတဲ့ သဘော တွေကိုပါ နှိပ်စက်တယ်လို့ မြင်ရမယ်။ အဲဒါတဏှာရဲ့ အရိပ် လေးပါ။

ဒီလိုလဲ အဝိဇ္ဇာရိပ်၊ တဏှာရိပ်၊ အတိတ် အကြောင်းစက်နဲ့ ပစ္စုပ္ပန်အကျိုးစက်၊ နာမ်ဇာတိ၊ ရုပ်ဇာတိ နှစ်ပါးတို့လဲပေါင်းလိုက် ရော၊ ပစ္စုပ္ပန် အကြောင်းစက် မှာကို ပူပန်တဲ့ သဘောကြီးဟာ ပေါ်လာပြီ။ ဥပါဒါန်ရဲ့ အစီးအပွား နယ်ကြီးကို ချဲ့လာပြီ။

အဝိဇ္ဇာရိပ်၊ တဏှာရိပ်တို့ကဥပါဒါန်ရဲ့အစီးအပွား နယ်ကြီးက လွတ်ထွက် သွားမှာ စိုးလို့.... အဲဒါ နှစ်ဆယ့် ကိုးပါးသော ကံတရားတွေ ချပြီးတော့ ဥပါဒါန်ရဲ့ အစီးအပွား နယ်ကြီးကို ချဲ့နေပြီ။ အဲဒါ ရုပ်ဇာတိ, နာမ်ဇာတိတို့ နှစ်ပါးစုံ ဖြစ်လာပြီ။ ဒီတော့ နှစ်ဆယ့်ကိုးပါးသော ကံတွေကို ပူပန်တဲ့သဘော ဗျာဓိ ဒုက္ခအနေနဲ့ မြင်အောင်ရှုပါ။

အဲဒီလို အဝိဇ္ဇာရိပ် အတိတ်အကြောင်းစက်, တဏှာရိပ်၊ပစ္စုပ္ပန် အကျိုးစက်, ကံရိပ်၊ ပစ္စုပ္ပန် အကြောင်းစက် တို့က ဥပါဒါန်ရဲ့ အစီးအပွားနယ်ကြီး ချဲ့ပြီးတော့ အနာဂတ်အကျိုးစက် ဖေါက်ပြန် ပျက်စီးတဲ့သဘောလဲ ကျလာရော၊ အဲဒါ ရုပ်ဇာတိ သဘောလေး ကသာ တဘဝ, တခန္ဓာ ပျက်စီးတယ်။ သေတယ်လို့ ပြောနေ တာ၊ အဲဒါ ဖေါက်ပြန် ပျက်စီး တာဟာ ရုပ်ဇာတိ, အကျိုး သဘောကို ဖေါက်ပြန်တယ်လို့ ပြောတာပါ။

**နာမ်ဇာတိ, ကံရိပ်၊ ပဋိစ္စသမုပ္ပါဒ်။** နာမ်ဇာတိ သဘောဖြစ်တဲ့ ကံရဲ့ သဘာဝ လေးဟာ မပြတ်ဘဲ၊ နောက်ဘဝကို သွားပြီး ပြန်ဖြစ်ပြန်ပြီဘဲ မဟုတ်လား။ ရုပ်ဇာတိသာ သေပြီး၊ နာမ်ဇာတိဟာ သေသလား၊ မသေပါ။

အဲဒါ ဟိုဘက်ဘဝကို နာမ်ဇာတိသဘော ဖြစ်တဲ့ ကံရိပ်တွေ ထွက်ပြီး၊ ပဋိစ္စသမုပ္ပါဒ်ကြီး ပြန်ပတ်ပြန်ပြီဘဲ မဟုတ်လား။ အဲဒါ အဝိဇ္ဇာကြီးက ပဋိစ္စသမုပ္ပါဒ်ကြီးကိုညာလှည့်လှည့်ပြီးပတ်နေတာဘဲ မဟုတ်လား။

အဲဒီလို အဝိဇ္ဇာကြီးက လှည့်နေတာကို မြင်အောင် ကြည့်ပါ။ ဒီသဘာဝတွေကို မြင်လာမှ မဂ်သဘာဝ လေးချက်နဲ့ ဖြတ်လိုက်တဲ့ အခါကြမှ "အကာလိကော" ဆိုတဲ့ဂုဏ်တွေနဲ့ ပြည့်စုံလာတော့မယ်။

ဒီတော့မှ (၁) ဒိဋ္ဌဓမ္မ၊ (၂) ပတ္တဓမ္မ၊ (၃) ဝိဒိတဓမ္မ၊ (၄) ပရိယောဂါဠ္ဟဓမ္မ၊ (၅) တိဏ္ဏဝိစိကိစ္ဆော၊ (၆) ဝိဂတကထံ ကထော၊ (၇) ဝေသာရဇ္ဇပတ္တော (၈) အပရပစ္စယော ဆိုတဲ့ ဓမ္မစကြာ တရားတော်ကြီးမှာ ဂုဏ်တွေကို ထုတ်ပြီး ပြလာတော့ တယ်။

ဒီနေရာမှာ သတိရှေးရှုပြီး၊ သဒ္ဓါနဲ့ ပညာ၊ သမာဓိနဲ့ ဝီရိယ တို့ကို ညီညွတ်အောင် (ဝါ) ညီမျှအောင် ယူသွားနိုင်မှ မဂ်တရား ဖိုလ်တရားကို ရနိုင်ပါတယ်။ တခုခု လွန်ကဲနေရင် အမြင်မှန်ကို မတွေ့ဘဲ တဘက် အစွန်းနင်းသွားနိုင်တယ်။ ဒါကို သတိထားပါ။

**သောဏကောလိဝိသသူဌေးသား ဝတ္ထု။**

သောဏ ကောလိ ဝိသ သူဌေးသားဟာစည်းစိမ်ရှင်၊ ပါရမီရှင်ပီပီ အင်မတန်မှ နူးညံ့ သိမ်မွေ့တဲ့ အသား အရေ ရှိပါတယ်။ သူ့ခြေဖဝါးမှာ အမွေးနုနုလေးတွေ ပေါက်နေတယ်။ မြေပြင်ပေါ်မှာ ခြေမချဘူးပါ။

ဒီသူဌေးသားဟာ သာသနာ့ဘောင်သို့ ဝင်ပြီး တရား အားထုတ်ဘို့အတွက် ယင်းတိုက်တောသို့ ဝင်ပြီး တရား အားထုတ် တယ်။ မြေပြင်ပေါ်မှာ စင်္ကြံလျှောက်ပြီး တရားအားထုတ်တယ်။ ဒီလို စင်္ကြံ လျှောက်ပြီး တရားကို ပွားများ အားထုတ် ပေမဲ့၊ ကမ္မဋ္ဌာန်း နိမိတ်လဲ မထင်၊ စိတ်ဝိတက်လဲ မငြိမ်းဘဲ ဖြစ်နေတယ်။

သူဌေးသားလဲ တရားကို မရရင် ငါမနေဘူးဆိုတဲ့ မလျှော့တဲ့ ဝီရိယနဲ့ အားထုတ်လိုက်တာဟာ၊ အင်မတန် နူးညံ့တဲ့ ခြေဖဝါးဟာ သွေးစိမ်းရှင်ရှင်ထွက်ပြီး၊ စင်္ကြံ လမ်းတလျှောက်လုံး သွေးများဖြင့် လိမ်းကျံနေတော့တယ်။

ကိုယ်ကာယမှာ နာကျင်တဲ့ ဒုက္ခကို ခံစားနေရပေမဲ့၊ မလျော့သော ဝီရိယနဲ့ ထပ်ပြီး အားထုတ်သော်လဲ၊ ကမ္မဋ္ဌာန်းနိမိတ် အရိပ်အရောင်တောင်မှ မထင်တော့၊ ထိုသူဌေးသားဟာ စိတ်ပျက်လာပြီး "ငါ-တရားရမှာ မဟုတ်ဘူး၊ လူဝတ်လဲတော့မယ်" လို့ စိတ်အကြံဖြစ်လာတယ်။ ထိုအခါကြမှ ဘုရားရှင်လဲ သောဏကောလိဝိသ တရား အားထုတ်တဲ့ဆီ သွားပြီး (ဝီရိယနဲ့ သမာဓိ ညီမျှအောင် အားထုတ် နိုင်မှ တရား ရမည် ဖြစ်ကြောင်း) ဟောကြားတော်မူပါတယ်။ ဒီတော့မှသောဏကောလိဝိသ သူဌေးသားလဲ ရဟန္တာဖြစ်သွားတော့တယ်။

ဆိုလိုရင်းက သဒ္ဓါနဲ့ ပညာ၊ဝီရိယနဲ့ သမာဓိကိုအညီအမျှထားနိုင်မှသာတရားကိုရလွယ်၊မြင်လွယ်။သိလွယ်ပါတယ်။သို့မဟုတ်ပါဘဲနဲ့ တဖက် အစွန်း တင်နေရင်ဖြင့် ရဘို့ သိဘို့ရာ မလွယ်ကူပါ။ သဒ္ဓါလွန်တော့ တဏှာ ဖြစ်တယ်။ ဝီရိယ လွန်တော့ ( ကောသဇ္ဇ ) ပျင်းရိခြင်း ဖြစ်တယ်။ သမာဓိ လွန်တော့ ဥဒ္ဓစ္စ၊ ပျံ့လွင့်ခြင်း ဖြစ်တယ်။ ပညာ လွန်တော့၊ ကိဋ္ဌာရိပက္ခ၊ ကောက်ကျစ်ခြင်း ဖြစ်တယ်။ ဒါကြောင့် အညီအမျှ ထားပြီး တရားကို အားထုတ်ရမယ်။

သဒ္ဓါ၊ သတိ၊ ပညာ၊ သမာဓိ၊ ဝီရိယ တို့ကို ညီမျှအောင် ကျင့်နိုင်မှ မဂ်တရား ဖိုလ်တရားကို ရနိုင် ပါတယ် ဆိုတာကို မှတ်ထားပါ။ ကိုင်း.... တရားခံတွေကို မဂ် သဘာဝ လေးချက်နဲ့ သတ်ရတော့မယ်။ ဘယ်လို သတ်မလဲ?။ သတ်တယ် ဆိုတာဟာ သူ့ရဲ့ သဘာဝကို အမှန်အတိုင်း သိရင်၊ မြင်ရင် သတ်တယ်လို့ ခေါ်တာဘဲ။ ဒါမှ သေမယ်။ သူ့ရဲ့ သဘာဝ ကိုမှ မမြင်ရင် အဲဒါသတ်လို့ မရပါ။ သတ်တယ်လို့သာ ဆိုသော်လဲ တကယ် မသေပါ။

**အဝိဇ္ဇာရိပ်နှင့် နာမ်ဇာတိလေးချက်။** ဒါကြောင့်သူ့ရဲ့သဘာဝကို အမြင်မှန် အသိမှန်ဖြင့် မြင်အောင် ကြည့်ပါ။ ကိုင်း.... "အတိတ် အကြောင်း စက်၊ ပြုပြင်တဲ့ သဘော၊ ဇာတိဒုက္ခ၊ နိစ္စသာရ ဖြစ်တဲ့ အဝိဇ္ဇာရိပ်ကြီးကို နာမ်ဇာတိ လေးချက်နဲ့ မြင်အောင် ကြည့်ပါ။

( နာမ်ဇာတိ လေးချက် ဆိုတာ )

၁။ ပဋ္ဌမာဘိနိဗ္ဗတ္တိတလက္ခဏာ၊ ထိုထိုဘဝ၌ရှေးဦးစွာဖြစ်ခြင်း လက္ခဏာ ရှိ၏။

၂။ နိယျာတနရသာ၊ ရုပ်တရားတို့ကို ဆောင်နှင်းခြင်း ကိစ္စ ရှိ၏။

၃။ အတီတ ဘဝတော၊ ဣဓဥပ္ပန္နပစ္စုပဋ္ဌာနာ၊ လွန်လေပြီးသော ဘဝမှ၊ ဤပစ္စုပ္ပန် ဘဝ၌ ပေါ်လာသော အဖြစ်လျှင်၊ ထင်သော အချင်းအရာရှိ၏။ (တနည်း)

၃။ ဒုက္ခဝိစိတ္တပစ္စုပဋ္ဌာနာ၊ ဒုက္ခအစု၏ ဆန်းကျယ်စွာသော အဖြစ်လျှင် အချင်းအရာ ရှိ၏။

၄။ ဥပစိတရူပံ ပဒဋ္ဌာနာ၊ ရှေးဦးဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဒီသဘာဝ လေးချက်ဖြင့် ဝေဘန်ပါ။

**မဂ်သဘာဝ လေးချက်နှင့် ခန္ဓာလေးကောင်**

ဒီတော့ မဂ် သဘာဝ လေးချက် ရှိတဲ့ အနက်(နိယျာနဋ္ဌ၊ လွတ်မြောက်ခြင်း သဘောတရား) ဆိုတာ အဝိဇ္ဇာ ရိပ် သဘော ဖြစ်တဲ့ ဇာတိ ဒုက္ခကို၊ တကယ် မြင်သွား တာကို ခေါ်တယ်။ ဒါဟာ အဝိဇ္ဇာကြီးက လွတ်မြောက် သွားတာပါ။ အဲဒါ နိဿရဏဋ္ဌ (ကျွတ်လွတ်ခြင်း) လွတ်မြောက်ခြင်းသဘောမှာ ဥက္ကောင်း ချနိုင်ပြီ။

ဒီတော့ ဒီတရားခံကို နိယျာနဋ္ဌနဲ့ သတ်လိုက်တဲ့ အခါမှာ ဘယ်သဘာဝလေး ထွက်လာသလဲ ဆိုရင်၊ အဲဒါ ဝေဒနက္ခန္ဓာလေးဟာ ပေါ်လာတော့တယ်။ ဒီခန္ဓာလေး ထွက်လာမှ ပညာမြင် အနတ္တညာဏ်ကြီးကို တက်သွားတော့မယ်။

ဒီလို အတိတ်အကြောင်းစက်, ပြုပြင်တဲ့သဘောကိုလဲ နိယျာနဋ္ဌနဲ့လဲ သတ်လိုက်ရော.... အတိတ်အကြောင်းစက်, အဝိဇ္ဇာအရိပ်ရှိမှ ပစ္စုပ္ပန်အကျိုးစက်, နှိပ်စက်တဲ့သဘော၊ ဇရာဒုက္ခ၊ သုခသာရဖြစ်တဲ့ တဏှာရဲ့အရိပ်ကြီးဟာ၊ အဲဒါ မဂ်သဘာဝဖြစ်တဲ့ (ဟေတုဋ္ဌ, အသင်္ခတမေ့သို့ရောက်ကြောင်း သဘောတရား)ကို မြင်သွားပြီ။ တဏှာရိပ်ကြီးဟာ(ဝိဝေကဋ္ဌ)ရဲ့ သဘာဝဆိတ်သုဉ်းတဲ့သဘောမှာ ဥက္ခောင်းချသွားပြီ။ ပစ္စုပ္ပန်အကျိုးစက် တဏှာရိပ်ကြီး ပြတ်သွားတော့ ဘာထွက်သလဲ၊ **သညာက္ခန္ဓာထွက်လာတယ်။**

ဒီတော့ အတိတ်အကြောင်းစက်, ပစ္စုပ္ပန်အကျိုးစက်လဲမရှိရော၊ ကံရိပ်ကလေးဟာ လူစွမ်းကောင်း မလုပ်နိုင် တော့ဘဲ၊ ပစ္စုပ္ပန် အကြောင်းစက်၊ ဗျာဓိဒုက္ခ၊ သုဘသာရ၊ ကံရဲ့အရိပ်ကြီးဟာ၊ (ဒဿနဋ္ဌ)ဖြစ်တဲ့၊ အသင်္ခတမေ့ကိုမြင်သွားပြီ။ မပြုပြင်နိုင်တော့တဲ့ သဘော၊ ဒီတော့မှ (အမတဋ္ဌ)မသေတဲ့သဘောတရားမှာဥက္ခောင်း ချနိုင်ပြီ၊ ဒီကနေပြီး၊ **သင်္ခါရက္ခန္ဓာလေးထွက်လာပြီ။**

အဲဒီလိုလဲ အတိတ်အကြောင်းစက်၊ အဝိဇ္ဇာရိပ်,ပစ္စုပ္ပန်အကျိုးစက်၊ တဏှာရိပ်, ပစ္စုပ္ပန်အကြောင်းစက်၊ ကံရိပ်, တို့ဟာလဲ မဂ်သဘာဝ လေးချက်မှာ၊ အဲဒီလိုဥက္ခောင်းချသွားရော၊ ဒီအခါကျမှ အနာဂတ်အကျိုးစက်ဖြစ်တဲ့ဖေါက်ပြန်တဲ့သဘော၊မရဏဒုက္ခ၊ အတ္တသာရ၊ ဝေဒနာအရိပ်ကြီးဟာ၊ ဘဝဇာတ်သိမ်းပြီးတော့၊ မဂ်သဘာဝလေးချက်ဖြစ်တဲ့'အဓိပတေဋ္ဌယျ'ကြီးမှူးစိုးရတဲ့သဘောမှာ ဝင်ပြီး၊ အသင်္ခတဋ္ဌဖြစ်တဲ့ ဘယ်တော့မှ မပြုပြင်တဲ့၊ နိဗ္ဗာန ဓာတ်မှာ ဥက္ခောင်းချတော့တယ်။

ဒီကနေ ဝိညာဏက္ခန္ဓာကြီးထွက်လာပြီ။ ပညာမြင် ဒုက္ခညာဏ်ကြီးဟာ အနာဂတ် အကျိုးစက်မှနေပြီး၊ ပဋိစ္စသမုပ္ပါဒ်၊ ပါတ်မဲ့-ဝိညာဏက္ခန္ဓာကြီးကို အခု ဖမ်းထားတော့တယ်။ ဒါ့ကြောင့် ပညာမြင်ဒုက္ခညာဏ်ကြီး၏ကဏ္ဍဟာ ဝိညာဏက္ခန္ဓာကို၊ အမိဖမ်းနိုင်လာရင်၊ တရားဥက္ခောင်းကျပါတယ်။ ဒီတော့မှ၊ ပညာမြင်၊ အနတ္တညာဏ်ကြီးကို ဒီခန္ဓာလေး၊ လေးကောင်နဲ့ တက်ရတော့မယ်။

ကိုင်း သာဓုခေါ်ကြပါတော့။

" **သာဓု–သာဓု–သာဓု** "

# ပုံစံနံပါတ် (၁၇)

## သီတင်းကျွတ် လဆန်း (၃)ရက်နေ့ ဟောစဉ်။

**ရေဓာတ်နှင့် မီးဓာတ်။** မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ ရေအစုံ, မီးအစုံ တံခိုးတော် ပြခြင်းမှာ ဒိဋ္ဌိခြောက်သောင်းတို့ရဲ့ တရားအပေါင်းကို ရှင်းလင်းတော်မူလို၍ တံခိုးတော်ပြခြင်းဖြစ်တယ်။

အယုတ်တရားအပေါင်းဖြစ်တဲ့ အနှစ်အသားဆိုလို့ဘာမှမရှိတဲ့ သညာဝိဉာဏ်သမားတို့ရဲ့ အကြိုက်ဖြစ်တဲ့ မိစ္ဆာဝါဒ, ဓမ္မန္တရာယ်တို့ကို သုတ်သင်ရှင်းလင်းတော်မူလို၍ "ရေဓာတ်" တံခိုးတော်ပြတော်မူတယ်။ ဓမ္မစကြာ တရားဓာတ်ကြီး (၀၁) မဂ်အသိ, ဖိုလ်အသိ, မဂ်ဉာဏ်, ဖိုလ်ဉာဏ် အကျိုးငှါ "မီးဓာတ်" တံခိုးတော်ပြတော်မူတယ်။

ယခု ဒီနေ့ရက လုပ်ငန်းစဉ်ဟာ ရေဓာတ်အဆုံးဘဲ။ ဝိပဿနာဉာဏ်၉-ဉာဏ်ဟာ ရေဓာတ်စခန်းပါ။ ဓမ္မစကြာတရားတော်ကြီးက မီးဓာတ်တရားပါ၊ ဖြဟ္မာဖြစ်တယ်ဆိုတာ ရေဓာတ်က ထွက်တာပါ၊ မဂ်တရား,ဖိုလ်တရားကြမှမီးဓာတ်ကထွက်တာပါ၊ ရေဓာတ်ပြည့်စုံမှ မီးဓာတ်ဟာပေါက်တယ်။ မီးဓာတ်ပေါက်မှ မဂ်တရား,ဖိုလ်တရားကို ရမယ်။ ဒါ့ကြောင့် မီးဓာတ်, ရေဓာတ် ၂-ခုတွဲပြီး လုပ်ငန်းစဉ်အနေနဲ့ ပါရမီ ယူလာကြရတယ်။

ရေဓာတ်ဆိုတာ တွင်းရေ, ချောင်းရေ, မြစ်ရေ, မိုးရေ စသည်တို့မှာ အိုးထဲက ရေလောက်ဘဲ ရှိသေးတယ် မဟုတ်လား။ အဲဒါကြောင့် ရေဓာတ်ကို တကယ်ရလာအောင် ရှေးက ဆရာတော်ကြီးတွေဟာ ဆုံးမလာတယ်၊ ရေဓာတ်က ထွက်လာတဲ့ မီးဓာတ်မှ တန်ဘိုးရှိတယ်။

# ပုံစံ နံပါတ် (၁၇)



ဒီတော့ "မဂ်"ဆိုတာဟာ မီးခါတ်ပါ။ လျှပ်စစ်မီးခါတ် ကလေး ပေါ်လာတာကို မဂ်လို့ ခေါ်တယ်။ လျှပ်စစ်မီးခါတ် ဆိုတာ ကိုယ်ရဲ့ခန္ဓာကိုယ်မှာ ဘယ်လိုရှိသလဲ၊ ဒီလိုလျှပ်စစ်မီးခါတ် လေး ထွက်လာမှသာလျှင် ဓမ္မစကြာ တရားတော်ကြီးကို လာတွေ့ မယ်၊ ဝိဉာဏ်မြင် ဥဒယဗ္ဗယ ဉာဏ်ကနေပြီး ရေခါတ်လေးတွေ ထွက်လာတယ်။ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးကြတော့ အဲဒါ ရေခါတ်ကလဲ ချောင်းရေ, မြစ်ရေတွေ ဖြစ်လာပြီး လျှပ်စစ် မီးခါတ်ဟာပြောင်းလာပြီ၊ အဲဒီသဘာဝကို ပိုင်မှ သာသနာ ပြုနိုင် လာမယ်။

ကိုင်း....တရားကို ဆက်ကြဦးစို့ရဲ့၊ ဒီကနေ့ ခန္ဓာပေါ်တာကို အနည်းငယ်ရှင်းပြဦးမယ်၊ ပုံပြင်တဲ့သဘောဟာ အဝိဇ္ဇာ, တဏှာ ကိုသာ ဆဲနိုင်တယ်၊ "ကံ"ကိုမဆဲနိုင်ပါ။ ပုံပြင် "ဒုက္ခသစ္စာ" ဟာ အဝိဇ္ဇာရိပ်၊ တဏှာကလဲ့ သမုဒယသစ္စာရိပ် ဆိုပြီး ၂-ခုရှိတယ်။ ဒါကြောင့် အဝိဇ္ဇာရိပ်ရှိတာနဲ့ တဏှာရိပ်ကလဲ ဝင်လာရတယ်။

ဒီတော့ ပညာမြင် အနိစ္စဉာဏ်တုန်းက "ဆည်းပူး,နှင်းဆောင်, ဖွဲ့နှောင်,နှောက်ယှက်"အဲဒါတဏှာရဲ့အရိပ်ပါ။ နှောက်အဝိဇ္ဇာက ပုံပြင်, နှိပ်စက်, ပူပန်, ဖေါက်ပြန် ဆိုပြီး အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်လာတဲ့အခါမှာ အိုခြင်း,နာခြင်း,သေခြင်း သဘောတွေကိုသာ လာတွေ့နေတာဘဲမဟုတ်လား။ အဲဒါ အဝိဇ္ဇာနဲ့ တဏှာ လှည့်နေ တာဘဲမဟုတ်လား။

**ကံ,ကို လေးလွှာ ခွဲပါ။** ဒီတော့ ၃၁-ဘုံကြီးကမထွက်သေးပါ၊ အဲဒါ ဥပါဒါန် အစည်းအပွား တွေ လှည့်နေတာဘဲမဟုတ်လား၊ ယခု လုပ်နေတာဟာ အဖန်ဖန် အိုရ, သေရမှာ ကြောက်လို့ လုပ်နေကြတာပါ။ ယခု အဲဒီဘေးက လွတ်ပြီလား၊ မလွတ်သေးပါ။ ပုံပြင်တယ်ဆိုတာ အဝိဇ္ဇာ,တဏှာကို သွားပြီးမြင်တာပါ။ ဒီလိုမြင်ရုံနဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ မပြတ် သေးပါ။ အဲဒါကို သိအောင် မြင်အောင်လို့ ကံကို လေးလွှာ ရအောင် လွှာချလိုက်တာပါ။

၁။ ပြုပြင်မှာရှိတဲ့ ကံ။
၂။ နှိပ်စက်မှာရှိတဲ့ ကံ။
၃။ ပူပန်မှာရှိတဲ့ ကံ။
၄။ ဖေါက်ပြန်တဲ့ သဘောမှာ ရှိတဲ့ ကံ ဆိုပြီး ၄-ချက် လှူချလိုက်ရော။ ဒီလိုလှူချနိုင်ရင် အဲဒါ မြှိုပတ်ရထားကြီးလို လည်နေတာ မရှိတော့ပါ။ ယခု ပဋိစ္စသမုပ္ပါဒ်ကြီးကို ကြွတ်ချေ ပစ်လိုက်ပြီ၊ ဒီလို ကြွတ်ချေနိုင်မှ ကံရိပ်တွေထွက်လာမယ်။

ယခု ဒုက္ခဥာဏ်ကြီးမှာ အစွမ်းကုန် ချလာပြီ။ ဒီတော့ ကံကို ထွက်လာအောင် (ဝါ) ကံရိပ်ဆိုတဲ့ သဘောကို မြင်လာအောင် ပတ်ပြလာပြီ၊ (အဝိဇ္ဇာ တဏှာရိပ်တို့ဟာ ပြတ်ကျန် လာခဲ့ပြီ) ယခု ဒီခန္ဓာလေးတွေဟာ အရိပ်နိမိတ်ပြတ်လာပြီ၊ အဲဒါ သခါ ရုပေက္ခာဥာဏ်ကြီးကနေ မဂ်ကိုသွားတော့မယ်။

ဒီတော့ ဒီခန္ဓာကို အခုအနုတ္တဥာဏ်ကြီးနဲ့ မွေနှောက်ပြီး မဂ်ကို တင်ရတော့မယ်။ အဝိဇ္ဇာရိပ်၊ တဏှာရိပ်ကြီးတွေကို အကြိမ်များစွာ ချေလာနိုင်ရင် အဲဒါ ဒီခန္ဓာလေးတွေဟာ သဘာဝနဲ့ ထွက်လာ မှာဘဲလို့ ယုံကြည်ပါ။ ယခု ထွက်လာတဲ့ခန္ဓာလေးတွေဟာ အရိပ် နိမိတ် ပြတ်ကုန်ပြီ။

ဒါ့ကြောင့် အဝိဇ္ဇာအရိပ်၊ တဏှာအရိပ် ၂-ခု ပေါင်းပြီး ဂျောက်ဂျက်ခေါက်တဲ့ ဥပါဒါန်အရိပ်၊ ဒီဟာတွေ ပြတ်သွားပြီ မဟုတ်လား။ အဝိဇ္ဇာအရိပ်၊ ပြုပြင်တဲ့သဘော၊ အတိတ်အကြောင်း စက်ဖြစ်တဲ့ ဒုက္ခသစ္စာကို ဇာတိသဘော ဌာန်လေးချက်ဖြစ်တဲ့....

(၁) ပဌမာဘိနိဗ္ဗတ္တိတ လက္ခဏာ။
(၂) နိယျာတန ရသာ။
(၃) အတီတဘဝတော ဣဓဥပ္ပတ္တိ ပစ္စုပဋ္ဌာနာ။
(၄) ဥပစိတရူပပဒဋ္ဌာနာ....ဆိုတဲ့နာမ်ဇာတိရဲ့ ဌာန် ၄-ချက်နဲ့ ချေရမယ်။ "ဆည်းပူး"တဲ့ တဏှာကြီးကို ဘာနဲ့ ချေမလဲ။

အဲဒါ တဏှာရိပ် နှိပ်စက်တဲ့သဘော၊ ပစ္စုပ္ပန်အကျိုးစက်ဇရာ ဒုက္ခ၊ ဒုက္ခသစ္စာကို ရုပ်ဇာတိ လေးချက်ဖြစ်တဲ့ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဒီသဘာဝလေးချက်နဲ့ ချေရမယ်။ ဒါကို ချေနိုင်လာရင် အုန်းပင်ကိုတက်ပြီး အုန်းသီးဆွတ်တယ်။

အဲဒါ ငှက်ပျောနဲ့အုန်းဖြစ်လာပြီးတော့ အုန်းရေရဲ့ ရေခတ် "ကံ"ဘဲ မဟုတ်လား။ ဒီတော့ ငှက်ပျောခတ်၊ အုန်းခတ် ပေါက်လာတာနဲ့ ရတနာ သုံးပါးဟာ ပေါ်လာ တော့မယ် မဟုတ်လား။

နောက်တခါ အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီး ဥပါဒါန် နယ်ကြီး ဖွင့်နေတဲ့ ပူပန်တဲ့သဘော၊ ဗျာဓိဒုက္ခ, ကံရိပ်, ပစ္စုပ္ပန်အကြောင်း စက်ဖြစ်တဲ့ကံမျိုးစေ့လေးတွေကိုကံရဲ့ သဘာဝလေးချက်ဖြစ်တဲ့....

(၁) ကမ္မာကမ္မဖလလက္ခဏော။
(၂) ဘဝနာ ဘာဝနရသော။
(၃) ကုသလာ ကုသလာဗျာကတ ပစ္စုပဋ္ဌာနော။
(၄) ဥပါဒါနပဒဋ္ဌာနော။ဒီသဘော လေးချက်နဲ့ ချေရမယ်။

အဲဒါနဲ့ချေလိုက်တော့ အဝိဇ္ဇာနဲ့ တဏှာဟာ ပြတ်သွားမယ်။ အဲဒါအုန်းသီးကအစို့ပေါက်လာပြီး, ဥဒပါဒ်ငါးချက်ထွက်လာပြီး အဲဒါ ပဋိစ္စသမုပ္ပါဒ်ကြီးက ရေခတ်ဖြစ်လာပြီ။ အဲဒီလို ချေလာ တော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် အစီးအပွားကလဲ မပတ်နိုင်ရော၊ အဲဒါ ခန္ဓာလေးတွေ ထွက်လာတယ်။ အဲဒါ တိဟိတ် ခန္ဓာလို့ ခေါ်တယ်။

ဒီကနေပြီး သုည လေးလုံး ဖမ်းပြီး ရှေ့ကို တက်တော့မယ်။ ဒီအတိုင်းတော့ မတက်သေးပါ။ ဒီခန္ဓာလေးတွေကို ပြုပြင်ဘို့ဘဲ ရှိတော့တယ်။ အဲဒီက နေမြီးမှ ရှေ့ကို တက်ရမယ်။ ဒီတော့ ဘယ်သုညထဲသွင်းမလဲ။

ကိုင်း....သာခုံခေါ်ကြပါတော့။

**သာဓု....သာဓု... သာဓု....။**

## သီတင်းကျွတ် လဆန်း (၄) ရက်နေ့ ဟောစဉ်။

**သုဉ်းဆိတ်တဲ့ သဘောဆိုတာ။** သုညတလေးလုံးဆိုတာ ဘယ်ဟာလဲ၊ ဘာ့ကြောင့် သုညတ ခေါ်သလဲ၊ ဒီသဘာဝတခုကို ချဲ့လိုက်ရင်၊အင်မတန်မှကျယ်ဝန်းပါတယ်။ ဘယ်လောက်ကျယ်သလဲဆိုရင်၊ အနက်ပြန်တဲ့အခါမှာ၊သုညတဟာ သုဉ်းဆိတ်တဲ့သဘော၊ သုဉ်းဆိတ်တဲ့သဘောကို ဖွင့်တဲ့အခါမှာ၊ သုဉ်းဆိတ်တယ်ဆိုတာဘာလဲ၊ ဒီလိုကို မေးခွန်းက တက်လာမယ်။ သုညတလေးလုံး ဆိုတာ........

သုညတော၊ပရတောစေဝ၊ပဿေ၊အဝသဝတ္တနတော။
အသာရတော၊ ဝိ ဓာ ခ န္ဓေ၊ သ က္ကာ ယ ဒိ ဋ္ဌိံ ပဟာ တ ဝေ။
လို့ ပိဋကတ်က ပြလာတယ်။

ဒီလေးချက်နဲ့ မြင်အောင် ရှုရတော့မယ်။ အခု ဒီနေရာမှာ အကြောင်းနဲ့အကျိုး ဇာတ်သိမ်းပြီးမှ၊ ခန္ဓာလေးတွေပေါ်ရမယ်။ ဉဒယဗ္ဗယညာဏ်မှာ ပေါ်လာတဲ့ခန္ဓာက၊ အကြောင်းတရားသာ ဇာတ်သိမ်းတယ်။ အကျိုးတရား ဇာတ်မသိမ်းသေးပါ။ ယခု ဒီနေရာက အကြောင်း အကျိုး ပြတ်ပြီးပေါ်တဲ့ ခန္ဓာ ဖြစ်ခြင်းကြောင့် ဉဒယဗ္ဗယညာဏ်ကပေါ်တဲ့ ခန္ဓာထက်မြင့်တယ်။ ယခု ဒီနေရာမှာ သုဉ်းဆိတ်တယ်ဆိုတာ၊ **အကြောင်းတရားတွေသုဉ်းတာ၊ အကျိုးတရားတွေ ဆိတ်တာ** ကိုခေါ်တယ်။ အဲဒီလို အကြောင်းတရားတွေသုဉ်း၊ အကျိုးတရားတွေဆိတ်တာကို၊ သုညတလို့ခေါ်တယ်။ အကြောင်းတရားတွေ၊ အကျိုးတရားတွေ သုဉ်းဆိတ်သွားတာကို သုညတလို့ ခေါ်တာပါ။

ဒီတော့ သုဉ်းတယ်ဆိုတာကို ရေးတဲ့အခါမှာ သေးသေးတင်နဲ့ မရေးဘဲ၊ ညတချမ်းဖြင့်ရေးရပါတယ်။ အကြောင်းတရားတွေ သုဉ်းတယ်၊ အကျိုးတရားတွေဆိတ်တယ်၊ အဲဒီလို အကြောင်းတရားတွေ၊ အကျိုးတရားတွေကို ရည်ပြီးတွက်ရတာဖြစ်ခြင်းကြောင့်

သညာတဟာ ဘယ်လိုအနက်ထွက်သလဲ၊ သဉ်းတယ် ဆိုတာသည်ပင်၊ ပျောက်သွားတဲ့အနက်ပျက်သွားတဲ့အနက်ကိုမယူပါနဲ့၊ ငြိမ်းအေးတဲ့ အနက်ကို ယူရ ပါမယ်။ ငြိမ်းအေးတဲ့ သဘော ထွက်လာတာ သည်ပင် အနတ္တသဘော၊ အဲဒါ နိဗ္ဗာနဓာတ်ထွက်လာတဲ့သဘောကို ဝေဖန်ပါ။

ဒီတော့ အကြောင်းတရား၊ အကျိုးတရားတွေ၊ ဇာတ်သိမ်း သွားတာကို သညာတလို့ဆိုတော့၊ ဟိုရှေ့ကဟာကိုတွေးပါ။ အရင်က ပညတ်နဲ့ ပရမတ် ခွဲလာကြတာဟာ၊ သဘာဝနဲ့ ဝေဖန်ရင်၊ **ပညတ်နဲ့ ပရမတ်၊ အကြောင်းနဲ့ အကျိုး၊ ရုပ်နဲ့ နာမ်၊ အတိတ်နဲ့ အနာဂတ်၊ ဖြစ်နဲ့ ပျက်၊** ဆိုပြီး တွဲလာကြတယ်။ ပညာမြင် ဥဒယဗ္ဗယဉာဏ်ကြီးလဲရောက်လာရော၊ ပညာမြင်ဥဒယဗ္ဗယဉာဏ် ကြီးက အကြောင်းတွေကိုသိမ်းလိုက်တော့၊ အဲဒါ အကျိုးလေးသာ ကျန်တော့တယ်။

အဲဒီအကျိုးလေးကို ပညာမြင် အနိစ္စဉာဏ်နဲ့ သိမ်းခဲ့တယ်။ နောက် ပညာမြင် ဒုက္ခဉာဏ်နဲ့လဲ သိမ်းခဲ့တယ်။ အကျိုးတရား တွေဟာဇာတ်သိမ်းလာပြီ။ အခု ပညာမြင် အနတ္တဉာဏ်ကို ရောက်လာပြီ။ သင်္ခတပရမတ်တွေဟာဖေါက်ပြန်ပျက်စီးတဲ့အထဲမှာ ဇာတ်သိမ်းသွားပြီ။ အဲဒီကနေ အဆီညှစ်လိုက်တော့၊ အဲဒါ ခန္ဓာ လေးတွေထွက်လာရမယ်။

(၁) ဝေဒနက္ခန္ဓာ၊ (၂) သညက္ခန္ဓာ၊ (၃) သင်္ခါရက္ခန္ဓာ၊ (၄) ဝိညာဏက္ခန္ဓာ၊ ဒီလိုဘဲထွက်လာရတယ်။ ဒီဝေဒနက္ခန္ဓာလေးမှာ အကြောင်းရိပ်၊ အကျိုးရိပ်တွေဟာ ရှိသေးသလား၊ မရှိတော့ပါ၊ မရှိရင်တော့ ခန္ဓာလေး လေးကောင်မှာ၊ အရင်က သညက္ခန္ဓာက ခေါင်းဆောင်ပြီးပေါ်တယ်။ ဒါဟာ ဘာကြောင့် ပေါ်ရသလဲ ဆိုရင်၊ အဲဒါ အကြောင်းရိပ်၊ အကျိုးရိပ်တွေ ရှိနေခြင်းကြောင့် အကြောင်းအားလျော်စွာ သညက္ခန္ဓာကစပြီး ပေါ်လာရတာပါ။

အဲဒါ ဗျာပါရလေးတွေနဲ့ ပေါ်နေကြတယ်၊ အဲဒါသညလေးက ပညတ်သဘောကိုကိုင်ပြီးပေါ်လာတာ၊ အဲဒါ ဉာဏ် "၉" ဉာဏ် ဝဲထဲမှာ ရှိနေသေးတယ်။ ဒါကြောင့် အဝိဇ္ဇာရဲ့ အရိပ်ဟာ ရှိနေသေးတယ်၊ သညာဝိညာဏ်ရိပ်မပြတ်သေးဘူး။ အဲဒါကို ပုထုဇဉ် အနွယ်လို့ ခေါ်တယ်။

ဒီတော့ ပဌမစပေါ်တဲ့ ခန္ဓလေးကိုဖမ်းပါ၊ သညာက္ခန္ဓာက ပေါ်လျှင် အကြောင်းရိပ်၊ အကျိုးရိပ် မပြတ်သေးဘူးလို့ ယူရမယ်။

**ဝေဒနက္ခန္ဓာ ဦးစီး-ပေါ်ထွက်လာတယ်။**

အခု ဒီနေရာကျတော့ ဝေဒနာဦးစီး ပြီး ပေါ်လာတာ ဖြစ်ခြင်းကြောင့် အကြောင်းရိပ်၊အကျိုးရိပ်၊ ရုပ်ရိပ်၊ နာမ်ရိပ်၊ ပညတ်ရိပ်၊ ပရမတ်ရိပ် အားလုံးပြတ်သွားပြီ၊ ဝေဒနက္ခန္ဓာလေးက ဘယ်သဘာဝကလေး ဆွဲကိုင်ပြီး ပေါ်လာသလဲ၊ ဒါကို ဝေဖန်ရမယ်။

အဲဒါ ဝေဒနာက ပရမတ်ရိပ်ကို ဆွဲကိုင်ပြီး ပေါ်လာတယ်၊ သညာကြတော့ ပညတ်ရိပ်ကိုဆွဲကိုင်ပြီးပေါ်လာတယ်၊ ရုပ်သဘော အကြောင်းသဘော၊ ပညတ်သဘောကိုယူ၊ ဝေဒနာကြတော့ နာမ်ရိပ်,ဝိညဉ်ရိပ်, အနာဂတ်ရိပ်, အကျိုးရိပ်အနေနဲ့ ယူနိုင်တယ်။

သညာကပညတ်ဘက်ကို၊ဝေဒနာကြတော့ သခ်ီတပရမတ်ဘက်ကိုယူ။ သညာပြဌာန်းပြီး နေသမျှကာလပတ်လုံး၊ ဒီဝိပဿနာဟာ ဉာဏ် "၉" ဉာဏ်ဝဲထဲမှာ ရှိနေခြင်းကြောင့် အမှောင်ခေတ်ကြီးဟာ ထိုယောဂီမှာ ရှိနေ သေး တယ်။ အဲဒါ အဝိဇ္ဇာရိပ်ကြီး လိုက်နေသေးတယ်။

အဲဒါ ဉာဏ် "၉" ဉာဏ်ဟာ သမ္မာသနဉာဏ်ကနေပြီး၊ သခ်ါရုပေက္ခာဉာဏ်တိုင်အောင်ရှိနေတဲ့ဟာကို ဉာဏ် "၉" ဉာဏ် ဝဲလို့ခေါ်တယ်။ အဲဒါ သညာဝိညာဏ်ရိပ်မလွတ်သေးပါ။ ဒီတော့ **မဂ်** ဆိုတာဟာ၊ သညာဝိညာဏ်ရိပ်လွတ်မှ မဂ် ကို ဝင်လို့ရတယ်။

ဒီတော့ သညာဝိညာဏ်ဟာ အကောင်၊ အရောင်၊ အရိပ်၊ အခိုးအငွေ့ အနေနဲ့ လိုက်လာတယ်။ သဘာဝတခုကိုတွေ့ရင်၊ ဒီလိုလေးချက်ရအောင်လိုက်ရှာရမယ်။ သညာကားရှေ့၊ ဝိညာဉ်ကားနောက်၊ အဲဒါကြောင့် (ဆွေ "ခုနစ်ဆက်" မျိုးခုနစ်ဆက်") ဒီ"ခုနစ်"ဆက်ကို ညာဏ်"၉"ညာဏ်ဟာ မပြတ်နိုင်ပါ၊မပြတ်နိုင်တဲ့ အတွက် မဂ်ကို မရနိုင်ဘူး။

ဒီတော့ ဆေး, မှော်, အင်း, စမ, ပေါက်တဲ့ဟာ တွေဟာ ဒီနဝင်းအိမ် ဖြစ်တဲ့၊ ညာဏ်ကိုးညာဏ် ဝဲကြီးထဲမှာဘဲ ရှိနေတယ်။ ဒီကနေပြီး ဖြတ်ထွက်နိုင်မှ မဂ်ကိုရနိုင်ပါတယ်။ (မီးထွန်းတဲ့အခါမှာ မီးကြောင့်ဖြစ်လာတဲ့ အမှောင်ကလေးလိုက်နေတာလို) သညာရိပ်၊ ဝိညာဉ်ရိပ်ကိုဖြုတ်ဘို့ရာမလွယ်လှဘူး၊ ဒီနေရာမှာ "ဆရာကောင်း" လိုပါတယ်။

ဒီတော့ အခုခန္ဓာလေးတွေမှာ၊ အနုသယလေး လိုက်နေသေးတယ်။ အနုသယလေးမှမပြတ်သေးရင် မဂ်ကိုရပြီဟုမဆိုနိုင်သေးပါ အနုသယလေးဟာ အင်မတန်မှ မြင်နိုင်ခဲတယ်။ ဒါကိုမြင်လာမှ အနုလောမညာဏ်၊ ဂေါတြဘူညာဏ်၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်၊ ပစ္စဝေက္ခဏာညာဏ်ကို တက်သွားပြီ။ ယခု ပညာမြင် ဥဒယ,က အကြောင်းကိုသတ်တယ်။ အခု သင်္ခါရုပေက္ခာ ညာဏ်ကြီးကြတော့ အကျိုးရိပ်ကိုပယ်သတ်တယ်။ သညာနဲ့ဝေဒနာလေးကို မိအောင်ဖမ်းရမယ်။

ဒီတော့ ခေါင်းတဲ့ဆဲ့သလို ကျန်တဲ့တဲ့တွေက လိုက်လာရတယ်။ သညာက ပညတ်အနေနဲ့ ဆွဲဘာ။ ဝေဒနာက သင်္ခတပရမတ် အနေနဲ့သာ, ဆွဲလို့ရတာ။ ဟိုဘက်မှာ ဝေဒနာကလေးဟာ စင်ကြယ်ပြီး အခိုးအငွေ့ အရိပ်ကင်းမှ ပရမတ်အစစ်ကိုယူလို့ရမယ်။ သညာရဲ့သဘော, အရိပ်၊ အရောင်၊ အခိုးအငွေ့ ထွက်လို့မရမှ သာလျှင် သောတာပတ္တိမဂ်က ဒီဝေဒနာမှာ လာပြီး ဥက္ကောင်း ချရတယ်၊ မဂ်လေးဆင့်လုံးမှာ ချရတယ်။

အခု ဝေဒနက္ခန္ဓာဟာ သင်္ခါရပေစ္စ ဥာဏ်မှ ထွက်တာ ဖြစ်ခြင်းကြောင့် အကျိုးရိပ်လေး အနေနဲ့ ကျန်သေးတယ်။ ဒီအကျိုးရိပ်ကလေး ပြတ်သွားအောင် ဘယ်လိုရှုရမလဲ?၊ သညာ လေးနဲ့ ရှုရမယ်။

ဘယ်လိုရှုရမလဲဆိုဒါကို အကြမ်းနည်းနဲ့ ပဌမပြောသွားမယ်။ ဒီတော့ စက်ရဟတ်လေးပါးဟာ ဘယ်ဟာလဲ။ အတိတ်အကြောင်း စက်၊ ပစ္စုပ္ပန် အကျိုးစက်၊ ပစ္စုပ္ပန် အကြောင်းစက်၊ အနာဂတ် အကျိုးစက်၊ဒီလေးပါးပါ။အဲဒီလေးကောင်ကို သညာလေးကောင်နဲ့ ချေစမ်းပါ။

၁။ အတိတ်အကြောင်းစက်, သညာတအနတ္တ။
၂။ ပစ္စုပ္ပန်အကျိုးစက်, အသရကဋ္ဌအနတ္တ။
၃။ ပစ္စုပ္ပန်အကြောင်းစက်, ပရတအနတ္တ။
၄။ အနာဂတ်အကျိုးစက်, အဝသဝတ္တနအနတ္တ........ နဲ့ သိမ်းရမယ်။ ကိုင်း.... ဘယ်လိုသိမ်းမလဲ အကြောင်း ပြစမ်းပါ။

**အတိတ် အကြောင်းစက် သုဉ်းဆိတ်ခြင်း။**

ဒီတော့ ဆရာတော် ပြောလိုက်မယ်။ သညာတက ဘယ်သူ့ကို ချေတာလဲ၊ အတိတ်အကြောင်းစက်ကို တွေးလိုက်စမ်းပါ။ အတိတ်အကြောင်းစက်ဆိုတာ ပညတ်သဘော၊ သညာ သဘော၊ ရုပ်သဘော၊အတိတ်သဘော၊ အဝိဇ္ဇာသဘောကိုကောက် အဲဒါသညာလေးရဲ့ အကြောင်းလေးကို သုဉ်းဆိတ်တာ ဖြစ်ခြင်း ကြောင့် အတိတ်အကြောင်းစက်ဆိုတာနဲ့ ဒီသဘာဝတွေအားလုံး သိလာရမယ်။

အဲဒါ သညာရဲ့ အရိပ်ပြတ်သွားတာကို သညာတဖြစ်သွားပြီလို့ ပြောတာ၊ အဲဒါ သညာသဘော၊အဝိဇ္ဇာသဘော၊ပညတ်သဘော၊ ရုပ်သဘော ပြတ်သွားတာကို သုဉ်းဆိတ်တဲ့ သဘော "သညာတ အနတ္တ"လို့ခေါ်တယ်။

**ပစ္စုပ္ပန် အကျိုးစက် အနှစ်အသားမရှိခြင်း။**

ပစ္စုပ္ပန် အကျိုးစက်ကို အသာရကဋ္ဌ အနတ္တနဲ့ ဘာ့ကြောင့် သိမ်းရသလဲ၊ အတိတ် အကြောင်းစက်မှာ သုညတ အနတ္တဖြစ်သွားခြင်းကြောင့်ပစ္စုပ္ပန်အကျိုးစက်မှာလဲ အသာရကဋ္ဌ အနတ္တဖြစ်လာတာ (ဝါ) အတိတ်အကြောင်း၊ ပညတ်၊ သညာ၊ ရုပ်ကို ဖြတ်ချတာပါ။ သုညတအနတ္တပါ။

ပစ္စုပ္ပန်အကျိုး ပရမတ်သဘော၊ နာမ်သဘော၊ ဝိဉာဉ်အကျိုး သဘော။ တဏှာ သဘော ရေသောက်မြစ်ဟာ သညာ၊ ရုပ်၊ ပရမတ်ရိပ်ကိုလဲ သုညတနဲ့ သိမ်းလိုက်ရော အကြောင်းနဲ့ အကျိုး၊ ပညတ်နဲ့ ပရမတ်၊ ရုပ်နဲ့ နာမ်၊ သညာနဲ့ ဝိညာဉ်၊ အဝိဇ္ဇာနဲ့ တဏှာတို့ စွဲပြီး ပေါ်ရတာ ဖြစ်ခြစ်းကြောင့် အဲဒါတခုမှာသုညတ အနတ္တဖြစ်နေခြင်းကြောင့် ကျန်တဲ့သခ်တပရမတ်ကြီးဟာမပေါ်နိုင် တော့ပါ။ အဲဒါ အနှစ်အသား မရှိတော့ပါ။ အဲဒါ အသာရကဋ္ဌ အနတ္တထဲ ကျသွားတယ်။

ဒီတော့ ပညတ် မရှိတဲ့အတွက် ဒီပရမတ်ကြီးဟာ ဘာပရမတ်လဲ ဆိုရင် ပညတ် ကင်းသွားတာ ဖြစ်ခြင်းကြောင့် အနှစ် အသား မရှိတဲ့သဘော၊ အသာရကဋ္ဌ အနတ္တလို့ ပြောတာပါ။

**ပစ္စုပ္ပန် အကြောင်းစက်, ငါနဲ့မဆိုင်, ငါပိုင်မဟုတ်**

နောက်တခါ ပစ္စုပ္ပန် အကြောင်း စက်ကို ပရတ အနတ္တနဲ့ ဘာ့ကြောင့် သိမ်းရသလဲ။ အဲဒါ အဝိဇ္ဇာနဲ့ တဏှာ၊ ပညတ်နဲ့ ပရမတ်၊ အကြောင်းနဲ့ အကျိုး၊ ရုပ်နဲ့ နာမ်၊ သညာနဲ့ ဝိညာဉ်ဆက်စပ်နေသေးရင် အနာဂတ်ကို ဖေါ်နိုင်တဲ့ ကံမျိုးစေ့ကို ချနိုင်တယ်။

ယခုမှာမူ မဆက်စပ်တော့တဲ့ အတွက် အဲဒါ ကံမျိုးစေ့ကို မချနိုင်တော့ပါ။ အဲဒါ အတိတ်မှာလဲ မရှိ၊ ပစ္စုပ္ပန် အကျိုးကလဲ မထောက်ပန့်နိုင်တဲ့အတွက် ပရတ အနတ္တ၊ ငါနဲ့ မဆိုင် ငါပိုင် မဟုတ်တဲ့ သဘောကြီး ဖြစ်သွားပြီ။

**အနာဂတ် အကျိုးစက်**
**အချိုးနှိုး သဘော ဖြစ်ခြင်း**

နောက် အနာဂတ် အကျိုးစက်ကို အဝသ ဝတ္တန အနတ္တနဲ့ ဘာကြောင့်သိမ်းသလဲဆိုရင်ပညတ်ရိပ် သက်သက်၊ အချိုးနှိုး သဘောလေးသာ ရှိတော့တယ်။ အဲဒါ အရင်တုန်း ကတော့ သခ်တ ပရမတ် ကြီးဟာ ပစ္စုပ္ပန် အကျိုးရိပ်မှာ ဇာတ်သိမ်းခြင်းကြောင့် ပစ္စုပ္ပန် အကြောင်းစက်မှာ ကံမျိုးစေ့ ဆက်မချနိုင်တဲ့ အတွက် ဖေါက်ပြန် ပျက်စီးတဲ့ နေရာမှာသာ ဥက္ကောင်းချရတော့မယ်။ သူ့မှာထောက်ခံတဲ့ပရမတ်ကြီး မရှိခြင်းကြောင့် အဲဒါ ပညတ်သက်သက်သာ ဖြစ်ပြီး အချိုးနှိုးသာ ရှိတော့တယ်။ (တနည်း) ရုပ်ဇာတိ သက်သက်သာ ရှိတော့တယ်။

အဲဒါ ဘာမှ တဖန် မဖြစ်နိုင်ခြင်းကြောင့် အဲဒီ ပညတ်ရိပ်ကို ရည်ရွယ်ပြီးတော့ အဝသဝတ္တနလို့ မြင်အောင်ရှု။ (တနည်း) သညာဝိညာဉ်ဆွဲမရတဲ့ပရမတ်တွေကြတော့လဲ(အဝသဝတ္တနဌေန) အစိုးမရ၊ အလိုသို့ မလိုက်တဲ့ သဘောကို ပြလာတာပါ။

ဒါကို တကယ် ကျမ်းကြေ လာအောင် "ဉာဏ်ကိုးဉာဏ်" ဝဲထဲက လွတ်သွားအောင် ဓမ္မစကြာ တရားကြီးကို တက်နိုင် လာအောင် အကြိမ်ကြိမ် ဝေဘန် လာရင် တနေ့မှာ မဂ္ဂသမ္ဘာရ မဂ်ရဲ့ အဆောက်အဦဟာ ပြည့်နိုင်တော့မယ်။

ဒါကြောင့် ဝေဘန်ပါ၊ ကြံစည်ပါ၊ တွေးတောပါ။ အဲဒီ စက်ရဟတ်ရဲ့ သုညလေးလုံးကို နားလည်လာရင် ခန္ဓာ၄ကောင်ကို သုညတွေ တတ်ကြည့်ပါ။ ခန္ဓာလေး တွေကို သတ်တော့မယ်။ အဲဒါမှ အခိုး အငွေ့တွေ ထွက်လာ တော့မယ်။

အဲဒါကြောင့်သုညလေးလုံးနဲ့ စက်ရဟတ်လေးပါးကို သိမ်းပါ။ သဘာဝကို မြင်လာရင် ရှုလို့ ရလာပြီ။ အခုဟာအကျဉ်းနည်းသာ ပြတာပါ။ အကျယ်ကိုပါ မြင်အောင် ရှုကြည့်ပါ။

အဲဒီ သုညတ အနတ္တဟာ အတိတ် အကြောင်းစက် ရပ်သွားအောင် ချိုးလိုက်တာ။ အဲဒီ အတိတ်အကြောင်း ပြတ်သွားတာနဲ့ ပရမတ်ကြီးဟာ သူ့ကို ပစ္စုပ္ပန် အကျိုးစက်၊ ကာလ သုံးပါးက လွတ်တယ်။ ပဋိသန္ဓေနေတဲ့ စိတ်ဟာလဲ လွတ်တယ်။ ပညတ်ကလဲ လွတ်နေပြီ။

ဒီတော့ စက်ရဟတ်ကို ပြတဲ့ အခါမှာ ပညတ်ဟာ အတိတ်အကြောင်းမျိုးပါ။ ပရမတ်ဟာ ကာလ သုံးပါး ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်မျိုးပါ။ အတိတ်အကြောင်းစက် ပညတ်ကို သုညတအနတ္တ ပစ္စုပ္ပန်အကျိုးကို အသာရကဋ္ဌ အနတ္တ၊ ပစ္စုပ္ပန် အကြောင်းကို ပရတ အနတ္တ၊ အနာဂတ် အကျိုးကို အဝသဝတ္တန အနတ္တနဲ့ မြင်အောင် ရှုနိုင်လာရင် ခန္ဓာလေး တွေကို သတ်တော့မယ်။

•

**ဝေဒနက္ခန္ဓာကိုရှုပါ** အဲဒီက ရပ်တည်ပြီး တော့မှ ဝေဒနက္ခန္ဓာလေးကို အကြောင်းရိပ်ပြတ်ပုံ၊ အကျိုးရိပ်ပြတ်ပုံကို ရှုရမယ်။ အဲဒီလို ခန္ဓာလေး လေးကောင်မှာ အကြောင်းရိပ်၊ အကျိုးရိပ်ပြတ်တာကို မြင်အောင်ရှုနိုင်လာရင်၊ အဲဒါ သဉ်္ဂါရုပေက္ခ ညာဏ်ကြီးနဲ့နေ တက်တော့မယ်။

ဝေဒနာကို အရင်ထုတ်ပြီး ရှုပါ။ အဲဒါ အကြောင်း သုညတ အကျိုးသုညတဟာ ဘယ်လို ဇာတ်သိမ်းသလဲ ဆိုတာကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လေးပါး ပေါ်မှာ သုညတ လေးလုံးနဲ့ ချေတင်ပြီး ရှုရမယ်။

အဲဒါ အကျိုး သုညတကို သိမ်းနိုင်လာရင် ညာဏ်ကိုးညာဏ် ဝဲ့ထဲက ထွက်ပြီ။ ဒါမှ မသိမ်းနိုင်ရင် 'ညာဏ်ကိုးညာဏ်' ဝဲထဲက မထွက်နိုင်သေးပါ။ ကိုင်း.... ဒါကြောင့် ဝေဒနာကို သိမ်းပါ။

ကိုင်း....သာဓုခေါ်ကြပါတော့။

"....သာဓု....သာဓု....သာဓု...."

## သီတင်းကျွတ်လဆန်း (၅)ရက်နေ့ ဟောစဉ်

မနေ့က ပြောခဲ့တဲ့ စက်ရဟတ် လေးပါးကို သုည လေးလုံးနဲ့ ချေတာကို နားလည်ကြရဲ့လား။ နားလည်ကြရင် နောက်တခါ အကျိုးသုညတကို သိမ်းရမယ်။ အကြောင်း သုညတကို ချေရမယ်။ ဥဒယဗ္ဗယ ညာဏ်ကြီးက အကြောင်း သုညတကို သိမ်းခဲ့တယ်။ အဲဒါ အကြောင်းဆိုတာ ဘယ်ဟာကို ခေါ်သလဲ။ အကျိုးသုညတ ဆိုတာ ဘယ်ဟာကို ခေါ်သလဲ။ ဒါကို နှိုက်ပြစမ်းပါ။ ဒါကို ရှာရမယ်။

ဥဒယဗ္ဗယညာဏ်ကြီးက သိမ်းလိုက်တဲ့ အကြောင်း တရားဟာ ဘယ်တရားလဲ။ သုညလေးလုံးဟာ ပေါ့ပေါ့ မအောက်မေ့နဲ့ သုညတလုံးကို ပိုင်ရင် အဲဒါ သောတာပန် ဖြစ်တယ်။ သကဒါဂါမ် ကြတော့ အသာရကဋ္ဌ အနတ္တ၊ ပရတအနတ္တကြတော့ အနာဂါမ် ဖြစ်တယ်။ အဝသ ဝတ္တန အနတ္တဟာ ရဟန္တာ ပုဂ္ဂိုလ်များ ကျက်စားတယ်။ ဒါကြောင့် သုညလေးလုံးကို ပေါ့ပေါ့ မထင်ပါနဲ့။

**အကျိုးသုံးမျိုး။** ဒီတော့ ဒီသုညကိုဝေဘန်တဲ့အခါမှာအကြောင်း သုညတ၊ အကျိုးသုညတလို့ ဝေဘန်လာတယ်။ ဥဒယဗ္ဗယညာဏ်မှာ အကြောင်း သုညတဟာ ဘယ်ဟာလဲ။ ဒါကို စဉ်းစားပါ။ ပညာမြင် အနိစ္စညာဏ်ကြီးက အကျိုးရင်းကြီး ဖြစ်တဲ့ **မုချကျိုး**ကို ပယ်တယ်။ ပညာမြင် ဒုက္ခညာဏ်ကြီးက အကျိုးဖျားကို ပယ်တယ်။ အဲဒါ **သာမာန်ကျိုး**ပါ။

အခု ပညာမြင် အနတ္တညာဏ်ကြတော့ **အာနိသံသ အကျိုး**ကို ဖြတ်တယ်။ ဒီတော့ အကျိုးကို သုံးမျိုးထုတ်ပါ။ (၁) မုချကျိုး၊ (၂) သာမာန်ကျိုး၊ (၃) အာနိသံသကျိုး ဆိုပြီး သုံးမျိုးထုတ်လာတယ်။ မုချကျိုးက ရေပ်ပင်စိုက်ရင် ရေပ်သီးသီးတဲ့ သဘော(ဝါ) မျက်မှောက် အကျိုးပါ။ သာမာန်အကျိုး ကြတော့ ဒီအကျိုးဟာ

ဒုတိယဘဝမှစ၍ နိဗ္ဗာန်မရမခြင်း ပေးနိုင်တယ်။ ဥပမာ) ဆိတ်ကို သတ်ရင် ဆိတ်မွေးနှင့်အမျှ ခံရတယ်လို့ သုတ္တန် တွေမှာ ပြလာ တယ်။ အာနိသံသ အကျိုးကြတော့ ပဋိသန္ဓေအကျိုး၊ ပဝတ္တိ အကျိုးကို မပေးနိုင်တော့ပါ။

**ကံလေးမျိုး။** ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ယခုဘဝမှာအကျိုးပေးရမယ် အဲဒါ အလှူခံပုဂ္ဂိုလ်ဟာ ဘုရား ရဟန္တာ ဖြစ်၍ ဂုဏာတိရေက ဖြစ်ရမယ်။ ကိုယ်ကလှူလိုက်တဲ့ ပစ္စည်းလဲ စင်ကြယ် ရမယ်။ ကိုယ်က ပြုလိုက်တဲ့ 'ကံ' ကိုလဲ ယုံကြည် ရမယ်။ ဒီလို ညီညွတ်လာရင် ဒိဋ္ဌဓမ္မ ယခုဘဝမှာ အကျိုးပေးတယ်။

နောက်တခါ 'အဟောသိကံ' ဆိုတာ အဲဒါ အကျိုးကို မပေး နိုင်သော်လဲ အာနိသံသ အကျိုးဆက်ကလေးတွေ ရှိတယ်။ အာနိ သံသ အကျိုး ဆိုတာ ခေါင်းကိုက်တာ၊ ဗိုက်နာတာ၊ ပိုက်ဆံ အနည်းအပါး ကောက်ရတာ၊ စသည်ဖြင့် ယူရမယ်။

မုချကျိုးဆိုတာ 'ဥပပဇ္ဇဝေဒနီယကံ' ဒုတိယ ဘဝမှာ အကျိုး ပေးမယ်။ အပရာပရိယဝေဒနီယကံ၊ သာမာန်ကျိုး၊ တတိယဘဝမှ စပြီး နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ရမယ်။ အာနိသံသ အကျိုး ကြတော့ တစင် မထောင်နိုင်တော့ဘဲ၊ သူ့မှာ အကျိုး သုံးခု တက်လာတယ်။

ပညာမြင် အနိစ္စညာဏ်က ဥပပဇ္ဇဝေဒနီယကံဖြစ်တဲ့ မုချကျိုးကို ပယ်သတ်တယ်။ ပညာမြင် ဒုက္ခညာဏ်က အပရာပရိယ ဝေဒနီယကံ ဖြစ်တဲ့ သာမန်ကျိုးကို ပယ်တယ်။ အခု ပညာမြင်အနတ္တညာဏ်က အဟောသိကံ ဖြစ်တဲ့ အာနိသံသ အကျိုးကို ပယ်မယ်။ ပညာမြင် ဥဒယဗ္ဗယကြီးက အဲဒါ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း တရား လေးပါး တို့ကို အပြီးတိုင် ပယ်တယ်။ ဒါကို အကြောင်း သုညတလို့ ခေါ်တယ်။

**ပညာမြင်အနတ္တညာဏ်** ဒီတော့ အခု အာနိသံသ အကျိုးဖျား လေးကို အခုပညာမြင်အနတ္တညာဏ်က ပယ်တော့မယ်။ ဒါကသုတ္တန်ကြောင်းခေါ်တယ်။ သုတ္တန္တဘာဇနိယ နည်းလို့ ခေါ်တယ်။ စက်ရဟတ် လေးပါးမှာ ဘယ်ဟာက အကြောင်းရင်းလဲ၊ ဘယ်ဟာကအကြောင်းဖျားလဲ၊ ဒါကို ဝေဘန် ရမယ်။ ဒါကိုသွင်းမှ လုပ်ငန်းစဉ် ဖွင့်လို့ရတယ်။

ဒီတော့ အာနိသံသအကျိုးကို မျက်မှောက် တင်ပြပါ။ ဒီလို ညာဏ်က လိုက်လာရမယ်။ အာနိသံသ အကျိုးကို ပဋိစ္စသမုပ္ပါဒ် ဖွင့်ပြီး တင်ပြပါ။ ဒီလိုနည်းနှင့် ညာဏ်ကုန်ဖွင့်ပြီး နှိုက်တတ်ရမယ်။

ဒါမှ မူချကျိုး၊ သာမာန်ကျိုး၊ အာနိသံသကျိုး တွေကို တွေ့လာမယ်။ သဘာဝကို စစ်ပြဦးမယ်။ 'သုံးဆယ့်တဘုံ' ကြီးမှာ သတ္တဝါ တွေဟာ ခန္ဓာအိမ် ကြီးတွေ ဆောက်နေ ကြတယ်။ အကြောင်းကို မူတည်သော်လဲ အကျိုးတရားတွေပေါ်မှာ ပြေးလွှား နေရတယ်။ သောတာပတ္တိ မဂ်က အဲဒါ အကြောင်းတွေအားလုံး သိမ်းတဲ့အတွက် အပါယ် သွားတဲ့ ရေသောက် မြစ်တွေ အကုန် ပြတ်ကုန်ပြီ။

ဒီတော့ အကြောင်းတွေကို အားလုံး သိမ်းလိုက်ပြီ။ အကုသိုလ် အကြောင်း၊ အကုသိုလ် အကျိုးကို သောတာပန်က အားလုံး ပယ်ချလိုက်ပြီ။ အဲဒါ အပါယ် လေးပါးကို မချနိုင် တော့ပါ။ ကုသိုလ်ကံ အကျိုးသာ ကျန်တော့တယ်။ သတ္တဝါ တွေဟာ "သုံးဆယ့်တဘုံကြီး"မှာ လည်နေတာဟာ အကုသိုလ်ကံရဲ့ အရိပ် ကြီးတွေ လိုက်စွဲကပ်နေကြသေးတယ် မဟုတ်လား။ ဒါကြောင့်မို့ (အထက်ဆိုရင် ဘဝဂ်၊ အောက်ဆိုရင် အဝီစိ) နိမ့်တုံ၊ မြင့်တုံ ဖြစ်နေကြတာပါ။

ဒီတော့ အကြောင်းတရားကို ငြိမ်းသတ်တာထက်၊ အကျိုး တရားကို ငြိမ်းသတ်တာဟာ ခက်တယ်လို့၊ ဝိပဿနာလောကမှာ ပြောနေကြတယ်။ အဲဒီလို အကျိုးတွေကို အခုပယ်လာတယ်။

အခုပညာအမြင် အနတ္တညာဏ်ဟာ၊ အာနိသံသအကျိုးကိုပယ်တယ်။ အခု ပဋိစ္စသမုပ္ပါဒ်ကြီးထဲကိုသွင်းပြပါ၊ အကျိုးရင်း အကျိုးဖျားကို သွင်းပြပါ၊

ကိုင်း.... သာဓု ခေါ်ကြပါတော့။

**" သာဓု....သာဓု....သာဓု.... "**

**သီတင်းကျွတ် လဆန်း (၆)ရက်နေ့ ဟောစဉ်။**

သူညလေးရဲ့ သဘာဝကိုမြင်အောင်လို့ ဒီသဘာဝကို ထုတ်လာတာပါ၊ ဘာ့ကြောင့် သုညခေါ်တယ်ဆိုတာကို မြင်လာအောင် အဲဒါ အကျိုးပဋိစ္စသမုပ္ပါဒ်၊ အကြောင်းပဋိစ္စသမုပ္ပါဒ်ကိုလှည့်တတ်ရမယ်၊ ပဋိစ္စသမုပ္ပါဒ်ဖွင့်တဲ့အခါမှာ ပစ္စုပ္ပန် အကျိုးစက်ကစပြီး ဖွင့်လာတယ်။ သုညနဲ့ သိမ်းခြင်လျှင် အကျိုးပဋိစ္စ သမုပ္ပါဒ်၊ အကြောင်း ပဋိစ္စသမုပ္ပါဒ်ကို ပတ်ပြနိုင်မှ သုညနဲ့ သိမ်းလို့ရတယ်။

ဒီနေရာမှာ သုညလေးလုံးရဲ့ အနတ္တကိုမြင်ဘို့ရာ မလွယ်တော့ပါ၊ အကျိုးသုညတ ဇာတ်သိမ်းတယ်ဆိုတာကလွယ်မယ်။ ဘာ့ကြောင့်လဲ ဒီရနေတဲ့ခန္ဓာကိုယ်ကြီးဟာ "အကျိုးသုညတ" ဖြစ်တဲ့ အကျိုးကောင်ကြီးဘဲမဟုတ်လား။ ဒီခနေရာမှာ နာမက္ခန္ဓာ, ကဋတ္တာရုပ်မှုချကျိုးကြီးဇာတ်သိမ်းသွားတာကို ထုတ်ပြရတော့မယ်။ ဒီနေရာမှာ အကျိုး အကြောင်း ရှိနေသေးရင် ရှေ့ကို တရားတက်လို့ မရတော့ပါ။

အကျိုးအကြောင်း သုဉ်းဆိတ်မှသာလျှင် ရုပ်ရိပ်၊ နာမ်ရိပ်၊ ပြတ်မယ်၊ ဒါမှမပြတ်ရင် သောတာပန် မဖြစ်ဘူးဆိုတာ သေသေချာချာ မှတ်ထားပါ။ ဒီသဘာဝတွေကို မြင်လာရင် နောက်က သဘာဝတွေ အားလုံး လင်းသွားမယ်။

ဒီတော့ ၂၉-ပါးသော ကံတရားတွေက ချည်တုတ်ထားတယ် ဆိုတာဟာ ရုပ်ရိပ်, နာမ်ရိပ်, သညာရိပ်, ဝိညာဏ်ရိပ်, ပညတ်ရိပ်, ပရမတ်ရိပ်,တွေက ချည်တုတ်ထားတာပါ၊ ယခု ဒီချည်ထားတဲ့ ဟာလေးကို ဖြေရတော့မယ်။ အဲဒါကြောင့် ရုပ်ရိပ်,နာမ်ရိပ်လေး တွေကို **အကျိုးသုညတလေး**ဖြစ်သွားအောင်အကျိုးပဋိစ္စသမုပ္ပါဒ်ကို ပတ်ပြစမ်းပါ။

ဒီတော့ မုချအကျိုးဆိုတာ ယခုဘဝမှစ၍ ဒုတိယဘဝတိုင် အောင် အကျိုးပေးတယ်၊ သာမန်အကျိုးဆိုတာ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် အကျိုးပေးတယ်၊ အဟောသိကံဖြစ်တဲ့ အာနိသံသကျိုးဟာ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိအကျိုး တို့ကို တစင် ထောင်ပြီး မပေးနိုင်တော့ပါ၊ "တနည်း" အာနိသံသ အကျိုး ကြတော့ လုံးဝအကျိုးမပေးတော့ပါ။ ဒါပေမဲ့ ဒီပြင် အကျိုးတွေက ပေးလာလျှင် သူကလဲဝင်ပြီးပေးနိုင်သေးတယ်။

**ပညာမြင် အနတ္တနှင့် အာနိသံသ အကျိုး။**

ဒီတော့ ယခုဒီနေရာမှာ ပညာမြင်အနတ္တရဲ့ တရားခံဟာ အာနိသံသအကျိုးကိုလာတွေ့ တယ်။ ပညာမြင် အနိစ္စညာဏ်က မုချ ကျိုးကိုပယ်တယ်။ ပညာမြင် ဒုက္ခညာဏ်ကသာမန်ကျိုးကိုပယ်တယ် ယခု ပညာမြင် အနတ္တညာဏ်ကြတော့ အာနိသံသကျိုးကို ပယ်တယ်။

ဒီတော့ အာနိသံသအကျိုးပြတ်သွားအောင် ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်လိုက်စမ်းဆိုရင်စက်ရဟတ်၄-ခုမှာ ဒီအကျိုး၃-ခုကိုသွင်းစမ်းပါ အဲဒါ အာနိသံသ အကျိုးဟာ ဘယ်စက်ရဟတ်ကနေ ထွက်သလဲ?၊ မုချကျိုးဟာဘယ်စက်ရဟတ်ကနေ ထွက်သလဲ?၊ သာမန်ကျိုးဟာ ဘယ်စက်ရဟတ်ကနေထွက်သလဲ?၊ ဒီလိုမေးရင် ဘယ်လိုဖြေမလဲ?။

ဒီတော့အကျိုးတွေကို စက်ရဟတ်ပတ်ပြရတော့မယ်။ ဒီတော့ ပစ္စုပ္ပန်အကြောင်းကိုဖယ်ထားလိုက်ပါအုန်း၊ ယခုရနေတဲ့ ပစ္စုပ္ပန် ကြီးကို မိအောင် အရင်ဖမ်းရမယ်။

မုချကျိုးဆိုတာ အကျိုးပေးနေတဲ့ ဘဝဘဲမဟုတ်လား၊ မုချကျိုးဆိုတာ နောက်ကျမှ ပေးမှာ မဟုတ်ဘဲ၊ အခုရနေတဲ့ဟာက မုချကျိုးဘဲမဟုတ်လား၊အဲဒီလိုသဘာဝမိအောင်ပညာနဲ့ ရှာရမယ် မုချကျိုးဟာ ယခု ရနေတဲ့ ပစ္စက္ခ ခန္ဓာ ၅-ပါးကောင်ကြီးဘဲ မဟုတ်လား။

ဒီတော့ ပစ္စုပ္ပန်အကြောင်းကို ဖယ်ထားပါအုန်း၊ အခု အကျိုး စက်ရဟတ်ပတ်နေတာကိုဘဲ မြင်အောင်ကြည့်ပါ၊ ဒီတော့ အခု အကျိုးကောင်ကို ပညာအနေနဲ့ မမြင်လို့ သာယာနေကြတာ၊ အကျိုးရုပ်လို့သာ တကယ်မြင်လာရင် အဲဒါ ဘယ်မှာ သာယာ တော့မှာလဲ။

အဲဒါ ဒုက္ခသစ္စာ အကျိုးကောင်ကြီးဘဲ၊ ဒီတော့ ဒီရုပ်ကြီးကို ဒုက္ခသစ္စာ အကျိုးရုပ်လို့ ထင်လာရင်၊ လောကခံ လှိုင်း ကြီး တိုက်သော်လဲ မတုန်လှုပ်တော့ပါ၊ အဲဒါမုချကျိုးဆိုတာ ဒီရနေတဲ့ ခန္ဓာကိုယ်ကြီးဘဲမဟုတ်လား၊ နောက်သာမန်ကျိုး, အာနိသံသကျိုး လာအုန်းမယ်။

သာမန်ကျိုးဆိုတာ အနာဂတ်အကျိုးဆက်၊ အဲဒါ ဖေါက်ပြန် ပျက်စီးတဲ့သဘောဘဲ။ ဒီခန္ဓာကြီးဟာ ဖေါက်ပြန် ပျက်စီးတဲ့ထဲမှာ ဥက္ကောင်းကျတာ၊ သာမန်ကျိုးဘဲ မဟုတ်လား။ အဲဒါ တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် သွားအုန်းမယ်။ ဒီတော့ ယခု ပစ္စုပ္ပန် အကျိုးနဲ့ အကြောင်း ပူးနေ တာကို ခွာထား လိုက်ရင် ကံမျိုးစေ့လေးမပေါက်တော့ပါ။ နောက်အာနိသံသ အကျိုးစက် လေးဟာ အတိတ်အကြောင်းစက် အနေနဲ့၊ ဒီခန္ဓာကိုယ် ကြီးမှာ ရှိနေတယ်။ ဒီလို ပဋိစ္စသမုပ္ပါဒ်ကြီးလှည့်ကြည့်လိုက်ပါ။ နောက်ဆုံး ဘယ်အနေနဲ့ ဇာတ်သိမ်းမလဲဆိုရင် ပညာမြင် အနိစ္စညာဏ်ကြီးက မုချကျိုးဖြစ်တဲ့ (ယခု ဘဝမှစ၍ ဒုတိယဘဝတိုင်အောင် အကျိုး ပေးမဲ့)ကံကို ဇာတ်သိမ်းလိုက်ပြီ။

ပညာမြင်ဒုက္ခညာဏ်ကြတော့(တတိယဘဝမှစပြီး နိဗ္ဗာန်ရသည့် တိုင်အောင် သွားမဲ့) ကံရဲ့ မျိုးကလေးကို ဖြုတ်ချ ပြစ်လိုက်ပြီ။ အခုပညာမြင် အနတ္တညာဏ် ကြတော့ အာနိသံသ အကျိုးဖျား လေးတွေ ပယ်လိုက်ပြီ။

အဲဒီတော့ အကျိုး ၃-ပါးချုပ်သွားပြီ။ဒီတော့မှမုဋ္ဌိတုကမျှတာ ညာဏ်, ပဋိသင်္ခါညာဏ်, သင်္ခါရုပေက္ခာညာဏ်,ကို ပြလာပြီ။ အကြောင်းကြီးကိုပယ်လိုက်လို့ ပဋိစ္စသမုပ္ပါဒ်, အကျိုးပတ်တော့ မယ် ဆိုတာ ဒီပစ္စုပ္ပန်အကြောင်းကြီးသာရှိနေရင် နောက်ဘဝမှာ ဝါ, ဒုတိယဘဝမှာကို မုချကျိုးကြီးထွက်အုန်းမှာဘဲ မဟုတ်လား။ ဒီဟာကိုဖြတ်လိုက်တော့ ၂၉-ပါးသောကံတွေနဲ့ (ဝါ) ၂၉-ပါး သော ကြိုးတွေနဲ့ လိုက်မချိနိုင်အောင် ဖြစ်ခြင်းကြောင့် ဒုတိယ ဘဝမှာ ပေးမဲ့ဟာမှာ မုချကျိုးမပါတော့ပါ၊ အဲဒါ ဝိပဿနာ ညာဏ်နဲ့သွားတော့မယ်။

၂၉ ပါးသောကံက ကြိုးမချိနိုင်တော့ပါ၊ဒီတော့ (မုချကျိုး) အကျိုးမပေးတော့ပါ၊ ဥဒယဗ္ဗယညာဏ်ကြီးက ပစ္စုပ္ပန်အကြောင်း စက်မှာရှိတဲ့ သညာရဲ့အရိပ်တွေမှန်ရင် အဲဒါ ပယ်လာပြီ။

ဒီတော့ အကြောင်းသုညတကိုပါ ပယ်ခြင်းကြောင့် အခု ဒီနေရာမှာ အကြောင်းကြီး ဖယ်လိုက်ဆိုပြီး ပြောနိုင်လာပြီ၊ ဒါ့ကြောင့် သူ့မှာ "ကံ" မဆဲ့တော့ဘူး၊ ဥဒယဗ္ဗယညာဏ်ကြီး ပိုင်တာနဲ့ အကြောင်းကြီးကိုပယ်လိုက်ပြီ၊ ဒီခန္ဓာကြီးကိုပညာမြင် အနိစ္စညာဏ်နဲ့ သတ်ထားရင် ဒုတိယဘဝကို မသွားနိုင်တော့ပါ။

ဒီတော့ တတိယ ဘဝကနေပြီး၊ နိဗ္ဗာန်ရသည့်တိုင်အောင် သွားမဲ့ကံတွေက အခုခန္ဓာကြီးမှာရှိနေတယ်။ ဒါကို ပညာမြင် ဒုက္ခညာဏ်ကြီးနဲ့ ငြိမ်းလိုက်ပြီ။ အခုပညာမြင် အနတ္တကြတော့ ကျန်တဲ့ အကျိုးဖျားတွေကို သိမ်းနေပြီမဟုတ်လား။

နောက်ဘဝကို သွားသော်လဲ သောတာပတ္တိမဂ်က နေပြီး သွားတော့မယ်။ အဲဒါ အကျိုးသုညတထွက်လာပြီ။ ဒါဟာ ခန္ဓာ လေးတွေ အရောင်တောက်လာပြီ၊ ခန္ဓာလေးတွေဖွဲ့ပြီ။ မဂ်ကို ဝင်ရတော့မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

"သာဓု....သာဓု....သာဓု"

## သီတင်းကျွတ်လဆန်း (၇)ရက်နေ့ ဟောစဉ်

**ဘယ်ညာဏ်က ဘယ်အကျိုးကို မြင်သလဲ**

မနေ့က ပြလိုက်တဲ့ ပစ္စုပ္ပန်မှုချကျိုး၊ အနာဂတ်၊ သာမာန် ကျိုး၊ အတိတ်အကြောင်းစက်, အာနိသံသကျိုး၊ ဒီလိုပဋိစ္စသမုပ္ပါဒ် ပတ်လိုက်တော့ ပညာလေးတွေ ထွက်လာတယ်။ ဒီနေ့ အကျိုးသုံးပါးနဲ့ အခုပြခဲ့တဲ့ မုဋ္ဌိတုကမျတာညာဏ်၊ ပဋိသင်္ခါညာဏ်၊ သင်္ခါရုပေက္ခာညာဏ် ထဲကို သွင်းပြ စမ်းပါ။ (မုဋ္ဌိတုကမျတာ) လွတ်မြောက်ခြင်းငှါ အလိုရှိတဲ့ ညာဏ်။ (ပဋိသင်္ခါညာဏ်) တဖန် ထပ်ပြီး ဆင်ခြင်တဲ့ ညာဏ်။ အလုံးစုံသောတရားတွေကို လျစ်လျူပြုလိုက်တဲ့ညာဏ်ကို (သင်္ခါရုပေက္ခာညာဏ်) လို့ ခေါ်တယ်။ အဲဒါ ဘယ်ညာဏ်က/ ဘယ်အကျိုးကို မြင်သလဲ။

ဒီတော့ ဘင်ညာဏ်က ခုံရုံးတရုံး၊ ဘယညာဏ်, အာဒိနဝ ညာဏ်, နိဗ္ဗိန္ဒညာဏ်, ဆိုတဲ့ ညာဏ်သုံးညာဏ်က ခုံရုံးတရုံး ဖွဲ့ခဲ့ပြီ။ အခု မုဋ္ဌိတုကမျတာညာဏ်၊ ပဋိသင်္ခါညာဏ်၊ သင်္ခါရုပေက္ခာညာဏ် ဆိုတဲ့ ညာဏ်သုံးညာဏ်ကို ခုံရုံးတရုံး ထပ်ပြီး ဖွင့်လာတယ်။ ဒါကို ပညာမြင် အနိစ္စညာဏ်၊ ပညာမြင် ဒုက္ခညာဏ်၊ ပညာမြင် အနတ္တညာဏ် ဆိုပြီး ပြလာတယ်။ တရားကို တကယ် လိုခြင် လာတာ၊ တကယ် ရခြင်တာဟာ ဘာကြောင့်လဲ?။ ဒါကို ကိုယ့်ကိုယ်ကို စစ်ကြည့်စမ်းပါ။ သဘောကလေးကို လိုက်ပြီး မှတ်ရမယ်။

ဒီတော့ အကျိုးပဋိစ္စသမုပ္ပါဒ်ကို ပတ်တဲ့အခါမှာ အကြောင်းကို ဖယ်ထားတယ် ဆိုတာ, ပညာမြင် ဉဒယဗ္ဗယ ညာဏ်တုန်းက အကြောင်းကို သိမ်းလိုက်တော့၊ ဘယ်လို အကြောင်း ပါသွားသလဲ ဆိုရင်၊ အကြောင်းရင်းကြီး ပါသွားတယ်။ အကြောင်းဖျားလေးတွေ ကျန်သေးတယ်။အဲဒါအကျိုးထဲမှာ အကြောင်းလေးတွေ ကျန်နေ သေးတယ်။ တစင် ထောင်နေတဲ့ အကြောင်း ကိုသာ သိမ်းနိုင်တယ်။ အဲဒါကို အခြေခံထားပြီး မှုချကျိုး ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်နေပြီ။ အခု အကျိုး ပဋိစ္စသမုပ္ပါဒ်ကို ဖယ်တယ်ဆိုတာနဲ့

အကြောင်းကို အထူး မပယ်ရ တော့ပါ။ ဒီတော့ အကျိုးကို သိမ်းလိုက်တာနဲ့ အကြောင်းဟာလဲ ပါသွားတယ်လို့ မြင်အောင် ရှုပါ။

**သံဝေဂဉာဏ် ၈-ပါး။** ဥဒယဗ္ဗယကစပြီးသင်္ခါရုပေက္ခာဉာဏ် အထိ (၈-ပါး)ဟာ သံဝေဂ ဉာဏ် ၈-ပါးကို ရည်ပြီးတော့ ပိဋကတ်က များစွာ ဖွင့်လာ ကြတယ်။ (သံ) ဆိုတာက ပြင်းစွာ။ (ဝေဂ) ဆိုတာ ထိတ်လန့်တာ။ ဒီတော့ 'ပြင်းစွာထိတ်လန့်တာ ၈-ပါး'ထဲမှာ ဘယ်လို ထိတ်လန့် နေရ သလဲ ဆိုတာကို ဒီ ၈-ပါးမှာ သွင်းရင် တွေ့လာတော့မယ်။

ဒီတော့ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီးက အကြောင်းကြီးကို သိမ်းပြီးတဲ့ ပုဂ္ဂိုလ်ဟာ အကုသိုလ်နဲ့ အကုသိုလ်ကံရဲ့ အကျိုးကို ကြောက်လာတာ အမှန်ဘဲ။ အဲဒါကြောင့် သူ့မှာ ဘယ်သဘာဝ လေးတွေ ပါသလဲ ဆိုရင် ဘုရား၊ တရား၊ သံဃာ အစစ် အမှန် ကိုသာ ကိုးကွယ်တော့တယ်။ အဲဒါ ကိုးကွယ်ရာ မြဲလာပြီ။

ဒါကြောင့် "တိဏ္ဏံ သံယောဇနာနံ"လို့ ဆိုတဲ့အတိုင်း သူ့မှာ လူဖြစ်မှာ မကြောက်သေးပါ။ နတ်ဗြဟ္မာဖြစ်မှာ မကြောက်သေး ပါ။ အဲဒါကြောင့် "ဥပါဒါန သက္ကာယ" အစရှိသဖြင့် အဲဒီလို ရှေးဆရာကြီးတွေက စာဆိုနဲ့ ပြလာတယ်။ ထိုပုဂ္ဂိုလ်မှာ အပါယ် လေးပါးကို ကြောက်တာနဲ့, ၃၁-ဘုံကြီးကို ကြောက်တယ်လို့ သွားမယူနဲ့ဦး။ နောက်တခါ ပညာမြင် အနိစ္စ ဉာဏ်ကြီးနဲ့ ကုန်,ပျက်,ကင်း,ချုပ်,ဆိုပြီးချေလိုက်တဲ့အခါမှာ သံဝေဂဉာဏ်ဟာ ဘယ်မှာ ကျသလဲ ဆိုရင်၊ ဒီမှာ အဖျားခတ်နေပြီ။

အဲဒါ မနေ့က အကျိုး ပဋိစ္စသမုပ္ပါဒ် ပတ်လိုက်တယ်ဆိုရင်ဘဲ အဲဒါ ဒီမှာလာပြီး အဖျား ခတ်ပြီ။ သင်္ခါ ရုပေက္ခာ ဉာဏ်ဟာ ဗလဝဉာဏ် ဖြစ်အောင် ယူရတော့မယ်။ ရှေ့ကို အနုလောမ ဉာဏ်ကို မတက်နိုင်သေးရင်လဲ, အဲဒါသင်္ခါရုပေက္ခာဉာဏ်ကြီးမှာ

ရပ်တည် မနေနိုင်ဘူး။ အဲဒါပင္ဂိုသခ်ါညာဏ်ကို ပြန်ဆင်းရတယ်။ သခ်ါရုပေက္ခာညာဏ်ကြီးက နေပြီး ရှေ့ကို တရှိန်ထဲ မတက်နိုင်သေးရင် ပညာမြင် အနိစ္စညာဏ်ထဲ ချရမယ်။

ဒီတော့ ကိုယ်တိုင် တွေ့တာနဲ့ သူများ ပြောတာနဲ့ ဟာ ကိုယ်တွေ့က ထင်ရှားတယ်။ ယခု ပညာမြင် အနိစ္စ ညာဏ်ကြတော့ သံဝေဂညာဏ်ကို ထုတ်စမ်းပါဦး။ ဘယ်လို ထုတ်မလဲ။ ဒီတော့မှ ကျမ်းကြေလာမယ်။ ဒီတော့မှဓမ္မစကြာတရားတော်ကြီးရဲ့ အနက် အဓိပ္ပါယ်ကို ရှင်းနိုင် လာမယ်။ ပညာမြင် အနိစ္စညာဏ် ကြီးက သိမ်းလိုက်တဲ့အခါမှာ ဘယ်လို သိမ်းသလဲ။ ခယဓမ္မ၊ ဝယဓမ္မ၊ ဝိရာဂဓမ္မ၊ နိရောဓ ဓမ္မ၊ ဆိုပြီး သိမ်းလိုက်ပြီ။

ဒီတော့ အတိတ်အကြောင်းစက်၊ပစ္စုပ္ပန်အကျိုးစက်၊အနာဂတ် အကျိုးစက်ကို သိမ်းလိုက်တော့ အဲဒါ ပစ္စုပ္ပန် အကြောင်းကို ထည့်လာတယ် ပစ္စုပ္ပန်အကျိုးရှိတယ်ဆိုပြီး ထည့်လာတာ အဲဒါ "ဖြစ်"ဆိုတာ မရှိတော့ဘဲ၊ "ပျက်"သာရှိတော့တယ်။ပျက်ဆိုတာ အကျိုးကြီးဘဲမဟုတ်လား။

ပညာမြင် ဥဒယဗ္ဗယညာဏ်နဲ့ သိမ်းလိုက်တာနဲ့ ဖြစ်ဟာ မရှိတော့ပါ။ "ပျက်" သာလျှင်ကျန်တော့တယ်၊ ဒါကို ဝိသုဒ္ဓိမဂ်ကြီးက ရှုတတ်တဲ့သဘော မရှိတော့ပါ၊ အရှုခံရတဲ့ သဘောလေးသာ ကျန်တော့တယ်လို့ပြလာတယ်။

**အကျိုးကို မြင်အောင်ရှုပါ။** အဲဒါ အကျိုးလေးကို မြင်အောင် ရှုရတယ်။ အခုပညာမြင်၊ အနိစ္စညာဏ်ကြတော့မှ အကျိုးမျိုးကြီးမှာပါလာတဲ့ အကြောင်းတွေကို စုပြီးပုံလိုက်တယ်။ အတိတ်အကြောင်းစက်၊ ပစ္စုပ္ပန်အကျိုးစက်၊ ပစ္စုပ္ပန်အကြောင်းစက်၊ အနာဂတ်အကျိုးစက်၊ ပစ္စုပ္ပန်အကျိုးစက် မှာလဲ မျိုးရှိသေးတယ်။ အဲဒါကြောင့် သူ့ကိုတချက် ထားရတယ်။

အတိတ်အကြောင်း အဝိဇ္ဇာ၊ ပစ္စုပ္ပန် အကျိုးတရား၊ ပစ္စုပ္ပန် အကြောင်းမှာ ကံ၊ ဒီသုံးပါးပေါင်းတာကို အနာဂတ်အကျိုးစက်၊ အဲဒါကိုကုန်၊ပျက်၊ကင်း၊ချုပ်ဆိုပြီးဖြတ်လိုက်ရော၊ (အကြောင်းမျိုးဟူက မြူမျှမရှိ) ဆိုပြီးဖွင့်လာပြီ။ သို့သော် ယခု ပစ္စုပ္ပန်ကြီးထဲမှာ လိုက်ရှာရင်၊ မဂ်ဖြင့် မပယ်ရသေးသမျှကာလပတ်လုံး ကံမျိုးစေ့လေးဟာရှိသေးတယ်၊ ပညာမြင်အနိစ္စညာဏ်သည် ကံ့အကြောင်းကို မသတ်နိုင်သေးပါ။

ဒီတော့ ပညာမြင် အနိစ္စညာဏ်ကြီးနဲ့ သိမ်းလိုက်တော့ သံဝေဂ ညာဏ်လေးဟာ ဘယ်ဟာလဲဆိုရင် အကျိုးကြီးကို သွားကောက်လိုက်ပါ။ အဲဒါ ဒီအကျိုးကြီးကို ဒုက္ခလို့ မြင်လာပြီ။ အဲဒီကနေ သံဝေဂညာဏ်ကြီး ထွက်လာပြီ။

ဒီတော့ အခုကိုယ့်ကိုယ်ကိုလဲ တွက်ကြည့်ပါ။ အဲဒီဟာလေးကို တင်လိုက်ရင် မုဉ္စိတုကမျတာ ညာဏ်ဟာ ဒီမှာ ပေါ်လာတယ်။ ဒီဒုက္ခအပေါင်း တို့က ကျွတ်လွတ် လိုတဲ့ ဆန္ဒ ပြင်းထန် လာပြီ။ အဲဒါ သုံးဆယ့်တဘုံကြီးက လွတ်လိုလာပြီ။ အဲဒါ ပျော်ပါးစရာ သာယာစရာ, ဘယ်မှာ လာတွေ့တော့မလဲ။

ကိုင်း, တခါတက်လိုက်ဦး။ ဒီတော့ ဒီအဆင့်က သင်္ခါရုပေက္ခာ ညာဏ်ကြီးမှာ ဗလဝ ဝိပဿနာ ဖြစ်ပြီး၊ မဂ်ထိအောင် တက်နိုင်တယ်၊ အဲဒါကို အနိမိတ္တမဂ်လို့ ခေါ်တယ်။ အဲဒါ အကြောင်းတွေ ကင်းပြီး နိဗ္ဗာနဓာတ်ကြီး ဝင်လာတဲ့ အတွက် အနိမိတ္တ မဂ်လို့ ခေါ်တယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

“....သာဓု....သာဓု....သာဓု....”

## သီတင်းကျွတ်လဆန်း (၉)ရက်နေ့ ဟောစဉ်

မုဥ္စိတုကမျတာဉာဏ် ဆိုတာ ဘယ်လို "အရိပ်လေး"က လွတ်ခြင်တဲ့ ဉာဏ်လဲ။ ဒါကို တချက်ထဲ ပြောလိုက်ရင် ပြီးတာဘဲ။ ဒါပေမဲ့ ဒီနေရာမှာ အကျယ်ခွဲ ပြောမယ်။ မုချကျိုးဆိုတာ ယခု ပစ္စုပ္ပန်အကျိုးကြီးဘဲ။ ပြီးခဲ့တဲ့ ကဏ္ဍက မုချကျိုး, သာမာန်ကျိုး အာနိသံသကျိုး, ဆိုပြီးတော့ အကျိုးတရားပဋ္ဌိစ္စသမုပ္ပါဒ်စက်ရဟတ် ကြီးကို ပတ်ပြီး ပြလာ ခဲ့ပြီ။ ဒီနေရာမှာ အနုသယ လေးဟာ လာတော့မယ်။ ရှေ့ကို ဒီအနုသယလေးနဲ့ တက်ရတော့မယ်။

ပညာမြင် အနိစ္စဉာဏ်၊ ပညာမြင် ဒုက္ခဉာဏ်၊ ပညာမြင် အနတ္တဉာဏ်တွေကို ဝေဘန်လာမှ အနုသယလေးကို လာတွေ့မယ်။ ဒါမှ ရှေ့ကိုတက်လို့ရမယ်။ ယခု ဒီနေရာမှာပုန်းနေတဲ့ တရားခံကို ရှာရတော့မယ်။ သညာ ဝိညာဉ်နဲ့ မဆွဲနိုင်တဲ့ "တရားခံ"ကို ရှာရ တော့မယ်။

အနုသယဆိုတာ "အခိုးအငွေ့"လို့ ခေါ်တယ်။ (တနည်း) အနုသယလေးကို 'အာသယ'လို့လဲ ခေါ်တယ်။ ယခု ရှေ့ကို တက်ရမှာက အနုသယလေးကို တက်ရှာရ တော့မယ်။ နက်ဖြန် ကျရင် အနုသယကို ထုတ်ရ တော့မယ်။ သူများက ပုံစံနဲ့ တကွ ထုတ်ပြီးပြမှ သိရတာဟာ ဘယ်မှာ ဟုတ်မှာလဲ။ ကိုယ်က ကိုယ်ပိုင် ဉာဏ်နဲ့ပင် သိလာရမယ်။ ဒါမှ ဝိပဿနာ လှိုင်းတွေ ထလာမယ် မဟုတ်လား။

**မုချကျိုး, သဘာဝဒုက္ခ မုဥ္စိတုကမျတာဉာဏ်ကရှုပုံ**

ယခု ရနေတဲ့ ခန္ဓာကိုယ် ကြီးကို ကြည့်ပါ။ သဘာဝဒုက္ခလို့ မြင်ပြီး၊ ဇာတ် သိမ်း လိုက် တာ ကို မုဥ္စိတု ကမျတာဉာဏ်လို့ ခေါ်တယ်။ ဒါဟာ ဒီသဘာဝ လေးချက်ကို ဖမ်းချုပ်တာဘဲ မဟုတ်လား?။ ဒါကို ဒုက္ခလို့ မြင်ပြီး ဒီဒုက္ခ အပေါင်းတို့ကနေ ကျွတ်လွတ်လိုတဲ့ ဆန္ဒ ပြင်းထန်ပြီး လွတ်လိုတဲ့ ဉာဏ်ကို မုဥ္စိတုကမျတာဉာဏ်လို့ ခေါ်တယ်။

"ပဋိသမ္ဘိဒါဉာဏ်" ဆိုတာ သမ္ဘိဒါတရားတွေကို တဖန် ထပ်ပြီး ဆင်ခြင်သုံးသပ်တာကို ပဋိသမ္ဘိဒါဉာဏ်လို့ ခေါ်တယ်။ (တနည်း) ဒုက္ခဉာဏ်တွေကို တဖန်ထပ်ပြီး ဆင်ခြင်တဲ့ ဉာဏ်ပါ။ "သမ္ဘိဒါ ရုပေက္ခာ"ဉာဏ် ဆိုတာဟာ အလုံးစုံသော သမ္ဘိဒါ တရားတွေကို လျစ်လျူ ရှုထားတဲ့ဉာဏ်ပါ။ အဲဒီ သဘာဝတွေနဲ့ ကိုယ့်ကိုကိုယ် ပြန်စစ်ရမယ်။

အဲဒီတော့ အကျိုး ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်လိုက်တဲ့ အခါမှာ မုချကျိုး၊သာမာန်ကျိုး၊ အာနိသင်သကျိုး့ဆိုပြီး၃ပါးထွက်လာပြီ။ အဲဒီ ၃ချက်ကို ဝေဖန်ပြလိုက်ပြီ။ ဒီကနေ့ မုချကျိုးကြီးက တကယ် လွတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ "မုဥ္စိတုကမျတာဉာဏ်"ကို ပိုင်အောင် လုပ်ရတော့မယ်။ ဒီအတိုင်းဘဲ ချိန်ရတော့မယ်။

ဒီတော့ ကာမဓါတ်ကြီး လေးပါး ဆိုတာတွေဟာ ကိုယ့်မှာ ဘယ်လောက် ခေါင်းပါးလာသလဲဆိုတာကို ဝိပဿနာ ဉာဏ်ကြီး တွေနဲ့ ကြည့်နိုင်လာရင်, တရားရဲ့ အရသာကို လာတွေ့တော့မယ်။ အဲဒီထဲမှာကို သီလ၊ သမာဓိ စတဲ့ ကုသိုလ်တရား တွေဟာ ပါလာ တော့မယ်။ အဲဒါကြောင့် (အခွန်ကိုခွါ၊အကာကိုရှား၊ အသားကို ချေ၊ အနှစ်ကို တွေ့နိုင်မှ)လို့ ဆိုတဲ့အတိုင်း လုပ်လာနိုင်ရင် မုဥ္စိတု ကမျတာ ဉာဏ်ကို ရောက်လာပြီ။

ဒီတော့ ပညာမြင်အနိစ္စဉာဏ်ကြီးနဲ့ "ကုန်,ပျက်,ကင်း,ချုပ်' ဆိုပြီး နှုတ်လိုက်တဲ့အခါမှာ၊ ပစ္စုပ္ပန်အကျိုးမှာ လာဝင်နေတဲ့ သဘာဝလေးကို မုဥ္စိတုကမျတာဉာဏ်လို့ခေါ်တယ်၊ရှေ့ကိုတခါ တက်ရင် ပဋိသမ္ဘိဒါဉာဏ်နဲ့ သမ္ဘိဒါရုပေက္ခာဉာဏ် ဆိုတာဟာ၊ ပညာမြင် အနိစ္စဉာဏ်ကြီးက တခါထဲထိုးတက်လာတာ ယခု ပညာမြင် အနတ္တဉာဏ်ကြီးကိုရောက်လာပြီ။

ဒီတော့ ထိုယောဂီရဲ့ ဝိပဿနာဟာ၊ဗလဝမဖြစ်ဘဲနဲ့ပြန်ကျရင်' ပညာမြင်အနိစ္စဉာဏ်ကို ပြန်ကျတယ်။ ပဋိသမ္ဘိဒါဉာဏ် ဆိုတာ သမ္ဘိဒါတရားတွေကို တဖန်ထပ်ပြီး ဆင်ခြင်သုံးသပ်တဲ့ဉာဏ်ပါ၊ ဘာကိုဆင်ခြင်သလဲဆိုရင် ပညာမြင် အနိစ္စဉာဏ်ကို ပြန်ဆင်ခြင် ရမယ်။

ဒီတော့ ခုနကပြောလိုက်တဲ့ ကာမ ဓာတ်ကြီး ၄-ပါးကို ဒုက္ခလို့မြင်လာရင်, လွှတ်လိုရင်, အဲဒါ ပစ္စုပ္ပန်ရဲ့ အနှောင်အဖွဲ့ကို မြင်အောင်ကြည့်ရမယ်၊ ကာမဓာတ်ကြီး ၄-ပါးဟာ၊ ဘာ့ကြောင့် ပတ်နေသလဲဆင်ခြင်ရမယ်။ အာနိသံသကျိုးနဲ့ သာမန်ကျိုးဟာ ဒီပစ္စုပ္ပန်အရိပ်ထဲမှာလာပြီးဆက်နေတာကို ကြည့်ရမယ်။

**သာမန်ကျိုးကို ပဋိသင်္ခါဉာဏ်ရှုပုံ။**

တတိယဘာဝကနေ နိဗ္ဗာန်ရအောင်ပေးမဲ့ သာမန်ကျိုး, အနာဂတ် သဘာဝနဲ့၊ အာနိသံသကျိုးဆိုတဲ့ အတိတ်ကပါလာတဲ့ အကျိုးဟာ ဒီပစ္စုပ္ပန်အရိပ်ထဲမှာလာပြီးဆက်နေတာကို မြင်အောင် ကြည့်တာကို ပဋိသင်္ခါဉာဏ်လို့ခေါ်တယ်။ အဲဒီလိုပြန်ရှာလိုက်တဲ့ အခါကြတော့ ပဋိသင်္ခါဉာဏ်က သာမန်ကျိုးလေးကို သွားမြင် တယ်။ ဒါကိုသဲသဲမဲမဲ ရှုချလိုက်တယ်။ အဲဒီလို ရှုချလိုက်တာကို ပဋိသင်္ခါဉာဏ်လို့ခေါ်တယ်။

**အာနိသံသကျိုး, ဒုက္ခသဘော သင်္ခါရုပက္ခာဉာဏ်ကရှုပုံ။**

ရှေ့ကို တခါသွား၊ အတိတ် အကြောင်းစက်ဖြစ်တဲ့ အာနိသံသ ကျိုးလေးတွေရဲ့ ဒုက္ခကို ဆင်ခြင် တာကြတော့၊ သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်တယ်။ ဒီတော့ အကျိုး ၄-ပါးဟာ ပြတ်သွားပြီ။

အတိတ်အကြောင်းအာနိသံသကျိုးဟာ ယခုပစ္စုပ္ပန်အကျိုးမှာ ဘယ်လိုလာပေါ်နေသလဲဆိုရင် ယခု ဓိခန္ဓာကိုယ်ကြီး ရထားတော့ ရင်၊ အဲဒါ ဒီရုပ်ကြီးဟာ ကံ,စိတ်,ဥတု,အာဟာရ,ကြောင့် ဖြစ်တဲ့ ရုပ်ကြီးဖြစ်ခြင်းကြောင့် နာမှု,ဖျားမှု, ကြင်နာကိုက်ခဲမှု, အစရှိတဲ့ ဝေဒနာတွေမရှိဘူးလား၊ အဲဒီဝေဒနာတွေကို အာနိသံသအကျိုး ဆက်ရဲ့ ဒုက္ခအနေနဲ့ မြင်အောင်ရှုပါ။

အဲဒါ ဟိုဘဝ၊ ဒီဘဝကို လိုက်မှာမဟုတ်ဘူး၊ ဒီပစ္စုပ္ပန် ခန္ဓာ ကိုယ်ကြီးမှာကို ကပ်ပြီးရှုမှရတယ်၊ အဲဒါကို အာနိသံသ အကျိုး ဆက်မှာချပါ၊ ဒါတွေကိုဒုက္ခလို့မြင်လာရမယ်။ဒီလိုမြင်လာတာကို

သတိပဋ္ဌာန် တရားတော်ကြီးမှာ မိမိကိုယ်၌ ဖြစ်ပေါ်လာသော ဝေဒနာကို ရှုဆင်ခြင်လိုက်တာနဲ့ ရဟန္တာအထိဖြစ်ရသောသာဓက ကလေးတခုကို ဟောပြပါအုန်းမယ်။

**ဝေဒနာကိုရှု၍ အရဟတ္တဖိုလ်-ရောက်ပုံ**

တောကျောင်း တကျောင်းမှာ ရဟန်း သုံးကျိပ်တို့ဟာ၊ ဝိပဿနာ အလုပ်ကို ပွားများအားထုတ်နေကြတယ်။ညတည မှာ ကျားတကောင်လာပြီး ရဟန်းတပါးကို ကိုက်ချီသွားတယ်။ အဲဒီအကြောင်းကို အတူနေတဲ့ ရဟန်းတွေ သိကြတဲ့အတွက် ကျားနောက်ကိုလိုက်သွားကြတယ်။ ကျားဟာ ကမ်းပါးပြတ် တဘက်သို့ကူးပြီး ချီပြေးလေတယ်။

ဒီအခါကျတော့ ရဟန်းတော်တွေဟာ မလိုက်နိုင်ကြတော့ဘဲ "အရှင်မြတ်၊ ငါတို့တော့မတတ်နိုင်တော့ပါ၊ ရဟန်း၏ဂုဏ်ကျေးဇူး အထူးမည်သည် ဤသို့သောအခါ ထင်ရှားရာ၏"ဟု သတိပေး ကြတယ်။

ကျားချီခံရတဲ့ ရဟန်းကလဲ ကျားရဲ့ခံတွင်းထဲမှနေပြီး **ဝေဒနာ** ကို ဝိပဿနာတရားဖြင့်ဆင်ခြင်တယ်၊ဘယ်လိုဆင်ခြင်သလဲလို့ဆိုရင် (ဤဒုက္ခဝေဒနာသည် ဖဿကြောင့် ဖြစ်ပေတယ်။ အကြောင်း အားလျော်စွာ ဥပါဒ်ဋ္ဌီဘင်အားဖြင့်ဖြစ်လာသော ဒုက္ခဝေဒနာဟာ အနိစ္စ၊ ဒုက္ခ၊အနတ္တသာဖြစ်တယ်၊ နာတတ်သော ငါ့၊ သူတပါး၊ မရှိ၊ ပုဂ္ဂိုလ်သတ္တဝါသည်, ဝေဒနာမဟုတ်၊နာခြင်းဝေဒနာသာရှိတယ်) လို့ ဝိပဿနာ ဘာဝနာမယ ညာဏ်ဖြင့် ကိုယ်တွင်း ကိုယ်ပ တလောကလုံးကို တဏှာမကပ်နိုင်အောင်ရှုသတဲ့။

ခြေဖဝါးကို ကျားစားစဉ်,သောတာပန်ဖြစ်တယ်၊ ဒူးဆစ်ရောက် တော့,သကဒါဂါမိဖြစ်တယ်၊ ချက်ကိုရောက်တော့၊ အနာဂါမ် တည်ပြီး, အသက်မသေခင်,ရဟန္တာအဖြစ်သို့ ရောက်သွားတယ်။ အဲဒါမဂ် ၄-ဆင့်ထိ ဘယ်သဘာဝကို ရှုတာလဲ၊စဉ်းစားပါ၊ မဂ်ကို မရမခြင်း ဒီသဘာဝတွေကို ရှုဆင်ခြင်လာမှ သဘာဝ ညာဏ်ကြီး တွေ ပွားစီးလာမယ်။

ဒီတော့ အာနိသံသအကျိုးဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တောင် ရှောင်လို့မရပါ၊ အဲဒီ အာနိသံသကျိုးကို သခ်ါရုပေက္ခာ ညာဏ်ကြီးကဖြတ်တယ်၊ သာမန်ကျိုးဆိုတာ လောကဓံတရားလို့ ခေါ်တယ်၊ အဲဒါ လောကဓံတရားကြီးတွေက လာပြီး တိုက်အုန်းမယ်။

အဲဒီသာမန်ကျိုးကို ကံထဲကို ထည့်ရင် "ဥပပီဠကအကျိုးကံ" လို့ ထည့်နိုင်တယ်။ ဒီဟာကို ဒုက္ခညာဏ်ကတက်လာတဲ့ ပဋ္ဌိသခ်ါ ညာဏ်ကြီးကပယ်တယ်။ ကိုင်း....ဒီတော့ ဒီအကျိုး သုံးချက်ကို မြင်လာတာနဲ့ မုဉ္စိတုကမျတာညာဏ်, ပဋ္ဌိသခ်ါညာဏ်၊ သခ်ါ ရုပေက္ခာညာဏ်ကြီးတွေ ထွက်လာပြီ၊ ရုပ်ရိပ်၊ နာမ်ရိပ်တွေ အကုန်လုံးပြတ်ကုန်ပြီ၊ ခန္ဓာလေး ၄-ကောင်မှာ အခိုးအငွေ့ဖြစ်တဲ့ အနုသယလေးဘဲ ကျန်တော့တယ်။

ဒီတော့ ကာမဓာတ်ကြီး ၄-ပါးကို ဒုက္ခလို့ကို မြင်နေပြီဆိုပြီး ညာဏ် ၃-ညာဏ်က လက်မှတ်ထိုးလာပြီ။ အဲဒါ ဝေဒနာငံလေးဟာ သူ့အရိပ်အရောင်ပြတ်ပြီး 'သုညတ'ဖြစ်သွားပြီ၊ အဲဒါ အခိုးအငွေ့ ဖြစ်တဲ့ အနုသယလေးကျန်နေတယ်။

သညာ,သခ်ါရ,ဝိညာဏ်,တွေဟာလဲ အနုသယ (ဝါ) အခိုး အငွေ့လေးသာကျန်တော့တယ်၊အဲဒါသုညလေး၄-လုံးထွက်လာပြီ ဒါဖြင့်ရင် 'မဂ်' လို့ ဘာ့ကြောင့် မခေါ်သေးသလဲလို့ဆိုရင် အနုသယလေး ရှိနေသေးတယ်၊ ဒါ့ကြောင့် အနုသယကို ဘယ်လို ရှာမလဲ?၊ ဒီအနုသယကို ထုပ်ပြီးတော့ မဂ်ကို တင်ရတော့မယ်။

ကိုင်း သာဓုခေါ်ကြပါတော့။

" **သာဓု....သာဓု....သာဓု....** "

# ပုံစံနံပါတ် (၁၈)



# ပုံစံနံပါတ် (၁၈)

## သိတင်းကျွတ် လဆန်း (၁၀)ရက်နေ့ ဟောစဉ်။

သုညတဆိုတာ အကြောင်း သုညတ၊ အကျိုး သုညတ ဒီလို ၂-မျိုး ရှိတယ်။

**အကြောင်းသုညတ။** ဝိပဿနာ တရားကို ဉာဏ်ကျက်စားပြီး ပွားများလာတဲ့ အကြင် ယောဂီ ပုဂ္ဂိုလ်တယောက်ဟာ (ဖြစ်ခြင်း, ပျက်ခြင်း) မျှသာ ရှိတဲ့ သဘာဝကို ဉာဏ်ရောက်လာတော့ ဒီနေရာမှာ ပညာမြင် ဥဒယဗ္ဗယ ကဏ္ဍလဲ ရောက်ရော........

ဖြစ်ခြင်းဆိုတဲ့ သဘာဝဟာ သုဉ်းဆိတ်ပြီး၊ အကြောင်းတရား ဖြစ်တဲ့ မျိုးစေ့ကလေးကတဖန် ပြန်ပြီး ထပ်ဖြစ်မဲ့ သဘောကလေးဟာ အသစ်တဖန် မဖြစ်နိုင်တော့ဘဲ (အစဉ်ပျက်) သဘောသို့ တရားဦးခေါင်း ဆိုက်သွားတယ်။

အဲဒါ အကြောင်းကင်းသော အကျိုးတရားသက်သက် (ဝါ) အစဉ်ပျက်သဘော........။

ဒီလို တရားဦးခေါင်း ဆိုက်တာကို "အကြောင်း သုညတ" လို့ ခေါ်တယ်။

**အကျိုးသုညတ။** အကျိုးသုညတ ဆိုဟာက ဘင်္ဂဉာဏ်ကစပြီး အနုပဿနာဉာဏ်စဉ် အဆင့်ဆင့်မှာ သင်္ခါရပက္ခာဉာဏ်ကြီးလဲ ရောက်ရော.... အကျိုး ဝိညာဏ်ရိပ်၊ သညာရိပ်နဲ့ တကွ မုချကျိုး၊ သာမာန်ကျိုး၊ အာနိသံသကျိုး ခေါ်တဲ့ သင်္ခါရ အရိပ်နိမိတ်တွေ သုဉ်းဆိတ်တာကို (တနည်း) ဇာတ်သိမ်းတာကို 'အကျိုးသုညတ' လို့ ခေါ်တယ်။

ဒီနေရာမှာ မင်လေလား၊ ဖိုလ်လေလား လို့ ဒွိဟ သံသယ ရှိဘွယ်ရာ ဖြစ်လာဘယ်။

ဒီကဏ္ဍကို ညာဏ်ရောက်လာတဲ့ ယောဂီအများစုဟာ ဒီအကျိုးသုညတမျိုးကို (မဂ်)လို့ ထင်မှတ်နေကြတယ်။

ဒီနေရာမှာ ဆရာတော် ပြောခြင်တာက အကြောင်းသုညတ၊ အကျိုးသုညတလို့ ညာဏ်ရောက်လာတဲ့ အာရဒ္ဓ ဝိပဿနာယောဂီ ပုဂ္ဂိုလ်ဟာ သင်္ခါရ အရိပ်နိမိတ် သုဉ်းဆိတ်သွားတော့.... ပညတ်နယ်၊ သမုတိသစ္စာနယ် ဆိုတဲ့ သင်္ခတ လောကကြီးဟာ **အရိပ်အရောင်အနေနဲ့ ဇာတ်သိမ်းသွားခြင်းပါ။ အရိပ်အရောင် အနေနဲ့ ချုပ်ငြိမ်းသွားခြင်းပါ။**

**ထပ်ပြီး စစ်တမ်းထုတ်ရဦးမယ်။**

အရိပ်အရောင်သဘော, ပညတ်နယ်, သမုတိသစ္စာနယ်, သင်္ခတ လောကကြီး ဇာတ်သိမ်းသွားတော့ အခိုးအငွေ့သဘော၊ အနုသယသဘော၊ ဒါကလေး ကျန်နေသေးတယ်။ ဒါကို တခါထပ်ပြီး စစ်တမ်း ထုတ်ရလိမ့်ဦးမယ်။

ဒီအခိုးအငွေ့သဘော၊ အနုသယ သဘောလေးဟာ ဥပါဒါန် အစီးအပွားလေးပါ။ ဥပါဒါန် အစီးအပွားဆိုတာ ပစ္စုပ္ပန်ကံရိပ်ကလေးပါ။

ဒီကံရိပ်ကလေးကို အကြိမ်ကြိမ်စစ်ဆေးကြည့်ရမယ်။ ကုသိုလ်ကံ့လား....အကုသိုလ်ကံတား၊ မိမိပြုတဲ့ အမှုဟာ တရားသလား.... မတရားဘူးလား၊ အဲဒါ တရားတဲ့အမှု ဆိုရင် တရားတဲ့ဆီ ပို့။ မတရားရင် မတရားတဲ့ဆီပို့ကြရတာဘဲ။

လောကီစျာန် သမာပါတ်ဆိုတဲ့ ကုသိုလ်မျိုးက အမြင်ခေတ်၊ အကြားခေတ် ပေါက်ကြတယ်။ မဂ်အသိ၊ ဖိုလ်အသိ၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် မဟုတ်သေးလို့ မို့ အနှစ်အသားမရှိပါ။အမြင်ခေတ်၊ အကြားခေတ်ဆိုတာမျိုးဟာ အငှါးပစ္စည်းတွေပါ။

ဒီတော့ အတိတ်က, ကံက နှိပ်စက်တယ် ဆိုတာ ပစ္စုပ္ပန်ကံက လက်ခံ့မှ နှိပ်စက်နိုင်တာပါ။ မှတ်ချက်။ (ဤနေရာတွင် ဆရာတော်က (ဓါးပြဥပမာ)ကို ဥပမာပြု၍ ဟောပြပါသည်)။

ဒီတော့ အခု ဒီနေရာမှာ ဥပါဒါန်အစီးအပွားသာ ကျန်တော့တယ်။ အဲဒါ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုပြီး လေးခု ဖွဲ့လာတယ်။

တဏှာနဲ့ ဒိဋ္ဌိတို့ကသာ ဥပါဒါန် အစီးအပွား နယ်ကြီး ဖွဲ့ထားတယ်။ ဥပါဒါန်နယ်ကြီး ဖွဲ့ထားသမျှ ကာလပါတ်လုံး၊ မဂ်တရား၊ ဖိုလ်တရားကို မရနိုင်သေးပါ။

**ဗလဝ ဝိပဿနာဖြစ်အောင် လုပ်ပါ။** အခုဒီနေရာမှာအကြောင်းသုညတ၊ အကျိုးသုညတ ဖြစ်ပြီကောရယ်လို့ 'မဂ်' ကို ဆွဲတင်လို့ မရသေးပါ။ အဲဒါ ဗလဝ ဝိပဿနာဖြစ်အောင် လုပ်ရလိမ့်ဦးမယ်။ တရှိန်ထဲနဲ့ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်ဆိုပြီး မဂ်ကို ဝင်နိုင်အောင် အခု ရရှိထားတဲ့မီးကလေးကို ထပ်ပြီးမှုတ်ရဦးမယ်။

မှတ်ချက်။ (ဤနေရာတွင် ထမင်းချက်သော ဥပမာကို ပြတော်မူသည်)။ မီးတောက်လာတာနဲ့ (ဝါ) ဗလဝဝိပဿနာ ဖြစ်လာတာနဲ့အမျှ ဥပါဒါန် အစီးအပွားကြီးဟာ ရပ်သွားမယ်။

ဒီတော့ ဗလဝ ဝိပဿနာ ဖြစ်အောင် တွေးပါ။ စဉ်းစားပါ၊ ကြံစည်ပါ။

(ပဋိပတ္တိဓမ္မောနာမ စိန္တာမယပညာ)လို့ နေတ္တိ ပါဠိတော်မှာ ဘုရားရှင် ဆုံးမတော် မူပါတယ်။ အဲဒါ ပဋိပတ္တိ ဆိုတာ ဉာဏ်ကျက်စားရတဲ့အလုပ်ပါ။ ဒီတော့ဗလဝဝိပဿနာဖြစ်လာမှသဘာဝအနတ္တဉာဏ်ဟာ ထင်မြင်နိုင်ပါတယ်။

အခု ဒီနေရာ ဒီကဏ္ဍကစပြီး ရှေ့မှာ အင်မတန်မှ နုံနယ်သိမ်မွေ့တဲ့ သဘာဝကိုရောက်လာပါပြီ။

(တိက္ခ, ဟာသ, ဇဝန, ဂမ္ဘီ, ဉာဏ်လေးလီဖြင့် အခွန်ကိုခွာ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ၊ သဘာဝ အနတ္တဉာဏ်၏ ထင်မြင်နိုင်သည် အဖြစ်ကိုရင်း)လို့ ရှေးဆရာကြီးများဆုံးမတော်မူခဲ့တဲ့အတိုင်း အခု အနှစ်ကလေးကို (တေ)နေပြီ။

ဒီတော့ သင်္ခါရ အရိပ်နိမိတ်ဆိုတာ အကျဉ်းအားဖြင့်ပြောရရင် အဲဒါ သညာရိပ်၊ ဝိညာဏ်ရိပ်ပါဘဲ။

အခု အနုပဿနာ (၇)ညာဏ်ရဲ့ လုပ်ငန်းစဉ်အရ အကျိုးသုညတထဲ ညာဏ်ရောက်လာပေမဲ့....သညာရိပ်ကလေးဟာ ပစ္စုပ္ပန်ကံရိပ်ကလေးက အနုသယသဘော၊ လက်ခံမဲ့ သဘောလေးအနေနဲ့ ပွားစီးလာမဲ့ သဘာဝလေး ရှိနေတယ်။

**သစ္စာနုလောမိကဉာဏ်။** အခု ဒီသညာလေးကို ဖမ်းပါ။ အဲဒါ သဘော ၄-ချက် ထုတ်ပြီး ဥပါဒါန် အစီးအပွား ထွက်အောင် လုပ်ရဦးမယ်။ ရှာ ပုံလေး ကို ပြော လိုက်မယ်။

အခု ဒီနေရာမှာ သမုဒယသစ္စာကိုမူထားပြီး ဥပါဒါန် အစီးအပွားကိုရှာရမယ်။ အခု ခန္ဓာပေါ်လာတာဟာ (၁)ဝေဒနက္ခန္ဓာ၊ (၂) သညက္ခန္ဓာ၊ (၃) သင်္ခါရက္ခန္ဓာ၊ (၄) ဝိညာဏက္ခန္ဓာ၊ ဒီလို ခန္ဓာအစဉ် ပေါ်လာတာဟာ သမုဒယ သစ္စာက ထွက်လာတာပါ။

ဒီတော့ ဒီခန္ဓာလေးတွေရဲ့ ဥပါဒါန်ကို ရှာတော့မယ်ဆိုတော့ အဲဒါ သစ္စညာဏ်နဲ့ ဖွင့်ရမယ်။ အခုခန္ဓာလေးကောင်မှာဥပါဒါန် အစီးအပွားကို ရှာတော့ အဲဒါ ပညာမြင် ဥဒယဗ္ဗယကြီးက နေပြီး ဒီဘက်ကို တက်လာတဲ့ညာဏ်နဲ့ လိုက်ရှာရမယ်။

အဲဒါ သစ္စာနုလောမိက ညာဏ်လို့ ခေါ်တယ်။ နက်ဖြန်မှ ဆက်ဟောမယ်။

ကိုင်း....သာခုခေါ်ကြပါတော့။

**သာဓု....သာဓု... သာဓု....။**

# ပုစ္ဆာနံပါတ် (၁၉)

## သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ ဟောစဉ်

**ဥပါဒါန်အစီးအပွားကို တွေ့အောင်ရှာပါ။**

ဥပါဒါန်ရဲ့ အစီးအပွားကိုတွေ့အောင် ရှာရမယ် ဆိုတော့ သစ္စာညာဏ်ကြီးနဲ့ လှဲလိုက်ပါ။ ဒါမှ အနုလောမညာဏ် ဂေါတြဘူညာဏ်ဆိုပြီး တက်သွားမယ်။ အခု ဒီနေရာမှာဖွင့်မှာက သမုဒယအနက် တဆယ့်ခြောက်ချက်ကို ဖွင့်ပြမယ်။ ဒါမှ ပညာရဲ့ သဘောတရားလေး တွေ့လာပြီး၊ ဥပါဒါန်ရဲ့ အစီးအပွားကြီးကို လာ တွေ့ မယ်။ ဒီ တော့ မှ သံ သ ရာ ကြီး ကို ကြောက် လာ ပြီး။ ဘယ်ဟာကိုမှ အနှစ်အသား အနေနဲ့ မဆွဲတော့ပါ။

ဒီတော့ ဝေဒနက္ခန္ဓာကို ရှာတော့မယ် ဆိုရင်၊ အကျဉ်းနည်းနဲ့ ရှာပြဦးမယ်။ ဒီတော့ ဝေဒနက္ခန္ဓာကို ဘာသာ ပြန်လိုက်ပါဦး။ ဝေဒနက္ခန္ဓာဆိုတာ ခံစားသော သဘောတရား အပေါင်းအစု၊ ရှေ့တုန်းက ဥဒယဗ္ဗယညာဏ်ကြီးမှာ ပေါ်လာတုန်းကလဲ ဒီခန္ဓာ လေးတွေ ပေါ်လာတယ်။ အဲဒါဝေဒနက္ခန္ဓာ၊ ခံစားတဲ့ အပေါင်း အစု၊ အဲဒီ ခံစားတဲ့ ဟာက (ဝက်သားတုံး ကြီးကို တမြုံ့မြုံ့နဲ့ ခံစားတာ) ဒါကို ချေချေပြီးချလာတာဟာ အလွန် သိမ်မွေ့တဲ့ (သဘာဝဝေဒနာ) ကို ညာဏ်ရောက်လာပြီ။

အခု သစ္စာညာဏ်ကြီးကြတော့ "ဟေ့....ဝေဒနက္ခန္ဓာ၊ မင်း.... ခံစားနိုင်သေးသလား" လို့ မေးရင် သူက ဘယ်လို ပြောမလဲ။ ဒီသဘာဝလေးကိုကိုင်မှမြင်လာမယ်။ ဝေဒနက္ခန္ဓာလေးဟာ ခံစား နိုင်သေးသလား ဆိုရင် မခံစားနိုင် တော့ပါ။ သူ့မှာ သညာ ဝိညာဉ်တွေ အားလုံး ပြတ်သွားပြီ။ အဲဒါ ဗလဝ ဝိပဿနာ ဖြစ်အောင် ဝေဒနက္ခန္ဓာကို ဘယ်လို ပြောမလဲ။ နောက်တခါ သညက္ခန္ဓာလေးကို ထုတ်ပြီး မေးရင် သူက ဘယ်လို ပြောမလဲ။ ဒါဟာ ပဋိစ္စသမုပ္ပါဒ်ကြီး မပတ်သေးပါ။

# ပုံစံနံပါတ်(၁၉)


၁
ဒုက္ခသစ္စာ
သညာက္ခန္ဓာ
၂
သမုဒယ သစ္စာ
ဝေဒနာက္ခန္ဓာ
၃
နိရောဓ သစ္စာ
သင်္ခါရက္ခန္ဓာ
၄
မဂ္ဂ သစ္စာ
ဝိညာဏက္ခန္ဓာ
သမုဒယသစ္စာ အစီးအပွား

အဲဒါ သူ့ကို ညာဏ်'ကိုး'ပါးနဲ့ ပြန်ပြီး စစ်လိုက်ပါ။ အခု သညာဝိညာဉ်တွေ ပြတ်သွားပြီ။ သညက္ခန္ဓာဟာ ခံစားတယ်လို့ ပြောနိုင်သလား။ မပြောနိုင်ပါ။ ဘယ်လိုပြောမလဲ၊ အနုသယလေး ပါလို့ ပြောမယ်။ **အနုသယလေးဟာ ဘယ်လို နေသလဲ၊ ဒါကို ပြောစမ်းပါ ဆိုရင်၊ ပြုပြင်တဲ့ သဘောလေးသာ ရှိတော့တယ်။** အဲဒီဟာလေး တလုံးကိုသာ ဖမ်းထား။ နောက်မှ ပြုပြင်တဲ့ဟာကို သိခြင်ရင် ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်ပြရတော့မယ်။

**ဓမ္မစကြာ အနုသာသနီနည်း။**

ဒီတော့ သူ့သဘာဝလေးကိုက လှဲ့တော့မဲ့ စက်လေး ဖြစ်လာပြီ။ အဲဒါကြောင့် ဒုက္ခနုပဿနာကို ထိုယောဂီ ပွားရမယ်။ ဒီနေရာမှာ ဓမ္မစကြာရဲ့ အနုသာသနီနည်းကို ပြလာတယ်။ ယခု သင်္ဂါယတနာ တင်တာဟာ အနုသာသနီနည်း မပါပါ။ အနုသာသနီနည်းကို ဒီနေရာကနေပြီး ပွားရမယ်၊ အားထုတ်ရမယ်။ ဒီကနေပြီး ဒုက္ခနုပဿနာကို ပွားရမယ်။

သစ္စာလေးပါးကိုအနုသာသနီနည်းနဲ့ ပြန်သိမ်းတဲ့နည်း။ ဒုက္ခ၊ သမုဒယ, နိရောဓ, မဂ္ဂတွေကို တချက်စီလဲ သိမ်းလိုက်ရော အဲဒါ ဥပါဒါန်ရဲ့အစီးအပွားတွေ ပြတ်ပြီး တက်လာပြီ။

**သညာက္ခန္ဓာလေးဟာ အခု ပြုပြင်တဲ့သဘောလေးသာ ရှိတော့တယ်။ ပြုပြင်တဲ့ ဟာက အနုသယပါ၊ ဒီအနုသယကို မဂ်ဖြင့် မပယ်သမျှကာလပတ်လုံး လက်မောင်း တန်းဦးမှာဘဲ မဟုတ်လား။**

ဒီတော့ သညက္ခန္ဓာလေးဟာ ဘယ်အနေနဲ့ ရှိသလဲ ဆိုရင် ဥဒယဗ္ဗယညာဏ်ရဲ့ ဒီဘက်မှာ ဘယ်လို ပြောလာသလဲ ဆိုတော့ ပေါ်တဲ့သဘောလေးရှိသေးတယ်။ ဇာတ်မသိမ်းကြသေးဘူး။ အခု သင်္ခါရုပေက္ခာ ညာဏ်ကြီးက အကျိုးတွေကို သုညလေးလုံးနဲ့ ဖြတ်လိုက်ရော အဲဒါ ခန္ဓာလေးကောင် ပေါ်လာပြီ။ သညာဝိညာဉ် အရိပ် အရောင်တွေဟာ ပြတ်ပြီး အဲဒါ ခံစားတယ်လို့ မပြောနိုင်တော့ပါ။

ဒါပေမဲ့ အနုသယလေး ရှိသေးတယ်။ အနုသယဆိုတာဟာ ဥပါဒါန်ရဲ့ အစီးအပွားတွေပါ။ ဒီဥပါဒါန်ရဲ့ အစီးအပွားတွေ ရှိနေသေးတယ်။ ဒီဟာကို ရှာဦးဆိုပြီး တကဏ္ဍ ပြလာပါတယ်။ ဒီဥပါဒါန်ရဲ့ အစီးအပွားတွေကို ရှာခြင်းလို့ သစ္စာဉာဏ်ကြီးကို ပဋိစ္စ သမုပ္ပါဒ်ကြီး ပတ်ပြီး ပြလာတာပါ။ ဒါကို အနုသာသနီ နည်းလို့ခေါ်တယ်။

ဒီနည်းကို ဆင်ခြင်လာတာနဲ့ အဲဒါ မဂ်ရပြီ၊ ဖိုလ်ရပြီ။ မဂ်မရ သေးဘူး၊ ဖိုလ်မရသေးဘူး ဆိုတာကို ဝေဖန် ဆုံးဖြတ်နိုင်လာပြီ။ ဒီအနုသာသနီနည်းကို ပတ်လိုက်တာနဲ့ မဂ်ကိုတွေ့မယ်။ ဒါတွင် မကသေးဘဲ နိဗ္ဗာန်ဟာ ဘယ်မှာရှိတယ် ဆိုတာကိုပါ လာတွေ့ တော့မယ်။

ဒီတော့ သစ္စာအနက် ၁၆-ချက် ဆိုတဲ့ အနုသာသနီ နည်းကို ပတ်နိုင် လာရင် ဒီတရားတော်ကို သဘော ပေါက်လာ ပါပြီ။ သညက္ခန္ဓာလေးကို အရင်ကလို (မှတ်သောသဘော အပေါင်းအစု လေးလို့) မပြောပါနဲ့တော့၊အဲဒါ(ပြုပြင်တဲ့သဘောလေးရှိတယ်) လို့သာ ပြောလို့ရပါတော့တယ်။ဝေဒနက္ခန္ဓာလေးကဆည်းပူးတဲ့ သဘောလေးရှိတယ်။ ဒီသဘာဝတွေကို နှိုက်ထုတ်လိုက်ပါ။

**သညက္ခန္ဓာ ပြုပြင်တဲ့သဘော၊ ဒါဟာ ပညတ်ရဲ့ ရေသောက် မြစ်လေးပါ။**

**ဝေဒနာက္ခန္ဓာ ဆည်းပူးတဲ့သဘော၊ ဒါက ပရမတ်ရေသောက် မြစ်ပါ။**

သူတို့ ၂-ချက်ဟာ ထွက်နေပြီ။ ဒီသဘာဝကို မြင်ပြီလား၊ မြင်ရင် ထပ်ပြီး စဉ်းစားပါ။

ပညတ်ရဲ့ ရေသောက်မြစ်မှာ အဝိဇ္ဇာသဘော, ဒုက္ခသစ္စာ။

သင်္ခတ ပရမတ် ရေသောက်မြစ်မှာ တဏှာသဘော, သမုဒယ သစ္စာ။

ဒါကို တခါထပ်ပြီး စဉ်းစားပါဦး၊ သညက္ခန္ဓာမှာ အဝိဇ္ဇာသဘောဟာ ပြုပြင်တဲ့အနေနဲ့ ရှိနေတယ်။ ဝေဒနာက္ခန္ဓာမှာ တဏှာသဘောဟာ ဆည်းပူးတဲ့အနေနဲ့ ရှိနေတယ်။

သညက္ခန္ဓာကို သစ္စဉာဏ်ကြီးနဲ့ လဲ့ ထိုးပြီးကြည့်လိုက်ရာ အဲဒါ ပဋ္ဌက္ခန္ဓာ၊ ဒုက္ခသစ္စာ အဝိဇ္ဇာရုပ်သဘော အတိတ်အကြောင်းစက်လေးကို လာတွေ့တယ်။

ဝေဒနာက္ခန္ဓာကို ကြည့်လိုက်တဲ့အခါ ဥပါဒါနက္ခန္ဓာ, သမုဒယသစ္စာ, တဏှာသဘော, နာမ်သဘော, ပစ္စုပ္ပန် အကျိုးစက်ကို လာတွေ့တယ်။

**သညက္ခန္ဓာကို ပဋိစ္စ သမုပ္ပါဒ် ပတ်ပုံ။**

ကိုင်း....ဒီတော့ ဥပါဒါန်ရဲ့ အစီးအပွားတွေကို ရှာရတော့မယ် ဆိုတော့ သညက္ခန္ဓာကိုလဲ့ ပဋိစ္စသမုပ္ပါဒ် ၄-ချက် ပတ်လိုက်ပါ။

၁။ အတိတ်အကြောင်းစက်, ပြုပြင်တဲ့သဘော။
၂။ ပစ္စုပ္ပန်အကျိုးစက်, နှိပ်စက်တဲ့ သဘော။
၃။ ပစ္စုပ္ပန်အကြောင်းစက်, ပူပန်တဲ့ သဘော။
၄။ အနာဂတ် အကျိုးစက်, ဖေါက်ပြန် ပျက်စီးတဲ့သဘော ဆိုပြီး ၄-ချက် ပတ်လိုက်ပါ။

**ဝေဒနက္ခန္ဓာကို ပဋိစ္စသမုပ္ပါဒ် ပတ်ပုံ။**

နောက်ဝေဒနက္ခန္ဓာကိုလဲ........

၁။ အတိတ်အကြောင်းစက်, ဆည်းပူးတဲ့သဘော။
၂။ ပစ္စုပ္ပန်အကျိုးစက်, နှင်းဆောင်တဲ့ သဘော။
၃။ ပစ္စုပ္ပန်အကြောင်းစက်, ဖွဲ့နှောင်တဲ့သဘော။
၄။ အနာဂတ်အကျိုးစက်, နှောက်ယှက်တဲ့သဘော ဆိုပြီး ၄-ချက်ပတ်လိုက်ပါ။ ဒီလိုပတ်နိုင်လာမှ ဥပါဒါန်ရဲ့ အစီးအပွားကို လာတွေ့မယ်။

ဒီတော့ သညက္ခန္ဓာကို ၄-ချက်ပတ်လိုက်ရင် ဘယ်ဥပါဒါန် ထွက်လာ မလဲ?၊ ဥပါဒါန် ဆိုတာ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုပြီး ပိဋကတ်က ပြလာ ပါတယ်။

နောက် ဝေဒနက္ခန္ဓာကိုလဲ ၃-ချက် ပတ်လိုက်ရော ဘယ်ဥပါဒါန်တွေထွက်လာမလဲ?၊ ဒါကို ရှာရမယ်။ အဲဒီ ထွက်လာတဲ့ဥပါဒါန်တွေကို ၂-ခုတွဲပြီး ပဥ္စက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ ဖွဲ့ပြီး မဂ်ကို တင်ရတော့မယ်။

**ကံမျိုးစေ့ကို'မဂ်'က ပယ်သတ်သည်။** ဒီတော့ မဂ် ဆိုတာဟာ ဥပါဒါန်ရဲ့ အစိုး အပွားတွေကိုဖြတ်တာပါ။ ပဥ္စက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာဖွဲ့တဲ့အခါမှာ ဒီထဲ ကံမျိုးလေး ပါသွားမယ်၊ ဒီကံမျိုးစေ့လေးကိုသာ မဂ်ကပယ်သတ်မယ်၊ ဒီတော့ ပဥ္စက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာ ၂-ကောင်တို့ဟာ အတူတွဲမနေနိုင်တော့ဘဲ ငြိမ်းအေးတဲ့အသဲမှာ ဥက္ကောင်း ကျမယ်။

ဒါကို ထပ်ပြီးတော့မှ ဖိုလ်၊ဖိုလ် ဆိုပြီး ၂-ကြိမ်ထပ်ကျဦးမှာ၊ ဒါကို သေသေချာချာ မှတ်ထားပါ။ အခု ပြောသွား တာက 'ပဋိပတ်တက်စဉ်'လို့ ခေါ်တယ်။ နောက် 'သဘာဝတက်စဉ်'ဆိုပြီး ရှိသေးတယ်။

ဒီတော့ ပဋိပတ် တက်စဉ်ကို တက်လာရင်ဘဲ အကျိုးတရားတွေကို ထုတ်လာရမယ်။

ကျွတ်လွတ် (နိဿရဏဋ္ဌ)၊ ဆိတ်ငြိမ် (ဝိဝေကဋ္ဌ)၊ မသေ(အမတဋ္ဌ)၊ မပြု (အသင်္ခတဋ္ဌ)။

နောက်တခါ....လွတ်ခြင်း (နိယျာနဋ္ဌ)၊ ရောက်ခြင်း (ဟေတုဋ္ဌ)၊ မြင်ခြင်း (ဒဿနဋ္ဌ)၊ ကြီးမှူး အစိုးရခြင်း (အဓိပ္ပတေယျဋ္ဌ)လို့ ဒီလိုထွက်လာရမယ်။

ဒီတော့မှ ဂေါတြဘူဉာဏ်ကြီးက နယ်ခြားလာပြီး၊ အဲဒါ 'မဂ်' ဆိုပြီးတဲ့နောက် ဖိုလ်၊ဖိုလ်ဆိုပြီး ကျလာ တော့တယ်။ ကိုင်း.... ဒီနေအဘို့ တော်လောက်ပြီ၊ နက်ဖြန်မှဆက်မယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

**" သာဓု—သာဓု—သာဓု "**

## သီတင်းကျွတ် လဆန်း (၁၂) ရက်နေ့ ဟောစဉ်။

ပြုပြင်တဲ့သဘော၊ "သညက္ခန္ဓာ"ကို ပဋိစ္စသမုပ္ပါဒ်ကြီးပါတ်တဲ့ အခါမှာ၊ ဘယ်လိုပတ်မလဲ........... အဲဒါ သဘာဝကို လိုက်ပြီး ရှာပါအုန်း။

ဒီတော့၊ ပဌမ ပညာမြင်အနိစ္စညာဏ်ကြီးက၊ ကုန်,ပျက်,ကင်း, ချုပ်, ခယမ္မော၊ ဝယမ္မော၊ ဝိရာဂမ္မော၊ နိရောဓမ္မော ဆိုပြီးတော့ တောကြီးကိုရှင်းလင်းခဲ့တယ်။

ပညာမြင် ဒုက္ခညာဏ်ကြီးပြုပြင်တဲ့သဘော၊နှိပ်စက်တဲ့သဘော ပူပန်တဲ့သဘော၊ ဖေါက်ပြန် ပျက်စီးတဲ့သဘော ဆိုပြီး၊ ရှင်းလင်း သုတ်သင်လာခဲ့တယ်။

ပညာမြင် အနတ္တညာဏ်ကြီးက သုညလေးလုံးနဲ့ တောရှင်း လာခဲ့တယ်။ ပညာမြင် အနိစ္စညာဏ်၊ ပညာမြင် ဒုက္ခညာဏ်၊ ပညာမြင် အနတ္တညာဏ်တို့ဟာ အင်မတန်မှ ညာဏ်ကျက်စား ရပါတယ်။

ပညာမြင်ဥဒယဗ္ဗယညာဏ်က အကောင်သဘော ပယ်သတ် တယ်။ ပညာမြင် အနိစ္စညာဏ်က အရောင်သဘောပယ်သတ်တယ်။ ပညာမြင် ဒုက္ခညာဏ်က အရိပ်သဘောကို ပယ်သတ်တယ်။ပညာမြင် အနတ္တညာဏ်က အခိုးအငွေ့သဘောကို ပယ်သတ်တယ်။ဒီတော့မှ အနှစ်ကလေးဟာထွက်လာပြီး၊ မဂ် ကို တက်သွားတော့မယ်။

**ကံ,စိတ်,ဥတု, အာဟာရ, ဆန်းကြယ်ပုံ။**

ဓာတ်ဘဘော ဆန်းကြယ်ပုံကို နဲနဲ ပြောပြဦးမယ်။ သယံဇာတဓာတ်တွေ ဆိုတာ၊ ဥတု အကြောင်းကြောင့် ဖြစ်လာတာပါ။ ဥတုအကြောင်းကဖန်ဆင်းတာတွေဟာအင်မတန်မှ ဆန်းကြယ်ပါတယ်။ အာဟာရ, စိတ်, ကံ, အကြောင်းတွေက ဖန်ဆင်းတဲ့ သယံဇာတတွေကျတော့၊ ပိုလို့ပင်ဆန်းကြယ်ပါတယ်။ အဲဒါ မျက်စေ့နဲ့တောင် မမြင်ရတော့ပါ။ မိမိတို့ရဲ့နောက်မှာ ကံတွေဟာ အမြဲတန်းလိုက်နေတယ်။ (ကမ္မဝိသယောအစိန္တိယော) ကံကို ကြံစီလို့မရပါ။

ဥဒယဗ္ဗယညာဏ်ကြီးက ဥတုအကြောင်းကိုသာချေနိုင်ပါတယ်။ ဒါလဲဘဲ အနုသယအနေနဲ့ ကျန်ရစ်သေးတာပါဘဲ၊ဥတုပြဋ္ဌာန်းတဲ့ ရုပ်ကို အာဟာရပြဋ္ဌာန်းတဲ့ရုပ်က ထွင်းဖေါက်နိုင်တယ်။ ဒီသဘာဝ တွေကို သိ,နားလည်လာရင်........တံခိုး,ဆိုတဲ့သဘာဝ၊တံခိုးပြတယ်, ဆိုတဲ့ သဘာဝတွေကိုပါ မြင်သိလာပါတယ်၊ (ဝါ) ရိပ်မိ လာပါတယ်။

သမထ ၄၀-မှာ ကသိုဏ်း ၁၀-ပါးဟာ တံခိုးကြီးတယ်။ ဥတုပြဋ္ဌာန်းတဲ့ရုပ်ကို၊ အာဟာရပြဋ္ဌာန်းတဲ့ရုပ်က ထွင်းဖေါက် နိုင်တယ်။ အာဟာရ ပြဋ္ဌာန်းတဲ့ ရုပ်ကို၊ ကံ ပြဋ္ဌာန်းတဲ့ရုပ်က ထွင်းဖေါက်နိုင်တယ်။ ဒီလိုသဘာဝတွေကိုလဲနားလည်ထားရမယ်။ လောဘ,ဒေါသ,မောဟ,တရားတွေကိုမေတ္တာတရားကထွင်းဖေါက် နိုင်တယ်။

ဒါ့ကြောင့် သူတော်ကောင်းတို့ရဲ့ လက်နက်သည်၊ မေတ္တာ သာလျှင် ဖြစ်၏....လို့ ဘုရားရှင်က ဆုံးမတော်မူပါတယ်။

ဒီတော့ မေတ္တာရဲ့ တံခိုး အာနိသင်ဟာ ဘယ်လောက် ကြီးကျယ်တယ်ဆိုတာ၊သာဓကထုတ်ပြအုံးမယ်။

**မေတ္တာ၏ တံခိုး။** မြတ်စွာဘုရားဟာ— နောက်ပါရဟန်းများနှင့် အတူ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာတော့ ဒေဝဒတ်ညွှန်ကြားချက်နဲ့ အဇာတသတ်မင်းက၊ နာဠာဂီရိဆင်ကြီး ကို အရက်တွေ အလွန်အကျွံတိုက်ပြီး၊ ဘုရားရှင် ကြွလာတော်မူတဲ့ လမ်းမကြီးဆီကို လွှတ်လိုက်တယ်။

နာဠာဂီရိ ဆင်ကြီးဟာ၊ ပကတိအားဖြင့်လဲ၊ အင်မတန်မှ ကြမ်းတမ်းလှပါတယ်။ မူလက ဆင်ကြမ်းကြီးဖြစ်တဲ့အထဲ၊ အရက် ကလဲ (ကိုးမောင်း)အထိ တိုက်ထားတော့၊ ဘယ်သူ့ ကိုဘဲတွေ့တွေ့၊ ဘာကိုဘဲတွေ့တွေ့၊ အဲဒါ တွေ့မရှောင် နင်းသတ်တော့မှာပေါ့....

ဒါပေမဲ့ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်လဲ ရောက်လာရော.... အရက်မူးနေတဲ့ ဆင်ကြမ်းကြီးဟာ၊ တခါထဲ ဒူးတုတ်ပြီး၊ သိမ်သိမ်မွေ့မွေ့နဲ့ ယဉ်ကျေးပြီး၊ ဘုရားရှင်ရဲ့ အဆုံးအမကို ရိုသေစွာ နာယူရှာတယ်။

အရက်မူးနေတဲ့ တိရစ္ဆာန် ဆင်ကြမ်းကြီးကို နူးညံ့ သိမ်မွေ့ ယဉ်ကျေးအောင် ပြုနိုင်တဲ့ စွမ်းအားဟာ မေတ္တာ တရားပါ၊ မေတ္တာရဲ့ တံခိုးအာနိသင်ပါ။

ဒါ့ကြောင့် မေတ္တာတရားကိုလဲ အခါခပ်သိမ်း ပွားများကြပါ၊ ကျိုးစားကြပါလို့ သတိပေးပါတယ်။

ကိုင်း....တရားဘက် ဆက်ကြဦးစို့....

ပညာမြင်ဥဒယဗ္ဗယညာဏ်ကြီးက ဥတုအကြောင်းကို ပယ်နှုတ်လိုက်တော့ အာဟာရအကြောင်း၊ စိတ်အကြောင်း ကံအကြောင်းတို့ဟာ အရိပ်အရောင်တွေ အနေနဲ့သာ ကျန်တော့တယ်။ ဒါကို ယခုကဏ္ဍမှာ **အ**ကျိုး ၃-ချက်ထုတ်ပြီးတော့ ပြလာပါတယ်။

အဲဒါ ပညာမြင်အနိစ္စညာဏ်က မုချကျိုး၊

ပညာမြင်ဒုက္ခညာဏ်က သာမာန်ကျိုး။

ပညာမြင်အနတ္တညာဏ်က အာနိသံသကျိုး တို့ကို ပယ်သတ်မယ်လို့ ပြလာတယ်။

ဒီတော့မှ အကြောင်းအကျိုးတွေပြတ်ပြီး အဲဒါ မဂ်ကို ဝင်ရတော့မယ်။ ဒီအကျိုးတရားတွေမပြတ်သေးရင် အနုလောမညာဏ်က လက်မှတ်မထိုးသေးပါ။ လက်မခံသေးပါ။

ဒီလို လက်မှတ် မထိုးသေးရင် ဂေါတြဘူညာဏ်ကြီးက တံခါး ဖွင့်မပေးပါ၊ (ဝါ) နယ်ခြား မပေးသေးပါ။ ဒီတော့ ထိုယောဂီဟာ အနုပဿနာညာဏ်တွေထဲမှာသာ လှိုင်းထနေသေးတယ်။

**သညာ၏အရိပ်။** ဒီတော့ သညက္ခန္ဓာဟာ "ပြုပြင်တဲ့သဘော" သာ ရှိတော့တယ်။ ပြုပြင်တဲ့ သဘောဟာ ဘယ်ကနေ လာသလဲဆိုရင် (ရုပ်သဘော၊ သညာသဘော၊ ပညတ်သဘော၊ အတိတ်သဘောတို့ဟာ အရိပ်အရောင်အနေနဲ့ ကျန်နေသေးတယ်)။ အဲဒီကနေပြီး လာတဲ့သဘောပါ။

သညက္ခန္ဓာ ဆိုတာ သညာရဲ့ အရိပ်ကလေးလို့ ယူလိုက်ပါ။ ဒီသညာရဲ့ အရိပ်လေးကို ပူပြင်တဲ့သဘောလို့ မြင်အောင်ရှုပါ။

ဒီနေရာမှာ ရုပ်သဘောကလေး ဇာတ်မသိမ်းသေးလို့ အဲဒါ ပေါ်နေရတဲ့သဘောလေးပါ။ အဲဒါကြောင့်မို့ သညာသဘော၊ ပညတ်သဘောတွေ ထွက်နေသေးတာပါ။

ဒီတော့ သညာရဲ့ အရောင်ကလေး ရှိနေသေးရင် ဝိညာဏ်ရဲ့ အရိပ်ဟာလဲ ရှိရတော့တာဘဲ။ ဒီသဘာဝတွေကို ပညာမြင် အနိစ္စ ညာဏ်ကြီးနဲ့ သိမ်းလိုက်တော့ ဒီသဘာဝတွေဟာ ပြတ်ပြီးသွားသလား၊ ကျန်နေခဲ့သလား။ ဒါကို ပြန်ပြီးတွေးလိုက်ပါ။

ပညာမြင်အနိစ္စညာဏ်ကလဲ "မဂ်" ကို တရှိန်ထဲဝင်နိုင်ပါတယ်။ အဲဒီကနေ ဝင်တဲ့ မဂ် ကျတော့ အနိမိတ္တမဂ် လို့ ခေါ်တယ်။

ပညာမြင်ဒုက္ခညာဏ်ကနေပြီးဝင်တဲ့မဂ်ကျတော့ **အပ္ပဏိဟိတမဂ်** လို့ခေါ်တယ်။ ပညာမြင် အနတ္တညာဏ်က ဝင်တဲ့ မဂ် ကျတော့ **သုညတမဂ်** လို့ ခေါ်တယ်။

ဒီတော့ အခု ဒီနေရာမှာ ပညာမြင်အနိစ္စညာဏ်ကြီးကဘယ်နေရာကနေပြီး ပါလာသလဲ၊ (ဝါ)ဘယ်လို လက်မှတ်ထိုးလိုက်သလဲ ဆိုရင်အဲဒါ 'ပူပြင်တဲ့သဘော' အနေနဲ့ ပါလာတယ်၊ (ဝါ)လက်မှတ်ထိုးလိုက်တယ်။ ပညာမြင် အနိစ္စညာဏ်ကြီးက အတိတ်အကြောင်းစက်ကို (ကုန်သဘော)ဆိုပြီးဖြတ်ချလိုက်တော့မှ ဒီဘက်မှာပူပြင်တဲ့ သဘောအနေနဲ့ ပါလာတယ်။

နောက်တခါ နှိပ်စက်တဲ့သဘောဆိုတာ ပညာမြင် ဒုက္ခညာဏ်ကြီးက လက်မှတ်ထိုးလိုက်တာပါ။ ပူပန်တဲ့သဘောက ပညာမြင် အနတ္တညာဏ်ကြီးက လက်မှတ် ရေးထိုးပြီး နောက် ဖေါက်ပြန် ပျက်စီးတဲ့သဘောကို အနုလောမညာဏ်က လက်မှတ်ထိုးလိုက်တာ၊ အဲဒါ ရုပ်တရားကြီး ပြာကျသွားပြီ။

ရုပ်တရား ပြောကျသွားရင် သညာသဘော၊ ပညတ်သဘော၊ အဝိဇ္ဇာ သဘောတို့ဟာလဲ ပြောကျကုန်ပြီ၊ အဲဒါ ဥပါဒါန် အစီးအပွား တဝက်ကို မီးရှို့ပစ်လိုက်ပြီ။ ဒီလိုလဲ မီးရှို့လိုက်ရော.... အောက်ခုံရုံးကြီး"လေး"ရုံးကလဲ လက်မှတ်ထိုးလိုက်ပြီ၊ ရုပ်တရားရဲ့ အရိပ်အရောင်ဟာ ပြတ်သွားပြီ။

ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်လိုက်စမ်းပါအုန်း၊ ပြုပြင်၊ နှိပ်စက်၊ ပူပန်၊ ဖေါက်ပြန်၊ ဒီအထဲမှာ ရုပ်တရားကိုသာဖမ်းထားပြီး နာမ်တရားမကပ်ဘဲထားလိုက်ရင် အဲဒါ သံသရာစက်ရဟတ်ကြီးဟာ ရပ်တာဘဲ။

ဒီတော့ သစ္စာညာဏ်ကြီးကို တကယ်မြင်လာရင်(ဝါ) ဥဒပါဒ် ၅-ချက်ကို တကယ်မြင်လာရင် ပဋိစ္စသမုပ္ပါဒ်ကြီး ပတ်ခြင်းတိုင်းပတ်, အဲဒါ ဖေါက်ပြန် ပျက်စီးတဲ့ သဘောမှာဘဲ တရားဦးခေါင်း ကျတော့မယ်။ ဒီတော့မှ ရုပ်တရားကြီးဟာ အတိတ်အကြောင်းစက်ဆိုပြီး မပေါ်နိုင်တာပါ။

ဒီတော့ သညက္ခန္ဓာလေးဟာ ဘယ်လိုဖြစ်သွားပြီလဲ?၊ အဲဒါ အရောင်ပြောင်းရတော့မယ်။ အဲဒါအရောင်ပြောင်းပြီး အသခ်တ ဓမ္မထဲသို့ ဝင်သွားပြီ။ ဒါက သဘာဝ ဝင်ပုံပါ။

**မဂ်ဝင်တရားခံကိုရှာပါ။** လက်တွေ့နည်း ကျတော့ မဂ်ကိုဝင်မဲ့ တရားခံကို ဖွဲ့ရအုန်းမယ်။ အသခ်တ နယ်မြေထဲဝင်သွားမဲ့ မဂ်ဝင်တရားခံကို ရှာရအုန်းမယ်။ မဂ်ဝင် တရားခံဟာ ဘယ်သူလဲ? ဒါကို ရှာရမယ်။ ဒါမှ မဂ်ကို ဝင်လို့ရမယ်။

ဒီတော့ ဂေါတြဘူညာဏ်ကြီးက မဂ်တံခါးကြီး ဖွင့်ထားပြီ။ သဘာဝအနေနဲ့ အရောင်သာပေးပြီး လက်တွေ့နည်း အနေနဲ့ မဂ်ဝင်တရားခံမှ မတွေ့ရင် ဘယ်မှာ ဝင်လို့ရမလဲ။ မဂ်ဝင်တရားခံကို တွေ့မှ ဂေါတြဘူကဖြတ်ပြီး၊ မဂ်ကို ဝင်လို့ရမယ်။

ဒီတော့ မဂ်ဝင်တရားခံအနေနဲ့ ဘယ်သူက ထွက်လာသလဲဆိုရင် လက်တွေ့နည်းက ပဋ္ဌာန်အရိပ်ကလေးပါဘဲ။ ပဋ္ဌာန်အရိပ် ဆိုတာ နာမ်ခန္ဓာ ၄-ပါးပေါင်းတဲ့ဗျာပါရလေးကို ခေါ်တာပါ။ ဒါကို ဓမ္မစကြာနည်းနဲ့ ဖွင့်ပြတုန်းက **"ပစ္စုပ္ပန်အကျိုးစက်"** ဆိုပြီး ထုတ်ပြလာခဲ့တယ်။

နောက်တခါ ဝေဒနက္ခန္ဓာကို ပဋိစ္စသမုပ္ပါဒ် ပတ်ပုံပတ်နည်းက ဆည်းပူး၊နှင်းဆောင်၊ ဖွဲ့နှောင်၊ နှောက်ယှက်ဆိုပြီး ပတ်လာတယ်။

ဒီတော့ ဝေဒနာသဘောလေးဟာ ဘယ်အနေနဲ့ ရှိနေသလဲ ဆိုရင် ဆည်းပူးတဲ့သဘော၊ နှင်းဆောင်တဲ့သဘော၊ ဖွဲ့နှောင်တဲ့ သဘော၊ နှောက်ယှက်တဲ့သဘော အနေနဲ့ ထွက်လာပြီ။ ဒါဟာ သညာကြောင့် ဝေဒနာ လေးဟာ အရောင် ထွက်နေ တာဘဲ မဟုတ်လား။

ဒီတော့ ဝေဒနာဟာ တဏှာ၄-ချက်ဘဲမဟုတ်လား။ ဒီ၄-ချက် ဟာလဲ ဥပါဒါန်ရဲ့အစီးအပွား ဖြစ်လာတာဘဲမဟုတ်လား။

ဆည်းပူးတဲ့သဘော, အတိတ်အကြောင်းစက်။
နှင်းဆောင်တဲ့သဘော, ပစ္စုပ္ပန်အကျိုးစက်။
ဖွဲ့နှောင်တဲ့သဘော, ပစ္စုပ္ပန်အကြောင်းစက်။
နှောက်ယှက်တဲ့သဘော, အနာဂတ်အကျိုးစက်။
ဆည်းပူးတဲ့သဘော,အတိတ်အကြောင်းစက်ကို ပညာမြင်အနိစ္စ ညာဏ်နဲ့သိမ်းတယ်။

နှင်းဆောင်တဲ့သဘော,ပစ္စုပ္ပန်အကျိုးစက်ကို ပညာမြင် ဒုက္ခ ညာဏ်နဲ့သိမ်းတယ်။

ဖွဲ့နှောင်တဲ့သဘော,ပစ္စုပ္ပန်အကြောင်းစက်ကို ပညာမြင်အနတ္တ ညာဏ်နဲ့သိမ်းတယ်။

နှောင့်ယှက်တဲ့သဘော အနာဂတ်အကျိုးစက်ကို အနုလောမ ဉာဏ်နဲ့သိမ်းဆည်းပါ။ ဒီတော့မှ နာမ်သဘော၊ သင်္ခတပရမတ်၊ ဝိညာဏ် အရောင်သဘော၊ တဏှာသဘောတို့ဟာ ပြတ်သွားပြီ။

ဒါမှ နိယျာနဋ္ဌ၊ ဟေတုဋ္ဌ၊ ဒဿနဋ္ဌ၊ အဓိပတေယျဋ္ဌဆိုတဲ့ မဂ္ဂ သစ္စာကြီးဟာ အရောင်အနေနဲ့ ထွက်လာတယ်။ အဲဒါ သင်္ခတ နယ်မြေကို အရောင်လေး အနေနဲ့ ကူးသွားပြီ၊ **ဒါက သဘာဝ နည်းပါ။**

**ဝေဒနက္ခန္ဓာ, ဥပါဒါနက္ခန္ဓာအရိပ်။** **လက်တွေ့နည်း** အနေနဲ့ ကျတော့ ဆည်းပူး၊ နှင်းဆောင်၊ဖွဲ့နှောင်၊နှောက်ယှက်ဆိုတဲ့သဘာဝ (၄ချက်) ကိုသိမ်းဆည်းလိုက်ရော ဝေဒနက္ခန္ဓာလေးဟာ ဘယ်အနေနဲ့ရှိတော့သလဲဆိုရင် အဲဒါ ဥပါဒါနက္ခန္ဓာအရိပ်မျှသာ ရှိတော့တယ်။

ဒါကို မဂ်ဝင်တရားခံ ဖွဲ့တဲ့အခါမှာ ဥပါဒါနက္ခန္ဓာ အရိပ်လို့ ခေါ်တယ်။ မမ္မစကြာနည်းနဲ့ ဖွင့်ပြတုန်းက **"ပစ္စုပ္ပန်အကျိုးရိပ်"** လို့ ပြောခဲ့တယ်။

ဒီနေရာမှာ ဒီဉာဏ်ထိ ရောက်လာအောင်, ရလာအောင် ဝိပဿနာဉာဏ်အဆင့်ဆင့်နဲ့ကြိတ်ချေခဲ့တာအခုပဉ္စက္ခန္ဓာအရိပ်နဲ့ ဥပါဒါနက္ခန္ဓာ အရိပ်မျှသာ ရှိတော့တယ်။

ဒါကို မဂ်ကို တင်လိုက်ရင် သင်္ခတနယ်မြေက ပဉ္စက္ခန္ဓာအရိပ်၊ အသင်္ခတနယ်မြေမှာက ဥပါဒါနက္ခန္ဓာ အရိပ် အနေနဲ့ တရားခံ တင်လိုက်ပြီ။ ဒီတော့မှ ဒီထဲမှာ ပါတဲ့ မျိုးလေးကို ဖြတ်ရမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့....

**" သာဓု....သာဓု....သာဓု "**

# ပုံစံနံပါတ် (၂၀)



# ပုံစံနံပါတ် (၂၀)

## သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့ ဟောစဉ်

ကိုင်း....ကံမျိုးစေ့လေးကိုရှာရမယ် 'ဥပ္ပဇ္ဇာရဟ' ဖြစ်ခြင်းငှာ ထိုက်တဲ့ကိလေသာလေးကို 'အခိုးအငွေ့'လို့ ခေါ်တယ်၊ ဒီ'အခိုးအငွေ့' ခေါ်တဲ့ဖြစ်ခြင်းငှာ ထိုက်တဲ့ကိလေသာလေးမပြတ်သေးရင် အနာမျိုးပြန်ပေါ်သလို၊ ပြန်ပေါ်အုန်းမှာဘဲ။ ဖြစ်ခြင်းငှာထိုက်တဲ့ ကိလေသာလေးကိုသာ ရှာရတော့မယ်။ ဒါကို ကံမျိုးစေ့လို့ ပြောတာပါ။

ဒီတော့ 'ပစ္စုပ္ပန်ကံမျိုး'အရိပ်လေးကြောင့် အဲဒါ နာမပညတ်နဲ့ သဏ္ဌာနပညတ်တို့ ပေါ်လာတာပါ။ ဒီသဘာဝတွေကိုဖွင့်လိုက်ရင် အင်မတန်မှ ကျယ်ဝန်းလှပါတယ်။ ဖြစ်ခြင်းငှာ ထိုက်တဲ့ကိလေသာလေးဟာ၊ အကြည်ရိပ်တွေ၊ ဝိညာဏ်ရိပ်တွေမှာ အမြဲရှိနေတယ်။

ဒီတော့ အဆင်းနဲ့ အကြည်တို့ ဆုံလိုက်တဲ့အခါမှာ၊ နာမ ပညတ်နဲ့ ယဏ္ဌာနပညတ်တို့ဟာ ပေါ်လာတယ်၊ ဒါဟာ အဆင်း လေးကနေပြီး ပေါ်လာတယ်လို့ပြောတယ်၊ အဲဒါကို သေသေ ချာချာစစ်ရင် ဖြစ်ခြင်းငှာထိုက်တဲ့ကိလေသာလေးကြောင့် ဒီပညတ် တွေ ပေါ်လာတာပါ။

ဒီဖြစ်ခြင်းငှာထိုက်တဲ့ ကိလေသာလေးဟာ သူပစ္စုပ္ပန်ရိပ်မှာကို **အစဉ်** ရှိနေတယ်။ အဲဒါ အကြောင်းတဖန်ထပ်ပြီး မဖြစ်နိုင်တဲ့ အကျိုးစစ်စစ်လေးမှာ ဒီဖြစ်ခြင်းငှာ ထိုက်တဲ့ကိလေသာလေးဟာ ရှိနေတယ်။

ဒါကို သာမည အနေ လောက်နဲ့ ဝေဖန်ကြည့်လို့ မရပါ၊ ဓမ္မစကြာတရားတော်ကြီးနဲ့ ဆင်ခြင်သုံးသပ်ကြည့်မှ ရပါတယ်။ ကိုင်း....ဖြစ်ခြင်းငှာထိုက်တဲ့ ကိလေသာလေးကို ရှာပြတော့မယ်။

ဒီတော့ ဒီကနေ့ထိအောင်နာကြားခဲ့တဲ့ **သဘာဝ** တွေကို သိမ်းဆည်းလိုက်ရင် (ပစ္စုပ္ပန်အရိပ်ကလေး)အနေနဲ့ ကျန်တော့တယ်။ အဲဒီကျန်နေတဲ့ ပစ္စုပ္ပန်အရိပ်လေးကို **"ပေါ်သဘောအကျိုးရိပ်"** လို့ ခေါ်တယ်။

အဲဒါ သညာ ဝိညာဏ်တို့က မဆွဲသေးတဲ့အတွက်"အကျိုးရိပ်" လို့ ပြောတာပါ၊ သညာဝိညာဏ်တို့ကဆွဲသွားတာနဲ့၊ အကြောင်းအနေနဲ့ သင့်လျှော်သလို သွင်းယူသွားတော့တယ်၊ သူ့ဟာသူနေရင် ပေါ်သဘော အကျိုးရိပ်လေးဘဲ။

ကိုင်း...."ပစ္စုပ္ပန်ပေါ်သဘော အကျိုးရိပ်လေး"ကို သဘာဝ ညွှန်ပြလိုက်အုန်းမယ်။ (ဥပမာ) လဘက်ရည်ပုဂံဆိုတဲ့ အကျိုးပစ္စုပ္ပန်ဟာ ဘယ်မှာရှိသလဲ၊ ဒါကိုလိုက်ရှာစမ်းပါ။

လဘက်ရည်ပုဂံကို မျက်စေ့နဲ့ ကြည့်လိုက်တဲ့အခါမှာ၊ အဲဒါ **'အတွင်းအပြင်"**မျှသာ ရှိပါတော့တယ်လို့ပြောရမယ်မဟုတ်လား၊ အဲဒါ "ပရမတ်သဘောက **အတွင်း**"လို့ပြောရင် "ပညတ်သဘောက အပြင်" လို့ပြောမယ်။ ပေါ်သဘောပစ္စုပ္ပန်, အနေနဲ့ရှိတဲ့ သဘာဝလေးကနေပြီး ကံမျိုးစေ့လေးက ဆွဲထုတ်လိုက်ရင် ရလာတော့မယ်၊ လဘက်ရည်ပုဂံဆိုတဲ့ နာမပညတ်ပေါ်လာရင်၊အတိတ်အနာဂတ်တို့ဟာ ပေါ်လာတော့မယ်။

ဒီတော့ အတိတ်,အနာဂတ်,မပေါ်ဘူးဆိုရင်"အတွင်း,အပြင်" အနေနဲ့ မျက်တောင်ခတ်နိုင်တယ်၊ ပညတ်သဘောပေါ်ပြီးတော့ မျက်တောင်မခတ်နိုင်တော့ပါ။ **လောကကြီးတခုလုံးဟာ"အတွင်း, အပြင်"မျှသာ ရှိတော့တယ်**။ အဲဒါ သုံးဆယ့်တစ်ဘုံကြီး တခုလုံးဟာ သည်းဆိတ်တော့မယ်၊အခုမျက်တောင်သာခတ်နိုင်တော့တယ်။

အဲဒါ ကုသိုလ်၊ အကုသိုလ်တွေကို ခါချနိုင်မှသာလျှင်ဖြစ်မယ်၊ အခု၊ 'အတွင်း,အပြင်' လို့သာလျှင် မျက်တောင်ခတ်နေပြီ၊ကာလ, သုံးပါးတို့ဟာ အကြောင်းဘဲ, အကျိုးဘဲ,လို့ မပြောနိုင်တော့ပါ၊ အခု 'အတွင်း, အပြင်' သဘောမျှဖြစ်တဲ့ **ခနပစ္စုပ္ပန်** လေးသာ ကျန်တော့တယ်။

ဒီတော့ ဘာကြောင့် မျက်တောင်ခတ်နေတာလဲဆိုရင်၊သေမလို့ မျက်တောင်ခတ်နေတာပါ။ ဒါဖြင့် ဘာ့ကြောင့် မသေသေးသလဲ၊ အဲဒါ ဘယ်သဘာဝလေး ကျန်နေသေးလို့လဲ?၊ ဒါကို မှန်အောင် ပြောနိုင်ရင် တိဟိတ်ပုဂ္ဂိုလ်ဘဲ၊ ဒီနေရာမှာ တိဟိတ်ဟုတ်,မဟုတ်၊ တရားရ,မရ စစ်တာဘဲ။

အဲဒါ ကံမျိုးစေ့လေး ကျန်နေတယ်လို့ ဖြေရမယ်။

ဒါကို ဥပါဒါနက္ခန္ဓာအရိပ်နဲ့ ပဋိက္ခန္ဓာအရိပ်လို့ ပြောတာပါ။

ကိုင်း....ကံမျိုးစေ့လေးကို ထုတ်ပြမယ်။

"အတွင်း, အပြင်" ဆိုပြီး မျက်တောင် ခတ် လိုက်တာနဲ့ 'ဝေနက္ခန္ဓာရဲ့အရိပ်'လေးဟာ ပေါ်လာတယ်။

နောက်တခါ "အကြမ်း,အနု" ဆိုတဲ့ဟာမှာလဲ "အကြမ်းက ပညတ်ဆိုရင်" "အနုက ပရမတ်" ဆိုပြီး မျက်တောင်ခတ်တာကို "သညက္ခန္ဓာလေး" ထွက်လာတယ်။

နောက် "အယုတ်,အမြတ်" ဆိုတာမှာလဲ 'အယုတ်ကပညတ်' ဆိုရင် "အမြတ်က ပရမတ်" ဒီ ၂ ပါး မျက်တောင်ခတ်တာကို 'သညက္ခန္ဓာလေး' ထွက်လာတယ်။

နောက် "အဝေး,အနီး" မှာလဲ 'အဝေးကပညတ်'ဆိုရင် 'အနီးက ပရမတ်'ဆိုပြီး မျက်တောင်ခတ်လိုက်တော့ 'ဝိညာဏက္ခန္ဓာလေး' ထွက်လာတယ်။

ဒါကို ကံမျိုးစေ့လို့ပြောတာပါ။

ဒီကံမျိုးစေ့လေးပါးကို အခုချေရတော့မယ်၊ ဘယ်လိုချေမလဲ။

ဒီတော့ ဝေဒနက္ခန္ဓာလေးလဲ တည်လာရော.... သညက္ခန္ဓာကလဲ မျက်တောင်ခတ်ဘို့ အားယူလာပြီးနောက်၊ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ကလဲ မျက်တောင်ခတ်လိုက်ရော၊ အဲဒါ ကာလသုံးပါး ယန္တရားကြီးပေါ်လာတော့မယ်။ ဒီလိုမပေါ်အောင်အခုကံမျိုးစေ့လေးဘော့ကို သတ်ရတော့မယ်။

ဘာနဲ့သတ်မလဲဆိုတော့နိယျာနဋ္ဌ,ဟေတုဋ္ဌ,ဒဿနဋ္ဌ,အဘိသမယဋ္ဌ,ဆိုတဲ့မဂ်သဘာဝလေးချက်နဲ့သတ်ရမယ်။ကိုင်း....သတ်တော့မယ်ဆိုတော့ ပဋ္ဌာန်နဲ့ ဥပါဒါနက္ခန္ဓာကိုခွဲပါအုန်း၊ ပဋ္ဌာန်ခန္ဓာက **ဘယ်ဟာလဲ?၊ ဥပါဒါနက္ခန္ဓာက ဘယ်ဟာလဲ** ဆိုတာကို ခွဲစမ်းပါအုန်း၊ ဒါကိုခွဲပြီးမှ သတ်လို့ရမယ်။

ကိုင်း....သာဓုခေါ်ကြပါတော့။

"....**သာဓု....သာဓု....သာဓု**...."

**သီတင်းကျွတ် လဆန်း (၁၄)ရက်နေ့ ဟောစဉ်။**

ကိုင်း....ကံမျိုးစေ့ ကိုကော တွေ့ပြီလား။ ကံမျိုးစေ့လေးကို မြင်ရင် မဂ်ကိုရတဲ့နေ့လို့မှတ်လိုက်ပါ။ မနေ့က ပြလိုက်တဲ့ ပစ္စုပ္ပန်ဆိုတဲ့ သဘာဝလေးဟာ ဘယ်လောက် သိမ်မွေ့သလဲ?၊ ပစ္စုပ္ပန်အကျိုးလေးဟာ "အတွင်း,အပြင်" အနေနဲ့သာ ရှိကြောင်းကို ဖေါ်ပြခဲ့ပြီဘဲမဟုတ်လား။

ဒီတော့ဝေဒနက္ခန္ဓာလေးတခုကိုသတ်လိုက်တာနဲ့ဘဲ နောက်မှာရှိနေတဲ့ သညက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ဟာလဲ အကုန်လုံး သေတော့မယ်။ ဒီတော့ "အတွင်း, အပြင်"လို့ ဆိုတာသည် ပင်လျှင် ဝေဒနက္ခန္ဓာ အရိပ်လေးဘဲမဟုတ်လား။ အဲဒါကံမျိုးစေ့လေးပါ။ အဲဒီကံမျိုးစေ့လေးဟာ ဘယ်လိုနေသလဲ?။

အခု ပဋ္ဌက္ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာ ၂-ပါး မျက်တောင် ခတ်နေတာနဲ့ "အတွင်း,အပြင်"လို့ မျက်တောင်ခတ်နေတာပါ။ ဒီတော့ သညာဝိညာဏ်သမားတွေကြတော့ ၂-ခုရှိနေတာနဲ့ 'အတွင်းအပြင်' ဆိုပြီး ဖြစ်နေပြီ၊ အဲဒါ ဟိုတုန်းကတော့ ဣဋ္ဌ,အနိဋ္ဌအနေနဲ့ ပြောရတာပါ။ အခု ဒီနေရာမှာကြတော့ 'အတွင်း,အပြင်' လောက်သာ ပြောနိုင်တော့တယ်။ အဲဒါ သညာရဲ့ အရိပ်အရောင်လေးအနေနဲ့ မျက်တောင် ခတ်နေတာပါ။

ဒါဟာ ဘယ်သဘာဝရဲ့ မျက်တောင် ခတ်တာလဲ ဆိုရင် ဝေဒနက္ခန္ဓာလေးရဲ့မျက်တောင်ပါ။ ဒီတော့ 'အတွင်း အပြင်'လို့ ၂-ခုရှိနေတာသည်ပင်လျှင် ပစ္စုပ္ပန် သညာလေးရဲ့ အရိပ်လေးဟာ ကျန်နေသေးတယ်လို့ မှတ်လိုက်ပါ။ ဒါဖြင့် ဒီသညာ လေးဟာ ဘယ်လိုသညာလေးလဲ၊ အဲဒါကို ထပ်ပြီး ခွဲကြည့်ပါအုန်း။

ဒီတော့ ဒီ'အတွင်း၊အပြင်လေး'ကို ဘာပစ္စုပ္ပန်လို့ ခေါ်သလဲ၊ ဒီနေရာမှာ တချက်ထဲဘဲရှိတော့တယ်။ ဒီတော့ ပညာမြင်အနတ္တ ညာဏ်ကြီးက ပြောတဲ့ ပစ္စုပ္ပန်ဟာ၊ ဘာပစ္စုပ္ပန်လဲလို့ဆိုရင် အဲဒါ ဟိုတုန်းက အကြောင်းနဲ့ အကျိုးဟာ ယှဉ်ပြီး တက်လာတာဟာ ပညာမြင် ဥဒယဗ္ဗယ ဉာဏ်ကြီး ကြတော့ အကြောင်းတရားတွေကို အကုန်လုံးသတ်လိုက်ရော....အကြောင်းတရားတွေ ပြတ်ပြီး အကျိုး တရားသာ ရှိတော့တယ်။

အဲဒီအကျိုးထဲမှာ အကြောင်းမျိုးလေးဟာ ကပ်ပြီး ပါလာ တယ်။ ဒီတော့ ပညာမြင်အနိစ္စညာဏ်ကြီးက ဒီအကျိုးမျိုးလေးကို ဖြတ်တော့မယ်ကြံတော့ အကျိုးထဲမှာ ကပ်ပါလာတဲ့ အကြောင်း မျိုးလေးကို လာတွေ့တယ်။

ဒီတော့ဒီအကြောင်းမျိုးလေးကိုဘာနဲ့သိမ်းလိုက်သလဲဆိုတော့ ကုန်၊ပျက်၊ကင်း၊ချုပ်ဆိုပြီး သိမ်းဆည်းလိုက်တယ်။ အကြောင်းမျိုး ၃ ခုအနက် တခုသာ သေသွားတယ်။နောက်ပညာမြင်ဒုက္ခဉာဏ်က အကြောင်းမျိုးတခုကို သိမ်းဆည်းတယ်။ နောက်ပညာမြင် အနတ္တ ဉာဏ်က အကြောင်းမျိုးတခုကို သိမ်းဆည်းလိုက်တယ်။ ဒီလိုလဲ သိမ်းဆည်းလိုက်ရော....“အကြောင်းဟူကမူမျှမရှိ”တော့ဘဲ အဲဒါ အကျိုးသက်သက်မျှသာ ကျန်တော့တယ်။

ဒါကို ခုန ပစ္စုပ္ပန်လို့ပြောလို့မရပါ။သူ့မှာ အကြောင်းဟူက မူမျှမရှိတော့တဲ့ အတွက် သညာဝိညာဏ် ဘယ်လိုဘဲ ကပ်ကပ် ပေါ်လို့ကို မရတော့ပါ။ အဲဒါ တခုကို တခုက စွဲပြီးတော့သာ ကျန်နေတော့တယ်။

အဲဒါကို ဒိဋ္ဌိစွဲရှိနေတယ်လို့ပြောတာပါ၊ အဲဒါဟာ ဝိစိကိစ္ဆာရှိနေလို့ ဒိဋ္ဌိစွဲလေးဖြစ်နေတာပါ၊ အဲဒါဟာ **'အခိုးအငွေ့သဘောလေးမျှသာ'** ရှိတော့တယ်။ အဲဒါဟာ မျိုးစေ့လေးရှိနေသေးတယ်၊ ကိုင်း....ဒီတော့ ဒါဟာ ဘာပစ္စုပ္ပန်လေးလဲလို့ဆိုရင် (**အကျိုးသက်သက် ပစ္စုပ္ပန် ခနသဘော**) ပါ။

အကျိုးသက်သက်ဆိုတာဟာ ပေါ်မဲ့သဘောလေး။

ခနဆိုတာက ဝေဒနက္ခန္ဓာ ကံမျိုးစေ့လေးပါ။

ကိုင်း....ကံမျိုးစေ့လေးရှိနေတာသည်ပင်ခနသဘောလေးဟာ ဘယ်ဟာလဲ။

အဲဒါဝေဒနက္ခန္ဓာသဘောလေးပါ၊ အဲဒါကို"ကံမျိုးလေးလို့" ခေါ်တယ်။

ဒီခနသဘော (ဝါ) ဝေဒနက္ခန္ဓာသဘောလေးကို နိယျာနဋ္ဌ မဂ်ဒါးကြီးနဲ့ဖြတ်ရမယ်။

သညက္ခန္ဓာအကျိုးသက်သက်ပစ္စုပ္ပန် ခနသဘောကို ဟေတုဋ္ဌနဲ့ သတ်ရမယ်။

သင်္ခါရက္ခန္ဓာ အကျိုးသက်သက်ပစ္စုပ္ပန် ခနသဘောကိုဒဿနဋ္ဌနဲ့ သတ်ရမယ်။

ဝိညာဏက္ခန္ဓာအကျိုးသက်သက် ပစ္စုပ္ပန်သဘောကို အဓိပ္ပတေယျဋ္ဌ နဲ့ သတ်ရမယ်။

ဒီသဘာဝတွေကို တကယ်သတ်နိုင်ရင် မဂ်-ဖိုလ် တရားရဲ့ သဘာဝတွေကို သိလာပါတော့မယ်။

ကိုင်း.... သာဓု ခေါ်ကြပါတော့။

" သာဓု....သာဓု....သာဓု.... "

**ဤတွင် ပြီးဆုံးခြင်းသို့ ရောက်ပါပြီ။**

မန္တလေးမြို့

အရှေ့မြင်မင်္ဂလာဥယျာဉ်ရပ်

# ဓမ္မစကြာ

ပဋ္ဌိပတ် သာသနာပြုရိပ်သာ

# ဖေါ်ထုတ်ရေး၊ ပေါ်ထွက်ရေး ကိန်းဝပ်တည်နေရေး အဖွဲ့မှ

မူပိုင် ကျမ်းစာဖြစ်သည်

"တဆင့် ကူးယူပုံနှိပ်ခွင့် မပြုပါ"

# " နိဂုံး "

ဤမျှသော စကားအစဉ်ဖြင့် တရားတော် ဟောစဉ်သည် ပြီးဆုံးခြင်းသို့ ရောက်ပြီဖြစ်ရာ၊ ဤကျမ်းစာအုပ်ကို ဖတ်ရှုသူ သူတော်စဉ်အပေါင်းတို့သည် တရားတော်၏ နက်နဲခြင်း, သိမ်မွေ့ခြင်း,အသိခက်ခြင်းတို့ကို တွေ့မြင်ရပြီ ဖြစ်ပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် တရားတော်ကို ဟောကြား ခြီးမြှင့်သည့်အခါတွင် အသိခက်၍ နက်နဲသော တရားဓမ္မတို့ကို နှိုက်နှိုက်ချွတ်ချွတ် ဝေဘန်သုံးသပ် ဆုံးမတော်မူသည့်အခါ အလျှင်းသင့်၍ အခွင့်ဆိုက်လာလျှင်....

" ဤသို့စသည်ဖြင့်.... ထူးဆန်းခက်ခဲ၊ နက်နဲလှစွာ၊ ဝိပဿနာ ပညာ၊ ပဋိစ္စသမုပ္ပါဒ်၊ အခန်းခန်းကို၊ ဆန့်တန်းလက်ရုံး၊ သံပါတ် ကြုံးလျှက်၊ နှလုံးမတွန့်၊ စိတ်ကြည်ကွန့်လျှက်၊ မဖြစ်မနေ၊ ပင်လယ် ရေတွင်၊ မြောလေသည်သား၊ ရှင်ငယ်အားကို " အစရှိသဖြင့် လက်တန်းကဗျာလင်္ကာကို ရွတ်ဆိုဟောပြောလေ့ရှိသည်။

ထက်မြက်သော (တိက္ခဉာဏ်) ရွှင်သော (ဟာသဉာဏ်) လျှင်မြန်သော (ဇဝနဉာဏ်) နက်နဲစွာထွင်းဖေါက်နိုင်စွမ်းသော (ဂမ္ဘီရဉာဏ်)တို့ဖြင့် ဝိပဿနာပညာကို ဆည်းပူး အားထုတ်ပါမှ တရားထူး, တရားမြတ်ကို ရနိုင်မည်ဖြစ်ကြောင်းကိုလည်း....

" တိက္ခ-ဟာသ၊ ဇဝနဂမ္ဘီ၊ ဉာဏ်လေးလီဖြင့်၊ အခွန်ကိုခွါ၊ အကာကိုရှား၊ အသားကိုချေ၊ အနှစ်ကိုတေနိုင်မှ " အစရှိသဖြင့် လက်တန်းကဗျာလင်္ကာကို ရွတ်ဆို ဟောပြောလေ့ရှိပါသည်။

အရေးကြီးသော စကားဖြစ်၍ လေးနက်အောင်, တကြိမ်ထပ်၍ ရေးပါရစေ....။

ဗုဒ္ဓတရားတော်သည်၊ သိမ်မွေ့ ပါသည်၊ ခက်ခဲပါသည်၊ နက်နဲပါသည်။

သိမ်မွေ့,နက်နဲ,ခက်ခဲသော ဗုဒ္ဓ၏ တရားတော်ကို (ဥဂ္ဂဟ) သင်ယူခြင်း၊ (ဓါရဏ) မှတ်သားခြင်း၊ ဆောင်ထားခြင်း၊ (သဝန) နာကြားခြင်း၊ (ပစ္စဝေက္ခဏာ) ကြံစီခြင်း၊ ဆင်ခြင် သုံးသပ်ခြင်း၊ (ပရိပုစ္ဆာ)နားမလည်, သဘောမပေါက်က ဆွေးနွေး မေးမြန်းခြင်း တို့ဖြင့် မိမိတို့၏ အသိဉာဏ်ကို ပွင့်လင်းနိုင်ပါသည်။

ဤတရားတော် ဟောစဉ်ကျမ်းတွင် ပါရှိ၍၊ မိမိတို့ သဘော မပေါက်,ဉာဏ်မရောက်သော အချက်အလက်တို့ကို တွေ့မြင် ဖတ်ရှု ရပါလျှင်၊ မန္တလေးမြို့အရှေ့ပြင် ဓမ္မစကြာ ပဋိပတ် သာသနာပြု ရိပ်သာ....သို့၊ လူကိုယ်တိုင်ဖြစ်စေ၊စာအားဖြင့်ဖြစ်စေ၊ အချိန်မရွေး လာရောက် ဆွေးနွေး, လေ့လာနိုင်ပါကြောင်း၊ နိဝါတ, နိမာန, သက္ကစ္စ,ဂါရဝ,တရား ရှေ့ထား၍ ဘိတ်မန္တကပြုပါသည်။

(သင်ယူ၊မှတ်သား၊ နာကြား၊ တွေးကြံ၊ မကြေနပ်၊ နောက်ထပ်, ဆွေးနွေးရန်)ဟူသော ဆောင်ပုဒ်ဖြင့် ဤကျမ်းစာကို နိဂုံးချုပ် ပါသည်။

ဝေနေယျ သတ္တဝါ အပေါင်း တို့သည် “ငြိမ်းသောဓါတ်” ကို မြင်၊ သိ၊ ဆိုက်၊ ရောက်၊ မျက်မှောက် ပြုနိုင်တော် မူကြပါစေ သတည်း။ ။

# ကျေးဇူးရှင်

## မဟာစည် မူလ မဟာနာယက ဆရာတော်ဘုရား

## ရေးသား ပြုစုသော ကျမ်းများ။

၁။ ဝိပဿနာ လုပ်ထုံးနည်းကျမ်း (ပထမတွဲ)

" (ဒုတိယတွဲ)

၂။ အနတ္တဝိပဿနာ အဖွင့်ကျမ်း

၃။ အိမ်ရာထောင် ကျင့်စဉ်ကျမ်း

၄။ ပဋိပတ္တိ ဘာသာပြန်ကျမ်း

၅။ အနတ္တလက္ခဏသုတ် အဖွင့်ကျမ်း

၆။ မဟာစည် ပဋိပတ် အဖွင့်ကျမ်း

၇။ ပါယာသိရာဇညသုတ်နှင့် သမ္မသန လုပ်ငန်းစဉ်ကျမ်း

၈။ မဂ်ဝင်အာနာပါနကျမ်း (ပထမတွဲ)

" (ဒုတိယတွဲ)

၉။ မဟာသတိပဋ္ဌာန် ပဋိပတ် လုပ်ငန်းစဉ် (ပထမတွဲ)

" (ဒုတိယတွဲ)

" (တတိယတွဲ)

၁၀။ ဝိသာခါ ပဋိပတ် အနုလောမ အသေးစိတ် ဟောစဉ်ကျမ်း

အသံသွင်း ကြိုးခွေများ။

(၁) ပညတ် ပရမတ် ခွဲစဉ် (ကြိုးခွေ ၃-ခု)

(၂) ဝိသာခါ အနုလောမ (ကြိုးခွေ၂၅-ခု)

(၃) မဟာသတိပဋ္ဌာန်ပဋိလောမ (ကြိုးခွေ၁၂-ခု)

(၄) အာနာပါန (ကြိုးခွေ ၅-ခု)

☆

ဝါတွင်း သုံးလ ပါတ်လုံး တရားဟောစဉ်။

၁၃၂၆-ခု ဝါတွင်း ၃-လပတ်လုံး နေ့—မဟာသတိပဋ္ဌာန်
" " ည—မဟာသတိပဋ္ဌာန်
၁၃၂၇-ခု ဝါတွင်း ၃-လပတ်လုံး နေ့—ဝိသာခါအနုလောမ
" " ည—ဓမ္မစကြာ
၁၃၂၈-ခု ဝါတွင်း ၃-လပတ်လုံး နေ့—ဓမ္မစကြာ
" " ည—အနတ္တလက္ခဏာသုတ်
၁၃၂၉-ခု ဝါတွင်း ၃-လပတ်လုံး နေ့—မဟာသတိပဋ္ဌာန်
" " ည—မဟာသတိပဋ္ဌာန်